


"မစင်လူးလျှင်၊ အေးကြည်လင်သည့်
ရေစင်ရှိလျက်၊ မဆေးခက်
ကန်တွက်မရှိပေ"

ခြေလက်တွင်
မစင်အညစ်အကြေးပေကျံနေသူသည်
ရေကန်ရှိပါလျက် မဆေးကြောလျှင်
ရေကန်တွင် အပြစ်မရှိ။
မဆေးကြောသူသာ အပြစ်ရှိသည်။
ထို့အတူ ဘဝများစွာက
ကိလေသာအညစ်အကြေးများ
ပေကျံလာသော ပုထုဇဉ်သည်
ဝိပဿနာရေစင်ရှိပါလျက်နှင့်
မဆေးကြောခဲ့လျှင်
ဝိပဿနာရေစင်တွင် အပြစ်မရှိ။
ပုထုဇဉ်သာ အပြစ်ရှိသည်။

လူငယ်များအတွက် ဂန္ဓာရဝိပဿနာ အတွဲ - ၇ ▪ မေတ္တာရှင် (ရွှေပြည်သာ)



သီလ သမာဓိ ပညာ

လူငယ်များအတွက်

# ဂန္ဓာရဝိပဿနာ

အတွဲ - ၇

## မေတ္တာရှင်

(ရွှေပြည်သာ)

GRAPHIC KYAY THAR

"မစင်လူးလျှင်၊ အေးကြည်လင်သည့်
ရေစင်ရှိလျက်၊ မဆေးခက်
ကန်တွက်မရှိပေ"

ခြေလက်တွင်
မစင်အညစ်အကြေးပေကျံနေသူသည်
ရေကန်ရှိပါလျက် မဆေးကြောလျှင်
ရေကန်တွင် အပြစ်မရှိ။
မဆေးကြောသူသာ အပြစ်ရှိသည်။
ထို့အတူ ဘဝများစွာက
ကိလေသာအညစ်အကြေးများ
ပေကျံလာသော ပုထုဇဉ်သည်
ဝိပဿနာရေစင်ရှိပါလျက်နှင့်
မဆေးကြောခဲ့လျှင်
ဝိပဿနာရေစင်တွင် အပြစ်မရှိ။
ပုထုဇဉ်သာ အပြစ်ရှိသည်။

လူငယ်များအတွက် ဂန္ဓီရဝိပဿနာ အတွဲ - ၇ ■ မေတ္တာရှင် (ရွှေပြည်သာ)

သီလ သမာဓိ ပညာ

လူငယ်များအတွက်

# ဂန္ဓီရဝိပဿနာ

အတွဲ - ၇

## မေတ္တာရှင်

(ရွှေပြည်သာ)

GRAPHIC KYAY THAR


"မစင်လူးလျှင်၊ အေးကြည်လင်သည့်
ရေစင်ရှိလျက်၊ မဆေးခက်
ကန်တွက်မရှိပေ"
ခြေလက်တွင်
မစင်အညစ်အကြေးပေကျံနေသူသည်
ရေကန်ရှိပါလျက် မဆေးကြောလျှင်
ရေကန်တွင် အပြစ်မရှိ။
မဆေးကြောသူသာ အပြစ်ရှိသည်။
ထို့အတူ ဘဝများစွာက
ကိလေသာအညစ်အကြေးများ
ပေကျံလာသော ပုထုဇဉ်သည်
ဝိပဿနာရေစင်ရှိပါလျက်နှင့်
မဆေးကြောခဲ့လျှင်
ဝိပဿနာရေစင်တွင် အပြစ်မရှိ။
ပုထုဇဉ်သာ အပြစ်ရှိသည်။
လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ - ၇ ■ မေတ္တာရှင် (ရွှေပြည်သာ)
သီလ
သမာဓိ
ပညာ
လူငယ်များအတွက်
ဂမ္ဘီရဝိပဿနာ
အတွဲ - ၇
မေတ္တာရှင်
(ရွှေပြည်သာ)
GRAPHIC KYAY THAR

"မစင်လူးလျှင်၊ အေးကြည်လင်သည့်
ရေစင်ရှိလျက်၊ မဆေးခက်
ကန်တွက်မရှိပေ"

ခြေလက်တွင်
မစင်အညစ်အကြေးပေကျံနေသူသည်
ရေကန်ရှိပါလျက် မဆေးကြောလျှင်
ရေကန်တွင် အပြစ်မရှိ။
မဆေးကြောသူသာ အပြစ်ရှိသည်။
ထို့အတူ ဘဝများစွာက
ကိလေသာအညစ်အကြေးများ
ပေကျံလာသော ပုထုဇဉ်သည်
ဝိပဿနာရေစင်ရှိပါလျက်နှင့်
မဆေးကြောခဲ့လျှင်
ဝိပဿနာရေစင်တွင် အပြစ်မရှိ။
ပုထုဇဉ်၌သာ အပြစ်ရှိသည်။

လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ - ၇ ▪ မေတ္တာရှင် (ရွှေပြည်သာ)

သီလ သမာဓိ ပညာ

လူငယ်များအတွက်

# ဂမ္ဘီရဝိပဿနာ

အတွဲ - ၇

## မေတ္တာရှင်

(ရွှေပြည်သာ)

GRAPHIC KYAY THAR

မေတ္တာရှင် (ရွှေပြည်သာ)
၏

# လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ
## အတွဲ (၇)

ဖြန့်ချိရေး
မန္တလေးကျောင်း
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာမြို့ ရန်ကုန်
ဖုန်း/ ၀၁- ၆၁၀၆၂၂၊ ၀၁- ၆၁၀၄၅၇

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်
သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊
ပုံနှိပ်တိုက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ
(မှတ်ပုံတင်အမှတ်–၀၃၈၄၃/၀၂၄၀၅)ဖြင့်
ရိုက်နှိပ်ခွင့်ပြုသည်။

•••

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးငွေစိုး၊ သူရအောင်ပုံနှိပ်တိုက်၊
အမှတ် ၁၇၇(ခ)၊ ၆/၁၀ရပ်ကွက်၊ လားရှိုးပန်းခြံလမ်း၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။

•••

ကွန်ပျူတာစာစီနှင့် မျက်နှာဖုံးပန်းချီနှင့် ဒီဇိုင်း
လှကြီး၊ ဝင်းမောင်မောင်၊ ကြေးသား

•••

အတွင်းဖလင်
ကိုဦး

•••

စီစဉ်သူ
ဦးစိုးတင့်၊ ဦးဆန်းထွန်း

•••

ထုတ်ဝေခြင်း
ပထမအကြိမ်၊ မတ်လ၊ ၂၀၁၁၊

•••

အုပ်ရေ
၃၀၀၀၀

•••

တန်ဖိုး
၁၅၀၀ ကျပ်

# အမှာစာ မလိုသော စာအုပ်

ပဌမအဘိဓဇ မစိုးရိမ်ဆရာတော်ဘုရားကြီး ရှိစဉ်က၊ နာမည်ကြီး ရိပ်သာဆရာတော်တစ်ပါးက စာအုပ်ရေးပြီး သူ့စာအုပ်အတွက် မစိုးရိမ်ဆရာတော်ဘုရားကြီးမှ အမှာစာ ရေးပေးရန် လျှောက်ထားဖူး၏။

မစိုးရိမ်ဆရာတော်ဘုရားကြီးက။ ။ 'ရှင်မဟာဗုဒ္ဓဃောသသဟာ အဋ္ဌကထာကျမ်းစာအုပ်ပေါင်း (၃၀)ကျော် ရေးသားခဲ့တယ်။ ဘယ်စာအုပ်မှာမှ အမှာစာ မပါ ပါ။ ရှင်ဗုဒ္ဓဃောသ ပြုစုသော စာအုပ်များက လေ့လာဖတ်ရှုသူတို့အား လောကီ၊ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို ပေးစွမ်းနိုင်သောကြောင့် လေ့လာဖတ်ရှုသူတို့ ပေါများလှပါသည်။ ယခု ဆရာတော်ရေးသည့်စာအုပ်လည်း လေ့လာဖတ်ရှုသူများအတွက်၊ လောကီ၊ လောကုတ္တရာ ကောင်းကျိုး တစ်မျိုးမျိုးကို ပေးစွမ်းနိုင်သည်ဟုဆိုလျှင် လေ့လာဖတ်ရှုသူ ပေါများပါလိမ့်မည်၊ တပည့်တော်ထံမှ အမှာစာ မလိုပါ' ဟု ပြောကြားခဲ့ဖူး၏။

ယခုလည်း မေတ္တာရှင်၊ အရှင်ဇဝနက လူငယ်များအတွက် ဂမ္ဘီရဝိပဿနာစာအုပ်အတွက် မိမိအား လျှောက်ထား၏။ ပဌမ မစိုးရိမ်ဆရာတော်ကြီး အမိန့်ရှိခဲ့ဖူးသည့်အတိုင်း အမှာစာမလိုသော စာအုပ်ဟု ထင်ပါသည်။

အနည်းငယ်ပြောရန်ရှိသည်ကား၊ ဂမ္ဘီရဟု နာမည်တပ်ထားသော်လည်း အခမ်းအတိုင်း နက်နဲသည် မဟုတ်ပါ။ အချို့အခမ်းများ၌ ပေါ့ပေါ့ပါးပါး အကြောင်းအရာများသာဖြစ်သည်။ (ဂမ္ဘီရဝိပဿနာ အတွဲ ၇၊ နှာ- ၆၆ ကြည့်)

ခေတ်လူငယ်များ မိဘကျေးဇူးကို သိပြီး ကျေးဇူးဆပ်ကြအောင် ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ကြီး၏ မိဘကျေးဇူးကဗျာ ကလေးကို ကိုးရှမ်းမောင်းထိုးပြထား၏(ဂမ္ဘီရဝိပဿနာ အတွဲ ၈၊ နှာ- ၆၈၊ ၆၉ ကြည့်)။ စံကျောင်းဆရာတော်ကြီး၏ကဗျာကလေးကား အများစုနားလည်နေသည့် မင်္ဂလာကဗျာမျိုးပင်ဖြစ်သည်။

အနန္တဂိုဏ်းဝင် အမိကထားရသည့်
မိဘနှစ်ပါး ကြီးကျယ်စွာ
လက်ဦးဆရာ ဖြဟ္မာအလားသို့
ဘဂဝါဘုရား ဟောခဲ့တာ
သူတို့မွေးတဲ့ ကျေးဇူးအမြတ်ကို
ကြွေးအထူးဆပ်ဖို့ နားလည်ပါ
စွမ်းနိုင်လျက်သား အိုမင်းငြား
ပစ်ထား လူယုတ်မာ
အဲဒါကြောင့် ဗုဒ္ဓထုတ်ဟော အယုတ်သဘော ကင်းစေရာ။

အထက်ကဗျာကလေးကား သုတ္တနိပါတ်၊ ပါဠိတော် ဝသလ သုတ်မှာ ဟောကြားထားချက်နှင့်အညီဖြစ်သည်။

## - တောနှင့်မြို့ ကွာဟချက်နည်းအောင် -

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့် အရေးအရာအား လုံး တောနှင့်မြို့ ကွာဟချက်နည်းအောင် ဟု အစိုးရတိုင်း ကြုံးဝါး ခဲ့ကြ၏။ ယနေ့အထိလည်း ကွာဟချက်မှာ ကြီးမားနေဆဲပင်ဖြစ်သည်။ ဓမ္မကထိက အကျော်အမော်များ တောတရားပွဲနှင့် မြို့တရားပွဲ ဘယ်

သင်းက များသည်ကို စဉ်းစားကြည့်ကြစေလို၏။ အရှင်ဇဝနကမှု ဝေးလံ သီခေါင်လှသည့် တောရွာတရားပွဲများကို ဦးစားပေးလိုက် ကြောင်း (ဂမ္ဘီရဝိပဿနာစာအုပ်၊ နှာ–၃၁၁)တွင် ရေးထား၏။ ဂမ္ဘီရ(နက်နဲသည်)ဟူသော နာမည်နှင့်လိုက်အောင်၊ စာမျက်နှာ(၃၁၈)၌ လောဘကို လေးစိပ်–စိပ်၍ မဂ်လေးပါးက အသီးသီး ပယ်သတ်ရကြောင်း၊ လူပြိန်းများ နားလည်အောင် ရေးထားသည်ကို တွေ့ရ၏။ သည့်ပြင် သည့်ပြင် စိတ်ဝင်စားစရာကောင်းသည့် အကြောင်းအရာများကို စာအုပ်တွင် ရှာဖွေဖတ်ကြည့်ကြပါတော့ဟု တိုက်တွန်းလိုက်ရပါသည်။

**အရှင်ရာဇဓမ္မာဘိဝံသ**
သကျသီဟနှင့် အစိုးရဓမ္မာစရိယ
မဟာနာယကဆရာတော်
ဓမ္မဒါယာဒကျောင်း
မစိုးရိမ်တိုက်သစ်
မဟာအောင်မြေမြို့နယ်၊
မန္တလေး။
၁၃၇၂ ခု– ပြာသို၊
လပြည့်ကျော် ၁၀ ရက်။
၂၉–၁–၂၀၁၁(စနေနေ့)

# မာတိကာ


| | |
|---|---|
| ၁။ အခန်း(၅၄) | ၇ |
| ၂။ တဏှာစွဲ၊ မာနစွဲ ဖြေဆိုခန်း၊ ရာဟုလောဝါဒသုတ် | ၁၅ |
| ၃။ မန်လည်ဆရာတော်၏ ဝိပဿနာဩဝါဒ | ၂၄ |
| ၄။ ကိလေသာဆယ်ပါးဆိုးကျိုးများ | ၃၀ |
| ၅။ ဝိစိကိစ္ဆာ- ယုံမှားခြင်း (၈)မျိုး | ၃၄ |
| ၆။ ပြင်ထိုင်မှုတရားရ | ၃၆ |
| ၇။ စိတ္တဝိသုဒ္ဓိစစ်တမ်း | ၃၉ |
| ၈။ ယောကျ်ားမြတ်တို့၏နေခြင်း | ၅၀ |
| ၉။ ဆင်ခြင်အပ်သောတရားများ | ၅၁ |
| ၁၀။ စိတ္တဇဖြစ်ရခြင်း၏ အဓိကအကြောင်း | ၅၄ |
| ၁၁။ ဟုတ်တိုင်းမှန်စွာ မသိသော် | ၇၃ |
| ၁၂။ ဟုတ်တိုင်းမှန်စွာ သိသော် | ၇၄ |
| ၁၃။ အရိယာမဂ် ပြည့်စုံခြင်း | ၇၆ |

၁၄။ အခန်း(၅၇) ၇၈
၁၅။ ဘာသာခြားတစ်ဦးနှင့် မကောင်းဆိုးဝါး ၇၉
၁၆။ ဗုဒ္ဓဘာသာဖြစ်စေသော တရားခွေများ ၈၂
၁၇။ အလှူကြွေးရှိသူ ၈၃
၁၈။ ရှိလို့မလှူ သိလို့ လှူသည် ၈၆
၁၉။ လူစာရင်း အသွင်းမခံရသူများ ၈၉
၂၀။ မြန်မာအများစု ဆင်းရဲရခြင်းအကြောင်း(၁၁)ချက် ၉၁
၂၁။ ပညာမဲ့၏ကြွသသာနှင့် ပညာတတ်၏ကြွသသာ ၉၄
၂၂။ နွားများ အနီရောင် မုန်းခြင်းအကြောင်းရင်း ၉၅
၂၃။ ပညာတတ်ကြွသသာနမူနာ ၉၇
၂၄။ အငှားကားမောင်း၍ ဆေးကျောင်းတက်သူ ၉၉
၂၅။ လယ်တီဆရာတော်ဘုရားကြီး၏ ၁၀၁
ဂေါဏသုရာဒီပနီကျမ်းမှ နွားမေတ္တာစာ
၂၆။ သေသူအတွက် အမျှရအောင်ဝေနည်း ၁၀၆
၂၇။ အကုသိုလ်ဖြစ်အောင် ဦးဆောင်သော စေတသိက်များ ၁၀၉
၂၈။ ဥစ္ဆေဒအယူနှင့် နိဗ္ဗာန် ၁၁၁
၂၉။ သရဏဂုံကြောင့် ကင်ဆာပျောက်သူအကြောင်း ၁၁၃
၃၀။ နှစ်ပေါင်းတစ်ရာ ပြိတ္တာဖြစ်ရခြင်းအကြောင်း ၁၁၅
၃၁။ ရုပ်နာမ်များ ဘဝကူးပြောင်းပုံ ၁၁၆
၃၂။ ကမ္မသတ္တိတွေ ကျန်ရစ်တယ် ၁၁၈

၃၃။ ဘယ်မှာတည်ပြီး ကျန်ရစ်သလဲ ၁၂၀
၃၄။ ဟိုဘက်ဘဝကို ဘယ်လိုကူးသလဲ ၁၂၁
၃၅။ ဆရာရှိလို့ တပည့်ကြီးပွားသလို ၁၂၃
၃၆။ ခေါင်းမပါတဲ့ ကဗန္ဓပြိတ္တာ ၁၂၅
၃၇။ ပက်ပြဲဆိုသောရွှာ ၁၂၇
၃၈။ မပု-ကားယား ၁၂၉
၃၉။ ဖါတိုက်ဆရာတော် ၁၃၂
၄၀။ လိုချင်လျှင် ဆင်းရဲသည် ၁၃၃
၄၁။ ငွေရ၍ သေပြသူ ၁၃၅
၄၂။ ဗုဒ္ဓတရားကို မကြိုက်သူ ၁၃၇
၄၃။ တဏှာကြောင့် သောကဖြစ်ရပုံ ၁၄၀
၄၄။ သေတ္တာတစ်လုံးနှင့် သီလရှင်တစ်ပါး ၁၄၁
၄၅။ မြေနှစ်ပေကြောင့် အပါယ်ကျသူ ၁၄၃
၄၆။ ခဏိကသမာဓိနှင့် ဝိပဿနာ ၁၄၅
၄၇။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ ၁၄၇
၄၈။ ကာမက ပေးသော ဒုက္ခများ ၁၄၈
၄၉။ ကာမ၏ဥပမာ ဆယ်မျိုး ၁၅၄
၅၀။ ကာမဂုဏ်အတွက် အသက်ပင်သေသေ ၁၅၅
၅၁။ လူသတ်တရားခံအစစ် ၁၆၀
၅၂။ လူသားစစ်မှ ရဟန်းပြုရခြင်းအကြောင်း ၁၆၂

၅၃။ မင်းကခွင့်ပြုမှ ရဟန်းပြုရခြင်းအကြောင်း ၁၆၅
၅၄။ ဗုဒ္ဓဘာသာနှင့် သဿတဝါဒ ၁၆၇
၅၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ ၁၇၁
၅၆။ အသက်နှစ်ဆယ်ပြည့်မှ ရဟန်းခံရခြင်းအကြောင်း ၁၇၁
၅၇။ မိဘခွင့်ပြုမှ ရဟန်းဝတ်ပါ ၁၇၃
၅၈။ ဆွမ်းလောင်းခြင်းနှင့် ဆဲဆိုခြင်း ၁၇၆
၅၉။ ထမင်းကျန်၊ ဟင်းကျန်ကိုစားသော ဓမ္မကထိက ၁၇၉
၆၀။ အကုသိုလ်ဖြစ်ခြင်းအကြောင်းရင်း ၁၈၁
၆၁။ ရွှေငွေမိန်းမတို့ဖြင့် ဖြားယောင်းခြင်း ၁၈၃
၆၂။ ဗုဒ္ဓ၏တရားညွှန်းလေးပါး ၁၈၆
၆၃။ လူ့ဘဝသည် အမြဲမတည် ၁၈၇
၆၄။ လူ့ဘဝသည် အားထားရာမရှိ ၁၈၈
၆၅။ လူ့ဘဝသည် ကိုယ်ပိုင်ဥစ္စာမရှိ ၁၈၉
၆၆။ လူ့ဘဝသည် အလိုမပြည့်နိုင် ၁၉၀
၆၇။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ ၁၉၄
၆၈။ ကျွန်း ၁၉၄
၆၉။ လူငယ်လူမိုက် ခေါ်ထိုက်သူဟူသည် ၂၇၀
၇၀။ လောကသုံးပါးကို သုညဖြစ်အောင် ကြည့်ပုံ ၂၈၀
၇၁။ နိဗ္ဗာန်ဟူသည် ကောင်းကင်ကြီးလိုမဟုတ် ၂၉၃
၇၂။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ ၂၉၈

၇၃။ တရားဈေးသည် ၁၀၈
၇၄။ အရှိးတောင်းလက်ဖက်သုပ်ပိုင်ရှင်ဦးကျော်သိန်း၏ ကိုယ်တွေ့ကြီးပွားရေး အတွေးအမြင်များ ၂၁၁
၇၅။ ရှစ်ရာဖိုးလက်ဖက် အမြင့်သို့တက် ၂၂၅
၇၆။ အမြင့်သို့ပို့တာ မေတ္တာစေတနာ ၂၂၆
၇၇။ ကြီးပွားသူတို့၏ဝီရိယ ၂၂၇
၇၈။ စိတ်ကိုထိန်းနိုင်လေ ချမ်းသာလေ ၂၂၈
၇၉။ မဟာပဇာပတိဂေါတမီ၏ကျေးဇူးစကား သားတော်သည် ခမည်းတော်တည်း ၂၂၉
၈၀။ နို့ဖိုးကြွေးမရှိ ၂၂၉
၈၁။ ရခဲသည်ကို ရခဲ့ပြီ ၂၃၀
၈၂။ ပါးစပ်မပါသော ရန်ကုန်ကပြိတ္တာ ၂၄၇
၈၃။ သံသရာပင်လယ်ကို ကူးမြောက်နည်း ၂၅၆

# အခန်း(၅၄)

ပရမတ်ဉာဏ်မဝင်၍၊ သူတော်စင်မဟုတ်လျှင်၊
မြုပ်ရမည် စုံးစုံး၊ စိတ်ချတော့ ဒုန်းဒုန်း
သေမင်းကလည်း မြင်တိုင်းမုန်း၊
နှလုံးက ကျွတ်ဆတ်ဆတ်၊ ဒိဋ္ဌိက မခွာတတ်၊
အဝီစိမှာ အောက်ချီးကပ်၊ ပရမတ်ကို ကြပ်ကြပ်ကြည့်၊
ချိန်ခွင်ကြီးလို မတ်မတ်တည့်။

**(ဒုတိယမုံရွေးဆရာတော်၏ မေတ္တာစာမှ)**

ပရမတ်သဘော ဖောဝီထိရုပ်နာမ် ခန္ဓာတို့ကို ပိုင်းခြား၍
သိနိုင်မှသာလျှင် လက္ခဏာသုံးပါးကို
သဘောအဓိပ္ပါယ်ကျအောင် ဆင်ခြင်နိုင်မည်။
ထို့ကြောင့်
ပရမတ်သင်မှ နားဝင်မည်။
ပရမတ်ကျမှ နားဝမည်။

**(တောင်လေးလုံးဆရာတော်၏ စတုဂံရိရှုဖွယ်ကျမ်း
တတိယတွဲ နှာ–၂၁၈)**

''သညာကခန္ဓာ၌ စွဲပုံလေးမျိုးတို့တွင် ပထမစွဲပုံက သညာသည် ငါ၊ ငါသည်ပင် သညာလို့စွဲလမ်းတယ်။ အကယ်၍ သညာသည် ငါ ဖြစ်ခဲ့သော် စာသင်တဲ့နေရာမှာ တစ်ခါသင်ဖူးရင် မမေ့သင့်ပေဘူး။ ယခုတော့ သင်ဖူးတဲ့စာတွေ ခဏခဏ မမေ့ဘူးလား''

''မေ့ပါတယ်ဘုရား''

''မင်းမေ့ချင်လို့ မေ့တာလား၊ သူ့သဘောအတိုင်း မေ့တာလား''

''သဘောအတိုင်း မေ့တာပါဘုရား''

''အေး– ဒါကြောင့် သညာ၏ အကြောင်းထောက်ပံ့သလောက်သာ သညာဖြစ်၍ အထောက်အပံ့အားကုန်ရင် သညာချုပ်ရတယ် မဟုတ်လား''

''ဟုတ်ပါတယ် ဘုရား''

''သညာသည် အာရုံ၊ ဒွါရ၊ ဝိညာဏ်တို့ပေါင်းစပ်ကာ (ဖဿ) ထောက်ပံ့မှ ဖြစ်ရတာ မဟုတ်လား''

''ဟုတ်ပါတယ် ဘုရား''

''ဒီလိုဆိုရင် သူ့အစွမ်းနဲ့သူ ဖြစ်နိုင်တဲ့ အတ္တသတ္တိ သညာမှာ ဆိတ်သုဉ်း မနေဘူးလား''

''ဆိတ်သုဉ်းနေပါတယ် ဘုရား''

''အတ္တသတ္တိ မရှိရင် အနတ္တ မဟုတ်လား''

''အနတ္တပါ ဘုရား''

''ကျန်တဲ့စွဲပုံ သုံးမျိုးကတော့ ရုပ်နာမ်ကို အတ္တစွဲ၍ သညာကို ၎င်းအတ္တ၏ ပစ္စည်းသဖွယ် စွဲလမ်းခြင်းပဲ။ ဒီတော့ အကြောင်းဖြစ်တဲ့ ရုပ်နာမ်ကို စစ်ရလိမ့်မယ်။ အာရုံဒွါရနဲ့ ဝိညာဏ်ကို – ဟော့ . . ဒွါရ မင်းက သညာကို နိဿယသတ္တိဖြင့် ကျေးဇူးပြုကွယ့်၊ ငါက အာရမ္မဏ

သတ္တိဖြင့် ကျေးဇူးပြုမယ်။ ဝိညာဏ်က သမ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြု ပါလို့ တိုင်ပင်ခြင်းရှိရဲ့လား''

''မရှိပါဘုရား''

''တိုင်ပင်ခြင်းမရှိပါဘဲ အကြောင်းသုံးခု ပေါင်းစုမိတဲ့အခါ မိမိတို့၏ ဆိုင်ရာသတ္တိဖြင့် ကျေးဇူးပြု၍ သညာဖြစ်ရသည်။ ၎င်းသညာ၏ အကြောင်းတရားတို့သည်လည်း ဆိုင်ရာ အကြောင်းတရားတို့ကြောင့် ဖြစ်ရတဲ့ အနတ္တတရားတွေ မဟုတ်လား''

''ဟုတ်ပါတယ်ဘုရား''

''သင်္ခါရတရားဆိုတာ အကြောင်းကင်းပြီး ဘယ်တော့မှ မိမိဘာသာအလျောက် မဖြစ်နိုင်ဘူး မောင်စိန်ရဲ့''

''မှန်ပါဘုရား''

''ရှေးတုန်းက ဘုန်းကြီးကျောင်းမှာ ရွာထဲက လှူထားတဲ့ ကြက်ဖလေးတစ်ကောင်ရှိသတဲ့။ ၎င်းကြက်ဖကို ရွာထဲကကြောင်ကြီးက ကိုက်သွားသတဲ့။ ဒီတော့ကျောင်းသားတွေက ''အရှင်ဘုရား ကြက်ဖကလေးကို ကြောင်မကြီးကိုက်ချီသွားပါပြီလို့ ဘုန်းကြီးကို လျှောက်ကြသတဲ့။ ဒီတော့ ဘုန်းကြီးက ဒီကြောင်မကြီးကိုလည်း နိုင်သူပေါ်ဦးမှာပါကွယ်လို့ အမိန့်ရှိသတဲ့။

''ဒါနဲ့ နှစ်ရက်သုံးရက်ခန့်ကြာတော့ ကြောင်မကြီးက ကြက်ရှိသေးလားလို့ တစ်ဖန်ပြန်လာပြီးအကြည့်မှာ ကျောင်းကခွေးကြီးက ကိုက်၍ သေပါရောတဲ့။ ဒီတော့ ကျောင်းသားတွေက အရှင်ဘုရား ကြောင်မကြီးကို ခွေးကြီးကိုက်လို့ သေပါပြီဘုရားလို့ ဘုန်းကြီးကို လျှောက်ကြပြန်သတဲ့။

''ဒီတော့ ဘုန်းကြီးက ဒီခွေးကြီးကိုလည်း နိုင်သူပေါ်ဦးမှာပါကွယ်

လို့ အမိန့်ရှိပြန်သတဲ့။ ဒါနဲ့လေးငါးရက်ကြာတော့ ကျောင်းသားတွေက ဒန်ပူသွားခုတ်ဖို့ တောထဲသို့သွားရာ ခွေးကြီးပါလာတာနဲ့ ခွေးကြီးကို ကျားကိုက်ပါရောတဲ့။ ဒီတော့ ကျောင်းသားတွေက အရှင်ဘုရား ခွေးကြီးကို ကျားကိုက်သွားပါပြီလို့ လျှောက်သတဲ့။ ဒီတော့ ဘုန်းကြီးက ဒီကျားကိုလည်း နိုင်သူပေါ်ဦးမှာပါကွယ်လို့ အမိန့်ရှိပြန်သတဲ့။

"ဒါနဲ့ လေးငါးရက်ကြာတော့ မုဆိုးထောင်၍မိနေတဲ့ သမင်ကို ကျားကစားနေသဖြင့် ကျားကို မုဆိုးပစ်သောကြောင့် ကျားသေပြန်ရော တဲ့။ ဒါနဲ့ ကျောင်းသားတွေက အရှင်ဘုရား ကျားကြီး မုဆိုးပစ်၍ သေသွားပြီလို့ လျှောက်ကြပြန်တယ်တဲ့။ ဒီတော့ ဘုန်းကြီးက ဒီမုဆိုးကို လည်း နိုင်တဲ့သူပေါ်ဦးမှာပါကွယ်လို့ အမိန့်ရှိသတဲ့။ ဒါနဲ့ တော်တော် လေးကြာတော့ အခြားတောရွာမှ သမင်ရှာ၍မရသဖြင့် ဘုရင်ဘေးမဲ့ ပေးထားတဲ့ တောမှ ဆတ်မဝမ်းပိုးကြီးကို ပစ်၍ ရပါရောတဲ့။

"ဒီတော့ အစောင့်ကလာပြီးဖမ်းကာ ဘုရင်ကို ပြတယ်တဲ့။ ဒါနဲ့ ဘုရင်ကြီးက ငါဘေးမဲ့ပေးထားတဲ့တောမှာ ငါကို ပမာမခန့်ပစ်ရကောင်း လားလို့ စိတ်ဆိုးကာ မုဆိုးကို သတ်ပါရောတဲ့။ ဒါနဲ့ကျောင်းသားတွေ က အရှင်မုဆိုးကြီးသည် ဘေးမဲ့ပေးထားတဲ့တောမှ ဆတ်မဝမ်းပိုးကို ပစ်သောကြောင့် ဘုရင်သတ်၍ သေပြီတဲ့ ဘုရားလို့ လျှောက်ကြ သတဲ့။

"ဒီတော့ ဘုန်းကြီးက မောင်တို့နောက်ကို မလျှောက်ကြနဲ့တော့။ မင်းတို့ငါတို့ မင်းဒဏ်သင့်တော့မယ်လို့ ပိတ်လိုက်ရသတဲ့။ အဲဒီလို သင်္ခါရတရားဆိုတာ အဆင့်ဆင့်ကျေးဇူးပြုပြီး ဖြစ်နေကြတာ။ အကြောင်းကင်းပြီး တစ်ခုမှ မဖြစ်နိုင်တာကြောင့် အားလုံး အနတ္တတွေ ချည်းပဲ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"အဲဒီလို သညာ၏ အကြောင်းတရားတို့ကလည်း အနတ္တ၊ အကျိုးဖြစ်တဲ့ သညာကလည်း အနတ္တဖြစ်လေတော့ သညာရှိတဲ့ငါ၊ ငါ၌ သညာရှိ၏၊ သညာ၌ ငါရှိ၏ဆိုတဲ့ အစွဲသည် မမှားပါလား"

"မှားပါတယ်ဘုရား"

**သညာက္ခန္ဓာ၌စွဲပုံလေးမျိုး အဖြေပြီး၏။**

"သင်္ခါရက္ခန္ဓာ၌ စွဲပုံလေးမျိုးတို့တွင် ပထမစွဲပုံက သင်္ခါရက္ခန္ဓာသည်ပင် ငါ၊ ငါသည်ပင် သင်္ခါရက္ခန္ဓာလို့ စွဲတယ်။ အကယ်၍ သင်္ခါရက္ခန္ဓာသည် ငါဖြစ်ခဲ့ရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ဘဝကိုဖြစ်စေတတ်တဲ့ စေတနာသင်္ခါရက္ခန္ဓာသည် မရှိတန်ရာ၊ သင်္ခါရက္ခန္ဓာသည် ငါမဟုတ်သောကြောင့်သာ မကောင်းတဲ့စေတနာက မကောင်းတဲ့အကျိုးဖြစ်စေ၍၊ ကောင်းတဲ့စေတနာသည် ကောင်းတဲ့အကျိုးဖြစ်စေတယ် မဟုတ်လား"

"မှန်ပါဘုရား"

"အကုသိုလ်ဖြစ်စရာ အာရုံက မထောက်ပံ့ဘဲ အကုသိုလ်စေတနာ ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"ဆိုင်ရာဒွါရက မထောက်ပံ့ဘဲ အကုသိုလ်စေတနာဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"ဝိညာဏ်မဖြစ်ဘဲနဲ့ အကုသိုလ်စေတနာ ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"အကုသိုလ်ဖြစ်စရာ အာရုံ၊ ဒွါရ၊ ဝိညာဏ်တို့ ထောက်ပံ့မှ

ဖြစ်ရတယ်ဆိုတော့ သင်္ခါရက္ခန္ဓာမှာ မိမိဘာသာဖြစ်နိုင်တဲ့ အတ္တသတ္တ မဆိတ်သုဉ်းပါလား''

''ဆိတ်သုဉ်းပါတယ်ဘုရား''

''အဲဒီလို ဆိတ်သုဉ်းတာကို မသိကြလို့ သင်္ခါရက္ခန္ဓာသည် ငါ၊ ငါသည် သင်္ခါရက္ခန္ဓာလို့ စွဲလမ်းကြတာပေါ့ မောင်စိန်ရဲ့''

''မှန်ပါဘုရား''

''ကျန်သုံးပါးကတော့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာတွေမှာ ပြခဲ့သလိုပါပဲ။ သင်္ခါရက္ခန္ဓာနဲ့ စပ်၍နေတဲ့ အတ္တတစ်မျိုးရှိသေးတယ်။ သင်္ခါရက္ခန္ဓာသည် ၎င်းအတ္တ၏ အသုံးအဆောင် ပစ္စည်းသဖွယ်သာ ဖြစ်တယ်လို့ စွဲလမ်းတာပဲ။ သင်္ခါရက္ခန္ဓာနဲ့ စပ်တဲ့အရာသည် ၎င်း၏ အကြောင်းဖြစ်တဲ့ အာရုံ၊ ဒွါရ၊ ဝိညာဏ်တို့သည်သာ ရှိပါတယ်''

''အာရုံ၊ ဒွါရ၊ ဝိညာဏ်တို့လည်း မိမိတို့၏ ဆိုင်ရာအကြောင်း ထောက်ပံ့မှ ဖြစ်နိုင်သောကြောင့် သူတို့လည်း အနတ္တတရားပဲ။ အဲဒီလို အကြောင်းတရားသုံးပါးလုံးက အနတ္တဖြစ်လေတော့ သင်္ခါရက္ခန္ဓာရှိတဲ့ ငါ၊ ငါ၌ သင်္ခါရက္ခန္ဓာ ရှိ၏၊ သင်္ခါရက္ခန္ဓာ၌ ငါရှိ၏ ဟု စွဲလမ်းခြင်းသည် မမှားပါလား''

''မှားပါတယ်ဘုရား''

**သင်္ခါရက္ခန္ဓာ၌ စွဲပုံလေးမျိုး အဖြေပြီး၏။**

''ဝိညာဏက္ခန္ဓာ၌ စွဲပုံလေးမျိုးတို့တွင် ပထမစွဲပုံက ဝိညာဏက္ခန္ဓာသည်ပင် ငါ၊ ငါသည်ပင် ဝိညာဏက္ခန္ဓာလို့ စွဲတယ်။ အကယ်၍ ဝိညာဏက္ခန္ဓာသည် ငါဆိုရင် မျက်စိ၊ အဆင်း၊ အလင်း၊ နှလုံးသွင်း မထောက်ပံ့မီ မြင်စိတ်သည် ရှိရဲ့လား''

''မရှိပါဘုရား''

''ငှင်းအကြောင်းတရားလေးပါး မထောက်ပံ့ဘဲနေရင် သူ့ဘာသာ သူဖြစ်နိုင်ရဲ့လား''

''မဖြစ်နိုင်ပါဘုရား''

''ထောက်ပံ့၍ ဖြစ်လာပါပြီ၊ အကြောင်းတရားတို့ ချုပ်သွားရင် မချုပ်ဘဲ နေနိုင်ရဲ့လား''

''မနေနိုင်ပါဘုရား''

''နား၊ အသံ၊ အာကာသ၊ မနသိကာရတို့ မထောက်ပံ့မီ ကြားစိတ်သည် ပင်ကိုကရှိနှင့်ရဲ့လား''

''မရှိနှင့်ပါဘုရား''

''ယင်းအကြောင်းတရားလေးပါးက မထောက်ပံ့ဘဲ သူ့ဘာသာ သူ ဖြစ်နိုင်ရဲ့လား''

''မဖြစ်နိုင်ပါဘုရား''

''အကြောင်းထောက်ပံ့၍ ဖြစ်လာပါပြီ၊ အကြောင်းချုပ်ရင် မချုပ်ဘဲ နေနိုင်ရဲ့လား''

''မနေနိုင်ပါဘုရား''

''နှာခေါင်း၊ အနံ့၊ ဝါယောဓါတ်၊ မနသိကာရတို့ မထောက်ပံ့ဘဲ နံ့သိစိတ်သည် ပင်ကိုကရှိရဲ့လား''

''မရှိနှင့်ပါဘုရား''

''ယင်းအကြောင်းတရားတို့ မထောက်ပံ့ဘဲ သူ့ဘာသာသူ ဖြစ်နိုင်ရဲ့လား''

''မဖြစ်နိုင်ပါဘုရား''

''အကြောင်းတရားတို့ ထောက်ပံ့၍ ဖြစ်လာပါပြီ၊ အကြောင်းတရားတို့ချုပ်တဲ့အခါ မချုပ်ဘဲ နေနိုင်ရဲ့လား''

"မနေနိုင်ပါ၊ ချုပ်ရပါတယ် ဘုရား"

"လျှာ၊ အရသာ၊ အစိုဓါတ်၊ မနသိကာရတို့ မထောက်ပံ့မီ လျက်သိစိတ်သည် ပင်ကိုကရှိနှင့်ရဲ့လား"

"မရှိနှင့်ပါဘုရား"

"အကြောင်းတရားတို့ မထောက်ပံ့ဘဲ သူ့ဘာသာသူ ဖြစ်နိုင်ရဲ့ လား"

"မဖြစ်နိုင်ပါဘုရား"

"အကြောင်းတရားတို့ ထောက်ပံ့၍ ဖြစ်လာပါပြီ၊ အကြောင်းချုပ် ရင် မချုပ်ဘဲ နေနိုင်ရဲ့လား"

"မနေနိုင်ပါ၊ ချုပ်ရပါတယ်ဘုရား"

"ခက်မာပထဝီ၊ ကာယပသာဒ ဖေါဋ္ဌဗ္ဗာရုံ၊ မနသိကာရတို့ မထောက်ပံ့မီ ပင်ကိုက တွေ့သိစိတ်သည် ရှိနှင့်ရဲ့လား"

"မရှိနှင့်ပါဘုရား"

"ယင်းအကြောင်းတရားတို့ မထောက်ပံ့ဘဲ သူ့ဘာသာသူ ဖြစ် နိုင်ရဲ့လား"

"မဖြစ်နိုင်ပါဘုရား"

"အကြောင်းတရားတို့ ထောက်ပံ့၍ ဖြစ်လာရပါပြီ၊ အကြောင်း ချုပ်ရင် မချုပ်ဘဲ နေနိုင်ရဲ့လား"

"မနေနိုင်ပါဘုရား"

"မနောဒွါရ၊ ဓမ္မာရုံ၊ မနသိကာရ၊ ဘဝင်ပြတ်ခြင်းတို့ မပေါင်းဆုံ မိဘဲ တွေးတောကြံစည်မှုသည် ပင်ကိုကရှိနှင့်ရဲ့လား"

"မရှိနှင့်ပါဘုရား"

"အကြောင်းတရားတို့မထောက်ပံ့ဘဲ သူ့ဘာသာသူဖြစ်နိုင်ရဲ့လား"

"မဖြစ်နိုင်ပါဘုရား"

"အကြောင်းတရားတို့ ထောက်ပံ့၍ ဖြစ်လာပြီ၊ အကြောင်းချုပ်ရင် မချုပ်ဘဲ နေနိုင်ရဲ့လား"

"မနေနိုင်ပါ၊ ချုပ်ရပါတယ်ဘုရား"

"အဲဒီလို ခြောက်ပါးသော ဝိညာဏ်တို့သည် အကြောင်း မထောက်ပံ့မီက မရှိ၊ ထောက်ပံ့မှ ဖြစ်လာပြီး အကြောင်းချုပ်ရင် မချုပ်ဘဲ မနေနိုင် ချုပ်သွားရတာ ငါ ဟုတ်နိုင်ပါ့မလား"

"မဟုတ်နိုင်ပါဘုရား"

"ကျန်သုံးပါးစွဲပုံက ဝေဒနာ၊ သညာတို့မှာ ပြခဲ့သလိုပါပဲ၊ ဝိညာဏက္ခန္ဓာနဲ့ စပ်တဲ့အတ္တသည် ရှိ၏။ ဝိညာဏက္ခန္ဓာသည် ယင်းအတ္တ၏ ပစ္စည်းသဖွယ်ဖြစ်တယ်လို့ စွဲလမ်းတာပဲ၊ ဝိညာဏက္ခန္ဓာနဲ့ စပ်တဲ့အရာသည် အာရုံ၊ ဒွါရ၊ မနသိကာရတို့သာ ရှိပါတယ်၊ ယင်းတို့လည်း ဆိုင်ရာအကြောင်းတို့ကြောင့် ဖြစ်ရတဲ့ အနတ္တတရားတို့သာ ဖြစ်တယ်။ အဲဒီလိုဆိုတော့ ဝိညာဏ်ရှိတဲ့ ငါ၊ ငါ၌ ဝိညာဏ် ရှိ၏၊ ဝိညာဏ်၌ ငါရှိ၏ ဟု စွဲလမ်းကြခြင်းသည် မမှားပါလား"

"မှားပါတယ်ဘုရား"

**ဒိဋ္ဌိအစွဲဖြေခန်း ပြီး၏။**

## တဏှာစွဲ၊ မာနစွဲ ဖြေဆိုခန်း
## ရာဟုလောဝါဒသုတ်

ဆရာ။ ။ "မောင်စိန်ရေ"

တပည့်။ ။"ဘုရား"

ဆရာ။ ။ "ရာဟုလောဝါဒသုတ်ကိုဟောမှာမို့ ငါဆရာက ဘုရား

ကိုယ်စား၊ မောင်စိန်က ရာဟုလာကိုယ်စား ပြောကြရလိမ့်မယ် မောင်စိန်ရဲ့''

''မှန်ပါဘုရား''

''သတ္တဝါတို့ သန္တာန်မှာရှိတဲ့ စက္ခုပသာဒ(ဝါ) မျက်စိအကြည်သည် ငယ်စဉ်ကကြည်လင်ပြီး ကြီးရင့်တဲ့အခါ မှုန်၍လာခြင်း၊ အချို့မှာ ကန်းသွားခြင်း ဖြစ်တဲ့အတွက် မြဲတယ်ဆိုမလား၊ မမြဲဘူးလို့ ဆိုမလား''

''မမြဲဘူးလို့ ဆိုရပါမယ်ဘုရား''

''မမြဲတဲ့အတွက် ကြည်ရာက မှုန်ရ၊ ကန်းရတာကို ချမ်းသာတယ်ဆိုမလား၊ ဆင်းရဲတယ်ဆိုမလား''

''ဆင်းရဲတယ်လို့ ဆိုရပါမယ်ဘုရား''

''မြဲလည်း မမြဲ၊ လွန်ဆင်းရဲတဲ့မျက်စိသည် ကြည်လင်ရာမှ မှုန်ခြင်း၊ ကန်းခြင်းဖြစ်တဲ့အတွက် ဖေါက်ပြန်တယ်လို့ ဆိုမလား၊ မဖေါက်ပြန်ဘူးလို့ ဆိုမလား''

''ဖေါက်ပြန်တယ်လို့ ဆိုရပါမယ်ဘုရား''

''ဒီလိုဆိုတော့ မြဲလည်းမမြဲ၊ လွန်ဆင်းရဲပြီးလျှင် ဖေါက်ပြန်တတ်တဲ့ မျက်စိကို -

ငါ၏မျက်စိဟု တဏှာဖြင့်လည်းကောင်း
ထိုမျက်စိသည် ငါဖြစ်တယ်လို့ မာနဖြင့်လည်းကောင်း
ထိုမျက်စိသည် ငါ၏အတ္တပဲလို့ ဒိဋ္ဌိဖြင့်လည်းကောင်း
စွဲလမ်းခြင်းငှာ သင့်ပါမည်လား''

''မသင့်ပါဘုရား''

''ရူပါရုံသည် သစ်ရာမှ ဟောင်းခြင်း၊ အရောင်တောက်ပရာမှ အရောင်မှိန်ခြင်းကြောင့် မြဲတယ်လို့ ဆိုမလား၊ မမြဲဘူးလို့ ဆိုမလား''

''မမြဲဘူး ဆိုရပါမယ် ဘုရား''

''မမြဲတဲ့ဝေဒနာ၊ သညာ၊ သင်္ခါရကို ချမ်းသာတယ် ဆိုမလား၊ ဆင်းရဲတယ်ဆိုမလား''

''ဆင်းရဲတယ် ဆိုရပါမယ်ဘုရား''

''မြဲလည်း မမြဲ လွန်ဆင်းရဲတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို ဖောက်ပြန်တယ်ဆို မလား၊ မဖောက်ပြန်ဘူး ဆိုမလား''

''ဖောက်ပြန်တယ်လို့ ဆိုရပါမယ်ဘုရား''

''ဒီလိုဆိုတော့ မြဲလည်း မမြဲ၊ လွန်ဆင်းရဲပြီး ဖောက်ပြန်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို–

ငါ၏ဝေဒနာ၊ ငါ၏သညာ၊ ငါ၏သင်္ခါရလို့ တဏှာဖြင့်လည်း ကောင်း

ဝေဒနာသည် ငါဖြစ်တယ်

သညာသည် ငါဖြစ်တယ်

သင်္ခါရသည် ငါဖြစ်တယ် လို့ မာနဖြင့်လည်းကောင်း

ဝေဒနာသည် ငါ၏အတ္တ

သညာသည် ငါ၏အတ္တ

သင်္ခါရသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်လည်းကောင်း

စွဲလမ်းခြင်းငှာ သင့်ပါမည်လား''

''မသင့်ပါဘုရား''

''သောတပသာဒခေါ် နားသည် ကြည်လင်ရာမှ ထုံခြင်းအူခြင်းသို့လည်းကောင်း၊ ရံခါ နားပင်းခြင်းသို့လည်းကောင်း ရောက်ရတဲ့ အတွက် မြဲတယ် ဆိုမလား၊ မမြဲဘူး ဆိုမလား''

''မမြဲပါဘုရား''

''မမြဲတဲ့နားကို ချမ်းသာတယ်ဆိုမလား၊ ဆင်းရဲတယ်ဆိုမလား''

''ဆင်းရဲတယ် ဆိုရပါမယ်ဘုရား''

''မြဲလည်း မမြဲ လွှန်ဆင်းရဲတဲ့ နားကို ဖောက်ပြန်တယ် ဆိုမလား၊ မဖောက်ပြန်ဘူး ဆိုမလား''

''ဖောက်ပြန်တယ် ဆိုရပါမယ်ဘုရား''

''ဒီလိုဆိုတော့ မြဲလည်း မမြဲ၊ လွှန်ဆင်းရဲပြီး ဖောက်ပြန်တဲ့ နားကို–

ငါ၏နားလို့ တဏှာဖြင့်လည်းကောင်း

နားသည် ငါဖြစ်တယ်လို့ မာနဖြင့်လည်းကောင်း

နားသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်လည်းကောင်း

စွဲလမ်းခြင်းငှာ သင့်ပါမည်လား''

''မသင့်ပါဘုရား''

''အသံသည် ဖြစ်ပေါ်လာပြီး ချုပ်သွားသောကြောင့် မြဲတယ်ဆိုမလား၊ မမြဲဘူး ဆိုမလား''

''မမြဲဘူးဆိုရပါမယ်ဘုရား''

''မမြဲတဲ့အသံကို ချမ်းသာတယ် ဆိုမလား၊ ဆင်းရဲတယ် ဆိုမလား''

''ဆင်းရဲတယ် ဆိုရပါမယ်ဘုရား''

''မြဲလည်း မမြဲ၊ လွှန်ဆင်းရဲတဲ့အတွက် ဖောက်ပြန်တယ် ဆိုမလား၊ မဖောက်ပြန်ဘူး ဆိုမလား''

''ဖောက်ပြန်တယ်ဆိုရပါမယ် ဘုရား''

''မြဲလည်း မမြဲ ဆင်းရဲ၍ ဖောက်ပြန်တဲ့အသံကို –

ငါ၏အသံလို့ တဏှာဖြင့်လည်းကောင်း

အသံသည် ငါဖြစ်တယ်လို့ မာနဖြင့် လည်းကောင်း
အသံသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်လည်းကောင်း
စွဲလမ်းခြင်းငှာ သင့်ပါ့မလား''

''မသင့်ပါဘုရား''

''အသံနှင့် နားမပေါင်းဆုံခင်က ကြားသိစိတ်သည် မရှိသေး၊ ယင်းနှစ်ပါးပေါင်းမိရင် ကြားသိစိတ်ဖြစ်လာပြီး အသံချုပ်က ချုပ်သွားရတဲ့ ကြားသိစိတ်ကို မြဲတယ်ဆိုမလား၊ မမြဲဘူး ဆိုမလား''

''မမြဲဘူးဆိုရပါမယ်ဘုရား''

''မမြဲတဲ့ကြားသိစိတ်ကို ချမ်းသာတယ် ဆိုမလား၊ ဆင်းရဲတယ် ဆိုမလား''

''ဆင်းရဲတယ် ဆိုရပါမယ်ဘုရား''

''မြဲလည်း မမြဲ၊ လွန်ဆင်းရဲတဲ့ကြားသိစိတ်ကို ဖောက်ပြန်တယ် ဆိုမလား၊ မဖောက်ပြန်ဘူး ဆိုမလား''

''ဖောက်ပြန်တယ်လို့ဆိုရပါမယ် ဘုရား''

''ဒီလိုဆိုတော့ မြဲလည်းမမြဲ လွန်ဆင်းရဲ၍ ဖောက်ပြန်တဲ့ ကြားသိစိတ်ကို –

ငါ၏ကြားသိစိတ်လို့ တဏှာဖြင့်လည်းကောင်း
ကြားသိစိတ်သည် ငါဖြစ်တယ်လို့ မာနဖြင့် လည်းကောင်း
ကြားသိစိတ်သည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်လည်းကောင်း
စွဲလမ်းခြင်းငှာ သင့်ပါ့မလား''

''မသင့်ပါဘုရား''

''နား၊ အသံ၊ ကြားသိစိတ် ယင်းသုံးပါးပေါင်းဆုံမိခြင်းကို ဖဿလို့ ခေါ်တယ်။ ယင်းဖဿသည် နား၊ အသံ၊ ကြားသိစိတ်တို့ ဆုံမိတဲ့

အခါဖြစ်၍ မဆုံမိတဲ့အခါ မဖြစ်ချေ။ သို့အတွက် မြဲတယ်လို့ ဆိုမလား။ မမြဲဘူးဆိုမလား''

''မမြဲဘူးဆိုရပါမယ်ဘုရား''

''မမြဲတဲ့ဖဿကို ချမ်းသာတယ် ဆိုမလား၊ ဆင်းရဲတယ် ဆိုမလား''

''ဆင်းရဲတယ် ဆိုရပါမယ်ဘုရား''

''မြဲလည်း မမြဲ၊ လွန်ဆင်းရဲတဲ့အတွက် ဖဿကို ဖေါက်ပြန်တယ် ဆိုမလား၊ မဖေါက်ပြန်ဘူး ဆိုမလား''

''ဖေါက်ပြန်တယ်ဆိုရပါမယ် ဘုရား''

''ဒီလိုဆိုတော့ မြဲလည်းမမြဲ လွန်ဆင်းရဲ၍ ဖေါက်ပြန်တဲ့ဖဿကို–

ငါ၏ဖဿလို့ တဏှာဖြင့်လည်းကောင်း

ဖဿသည် ငါဖြစ်တယ်လို့ မာနဖြင့် လည်းကောင်း

ဖဿသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်လည်းကောင်း

စွဲလမ်းခြင်းဌာ သင့်ပါ့မလား''

''မသင့်ပါဘုရား''

''သောတသမ္ဖဿဖြစ်ရင် ဖဿပစ္စယာ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ ဖြစ်ရမြဲမို့ ယင်းဝေဒနာ၊ သညာ၊ သင်္ခါရတို့သည် ဖဿမဖြစ်မီက မဖြစ်သေး၊ ဖဿဖြစ်ရင်ဖြစ်၍ ဖဿချုပ်ရင် ချုပ်ရသောကြောင့် မြဲတယ်ဆိုမလား၊ မမြဲဘူးဆိုမလား''

''မမြဲပါဘုရား''

''မမြဲတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို ချမ်းသာတယ် ဆိုမလား ဆင်းရဲတယ် ဆိုမလား''

''ဆင်းရဲတယ် ဆိုရပါမယ်ဘုရား''

''မမြဲတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို ဖောက်ပြန်တယ် ဆိုမလား။ မဖောက်ပြန်ဘူး ဆိုမလား''

''ဖောက်ပြန်တယ် ဆိုရပါမယ်ဘုရား''

''ဒီလိုဆိုတော့ မြဲလည်း မမြဲ၊ လွန်ဆင်းရဲပြီး ဖောက်ပြန်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို –

ငါ၏ဝေဒနာ၊ ငါ၏သညာ၊ ငါ၏သင်္ခါရလို့ တဏှာဖြင့်လည်း ကောင်း

ဝေဒနာသည် ငါဖြစ်တယ်

သညာသည် ငါဖြစ်တယ်

သင်္ခါရသည် ငါဖြစ်တယ် လို့ မာနဖြင့်လည်းကောင်း

ဝေဒနာသည် ငါ၏အတ္တ

သညာသည် ငါ၏အတ္တ

သင်္ခါရသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်လည်းကောင်း

စွဲလမ်းခြင်းငှာ သင့်ပါမည်လား''

''မသင့်ပါဘုရား''

(ကျန်တဲ့ ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဃာနဝိညာဏ်စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌ လည်းကောင်း

ဇိဝှါပသာဒ၊ ရသာရုံ၊ ဇိဝှါဝိညာဏ်စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌ လည်းကောင်း

ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ်စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌ လည်းကောင်း

မနောဒွါရ၊ ဓမ္မာရုံ၊ မနောဝိညာဏ်စိတ်၊ ဖဿ၊ ဝေဒနာ၊

သညာ၊ သင်္ခါရတို့၌လည်းကောင်းနည်းတူဆင်ခြင်ကြလေ)

ယခုပြောခဲ့တဲ့အတိုင်း ခန္ဓာကိုယ်၌ မမြဲတာတွေ၊ ဆင်းရဲတာတွေ၊ ဖေါက်ပြန်တာတွေကို မြင်ရင် ထိုခန္ဓာကိုယ်ကြီး၌ ငြီးငွေ့၍ လာလိမ့်မယ်၊ ငြီးငွေ့လာရင် တပ်မက်ခြင်းကင်းလာလိမ့်မယ်၊ တပ်မက်ခြင်း ကင်းရင် တဏှာ၊ မာနမှ လွတ်လာပါလိမ့်မယ်၊ ကိလေသာမှ လွတ်ရင် နိဗ္ဗာန်ကိုရပါတော့တယ်၊ သို့အတွက် ခန္ဓာကိုယ်၌ မမြဲတာတွေ ဆင်းရဲတာတွေ၊ ဖေါက်ပြန်တာတွေကို မြင်အောင်ရှု၍ ငြီးငွေ့တဲ့ ဉာဏ်ပေါ်ကာ ကိလေသာမှလွတ်ကြ၍ နိဗ္ဗာန်သို့ ရလွယ်ကြပါစေသတည်း။

**နယ်ရဲ့သမားသုံးဦးသား တရားတော်ပြီး၏။**

## မန်လည်ဆရာတော်၏ ဝိပဿနာဒီပနီ

(ဒိဋ္ဌိဝိပဿနာ နဝဇီရဂ္ဂဒီပနီမှ အကျဉ်းကောက်နုတ်ချက်)

သစ္စာနုလောမိကဝိပဿနာ၊ သမ္မာဒိဋ္ဌိယထာဘူတဉာဏ်မျိုးကို ပုထုဇဉ်တို့ မရနိုင်။ ဘုရား၊ ရဟန္တာအရိယာတို့၏ ဉာဏ်သာဟူ၍ အချို့သော လူရှင်ရဟန်းတို့ကကြက်ကန်းဆွဲ ပြောဆို၍ နေလေ့ရှိကြကုန်သည်။ ထို့ကြောင့် အချို့သော ရှင်လူအရပ်သား အကြားအမြင်နည်းကုန်သော အပ္ပဿုတ ဒုပ္ပညာပုဂ္ဂိုလ်တို့သည် ရုပ်နာမ်အရသင်္ခါရသဘောကို တစ်ရံတစ်ခါ လက္ခဏာသဘာဝအားဖြင့် ထင်ရှားအောင် မသင်ရဘူး၊ မနာရဘူး၊ နှလုံးမသွင်းရဘူး စသည်ဖြင့် အထူးမသိနိုင်ရကား လူကြီး၊ သူကြီး၊ ဘုန်းကြီး၊ ရဟန်းဆိုသူတို့ပြောလျှင် ဟုတ်တန်ရာ၏

ဟူသော အမှတ်ကိုစွဲ၍ ယထာဘူတဉာဏ်ကား ငါတို့ ပုထုဇဉ်အရာမဟုတ်။

ဘုရားရဟန္တာတို့ အရာသာဖြစ်သည်ဟု စိတ်နှလုံးချ ရှိရှာကြ၍ ယထာဘူတဉာဏ် ဖြစ်စရာစကားကို ကြားရ၊ နာရမည်ဆိုလျှင် သေမည်ကိုကြောက်သဖြင့် မနာလိုနိုင် အောင် ဖြစ်တော့သည်။ နာမ်ရုပ်အရာ၊ ခန္ဓာ၊ အာယတန စသော ယထာဘူတသဘာဝတရား စကားများကို ကြား ရကောင်း၊ နာရကောင်းဟူ၍မျှ မမှတ်နိုင်အောင် ဖြစ်တော့ သည်။ ယထာဘူတဉာဏ်ဆို၍မှလည်း မယုံကြည်နိုင် အောင် ရှိသူများတော့သည်။

အလိမ္မာမဲ့သေးသော ဗာလသူငယ်ကလေးသည် ရွှေ ကိုပြသော် မရှုချင်၊ အသုံးမကျသော ပန်းကန်ကွဲကိုပြမှ ရှုချင်ဘိသကဲ့သို့ ဖြစ်ကုန်သည်။ မသိမလိမ္မာသော သတ္တဝါတို့ကို ယထာဘူတဉာဏ်လမ်း ပိတ်၍ တိတ်ဆိတ် ကွယ်ပျောက်အောင် ရောက်တတ်ရာရာ ပြောလေ့ရှိကြ ကုန်သဖြင့် မြတ်စွာဘုရားအဆုံးအမ သာသနာကို မိစ္ဆာ လိမ်းလျှင် ညစ်ညူးပျက်စီးစေကုန်သောရှင်ပေါ့၊ လူပေါ့တို့သာ များကြတော့သည်။

ယထာဘူတဉာဏ်ကို ဘုရား၊ ရဟန္တာတို့၏ ဉာဏ် သာဟူ၍ ဆိုသောသူ၊ ယထာဘူတဉာဏ်ကို လူတို့မရ ထိုက်ဟု ဆိုသောသူတို့သည် ကျမ်းဂန်အရာ မလိမ္မာ၍ မိမိတို့လည်း နာမ်ရုပ်လက္ခဏာကို မသိမ်းဆည်းတတ်။ မသိမ်းဆည်းစဖူး၊ ကျမ်းဂန်ကို စိုးစဉ်းမတ္တသင်ကြားဖူး

ပါသော်လည်း သင်ရုံမျှသာ။ အနတ္တသဘာဝကို ထင်အောင်မသင်၊ ထင်ရကောင်းမှန်းမျှလည်း မသိသဖြင့် မိမိတို့ သဘောအတိုင်း ပြောဆိုကြသည်သာဖြစ်သည်။

အချို့ဆရာတို့ကလည်း ဝိပဿနာကုသိုလ်သည် မဂ်ကိုသာပေးတတ်၏။ မဂ်ကိုမပေးလျှင် တစ်စုံတစ်ခုသော လူ၊ နတ်၊ သုဂတိအကျိုးကို မပေးတတ်ဟူ၍ ပြောဆိုကြသည်လည်း ရှိ၏။ ထိုသို့ပြောဆိုခြင်းသည်လည်း ကျမ်းဂန်နှင့် မလျော်ညီသည်သာတည်း။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာစသည် ဆိုတတ်၊ မြည်တတ်၊ အံတတ်၊ ရွတ်တတ်ရုံနှင့်လည်း နာမ်ရုပ်ကို သိမ်းဆည်းတတ်သော နာမရူပပရိဂ္ဂဟ ဉာဏ် မဖြစ်။

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ ဟောတုပစ္စယောစသည်တို့ကို ဆိုတတ်၊ မြည်တတ်၊ အံတတ်၊ ရွတ်တတ်ရုံနှင့် ပစ္စယပရိဂ္ဂဟ ဓမ္မဋ္ဌိတိဉာဏ်မဖြစ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဆိုတတ်၊ မြည်တတ်၊ ရွတ်တတ်၊ အံတတ်ရုံနှင့်လည်း ဝိပဿနာဉာဏ် မဖြစ်သေး။

ယထာဘူတဉာဏ်ဖြစ်အောင်ကား ဆရာသမားတို့ထံ နားလည်လိမ္မာအောင် ရုပ်လက္ခဏာ၊ နာမ်လက္ခဏာတို့ကို သင်ခြင်း၊ နာခြင်း၊ မှတ်သားခြင်းကို ပြုလျှက်– ထိုရုပ်လက္ခဏာ၊နာမ်လက္ခဏာတို့ကို ပိုင်းခြားသိမ်းဆည်း၍ သိနိုင်၊ မှတ်နိုင်၊ ဆောင်ကြဉ်းနိုင်သဖြင့် ငါကောင်၊ သူကောင်၊ လူကောင်၊ နတ်ကောင်၊ ကိုယ်ကောင်၊ အတ္တရှာမရဘဲ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကွာ၍ ရုပ်သဘာဝ၊

နာမ်သဘာဝ၊ ရုပ်ဖြစ်သည့်အတိုင်း နာမ်ဖြစ်သည့်အတိုင်း မြင်တတ်၊ မှတ်တတ်၊ နှလုံးသွင်းတတ်၊ ဆင်ခြင်တတ်၊ သဘောကျတတ်သည့်ရှိသော်သာလျှင် ယထာဘူတ ဉာဏ် ဖြစ်သည်ဟူ၍ မှတ်။

ဤယထာဘူတဉာဏ်ကား အိမ်ယာထောင်လူတို့နှင့် အကွာကြီး အဝေးကြီးဟူ၍ ပြောလေ့ဆိုလေ့ ရှိကြကုန်သည်။ ထိုသို့ဆိုသော်လည်း မသိမလိမ္မာ၍ ဆိုသည်သာ မှတ်၊ ရဟန်းဖြစ်စေ၊ လူဖြစ်စေ ရုပ်နာမ်လက္ခဏာတို့ကို အသေအချာ ဆရာသမားထံ နာခံသင်ကြားရဖူး၍ သိ တတ်၊ နားလည်တတ်၊ နည်းသွင်းတတ်၍၊ နှလုံးသွင်း လေ့၊ ပွားလေ့၊ ရှုလေ့၊ ပိုင်းခြားသိမ်းဆည်းလေ့ရှိကြကုန် သော သူတို့ကား ဤရုပ်နာမ်ကို သိမ်းဆည်းတတ်သော ယထာဘူတဉာဏ်ကို မဆိုနှင့်ဦး။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ် သို့ပင် ရောက်ကြကုန်သော ဗိမ္ဗိသာရမင်း၊ မဟာနာမ်မင်း၊ သုဒ္ဓေါဒနမင်း၊ အနာထပိဏ်၊ ဝိသာခါ၊ နန္ဒမာတာ၊ ပုဏ္ဏာ ကျွန်မ ဤသို့စသည့် အနန္တပရိမေယျ အဆုံးအဆ မရှိ များကုန်သည်။ သဒ္ဓါတရား အားကြီးထက်သန် ဝိပဿနာ တရားကိုလည်း အားထုတ်လိုလားတတ်သော ပုဂ္ဂိုလ်အား သွားစဉ်၊ ရပ်စဉ်၊ ထိုင်စဉ်းစားစဉ်၊ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်း မဖြစ်ဟု မဆိုရာဟူ၍ မူလ ပဏ္ဏာသဋီကာ၊ မဟာ သာရောပမသုတ် အဖွင့်တွင်လည်း မိန့်ဆိုတော်မူသည်။

ရုပ်နာမ်တို့၏ လက္ခဏာ၊ ခန္ဓာစသည်တို့ သဘောကို

မသိ အလိုရှိတိုင်းပြုနိုင်သော ငါကောင်၊ သူကောင်၊ အကောင်သတ္တဝါဟု မှတ်ယူစွဲလမ်းခြင်းကား ဒိဋ္ဌိဂါဟ၊ အတ္တသညာမိစ္ဆာ စွဲလမ်းခြင်းသာဖြစ်သည်။

## အနိစ္စဝိပဿနာ

သေသည့်တိုင်အောင် ပဝတ္တိအခါ၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတို့သည် မမြဲသောကြောင့် ဤပဝတ္တိ ရုပ်နာမ်ခန္ဓာဟူသော အကျိုးတရားတို့သည်လည်း စင်စစ်မမြဲသည်သာဖြစ်၍ ဖြစ်ရာကာလ၊ ဖြစ်သောအစဉ်၊ ဖြစ်သောခဏ၌သာ ကုန်တတ်၊ ပျောက်တတ်သောကြောင့် မမြဲ၊ အနိစ္စ ခယဋ္ဌေန၊ အနိစ္စ၊ ခယဋ္ဌေန ဟူ၍ ကာလအနိစ္စ၊ ခဏအနိစ္စလက္ခဏာတို့ကို စိမ့်စိမ့်ထင်အောင်ရှု။

## ဒုက္ခဝိပဿနာ

မီးသို့ကျသော သစ်ရွက်၊ သစ်ခက်စသည်တို့သည် ကျသောခဏကစ၍ ညှိုးခြောက်ကျွမ်းကျ ပျောက်ပျက်စေကုန်သကဲ့သို့ ထိုရုပ်နာမ်ခန္ဓာတို့သည်လည်း ပဋိသန္ဓေဖြစ်စကစ၍ ဘဝတိုင်း၊ ကာလတိုင်း၊ အစဉ်တိုင်း၊ ခဏတိုင်း ရင့်ဟောင်း ဆွေးမြည့် စုတေ ပျက်ချုပ်သည်သာဖြစ်၍ ဖြစ်ပျက် ဖြစ်ပျက်ဘေးအတိရောက်သဖြင့် ကြောက်မက်ထိတ်လန့်ဖွယ်သာဖြစ်သောကြောင့် ဆင်းရဲအတိ၊ ဆင်းရဲအတိက 'ဒုက္ခံဘယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန' ဟူ၍ ဒုက္ခ

လက္ခဏာကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။

**အနတ္တဝိပဿနာ**

မိမိတို့ အကြောင်းအားလျော်စွာဖြစ်လျက်၊ မိမိသဘောအလျောက် ရင့်ဟောင်းဆွေးမြည့်၊ စုတေ၊ ချုပ်ပျက်၊ ဖြစ်ပျောက်ဘေး အတိသာရောက်သည်ဖြစ်၍ မြဲမြဲချမ်းသာအောင် ပြုပြင် စီရင်နိုင်သော ငါကောင်၊ ကိုယ်ကောင်၊ အသက်ကောင်၏ အဖြစ်အနှစ်သာရ မရှိသောကြောင့် ငါမဟုတ်၊ ကိုယ်မဟုတ် 'အနတ္တာအသာရကဋ္ဌေန၊ အနတ္တာအသာရကဋ္ဌေန'ဟူ၍ အနတ္တလက္ခဏာကို စဉ်းစား၍ စိမ့်စိမ့်ထင်အောင်ရှု။

အင်္ဂုတ္တရအဋ္ဌကထာ၌ကား ကျောက်စရစ်မှန်က ရေမှာ ကျသော် မုချစင်စစ် အောက်သို့နစ်သကဲ့သို့ ထို့အတူ မိစ္ဆာအယူမှန်က သက္ကာယဒိဋ္ဌိမျှလည်း ငါ့ကိုယ်၊ ငါ့ကောင်၊ စွဲယောင်စွဲမှား၊ စွဲလမ်းသောအားဖြင့် စွဲလမ်း၍ သေသော် မချွတ် အပါယ်သို့လားကြောင်းကို မိန့်ဆိုတော်မူသည်။

**(မန်လည်ဆရာတော်)**

## အခန်း(၃၅)
## ကိလေသာဆယ်ပါးဆိုးကျိုးများ

နုပ်။ ။ ကဲဒီအပတ်တော့ ကိလေသာဆယ်ပါးရဲ့ ဆိုးကျိုးတွေကို ပြောကြရအောင်၊ ပြီးမှ သမုဒယသစ္စာခေါ် တဏှာရဲ့ အပြစ်တွေကို အကျယ်ပြမယ်။ ကိလေသာဆယ်ပါးထဲမှာ ပထမဆုံးက လောဘကိလေသာပဲ၊ လိုချင်တာ၊ စွဲလမ်းတာ၊ တပ်မက်တာပေါ့။ သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကို ဖြစ်စေ စွဲလမ်းတပ်မက်တဲ့ လောဘစိတ်နဲ့သေရင် ပြိတ္တာဘုံ ရောက်ရတယ်။

ဒီလောဘဓါတ်တွေ သိပ်များလာပြီဆိုရင် ကမ္ဘာလောကကြီးတစ်ခုလုံး အငတ်ဘေးဆိုက်တယ်။ ဒီ့ထက်များလာမယ်ဆိုရင် ယင်းကမ္ဘာလောကကြီးဟာ မီးလောင်ပျက်စီးသွားရတယ်၊ ဒေါသကိလေသာ ဆိုတာကတော့ စိတ်ဆိုးတာ၊ အမျက်ထွက်တာ၊ ရန်ငြိုးဖွဲ့တာ၊ မခေါ်နိုင် မပြောနိုင်ဖြစ်တာပါပဲ။ ဒီထက်အဆင့်မြင့်လာရင် လူသတ်မိတဲ့အထိ ဖြစ်တော့တာပါပဲ။

ဒီဒေါသနဲ့သေရင် ငရဲဘုံရောက်တယ်။ ဒေါသဓါတ်တွေ ဒီ့ထက်များလာမယ်ဆိုရင် ကမ္ဘာလောကကြီး လက်နက်ဘေးဆိုက်ရောက်တယ်။ လက်နက်ဘေးဆိုတာ စစ်ဖြစ်တာကို

ပြောတာပါ။ စစ်ဖြစ်ခြင်းမှာ တခြားအပေါ်ယံအကြောင်းတွေ အများကြီးရှိနိုင်ပါတယ်။ ဒါပေမဲ့ စစ်ပွဲဖြစ်ရခြင်းရဲ့ အဓိက အကြောင်းကတော့ ဒေါသဓါတ်ပါပဲ။

ဒေါသဓါတ်တွေ အမြင့်ဆုံးအထိ ရောက်သွားပြီဆိုရင်တော့ ကမ္ဘာလောကကြီးဟာ ရေတွေလွှမ်းပြီး ပျက်စီးရတယ်။ မောဟကိလေသာဆိုတာ အမှန်ကိုမသိတာ၊ တွေဝေတာပေါ့။ ဒီမောဟနဲ့ သေရင် တိရစ္ဆာန်ဘုံရောက်တယ်။ ဒီမောဟဓါတ်တွေ များလာပြီဆိုရင် ကမ္ဘာလောကကြီးမှာ အနာရောဂါဘေး ဆိုက်တယ်။ ဒီ့ထက်များလာပြီဆိုရင် ကမ္ဘာလောကကြီးဟာ လေကြောင့်ပျက်စီးသွားရတယ်။

သန်း။ ။တပည့်တော် ကမ္ဘာပျက်ပုံအကြောင်းကို အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ သင်္ဂြိုဟ်ဘာသာဋီကာ၊ ဝီထိမုတ်ပိုင်းအဖွင့်မှာ ဖတ်ဖူးတယ် ဘုရား။

နုပ်။ ။ ဒါဆိုရင် မင်းမှတ်မိသမျှ ပြောစမ်းပါဦး။

သန်း။ ။မီးဓါတ်က ကမ္ဘာကိုဖျက်ပြီဆိုရင် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်နဲ့ ပထမဈာန်ဗြဟ္မာ့ဘုံ သုံးဘုံထိပျက်စီးတယ်ဘုရား။ ရေဓါတ်က ထပ်ဖျက်ပြီဆိုရင် နောက်ထပ် ဒုတိယဈာန် ဗြဟ္မာ့ဘုံ သုံးဘုံထပ်ပါသွားတယ် ဘုရား။ လေဓါတ်က ထပ်ဖျက်ပြီဆိုရင် နောက်ထပ်တတိယဈာန် ဗြဟ္မာ့ဘုံ သုံးဘုံထိ ပါသွားတယ်တဲ့ ဘုရား။

နုပ်။ ။ ဒါဆိုရင် အခုပြောမယ့်ဒဿနကို မင်းသေချာနားလည်နိုင်ပြီ။ လူတွေဟာ ကိုယ်နေတဲ့ကမ္ဘာကို ကိုယ်ကိုယ်တိုင် ပြန်ပြီး

ဖျက်ဆီးကြတယ်ဆိုတဲ့ အချက်ပဲ။ ကမ္ဘာကို ဖျက်ဆီးမယ့်မီး၊ ရေ၊ လေတွေကို လူသားတွေ စုဆောင်းမွေးမြူထားတဲ့ လောဘဓါတ်၊ ဒေါသဓါတ်၊ မောဟဓါတ်တွေက ထုတ်လုပ်ပေးလိုက်တာပဲ။ ဒီအချက်ကိုကြည့်ပြီး မိမိသန္တာန်မှာရှိတဲ့ ကိလေသာမီးတွေကုန်အောင် ဝိပဿနာတရားကို နာကြားရှုပွားနေခြင်းဟာ လောကကြီး မပျက်စီးအောင် ကိုယ်နိုင်တဲ့ဘက်က စောင့်ရှောက်ပေးနေခြင်းတစ်မျိုးလို့ မှတ်နိုင်တာပေါ့။

သန်း။ ။ကျန်တဲ့ ကိလေသာတွေအကြောင်း ဆက်ပါဦးဘုရား။

နုပ်။ ။ လေးခုမြောက် ကိလေသာက မာနတဲ့။ ငါရှိတယ်၊ ငါသိတယ်၊ ငါတတ်တယ်ဆိုပြီး ထောင်လွှားတက်ကြွမောက်မာတဲ့သဘောပေါ့။ ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်မှာ လူချင်းတူပါလျက် တချို့က အမျိုးယုတ်ပြီး တချို့က အမျိုးမြတ်ရတာ ဘာ့ကြောင့်ပါလဲလို့ သုဘလုလင်က မေးဖူးတယ်။

ဘုရားရှင်က မာနကြီးတဲ့သူတွေဖြစ်ရာဘဝ အမျိုးယုတ်ပြီး မာနကင်းပြီး ဂါရဝနိဝါတရှိတဲ့ သူများကတော့ ဖြစ်ရာဘဝ အမျိုးမြတ်တယ်လို့ ဟောကြားတော်မူတယ်၊ သုပ္ပိယအမည်ရှိတဲ့ မထေရ်တစ်ပါးဟာ ရဟန္တာဖြစ်မယ့် ဘဝမှာတောင် သုဘရာဇာအမျိုးသမီးရဲ့ ဝမ်းမှာ သန္ဓေယူခဲ့ရတယ်။ အဲဒါမာနကြီးခဲ့လို့ပဲပေါ့။

ဂါရဝဆိုတာ ရိုသေတာ၊ နိဝါတဆိုတာ ကိုယ့်ကိုယ်ကို နှိမ်ချတာပေါ့။ မိမိထက် အသက်သိက္ခာ၊ ဂုဏ်ဝါကြီးမားကြတဲ့ ပုဂ္ဂိုလ်များကို အရိုအသေပေးတာ၊ ရှိခိုးတာဟာ ဂါရဝနိဝါတ

ပါပဲ၊ အရိုအသေပေးတိုင်း ရှိခိုးတိုင်း ထိုကဲ့သို့ ပြုကျင့်သူမှာ ကောင်းကျိုးလေးမျိုးရကြောင်း အာဋာနာဋိယသုတ်မှာ ဟောထားတယ်။ အဲဒီလေးမျိုးက–

၁။ ဖြစ်ရာဘဝမှာ အသက်ရှည်ခြင်း

၂။ ဖြစ်ရာဘဝမှာ ရုပ်ရည်ချောမောလှပခြင်း

၃။ ဖြစ်ရာဘဝမှာ စည်းစိမ်ဥစ္စာပေါများချမ်းသာခြင်း

၄။ ဖြစ်ရာဘဝမှာ ခွန်အားဗလကြီးမားခြင်း တို့ပါပဲ။

အရိုအသေအပြုခံရသူ၊ ရှိခိုးခံရသူမှာတော့ ဘာမှမရပါဘူး။ အရိုအသေပြုခံထိုက်တဲ့ ရှိခိုးခံထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး မရှိရင် အပြစ်တောင် ဖြစ်ပါသေးတယ်။ ဒီအချက်ကိုကြည့်ရင် အသက်သိက္ခာ၊ ဂုဏ်ဝါကြီးမားသူများကိုရှိခိုးတာ၊ အရိုအသေပေးတာဟာ ကိုယ့်အတွက်ပါပဲ။ ဒါကြောင့် ရှိခိုးဖို့ အရိုအသေပေးဖို့ကိစ္စမှာ ဝန်လေးမနေသင့်ဘူး။

ဒိဋ္ဌိကိလေသာဆိုတာက ငါရှိတယ်၊ သူရှိတယ်၊ ယောက်ျားရှိတယ်၊ မိန်းမရှိတယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါရှိတယ်လို့ အယူမှားတာပါပဲ။ တကယ်ရှိတာက–

ဖေါက်ပြန်ပြောင်းလဲတဲ့ သဘောတရား = ရူပက္ခန္ဓာ

အာရုံ၏အရသာကိုခံစားခြင်းသဘောတရား = ဝေဒနာက္ခန္ဓာ

အာရုံကို မှတ်သားခြင်း သဘောတရား = သညာက္ခန္ဓာ

စေ့ဆော်တိုက်တွန်းခြင်း သဘောတရား = သင်္ခါရက္ခန္ဓာ

အာရုံကိုသိခြင်း သဘောတရား = ဝိညာဏက္ခန္ဓာ

ငါးခုပါပဲ။ ငါ မရှိဘဲနဲ့ ငါရှိတယ်လို့ အယူမှားတဲ့အတွက် ငါ့

အတွက်၊ ငါ့သားအတွက်၊ ငါ့မယားအတွက်ဆိုပြီး လောဘ၊ ဒေါသ တွေဖြစ်ပေါ်ကာ မကောင်းမှုတွေကို ကျူးလွန်မိကြတာ ပါပဲ။

ပရမတ္ထဒီပနီမှာ–

သဗ္ဗာနိစ အပါယဂါမိကမ္မာနိနာမ
အတ္တဒိဋ္ဌိယာ သတိယာ ဝေ ဝိပစ္စန္တိ
အသတိယာ နဝိပစ္စန္တိ။ လို့–ဖွင့်ပြထားတယ်။ အဓိပ္ပါယ်က– အပါယ်ကိုဆွဲချနိုင်တဲ့ အကုသိုလ်များစွာ ရှိပါသော်လည်း ခန္ဓာ ငါးပါးကို ငါ လို့စွဲယူတဲ့ အတ္တဒိဋ္ဌိရှိမှ အပါယ်လေးပါးသို့ ဆွဲချနိုင်တာ၊ အတ္တဒိဋ္ဌိ မရှိရင် အပါယ်လေးပါးသို့ ဆွဲမချနိုင် ဘူးလို့ ဆိုလိုတာပါပဲ။

ဝိပဿနာအရာမှာ ဒိဋ္ဌိကွာဖို့က အရေးကြီးဆုံးဖြစ်တဲ့ အတွက် ငါသဘောပေါက်တဲ့နည်းနဲ့ ဂမ္ဘီရဝိပဿနာ ၃–၄ အတွဲမှာ ဒိဋ္ဌိခွာပုံကို ပြခဲ့တယ်၊ စိတ်ချရအောင် အခုတစ်ခါ နမ္မားဆရာတော်ကြီးရဲ့နည်းကိုပါ ထပ်ပြလိုက်တာပဲ။

ခြောက်ခုမြောက် ကိလေသာက ဝိစိကိစ္ဆာတဲ့၊ မြန်မာလို ဆိုတော့ သေချာမဆုံးဖြတ်နိုင်ဘဲ ယုံမှားသံသယဖြစ်နေတာ ပေါ့။ ယုံမှားခြင်းက ရှစ်မျိုးရှိသတဲ့။ အဲဒါတွေက–

## ဝိစိကိစ္ဆာ။ ယုံမှားခြင်း (၈)မျိုး

၁၊ ဘုရားအပေါ်ယုံမှားခြင်း
၂၊ တရားအပေါ်ယုံမှားခြင်း

၃၊ သံဃာအပေါ်ယုံမှားခြင်း

၄၊ ကိုယ်ကျင့်သီလအပေါ်ယုံမှားခြင်း

၅၊ အတိတ်ရုပ်နာမ်အပေါ်ယုံမှားခြင်း

၆၊ အနာဂတ်ရုပ်နာမ်အပေါ်ယုံမှားခြင်း

၇၊ ပစ္စုပ္ပန်ရုပ်နာမ်အပေါ်ယုံမှားခြင်း

၈၊ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို ယုံမှားခြင်းတို့ပဲ။

သန်း။ ။ရုပ်နာမ်အပေါ်ယုံမှားခြင်းဆိုတာ ဘယ်လိုဟာမျိုးလဲ ဘုရား။

နုပ်။ ။ ရုပ်နာမ်ဆိုတာ ငါပဲလား၊ ဒါမှမဟုတ် ပုဂ္ဂိုလ်၊ သတ္တဝါလား စသည်ဖြင့် ဆုံးဖြတ်ဝေခွဲနိုင်ခြင်းမရှိဘဲ ယုံမှားသံသယဖြစ်နေတာပေါ့။ ဒါပေမဲ့ ဒီဝိစိကိစ္ဆာကိလေသာက ဒိဋ္ဌိကိလေသာကို မှီပြီးတော့ဖြစ်ရတာပါ။ ဒါ့ကြောင့် သောတာပတ္တိမဂ်ဉာဏ်ရလို့ ဒိဋ္ဌိသေရင် သူလည်း သေတာပဲ။

"တကူးတက လိုက်သတ်နေစရာ မလိုပါဘူး။ ခုနစ် ခုမြောက် ထိနကိလေသာဆိုတာက သဒ္ဒါနက်ပြန်ရင် စိတ်၏လေးလံထိုင်းမှိုင်းခြင်းလို့ ဖြစ်တယ်။ နားလည်အောင်ပြောရရင်တော့ တရားနာတဲ့အခါ၊ တရားထိုင်တဲ့အခါ စိတ်ဝင်တစားမရှိဘဲ ငိုက်မျဉ်းလာတာကို ဆိုလိုတာပါပဲ"

သန်း။ ။တရားထိုင်ရင်း ငိုက်မျဉ်းလာရင် ဘယ်လိုလုပ်ရမလဲ ဘုရား။

နုပ်။ ။ စကြံ့ထလျှောက်တာ အကောင်းဆုံးပဲ။ စကြံ့လျှောက်တဲ့အခါမှာလည်း ပထမဆုံးသွားလိုတဲ့စိတ် ဖြစ်တယ်။ နောက်စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓါတ်တွေက တစ်ကိုယ်လုံးကို နှံ့သွားတယ်။ ဒီအခါကျမှ သွားတဲ့အမူအရာကြီး ဖြစ်လာတယ် ဆိုတာ

ဆင်ခြင်သိပြီးလျှောက်ပေ့ါ။

သန်း။ ။တချို့တရားစခန်းတွေမှာ ၁–နာရီသို့မဟုတ် ၂–နာရီ မလှုပ်၊ မယှက်ဖွတ်ထိုင်နိုင်းတယ်ဘုရား။ မခံသာအောင် ညောင်းညာ ကိုက်ခဲလို့ ပြင်မယ်ဆိုရင် တချို့က အပ်နဲ့ ထိုးတယ်။ တချို့ က လှမ်းဝေါက်တယ်။ အဲသလို ညောင်းလွန်းအားကြီးလို့ ပြင်ထိုင်ရင် တရားမရနိုင်ဘူးလို့ ပြောကြတာ ဟုတ်ပါ့မလား ဘုရား။

## ပြင်ထိုင်မှတရားရ

နုပ်။ ။ ဘယ် ဟုတ်မလဲ၊ ညောင်းညာကိုက်ခဲတာကို သတိအမှတ်နဲ့ ပြင်ထိုင်မှ တရားရတယ်၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခံပြီး ပေထိုင်နေလို့ တရားမရဘူး။

သန်း။ ။ဒီပြဿနာက တော်တော်ကြီးတယ် ဆရာတော်၊ အထောက် အထား အတိအကျနဲ့ ရှင်းမှရမယ်။

နုပ်။ ။ အေး – ရှင်းရမှာပေ့ါ။ သုတ်သီလက္ခန်အဋ္ဌကထာမှာ–

**တတ္ထ ဟတ္ထ ပါဒေ အတိစိရံ သမိဉ္ဇေတွာဝါ ပသာရေတွာ ဝါ ဋ္ဌိတဿ ခဏေခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ စိတ္တံ ဧကဂ္ဂံ နလဘတိ ကမ္မဋ္ဌာနံ ပရိပတတိ ဝိသေသံ နာဓိဂစ္ဆတိ** – လို့ဖွင့်ပြတယ်။

အဓိပ္ပါယ် –

ထို သမိဉ္ဇတေ ပသာရတေဟူသောပါဠိ၌ လက်ခြေတို့ကို အလွန်ကြာမြင့်စွာ ကွေး၍သော်လည်းကောင်း၊ ဆန့်၍သော်

လည်းကောင်း တည်နေသော ယောဂီအား ခဏတိုင်း ခဏ တိုင်း၌ ဆင်းရဲဒုက္ခဝေဒနာတို့ ဖြစ်တတ်ကုန်၏။ စိတ်တည် ကြည်ငြိမ်သက်သည့်အဖြစ်ကို မရနိုင်။ ကမ္မဋ္ဌာန်းအာရုံမှ လျှောကျတတ်၏။ တရားထူးမရနိုင်တဲ့။

ဒါက မခံမရပ်နိုင်ဖြစ်ပါလျက် မပြင်ဘဲ ဖွတ်ပေထိုင်တဲ့ အတွက် တရားမရနိုင်ပုံ အထောက်အထားပဲ။ နောက်ထပ် သာဓက,ကလည်း သုတ်သီလက္ခန်အဋ္ဌကထာမှာပဲ လာတာ ပါ။

**ကာလေ သမိဒ္ဓေန္တဿ ကာလေ ပသာရေန္တဿ၊**
**ပန တာ ဝေဒနာ နုပ္ပဇ္ဇန္တိ စိတ္တံ ဧကဂ္ဂံ ဟောတိ၊**
**ကမ္မဋ္ဌာနံ ဝိတိ ဂစ္ဆတိ ဝိသေသ မဓိဂစ္ဆတိ။**

အဟုတ်အမှန်ကား ကွေးသင့်ရာအခါ၌ ကွေးသောယောဂီ အားလည်းကောင်း၊ ဆန့်သင့်ရာအခါ၌ ဆန့်သည့်ယော ဂီအားလည်းကောင်း(ပြောင်းပြင်သင့်ချိန်မှာ ပြောင်းပြင်သော ယောဂီအား) ယင်းဆင်းရဲဒုက္ခဝေဒနာတို့ မဖြစ်နိုင်ကုန်၊ စိတ်တည်ကြည်ငြိမ်သက်၏။ ကမ္မဋ္ဌာန်းတရားသည် ကြီးပွား ခြင်းသို့ ရောက်၏။ မဂ်ဖိုလ်တရားထူးကို ရနိုင်၏။

ဒီအထောက်အထားအရ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲ လာတယ်ဆိုရင် သတိအမှတ်နဲ့ ပြုပြင်မှ မဂ်ဖိုလ်ရနိုင်တယ် ဆိုတာ အထင်အရှားပါပဲ။

သန်း။ ။ဒီလို ကျမ်းဂန်အထောက်အထား အခိုင်အလုံရှိရဲ့သားနဲ့ ဘာဖြစ်လို့ ယောဂီအသစ်တွေ တရားစခန်းက ထွက်ပြေး

အောင် မပြောင်းနဲ့ မပြင်နဲ့ဆိုတဲ့ စည်းကမ်းချက်ကြီး ထုတ်ထားကြတာလဲ ဘုရား။

နုပ်။ ။ များသောအားဖြင့် ဒီလို စည်းကမ်းကိုထုတ်တဲ့ တရားပြဆရာအများစုဟာ စာမတတ်၊ ပေမတတ်။ ကြီးမှ ရဟန်းဝတ်လာတဲ့ သူတွေ များပါတယ်။ များသောအားဖြင့် သူတို့ဟာ သမထနဲ့ ဝိပဿနာကိုတောင် မခွဲတတ်သူတွေပါ။ သမထဆိုတာ အာရုံကို အဓိကထားတယ်။ ဝိပဿနာက ကိလေသာမပေါ်ဖို့ အဓိကထားတယ်။

ဥပမာ– ထွက်သက်ဝင်သက်ကို မှတ်နေတယ်ဆိုပါတော့၊ ထွက်သက်ဝင်သက်ဆိုတာ ပညတ်အာရုံတစ်ခုပဲ။ ဒီအာရုံတစ်ခုတည်းမှာပဲ စိတ်စိုက်ပြီး ရှုနေရတယ်။ စိတ်ကို တခြား ဘယ်ကိုမှ မသွားစေရဘူးဆိုရင် အဲဒါ သမထပဲ။ ဝိပဿနာက ဒီလိုမဟုတ်ဘူး၊ ထွက်သက်ဝင်သက်ဆိုတဲ့ နာမပညတ်၊ နှာခေါင်းနှာသီးဝဆိုတဲ့ သဏ္ဍာနပညတ်တွေကို အဓိက မထားဘူး။

ထိတဲ့သဘော သို့မဟုတ် တွန်းကန်လှုပ်ရှားတဲ့ သဘောလေးကိုပဲ သိပေးနေတယ်။ ရှူချင်ရှိုက်ချင်တဲ့စိတ်ကြောင့် ရှူတဲ့ရှိုက်တဲ့သဘော ဖြစ်တယ်။ ရှူချင်စိတ်ရှိုက်ချင် စိတ်ဟာ ဖြစ်ပြီးပျက်သွားသလို ရှူတဲ့ရှိုက်တဲ့ ဝါယောဓါတ်ဟာလည်း ပျက်သွားတယ်။ ပြီးတော့ အသစ်ပြန်ဖြစ်တယ်။ ဒီသဘောထိ သိတယ်။

တစ်ခါရှူစိတ်က ရှူတာရှိုက်တာဆီ မရှိတော့ဘဲ အိမ်

အကြောင်းတွေးတယ်ဆိုရင် ရှုစိတ်က အိမ်အကြောင်း တွေး နေပြီဆိုပြီး နောက်ကနေ လိုက်သိပေးတယ်။ ဆိုလိုတာက တော့ ဘာအာရုံလာလာ ဝိပဿနာသမားက ရှုတတ်တယ်။ သမထသမားကတော့ ထွက်လေဝင်လေပဲ၊ ကျန်တာ ဘာမှကို မသိရဘူး။ ဒါကြောင့် သမထက ဉာဏ်သေ။ ဝိပဿနာက ဉာဏ်ရှင်လို့ ပြောတာပေါ့။

သမထက ဉာဏ်သေဖြစ်ပြီး၊ ဝိပဿနာက ဉာဏ်ရှင်ဖြစ်ပုံ ထင်ရှားအောင် နမ္မားဆရာတော်ကြီးရဲ့ 'တရားစစ်တမ်းဆွေး နွေးခန်း' စာအုပ်ထဲက စိတ္တဝိသုဒ္ဓိစစ်တမ်းကို ဖတ်ပြမယ်။ သေချာနားထောင်။ ဝိပဿနာယောဂီတိုင်း အရေးတကြီး သိထားသင့်လို့ဖတ်ပြတာ။

သန်း။ ။နားထောင်ပါ့မယ် ဘုရား။

## စိတ္တဝိသုဒ္ဓိစစ်တမ်း

မောင်စိန်။ ပုထုဇဉ်၏ သီလဝိသုဒ္ဓိသည် စိတ်မချရ၊ အရိယာဖြစ်မှ သီလဝိသုဒ္ဓိအစစ်ဖြစ်တယ်ဆိုတာ သဘောတူပါပြီ ဘုရား။ အရိယာဖြစ်ဖို့ဆိုတာ တရားမြင်မှ ဖြစ်မယ်။ တရားဖြစ်ဖို့က လည်း စိတ္တဝိသုဒ္ဓိဖြစ်မှ မြင်မယ် မဟုတ်လား ဘုရား။

ဆရာ။ စိတ္တဝိသုဒ္ဓိဆိုတာ သမာဓိပဲ၊ သမာဓိဆိုတာ ဧကဂ္ဂတာ စေတသိက်ပေါ့၊ ယင်းဧကဂ္ဂတာစေတသိက်သည် သဗ္ဗစိတ္တ သာ ဓါရဏစေတသိက်ကွယ့်၊ ဘယ်စိတ်ဖြစ်ဖြစ် သူပါရ တယ်၊ သူ မပါမှာ ပူစရာမလိုဘူး။ ဖဲရိုက်ရင်လည်းပါတာပဲ၊

ကြက်တိုက်ရင်လည်း ပါတာပဲ၊ ငါးမျှားရင်လည်း ပါတာပဲ။

အကုသိုလ်မှာယှဉ်သော စေတနာ စေတသိက်ကို မိစ္ဆာသမာဓိ၊ ကုသိုလ်မှာယှဉ်သော စေတနာစေတသိက်ကို သမ္မာသမာဓိလို့ခေါ်တယ်၊ သို့သော်လည်း ဈာန်ကို အလိုရှိရင်တော့ သူ့ကို တခမ်းတနား ပြုလုပ်ရသကွယ့်။ ဈာန်သမာဓိလည်း သပ္ပုရိသနဲ့မတွေ့ရင် မဟာန်ပါဘူးကွယ့်။

မောင်စိန်။ ဘယ့်နှယ့် မဟာန်သလဲ ဘုရား၊ စိတ်ကြည်လင်မှ အမှန်ကို မြင်မယ် မဟုတ်လားဘုရား။

ဆရာ။ မဟာန်ပုံကိုပြောဦးမယ်ကွယ့်၊ ကမ္ဘာကြီးပျက်၍ အသစ်တစ်ဖန် ဖြစ်လာသောအခါ ပထမဈာန်ဘုံသို့ မဟာဗြဟ္မာမင်းကြီးသည် ရှေးဦးစွာရောက်နှင့်ရောတဲ့၊ ဒါနဲ့ သူတစ်ယောက်တည်းနေရတာပျင်းသလိုလို ဖြစ်တာပေါ့။ ဒီတော့ အခြားသော သတ္တဝါတွေ ဖြစ်ပေါ်လာပါမူကား ကောင်းမှာပဲဟု တမ်းတသတဲ့။

တမ်းတ၍ မကြာခင် ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ကြုံပြီး အထက်ဗြဟ္မာဘုံက သတ္တဝါတွေလည်း သက်တမ်းကုန်၍လည်းကောင်း၊ ကံကုန်၍လည်းကောင်း အကြောင်းနှစ်ပါးကြောင့် စုတိစိတ်ကျပြီး ပထမဈာန်ဘုံသို့ ရောက်ကြသတဲ့၊ ဒီတော့ မဟာဗြဟ္မာကြီးက အောက်မေ့သတဲ့၊ ဘယ်လို အောက်မေ့သလဲဆိုတော့-

ဩော် - ဒီသတ္တဝါတွေသည် ငါဖန်ဆင်း၍ ဖြစ်လာတာပဲဟု အောက်မေ့သတဲ့၊ အောက်မေ့သည့်အတိုင်းလည်း

နောက်နောက်ဗြဟ္မာတွေကို ပြောသတဲ့၊ ဒီလိုပြောတော့ ကမ္ဘာ့ထုံးစံမှာ တန်ခိုးကြီးသူပြောရာ တန်ခိုးငယ်သူတွေ ယုံကြရသည့်အတိုင်း နောက်နောက်ဗြဟ္မာတွေလည်း တန်ခိုးငယ်သူမို့ ယုံကြရတာပေါ့။

ဒီလိုယုံကြည်စွာနဲ့နေရင်း မဟာဗြဟ္မာကြီးမသေခင် နောက်ရောက်သော ဗြဟ္မာအငယ်က အရင်သေပြီး လူ့ပြည်သို့လာဖြစ်သတဲ့၊ လူဖြစ်လာတော့ ဗြဟ္မာ့ပြည်က လာသူမို့ ကာမဂုဏ်ကို ရွံမုန်းပြီး ရသေ့ရဟန်းပြုသတဲ့၊ ရသေ့ရဟန်းပြုရှုမကြာမီ ဈာန်အဘိညာဉ်တို့ကိုရပြီး တစ်ဘဝကိုမြင်သတဲ့။

ဒါနဲ့ ဘယ်ဘဝကလာတာလဲလို့ နောက်ဘဝကို ကြည့်ရာ ဗြဟ္မာ့ပြည်ကလာတာကို မြင်သတဲ့၊ ငါတို့၏ မဟာဗြဟ္မာကြီး ရှိသေးလားလို့ ကြည့်တော့ ရှိသေးတာမြင်သတဲ့၊ အဲဒီတော့ သူက ဘယ်လိုယူဆလိုက်သလဲဆိုတော့ အဖန်ဆင်းခံရတဲ့ ငါတို့သာ သေတာ တို့ကိုဖန်ဆင်းတဲ့ မဟာဗြဟ္မာကြီးကျတော့ မသေဘူးတဲ့။

အဲဒီအယူအဆအတိုင်း လျှောက်ဟောပြောရာကနေ မဂ်ဖိုလ်ကိုတားဆီးတဲ့ ဧကစ္စသဿတဒိဋ္ဌိဆိုတဲ့ အယူဝါဒကြီးဟာ လောကမှာ ပေါ်ထွန်းလာတာပဲ။ ဧကစ္စသဿတဒိဋ္ဌိဆိုတာ တချို့မြဲတယ်၊ တချို့ မမြဲဘူးဆိုတဲ့ အယူဝါဒမျိုးပါပဲ၊ ဒီအချက်ကိုကြည့်ပြီး ဈာန်၊ သမာဓိတွေရလည်း သူတော်ကောင်းနဲ့ မတွေ့ရင် မဟန်ဘူးလို့ ပြောခဲ့တာပါ။

**(မှတ်ချက်)** ဖန်ဆင်းရှင်ဝါဒကို လက်ခံသော ဘာသာအားလုံးသည် ကေစ္စသသသတဒိဋ္ဌိချည်း ဖြစ်သည်။ ဗုဒ္ဓ၏ အနတ္တဝါဒ တစ်ခုသည်သာလျှင် ဤကေစ္စသသသတဒိဋ္ဌိမှ လွတ်ကင်းသည်။ သမာဓိသာရှိပြီး ဝိပဿနာပညာ၊ မဂ်ပညာမရှိသူ၏ ဟောပြောမှုကို အကြောင်းပြု၍ ဖန်ဆင်းရှင်ဝါဒကို လက်ခံသော ဘာသာအမျိုးမျိုး ပေါ်ပေါက်လာခြင်းဟု မှတ်သားအပ်၏။

စိတ်ကြည်လင်ရင် သူ့ဟာသူ အမှန်ကို မြင်တယ်ဆိုလျှင် နေဝသညာနာသညာဗြဟ္မာ၏ သမာဓိလောက် ကြည်လင်တာ ဘယ်ပုဂ္ဂိုလ်မှာ ရှိသလဲ။ ဘယ်သူမှမရှိပါဘူး။ ဒီလောက် သမာဓိကောင်းသောဘုံတွေသည် သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်သောကြောင့် ရုပ်ပြစ်ရှစ်ပါးထဲသို့ သွင်းထားရတယ် မဟုတ်လား။

ပြီးတော့ သောတာပန်မဖြစ်ဘဲ အထက်မဂ်ကိုလည်း မရကောင်းပါဘူး။ သောတာပန်တည်ဖို့ အင်္ဂါလေးပါးကို သံယုတ်ပါဠိတော်မှာ ဟောထားတာက–

သပ္ပုရိသသံသေဝ = သူတော်ကောင်းကိုမှီဝဲ
သဒ္ဓမ္မဿဝန = တရားကိုနာ
ယောနိသောမနသိကာရ = ရှိရှိသေသေဆင်ခြင်
ဓမ္မာနုဓမ္မပဋိပတ္တိ = ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို စွန့် တဲ့ကွဲ့။

ပုဂ္ဂလပညတ်မှာဟောတာက ပရတောဃောသ၊ သူတစ်ပါး

ထံတရားနာ။ ယောနိသောမနသိကာရ= ရှိရှိသေသေ ဆင်ခြင်။ အဲဒီလို တရားနာဖို့ချည်း ဟောတာကလားကွယ့်။

မောင်စိန်။ "နေယျပုဂ္ဂိုလ်ဆိုတာ တရားနာရုံနှင့် ဘယ်ရမလဲ။ အလုပ် လုပ်မှရမှာ မဟုတ်လား ဘုရား"

ဆရာ။ "အလုပ်ဆိုတာ တရားနာတာရယ်၊ နာပြီးလျှင် သဘော ပေါက်အောင် ဆင်ခြင်တာရယ်။ အဲဒါကို အလုပ်လို့ခေါ် တာကွယ့်။ ဒီ့ပြင်အလုပ်မရှိဘူး။ မြတ်စွာဘုရားက ပုဂ္ဂလ ပညတ်မှာ နေယျပုဂ္ဂိုလ်၏ အင်္ဂါကို ဟောခဲ့တယ်။

ဥဒ္ဒေသတော အကျဉ်းအားဖြင့် တရားကို နာရအောင် ဆောင်ရွက်။ ဒါမှမရလျှင်၊ ပရိပုစ္ဆတော၊ အကျယ်တဝင့် တရားနာ၊ ဒါမှမရသေးလျှင် ကလျာဏမိတ္တေ ပယိရုပါ သတော၊ သပ္ပုရိသကို အဖန်တလဲလဲ ဆည်းကပ်ပြီး မရှင်း လင်းသမျှ မေးမြန်း၍ ဆင်ခြင်နှလုံးသွင်းတဲ့။ အဲဒီလိုသာ ဟောခဲ့တာကွဲ့."

မောင်စိန်။ တရားဟာ ဝါဆိုလပြည့်နေ့တို့၊ သီတင်းကျွတ်လပြည့်နေ့ တို့မှာ မြန်မာတစ်ပြည်လုံး မနာသောသူ မရှိလောက်အောင် ပဲ တရားနာကြတယ်။ ဘယ်မှာ သောတာပန်တည်သလဲ ဘုရား။

ဆရာ။ အဲဒါက တရားနာသူ၏ ချွတ်ယွင်းမှု၊ တရားဟော သူ၏ ချွတ်ယွင်းမှုလို့ နှစ်ခုရှိတယ်။ တရားနာသူ၏ ချွတ်ယွင်းမှုကို ပြောဦးမယ်။ တရားနာသော်လည်း တရားရအောင်ရယ်လို့ မရည်ရွယ်ဘူး။ ထုံးစံရှိလို့ နာကြတယ်။ တချို့က အိပ်ငိုက်

ရင်းနာတယ်၊ တချို့က တောင်တွေးမြောက်တွေးနာတယ်။

တချို့က ဝတ္ထုကြောင်းနှင့် ရယ်စရာလောက်ကိုသာ အရေးစိုက်တယ်၊ တရားကို အရေးမစိုက်ဘူး။ အဲဒီလို ယောနိသောမနသိကာရ အင်္ဂါ၊ ဓမ္မာနု ဓမ္မပဋိပတ္တိအင်္ဂါ ပျက်ကြတာကြောင့် သောတာပန် မတည်ဘူး။ တရားဟော သူ၏ ချွတ်ယွင်းမှုကို ပြောဦးမယ်။ တချို့က သီချင်းနှင့် ရယ်စရာကို အသားလုပ် ဟောတယ်။

တချို့က ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာမျှ ကိုသာ ဟောတယ်။ တရားကို မဟောဘူး။ တချို့က စာကို တရားလုပ်၍ ဟောတယ်။ တချို့က လေးတန်း မအောင်သေးသူကို ဆယ်တန်းမေးခွန်းမေးသလို ဒိဋ္ဌိသေ အောင် အရင်မပြဘဲ အရဟတ္တမဂ်နှင့်သာ တန်သော တဏှာသတ်တရား ဟောတယ်။ နန်နှင့်မတား နားနှင့်မတန် တာကို ဟော၍ ယုတ်တမ်း ရမ်းတုတ်နေကြတယ်။

အဲဒီလို တရားဟောပုဂ္ဂိုလ်ဘက်က သပ္ပုရိသအင်္ဂါ ပျက်နေကြသောကြောင့် သတ္တဝါတွေ သောတာပန် မတည်ဘူး။ မြတ်စွာဘုရားက–

**တယော မေ ဘိက္ခဝေ အပဟာယ ရာဂံ ပဟာတုံ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ အဘဗ္ဗော၊ ကတ မေ တယော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော**– လို့ဟောတော်မူတယ်။

အဓိပ္ပါယ်ကတော့ – သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ

ပရာမာသတို့ကို မပယ်သေးဘဲ၊ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်၍ မရဘူးတဲ့ကွယ့်။

မောင်စိန်။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟု သိက္ခာသုံးပါးကို မြတ်စွာဘုရား ဟောတယ်မဟုတ်လား ဘုရား။

ဆရာ။ ဟုတ်ပါတယ်ကွယ့်။ သို့သော်လည်း–

ပညာမပါသော သီလသည် မခိုင်မြဲတတ်

ပညာမပါသော သမာဓိသည် အမှန်ကို မမြင်နိုင်

သို့အတွက် ပညာပါသော သီလ၊ ပညာပါသော သမာဓိ ဖြစ်အောင်လို့ ပြောနေတာကွယ့်။

မောင်စိန်။ ဒီသမာဓိသည် ဘာကြောင့် အမှန်ကို မမြင်ရတာလဲဘုရား။

ဆရာ။ စ၍လုပ်ကတည်းက ပညတ်ကို အာရုံပြုပြီး ပွားများခဲ့တာကွယ့်။ ပရမတ်ကို အာရုံမပြုဘူး။ မျက်စိနှင့် ကသိုဏ်းဝန်းကို ကြည့်ပြီးပွားတော့–

မျက်စိကမြင်တာက ရူပါရုံ

နှုတ်ကဆိုတာက ပထဝီ

ကသိုဏ်းဝန်းမှာရှိတာက အဝိနိဗ္ဘောဂရုပ်(၈)ပါး

ဆိုတာရယ်၊ မြင်တာရယ်၊ ရှိတာရယ်။ ယင်းသုံးပါးသည် မတူညီကြဘူး။ တလွဲစီချည်းပဲ။ သို့သော်လည်း စိတ်သည် ကသိုဏ်းဝန်းမှတစ်ပါး အခြားကို မသွားသောကြောင့် ငြိမ်သက်တည်ကြည်တယ်။ ငြိမ်ပေမယ့် စိစစ်မှုမပါသောကြောင့် အမှန်ကို မမြင်တာကွယ့်။

မောင်စိန်။ ဒီလိုဆိုရင် ဘယ်တရားမှ အမှန်ကို မြင်ပါသလဲ ဘုရား။

ဆရာ။ ဝိပဿနာတရားမှ အမှန်ကို မြင်တယ်ကွယ့်။ ဝိပဿနာက တော့ တစ်ခုသောတရားကို အမှန်ပေါ်အောင် စိစစ်တယ်။

သမထက ဉာဏ်သေ

ဝိပဿနာက ဉာဏ်ရှင်

အဲဒီလိုခြားနားတယ်။ ဝိပဿနာစိစစ်ပုံကို ပြောဦးမယ်။ မြတ်စွာဘုရားသည် အာဠာရရသေ့၊ ဥဒကရသေ့တို့ထံမှာ ဈာန်အဘိညာဉ်ကို ရခဲ့တယ်။ အမှန်မမြင်၍ ဘုရား မဖြစ်ဘူး။ ယင်းနောက် ဥရုဝေဠတောမှာ ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်ကျင့်တယ်။ ဘုရားမဖြစ်ဘူး။

နောက်ဗောဓိပင်အောက်မှာ ထိုင်ပြီး ဆင်ခြင်တယ်။ ဘယ်လိုဆင်ခြင်သလဲဆိုတော့ သတ္တဝါတွေ ဘာကြောင့် သေကြရတာလဲ ဟု အကြောင်းကို ရှာတယ်။ စိစစ်တယ်။ ဒီတော့သြော်– ဇာတိရှိလို့ ဇရာ၊ မရဏ အိုရ၊ သေရတာ ပါလားလို့ ဇာတိပစ္စယာ ဇရာမရဏဆိုတဲ့ အကြောင်းအကျိုး တစ်စုံကို မြင်လာတယ်။

နောက် ဘာကြောင့် ဇာတိခေါ်ဖြစ်မှု ပေါ်လာရတာလဲလို့ ဇာတိ၏ အကြောင်းကိုရှာတယ်။ စိစစ်တယ်။ ဒီတော့ သြော်–မျိုးစေ့ရှိလို့ အပင်ပေါက်သလို ကုသိုလ်ကံ၊ အကု သိုလ်ကံ ဟူသော ကမ္မဘဝမျိုးစေ့ကြောင့် ဇာတိခေါ် အပင် ပေါက်မှု ဖြစ်တာပါလားလို့ ဘဝ ပစ္စယာ ဇာတိကို မြင် လာတယ်။

နောက် ဘာကြောင့်ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်တာ

လဲဟု အကြောင်းကို စိစစ်ပြန်တော့ အဝိဇ္ဇာက အမှန်တရား၊ သစ္စာလေးပါးကို ဖုံးကွယ်ထားသောကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟု အထင်မှားမှု ဒိဋ္ဌုပါဒါန်ဖြစ်၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ကို တောင့်တတဲ့ ကာမုပါဒါန်တွေဖြစ်။

ကာမုပါဒါန်ဖြစ်တော့ ယင်းကို အခြေခံပြီး ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်တာပဲ ဟု ဥပါဒါနပစ္စယာဘဝေါကို မြင်လာတယ်။ နောက် ဘာကြောင့် ဥပါဒါန်ဖြစ်တာလဲလို့ အကြောင်းကို ရှာပြန်တော့ မီးတောက်ကလေးကစပြီး မီးတောက်ကြီးဖြစ်ရတာလို တဏှာဆိုသော မီးကလေးကြောင့် ဥပါဒါန်ဆိုသော မီးတောက်ကြီးဖြစ်တာပဲ ဟု တဏှာပစ္စယာ ဥပါဒါန်ကို မြင်လာတယ်။

နောက် ဘာကြောင့် တဏှာဖြစ်တာလဲဟု အကြောင်းကို စိစစ်ပြန်တော့ အာရုံအရသာကို ခံစားမှုဝေဒနာကြောင့် ဖြစ်ရတာပါကလား ဟု ဝေဒနာပစ္စယာတဏှာကို မြင်ပြန်တယ်။ နောက်ဘာကြောင့် ဝေဒနာဖြစ်တာလဲ ဟု စိစစ်ပြန်တော့ အာရုံ၊ ဒွါရ၊ ဝိညာဏ်သုံးပါးတို့ ပေါင်းဆုံခြင်း ခေါ်သော ဖဿကြောင့်ဖြစ်တာပါလား ဟု ဖဿပစ္စယာ ဝေဒနာကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့် ဖဿဖြစ်တာလဲ ဟု အကြောင်းကို စိစစ်ပြန်တော့ စက္ခာယတနရှိလို့ ရူပါရုံနဲ့ တွေ့နိုင်တာ၊ တွေ့လို့သာ ဝိညာဏ်ပေါ်တာ၊ ပေါ်၍ ယင်းသုံးပါး ပေါင်းဆုံ

မိတာ ဟု သဠာယတန ပစ္စယာဖသေဿာကို မြင်တယ်။

တစ်ခါ ဘာကြောင့် သဠာယတန ဖြစ်ရတာလဲ ဟု အကြောင်းကို ရှာပြန်တော့ ပဋိသန္ဓေတည်စက ကလလ ရေကြည် အမြှုပ်သားတစ်ဟူသော ရုပ်နှင့် ယင်းရုပ်ကို မှီ၍ဖြစ်သော နာမ်တရား၊ ယင်းတရားနှစ်ပါးကို အကြောင်းခံပြီးတော့ (ရရ)ရက်ကြာသောအခါ ကာယာယတနစသော သဠာယတန ဖြစ်ရတာပဲ ဟု နာမရူပပစ္စယာ သဠာယတနံကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့်ရုပ်နာမ်ဖြစ်ရတာလဲ ဟု အကြောင်းကို ရှာပြန်တော့ ပဋိသန္ဓေစိတ်ကြောင့် ဖြစ်ရတာပဲဟု ဝိညာဏပစ္စယာ နာမရူပံကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်ရတာလဲ ဟုအကြောင်းကို စိစစ်ပြန်တော့ မျိုးစေ့ကြောင့် အပင်ပေါက်ရသလို ကုသိုလ်ကံ၊ အကုသိုလ်ကံ မျိုးစေ့ကြောင့် ဖြစ်ရတာပဲဟု သင်္ခါရပစ္စယာ ဝိညာဏံကို မြင်ပြန်တယ်။

ကုသိုလ်ကံ၊ အကုသိုလ်ကံသည် ဘာကြောင့် သင်္ခါရ ဖြစ်ရသလဲဟု စိစစ်ပြန်တော့ မျိုးစေ့တို့သည် ရေမြေနှစ်ပါးနှင့် မတွေ့လျှင် မပေါက်နိုင်ဘဲ တွေ့မှ ပေါက်နိုင်သလို အကုသိုလ်၊ ကုသိုလ်မျိုးစေ့တွေဟာလည်း–

အဝိဇ္ဇာ သစ္စာလေးပါး မသိမှု မြေ

တဏှာ၊ ဒိဋ္ဌိ ရေတို့၏ အထောက်အပံ့ကြောင့် ပဋိသန္ဓေ အပင်ကို ပေါက်စေနိုင်သော သင်္ခါရဖြစ်ရတာပါလား ဟု

အဝိဇ္ဇာပစ္စယာ သင်္ခါရာကို မြင်လာတယ်။ အဲဒီလို အမှန်ပေါ်လာအောင် စိစစ်လို့ အမှန်မြင်ပြီး ဘုရားဖြစ်ရတယ်ကွယ့်။ အဲဒီလို စိစစ်မှုရှိမှ ဝိပဿနာ၊ မစိစစ်လျှင် သမထ၊ ဒီလို ဝိပဿနာဖြင့် စိစစ်လိုက်တော့ အမှန်ကိုကာကွယ်တဲ့ အဝိဇ္ဇာ အညစ်အကြေးတွေ ပြောင်စင်ပြီး စိတ္တဝိသုဒ္ဓိအစစ်ဖြစ်ပေါ်လာတော့တာပေါ့ကွယ့်။

**စိတ္တဝိသုဒ္ဓိစစ်တမ်း ပြီး၏**

နုပ်။ ။ နောက်အပတ်မှ တရားထိုင်လို့ စိတ္တဖြစ်ရခြင်းအကြောင်း သုံးသပ်ချက်နဲ့ ဥဒ္ဓစ္စ၊ အနောတ္တပ္ပ၊ အဟိရိက ကိလေသာတွေအကြောင်း ဆက်ကြတာပေါ့။

## ဥပရိပဏ္ဏာသပါဠိတော်
## ပိဏ္ဍပါတပါရိသုဒ္ဓိသုတ်
## ဆွမ်းစင်ကြယ်ရေးကို ဟောကြားခြင်း

ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာသီတင်းသုံးစဉ် အရှင်သာရိပုတ္တရာသည် ညနေချမ်းအချိန်တွင် တစ်ပါးတည်း ကိန်းအောင်းရာမှထ၍ ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက– သာရိပုတ္တရာ သင်၏ ဣန္ဒြေတို့ကား လွန်စွာကြည်လင်လှပေ၏။ သင်သည် အဘယ်သို့သောနေခြင်းဖြင့် များစွာနေဘိသနည်း– ဟု မေးမြန်းတော်မူရာ ကိလေသာကင်းဆိတ်သော သုညတဝိဟာရဖြင့် များစွာနေပါကြောင်း အရှင်သာရိပုတ္တရာက ဖြေကြားသည်။ ယင်းသို့

ဖြေကြားသောအခါ ဗုဒ္ဓမြတ်စွာက အရှင်သာရိပုတ္တရာအား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

## ယောကျ်ားမြတ်တို့၏နေခြင်း

သာရိပုတ္တရာ–ကောင်းလှပေ၏။ သင်ကား ယောကျ်ားမြတ်တို့၏ နေခြင်းဖြင့် များစွာနေဘိ၏။ သာရိပုတ္တရာ ကိလေသာ ကင်းဆိတ်သောနေခြင်းသည် ယောကျ်ားမြတ်တို့၏ နေခြင်း ဖြစ်၏။ သာရိပုတ္တရာ – ဤသာသနာတော်၌ သုညတဝိဟာရဖြင့် များစွာနေလိုသော ရဟန်းသည် ငါ့အား ဆွမ်းခံဝင်ရာလမ်း၌ လည်းကောင်း။

ဆွမ်းခံလှည့်လည်ရာ အရပ်၌လည်းကောင်း၊ ဆွမ်းခံရွာမှ ပြန်လာရာလမ်း၌လည်းကောင်း အာရုံခြောက်ပါးတို့ အပေါ်ဝယ် လိုချင်တပ်မက်ခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ တွေဝေမိန်းမောခြင်း၊ စိတ်ထိခိုက်ခြင်းများ ဖြစ်ပေါ်မှု ရှိခဲ့ပါသလောဟူ၍ ဆင်ခြင်သုံးသပ်ရမည်။

ယင်းသို့ ဆင်ခြင်၍ ထိုတရားများ ဖြစ်ပေါ်မှုရှိခဲ့ကြောင်း သိမြင်ခဲ့သော် ထိုအကုသိုလ် တရားဆိုးများကို ပယ်ရှားနိုင်ရန် ကြိုးစားအားထုတ်ရမည်။ ထိုအကုသိုလ်တရားဆိုးများ ဖြစ်ပေါ်မှုမရှိခဲ့ကြောင်း သိမြင်ခဲ့သော် ထိုနှစ်သက်ဝမ်းမြောက်မှုဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဥ့်မပြတ် ကျင့်ကြံအားထုတ်၍ နေရမည်။

# ဆင်ခြင်အပ်သောတရားများ

သာရိပုတ္တရာ ထိုမှတစ်ပါးလည်း ရဟန်းသည် ကာမဂုဏ်ငါးပါးတို့ကိုလည်းကောင်း၊ နီဝရဏငါးပါးတို့ကို လည်းကောင်း ပယ်ပြီးဖြစ်သည်၊ မဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည်။ ယင်းသို့ ဆင်ခြင်သုံးသပ်၍ ထိုတရားများကို မပယ်ရသေးကြောင်း သိမြင်ခဲ့သော် ထိုတရားများကို ပယ်ရှားနိုင်ရန် ကြိုးစားအားထုတ်ရမည်။ ထိုတရားများကို ပယ်ပြီးဖြစ်ကြောင်း သိမြင်ခဲ့သော် ထိုနှစ်သက်ဝမ်း မြောက်မှုဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညမပြတ် ကျင့်ကြံအားထုတ်၍ နေရမည်။

သာရိပုတ္တရာ ထိုမှတစ်ပါးလည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးကို ပိုင်းခြား၍ သိပြီးဖြစ်သည်၊ မဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည်။ ယင်းသို့ ဆင်ခြင်၍ ပိုင်းခြားသိပြီး မဖြစ်သေးကြောင်း သိမြင်ခဲ့သော် ဥပါဒါနက္ခန္ဓာငါးပါးကို ပိုင်းခြား၍ သိနိုင်ရန် ကြိုးစားအားထုတ်ရမည်။ ပိုင်းခြားသိပြီးဖြစ်ကြောင်း သိမြင်ခဲ့သော် ထိုနှစ်သက်ဝမ်းမြောက်မှုဖြင့် သာလျှင် ကုသိုလ်တရားတို့၌ နေ့ညမပြတ် ကျင့်ကြံအားထုတ်၍ နေရမည်။

သာရိပုတ္တရာ ထိုမှတစ်ပါးလည်း ရဟန်းသည်–

သတိပဋ္ဌာန်လေးပါး

သမ္မပ္ပဓာန် လေးပါး

ဣဒ္ဓိပါဒ်လေးပါး

ဣန္ဒြေငါးပါး

ဗိုလ် ငါးပါး

ဗောဇ္ဈင်ခုနစ်ပါး

အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်နှင့် သမထဝိပဿနာတို့ကို ပွားများပြီးဖြစ်သည်၊ မဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည်။ ယင်းသို့ ဆင်ခြင်သုံးသပ်၍ ထိုတရားများကို ပွားများပြီး မဖြစ်သေးကြောင်း သိမြင်ခဲ့သော် ထိုတရားများကို ပွားများနိုင်ရန် ကြိုးစားအားထုတ်ရမည်။ ထိုတရားများကို ပွားများအား ထုတ်ပြီးဖြစ်ကြောင်း သိမြင်ခဲ့သော် ထိုနှစ်သက်ဝမ်း မြောက်မှု ဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညမပြတ် ကျင့်ကြံအား ထုတ်၍နေရမည်။

သာရိပုတ္တရာ – ထိုမှတစ်ပါးလည်း ရဟန်းသည် ဝိဇ္ဇာနှင့် ဝိမုတ္တိကို မျက်မှောက်ပြုပြီးဖြစ်သည်၊ မဖြစ်သည်ကို ဆင်ခြင် သုံးသပ်ရမည်။ ယင်းသို့ ဆင်ခြင်သုံးသပ်၍ ထိုတရားနှစ်ပါးကို မျက်မှောက်ပြုပြီး မဖြစ်သေးကြောင်း သိမြင်ခဲ့သော် ထိုတရား နှစ်ပါးကို မျက်မှောက်ပြုနိုင်ရန် ကြိုးစားအားထုတ်ရမည်။ ထိုတရားနှစ်ပါးကို မျက်မှောက်ပြုပြီးဖြစ်ကြောင်း သိမြင်ခဲ့သော် ဝမ်းမြောက်မှုဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ညမပြတ် ကျင့်ကြံအားထုတ်၍ နေရမည်။

သာရိပုတ္တရာ ရှေးအတိတ်ကာလ၌ဖြစ်စေ၊ နောင်အနာဂတ် ကာလ၌ဖြစ်စေ၊ ယခုပစ္စုပ္ပန်ကာလ၌ဖြစ်စေ ဆွမ်းကို စင်ကြယ် အောင် သုတ်သင်သော ရဟန်းပုဏ္ဏားဟူသမျှတို့သည် ဤသို့ ဆင်ခြင်၍သာလျှင် ဆွမ်းကို စင်ကြယ်အောင် သုတ်သင်ကြ

ပေကုန်၏။ သာရိပုတ္တရာ ထို့ကြောင့် သင်တို့သည် ဆင်ခြင်သုံး သပ်၍ ဆွမ်းကိုသုံးဆောင်ကုန်အံ့ ဟု လေ့ကျင့်အားထုတ်ကြ ရမည်။

## အခန်း(၅၆)
## စိတ္တဇဖြစ်ရခြင်း၏ အစိကအကြောင်း

သန်း။ ။တရားထိုင်လို့ စိတ္တဇဖြစ်ရခြင်းအကြောင်း သုံးသပ်ချက်ကို အမိန့်ရှိပါဦး ဘုရား။

နုပ်။ ။ အမှန်ကတော့ မတရားထိုင်လို့ စိတ္တဇဖြစ်ရတာ – ဒီအချက်ကို သုတ်သီလက္ခန် အဋ္ဌကထာ ဖွင့်ဆိုချက်ကိုပြမယ်။ ပါဠိလိုချင်ရင်တော့ အဲဒီစာအုပ်မှာပဲ သွားယူတော့၊ မြန်မာလိုပဲ ပြလိုက်မယ်။ ဖွင့်ထားပုံက –

ထိုကျင်ကြီးကျင်ငယ်စွန့်မှုကို ပြုခြင်း၌ ကျင့်ကြီးကျင်ငယ်ရင့်ကျက်ရာအခါ သို့မဟုတ် ကျင်ကြီးကျင်ငယ်စွန့်သင့်ရာအခါသို့ရောက်သော် ကျင်ကြီးကျင်ငယ် မစွန့်သင့်သောယောဂီ၏ တစ်ကိုယ်လုံးမှ ချွေးထွက်ကုန်၏။ မျက်စိတို့ ချာချာလည်ကုန်၏။ စိတ်တည်ကြည်မှုသမာဓိ မရနိုင်တော့။ သည့်သာမက ချွေးထွက်ခြင်း၊ မျက်စိလည် ခြင်း၊ သမာဓိမရခြင်းမှ တစ်ပါးကုန်သော နားတံကျင်နာ၊ ဂရင်ဂျီနာ၊ ရှူသွပ်နာစသော ရောဂါတို့ ဖြစ်တတ်ကုန်၏။ ကျင့်ကြီးကျင်ငယ် စွန့်သင့်ချိန်၌ စွန့်သောယောဂီအား ယင်းဆိုခဲ့ပြီးရောဂါများ မဖြစ်နိုင်–တဲ့။

ဒီအချက်နဲ့ ပတ်သက်ပြီး ဓမ္မဒူတအရှင်ပညာဇောတ

ဆရာတော်ဘုရားကြီးက ဘာ၀နာ၀တ္ထုကျမ်း ၁၄၁မှာ အခုလို သတိပေးရေးသားခဲ့တယ်။

တရားအားထုတ်ရင်း ရှုံးသွားတတ်သည်မှာ အချို့က တရားအားထုတ်ရာ၌ အထိုင်ကြာကြာထိုင်မှုကို ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ကြ၏။ ဘယ်လောက်ကြာကြာ ထိုင်နိုင်သလဲ၊ စသည်ဖြင့် အပြိုင်အဆိုင် ပြုလုပ်တတ်ကြ၏။ သို့ဖြစ်၍ သမာဓိမရသေးမီ အားထုတ်ခါစယောဂီသည် ၀န်နှင့်အား လေးနှင့်မြားပမာ မနိုင့်တနိုင်နှင့် အောင့်ကာ၊ အင့်ကာ ဂုဏ်တုဂုဏ်ပြိုင် အတင်းထိုင်၍ အားထုတ်သော် ကျင်ကြီးကျင်ငယ်စွန့်မှုကို ချုပ်တည်းထားရသည့် ဒုက္ခမှစ၍ ဒုက္ခအဖုံဖုံစုပုံလျက် ကျရောက်လာကာ နောက်ဆုံးတွင် တရားထိုင်၍ ရှုံးရသည်ဟူသော အဖြစ်မျိုးသို့ ရောက်ရပေတော့၏။ စင်စစ်မှာ တရားထိုင်၍ ရှုံးရသည်မဟုတ်ပါ၊ မတရားထိုင်၍ ရှုံးရသည်ဟု အတိအကျမှတ်ပါ ...တဲ့။

သန်း။ ။တချို့ ၂၄–နာရီထိုင်သော်လည်း ပင်ပန်းနွမ်းနယ်မှု မရှိတဲ့ ယောဂီအချို့ကို တွေ့ဖူးတယ် ဘုရား။ ဒီယောဂီမျိုးကျတော့ အတ္တကိလမထလို့ ယူဆလို့ရပါ့မလား ဘုရား။

နုပ်။ ။ ဘယ်ယူဆလို့ရပါ့မလဲ၊ ကာမသုခလ္လိကာနုယောဂအစွန်းဆိုတာ လောဘဖြစ်နေတာကို ပြောတာ၊ အတ္တကိလမထ အစွန်းဆိုတာ ဒေါသဖြစ်နေတာကို ပြောတာ၊ မထိုင်နိုင်ဘဲနဲ့ သူများကိုကြောက်လို့ ဖွတ်ညှစ်ထိုင်တာမျိုးကျတော့ ဒေါသဖြစ်နေတော့ အတ္တကိလမထဖြစ်တာပေါ့။

ဒီလိုထိုင်နေရလို့ ကိလေသာတွေ ကင်းစင်ပြီး ငြိမ်သက်အေးချမ်းနေတယ်ဆိုရင်တော့ ကြိုက်သလောက် ထိုင်လို့ရတယ်။ နိရောဓသမာပတ်ဝင်စားတဲ့ ရဟန္တာအရှင်မြတ်များဆိုရင် (၇)ရက်၊ (၁၆၈)နာရီတောင် ထိုင်နေကြတာပဲ။ ဘာမှမဖြစ်ဘူး။

ဒီအချက်ကိုထောက်ပြီး အားထုတ်ခါစယောဂီများကို ဘယ်၍ဘယ်မျှ ကြာအောင်ထိုင်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ကြီးကို မထားရဘူး။ ယောဂီနိုင်သလောက်ပဲ ထိုင်ခိုင်းသင့်တယ်။ သမာဓိအားကောင်းလာလို့ သူ့သဘောနဲ့သူ ထိုင်တာကျတော့ သူ့စိတ်ကြိုက်ပေါ့။

သန်း။ ။အဲသလောက်ဆိုရင် ရှင်းပါပြီ ဘုရား။ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ကိလေသာများအကြောင်းကို ဆက်ပါဦး ဘုရား။

နုပ်။ ။ ဥဒ္ဓစ္စဆိုတာ စိတ်ပျံ့လွင့်တာကို ပြောတာပဲ၊ ယောဂီများတရားထိုင်တဲ့အခါ ဆရာက – ဝင်တိုင်းထွက်တိုင်း ထိတဲ့သဘောလေး သိနေပါလို့ ပြောထားတယ်။ ဒါပေမဲ့ ရှုပွားတဲ့တပည့်က ထိတဲ့သဘောမသိဘဲ၊ ဟိုဟာတွေမြင် ဟိုဘိုးတော်ပြောတဲ့ အသံတွေနားထောင်၊ ဘုရားတွေ လျှောက်ဖူးလုပ်နေတယ်ဆိုတာ သမာဓိမရှိဘဲ စိတ်ပျံ့လွင့်နေတာပဲ။

သန်း။ ။ဟာ– ဒါဆိုရင် တပည့်တော်တို့ ယူဆထားတာနဲ့ဆိုရင် ပြောင်းပြန်ဖြစ်နေပြီ။

နုပ်။ ။ မင်းတို့က ဘယ်လိုယူဆထားလို့လဲ။ အဲဒါသမာဓိပျက်နေတာ၊

သန်း။ ။အဲဒီလို ဘုရားတွေဖူးရ၊ ဘိုးတော်တွေနဲ့ တွေ့ရမှ သမာဓိတက်

နေတယ်လို့ ထင်ကြတာဘုရား။

နုပ်။ ။ ဘယ်ဟုတ်ရမှာလဲ၊ အဲဒါ သမာဓိ ပျက်နေတာ၊ထိတဲ့သဘော ပရမတ်ကိုသိရမယ့်ဟာ ပညတ်တွေ သွားသိတယ်ဆိုကတည်း က ကိုယ်သိရမယ့်အရာကို မသိဘဲ ကိုယ်မသိရမယ့်အရာကို သွားသိနေတာဟာ စိတ်ပျံ့လွင့်တဲ့ ဥဒ္ဓစ္စ ဖြစ်နေတာပဲ။

သန်း။ ။ဘုရားပုံမြင်ရတယ်ဆိုတော့ ကုသိုလ်မဖြစ်ဘူးလား ဘုရား။

နုပ်။ ။ ကုသိုလ်ဖြစ်တယ်ထားဦး–ဒီကုသိုလ်ဟာ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်ကို ဘယ်မီမလဲကွ။ ဆန်တစ်အိတ်ထွက်ပြီးမှ ဖွဲတစ်အိတ်ပြန်ဝင်တာမျိုးပါ။ ကိုယ်ရှုံးပါတယ်။ စကတည်းက ဂုဏ်တော်ပွားတာ မဟုတ်ဘဲ။ ဝိပဿနာ ရှုပွားရင်း စိတ်လွတ် ပြီး ထင်ချင်ရာထင်လာတာ ဖြစ်တဲ့အတွက် ဗုဒ္ဓါနုဿတိ ဘာဝနာစစ်စစ်လည်း မဖြစ်နိုင်ပါဘူး။

ဒါကြောင့် ရလာမယ့်ကုသိုလ်ဟာ သာမန်စာမဖွဲ့လောက် တဲ့ ကုသိုလ်ပါ။ ပြီးတော့ ဘုရားဂုဏ်တော်ပွားတယ်ဆိုတာ– လူနတ်ဗြဟ္မာသတ္တဝါအားလုံးရဲ့ ပူဇော်အထူးကို ခံယူတော်မူ ထိုက်တဲ့ ဂုဏ်၊ ကိလေသာအားလုံး ကင်းစင်တော်မူတဲ့ ဂုဏ်၊ ဆိတ်ကွယ်ရာ၌ ဖြစ်သော်လည်း မကောင်းမှုကို ပြုတော်မမူတဲ့ အရဟံဂုဏ်တော်။

သစ္စာလေးပါးကို ဆရာမကူ– သယမ္ဘုဉာဏ်ဖြင့် ကိုယ် တော်တိုင် သိတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။

အသိဉာဏ်လို့ခေါ်တဲ့ ဝိဇ္ဇာ၊ အကျင့်လို့ခေါ်တဲ့ စရဏ နှစ်ပါးနဲ့ ပြည့်စုံတဲ့ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်။

ရှေးဘုရားရှင်တို့ကဲ့သို့ လာခြင်းကောင်းတော်မူတဲ့ သုဂတ ဂုဏ်၊ တစ်နည်း– ကာမသုခလ္လိကာနုယောဂအစွန်း+ အတ္တ ကိလမထနုယောဂအစွန်းဟု ဆိုအပ်သော အစွန်းနှစ်ပါး၏ အလယ်မှ ကြွသွားတော်မူတတ်သော သုဂတဂုဏ်တော်၊ တစ် နည်း သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟု ဆိုအပ်သော ဒိဋ္ဌိနှစ်ပါး၏ အလယ်မှ ကြွသွားတော်မူတတ်သော သုဂတဂုဏ်တော်။ (သုကတ၊ သု+အာဂတ၊ သု–ကောင်းမွန်စွာ၊ အာဂတ–ကြွ လာခဲ့သည်)

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟု ဆိုအပ်သော လောကသုံးပါးကို သိမြင်တော်မူသော လောက ဝိဒူဂုဏ်တော်။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးအရာတွင် အမြတ် ဆုံးဖြစ်တော်မူသည့် အနုတ္တရဂုဏ်တော်။

ရိုင်းပြသော အာဠာဝကစသော သူတို့အား ယဉ်ကျေး သိမ်မွေ့အောင် ဆုံးမတော်မူတတ်သည့် ပုရိသဒမ္မသာရထိ ဂုဏ်တော်။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတရားတို့မှ ကင်းဝေးရာ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သောကြောင့် သတ္ထာဒေဝ မနုဿာနဂုဏ်တော်– တစ်နည်း လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ အားလုံးတို့၏ ဆရာဖြစ်တော်မူသောကြောင့် သတ္ထာဒေဝ မနုဿာနဂုဏ်တော်။

သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်

သော ဥေယျမိတရားငါးပါး၊ သစ္စာလေးပါးတို့ကို ကုန်စင်အောင် သိမြင်တော်မူသော ဗုဒ္ဓဂုဏ်တော်၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ ဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသည့် ဘဂဝါဂုဏ်တော်။

ဒီဂုဏ်တော်တွေကို သေချာသိပြီး စိတ်ထဲက ရွတ်ဆိုနေတာကိုပဲ ဂုဏ်တော်ပွားတယ်လို့ ခေါ်တာပါ။ နာမည်ကိုက ဂုဏ်တော်ပွားတာတဲ့၊ ပုံတော်ပွားတာ မဟုတ်ဘူး။ ဒါ့ကြောင့် ဘုရားပုံကြီးဖြစ်နေဖို့ထက် ဒီဂုဏ်တော်တွေ သိနေဖို့က ပို အရေးကြီးတယ်လို့မှတ်ပါ။

သန်း။ ။ဒီဂုဏ်တော်တွေထဲက ဥေယျမိတရားငါးပါးဆိုတာကို အကျယ်သိချင်ပါတယ် ဘုရား။

နုပ်။ ။ ရှင်းပြရတာပေါ့။ ဒီငါးပါးထဲက သင်္ခါရဆိုတာ စိတ်၊ စေတသိက်၊ နိပ္ဖန္နရုပ် ၁၈–ပါးတို့ကိုပြောတာ၊ စိတ်နဲ့ ပတ်သက်ရင် စိတ်သည် အကျဉ်းအားဖြင့် ၈၉–ပါး၊ အကျယ်အားဖြင့် ၁၂၁–ပါးရှိတယ်၊ ဒို့ထက်ပိုမရှိ။ တစ်ခါ ယင်းစိတ်တို့သည် အာရုံကြောင့် ဖြစ်ကြရသည့် အာရုံနှင့်ကင်း၍ မဖြစ်နိုင်။

ထိုစိတ်၏ အသက်ရှည်ရာကာလသည် ဥပါဒ်၊ ဌီ၊ ဘင် ဟူ၍ ခဏငယ်သုံးချက်သာဖြစ်သည်။ ထို့ထက်ပို၍ အသက်မရှည်။ အဲဒီလိုစိတ်နဲ့ ပတ်သက်သမျှ သိစရာအားလုံးကို ဘုရားရှင်ဟာ အကုန်သိမြင်တော်မူတယ်။

စေတသိက်သည် ၅၂–ပါးရှိသည်။ ထို့ထက်အပိုမရှိ၊ စေတသိက်သည် စိတ်နှင့်အတူဖြစ်သည်။ စိတ်နှင့်အတူ

ချုပ်သည်၊ စိတ်ပြုသောအာရုံကို လိုက်ပြုသည်၊ စိတ်မှီသော ဝတ္ထုကို လိုက်မှီသည်။ စိတ်နှင့် ကင်း၍မဖြစ်နိုင်၊ စိတ်သည် ခဏငယ်သုံးချက်သာ အသက်ရှည်သကဲ့သို့ စေတသိက်သည်လည်း ခဏငယ်သုံးချက်သာ အသက်ရှည်တယ်၊ အဲဒီလို စေတသိက်နဲ့ ပတ်သက်သမျှ သိစရာအားလုံးကို ဘုရားရှင်ဟာ အကုန်သိမြင်တော်မူတယ်။

နိပ္ဖန္နရုပ်သည် ၁၈–ပါးရှိသည်။ ထိုရုပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးတို့ကြောင့် ဖြစ်ရသည်။ ယင်းလေးပါးတို့နှင့် ကင်း၍မဖြစ်နိုင်၊ ရုပ်တို့သည် စိတ်တို့ကဲ့သို့ အာရုံကို မယူနိုင်။ ယင်းရုပ်တို့၏ အသက်ရှည်ရာ ကာလသည် စိတ္တက္ခဏအားဖြင့် ၁၇–ချက်ရှိပြီး၊ ခဏငယ်အားဖြင့် ၅၁ ချက်ရှည်သည်။ ထို့ထက်ပို၍ မရှည်နိုင်ဟူ၍ ရုပ်နဲ့ပတ်သက်သမျှ သိစရာအားလုံးကို အကုန်အစင်သိ မြင်တော်မူတယ်။

ဝိကာရဆိုတာက–

| | |
|---|---|
| ရုပ်တရားတို့၏ ပေါ့ပါးခြင်း | လဟုတာ |
| ရုပ်တရားတို့၏ နူးညံ့ခြင်း | မုဒုတာ |
| ရုပ်တရားတို့၏အမှုဌခန့်ခြင်း။ သင့်လျော်ခြင်း | ကမ္မညတာ |
| ကိုယ်အမူအရာ | ကာယဝိညတ် |
| နှုတ်အမူအရာ | ဝစီဝိညတ် |

လို့ ငါးပါးရှိတယ်။ ဒီထက်ပိုမရှိလို့ သိစရာအားလုံးကို အကုန်အစင် သိမြင်တော်မူတာပါပဲ။

လက္ခဏဆိုတာက–

ရုပ်တရားတို့၏ အစဦးဆုံးစဖြစ်ခြင်း ဥပစယ
ထို့နောက် ဆက်စပ် အထပ်ထပ်ဖြစ်ခြင်း သန္တတိ
ရုပ်တရားတို့၏ ရင့်ရော်ဆွေးမြေ့ခြင်း ဇရတာ
ဆိုတာကို အကုန်အစင် သိမြင်တော်မူတာပါပဲ။

နိဗ္ဗာန်ဆိုတာ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခတို့ရဲ့ ချုပ်ငြိမ်းရာဆိုတာကို အကုန်အစင် သိမြင်တော်မူတာပါပဲ။ ပညတ် ဆိုသည်မှာ သဘာဝအားဖြင့်မရှိ–ပြောရရုံ၊ ခေါ်ရရုံမျှသာ ဖြစ်သည်လို့ အကုန်အစင်သိမြင်တော်မူတာပါပဲ။

သန်း။ ။ဘုန်းတော် ၆– ပါးရဲ့ မြန်မာလို အဓိပ္ပါယ်ကိုလည်း သိပါရစေ ဘုရား။

နုပ်။ ။ ဘုန်းတော် ၆– ပါးအနက်က–

ဣဿရိယဆိုတာ အားလုံးကို အစိုးတရဖြစ်တော်မူတာကို ပြောတာပဲ၊ ဓမ္မဆိုတာ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်ဆိုတဲ့ ဓမ္မနဲ့ပြည့်စုံတာကို ပြောတာပဲ။ ယသဆိုတာ အခြံအရံများတာကို ပြောတာပဲ။ ကာမဆိုတာ မိမိလိုအင်ဆန္ဒ အကုန်ပြည့်စုံခြင်းကို ပြောတာပဲ။ ပယတ္တ ဆိုတာ ဘာပဲလုပ်လုပ် ဖြစ်မြောက်အောင်မြင်အောင် စွမ်းဆောင်နိုင်ခြင်းကို ပြောတာပဲ။

သန်း။ ။တချို့က ဝိပဿနာတရား အားထုတ်နေစဉ်အချိန်မှာ ဂုဏ်တော်ပွားခြင်းစတဲ့ သမထအလုပ်တွေ မလုပ်သင့်ဘူးလို့ ပြောတာမှန်ပါသလား ဘုရား။

နုပ်။ ။ မမှန်ပါဘူး၊ ဝိပဿနာတရားဆိုတာ သာမန်ပုထုဇဉ်တွေ

မဆိုထားနဲ့ သောတာပန်၊ သကဒါဂါမိဖြစ်ပြီးသား အရိယာတွေ တောင် အမြဲတမ်းပွားနိုင်တာ မဟုတ်ပါဘူး။ တချို့က သောတာပန်၊ သကဒါဂါမိအရိယာတွေဆိုယင် အမြဲတမ်း ဝိပဿနာပွားနေတယ် ထင်ကြတာ၊ မဟုတ်ပါဘူး။

ဝိပဿနာချည်း မရပ်မနားပွားနေမယ်ဆိုရင် သောတာပန် တွေ ဘယ်အိမ်ထောင်ပြုပို့မလဲ၊ ပွားချိန်ပွား၊ လွတ်ချိန်လည်း လွတ်၊ ဒီလိုပဲ နေကြတာပါ။ ဂုဏ်တော်တို့၊ မေတ္တာတို့၊ အာနာပါနတို့ဆိုတာ ရဟန္တာဖြစ်ပြီးသား ပုဂ္ဂိုလ်ကြီးများတောင် ပွားများတော်မူကြတယ်။

မြတ်စွာဘုရား ဟောကြားပြသတော်မူခဲ့တဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာ ကုသိုလ်မှန်သမျှ ဦးတည်ချက်မှန်မှန်နဲ့ ကြိုးစားအားထုတ် ရင် ကိလေသာကုန်ရာ နိဗ္ဗာန်ရောက်ဖို့ အထောက်အပံ့ဖြစ် စေတာချည်းပါပဲ။

ဒီလို ကောင်းကျိုးများမှန်းသိလို့ ရှေးဆရာတော်ကြီး အဆက်ဆက်က သီလပေးတဲ့ အစီအစဉ်ထဲမှာ နမောတဿ ကို ထည့်ပေးခဲ့တာပါပဲ။ နမောတဿကို သုံးခေါက်ရွတ်ဆို တယ်ဆိုတာ ဗုဒ္ဓါနုဿတိဘာဝနာကို သီလယူရင်း ပွားများ လိုက်တာပါပဲ။

နမောတဿဟာ အမည်သုံးမျိုးရတဲ့ အကောင်းဆုံး၊ အကျဉ်းဆုံး အနှစ်သာရအပြည့်ဆုံး ဘုရားရှိခိုးကြီးပဲ။

သိကြားမင်းကိုယ်တိုင် ဘုရားရှင်ထံလာတိုင်း ဒီနမော

တဿနဲ့ ရှိခိုးလေ့ရှိလို့ သိကြားမင်းရဲ့ဘုရားရှိခိုးလို့ခေါ်တယ်။

နောက်တစ်ဖန် အရိယာဖြစ်ပြီးတဲ့ သူတော်ကောင်းကြီးတွေဟာ ဘုရားရှင်ကို သတိရတိုင်း ဘုရားရှင်ရှိရာ လက်အုပ်ချီပြီး ဒီနမောတဿနဲ့ပဲ ရှိခိုးလေ့ရှိလို့ အရိယာဘုရားရှိခိုးလည်း ခေါ်ပြန်တယ်။

နောက်တစ်ဖန် ဒီနမောတဿဘုရားရှိခိုးထဲမှာ ဗုဒ္ဓရဲ့ ဂုဏ်တော်ကိုးပါးထဲက အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ဘဂဝါဂုဏ်တော်ရယ်လို့ ဂုဏ်တော်သုံးပါးပါတဲ့ အတွက်ကြောင့် ဂုဏ်တော်သုံးပါး ဘုရားရှိခိုးလို့လည်း ခေါ်တယ်။

သန်း။ ။ကောင်းကျိုးများပုံတွေကို သိသာအောင် အမိန့်ရှိပါဦး ဘုရား။

နုပ်။ ။ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ရောမဆယ်ထပ်ကျောင်းကြီး ဆောက်လှူတဲ့ကုသိုလ်ထက်၊ နမောတဿ သုံးကြိမ်ရွတ်ဆိုတဲ့ ကုသိုလ်ကသာတယ်။ ပေတစ်ထောင်မြင့်တဲ့ စေတီအဆူတစ်ထောင်တည်တဲ့ ကုသိုလ်ထက် နမောတဿ သုံးကြိမ်ရွတ်ဆိုတဲ့ ကုသိုလ်ကသာတယ်။

သန်း။ ။ဘာဖြစ်လို့ ငွေကုန်ကြေးကျခံလှူတဲ့ ကုသိုလ်ထက်၊ ဘာမှ မကုန်တဲ့ နမောတဿရွတ်တဲ့ ကုသိုလ်ကသာရတာလဲ ဘုရား။

နုပ်။ ။ သဘာဝယုတ္တိနဲ့ ဖြေရမယ်ဆိုရင် ဒါနကုသိုလ်ထက်၊ သီလကုသိုလ်က သာတယ်၊ တစ်ဖန် အဲဒီသီလကုသိုလ်ထက် ဘာဝနာကုသိုလ်က သာတယ်၊ အနက်အဓိပ္ပါယ် သေချာ

သိပြီး နမောတဿကို စိတ်ထဲက ရွတ်ဆိုနေတယ်ဆိုတာ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများလိုက်ခြင်း ဖြစ်သွားတယ်။

ဒီအချက်နဲ့ ပတ်သက်ပြီး ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်၊ သီဟနာဒဝဂ်၊ ဝေလာမသုတ်မှာ အခုလို ဟောထားဖူးတယ်။ တစ်ခါတော့ ဘုရားအလောင်းဟာ ဝေလာမဆိုတဲ့ အမည်နဲ့ သာသနာပအခါမှာ လူဖြစ်ခဲ့ဖူးတယ်။ သာမန်ပုဂ္ဂိုလ်တွေ စိတ်တောင်မကူးရဲတဲ့ အလှူမျိုးကို လက်တွေ့လှူခဲ့တယ်။ ထမင်း၊ အဖျော်စတဲ့ အစားအသောက်တွေကို ရက်ပေါင်းများစွာ ထမင်းရည်ချောင်းစီးအောင် လှူခဲ့တယ်။ ပစ္စည်းဥစ္စာတွေ အနေနဲ့ဆိုရင် ရတနာပစ္စည်း အပြည့်ထည့်ထားတဲ့

| | |
|---|---|
| ရွှေခွက်ပေါင်း | ၈၄၀၀၀ |
| ငွေခွက်ပေါင်း | ၈၄၀၀၀ |
| ကြေးခွက်ပေါင်း | ၈၄၀၀၀ |
| နွားမပေါင်း | ၈၄၀၀၀ |
| နွားထီးပေါင်း | ၈၄၀၀၀ |
| သတို့သမီးကညာပေါင်း | ၈၄၀၀၀ |
| မြင်းရထားပေါင်း | ၈၄၀၀၀ |

စတာတွေကို လှူခဲ့တယ်။ ကုဋေပေါင်းများစွာလှူခဲ့တဲ့ အဲဒီ သာသနာပအလှူထက် သာသနာတွင်းမှာ သောတာပန်တစ် ပါးကို ဆွမ်းလှူတဲ့ကုသိုလ်က သာတယ်။

သောတာပန် အပါးတစ်ရာကို ဆွမ်းလှူတဲ့ကုသိုလ်ထက် သကဒါဂါမ် ၁–ပါး

သကဒါဂါမ်အပါးတစ်ရာကို ဆွမ်းလှူတဲ့ ကုသိုလ်ထက် အနာဂါမ် ၁–ပါး

အနာဂါမ် အပါးတစ်ရာကို ဆွမ်းလှူတဲ့ ကုသိုလ်ထက် ရဟန္တာ ၁–ပါး

ရဟန္တာ အပါးတစ်ရာကို ဆွမ်းလှူတဲ့ ကုသိုလ်ထက် ပစ္စေကဗုဒ္ဓါ ၁–ပါး

ပစ္စေကဗုဒ္ဓါ အပါးတစ်ရာကို ဆွမ်းလှူတဲ့ ကုသိုလ်ထက် သမ္မာသမ္ဗုဒ္ဓ ၁–ဆူ

သမ္မာသမ္ဗုဒ္ဓဘုရားရှင် အဆူတစ်ရာကို ဆွမ်းလှူတဲ့ ကုသိုလ်ထက် ဘုရားအမှူးရှိတဲ့ သံဃာတော်အားလုံးကို ရည်မှန်းပြီး လှူဒါန်းတဲ့ သံဃိကဆွမ်းအလှူက ပိုပြီး ကုသိုလ်ရတယ်။ ဆိုခဲ့ပြီးတဲ့ ဆွမ်းအလှူကုသိုလ်ထက် လေးတောင်ပတ်လည် တစ်ပါးနေသာရုံ သံဃိကကျောင်းတစ်ဆောင် ဆောက်လှူတဲ့ ကုသိုလ်က သာသွားပြန်တယ်။

သန်း။ ။ဆွမ်းအလှူအားလုံးထက် ကျောင်းအလှူက ပိုသာတယ်ဆိုတဲ့ သဘောလား ဘုရား။

နုပ်။ ။ အေး– ဟုတ်တယ်။ တစ်ခါ အဲဒီဒါနကုသိုလ်အားလုံးထက် သရဏဂုံတည်တဲ့ ကုသိုလ်ကသာတယ်။

တစ်ခါ သရဏဂုံတည်တဲ့ကုသိုလ်ထက် ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းတဲ့ ကုသိုလ်ကသာတယ်။

ငါးပါးသီလစောင့်တဲ့ ကုသိုလ်ထက် နွားတစ်ရှုခန့် အချိန်လေးလောက် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအားလုံး စိတ်

ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေလို့ မေတ္တာဘာဝနာပွားတဲ့ ကုသိုလ်က သာသွားပြန်သတဲ့။

အဲဒီလိုမေတ္တာပွားတဲ့ ကုသိုလ်ထက် ဝိပဿနာပွားများ အားထုတ်တဲ့ကုသိုလ်က သာပါသတဲ့။

သန်း။ ။သရဏဂုံတို့၊ သီလတို့၊ ဗုဒ္ဓါနုဿတိဘာဝနာတို့ကို ပွားများတဲ့ အတွက်ကြောင့် ဒါနထက် ကောင်းကျိုးပိုရပုံ သာဓကတွေကို သေချာသိချင်ပါတယ် ဘုရား။

နုပ်။ ။ ဒါဆိုလည်း ပြောပြရတာပေါ့။ အပါဒါန်ပါဠိတော်မှာ သရဏဂုံ ဆောက်တည်ရင်း ရဟန္တာဖြစ်သွားတဲ့ ကလေးတစ်ယောက်နဲ့ ငါးပါးသီလဆောက်တည်ရင်း ရဟန္တာဖြစ်သွားတဲ့ ကလေး တစ်ယောက်ရှိတယ်။ သူတို့အသက်ဟာ ငါးနှစ်ကနေ ခုနစ်နှစ် အရွယ်ထိလောက်ပဲ ရှိကြသေးတယ်။

သူတို့နှစ်ဦးဟာ လွန်ခဲ့သော ၉၁–ကမ္ဘာထက်က ပွင့် တော်မူခဲ့တဲ့ အနောမဒဿီ မြတ်စွာဘုရားလက်ထက်အခါ တုန်းက တစ်ဦးက မျက်မမြင်မိဘနှစ်ပါးကိုလုပ်ကျွေးတဲ့ သားလိမ္မာတစ်ယောက် ဖြစ်ခဲ့ပြီး ကျန်တစ်ဦးကတော့ ဆင်းရဲသားတစ်ယောက် ဖြစ်ခဲ့တယ်။

တစ်ယောက်က တစ်ဘဝလုံး သရဏဂုံသုံးပါး တည်မြဲခဲ့ ပြီး ကျန်တစ်ယောက်က တစ်ဘဝလုံး ငါးပါးသီလ လုံခြုံ အောင် စောင့်ထိန်းခဲ့တယ်၊ သရဏဂုံတည်တဲ့ လူငယ်လေး ရရှိတဲ့ ကောင်းကျိုးတွေက–

၉၁–ကမ္ဘာအပါယ်တံခါးပိတ်တယ်၊

အကြိမ် ၈၀–သိကြားမင်းဖြစ်တယ်၊
၇၅–ကြိမ် စကြဝတေးမင်းဖြစ်တယ်၊
ရိုးရိုးကေရာဇ်ဘုရင်အဖြစ် အကြိမ်များစွာဖြစ်တယ်။

အခုနောက်ဆုံးဘဝကျတော့ ဒီဘုရားရှင် သာသနာ ထွန်းကားတဲ့အချိန် သာဝတ္ထိပြည်မှာ သူဌေးသားသွားဖြစ်တယ်။ တစ်ရက်တော့ တခြားကလေးတွေနဲ့ အတူပြေးလွှားဆော့ကစားရင်း ရဟန္တာ မထေရ်ကြီးတစ်ပါး သီတင်းသုံးတဲ့ ကျောင်းဝိုင်းထဲကို ရောက်သွားကြတယ်။ ဒီအချိန်မှာ သူတို့အသက်တွေဟာ ငါးနှစ်မှ ခုနစ်နှစ်အရွယ်လေးတွေပေါ့။

မထေရ်မြတ်ကြီးက ကလေးတွေကိုတွေ့တာနဲ့ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီခိုင်းပြီး သရဏဂုံဆောက်တည်ပေးလိုက်တယ်။ ကလေးဆိုပေမယ့် သရဏဂုံ ခဏတည်လည်း ကောင်းကျိုးမနည်းဘူးဆိုတဲ့ စိတ်နဲ့ပေါ့။ သရဏဂုံလည်း ဆောက်တည်ပြီးရော လွန်ခဲ့တဲ့ ၉၁–ကမ္ဘာတုန်းက တစ်ဘဝတာ သရဏဂုံတည်ခဲ့တဲ့ သူငယ်လေးဟာ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီး ရဟန္တာဖြစ်သွားတယ်၊ နောက်တော့ ရဟန်းပြုလိုက်တာပေါ့။

သရဏဂုံဆောက်တည်တဲ့ အဆုံးမှာ ရဟန္တာဖြစ်ခဲ့တဲ့အတွက် သူ့ရဲ့ဘွဲ့အမည်ကို တိသရဏိယဂမနိယမထေရ် လို့ခေါ်တယ်။

သန်း။ ။အံ့သြစရာပါလားဆရာတော်၊ သရဏဂုံတည်ရတဲ့ကောင်းကျိုးဟာ ဒီလောက်ထိကြီးမားလိမ့်မယ်လို့ တပည့်တော် မထင်ခဲ့ရိုး အမှန်ပါဘုရား။

နုပ်။ ။ သရဏဂုံ တည်တဲ့ကောင်းကျိုးကို မသိတာကများပါတယ်။ ဒါကြောင့်လည်း ဆန်လေးတစ်အိတ်၊ ဆီလေး တစ်ပုံး၊ ထမင်းလေးတစ်နပ်နဲ့ ဗုဒ္ဓဘာသာကနေ ဘာသာခြားကို ပြောင်းသွားသူတွေ အများကြီးရှိနေတာပေါ့။

၂၀၀၇–ခုနှစ် သုံးလပိုင်းလောက်တုန်းက တွံတေးမြို့ပေါ်မှာ ညတရားပွဲ လေးညသွားဟောရတယ်။ တရားနာပရိသတ်အများဆုံးမြို့တွေထဲမှာ တွံတေးမြို့လည်း ပါသွားတယ်။

သန်း။ ။ဘယ်လောက်များလို့တုံး ဘုရား။

နုပ်။ ။ နှစ်သောင်းနီးပါးလောက်ရှိမယ်။ တရားဟောပြီး နေ့ခင်းဘက်ကျတော့ မိဘမဲ့ကလေးတွေကို ပြုစုစောင့်ရှောက်နေတဲ့ တွံတေးမြို့ပေါ်က ဓမ္မလင်္ကာရကျောင်းကို ရောက်သွားတယ်၊ ရောက်သွားရတဲ့ ရည်ရွယ်ချက်က မိဘမဲ့ကလေးတွေအတွက် ထောက်ပံ့လှူဒါန်းချင်လို့ပဲ၊ မိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းတွေဆိုရင် များများလှူပေးသင့်တယ်။

ဘာကြောင့်လဲဆိုတော့ အရင်က မိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းဆိုရင် ဘာသာခြားတွေပဲရှိတာ။ ဗုဒ္ဓဘာသာရဟန်းတွေနဲ့ သီလရှင်တွေက ဒီနှစ်ပိုင်းအတွင်းလောက်မှ အမြင်ကျယ်လာကြတာ။ ဗုဒ္ဓဘာသာ မိဘမဲ့ကလေးတွေ အများကြီးရှိတယ်။

အဲဒါကို ဗုဒ္ဓဘာသာချင်းပြန်ပြီး မစောင့်ရှောက်ကြဘူးဆိုရင် ဒီကလေးတွေအားလုံးဟာ ဘာသာခြားလေးတွေ ဖြစ်သွားကြမှာပဲ။ ဒါကြောင့် မိဘမဲ့ကလေးတွေကို ကိုယ်တိုင်ရင်

လည်း နိုင်သလောက် မွေးမြူစောင့်ရှောက်ပါ။ သို့မဟုတ် မွေးမြူစောင့်ရှောက်တဲ့ကျောင်းတို့၊ ဌာနတို့ကိုလည်း စွမ်းအား ရှိသမျှ ထောက်ပံ့လှူဒါန်းပါ။

မိဘမဲ့ကလေးတွေ စောင့်ရှောက်ရအောင် လှူဒါန်းခြင်း ဟာ ကလေးတွေရင်ထဲ သိက္ခာသုံးပါးတည်အောင် လုပ်ပေး ရာ ရောက်တဲ့အတွက်သာသနာပြုခြင်းအစစ်လို့ သိစေချင် ပါတယ်။ ဓမ္မလက်ာရကျောင်းကိုရောက်တော့ သတင်း ထူးတစ်ခု ကြားရတယ်။

သန်း။ ။ဘယ်လိုသတင်းထူးလဲ ဘုရား။

နုပ်။ ။ တွံတေးမြို့နယ်ထဲက တော်တော်လေးခေါင်တဲ့ ရွာတစ်ရွာ ရှိတယ်၊ ရွာနာမည်က အရှေ့အရိုးတောင်ရွာတဲ့၊ တစ်ရွာလုံး ဗုဒ္ဓဘာသာဝင်တွေပဲ၊ တစ်ရက်တော့ ဘာသာခြား သာသနာ ပြုအဖွဲ့တွေ အဲဒီရွာကိုဆင်းလာပြီး တစ်ရွာလုံး ထမင်းကျွေး တယ်။ ညကျတော့ နာမည်ကြီးအဆိုတော်တွေနဲ့ သီချင်းတွေ ဆိုပြီး ဖျော်ဖြေကြတယ်။

အဆိုတော်မိန်းကလေးတွေ သီချင်းဆိုပြီးတာနဲ့ ပရိသတ် ထဲကယောကျ်ားလေးတွေက အားလုံးတက်ပြီး မွှေးမွှေး ပေးနိုင်တယ်။ အရင်ဆုံးနမ်းနိုင်တဲ့သူကို ဆုတောင်ချလိုက် သေးသတဲ့၊ ဟာ– တစ်ရွာလုံးမှာရှိတဲ့ ယောကျ်ားလေးတွေ ဆိုရင် ထိန်းမနိုင် သိမ်းမရဖြစ်ကုန်တာပဲတဲ့။ အဲဒီပွဲကြီးလည်း ပြီးရော တစ်ရွာလုံး ဘာသာခြားတွေ ဖြစ်သွားကြတာပဲ။

သန်း။ ။အဲဒါဘယ်လိုသဘောလဲ ဆရာတော်။

နုပ်။ ။ ရှင်းရှင်းလေးပဲ၊ တို့ဗုဒ္ဓဘာသာလို ဓမ္မနဲ့ ဆွဲဆောင်နိုင်စွမ်း မရှိလို့ ကာမနဲ့ဆွဲဆောင်ကြတာပဲပေါ့။ အဲဒီသတင်းကိုလည်း ကြားရော ဓမ္မလင်္ကာရဆရာတော်လေးက ဆန်ခြောက်အိတ်နဲ့ ငွေခြောက်သိန်းယူပြီး အဲဒီရွာမှာ ထမင်းသွားကျွေးတယ်။ ပြီး တော့ တစ်အိမ်တက်ဆင်း ဗုဒ္ဓဘာသာတရားတွေ လိုက်ဟော လိုက်တာ အားလုံးဗုဒ္ဓဘာသာ ပြန်ဖြစ်သွားတယ်။ အဲဒါ သာသနာပြုတာ အစစ်ပဲကွ။

သန်း။ ။တကယ့်ကို ကြည်ညိုလေးစားစရာပါပဲ ဘုရား။

နုပ်။ ။ ဒါနဲ့ ငါကလည်း ပြောမိတယ်။ အရှင်ဘုရား ဒီလိုဖြစ်ရတာ တခြားကြောင့် မဟုတ်ဘူး။ ဗုဒ္ဓဘာသာဖြစ်ပြီး သရဏဂုံသုံးပါး ကိုးကွယ်ဆည်းကပ်ရခြင်းရဲ့ ကောင်းကျိုးတွေကို သေချာမသိ လို့ဖြစ်ရတာပဲ။ အဲဒီလိုနေရာတွေမှာ ဟောတတ်ပြောတတ် ဆရာတော်တွေနဲ့ ညတရားပွဲလုပ်ဖို့ ကောင်းတယ်လို့ ပြော လိုက်တော့ သူက–

"လုပ်ချင်တာပေါ့ ဘုရား။ ဒါပေမဲ့ ဒီလောက်ခေါင်တဲ့ နေရာ မျိုးမှာ ဘယ်နာမည်ကြီးဓမ္မကထိက,က လိုက်ဟောပေးမှာ တုန်း ဘုရား"တဲ့။

သန်း။ ။ဒီတော့ ဆရာတော်က ဘယ်လိုပြန်ဖြေလိုက်လဲ။

နုပ်။ ။ တခြား ဓမ္မကထိကတွေတော့ မသိဘူး၊ တပည့်တော်က ခေါင် တဲ့ နေရာမှာ ရွေးပြီးလိုက်ဟောတာ၊ အခုပဲအဲဒီရွာကို သွားကြ စို့ဆိုပြီး ဂျစ်ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ချက်ချင်း သွားကြ တယ်။ ညမှာ တွံတေးမြို့ပေါ်ဟောရမှာဆိုတော့ အဲဒီရွာမှာ

နေ့ပွဲပဲ  ဟောပေးရတာပေါ့။

တရားနာပရိသတ်ဆီက ဘာမှ မယူတဲ့အပြင် တရားနာပရိသတ် တစ်ဦးကိုငွေနှစ်ရာစီ လိုက်ပေးခိုင်းလိုက်တာ ရှစ်သောင်းကျော်လောက်  ကုန်သွားတယ်။  ငွေပမာဏကို တွက်ကြည့်တော့ တရားနာပရိသတ် လေးရာကျော်လောက် လာတယ်ဆိုတာ  သိရတာပေါ့။

အဲဒီရွာမှာ ဟောတဲ့တရားကိုသိချင်ရင် တို့ရေးတဲ့ 'အရှုံးမရှိသောဒဿန' ဆိုတဲ့စာအုပ်ကို ဖတ်ကြည့်ပေါ့။ အဲဒီ စာအုပ်ဟာ အစ္စလာမ်ဘာသာဝင်တစ်ယောက်နဲ့ ခရစ်ယာန်ဘာသာဝင်တစ်ယောက် ငါ့ဆီမှာ ဘာသာရေးအကြောင်း လာဆွေးနွေးရင်း ဗုဒ္ဓဘာသာဖြစ်သွားပုံ အကြောင်းတွေကို အသေးစိတ် ရေးထားတာ။

ဒီစာအုပ်ကိုဖတ်ပြီး  မြန်မာပြည်ကဘာသာခြားအတော်များများ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာကြတယ်။ ဒီစာအုပ်က ရတနာသုံးပါး ကိုးကွယ်ခြင်းအတွက် ဘေးကင်းပုံ၊ ကောင်းကျိုးရပုံတွေကို  လက်တွေ့ဖြစ်ရပ်တွေနဲ့ချည်း ရေးထားတာဆိုတော့ ဗုဒ္ဓဘာသာဝင်တွေသာမက ဘာသာခြားစာဖတ်သူတွေပါ စိတ်ဝင်စားတဲ့  စာအုပ်ဖြစ်သွားတာပေါ့။

အခုဆိုရင် ဘာသာခြားတွေက ပညတ်ချက်အသစ် တစ်ခု ထပ်ထုတ်တယ်တဲ့။  မေတ္တာရှင်(ရွှေပြည်သာ)ရေးတဲ့  'အရှုံးမရှိသောဒဿန'စာအုပ်ကို မဖတ်ရတဲ့။ အဲသလို စည်းကမ်းချက်ထုတ်ပြီး  တားလိုက်တာဟာ  သူတို့ဘာသာရေးခေါင်း

ဆောင်တွေရဲ့ အမှားပဲ။

သန်း။ ။ဘာဖြစ်လို့လဲ ဘုရား။

နုပ်။ ။ ဘာဖြစ်လို့လဲဆိုတော့ မသိလိုက် မသိဘာသာနေရင် ဘာသာခြားအနည်းငယ်သာ ဖတ်ဖြစ်ပြီး အနည်းငယ်ပဲ ဗုဒ္ဓဘာသာဖြစ်ကြမှာ။ အခုလိုမဖတ်ရလို့ ဥပဒေထုတ်လိုက်တော့ အရင်က ဂရုမစိုက်မိတဲ့သူတွေတောင် ဂရုစိုက်မိသွားပြီး ခိုးဖတ်ကြတော့ သူတို့လူတွေ တစ်ထောင်လောက် ဗုဒ္ဓဘာသာဖြစ်ရမယ့်ဟာ တစ်သောင်းလောက်ထိ ဗုဒ္ဓဘာသာဖြစ်ကုန်တာပေါ့။

မလုပ်ပါနဲ့လို့ တားတဲ့ဟာကိုမှ ပိုလုပ်ချင်တာဟာ လူ့ရဲ့ သဘာဝတစ်ခုပဲ။ ၂၀၀၇–ခုနှစ်၊ ငါးလပိုင်းလောက်တုန်းက မုံရွာမြို့မှာ ညတရားပွဲ သွားဟောတော့ ဒါယိကာမကြီး တစ်ယောက်က သတင်းထူးတစ်ခု လာလျှောက်တယ်။

သန်း။ ။ဘယ်လိုသတင်းထူးလဲ ဘုရား။

နုပ်။ ။ အရှင်ဇဝနရဲ့ တရားပွဲကို သွားမနာရဆိုပြီး ဘာသာခြားအိမ်တွေအားလုံးမှာ စာကပ်ထားသတဲ့။

သန်း။ ။ဘာဖြစ်လို့ တားတာလဲဘုရား။

နုပ်။ ။ တို့တရားကို နာမိရင် ဗုဒ္ဓဘာသာဖြစ်သွားမှာ စိုးလို့တဲ့။

သန်း။ ။ဖြစ်သွားတာ တော်တော်များလား ဘုရား။

နုပ်။ ။ တော်တော်များပြီလို့ ပြောရမှာပေါ့၊ ၂၀၀၅ခုနှစ်လောက်တုန်းက မြိတ်မြို့နယ်၊ ရွှေပေးတရားပွဲတုန်းက တို့ဟောတဲ့ ညတရားပွဲ ငါးညနာမိသွားပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သွားတဲ့ တပ်

ထိန်းတပ်က ခရစ်ယာန်ဘာသာဝင် တပ်ကြပ်ကြီးတစ်ယောက် အကြောင်းကို နောက်အပတ်ကြမှ ပြောရအောင်။

## ဥပရိပဏ္ဏာသပါဠိတော် မဟာသဠာယတနိကသုတ် အာယတန ခြောက်ပါးကို အကျယ်ဟောခြင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ကျယ်ပြန့်သော အာယတနခြောက်ပါး တရားကို ဟောကြားတော်မူသည်။

## ဟုတ်တိုင်းမှန်စွာ မသိသော်

ရဟန်းတို့စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ တို့ကိုလည်းကောင်း၊ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း၊

သောတပသာဒ၊ သဒ္ဒါရုံ၊ သောတဝိညာဏ်၊ သောတသမ္ဖဿတို့ကိုလည်းကောင်း၊ သောတသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း၊

ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဃာနဝိညာဏ်၊ ဃာနသမ္ဖဿ၊ ဃာနသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း၊

ဇိဝှါပသာဒ၊ ရသာရုံ၊ ဇိဝှါဝိညာဏ်၊ ဇိဝှါသမ္ဖဿ၊ ဇိဝှါသမ္ဖဿကြောင့်ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း၊

ကာယပသာဒ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ်၊ ကာယ သမ္ဖဿ၊ ကာယသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ တို့ကိုလည်းကောင်း၊

မနောဒွါရ၊ ဓမ္မာရုံ၊ မနောဝိညာဏ်၊ မနောသမ္ဖဿ၊ မနောသမ္ဖဿကြောင့်ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်း ကောင်း၊

ဟုတ်တိုင်းမှန်စွာ မသိမြင်သော် စက္ခုပသာဒတို့၌ ပြင်းစွာ တပ်နှစ်သက်၏။ ပြင်းစွာတပ်နှစ်သက်၍ သာယာဖွယ်ကို ရှုလေ့ရှိသော ပုဂ္ဂိုလ်အား နောင်အခါ၌ ဥပါဒါနက္ခန္ဓာငါးပါး တို့သည် တိုးပွားကုန်၏။ တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ် သော နှစ်သက်စွဲလမ်းခြင်းနှင့်တကွဖြစ်၍ ထိုထိုအာရုံ၌ လွန် စွာ နှစ်သက်သော တဏှာသည်လည်း တိုးပွား၏။

ထိုပုဂ္ဂိုလ်အား ကိုယ်၌ဖြစ်သော ပင်ပန်းခြင်း၊ ပူပန်ခြင်း၊ ပူလောင်ခြင်းတို့သည်လည်းကောင်း၊ စိတ်၌ဖြစ်သော ပင်ပန်း ခြင်း၊ ပူပန်ခြင်း၊ ပူလောင်ခြင်းတို့သည်လည်းကောင်း တိုးပွား ကုန်၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း နှစ်ပါးစုံကို ခံစားရ၏။

## ဟုတ်တိုင်းမှန်စွာ သိသော်

ရဟန်းတို့ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ တို့ကိုလည်းကောင်း စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း။

သောတပသာဒ၊ သဒ္ဒါရုံ၊ သောတဝိညာဏ်၊ သောတသမ္ဖဿတို့ကိုလည်းကောင်း၊ သောတသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း၊

ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဃာနဝိညာဏ်၊ ဃာနသမ္ဖဿ၊ ဃာနသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကို လည်းကောင်း၊

ဇိဝှါပသာဒ၊ ရသာရုံ၊ ဇိဝှါဝိညာဏ်၊ ဇိဝှါသမ္ဖဿ၊ ဇိဝှါသမ္ဖဿကြောင့်ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း၊

ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ်၊ ကာယသမ္ဖဿ၊ ကာယသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်းကောင်း၊

မနောဒွါရ၊ ဓမ္မာရုံ၊ မနောဝိညာဏ်၊ မနောသမ္ဖဿ၊ မနောသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတို့ကို လည်းကောင်း၊

ဟုတ်တိုင်းမှန်စွာ သိမြင်သော် စက္ခုပသာဒစသည်တို့၌ ပြင်းစွာတပ်မက် နှစ်သက်ခြင်းမဖြစ်၊ ပြင်းစွာတပ်မက် နှစ်သက်ခြင်း မဖြစ်ဘဲ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍နေသော ပုဂ္ဂိုလ်အား ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဆုတ်ယုတ်ကုန်၏။

တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်စွဲလမ်းခြင်းနှင့် တကွဖြစ်၍ ထိုထိုအာရုံ၌ လွန်စွာနှစ်သက်တတ်သော တဏှာသည်လည်း ပျောက်ကင်း၏။ ထိုပုဂ္ဂိုလ်အား ကိုယ်၌ ဖြစ်သော ပင်ပန်းခြင်း၊ ပူပန်ခြင်း၊ ပူလောင်ခြင်းတို့သည်

လည်းကောင်း ကင်းပျောက်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်း နှစ်ပါးလုံးကို ခံစားရ၏။

## အရိယာမဂ်ပြည့်စုံခြင်း

ရဟန်းတို့ ထိုသို့သောအခြင်းအရာအားဖြင့် ဖြစ်သောပုဂ္ဂိုလ်၏ ဉာဏ်အမြင်၊ အကြံအစည်၊ အားထုတ်ခြင်း၊ အောက်မေ့ခြင်း၊ တည်ကြည်ခြင်းတို့သည် မှန်သောအမြင်၊ မှန်သောကြံစည်ခြင်း၊ မှန်သော အားထုတ်ခြင်း၊ မှန်သော အောက်မေ့ခြင်း၊ မှန်သော တည်ကြည်ခြင်းတို့သာဖြစ်၏။

ထိုပုဂ္ဂိုလ်၏ ကာယကံ၊ ဝစီကံနှင့် အသက်မွေးမှုတို့ကားရှေးမဆွပင် စင်ကြယ်ပြီးဖြစ်၏။ ဤသို့လျှင် ထိုပုဂ္ဂိုလ်အားအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်သည် ပွားများမှုပြည့်စုံခြင်းသို့ရောက်၏။

ဤသို့အရိယာမဂ်ကို ပွားများသောပုဂ္ဂိုလ်အား သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ပွားများမှုပြည့်စုံခြင်းသို့ရောက်၏။ ထိုပုဂ္ဂိုလ်အား သမထဝိပဿနာဟူသော တရားနှစ်ပါးတို့သည် စုံတွဲ၍ဖြစ်ကုန်၏။

ထိုပုဂ္ဂိုလ်သည် ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိထိုက်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍သိ၏။ ထူးသောဉာဏ်ဖြင့် ပယ်ထိုက်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် ပယ်၏။ ထူးသော ဉာဏ်ဖြင့် ပွားများထိုက်သော

တရားတို့ကို ထူးသောဉာဏ်ဖြင့် ပွားများ၏။ ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုထိုက်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏။

ရဟန်းတို့–

ထူးသောဉာဏ်ဖြင့် ပိုင်းခြားသိထိုက်သောတရားဟူသည် ဥပါဒါနက္ခန္ဓာငါးပါးဖြစ်၏။

ထူးသောဉာဏ်ဖြင့် ပယ်ထိုက်သော တရားဟူသည် အဝိဇ္ဇာနှင့် ဘဝတဏှာတို့ဖြစ်၏။

ထူးသောဉာဏ်ဖြင့် ပွားများထိုက်သော တရားဟူသည် သမထနှင့် ဝိပဿနာတို့ဖြစ်၏။

ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုသော တရားဟူ သည် ဝိဇ္ဇာနှင့် ဝိမုတ္တိတို့ဖြစ်၏။

ဤသို့ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူလေသော် ရဟန်းတို့ သည် ထိုဟောကြားချက်ကို လွန်စွာနှစ်ခြိုက်ကြ၏။

# အခန်း(၃၇)

နုပ်။ ။ မြိတ်မြို့နယ်၊ ရွှေပေးရွာက မောင်ညွန့်ဝင်းအမည်ရှိတဲ့ လူငယ်လေးတစ်ယောက်ဟာ တို့ဟောတဲ့တရားတွေကို နာကြားပြီးတဲ့နောက် ရွာသူရွာသားတွေကိုလည်း နာကြားစေချင်တဲ့အတွက် ငွေစုပြီး ညတရားပွဲကြီး ငါးညကျင်းပတယ်။ ခရီးဝေးလို့ မလာနိုင်တဲ့သူတွေအတွက် ကြိုပို့ကားတွေပါ စီစဉ်ပေးတယ်။

ပရိသတ်အရေအတွက်ဟာ သုံးထောင်ကျော်လောက် ရှိတယ်ဆိုတာ အောင်မြင်တဲ့တရားပွဲကြီးလို့ ဆိုရမှာပေ့ါ။ ပရိသတ်များတဲ့အတွက် အောင်မြင်တဲ့တရားပွဲကြီးလို့ ဆိုရသလို ဟောတဲ့အတိုင်း လိုက်နာတဲ့သူတွေ များတဲ့အတွက်လည်း အောင်မြင်တဲ့တရားပွဲကြီးလို့ ဆိုနိုင်တယ်။

ရွှေပေးရွာဟာ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်နဲ့ နီးတဲ့အတွက် တပ်မိသားစုတွေလည်း အများအပြား လာရောက်နာယူကြတယ်။ တပ်ထိန်းတပ်က ဗိုလ်မှူးကျော်မိုးနဲ့ ဇနီးဟာ တို့ရဲ့ စာဖတ်ပရိသတ်ဖြစ်တဲ့အတွက် ညစဉ်တရားနာရောက်ကြတယ်။ သူတို့စီးတဲ့ကားကိုမောင်းတဲ့ တပ်ကြပ်ကြီးဟာ ဘာသာခြားပဲ။

ဘာသာခြားဆိုတော့ တရားပွဲထဲဝင်ပြီးတော့ တရားမနာဘဲ သင့်တော်တဲ့နေရာမှာ ကားရပ်ပြီး ကားပေါ်မှာပဲ နေတယ်။ ဟွန်းတွေ၊ စပီကာတွေနဲ့ဟောတာဆိုတော့ အလိုလိုနာပြီးသား ဖြစ်နေတာပေါ့။ တရားပွဲ ငါးညလည်းပြီးရော တို့ဆီကို သတင်းထူးတစ်ခု ရောက်လာတယ်။

သန်း။ ။ဘာသတင်းထူးလဲ ဘုရား။

နုပ်။ ။ ဘာသာခြားတပ်ကြပ်ကြီး ဗုဒ္ဓဘာသာထဲဝင်တော့မယ်။ မဝင်ခင် ဗုဒ္ဓဘာသာနဲ့ ပတ်သက်တာတွေကိုမေးချင်လို့ ဆရာတော်ကိုယ်တိုင် တပ်ထဲကိုကြွပေးပါတဲ့။ တပ်ထဲရောက်တော့ သူသိချင်တာတွေ အများကြီးမေးပါတယ်။ တို့လည်း သူ့သံသယတွေပျောက်တဲ့အထိ ပြည့်ပြည့်စုံစုံ ဖြေပေးခဲ့ပါတယ်။

သူ့မေးခွန်းတွေဖြေပြီးမှ ငါကတစ်ခွန်းပဲ ပြန်မေးလိုက်တယ်။ ဒကာတော်ဟာ ဘာသာခြားဘဝမှာ နှစ်ပေါင်း အတော်ကြီး ကြာအောင်နေပြီးခဲ့ပြီး အခုအချိန်ကျမှ ဗုဒ္ဓဘာသာကို ပြောင်းကိုးကွယ်ဖို့ စိတ်ကူးရတာဟာ ဘယ်လို အကြောင်းတွေကြောင့်လဲလို့ မေးလိုက်တယ်။

သန်း။ ။သူက ဘယ်လိုပြန်ဖြေသလဲ ဘုရား။

## ဘာသာခြားတစ်ဦးနှင့် မကောင်းဆိုးဝါး

နုပ်။ ။ အကြောင်းနှစ်ခုကြောင့်ပါတဲ့ –ပထမအကြောင်းက မထင်မှတ်ဘဲ ဆရာတော်ရဲ့တရားကို ငါးညတိုင်နာလိုက်ရတဲ့အတွက်ကြောင့်လည်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားသွားမိတယ်တဲ့၊ ဒုတိ

ယအကြောင်းကတော့ သူ့ရဲ့ အသက်မသေအောင် သရဏဂုံ သုံးပါးက ကယ်ဖူးတယ်တဲ့။

သန်း။ ။ဗုဒ္ဓဘာသာမဟုတ်တဲ့ သူ့ရဲ့ အသက်ကိုတောင် သရဏဂုံက ကယ်တယ်ဆိုတာ သိပ်အံ့သြစရာဖြစ်နေတယ် ဆရာတော်၊ ဘယ်လိုကယ်တာတဲ့လဲ ဘုရား။

နုပ်။ ။ တစ်ရက်– သူဟာ တပ်မှာညကင်းကျတယ်၊ သစ်ပင်ကြီးတစ် ပင်အောက်မှာ ကင်းစောင့်နေတယ်။ ညနာရီပြန် ၁ ချက် လောက်လည်းရောက်ရော သစ်ပင်ပေါ်ကမည်းမည်းအကောင် ကြီးတစ်ကောင် သူ့ကိုယ်ပေါ်ကို ဝုန်းခနဲခုန်ချလာသတဲ့။ ပြီး တော့ သူ့လည်ပင်းကို ညှစ်ပြီးတော့ သတ်တယ်။ သူလည်း ပြန်ခုခံဖို့ ကြိုးစားပေမယ့် သူ့ရဲ့ ခြေတွေလက်တွေဟာ လှုပ်ရှား လို့ မရဘူးဖြစ်နေသတဲ့။

အဲဒီလို မဖြစ်မီအချိန်လေးမှာ သူ အိပ်ငိုက်သလိုတော့ ဖြစ်နေတယ်တဲ့။ ဒါကြောင့် အိပ်မက်ထဲမှာ ဖြစ်နေတာလား၊ အပြင်ဘက်မှာ ဖြစ်နေတာလားဆိုတာကို သူဝေခွဲမရဘူး ဖြစ် နေတယ်။ ဒါ မကောင်းဆိုးဝါးဖြစ်ရမယ်။ ကိုယ်ခံပညာတို့၊ လက်နက်တို့နဲ့ ခုခံလို့ မရလောက်တော့ဘူး။

ဘာသာရေးနဲ့ပဲ ခုခံတော့မယ်ဆိုပြီး သူတို့ဘာသာက ကျမ်းစာကို ရွတ်တယ်၊ မကောင်းဆိုးဝါးကြီးဟာ တုန်လှုပ်မှု မရှိဘဲ လည်ပင်းကို ပိုအားထည့်ပြီးတော့တောင် ညှစ်လာ သတဲ့၊ အသက်ရှူရပ်သွားပြီး သူ့မျက်လုံးတွေပြာလာတယ်။ သေခါနီးအခါကျတဲ့ ဆီးကင်းပမာဏရှိတဲ့ ဖောရွှေးတွေလည်း

နဖူးကနေ တလိမ့်လိမ့် စီးကျလာသတဲ့။

သေခါနီးနောက်ဆုံးအချိန် ရောက်လာတဲ့အခါကျမှ၊ သူ့မိတ်ဆွေ ဗုဒ္ဓဘာသာတပ်ကြပ်ကြီးတစ်ယောက် ရွတ်ရွတ်နေတဲ့ သရဏဂုံသုံးပါးကို ကြားပါများတော့ သူက အလွတ်ရနေတယ်။ ငါကိုးကွယ်တဲ့ ဘာသာကတော့ ငါ့အသက်ကို မကယ်နိုင်တော့ဘူး။

ဗုဒ္ဓဘာသာတွေ ကိုးကွယ်အားထားတဲ့ သရဏဂုံကို စမ်းရွတ်ကြည့်မယ်ဆိုပြီး သရဏဂုံသုံးပါးကို ရွတ်လိုက်တယ်တဲ့။သရဏဂုံသုံးပါးလည်း ရွတ်လိုက်ရော မကောင်းဆိုးဝါးကြီးဟာ အသံနက်ကြီးနဲ့ အော်ပြီး သူ့ကိုယ်ပေါ်က ဆင်းပြေးသွားသတဲ့။

သန်း။ ။အံ့ဩစရာပါလား ဆရာတော်။

နုပ်။ ။ အေး –မင်းတို့လို ဗုဒ္ဓဘာသာဝင်တွေတောင် အံ့ဩသွားရင် ဘာသာခြားဖြစ်တဲ့ သူ့အတွက်တော့ ပြောဖွယ်ရာမရှိတော့ဘူးပေါ့။ သူဟာ ဘာသာခြားလည်းဖြစ်တယ်။ သရဏဂုံရဲ့ အဓိပ္ပါယ်ကိုလည်း ဘာမှမသိဘူး။

ဒါတောင် အန္တရာယ်ကင်း ဘေးရှင်းသေးတာ။ ဗုဒ္ဓဘာသာလည်း ဖြစ်မယ်၊ သရဏဂုံရဲ့ အဓိပ္ပါယ်လည်း သိမယ်ဆိုရင် ဘယ်လောက်များ အန္တရာယ်ကင်း၊ ဘေးရှင်းလိုက်မလဲလို့ တွေးမိတဲ့အတွက် ဗုဒ္ဓဘာသာကို စိတ်ဝင်စားမိသွားတာပါတဲ့။

## ဗုဒ္ဓဘာသာဖြစ်စေသော တရားခွေများ

အခုအချိန်ဆိုရင်တော့ ဗုဒ္ဓဘာသာ ဖြစ်သွားလောက်ပါပြီ။ နောက်ထပ် ဘာသာခြားကနေ ဗုဒ္ဓဘာသာဖြစ်လာသူတွေက တော့ ကော့သောင်းမြို့ ချောစုထွန်းအလှပြင်ဆိုင်က မယမင်း ရယ်၊ မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ သရက်ခုံရွာက မိုင်စိုးစိုးဝင်းရယ်၊ သူတို့နှစ်ဦးက အရင်က ခရစ်ယာန်ဘာသာ ဝင်တွေပေါ့။

သူတို့ကို ဗုဒ္ဓဘာသာဝင်ဖြစ်သွားစေတဲ့ တရားခွေတွေက
'ဖန်ဆင်းရှင်သုံးဦး = ကံ၊ ဉာဏ်၊ ဝီရိယအကြောင်း'
'မိခင်နှင့်တူသောအရာ= ငါးပါးသီလကိုယ်တွေ့ဇာတ်လမ်းများ'
'ထေရဝါဒမှတ်ကျောက်= ဝိဘဇ္ဇဝါဒအကြောင်း'
တို့ပဲ။ ယမင်းက ကော့သောင်းမှာ ကိုယ်တိုင်ဟောတုန်း နာခွင့်ရသွားတာ။ မိုင်စိုးစိုးဝင်းကတော့ ဗီစီဒီခွေတွေက တစ်ဆင့် နာရတာပါ။ ကော့သောင်းမြို့နယ်၊ ရှစ်မိုင်ရွာက ဟိန္ဒူဘာသာ ဝင်နှစ်ဆယ်လောက် ဗုဒ္ဓဘာသာဝင်ဖြစ်လာကြတာလည်း ဒီတရားတွေ နာလို့ပါပဲ။

ဒေါပုံမြို့နယ်၊ ယမုံနာလမ်းထဲက အစ္စလာမ်ဘာသာဝင် အမျိုးသားကြီးတစ်ယောက်ကတော့ လူဖြစ်ရခြင်း၏အဓိက ရည်ရွယ်ချက် ဆိုတဲ့တရားကို နာရပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွား တယ်။ ပြင်ဦးလွင်က ပညာတတ်အမျိုးသမီးကြီးကတော့ မျက် ရည်မကျခင် သိစေချင်၊ မြန်မာတို့၏အသက်၊ မဂ်တားဖိုလ် တား အန္တရာယ်များ၊ ဘဝနှင့်ရင်းရသော အတွေးအမြင်များ၊

စာအုပ်တွေကို ဖတ်မိပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားတယ်။

(၁ ။ ၂ ။ ၂၀၀၈)နဲ့ (၂ ။ ၂ ။ ၂၀၀၈)နေ့က၊ အမရပူရမြို့၊ နန်းတော်ရာစံပြကွက်သစ် ရပ်ကွက်မှာ ညတရားပွဲ ဟောရတယ်။ တို့ငယ်ငယ်က နေခဲ့တဲ့ မူလတန်းကျောင်းဆောင်ဟာ ယိုယွင်းပျက်စီးနေပြီ။ ဒါ့ကြောင့် ငါက သိန်း ၆၀ မ–တည်ပြီး ၂၅ပေ၊ ပေ ၈၀၊ အာစီနှစ်ထပ်ကျောင်းဆောင် တစ်ဆောင် ဆောက်လှူတယ်။ ဒီတရားပွဲမှာပဲ ပြင်ဦးလွင်က ဒါယိကာမ ကြီး ငါ့ဆီ နဝကမ္မဝတ္ထုငွေ လာကန်တော့တယ်။

ကျောင်းဆောင်အတွက် အလှူငွေရဖို့ ဟောပေးတဲ့ တရားပွဲပေါ့။ ဓမ္မပူဇာအလှူငွေ ဆယ်သိန်းနီးပါးနဲ့ ကျောင်းအတွက် အလှူငွေသိန်း(၆၀)ကျော်ရတယ်။ အားလုံး ကျောင်းဆောင်အတွက် လှူပေးခဲ့ပါတယ်။ တို့ မ–တည်လှူတဲ့ သိန်း (၆၀)က အောက်ခံဖောင်ဒေးရှင်းနဲ့ ကွန်ကရစ်တိုင် (၈)တိုင် လောက်ပဲ ရတယ်။ အခုရတဲ့ ငွေသိန်း(၇၀)ကျော်နဲ့ဆိုရင် ကွန်ကရစ်တိုင် အားလုံးတော့ ပြီးသွားမယ်ထင်တယ်။

## အလှူကြွေးရှိသူ

အမိုးတွေ၊ အကာတွေ၊ အခင်းတွေပြီးအောင်တော့ ရလာတဲ့ နဝကမ္မလေးတွေစုပြီး ဆက်လှူရဦးမယ်။ ငါ့မှာ ကိုယ်ရေး ကိုယ်တာ သုံးတာဖြုန်းတာ မရှိတော့ တခြားအကြွေးမရှိပါဘူး။ ဒါပေမဲ့ တကယ်လိုအပ်နေတဲ့ နေရာကိုတွေ့ရင် မလှူဘဲ မနေနိုင်လို့ လှူရင်းနဲ့ တစ်ခါတစ်လေ နဝကမ္မငွေက ကုန်သွား

တော့ အလှူကြွေးကတော့ ရှိတယ်။

သန်း။ ။အဲဒီကျောင်းပြီးတဲ့အထိ သိန်းဘယ်လောက်ကုန်မယ်လို့ ခန့်မှန်းထားသလဲ ဘုရား။

နုပ်။ ။ အင်ဂျင်နီယာကတော့ သိန်းသုံးရာနီးပါး ကုန်မယ်လို့ ခန့်မှန်းထားတယ်။

သန်း။ ။ဒါဆိုရင် ဆရာတော်နောက်ထပ် သိန်းသုံးရာနီးပါးလောက်စုပြီး လှူရဦးမယ်ပေါ့။**(မှတ်ချက်) ထိုကျောင်းသည် ၂၀၀၉ ခုနှစ်ထိ အပြီးမသတ်နိုင်သေးပါ။**

နုပ်။ ။ ဟုတ်တယ်။

သန်း။ ။ဆရာတော်က တော်တော်လှူနိုင်တာပဲ။

နုပ်။ ။ တကယ်တော့ ရှိလို့လှူတာ မဟုတ်ပါဘူးကွာ၊ သိလို့လှူတာပါ၊ ငါလှူပြီဆိုတဲ့ နေရာမှန်သမျှ ဒီအင်္ဂါသုံးချက်နဲ့ညီတဲ့ နေရာချည်းပဲ။

(၁)တကယ်လိုအပ်တဲ့ နေရာဖြစ်ရမယ်။

(၂)လောကအတွက် တကယ်ကျေးဇူးများတဲ့နေရာ သို့မဟုတ် သာသနာအတွက် တကယ်ကျေးဇူးများတဲ့နေရာ ဖြစ်ရမယ်။

(၃)တခြားလှူမယ့်သူမရှိတဲ့ နေရာဖြစ်ရမယ်။

ဒီအင်္ဂါသုံးချက်နဲ့ညီနေလို့ မူလတန်းကျောင်းဆောင်ကို ဆောက်လှူဖို့ တာဝန်ယူခဲ့တာပါ။ တကယ်တော့ ငါ့မှာ ငွေပိုဆိုတာ မရှိပါဘူး။ လိုတောင်လိုနေပါတယ်။ ကော့သောင်းက ဝေနေယျသုခရိပ်သာမှာ သုံးထပ်ကျောင်းကြီးဆောက်နေတာ၊ အုတ်မြစ်လောက်ပဲ ပြီးသေးတယ်။ အလှူငွေမရှိလို့ နောက်

ထပ် ဆက်ပြီး မလုပ်နိုင်ဘူး။

ကော့သောင်းမြို့က ဒကာ၊ ဒကာမတွေအတွက် နိုးဘုရားကြီး တစ်ဆူရက်လုပ်ပူဇော်ထားတယ်။ ရုပ်ပွားတော်ထားဖို့ ဂန္ဓကုဋိစံကျောင်းတော်ကြီး တောင်ပေါ်မှာ ဆောက်ရဦးမယ်။ သိန်းတစ်ထောင်လောက် ကုန်မယ်။ မလုပ်နိုင်ဘူး။

မှော်ဘီမြို့နယ်၊ ဖန်ခါးကုန်းရွာမှာ တည်ထောင်နေတဲ့ သုဒ္ဓဝိပဿနာကျောင်းတိုက်ကြီးအတွက် သုံးထပ်ကျောင်းကြီး ဆောက်ဖို့ရာလည်း ငွေသိန်းပေါင်း သုံးထောင်ကျော်လိုမယ်။ အခုလောလောဆယ် အလှူငွေ သိန်းပေါင်းလေးရာကျော် လောက်ပဲ ရသေးတော့ အုတ်မြစ်ချဖို့လောက်ပဲရမယ်။

အဲဒီလို အုတ်မြစ်ချဖို့တောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ပင်တိုင်ဆောင်းပါးရှင်ဖြစ်တဲ့ ဒေါက်တာအောင်နိုင်နဲ့ ဒေါက်တာ ဖြူဖြူဝင်းတို့က သိန်းပေါင်း (၃၅၀)လှူထားလို့ပါ။ နို့မို့ဆိုရင် အုတ်မြစ်ချဖို့တောင် မလွယ်ဘူး။ ဒေါက်တာအောင်နိုင်တို့လည်း ရှိလို့လှူတာ မဟုတ်ဘူး။ သိလို့လှူကြတာ။

ဒေါက်တာအောင်နိုင်တို့ ဇနီးမောင်နှံကလည်း တို့ဟောတဲ့ ဝိပဿနာတရားခွေတွေ အများကြီး နာဖူးထားတော့ ဒီတရား တွေကိုသာ လူတွေများများကြီး နာကြားအားထုတ်ခွင့်ရရင် လူတွေများများတရားရကြမယ်။ လူတွေမြန်မြန်နဲ့ များများ တရား ရစေချင်တဲ့အတွက် အခုလို သိန်းပေါင်းရာချီပြီး လှူရ တာပါလို့ လျှောက်ထားတယ်။

သူတို့ သိန်းငါးရာပြည့်အောင် လှူမယ်လို့ အဓိဋ္ဌာန်ထားပါ

သတဲ့။ သိန်းငါးဆယ်လှူလိုက်၊ သိန်းတစ်ရာလှူလိုက်နဲ့ အခု ဆိုရင် သိန်းပေါင်း (၃၅၀)ရှိသွားပြီ။ သုဒ္ဓဝိပဿနာကျောင်းဝင်း ကြီးဟာ ဧက ၃၀ ကျော်လောက်ရှိတယ်။ အုတ်တံတိုင်းခတ် မယ်ဆိုရင် သိန်း(၃၀၀)ကျော်တော့ အသာလေးကုန်မှာပဲ။

အခုအုတ်တံတိုင်းမခတ်နိုင်လို့ သံဆူးကြိုးပဲ ကာထား တယ်။ သံဆူးကြိုးတောင် အကုန်ပြည့်အောင် မကာနိုင်သေး ဘူး၊ သုံးပုံပုံ နှစ်ပုံလောက်ပဲ ကာနိုင်သေးတယ်။

**(မှတ်ချက်) ယခုအခါ ဒေါက်တာအောင်နိုင်နှင့် ဒေါက်တာဖြူဖြူဝင်းတို့သည် သိန်းပေါင်း ငါးရာပြည့် အောင် လှူပြီးဖြစ်သည်။**

သန်း။ ။တပည့်တော် ဆရာတော်ရဲ့ ကပ္ပိယဒကာတွေဆီမှာ မေးမြန်း ကြည့်တော့ အနယ်နယ်အရပ်ရပ်က ပရဟိတလုပ်ငန်းတွေမှာ လှူဒါန်းထားတာ သိန်းခုနစ်ရာကျော်လောက်ရှိပြီလို့ သိရပါ တယ်။ တပည့်တော်သေချာသိချင်တာက ဆရာတော်မှာ ငွေ ပိုရှိတာလည်း မဟုတ်၊ ကိုယ့်ကျောင်းမှာလည်း လိုနေလျက်နဲ့ ပရဟိတလုပ်ငန်းတွေမှာ ဘာ့ကြောင့် အားထည့်ပြီး လှူနေတာ လဲဆိုတာ သိချင်တယ် ဘုရား။

## ရှိလို့ မလှူ၊ သိလို့ လှူသည်

နုပ်။ ။ ပြောရရင် – ဗုဒ္ဓဘာသာတစ်ရာမှာ တစ်ရာလုံး ဘာသာရေး မှာ လှူတတ်ကြတယ်။ လူမှုရေး ပရဟိတလုပ်ငန်းတွေမှာ လှူဒါန်းတတ်သူက တစ်ရာမှာ တစ်ယောက်လောက်ပဲ ရှိ

တယ်။ တို့ပိုင်တဲ့၊ တို့နေတဲ့ ကျောင်းက ဘုန်းကြီးကျောင်းဆို တော့ သိသွားတဲ့ ဗုဒ္ဓဘာသာတိုင်း လှူကြမှာပဲ။ ပြောစရာ တောင် မလိုဘူး။

မူလတန်းကျောင်းဆောင် ဆောက်ဖို့ကျတော့ လှူမယ့် သူဟာ မရှိသလောက် ရှားတယ်။ ဒါကြောင့် လှူမယ့်သူ မရှိသလောက်ရှားလို့ လူမှုရေးပရဟိတလုပ်ငန်းတွေမှာ အား ထည့်ပြီး လှူပေးနေတာပဲ။ လှည်းကူးမြို့နယ်၊ မရမ်းချောင်း ရွာကနေ မင်းကုန်းရွာထိ ကတ္တရာလမ်းဖေါက်ဖို့အတွက်လည်း (၁၂၅)သိန်း တာဝန်ယူထားတယ်။

မရမ်းချောင်းရွာဆိုတာ အနာကြီးရောဂါသည်တွေကို သီး သန့်ထားတဲ့ ရွာကြီးတစ်ရွာပေါ့။ ၈၉–ခုနှစ်လောက်က ဒီရောဂါ သည်တွေကို ထောက်ကြံ့ကနေ ဒီတောကြီးထဲ ပို့ထားခဲ့တာ။ ငှက်ဖျားတောကြီးဆိုတော့ ရောက်စနှစ်ကဆို စားစရာမရှိ၊ နေစရာမရှိနဲ့ အနာကြီးရောဂါသည် လေးရာလောက် ငှက်ဖျား ဖြစ်ပြီး သေကြရတယ်။

အဲဒီနေရာမှာ သွားလှူသူဆိုလို့ ဗုဒ္ဓဘာသာထဲကဆိုရင် စာရေးဆရာချစ်စံဝင်းတို့ မိသားစုပဲ တွေ့ရတယ်။ တခြား ဗုဒ္ဓဘာသာဝင်တွေကတော့ သွားလှူဖို့ဝေးလို့ အဲဒီနေရာမှာ အနာကြီးရောဂါသည်တွေ ရှိမှန်းတောင် သိကြမယ်မထင်ဘူး။ ဒီအချက်က ဘာကိုပြနေသလဲဆိုတော့ တို့ဗုဒ္ဓဘာသာဝင် အများစုမှာ လူမှုရေးပရဟိတဒါန အားနည်းနေတယ်ဆိုတာကို ပြနေတယ်။

ဒီလိုနေရာကို ဘယ်သူတွေသွားလှူသလဲဆိုတော့ ခရစ်ယာန်ဘာသာဝင်တွေ အများဆုံးသွားလှူကြတယ်။ ဒါ့ကြောင့်လည်း အနာကြီးရောဂါသည် အချို့ဟာ ခရစ်ယာန်ဘာသာထဲ ရောက်သွားကြတယ်။ ပြီးခဲ့တဲ့အပတ်က ဆောင်းပါးမှာ အဲဒီရွာကို (၃၅)သိန်းခန့်တန်ဖိုးရှိတဲ့ စားစရာနဲ့ ဝတ်စရာတွေ သွားလှူတဲ့အကြောင်းရေးခဲ့တယ်။

အဲဒါက ပထမအကြိမ်ပေါ့။ ဒုတိယအကြိမ်မှာတော့ ရွှေတောင်ကြားလမ်းက ဒေါ်သင်းစုလှိုင်တို့၊ မော်စ်ဖလိုင်းခြင်ဆေးခွေထုတ်လုပ်ရေးက ဒေါ်မြင့်မြင့်တို့ မိတ်ဆွေတွေစုပြီး ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်စတဲ့ ပစ္စည်းတွေသွားလှူကြတာ သိန်း(၆၀)ဖိုးလောက်ရှိတယ်။ ဒီဒုတိယအခေါက်မှာတော့ တို့က ငွေသားနှစ်သိန်းလှူခဲ့တယ်။

တတိယတစ်ခေါက်ကတော့ အဝတ်အထည်တွေ ကုန်ကားတစ်စီးတိုက်လောက် သွားလှူကြတယ်။ အဟောင်းတွေရော အသစ်တွေရောပေါ့။ ဒီအခေါက်မှာတော့ ပုဇွန်တောင်ဈေးက ကိုညဏ်ထွန်းတို့၊ မြောက်ဥက္ကလာက ကိုဘော်ဘီတို့၊ ကိုဒွေးအောင်တို့၊ ဓမ္မခေါင်းလောင်းစာပေ ကိုမျိုးမင်းတို့ မိတ်ဆွေတွေအားလုံး ပါဝင်ကြတယ်။

သိန်း(၄၀)ဖိုးလောက်ရှိမယ်လို့ ခန့်မှန်းရတယ်။ ဒီအခေါက်မှာတော့ တို့က ငွေသားချည်းသက်သက် ငါးသိန်း ထောက်ပံ့ခဲ့တယ်။ အဲဒီငါးသိန်းထဲမှာ ရွာသာကြီးမှာ သွားတက်မယ့် ဆယ်တန်းအောင် ကလေးမလေးတစ်ယောက်ကို တစ်သိန်း

ထောက်ပံ့မှုလည်းပါတယ်။ ဘွဲ့ရတဲ့အထိ ထောက်ပံ့မယ်လို့လည်း ကတိပေးလိုက်ပြီးပြီ။

## လူစာရင်းအသွင်းမခံရသူများ

အနာကြီးရောဂါသည်တွေနေတဲ့ မရမ်းချောင်းရွာကနေ မင်းကုန်းရွာထိ သုံးမိုင်လောက်ရှိတယ်။ အဲဒီသုံးမိုင်မှာ မင်းကုန်းကနေ မရမ်းချောင်းသွားတဲ့ ပထမဆုံးတစ်မိုင်လမ်းခရီးဟာ အလွန်ဆိုးဝါးတယ်။ မိုးတွင်းဆိုရင် ဆိုင်ကယ်၊ စက်ဘီးဘာနဲ့မှသွားလို့မရဘူး။ ဒီလမ်းကို အဓိကအသုံးပြုတာကလည်း မရမ်းချောင်းရွာက မိသားစုတွေပဲ ရှိတယ်။

တခြားသူတွေ အသုံးမရှိသလောက်ပဲ။ ဒါ့ကြောင့် ဒီလမ်းကို ပြင်ပေးမယ့်လူ မရှိဘူး။ အဲဒီလမ်းခရီး အခက်အခဲကြောင့် မိုးတွင်းဆိုရင် မင်းကုန်းမှာ တစ်ပိဿာ၅၀ နဲ့ ဝယ်ရတဲ့မီးသွေးဟာ မရမ်းချောင်းရောက်ရင်၃၀၀ ဖြစ်သွားတယ်။ တစ်ခါကဆိုရင် မိုးတွင်းကြီး မီးဖွားမယ့် အရေးပေါ်လူနာကို မင်းကုန်းကို အချိန်မီရောက်အောင် မပို့နိုင်တဲ့အတွက် ကလေးရော အမေရော ဆုံးပါးခဲ့ရတယ်။

ဒီပွက်လမ်းကြီးကို ကျောက်ကြမ်းလမ်းခင်းဖို့ဆိုပြီး လှူထားကြတာ(၂၅)သိန်းလောက် ရနေပြီလို့ သိရတယ်။ ဂျပန်လူမျိုး တစ်ယောက်ကလည်း သိန်း(၆၀)လှူမယ်လို့ ပြောထားတာ အခုမလှူဖြစ်တော့ပြန်ဘူး။

သန်း။ ။ဘာဖြစ်လို့ မလှူဖြစ်တာလဲ ဘုရား။

နုပ်။ ။ ပြည်ဝင်ခွင့်ဗီဇာ မရလို့လို့ ပြောတယ်။ အဆိုးဆုံးလမ်းတစ်မိုင် လောက် ကျောက်ကြမ်းလမ်းခင်းပြီးရင် ကျန်တဲ့နှစ်မိုင်ကတော့ သွားလို့ဖြစ်တယ်လို့ ဆိုတယ်။ ဒါနဲ့ ငါလည်း တစ်မိုင်အတွက် ကုန်ကျစရိတ်(၁၂၅)သိန်းကို လှူမယ်လို့ ကတိပေးခဲ့တယ်။

သန်း။ ။ကတိပေးခဲ့တယ်ဆိုတော့ မလှူရသေးဘူးပေါ့ ဘုရား။

နုပ်။ ။ လေးပုံပုံ–တစ်ပုံတော့ လှူပြီးသွားပြီ။ သိန်း(၃၀)လှူလိုက်လို့ အခုလုပ်ငန်းစနေပြီ။ ကျောက်တစ်ကျင်းကို ၂၈၀၀၀တဲ့။ ကျင်း တစ်ရာရမှ လုပ်ငန်းစနိုင်မှာဆိုလို့ ကျင်းတစ်ရာဖိုးကို စလှူ လိုက်တာပဲ။ အခုတရားပွဲက ရသမျှ အလှူငွေတွေကို စုနေ တယ်။ (၁၂၅)သိန်း မပြည့်မခြင်း လှူပေးရမှာပေါ့။

<u>(မှတ်ချက်) ယခု ၂၀၀၄–ခုနှစ်တွင် (၁၂၅)သိန်းကျပ်ပြည့် အောင် လှူပြီး ဖြစ်သည်။ ထိုလုပ်ငန်းကို နိုင်ငံတော်လူကြီးများ သိသွားပြီး လိုအပ်ချက်အားလုံးကို ထောက်ပံ့ပေးသဖြင့် ယခု အခါ သုံးမိုင်လုံး ကတ္တရာခင်းပြီး ဖြစ်သည်။</u>

ငါ ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ကို တရားဟောကြွတော့ ဆစ်ဒနီက ဗုဒ္ဓဘာသာလူငယ်တွေက မြန်မာတစ်မျိုးသားလုံး သိသင့်တဲ့ မေးခွန်းတစ်ခုမေးတယ်။ အဲဒီမေးခွန်းက မြန်မာ တွေဟာ အမြင့်မြတ်ဆုံး ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ခွင့်ရ တယ်။ ဒါနကုသိုလ်လည်း အများကြီး ပြုကြတယ်။

ဒီအချက်နှစ်ချက်ကို ထောက်ကြည့်ရင် မြန်မာတွေဟာ ကမ္ဘာမှာ အချမ်းသာဆုံးလူမျိုး ဖြစ်သင့်တယ်။ အခု အဆင်းရဲ ဆုံးလူမျိုး ဖြစ်နေတယ်။ အဲဒါ ဘယ်အကြောင်းကြောင့်လဲတဲ့။

သန်း။ ။ဟာ သိပ်ကောင်းတဲ့ မေးခွန်းပဲ ဘုရား။ ဆရာတော် ဘယ်လို ဖြေလိုက်သလဲ ဘုရား။

နုပ်။ ။ အကျဉ်းချုပ် ဖြေလိုက်တာကတော့– မြန်မာတွေဟာ ဗုဒ္ဓဘာသာဖြစ်ပြီး ဗုဒ္ဓစကားကို နားမထောင်ကြလို့ အဆင်းရဲဆုံးဖြစ်နေကြတာလို့ ဖြေလိုက်တယ်။

သန်း။ ။အဲသလောက် ကျဉ်းလွန်းအားကြီးတော့လည်း ဘယ်နားလည်ပါ့မလဲ ဘုရား။ နည်းနည်းတော့ အကျယ်ချဲ့ဖြေဦးမှပေါ့ ဘုရား။

နုပ်။ ။ မြန်မာအများစု မကြီးပွားခြင်းအကြောင်း ၁၁ ချက်ကိုတွေ့ရတယ်။ ဒီ ၁၁–ချက်ကို ပြင်လိုက်ရင်တော့ ကြီးပွားချမ်းသာလာကြမှာပဲ။ အဲဒီ ၁၁–ချက်က–

## မြန်မာအများစု
## ဆင်းရဲရခြင်းအကြောင်း (၁၁) ချက်

(၁) တကယ်လိုအပ်သောနေရာတွင် မလှူဘဲ နာမည်ကြီးမည့်နေရာတွင်သာ စုပြုံလှူကြခြင်း– ဥပမာအားဖြင့် စာသင်တိုက်တစ်တိုက်မှာ ကုဋီ(အိမ်သာ)လိုနေတယ်။ ဒါပေမဲ့ လှူမယ့်သူမရှိဘူး။ ဘာကျလှူလဲဆိုတော့ ဘုရားခန်းထဲမှာ ရုပ်ပွားတစ်ဆူ ရှိပြီးဖြစ်လျက်နဲ့ နောက်ထပ် ရှစ်ဆူလောက်ထပ်လှူတော့ ဘုရားကိုးဆူဟာ ကျပ်ကျပ်တည်းတည်း စံနေတော်မူကြရတယ်။

ဗုဒ္ဓဘာသာအများစုဟာ ဘုရားဒကာ၊ ဘုရားအမသာ အမည်ခံချင်ကြတာ အိမ်သာဒကာ၊ အိမ်သာအမ အမည်မခံချင်ကြဘူး။

# လှူတယ်ဆိုတာ ကိုယ့်အတွက်မဟုတ်ပါဘူး။ အလှူခံအတွက်ပါ။ ဒါကြောင့် အလှူခံလိုအပ်တာကို ရွေးချယ်ပြီး လှူသင့်တယ်။ ကိုယ်လှူချင်တာကို ရမ်းပြီး မလှူသင့်ဘူး။

(၂) မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်၊ ဇာဏုသောဏိသုတ်မှာ သမ္မဒါလေးပါးနဲ့ ပြည့်စုံရင် ကြီးပွားချမ်းသာမယ်လို့ ဟောခဲ့တယ်။ ဗုဒ္ဓဘာသာအများစုက တစ်ပါးမှ မပြည့်စုံဘူး။

(၃) ဘာသာရေးအပေါ်မှာထားတဲ့ မေတ္တာ၊ စေတနာမျိုးကို စီးပွားရေးအပေါ်မှာ မထားကြလို့လည်း မြန်မာအများစုဟာ ကြီးပွားသင့်သလောက် မကြီးပွားကြဘူး။

(၄) ပျင်းရိခြင်း အကုသိုလ်ကို ရောင့်ရဲခြင်း ကုသိုလ်လို့ အထင်မှား ကျင့်သုံးနေတဲ့အတွက်လည်း မြန်မာတွေဟာ ကြီးပွားသင့်သလောက် မကြီးပွားကြဘူး။

(၅) အတ္တသမာပဏိဓိမင်္ဂလာ ချို့တဲ့တဲ့အတွက်– တစ်နည်း မိမိကိုယ်မိမိ ကောင်းတဲ့အလုပ်မှာ ဆောက်တည်နေနိုင်စွမ်းမရှိလို့လည်း မြန်မာအများစုဟာ ကြီးပွားသင့်သလောက် မကြီးပွားကြဘူး။

(၆) အချိန်တန်ဖိုးကို မသိတဲ့အတွက်ကြောင့်လည်း ကြီးပွားသင့်သလောက် မကြီးပွားကြဘူး။ အချိန်တန်ဖိုးသိတဲ့ သူများဟာ ဥစ္စာစည်းစိမ်ကိုရခြင်း၊ ကုသိုလ်တရားကို ရခြင်း၊ ပညာဗဟုသုတကို ရခြင်း၊ တစ်မျိုးမျိုးနဲ့ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတယ်။

အချိန်တန်ဖိုး မသိတဲ့သူတွေကတော့ မြူးတူးပျော်ပါးကစားခြင်း၊

အိပ်ခြင်း၊ ငြင်းခုံခိုက်ရန် စကားများခြင်းဖြင့် အချိန်ကို တန်ဖိုးမဲ့စွာ အသုံးချတယ်။

(၇) ကိုယ့်ထက်သာရင် မနာလိုဖြစ်ပြီး သူတစ်ပါးအကျိုးပျက်စီးအောင် ဖျက်ဆီးတတ်ကြတယ်။ ဒီအချက်ကလည်း မြန်မာအများစု မကြီးပွားခြင်းရဲ့ အကြောင်းတစ်ခုပဲ။ ကိုယ့်ထက်သာလို့ ဝမ်းသာရင် မုဒိတာလို့ ခေါ်တဲ့ ကုသိုလ်တရားဖြစ်တယ်။ ကိုယ့်ထက်သာလို့ မနာလိုရင် ဣဿာဆိုတဲ့ အကုသိုလ်တရား ဖြစ်တယ်။

**ပညာရှိ၊ ပညာမဲ့ဆိုတာ ဒီနေရာမှာ ကွဲသွားတာပဲ။**
**ပညာရှိက ကိုယ့်ထက်သာတဲ့ လူကိုတွေ့ရင်**
**ဝမ်းမြောက်ခြင်းလို့ခေါ်တဲ့ မုဒိတာကုသိုလ်ကို အရယူတယ်။**
**ပညာမဲ့က ကိုယ့်ထက်သာတဲ့ လူကိုတွေ့ရင်**
**ဣဿာလို့ခေါ်တဲ့ အကုသိုလ်ကို အရယူတယ်။**
**ဒေါက်တာဘွဲ့ကြီးရထားပါစေ။**
**မနာလိုတတ်သူဟာ ပညာမဲ့ပဲ။**
**ဘာအတန်းပညာမှ မတတ်ရင်နေပါစေ**
**ကိုယ့်ထက်သာသူအပေါ်မှာ**
**ဝမ်းမြောက်တတ်သူဟာ ပညာရှိပဲ။**

ဣဿာဖြစ်နေသလား။ မုဒိတာဖြစ်နေသလားဆိုတာ သူ့ရဲ့နှုတ်က ထုတ်ဖော်အစစ်ခံပါလိမ့်မယ်။ တော်တာကို တော်ပါတယ်လို့ လိုက်လိုက်လှဲလှဲ ချီးမွမ်းစကားပြောရင် သူ့သန္တာန်မှာ မုဒိတာတရား ဖြစ်နေတယ်လို့ သိနိုင်တယ်။ မချီးမွမ်းဘဲ နှုတ်ဆိတ်နေခြင်း၊ မပြောပလောက်တဲ့ အားနည်းချက်ကို ထောက်ပြပြီး အပြစ်ပြောနေခြင်းဟာ သူ့သန္တာန်

မှာ ဣဿာဖြစ်နေတယ်လို့ ပြတာပါပဲ။

## ပညာမဲ့၏ ဣဿာနှင့် ပညာတတ်၏ ဣဿာ

ပညာမဲ့က သူ့သန္တာန်မှာ ဣဿာတရား ဖြစ်နေတယ်ဆိုတာကို သူတစ်ပါးအပြစ်တွေ အတုံးလိုက်အတစ်လိုက်ပြောပြီး ထင်ရှားပြတယ်။ ပညာတတ်တွေကျတော့ သူတို့သန္တာန်မှာ ဖြစ်နေတဲ့ ဣဿာကို ထင်ထင်ရှားရှား မပြဘူး။ မသိမသာဘဲ ပြတယ်။ ပညာတတ်က သူတို့သန္တာန်မှာ ဣဿာဖြစ်နေတာကို သူတစ်ပါးသိသွားမှာလည်း စိုးရိမ်တယ်။

ဒီတော့ ပညာတတ်က အောင်မြင်နေတဲ့ သူတစ်ယောက်ရဲ့ မပြောပလောက်တဲ့ အပြစ်ကလေးကို ခပ်ပါးပါးထောက်ပြပြီး အမှတ်ယူတတ်တယ်။ အပေါ်ယံကြည့်ရင်တော့ အောင်မြင်နေတဲ့သူရော သူ့နောက်လိုက်တပည့်တွေရော မှားမှာစိုးလို့ သတိပေးတဲ့ပုံစံမျိုးပေါ့။ အမှန်ကတော့ မိမိရဲ့ဣဿာကို သူတစ်ပါး မသိအောင် ခပ်ပါးပါး လုပ်ပြတာပါပဲ။

ဟောပြောတဲ့နေရာမှာပဲ ဖြစ်ဖြစ်၊ ရေးသားတဲ့နေရာမှာပဲ ဖြစ်ဖြစ်၊ အတ္တုက္ကံသန၊ ပရဝမ္ဘနသဘော တစ်ခုခုပါလာပြီဆိုရင် အဲဒီပုဂ္ဂိုလ်သန္တာန်မှာ ဣဿာမစ္ဆရိယ တစ်ခုခုဖြစ်နေပြီလို့ သိနိုင်ပါတယ်။ အတ္တုက္ကံသနဆိုတာ ငါသိ၊ ငါတတ်ဆိုပြီး မိမိကိုယ်မိမိ ချီးမြှောက်ဟောပြောရေးသားတာမျိုးပေါ့။

ပရဝမ္ဘနဆိုတာကတော့ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချပြီး ရေးသားဟောပြောတာမျိုးပေါ့။ ပညာတတ်တွေရဲ့ မသိမသာ ဣဿာနဲ့ ပတ်

သက်ပြီး ရှေးတုန်းက ဖြစ်ရပ်မှန်ဇာတ်လမ်းလေး နှစ်ခုသုံးခုလောက် ပြောချင်တယ်။ အင်္ဂလိပ်လက်အောက် ရောက်သွားတဲ့အခါ သားသတ်လိုင်စင်တွေ တရားဝင်ထုတ်ပေးတာကြောင့် ကျွဲ နွားတွေသိန်းနဲ့ သောင်းနဲ့ချီပြီး မြန်မာပြည်မှာ အသတ်ခံရတယ်။

## နွားများ အနီရောင်ကို မုန်းခြင်း အကြောင်းရင်း

အရင်က လူသားတွေဟာ အသီးအရွက်ကိုပဲ စားပြီးနေခဲ့ကြတာ ကမ္ဘာပေါင်းများစွာကြာခဲ့ပါပြီ။ ဒါပေမဲ့ ဥက္ကာကရာဇ်မင်းလက်ထက်မှာတော့ အသားစားကြူးကြတဲ့ ပုဏ္ဏားတွေက အသားစားရင် ဘုန်းကံကြီးတယ်၊ အသက်ရှည်တယ်ဆိုပြီး လိမ်ညာ သံတော်ဦးတင်တဲ့အတွက်ကြောင့် ဘုရင်နဲ့ပုဏ္ဏားဆရာတွေ ဦးဆောင်ပြီး ကျွဲနွားတွေကို တစ်ရက်တည်းနဲ့ သိန်းချီပြီး သတ်ဖြတ် စားသောက်ကြတယ်။

ဒီလို သတ်ဖြတ်စဉ်အခါက ပုဏ္ဏားဆရာတွေဟာ ဝတ်ရုံနီကြီးတွေဝတ်ပြီး အနီးကပ် စီမံပေးကြတယ်။ အဲဒီအချိန်က စပြီး ကျွဲနွားတွေဟာ အဝတ်နီကို မုန်းတီးလာတာ အခုအချိန်ထိပါပဲ။ အသားစားမှုနဲ့ ပတ်သက်ပြီး သုတ္တနိပါတ်ပါဠိတော်မှာ ဘုရားရှင်ရဲ့ အမြင်ကို အခုလို ဟောထားတယ်။

**တယော ရောဂါ ပုရေ အာသုံ၊**
**ဣစ္ဆာ အနသနံ ဇရာ၊**
**ပသူနဉ္စ သမာရမ္ဘာ၊**
**အဋ္ဌ နဝုတိ အာဂမုံ။**

တဲ့ - အဓိပ္ပါယ်က အရင်တုန်းကလူတွေဟာ တိရစ္ဆာန်တွေရဲ့

အသားကို မစားကြဘူး။ ဒီအခါတုန်းက လူတွေမှာ ရောဂါသုံးမျိုးပဲ ရှိတယ်။ အဲဒါတွေက –

၁။ တစ်စုံတစ်ခုကို လိုချင်ခြင်း

၂။ ထမင်းဆာခြင်း

၃။ အိုမင်းရင့်ရော်ခြင်း တို့ပဲ။

တခြားဘာရောဂါမှ မရှိဘူး။ တိရစ္ဆာန်တွေရဲ့ အသားကို သတ်ဖြတ်စားသောက်လာတဲ့အခါကျမှ (၉၈)ပါးသော ရောဂါတွေပေါ်ပေါက်လာတာတဲ့။ ဒီဒေသနာကို အရပ်ပြော ပြောရရင် တို့တစ်တွေ သူတစ်ပါးအသားတွေစားမှ (၉၈)ပါးရောဂါတွေ ဖြစ်လာတာ။ သူတစ်ပါး အသားတွေမစားခင်က လိုချင်ခြင်း၊ ဆာခြင်း၊ အိုခြင်းဆိုတဲ့ ရောဂါသုံးမျိုးပဲရှိခဲ့တာ။

ရှင်းရှင်းလေးပဲ အသားတွေ တအားစားလို့ ရောဂါတွေဖြစ်တာ။ အသားမစားရင် ရောဂါကင်းမယ်ဆိုတော့ နေနိုင်ရင် မစားဘဲ နေကြပါလို့ ပရိယာယ်နဲ့ ဟောလိုက်တဲ့ သဘောပဲ။ အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်မှာလည်း အခုလို ဟောထားသေးတယ်။

အရင်က လူသားတွေကို နတ်တွေက ကြည်ညိုလေးစားတဲ့အတွက် တတ်နိုင်သမျှ စောင့်ရှောက်ကြတယ်။ ဒါ့ကြောင့် ဘေးရန်တွေ၊ ရောဂါတွေ အင်မတန်နည်းပါးတယ်။ နောက် ကျွဲနွားတိရစ္ဆာန်တွေကို သတ်ဖြတ်စားသောက်လာတဲ့အခါကျမှ မစောင့်ရှောက်တော့ဘဲ ဖယ်ခွာသွားကြတယ်။ ဒီအခါကျမှ ဘေးဒဏ်တွေ၊ ရောဂါတွေဟာ ဖြစ်ချင်တိုင်း ဖြစ်တော့တာပဲတဲ့။

ဒီအချက်တွေကို ထောက်ထားပြီး လယ်တီဆရာတော်က ကျွဲ

သား၊ နွားသား မစားရေးကို တစ်ပြည်လုံးလှည့်လည်ပြီးတော့ ဟော ကြားတယ်။ တော်တော်လေးကို အောင်မြင်ပါတယ်။ နေ့ဖြူဘက် ရောက်တော့ ဘုန်းကြီးတစ်ပါးက မြှောက်ပေးလို့ ဒကာတစ်ယောက်က လယ်တီဆရာတော်ကို လာလျှောက်သတဲ့။

သန်း။ ။ဘယ်လို လျှောက်သလဲဘုရား။

## ပညာတတ်ဉာဏ်ဆင်ဘုန်းကြီး

နုပ်။ ။ လယ်တီဆရာတော်ရဲ့မေတ္တာက မျက်နှာလိုက်သလို ဖြစ်နေ တယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ကျွဲသားနွားသား မစားရေး အတွက်သာ ဟောနေတော့ ကျန်တဲ့တိရစ္ဆာန်အသားတွေကို တော့ စားချင်သလိုစားလို့ ဟောသလို ဖြစ်နေပါတယ်တဲ့။

သန်း။ ။ဟင် အဲဒါဘယ်သဘောနဲ့ လာလျှောက်တာလဲ ဆရတော်။

နုပ်။ ။ ပညာတတ်အချို့ရဲ့ မထင်မရှား ဉာဏ်ဆင်သဘောပါပဲ။ အဲဒီ မြို့မှာ စာတတ်ပေတတ်ဘုန်းကြီးတစ်ပါး ရှိတယ်။ သူက လျှောက်ခိုင်းတာ။

သန်း။ ။ဒီတော့ လယ်တီဆရာတော်က ဘာပြန်ပြောသလဲ ဆရာ တော်။

နုပ်။ ။ တို့မှာတော့ တရားဟောရ၊ စာချရ၊ စာရေးရနဲ့ အချိန်နည်း လွန်းလို့ ကျွဲနဲ့နွားတွေရဲ့ အသက်ကိုပဲ ကယ်နိုင်တယ်။ ဒကာ ကြီးတို့ဆရာတော် အချိန်ရတယ်ဆိုရင်တော့ ကျန်တဲ့ တိရစ္ဆာန် တွေရဲ့အသက်ကို ကယ်ပါဦးလို့ လျှောက်ပါတဲ့။

သန်း။ ။မှတ်ဖို့ ကောင်းလိုက်တာ ဘုရား။

နုပ်။ ။ ပညာရှိတို့ရဲ့စကားဟာ မိုးကြိုးသွားပဲ။ တစ်လုံးဆို ဆိုသလောက် ထိရောက်မှုရှိတယ်။

သန်း။ ။နောက်တစ်ပါးအကြောင်းကို ဆက်ပါဦးဘုရား။

နုပ်။ ။ နောက်တစ်ပါးက မိုးညှင်းဆရာတော်ဘုရားကြီးပဲ။ မိုးညှင်းဆရာတော်ဘုရားကြီး ထင်ရှားအောင်မြင်နေတဲ့ အချိန်မှာ မလိုတဲ့ ပုဂ္ဂိုလ်တွေက အခုလိုအပြစ်ပြောတယ်။ မိုးညှင်းဆရာတော်ကြီးဟာ ကြေးကုတင်နဲ့ အိပ်တယ်တဲ့။ အမှန်ကတော့ ဟန်ကြီးပန်ကြီးလုပ်တယ်။ ဘာဝင်မြင့်တယ်လို့ ဆိုချင်ဟန်တူပါတယ်။

သန်း။ ။ဒီလိုဝေဖန်ခံရတော့ မိုးညှင်းဆရာတော်ကြီးက ဘယ်လိုပြန်အမိန့်ရှိသတဲ့လဲ ဘုရား။

နုပ်။ ။ ဆရာတော်ကြီး ပြန်အမိန့်ရှိလိုက်တာက တော်တော်ကို ထိမိတယ်။ ဘုန်းကြီးဖြင့် ကိုယ်အိပ်တဲ့ကုတင် ဘာကုတင်ဆိုတာတောင် သေချာမသိပါဘူးတဲ့။

သန်း။ ။ဆရာတော်ကြီးဟာ တရားနဲ့အမြဲနေတာဆိုတော့ ဘာဝင်မြင့်ဖို့တောင်အချိန်မရဘူးဆိုတဲ့ အဓိပ္ပါယ်ဟာ ဆရာတော်ကြီးရဲ့စကားမှာ တစ်ခါတည်း ပါသွားပါပြီ ဘုရား။ မြန်မာအများစုမကြီးပွားရခြင်းအကြောင်း ၈၊ ၉၊ ၁၀ ကိုဆက်ပါဦးဘုရား။

နုပ်။ ။ မြန်မာအများစု မကြီးပွားခြင်းရဲ့ နံပါတ်(၈)အကြောင်းကတော့ စာပေဗဟုသုတ မရှိတာပါပဲ။ နံပါတ်(၉)အကြောင်းကတော့ ဒေသန္တရဗဟုသုတ မရှိတာပါပဲ။ ဒါ့ကြောင့် စာပေဗဟုသုတရှိအောင် စာအုပ်မျိုးစုံဖတ်သင့်ပြီး တစ်နှစ်တစ်ကြိမ် ဒေသန္တရ

ဗဟုသုတခရီးကို သွားသင့်ပါတယ်။

နံပါတ် (၁၀)အကြောင်းကတော့ ခေါင်းဆောင်စိတ် နည်းပါးတာပါပဲ။ ကောင်းတဲ့အလုပ်ဆိုရင် မခိုင်းဘဲလုပ်တာ၊ အလုပ်ကို အများကြီးလုပ်ပြီး အခွင့်အရေးကို နည်းနည်းပဲယူတာဟာ ခေါင်းဆောင်စိတ်ပါပဲ။ ဆန့်ကျင်ဘက်အားဖြင့် ခိုင်းမှလုပ်တတ်တာ အလုပ်ကိုနည်းနည်းလုပ်ပြီး အခွင့်အရေးကို အများကြီးယူတာဟာ နောက်လိုက်စိတ်ခေါ် ကျွန်စိတ်ပါပဲ။

မြန်မာအများစု မကြီးပွားခြင်းရဲ့ (၁၁)ခုမြောက်အကြောင်းကတော့ ကိုယ့်အားကိုယ်ကိုးလိုစိတ် နည်းပါးတာပါပဲ။ အနောက်တိုင်းနိုင်ငံ အများစုက အရှေ့တိုင်းနိုင်ငံအများစုထက် ချမ်းသာကြွယ်ဝနေရခြင်းရဲ့ အဓိကအကြောင်းဟာ (၁၈)နှစ်ပြည့်တာနဲ့ ကိုယ့်အားကိုယ်ကိုးပြီး စီးပွားရေးအလုပ်လုပ်ကြလို့ပဲ။

## အငှားကားမောင်း၍ ဆေးကျောင်းတက်သူ

အနောက်နိုင်ငံက လူတွေဟာ(၁၈)နှစ် ပြည့်ပြီးတာနဲ့ လူကြီးဖြစ်ပြီလို့ သတ်မှတ်ပြီး စီးပွားရေးလုပ်ငန်း၊ တစ်နည်းငွေဝင်တဲ့ လုပ်ငန်းတစ်ခုခုကို မဖြစ်မနေလုပ်ကြတော့တာပဲ။ မြန်မာအမျိုးသမီးတစ်ဦး နယူးဇီလန်နိုင်ငံကို ပညာတော်သင် ရောက်သွားတယ်။

တစ်နေ့ကိစ္စတစ်ခုရှိလို့ တက္ကစီကားငှားစီးသွားတယ်။ ကားမောင်းသမားလေးက အသက်ငယ်ရွယ်သူလေး ဖြစ်နေလို့

ကျောင်းမတက်ဘူးလားလို့မေးကြည့်တဲ့အခါ ဆေးတက္ကသိုလ် တက်နေတဲ့ နောက်ဆုံးနှစ်ကျောင်းသား ဖြစ်နေတယ်။

မြန်မာအမျိုးသမီးဆိုတော့ မြန်မာပြည်ရဲ့ အလေ့အထ အတိုင်း မိဘမတတ်နိုင်လို့ တက္ကစီကားမောင်းနေရတာလို့ ထင်သွားတာပေါ့။

သန်း။ ။အဲဒီအတိုင်း ဟုတ်သလား ဘုရား။

နုပ်။ ။ ဘယ်ဟုတ်ရမလဲ။ မေးလိုက်တဲ့အခါ ဟိုကဘယ်လိုပြန်ဖြေ သလဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့အလေ့အထက အနောက် တိုင်းဆန်ပါတယ်။ ဒါ့ကြောင့် (၁၈)နှစ်ပြည့်ပြီးတာနဲ့ မိဘကို အားကိုးပြီး မနေကြပါဘူး။ ကိုယ်ပိုင်လုပ်ငန်း တစ်ခုခုလုပ်ပြီး ငွေရှာပါတယ်။

အဲဒီငွေနဲ့ ကျောင်းတက်ပါတယ်။ (၁၈)နှစ်ပြည့်ပြီးရင် လူကြီးဖြစ်ပြီလို့ သတ်မှတ်ပါတယ်။ လူကြီးဘဝရောက်နေပြီ ဖြစ်ရက်နဲ့ မိဘလုပ်စာထိုင်စားရမှာ၊ မိဘလုပ်စာနဲ့ ကျောင်း တက်ရမှာကို အင်မတန်ရှက်ကြပါတယ်။

(၁၈)နှစ်ပြည့်ပြီးသူ လူငယ်ချင်းတွေ့ကြတဲ့အခါ ဘာ အလုပ်လုပ်နေလဲလို့ မေးမြန်းနှုတ်ဆက်တတ်ပါတယ်။ (၁၈)နှစ် ပြည့်ပြီးသူဖြစ်လျက်နဲ့ စီးပွားရေးအလုပ်တစ်ခုမှ မလုပ်တဲ့သူကို လူရာမဝင်သူလို့ သတ်မှတ်ပြီး ဘယ်သူမှ အပေါင်းအသင်း မလုပ်ကြပါဘူး– လို့ အားရပါးရ ပြန်ပြောတယ်။

သန်း။ ။တပည့်တော်တို့ မြန်မာလူငယ်တွေနဲ့ ကွာလိုက်တာ ဘုရား။ ဒီမှာတော့ ကိုယ့်ကျောင်းစရိတ်ကိုယ်ရှာပြီး ကျောင်းတက်တဲ့

သူကို ဆင်းရဲသားဆိုပြီး ပိုင်းအထင်သေးကြတယ်။ မိဘလုပ်စာ မိဘအိမ်ကကားနဲ့ စတိုင်ကျကျ ကျောင်းတက်နိုင်သူကိုမှ သူဌေးသားဆိုပြီး အထင်ကြီးကြတယ်။

နုပ်။ ။ အေး– ဟုတ်တယ်– မြန်မာအများစုဟာ ဂုဏ်မယူသင့်တာကို ဂုဏ်ယူပြီး၊ ဂုဏ်ယူသင့်တာကို ဂုဏ်မယူတဲ့အတွက် ကြီးပွားသင့်သလောက် မကြီးပွားကြတာပဲ။ မော်လမြိုင်မြို့က အစ္စလာမ် ဘာသာဝင်အမျိုးသမီးတစ်ဦး၊ ငါရေးတဲ့ အရှုံးမရှိသောဒဿနစာအုပ်ကိုဖတ်ပြီး ဗုဒ္ဓဘာသာ ဖြစ်သွားရာကနေ သူမ သိချင်တဲ့မေးခွန်းနှစ်ခုကို ငါ့ဆီဖုန်းဆက်မေးခဲ့တယ်။ အဲဒီအကြောင်းကိုတော့ နောက်အလျဉ်းသင့်တဲ့အခါကျမှ ဆက်ပြောကြရအောင်။

## လယ်တီဆရာတော်ဘုရားကြီး၏
## ဂေါဏာသုရာဒီပနီကျမ်းမှ နွားမေတ္တာစာ

*ကျမ်းဝိဘင်းအဋ္ဌကထာ၊ တိုက်ရိုက်ကြီးအလာမှာ၊*
*ပါဏာတိပါတပြုလုပ်သည့်ဌာနဝယ်၊ ကာယကံရှင်တစ်ခန်း၊*
*ချီးမွမ်းသူတစ်ယောက်၊ ဝမ်းမြောက်သူတစ်ဖက်၊*
*သုံးဦးသားအနက်၊ အကျိုးဆက်မတူကြ၊*
*ကာယကံရှင်ဗာလမှာ၊ နိရယတစ်လမ်း၊*
*ချီးမွမ်းသူပြိတ္တာရောက်၊ ဝမ်းမြောက်သူအနေမှာ၊*
*တိရစ္ဆာန်ဖြစ်စေဟု၊ ဝေပုံကျအပြီး၊*
*ဆုံးဖြတ်ချက်အသီးသီးတွင်၊ ပစ္စည်းရှင်ဝယ်လူစုမှာ၊*

ချီးမွမ်းမှုတစ်စိတ်ပါ၊ ဝမ်းသာမှုတစ်သွယ်ထွက်၊
နှစ်ပါးစုံရောယှက်သော်၊ လက်သည်ထက် အပြစ်ကြီးမည်ဟု၊
ယူမှီးရန်ကျသော်လည်း၊ ကာယကံရှင်နှင့်တူလျှင်ပင် မနည်းပြီ။
နောက်ဆွဲက လိုက်ရကြောင်းမှာ၊ တစ်ခုကောင်းအတွက်၊
ဝမ်းသာသည့်အချက်နှင့်ပင်၊ ဆက်ဆက်ကြီးပါရမည်ဟု၊
ဠကထာရှိသည်ပင်၊ ယုတ္တိနှင့်စဉ်းစားလျှင်၊
ရောင်းသမား၊ ဝယ်သမားနှစ်ဦးသား သဘောတူ၊
ဝယ်သူကမူလ၊ ရောင်းသူမှာ ဘူတ၊
ဝယ်သူပေါ်မှ ရောင်းသူရှင်၊ ရောင်းသူရှင်မှ တွင်တွင်သတ်၊
နဘောထပ်လွှန်းပေါင်းတင်၊ သည်အတိုင်းမြင်ကြလျက်၊
ဖွတ်ငင်သည့်တဏှာကြောင့်၊ ဟင်းလျာသည်ဆိုလျှင်ပင်၊
နီပြုံသည့်အတိုင်း၊ ဝိုင်းကြသည်ကြွက်ကြွက်ဆူ၊
သူမရ ငါမရ၊ ငွေစကိုတပြင်ပြင်၊ ချိန်ခွင်ကိုတခါခါ၊
နက်ဖြန်လည်းလာပါနော်၊ သန်ဘက်လည်း မျှော်ပါ့မည်၊
ခေါ်လိုက်သူတချို့၊ လက်တို့၍မှာသူမှာ၊
ဟင်းလျာသည်လာခဲ့သည်ဟု၊ စိတ်ထဲက တ,သူတ၊
သို့ဖြစ်၍နေကြလျက်၊ ပါးစပ်ကာပရိယာယ်၊
ရောင်းလာလို့ဝယ်ပါသည်၊ ဘယ်အပြစ်မရှိပေါင်ဟု၊
ယောင်လို့များမဟာနှင့်၊ ဝမ်းထဲကသဘောကို၊
မပြောဘဲ ကုန်စင်အောင်၊ မြင်ရင်းစွဲဖြစ်ကြသည်။
သည်ရသာတဏှာမွဲ၊ သူအတင့်ရဲတိုင်းကို၊
အထဲကမသန်၊ ဖွတ်လှဲ၍ခံကြလျှင်၊

ပါယ်လေးတန်ဒုက္ခမှာ၊ မြုပ်ကြမည်စင်းစင်း။
သည့်တဏှာကင်းလျက်ပင်၊ တစ်တောလင်းအမိုက်၊
သည်လောဘစရိုက်ကို၊ အမြိုက်သီးအလား။
အလိုက်ကြီးမှားကြလျှင်၊ ပါယ်လေးပါးယမဘုံတွင်၊
အိမ်ထောင်စုံဆေးတော်ထိုးရှိ၊ အမျိုးစာရင်းမှန်၊
ရွှေတိုက်တော်လက်ခံနှင့်၊ မပြန်တမ်းအပတ်၊
ကမ္ဘာနှင့်စာချုပ်၍၊ စုံးစုံးကြီးမြုပ်ကြမည်၊
မပတ်ဘူးမထင်နှင့်၊ မယုံလျှင်ကိုယ်တွေ့၊
ဆိုသရွေ့မကဟု၊ လှလှကြီးသိလိမ့်မည်၊
ဇာတ်နိပါတ်သက်သေကို၊ ရှာဖွေကာထုတ်ဆိုလျှင်၊
ပိုအမိုမျှားမည်ကြောင့်၊ တရားသားသက်သက်၊
စကားသွားညက်ညက်နှင့်၊ နားမျက်စိမခိုသာအောင်
လိုရာတွင်ဖြောင့်လိုက်သည်၊
သူတို့ဘေးသူတို့ဘိုး၊ သူတို့တိုင်မရှိ။
တစ်မျိုးလုံးတစ်ဆွေလုံး၊ သူတို့တိုင်မဆုံး၊
တို့တစ်တွေပခုံးမှာ၊ မီးဟုန်းဟုန်းထမတတ်၊
တို့လုံ့လတို့စွမ်းအင်၊ တို့အပင်ပန်းခံနိုင်လို့၊
ဆန်စပါးပြောင်းနှမ်း၊ ဘူးခရမ်းပဲအမျိုး၊
မြေပြင်လုံးမောက်ဖြိုးအောင်၊
တိုးတက်သည့်သဏ္ဍာန်နှင့်၊
လိုရာတိုင်းပြည့်စုံ၊ ကုံလုံကြသီးသီး၊
ကျောင်းကြီးဆောက်၊ ဘုရားတည်၊

တစ်တိုင်းလုံးကြွယ်သည်မှာ၊ ဘယ်သူကအရင်းဟု၊
စဉ်းစားဖွယ်မရှိ၊ ထင်အလင်းသိပါလျက်၊
သတိပင်မပေါ်၊ မိတ်မတော်စိမ်းကား၊
စိတ်အချော်တိမ်းပါး၍၊ တို့အသားတို့အသည်း၊
တို့အဆီရွှဲရွှဲကို၊ ထမင်းပွဲအလယ်၊
အနင့်သားတည်ပြီးလျှင်၊ ရယ်ကာပြုံးကာ၊
အရသာခံ၍၊ လင်မယားတစ်တွေ၊
မြှူကြသည့်အနေမှာ၊ မြိန်နေပေ့သူတို့ကိုယ်၊
မျိုရက်ပေ့သူတို့ခံတွင်း၊ တို့လုပ်တဲ့ထမင်းနဲ့၊
တို့ဟင်းလျာအသား၊ စားကြသည့်ဖြစ်နဲ့၊
တို့အသည်းနာလိုက်တာကွယ် ...။

## အခန်း(၃၈)

နုပ်။ ။ တစ်နေ့ မော်လမြိုင်က အစ္စလာမ်ဘာသာဝင်အမျိုးသမီးတစ်ဦး ငါ့ဆီကို ဖုန်းဆက်တယ်။ တို့ရေးတဲ့ အရှုံးမရှိသောဒဿန စာအုပ်ကို ဖတ်ပြီး သူဗုဒ္ဓဘာသာဝင် ဖြစ်လာပါတယ်တဲ့။ ဒါပေမဲ့ သူဟာ မိဘဆွေမျိုးများရဲ့ အုပ်ထိန်းမှုအောက်မှာ နေရတာဆိုတော့ ဘုရားရှိခိုးတာ၊ တရားနာတာ၊ သံဃာတွေ ဆွမ်းလောင်းတာတွေကို ပေါ်ပေါ်ထင်ထင် မပြုရဲသေးပါဘူး။ မိဘဆွေမျိုးတွေ မသိအောင်ဘဲ ပြုနေရပါတယ်။ အဲဒီအတွက် သူ့ကို ဗုဒ္ဓဘာသာတစ်ယောက်လို့ ခေါ်ဆိုနိုင်ပါသလားတဲ့။

သန်း။ ။ဆရာတော်ဘယ်လို ဖြေလိုက်သလဲ ဘုရား။

နုပ်။ ။ ဗုဒ္ဓဘာသာမှာ မနောကံသာ အဓိကဖြစ်လို့ ခေါ်ဆိုနိုင်ပါတယ်လို့ ဖြေလိုက်တယ်။ နောက်မေးခွန်းက သူ့မိခင်ဟာ အရှုံးမရှိသောဒဿနစာအုပ်ထဲကအတိုင်း သေသွားပြီး အိမ်မှာမကျွတ်ဘူးဖြစ်နေပါတယ်တဲ့။ သူက ကုသိုလ်ပြုပေးပြီး အိမ်သားတွေ မသိအောင် စိတ်ထဲက အမျှပေးနေတာ သူ့အမေ ရပါ သလား တဲ့။

သန်း။ ။ရသလား ဘုရား။

နုပ်။ ။ မရနိုင်ဘူး။ နှုတ်ကပေးမှပဲ ရနိုင်တယ်။ ဒါကြောင့် ဒကာမလေး ဗုဒ္ဓဘာသာမိတ်ဆွေတစ်ယောက်အိမ်မှာ ဆွမ်းလှူပြီး အမျှပေး လိုက်ပါလို့ အကြံပြုလိုက်တယ်။ ဒီလို တမလွန်က ပုဂ္ဂိုလ်အ တွက် ရည်စူးလှူရင် ပုဂ္ဂိုလ်ရွေးရတယ်။

## သေသူအတွက် အမျှရအောင်ဝေနည်း

(၁) အလှူခံဟာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။

(၂) လှူဖွယ်ဝတ္ထုတွေဟာ အပ်စပ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ဖိနပ်စတာ တွေဖြစ်ရမယ်၊ ဒီအချိန်မှာ ဖြစ်နိုင်ရင် ငွေအလှူမပါစေချင်ဘူး။ အလှူခံရဟန်းမှာ အပ်စပ်အောင် စီမံပေးမယ့် ကပ္ပိယဒကာ ပါရင်တော့ ငွေကိုလှူနိုင်ပါတယ်။ မပါရင် မလှူပါနဲ့။

(၃) သေသူကို မလှူခင်တစ်ရက်ကတည်းက ကြိုတင်ပြီး လူတစ် ယောက်ကို ဖိတ်သလို တိတိကျကျ ဖိတ်ရပါတယ်။

(၄) သူ့နာမည်ကို ထည့်ခေါ်ပြီး သေချာအမျှပေးဝေရတယ်။ ဒီ လေးချက်နဲ့ညီမှ တမလွန်က ပုဂ္ဂိုလ်ဟာ အမျှရနိုင်တယ်။ သရဏဂုံကြောင့် ကောင်းကျိုးအနန္တ ရပုံတွေပြောရင်း အပြင် ကို ထွက်သွားလိုက်တာ တော်တော်များသွားပြီး အခုတစ်ခါ ငါးပါးသီလကြောင့် မင်္ဂဖိုလ်ရနိုင်ပုံကို ပြောဦးမယ်။

သန်း။ ။အမိန့်ရှိပါ ဘုရား။

နုပ်။ ။ အပါဒါန်ပါဠိတော်မှာ ငါးနှစ်သားနဲ့ ရဟန္တာဖြစ်သွားတဲ့ မထေရ် တစ်ပါးပေါ်ထွန်းခဲ့တယ်။ သူ့ဘွဲ့အမည်က ပဥ္စသီလသမာ

ဒါနိယ တဲ့။ သူဟာ လွန်ခဲ့တဲ့ (၉၁)ကမ္ဘာက ပွင့်တော်မူခဲ့တဲ့ အနောမဒဿီ မြတ်စွာဘုရား လက်ထက်တော်အခါက စန္ဒဝတီ နေပြည်တော်မှာ ဆင်းရဲသားတစ်ယောက် ဖြစ်ခဲ့တယ်။

ဒါပေမဲ့ တစ်ဘဝလုံး ငါးပါးသီလလုံအောင် စောင့်ခဲ့တယ်။ အဲဒီကုသိုလ်ကြောင့် (၉၁)ကမ္ဘာ အပါယ်တံခါးပိတ်တယ်။ အကြိမ်(၃၀) သိကြားမင်းဖြစ်တယ်၊ (၇၅)ကြိမ် စကြာမင်းဖြစ်တယ်၊ ရိုးရိုးကေရာဇ်ဘုရင်ဘဝ မရေနိုင်၊ မတွက်နိုင်အောင်ဖြစ်တယ်။

ဒီဂေါတမဘုရား သာသနာကျတော့ အိန္ဒိယနိုင်ငံ၊ သာဝတ္ထိပြည်မှာ သူဌေးသားသွားဖြစ်တယ်။ သူ ငါးနှစ်သား အရွယ်မှာ မိဘများက ရဟန်းတစ်ပါးကိုပင့်ပြီး ငါးပါးသီလ ဆောက်တည်ကြတယ်၊ ငါးနှစ်သားအရွယ်ကလေးကလည်း လိုက်ပြီး ဆောက်တည်တယ်။

ငါးပါးသီလအဆုံးမှာပဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီး ရဟန္တာဖြစ်သွားတယ်။ ဂုဏ်တော်ပွားတဲ့ ကုသိုလ်ကိုအကြောင်းပြုပြီး ရဟန္တာဖြစ်သွားတဲ့ မထေရ်ရဲ့ဘွဲ့က သုဘူတိတဲ့။ သူဟာ ဘဝတစ်ခုတုန်းက ဘုရားဂုဏ်တော်များကို တတ်နိုင်သမျှ ပွားများခဲ့တယ်။ ဒါ့ကြောင့် သူဟာ ဘဝအဆက်ဆက် ကောင်းကျိုးမျိုးစုံခံစားရပြီး ဘဝအဆုံးမှာ ရဟန္တာဖြစ်ခဲ့တယ်။

သူရရှိတဲ့ ဘဝကောင်းကျိုးတွေကို တပ်ကုန်းဆရာတော်က အခုလို လင်္ကာသီခဲ့တယ်။

**ဂုဏ်တော်ပွားထုံး၊ စိတ်လိုစုံပြည့်၊**



7B

**နတ်ဘုံကမ္ဘာ၊ သုံးသောင်းသာတည်း။**
**သိကြားမှာ ရှစ်ဆယ်၊ ကြောဝယ်တစ်ထောင်၊**
**အခေါင်ပဒေသရာဇ်၊ ကြိမ်ကြိမ်ဖြစ်၏၊**
**မကျအပါယ်၊ စည်းစိမ်ဝယ်လည်း။**
**လျော့မရှိဥစ္စာ၊ ဘိညာရာန်မှု။**
**ဂုဏ်ထူးနှင့်ပင်၊ နိဗ္ဗာန်ဝင်သည်၊**
**ဂုဏ်တော်ပွားသူ အကျိုးတည်း။**

သူဟာဘဝတစ်ခုက ဂုဏ်တော်ပွားခဲ့တဲ့ ကုသိုလ်ကြောင့် နတ်ပြည်မှာ အကြိမ်သုံးသောင်း နတ်သားဖြစ်ခဲ့ရတယ်။ သိကြားမင်းဘဝ အကြိမ်(၈၀)ဖြစ်ခဲ့ရတယ်။ တစ်ကမ္ဘာလုံးကို အုပ်ချုပ်ရတဲ့ စကြာမင်းဘဝ အကြိမ်ပေါင်းတစ်ထောင် ဖြစ်ခဲ့တယ်။

ရိုးရိုးကေရာဇ်ဘုရင်ဘဝ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ဖြစ်ခဲ့ရတယ်။ ဂုဏ်တော်ပွားတဲ့ ဘဝကစပြီး အပါယ်တံခါး ပိတ်သွားလိုက်တာ ကမ္ဘာနဲ့ချီသွားတယ်။ ဖြစ်ရာဘဝမှာ စည်းစိမ်ဥစ္စာတွေဟာ တိုးသာလာတယ်။ လျော့မသွားဘူး။ အခု နောက်ဆုံးဘဝမှာလည်း လွယ်လွယ်ကူကူ ရဟန္တာဖြစ်ရတယ်။

အဘိညာဉ်ခြောက်ပါးကိုလည်း ရရှိတယ်။ ပြီးတော့ ဘုရားရှင်ပြီးရင် အဘိညာဉ်ဝင်စားတဲ့ နေရာမှာ အတော်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကြီးကိုရပြီး ပရိနိဗ္ဗာန်ဝင်စံခွင့်ရခဲ့တာဟာ ဂုဏ်တော်ပွားတဲ့ ကုသိုလ်ကြောင့်ပါပဲ။

ဒါကြောင့် နိဗ္ဗာန်ကို ရည်မှန်းပြီး ဒါနပဲပြုပြု၊ သီလပဲ ဆောက်တည်ဆောက်တည်၊ ဂုဏ်တော်ပဲ ပွားပွား၊ မဂ်ဖိုလ် ရဖို့အတွက် အထောက်အပံ့ဖြစ်စေတယ်လို့ မှတ်ပေါ့။ ကိလေ သာဆယ်ပါးထဲမှာ နောက်ဆုံးနှစ်ပါးကတော့ အဟိရိကနဲ့ အနောတ္တပ္ပပဲ။

အဟိရိကဆိုတာ အကုသိုလ်ဒုစရိုက်နဲ့ ပတ်သက်ပြီး လုပ်ရမှာ၊ ပြောရမှာ၊ ကြံစည်ရမှာကို မရှက်တာပေါ့။ အနော တ္တပ္ပ ဆိုတာက အကုသိုလ်ဒုစရိုက်နဲ့ ပတ်သက်ပြီး လုပ်ရမှာ၊ ပြောရမှာ၊ ကြံစည်ရမှာကို မကြောက်တာပေါ့။ အဘိဓမ္မာမှာ အကုသိုလ်စိတ်ဖြစ်တိုင်း အမြဲတမ်းပါတဲ့ စေတသိက်လေးလုံး ကို ပြထားတယ်။

## အကုသိုလ်ဖြစ်အောင် ဦးဆောင်သော စေတသိက်များ

ပြောရရင် ဒီစေတသိက်လေးလုံးဦးဆောင်လို့ အကုသိုလ် တွေ လုပ်ဖြစ်တယ်လို့ ပြောရင်လည်း မမှားဘူးပေါ့။ အဲဒီစေတ သိက်တွေက မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့ပဲ။

**အမှန်တရားကို သေချာမသိခြင်း**

**အရှက်တရား မရှိခြင်း**

**အကြောက်တရား မရှိခြင်း**

**စိတ်ပျံ့လွင့်ခြင်း**

ဒီတရားလေးပါးကြောင့် ဒုစရိုက်မျိုးစုံကို လုပ်ဖြစ်နေတာလို့

မှတ်နိုင်တာပေါ့။

သန်း။ ။ကိလေသာဆယ်ပါးတော့ ပြည့်စုံသွားပြီ ဘုရား။ ဒီဆယ်ပါးထဲက သမုဒယသစ္စာထိုက်တဲ့ တဏှာလောဘ အကြောင်းကို အကျယ် အမိန့်ရှိပါဦး ဘုရား။

နုပ်။ ။ ဓမ္မစကြာတရားတော်မှာ တဏှာသုံးမျိုးကို ဟောထားတယ်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတဲ့။ ကာမတဏှာဆိုတာက– အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ ကာမဂုဏ်အပေါ်မှာ တပ်မက်တဲ့တဏှာကို ပြောတာပဲ။

ဘဝတဏှာဆိုတာက ဘဝအသစ်အသစ် လိုချင်တပ်မက်တာကိုပြောတာ၊ ဘဝအသစ်ကို လိုချင်တယ်ဆိုတာ ရုပ်နာမ်ခန္ဓာကို မြဲတယ်လို့ ထင်တဲ့အတွက်ပဲ။ ရုပ်နာမ်ခန္ဓာကို မပျက်စီးဘဲ မြဲတယ်လို့ယူတဲ့ ဒိဋ္ဌိကို သဿတဒိဋ္ဌိလို့ ခေါ်တယ်။ ဒါ့ကြောင့် ဘဝတဏှာဟာ သဿတဒိဋ္ဌိနဲ့ ယှဉ်တယ်လို့ ပြောကြတာပေါ့။

ဝိဘဝတဏှာဆိုတာက ဘဝပြတ်တာကို လိုချင်တဲ့တဏှာပဲ။ ရုပ်နာမ်ခန္ဓာဆိုတာ သေလျှင် ပြတ်တာပဲ။ နောက်ထပ် ဘာမှ ဆက်မဖြစ်တော့ဘူးလို့ ယူတဲ့ဒိဋ္ဌိကို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တယ်။ ဝိဘဝတဏှာဟာ အဲဒီ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်တယ်။

ဒီနေရာမှာ ဥစ္ဆေဒဒိဋ္ဌိ အယူကလည်း ဘဝပြတ်တာကို ယူတယ်၊ နိဗ္ဗာန်ကလည်း နောက်ခန္ဓာမလာဘဲ ဘဝပြတ်သွားတာဆိုတော့ မသိရင် အတူတူလို့ ထင်ရတယ်။ အမှန်တော့ မတူပါဘူး။

သန်း။ ။မတူပုံကို အမိန့်ရှိပါဦး ဘုရား။

နုပ်။ ။ ဥစ္ဆေဒဒိဋ္ဌိသမားက အကုသိုလ်ဒုစရိုက်တွေ အများကြီးလုပ်တယ်။ ပြီးတော့ နောက်ဘဝကျ အပါယ်လည်း မကျချင်ဘူး။ ဒီတော့ နောက်ဘဝဆိုတာ မရှိစေချင်ဘူးပေါ့။ သူဖြစ်စေချင်တိုင်း နောက်ဘဝဆိုတာ မရှိဘူး ဆိုပြီး ဖွတ်ယုံကြည်နေတာဟာ ဥစ္ဆေဒဒိဋ္ဌိ။

နိဗ္ဗာန်ဆိုတာကတော့ နောက်ဘဝဖြစ်စေမယ့် အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ အကြောင်းတရားတွေကို မဂ်နဲ့ ပယ်သတ်လိုက်တဲ့အတွက် ဘဝအသစ်ထပ်မဖြစ်တော့တာကို ပြောတာပါ။ ဒီအချက်နဲ့ ပတ်သက်ပြီး မဟာစည်ဆရာတော်ဘုရားကြီးက အနတ္တလက္ခဏာသုတ်တရားတော်မှာ အခုလို ဝေဖန်စိတ်ဖြာပြီး ဟောကြားထားတယ်။

## ဥစ္ဆေဒအယူနှင့် နိဗ္ဗာန်

နောက်ပြီးတော့ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံသွားတဲ့အခါ ဘဝသစ် ရုပ်နာမ်ခန္ဓာ မဖြစ်တော့ဘဲ ငြိမ်းသွား တယ်လို့ဆိုတဲ့ ဗုဒ္ဓတရားတော်ဟာ သေပြီးနောက် ဘာမှမရှိတော့ဘူးလို့ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူနဲ့ မတူပေဘူးလားလို့ မေးစရာရှိပါတယ်။ အဲဒါလည်း မတူပါဘူး။ ဥစ္ဆေဒဒိဋ္ဌိအယူကတော့ မသေခင်မှာ အတ္တကောင် အနေနဲ့ ရှိနေတယ်။ သေတဲ့အခါကျတော့ အဲဒီရှိနေတဲ့ အတ္တကောင်ဟာ ပျောက်သွားတယ်လို့ ဆိုတယ်။

အဲဒီလို အတ္တကောင် ပျောက်သွားတဲ့ဟာကလည်း ဘာမျှ

အားမထုတ်ရဘဲ သူ့အလိုလို ပျောက်သွားတယ်လို့ ယူဆထား ပါတယ်။ နောက်ပြီးတော့ ရုပ်ဝါဒသမားစသည်တို့က သူတို့မှာ အယူမှားအတ္တစွဲ မရှိဘူးလို့ ထင်နေပေမယ့် သေပြီးရင် ဘာမျှ မရှိတော့ဘူး။ မသေခင်သာ အကောင်းအဆိုးကို ခံစားရတယ် လို့အယူရှိနေတဲ့အတွက် မသေခင် ခံစားနိုင်တယ် ဆိုတဲ့အစွဲ ဟာ အတ္တစွဲပါပဲ။

ဗုဒ္ဓတရားတော်မှာတော့ ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန် မပြုမီ ရှေးအဖို့၌လည်း မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ် အလျင်မျှသာ ဖြစ်တယ်။ အတ္တကောင်ရယ်လို့ မရှိဘူး။ ခံစားတယ်ဆိုတာ လည်း အသစ်အသစ် ဖြစ်ဖြစ်နေတဲ့ ဝေဒနာသဘောတရား မျှပဲ။ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ရုပ်နာမ်အသစ် မဖြစ်လာတော့ ဘဲ ပြတ်စဲသွားတယ်ဆိုတာကလည်း သူ့အလိုလိုပြတ်စဲ သွား တာမဟုတ်ဘူး။ အရိယာမဂ်၏ အစွမ်းကြောင့် ကိလေသာနှင့် ကံဆိုတဲ့ အကြောင်းတရား ချုပ်ကင်းသွားတယ်။ အဲဒီ အကြောင်းတရား ချုပ်ကင်းသွားသောကြောင့် ရုပ်နာမ်အသစ် မဖြစ်လာတော့ဘဲ ပြတ်စဲသွားတာပဲ။ ဒါကြောင့် ဗုဒ္ဓတရား တော်က ပရိနိဗ္ဗာန်စံပြီး ချုပ်ငြိမ်းသွားပုံဟာ ဥစ္ဆေဒအယူက ဆိုထားတဲ့ ပြတ်စဲပုံနဲ့ မတူဘူး။ အများကြီး ကွာခြားနေတယ် လို့ မှတ်ရမယ်။

ခုပြောခဲ့တာက မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဥစ္ဆေဒ ဒိဋ္ဌိအယူနဲ့ နိဗ္ဗာန်ကွာခြားပုံရှင်းလင်းချက်ပဲ။ တဏှာဟာ လူ့ သန္တာန်မှာဖြစ်လည်းလိုချင်တာပဲ။ နတ်သန္တာန်မှာဖြစ်လည်း

လိုချင်တာပဲ။ ခွေးသဏ္ဍာန်မှာဖြစ်လည်း လိုချင်တာပဲ။ လိုချင်ခြင်း သဘောတရားက ဘယ်သောအခါမှ ဖောက်ပြန်မသွားဘူး။

ထို့အတူ လောဘကို လက်ခံသူမှန်သမျှကိုလည်း ပြိတ္တာဘုံသို့ ဆွဲချခြင်းသဘောတရားမှ ဘယ်တော့မှ ဖောက်ပြန်မှာမဟုတ်ဘူး။ (၇ ႋ ၂ ႋ ၂၀၀၈)နေ့က ငါဟာ ထူးခြားတဲ့ရွာက ထူးခြားတဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်။ သူ့နာမည်က ကိုဝင်းနိုင်တဲ့။ သူက ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှာ နေတယ်။

## သရက်ဆောဂုံကြောင့် ကင်ဆာပျောက်သူအကြောင်း

ချောင်းဆိုးရာကစပြီး သူဟာ လည်ချောင်းအစာမျိုမရတဲ့ ရောဂါဖြစ်လာတယ်။ ရန်ကုန်ဆေးရုံကြီးကိုတက်ပြီး အသားစ,ယူ စစ်ဆေးကြည့်တဲ့အခါ လည်ချောင်းကင်ဆာ ဖြစ်နေတယ်။ စဖြစ်စ သိကတည်းက ဓါတ်ကင်ရင် ပျောက်နိုင်တယ်။ သူတို့ဟာ အကြောက်လွန်ပြီး ဆေးရုံပေါ်က ဆင်းပြေးကြတယ်။

သူတို့ဆိုတာ သူရယ်၊ သူ့ဇနီးကျောင်းဆရာမ မစန်းစန်းမြင့်ရယ်ကိုပြောတာ၊ နောက်မော်လမြိုင်ကျွန်းက မြန်မာဆရာနဲ့ကုတယ် မပျောက်ဘူး၊ တစ်ခါပုသိမ်ဘက်က မြန်မာဆရာနဲ့ကုတယ် မပျောက်ဘူး၊ မပျောက်တဲ့အပြင် ပုသိမ်က ဆရာက အထဲကအနာ အပြင်ရောက်အောင် လုပ်ကုမယ်လို့ ပြောပြီး

ပတ်တီးစည်းပေးလိုက်တာ၊ ပတ်တီးဖြည်တာနဲ့ လည်ချောင်းမှာ အနာကြီးတွေ ဖြစ်လာတာပဲ။

ရောဂါမပျောက်တဲ့အပြင် အနာဖြစ်တာပဲ အဖတ်တင်တာပေါ့။ ဒီအချိန်မှာ လူကလည်း အရိုးပေါ်အရေတင်ယဲ့ယဲ့ပဲကျန်တော့တယ်။ နောက်တစ်ခါ ရန်ကုန်တာမွေက ဆရာဝန်ဗိုလ်ကြီးအငြိမ်းစားဆီမှာ ကုပြန်တယ်။ တစ်ရက်တစ်သိန်းနှုန်းနဲ့ ရက်ပေါင်းသုံးဆယ်သာ ကြာသွားတယ်။ ရောဂါကတော့ မပျောက်ဘူး။ လယ်ယာချောင်းမြောင်းတွေ ရောင်းကုရတဲ့အတွက် ကျပ်သိန်းပေါင်း(၃၀)ပဲ ပျောက်သွားတယ်။

အသက်ဘေးနဲ့ တွေ့နေရတဲ့သူတွေဆီက ငွေကိုစားရက်တဲ့ သူတွေကိုလည်း အတော်အံ့သြမိပါတယ်။ နောက်ဆုံးသေခါနီးကျတော့မှ ဓါတ်ကင်မယ်ဆိုပြီး ရန်ကုန်ဆေးရုံကြီးပြန်ရောက်တယ်။ ဆရာဝန်တွေကတော့ မရနိုင်တော့ဘူးလို့ ပွင့်ပွင့်လင်းလင်း ဝန်ခံကြတယ်။

ဓါတ်မကင်ဘဲ လျှောက်ကုနေတဲ့အတွက် ရောဂါကကျွမ်းသွားတာကိုး။ ဒါပေမဲ့ ရရ၊ မရရ ကင်ကြည့်မယ်လို့ ပြောတဲ့အတွက် ဓါတ်ကင်ပေးပါတယ်။ ဓါတ်စကင်တဲ့ရက်မှာပဲ တို့ရဲ့ စာဖတ်ပရိသတ်ဖြစ်တဲ့ လပွတ္တာမြို့နယ်၊ အလယ်ရေကျော်ရွာက ကိုသန်းထွန်းနဲ့ မခင်အေးမူတို့က တို့ရေးတဲ့ 'သရဏဂုံအစွမ်းအံ့မခန်း'ဆိုတဲ့ စာအုပ်လေးတစ်အုပ် ကိုဝင်းနိုင်ကို သွားပေးပြီး ဖတ်ခိုင်းတယ်။

သေလူဆိုတာကို သေချာသိထားတဲ့ ကိုဝင်းနိုင်လည်း

ဒီစာအုပ်ကို သဲကြီးမဲကြီး သေချာဖတ်တာပေါ့။ သေချာဖတ်တော့ ရတနာသုံးပါးရဲ့ တန်ဖိုးကို သေချာသိသွားတယ်။ အဲဒီနေ့ကစပြီး အကုသိုလ်ဖြစ်စရာ စိတ်ဆင်းရဲစရာတွေကို မတွေးတော့ဘဲ စိတ်ထဲကနေ သရဏဂုံသုံးပါးပဲ ရွတ်ဆိုပူဇော်နေတော့တယ်။

သရဏဂုံရွတ်တာရော ဓါတ်ကင်တာရော နှစ်ခုပေါင်းလိုက်တဲ့အခါ ဆရာဝန်ကြီးတွေ ကိုယ်တိုင်သေမယ်လို့ ယူဆထားတဲ့ ကိုဝင်းနိုင်ရောဂါဟာ တဖြည်းဖြည်းနဲ့ လုံးဝပျောက်ကင်းသွားတယ်။ ဒါ့ကြောင့် ကျေးဇူးတင်လွန်းလို့ဆိုပြီး ငါ့ကိုသူတို့မိသားစုက ကန်တော့ကြတယ်။

ပြီးတော့ ဗုဒ္ဓဘာသာဖြစ်ပြီး သရဏဂုံအစွမ်းကို သေချာမသိကြတဲ့ သူတို့ရွာကလူတွေကိုလည်း ဆရာတော့်အနေနဲ့ တစ်ရက်လောက် တရားလိုက်ဟောပေးပါလို့ လျှောက်ထားတဲ့အတွက် တစ်ရက် လိုက်ဟောပေးရတယ်။ ရွာကို ညနေပိုင်းရောက်တဲ့အခါ ကျောင်းမှာတည်းရတယ်။ အလှူရှင်တစ်ဦးက သူဆောက်ထားတဲ့ ကျောင်းကြီးရေစက်မချရသေးလို့ ရေစက်ချပေးပါလို့ လျှောက်ထားလို့ ရေစက်ချပေးဖို့ ပြင်ဆင်ရတယ်။

သန်း။ ။ကျောင်းထိုင်ဘုန်းကြီးကို ဘာလို့ ရေစက်မချခိုင်းရတာလဲ ဘုရား။

## နှစ်ပေါင်းတစ်ရာ ပြိတ္တာဖြစ်ရခြင်းအကြောင်း

နုပ်။ ။ မချခိုင်းဆို ကျောင်းထိုင်ဘုန်းကြီးက လေဖြတ်ထားတာကိုး။

ရေစက်ချခါနီးမှာ ထူးခြားချက်တစ်ခုလျှောက်တယ်။ ဒီကျောင်းကို စတင်တည်ထောင်ခဲ့တဲ့ ဆရာတော်ကြီးဟာ ခုထိမကျွတ်သေးဘူးတဲ့။ နှစ်တစ်ရာတောင်ကျော်ပြီတဲ့။

ဒ့ါကြောင့် ဆရာတော်ကြီးကို အမျှပေးဖို့ လျှောက်ထားကြတယ်။ ငါလည်း ဆရာတော်ကြီးရဲ့ ဘွဲ့အမည်တပ်ပြီး အမျှပေးလိုက်ပါတယ်။ ကျွတ်၊ မကျွတ်တော့ ဘုရားမှ သိမှာပဲ။ ပြောချင်တာက တဏှာရဲ့ကြောက်စရာကောင်းပုံပဲ၊ နှစ်ပေါင်းတစ်ရာကျော်တဲ့အထိ ဒီဆရာတော်ကြီးကို ပြိတ္တာဘဝကနေ မလွတ်အောင် ဆွဲဆောင်ထားတာဟာ တဏှာပဲ။

ဒါကြောင့် တဏှာဟာ ဘယ်သတ္တဝါရဲ့သန္တာန်မှာ ဖြစ်ဖြစ် လိုချင်ခြင်း သဘောတရားက ဘယ်သောအခါမှ ဖေါက်ပြန်မသွားသလို သူ့ကိုလက်ခံထားသူမှန်သမျှကိုလည်း လူဖြစ်စေ၊ ရဟန်းဖြစ်စေ ပြိတ္တာဘုံသို့ ဆွဲချခြင်းသဘောတရားက ဘယ်တော့မှ ဖေါက်ပြန်မသွားဘူးလို့ ပြောခဲ့တာပေါ့။ ကိုဝင်းနိုင်တို့ရွာက တော်တော်ထူးခြားတယ်။

သန်း။ ။ရွာနာမည်ကို ပြောပါဦးဘုရား။

နုပ်။ ။ နောက်အပတ်မှပေါ့ကွာ။

## ရုပ်နာမ်များ ဘဝကူးပြောင်းပုံ

**မေး။** ။ဒီဘဝကနေပြီး စုတိစိတ်ကျတဲ့အခါ စိတ်နဲ့ရုပ်တွေဟာ နောက်ဘဝများသို့ မည်သို့မည်ပုံ ကူးပြောင်းလိုက်ပါသွားပါသလဲ။ [(၃၁ ◦ ၁၂ ◦ ၇၃)နေ့က ရန်ကုန်မြို့၊ တံတားလေးစိတ်ရောဂါ

အထူးကုဆေးရုံ၊ ဆေးရုံအုပ်ကြီး ဦးနေဝင်းနှင့် ဂါးဒီးယန်း အင်္ဂလိပ် သတင်းအယ်ဒီတာ ဦးစိန်ဝင်းတို့က မေးမြန်းခြင်း ဖြစ်ပြီး အမရပူရ၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ က ဖြေကြားသည်။]

ဖြေ။ ။ သိပ်မေးဖို့ကောင်းတာပေါ့။ မေးလည်း မေးထိုက်တယ်။ လေ့လည်း လေ့လာဖို့ကောင်းပါတယ်။ မေးလိုတာက ဒီဘဝက စိတ်တွေရုပ်တွေ နောက်ဘဝကို ကူးပြောင်းသွားသလား၊ ဘယ်လိုလုပ်ပြီးတော့ နောက်ဘဝကို ကူးစက်သွားသလဲ– ဒီလိုမေးလိုရင်း မဟုတ်လား။

''တင်ပါဘုရား''

''ဘုန်းကြီးတို့ ခုနတုန်းက စိတ်တွေဖြစ်ပျက်၊ ဖြစ်ပျက်ပြောခဲ့တယ် မဟုတ်လား၊ ရုပ်တွေလည်း ဖြစ်ပျက်၊ ဖြစ်ပျက်ပဲ။ ဒါကိုပထမဆုံး လက်ခံ၊ မခံ။ ဒါအရေးကြီးတယ်။ ဟုတ်တယ်၊ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီး ပျက်ပဲ။ လက်ဖျောက်တစ်ချက်တီးချိန် ကလေးမှာပဲ စိတ်တွေဟာ ကုဋေတစ်သိန်းမက ဖြစ်ပြီးပျက် အပြောင်းအလဲရှိတယ်။

ရုပ်တစ်ချက်မှာ စိတ်က (၁၇)ချက်လောက် အဖြစ်အပျက် မြန်တယ်ဆိုတော့ လက်ဖျောက်တစ်ချက်တီးချိန်မှာ ရုပ်ပေါင်း ဘယ်လောက်အဖြစ်အပျက် ရှိရမယ်ဆိုတာ သင်္ချာသမားတွေ က တွက်လို့ရမယ်။

**(မှတ်ချက်)** <u>လက်ဖျောက်တစ်ချက်တီး(တစ်စက္ကန့်)အချိန် အတွင်း ရုပ်တရားသည် အကြိမ်ပေါင်း ကုဋေ(၅၈၈၀)ကျော်</u>

ဖြစ်ပြီး ပျက်သည်။

အဲဒါလက်ခံလို့ရှိရင် ခုန်ကျော်ပြီး ပြောလိုက်တော့မယ်။ ဒကာတို့ရဲ့ ခုဖြစ်နေတဲ့စိတ်ဟာ တစ်နာရီလောက်ဆိုရင် ဘာမှ အဆက်အစပ်မရှိတော့ဘူး။ တစ်မျိုးပြောင်းသွားပြီ၊ လက်ဖျောက်တစ်ချက်၊ မျက်စိတစ်မှိတ်ခန့် အချိန်ကလေးမှာတောင် ကုဋေတစ်သိန်းမက ပြောင်းသေးတာ၊ တစ်နာရီလောက်ဆိုတော့ ပြောင်းချင်တိုင်းပြောင်းသွားပြီပေါ့။

အခု မကျေနပ်လို့ ဒေါသစိတ်ဖြစ်နေ၊ မျက်နှာကြီး နီရဲလို့ ဟော တောင်းပန်လိုက်တော့ ကျေနပ်ပြီး ချက်ချင်း သောမနဿစိတ်တွေ ပြောင်းသွား၊ မျက်နှာလည်း ကြည်သွား၊ အပြောင်းအလဲ မြန်တယ်။

## ကမ္မသတ္တိတွေ ကျန်ရစ်တယ်

ဘုန်းကြီးတို့ စောစောတုန်းက ကံအကြောင်း ပြောခဲ့တယ်နော်။ လူဖြစ်ဖို့ရာ ပထမဆုံးကံကြောင့် ရုပ်ကလာပ် ၃-ခု စတည်ရတယ်လို့ ပြောခဲ့ပါတယ်။ ခုဘုန်းကြီးက ဒကာတို့ကို နားလည်အောင် ရှင်းပြနေတဲ့အချိန် ဘုန်းကြီးရဲ့ သန္တာန်မှာ စိတ်နှင့်စေတသိက်တွေ များစွာဖြစ်လျက် ရှိတယ်။

အဲဒီစေတသိက်တွေထဲမှာ သူများထက် ဗျာပါရတွေကဲပြီး လှုံ့ဆော်တတ်တဲ့ စေတနာဆိုတာ ပါရှိတယ်။ အဲဒီစေတနာကို ကံလို့ ခေါ်ပါတယ်။ ကံဆိုတာ ကမ္မကလာတာ၊ ကမ္မဆိုတာ အလုပ်၊ ကြောင့်ကြဗျာပါရ အလုပ်ပဲ၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု

တို့၏ ကြောင့်ကြဗျာပါရ အလုပ်ပဲ။

ထပ်ပြောပါဦးမယ်၊ ကောင်းတဲ့ကိစ္စပဲဖြစ်ဖြစ်၊ မကောင်းတဲ့ ကိစ္စပဲဖြစ်ဖြစ်၊ သိသိသာသာနှင့် စိတ်ပါလက်ပါ ပြုလုပ်လိုက်တဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ဟာ သာမန်အမှတ်တမဲ့ စိတ်များနဲ့ မတူဘူး။ အဲဒီကိစ္စတွေမှာ ဗျာပါရကဲနေပါတယ်။ အဲဒီ စိတ်ရဲ့ ဗျာပါရ၊ စိတ်ရဲ့ လှုံ့ဆော်မှုကိုပဲ အဘိဓမ္မာသဘောအား ဖြင့် စေတနာစေတသိက်လို့ ခေါ်ပါတယ်။

အဲဒီစေတနာကို ဗျာပါရကဲပြီး အလုပ်လုပ်တတ်တဲ့ စေတနာ ကမ္မ–ကံ–အမှုသည်– လက်သည်လို့ခေါ်ပါတယ်။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိတဲ့၊ ငါဘုရားက စေတနာကို ကံလို့ အမည်ပေးတယ်တဲ့၊ ရှေ့ဆက်ကြဦးစို့ လက်ဖျောက် တစ်ချက် တီးချိန်မှာ စိတ်စေတသိက်တွေ ကုဋေတစ်သိန်း ဖြစ်ပျက် တယ်ဆိုတော့ ဒီကံတွေဟာလည်း ကုဋေတစ်သိန်းမက ဖြစ် ပျက်မှာပဲ၊ ဟုတ်ပေဘူးလား။

ဖြစ်ပြီးပျက်ကုန်တယ်၊ မရှိတော့ဘူး။ ဘာမျှ မကျန်တော့ ဘူးလားဆိုတော့ ဒီမှာသိပ်လိုက်ဖို့ ကောင်းတာပေါ့။ သိပ်လေ့ လာဖို့ကောင်းလာတယ်။ သိပ်စိတ်ဝင်စားဖို့ ကောင်းလာတယ်။ ပြီးပြီးပျောက်ပျောက် အကုန်ချုပ်သလားဆိုတော့ မဟုတ်ဘူး။ သတ္တိတွေ ကျန်ရစ်တယ်။ ကမ္မသတ္တိတွေ ကျန်ရစ်တယ်။ ကမ္မသတ္တိတွေ ချန်ထားခဲ့ပြီးမှ စေတနာတွေချုပ်ပျောက်ကုန် တယ်။

သတ္တိဆိုတာ အရာဝတ္ထုမဟုတ်ဘူးနော်၊ အခိုးအငွေ့လည်း

မဟုတ်ဘူး။ အဲ ‥ ဒါ့ကြောင့် ခန္ဓာကိုယ်မှာလည်း လေးပြီး ကျန်ရစ်ခဲ့တာမျိုး မဟုတ်ဘူး။ သတ္တိဟာ သတ္တိပဲ။

## ဘယ်မှာတည်ပြီး ကျန်ရစ်သလဲ

လက်ဖျောက်တစ်ချက်တီးချိန်၊ မျက်စိတစ်မှိတ်ခန့် အချိန်မှာ ကုဋေတစ်သိန်းမက ချုပ်ကုန်တယ်ဆိုတော့ သတ္တိတွေလည်း ကုဋေတစ်သိန်းမက ကျန်ရစ်မှာပေါ့။ အများကြီးပဲ၊ သတ္တိတွေ အများကြီး။ အများကြီး။ အဲဒီသတ္တိတွေ ဘယ်မှာတည်ပြီး ကျန်ရစ်တာတုံး၊ ဒီလိုမေးရင် တည်တယ်လည်း မဟုတ်ဘူး။ တည်တယ်ဆိုရင် အရာဝတ္ထုမို့ တည်တယ်ဖြစ်ရမှာပေါ့။

ဒီဘဝရယ်၊ ရှေးဘဝရယ် ဘဝပေါင်းများစွာက ပြုလာတဲ့ ကမ္မသတ္တိတွေ၊ ဝါသနာအရ ပြုထားတဲ့စိတ်တွေရဲ့ ဓါတ်သတ္တိတွေ၊ အဲဒီသတ္တိတွေက အရာဝတ္ထုလားဆိုတော့၊ အရာဝတ္ထု မဟုတ်ဘူး။ သတ္တိပဲ၊ အစွမ်းပဲ၊ အရှိန်အဝါပဲ။ အဲဒါတွေရှိပြီး ကျန်ရစ်တယ်။ တစ်ခုခုအပေါ် ရပ်တည်ပြီး ကျန်ရစ်တာတော့ မဟုတ်ဘူး။ ရုပ်နာမ်ခန္ဓာတွေ ချုပ်ပျောက်ကုန်တဲ့အခါ ဆိုင်ရာ ပုဂ္ဂိုလ်အတွက် အရှိန်အဝါအစွမ်းသတ္တိတွေရှိပြီး ကျန်ရစ်ခဲ့တယ်။

နေဦး– အဲလို သတ္တိတွေရှိပြီး ကျန်ရစ်ခဲ့ပုံကို ဘုန်းကြီးတစ်ခု ပြောဦးမယ်။ ကလေးတစ်ယောက်ဟာ ငယ်ငယ်တုန်းက မူလတန်းမှာ ပညာသင်ခဲ့တယ်၊ စာတွေမေ့ပျောက်ကုန်ပါတယ်။ မရတော့ပါဘူး။ ဒါပေမဲ့ အဲဒီစာနဲ့ဆိုင်တဲ့ အသိဉာဏ်တွေက

ကျန်ရစ်တယ်။ ဒေါက်တာတို့လည်း ဒီအတိုင်းပဲ။

တက္ကသိုလ်တွေမှာ ဆေးပညာနှင့်ပတ်သက်တဲ့ စာတွေသင်ခဲ့ကြတယ်။ ခုတော့ ဒီစာတွေ အကုန်မရတော့ပါဘူး။ ဒါပေမဲ့ အဲဒါနဲ့ ပတ်သက်တဲ့ အသိဉာဏ်တွေကတော့ ကျန်ရစ်လို့လည်းပဲ အသိဉာဏ်တွေ စုမိပေါင်းမိပြီး ဉာဏ်တွေရင့်ရင့်လာတာပေ့ါ။ ဒါဟာ အဲဒီပုဂ္ဂိုလ်အတွက် အရှိန်အဝါတွေ၊ သတ္တိတွေလိုက်နေတယ်လို့ သိနိုင်တာပဲ။

ဒီသဘောပဲ။ ဗုဒ္ဓမြတ်စွာ ပါရမီတွေဖြည့်တယ်ဆိုတာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်မှ ပြည့်တာ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုတာ အလွန့်အလွန်ကြာညောင်းတဲ့ အချိန်ကာလ၊ ဒီအတွင်းမှာ ဒါနပါရမီတို့၊ သီလပါရမီတို့၊ ခန္တီပါရမီတို့၊ ပညာပါရမီတို့ စသည်ဖြင့် ဖြည့်ခဲ့တယ်။ လှူခဲ့တန်းခဲ့တယ်။ ပစ္စည်းအဖြစ်နဲ့တော့ ကုန်ခဲ့ပျောက်ခဲ့တယ်။ ဒါပေမဲ့ သတ္တိအရှိန်အဝါတွေ ကျန်ခဲ့တယ်။ လိုက်လာတယ်။

ပညာဉာဏ်ကြီးဖို့လည်း ပါရမီတွေဖြည့်ခဲ့တယ်။ ဖြည့်ရင်းဖြည့်ရင်းနှင့် သတ္တိတွေ အရှိန်အဝါတွေ စုမိပေါင်းမိပြီးတော့ နောက်ဆုံးမှာ ဉာဏ်တုံးဉာဏ်ခဲကြီးလို ဖြစ်လာတယ်။ ဒီအခါမှာ သဗ္ဗညုတဉာဏ်ဆိုတဲ့ ဉာဏ်ကြီးဖြစ်လာပြီး ဘုရားအဖြစ်သို့ ရောက်လာတော့တာပဲ။ အဲလိုပဲ သတ္တိတွေဟာ လိုက်လာတယ်။

## ဟိုဘက်ဘဝကို ဘယ်လိုကူးသလဲ

ကဲ– အစကမေးခွန်းကို ပြန်ကောက်ကြစို့။ အခုသေခါနီး

ရောက်သွားပြီ။ သူ့ဘဝမှာ ပြုလုပ်ခဲ့တဲ့ ကံတွေအများကြီးရှိတယ်။ သတ္တိတွေလည်း အများကြီး ကျန်ရစ်တယ်။ ကံတွေက အကျိုးပေးမယ်။ အဖေါ်ကောင်းကောင်းရရင် အကျိုးပေးဖို့ အသင့်ပဲ။ ကောင်းတဲ့ကံတွေကလည်း ကောင်းကျိုးပေးမယ်။ မကောင်းတဲ့ ကံတွေကလည်း မကောင်းကျိုးပေးမယ်။ သူဦးကိုယ်ဦး အသင့်စောင့်နေကြတာပဲ။

ဒီအချိန်အခါမှာ ဆွေမျိုးတွေက ငိုကြွေးကြရင် အဲဒီဘက် စိတ်ရောက်သွားပြီး မကောင်းတဲ့ကံတွေက အခွင့်ရလို့ မကောင်းကျိုးပေးတော့မှာပဲ။ ခုထိ စိတ်ရဲ့ရှေ့နားက ကပ်နေတဲ့ ထင်လာတဲ့ အာရုံအလိုက် အကျိုးပေးရတာ။ ဒီအချိန်ဟာ သိပ်အရေးကြီးတယ်။ အာရုံကောင်းအောင် ပြင်ပေးဖို့လိုတယ်။ စုတိစိတ်ရဲ့ ရှေ့နားက ထင်လာတဲ့ အာရုံဟာ အကျိုးပေးဖို့ရာ အကူအညီပဲ။

ရှေ့နားက ထင်နေတဲ့အာရုံက ကောင်းတဲ့အာရုံဆိုရင်တော့ အာရုံအလိုက် ကောင်းကျိုးပေးမှာပဲ။ အဲဒီလို သေပေါက်သေဝမှာ ကပ်နေတဲ့ကံက အကျိုးပေးမြဲပဲ။ ဘာလို့လဲ သူက အခွင့်အရေးအသာဆုံးမို့ပဲ။ ဥပမာ– နွားခြံမှာ နွားတွေအများကြီး သွင်းလှောင်ထား။ ခြံတံခါးကို ဖွင့်လိုက်ပြီဆိုရင် ခြံဝမှာရှိတဲ့ နွားက နွားအိုကြီးပင် ဖြစ်ပါစေ အလျင်ထွက်ရသလိုပဲ။ လွယ်လွယ်နဲ့ အခွင့်သာတဲ့ ကံက အကျိုးပေးတာပဲ။

တချို့ ဒီဘက်ဘဝမှာ ဓါးခုတ်ရာကြီးနဲ့သေတော့ ဟိုဘက်ဘဝမှာ ဓါးခုတ်ရာပါနေတယ်။ ဒါဘယ်လိုလဲဆိုတော့ သူ့စိတ်

က ဒီခါးခုတ်ရာကို စွဲနေတယ်။ စိတ္တဇရုပ်က ခါတ်ချင်းဆက်နေတယ်။ ဒီရုပ်တွေကို ဟိုဘက်ဘဝသယ်သွားတာတော့ မဟုတ်ဘူး။ မဟုတ်ပေမယ့်လို့ ခါတ်ချင်းကဆက်နေတော့ ဟိုဘက်ဘဝရုပ်မှာ ခါးခုတ်ရာပါနေတယ်။ ဒီဘက်ရုပ်တွေ ဟိုဘက်ကို တိုက်ရိုက်ကူးသွားတာတော့ မဟုတ်ဘူး။

ဟိုဘက်ဘဝမပြောနဲ့ ဒီဘက်ဘဝမှာတောင် မကူးဘူး။ ဥပမာ– ဆယ်နှစ်သားအရွယ်မှာရှိနေတဲ့ ခါးခုတ်ရာဟာ ၁၁ နှစ်သားကျတော့ မူလခါးခုတ်ရာ မပါတော့ဘူး။ ဒါပေမဲ့ မြင်နေရတဲ့ ခါးခုတ်ရာက ရုပ်သစ်ပဲ။ အသစ်အသစ် ဖြစ်ပေါ်လာတဲ့ ခါးခုတ်ရာပဲ။ ခါတ်ချင်းဆက်နေတော့ ရုပ်ရုပ်ချင်း၊ ကျေးဇူးပြုလိုက်တဲ့အတွက် ဒီကအရာလေးနဲ့ဆိုင်တဲ့ ရုပ်ကလေးတွေပဲ ဟိုမှာ သွားပြီးတော့ဖြစ်တယ်။

အဲဒီအတိုင်းပဲ ဟိုဘက်ဘဝမှာ ခါးခုတ်ရာထင်နေတာလည်း ရုပ်သစ်ပဲ။ စိတ်ခါတ်ကဆက်ရက်ဖြစ်နေလို့ ဟိုဘက်မှာ ရုပ်သစ်သွားဖြစ်တာ၊ ဒီနည်းတူ ကူးသွားတာပါ။ ဒီဘက်ဘဝက စိတ်တွေ ရုပ်တွေ ဟိုဘက်ဘဝကို တိုက်ရိုက်ကူးသွားတာ မဟုတ်ပါဘူး။ ကဲ ဒီမေးခွန်းက ဒါလောက်ဆိုပြေပါပြီ။

## ဆရာရှိနေလို့ တပည့်ကြီးပွားသလို

မေး။ ။ တပည့်တော်တစ်ခုမေးပါရစေဦးဘုရား။ စိတ်ဟာ ဦးနှောက်မှာဖြစ်တယ်လို့ နိုင်ငံခြားပါရဂူများက ဆိုကြပါတယ်။ ဗုဒ္ဓဘာသာမှာတော့ ဟဒယဝတ္ထု– နှလုံးမှာဖြစ်တယ်လို့ ကြားဖူးပါတယ်။

ဘယ်လိုပါလဲ ဘုရား။ ရှင်းပြတော်မူပါ။

ဖြေ။ ။ သူတို့ အယူအဆကို ဘုန်းကြီးက မသိဘဲနဲ့တော့ မရှင်းနိုင်ပါဘူး။ ဘုန်းကြီးတို့လည်း ကိုယ့်နည်းနဲ့ ကိုယ်ပေါ့လေ။ ဟဒယဝတ္ထုမှာ မှီတယ်ဆိုပေမယ့် အကောင်အထည်မှီသလိုတော့ မှီနေတာ မဟုတ်ပါဘူး။ ခုနတုန်းက ဘုန်းကြီးပြောပြီးပြီ မဟုတ်လား။ ပဋိသန္ဓေနေကတည်းက ဟဒယဆိုတဲ့ ဝတ္ထုရုပ်ပါလာတယ်။ အဲဒီ ပဋိသန္ဓေနေတုန်းက ဘယ်မှာ ဒီလိုကိုယ်တွေ ဘာရှိဦးမှာလဲ။

အဲဒီတုန်းက ဟဒယဝတ္ထု ပါလာတယ်။ အဲဒီကတည်းက အသိစိတ်ဆိုတာဖြစ်ပြီး အဲဒီဝတ္ထုတွေရှိလို့မို့ စိတ်ဖြစ်နိုင်တာ၊ ဝတ္ထုရုပ်မရှိရင် ကာမဘုံ၊ ရူပဘုံမှာ စိတ်မဖြစ်နိုင်ဘူး။ ဥပမာ ဆရာရှိလို့ တပည့်ကြီးပွားတယ်။ ဆရာမရှိရင် တပည့်မကြီးပွားနိုင်ဘူး။ မိဘရှိလို့ သားသမီးကြီးပွားတယ်။ မိဘမရှိရင် သားသမီး မကြီးပွားနိုင်ဘူး။

ဒီသဘောမျိုးပါ။ တစ်ခါက တပည့်က ဆရာကိုမှီနေတယ်။ မှီနေတယ်ဆိုတာ ကပ်ပြီး မှီနေတာမျိုး မဟုတ်ဘူး။ ဘုန်းကြီး ဘယ်မှ မသွားနဲ့နော်၊ တပည့်တော်လဲသွားလိမ့်မယ်လို့ ကပ်ပြီး မှီနေတာမျိုး မဟုတ်ဘူး။ ဆရာက ဟိုကျောင်းမှာနေတယ်။ တပည့်က ဒီကျောင်းမှာနေပေမယ့်လို့ ဆရာကိုမှီနေတာပဲ ဆရာ့စကားကို နားထောင်နေတာပဲ။

မိဘကို သားသမီးက မှီတာလည်း ဒီအတိုင်းပါပဲ။ တစ်အိမ်စီနေပေမယ့် မိဘစကားဆုံးမသြဝါဒများကို နားထောင်လိုက်

နာရင် မှီတာပဲ။ ရင်ခွင်ထဲမှာ မှီနေတာမျိုး မဟုတ်ဘူး။ စကား သဘောအားဖြင့် ဖြစ်အောင်ပြောတာ။ အဲဒါကြောင့် ဟဒယ ဝတ္ထု ရုပ်ကို မှီတယ်ဆိုတာ ဟဒယဝတ္ထု၏အပေါ်မှာ စိတ်က တည်နေတာမျိုး မဟုတ်ဘူး။

ဟဒယဝတ္ထုရှိလို့ စိတ်ဖြစ်နိုင်တာ၊ သူမရှိရင် ကာမ၊ ရူပဘုံ မှာ စိတ်မဖြစ်နိုင်ဘူးလို့ ဆိုတာပါ။ ဒါကိုမှီတယ်လို့ ပြောတာ။

## ခေါင်းမပါတဲ့ ကဗန္ဓိပြိတ္တာ

ဘုန်းကြီးကတော့ ဦးနှောက်ပဲဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်၊ ဦးနှောက် ထဲ စိတ်တွေက ရောက်သွားတာတော့ မဟုတ်ဘူး။ ဦးနှောက် ရှိလို့ စိတ်တွေ ဖြစ်တာပဲ။ ဒီလိုသာ ယူဆရမယ်လေ။ ပြီးတော့ ဟဒယဝတ္ထုရှိလို့ စိတ်တွေဖြစ်နိုင်တာ၊ မရှိရင် မဖြစ်နိုင်ဘူး။ စိတ်တွေက ဦးနှောက်ထဲမှာ မှီနေတာ မဟုတ်ဘူး။ ဟဒယ ဝတ္ထုထဲမှာ မှီနေတာလည်း မဟုတ်ဘူး။ ဦးနှောက်တို့ ဟဒယ ဝတ္ထုတို့ရှိလို့ စိတ်တွေဖြစ်တာ အဲလို မှတ်သားပါ။

ဘုန်းကြီးအနေနဲ့ကတော့ ဦးနှောက်လို့ ပုံသေမယူဆဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ ဘုန်းကြီးတို့စာပေတွေထဲမှာ ကဗန္ဓိ ပြိတ္တာဆိုတာ ရှိတယ်။ ခေါင်းမပါဘူး။ အကုသိုလ်ကံအရ အစကတည်းက ခေါင်းမပါတာ၊ ခေါင်းမပါရင် ဦးနှောက် လည်း မပါဘူးပေါ့။ ဒါပေမဲ့ အဲဒီပြိတ္တာမှာ စိတ်တော့ဖြစ်နေ တာပဲ။ လှုပ်လှုပ်ရှားရှား ရှိနေတာပဲ။

ဘုန်းကြီးတို့ယူဆတာကတော့ ဟဒယဝတ္ထု၊ ဗုဒ္ဓမြတ်စွာက

ဆိုရင် ဝတ္ထုလို့သာ ဟောတာပါ။ ဟဒယလို့ မဟောဘူး။ ဓမ္မသင်္ဂဏီမှာ ဝတ္ထုရုပ်လို့ ဟောတယ်။ မှီရာဝတ္ထုရုပ် ဒီဟဒယ တို့ ဘာတို့ဆိုတဲ့ ဥစ္စာက ကျမ်းစာတွေက သတ်မှတ်ပြီးထား တာ။ ဘုန်းကြီးတို့ကလည်း တစ်ခါတစ်လေ ဒိန်းခနဲဆိုရင် ဒီရင်ထဲက ထိခိုက်တုန်လှုပ်ပြီး နည်းနည်းအသိမြန်သလိုလို ဘာလိုလိုရှိနေတယ် မဟုတ်လား။ ဒါကြောင့် လက်ခံထား တယ်။

လက်ခံထားတာ မထားတာက အရေးမကြီးပါဘူး။ ဒါ ပြဿနာ မဟုတ်ပါဘူး။ ဦးနှောက်ပဲဖြစ်ဖြစ်၊ ဝတ္ထုပဲဖြစ်ဖြစ် လိုရင်းကတော့ အကုသိုလ်မဖြစ်ဖို့ ကုသိုလ်တွေဖြစ်ဖို့ တရား နှလုံးသွင်းဖို့၊ ဒါတွေကသာ ပဓာနပါ။ ကဲ ဒီမေးခွန်းလည်း ဒါလောက်ဆိုရင် ကျေနပ်လောက်ပါပြီ။

## အခန်း(၅၉)
## ပက်ပြဲဆိုသောရွာ

သန်း။ ။ထူးခြားတဲ့ ရွာနာမည်ဆိုတာ ပြန်ဆက်ပါဦးဘုရား။

နုပ်။ ။ ကိုဝင်းနိုင်တို့ရွာနာမည်က ပက်ပြဲတဲ့။

သန်း။ ။ဘာ့ကြောင့် ပက်ပြဲလို့ ခေါ်ရတာလဲ ဆရာတော်။

နုပ်။ ။ ငါလည်း စာရေးဆရာပီပီ ရွာထဲကလူတွေ လျှောက်မေးကြည့်တာ တစ်ယောက်မှ မဖြေနိုင်ကြဘူး။ ဒါနဲ့ ကိုယ့်ဖာသာပဲ ရွာရဲ့သမိုင်းကြောင်းကို မှန်းဆဖေါ်ကြည့်တယ်။ အရင်က ဒီနေရာမှာ ရွာမရှိဘဲ ရေအိုင်တစ်အိုင်ရှိလိမ့်မယ်။

ဒီရေအိုင်မှာ ငါးတွေပေါတော့ တခြားရွာကလူတွေလာပြီး ငါးပက်ကြလိမ့်မယ်။ အလုအယက်ပက်ရင်း အိုင်ကြီးက ပြဲသွားပါလိမ့်မယ်။ အဲဒီလို ငါးပက်ရင်းပြဲသွားတဲ့နေရာမှာ ရွာတည်လို့ ပက်ပြဲလို့ခေါ်တယ် ထင်တာပဲ။ ရောဝတီတိုင်းထဲက မြို့နယ်ထဲမှာ လပွတ္တာမြို့နယ်ဟာ နာမည်ခေါ်လို့ အဆိုးဆုံး။

ရွှေပြည်သာမှာ လပွတ္တာမြို့သားဆရာတော် တစ်ပါးရှိတယ်။ သူကပြောတယ်။ ဦးဇဝနရေ– တခြားမြို့ရွာတွေကိုများ ရွှေ တပ်ခေါ်လိုက်ရင် သိပ်ကျက်သရေရှိတာပဲ။ ခေါ်လို့လည်း အင်မတန် ကောင်းတယ်။ ဥပမာ– ရွှေမန်းတဲ့။ ဘယ်လောက်

ခေါ်လို့ ကောင်းလဲ။

မော်လမြိုင်ဆိုရင် မော်ရွှေမြိုင်တဲ့။ သိပ်ခေါ်လို့ကောင်းတာ ပဲ။ တပည့်တော်တို့ လပွတ္တာမြို့ကို ရွှေတပ်ခေါ်ကြည့်တယ်။ တစ်ခုမှ အဆင်မပြေဘူး။ ပထမ ရွှေလ– မကောင်းဘူး။ ဒုတိယ ရွှေပွတ်ဆိုတော့ ပိုတောင်ဆိုးသွားတယ်။ တတိယ ရွှေတာလည်း ခေါ်မကောင်းပါဘူးတဲ့။

လပွတ္တာဆိုတာ အမှန်က မွန်နာမည်တွေပဲ။ အဓိပ္ပါယ်ပြန် ရင် ထန်းပင်ရေကျော်တဲ့။ အရင်က ဒီနေရာတစ်ဝိုက်မှာ မွန် လူမျိုးတွေချည်း နေကြတယ်။ အလောင်းဘုရားလက်ထက် က မွန်မြန်မာစစ်ပွဲတွေ အကြောင်းပြုပြီး မွန်လူမျိုးတွေဟာ တစ်ဖက်နိုင်ငံကို ထွက်ပြေးသွားကြလို့ မွန်တွေပျောက်ပြီး မြန်မာတွေရောက်လာကြတာပဲ။ မွန်တွေမရှိတော့ပေမယ့် မွန် နာမည်တွေတော့ ကျန်ခဲ့တာပေါ့။

ကျုံမငေးတို့၊ ဝါးခယ်မတို့ဆိုတာတွေလည်း မွန်နာမည်တွေ ပဲ။ လပွတ္တာမြို့နယ် နာမည်တင် ဆိုးတာမဟုတ်ဘူး။ ရွာ နာမည်တွေလည်း တော်တော်ဆိုးတယ်။ ပက်ပြဲရွာနဲ့ ကပ် လျက် ရွာက ငွေးချောင်းတဲ့။ အံမယ် စာဆိုလေးတောင် လုပ်ထားလိုက်သေးတယ်။

'ငွေးချောင်း– ပက်ပြဲတစ်ဆက်တည်း'တဲ့။ အနားက ရွာ တွေက အကုန်လျှောက်မေးကြည့်လိုက်တော့ ကြောက်စရာ တွေချည်းပဲ။ နောက်တစ်ရွာက– ရေကမြင်းတဲ့။

သန်း။ ။ရေတောင်ကမြင်းရင် လူဆိုရင် ပြောမနေနဲ့တော့လို့ ဆိုရ

မလား မသိဘူး ဆရာတော်။

နုပ်။ ။ အဲဒီလိုလည်း မဟုတ်ဘူးကွ။ ဒီရွာနားစီးတဲ့ ချောင်းရေက ပုံမှန်မစီးဘဲ အထက်စီးလိုက်၊ အောက်စီးလိုက် ဖြစ်နေလို့ ကမြင်းလွှန်းတယ်ဆိုပြီး ရေကမြင်းလို့ ခေါ်လိုက်ကြတာတဲ့။ နောက်တစ်ရွာက နောက်ပြန်ထိုးရွာတဲ့။ နောက်တစ်ရွာက စုံထိုးရွာတဲ့။ နောက်တစ်ရွာက အဝပြဲ ရွာတဲ့။ နောက်တစ်ရွာက ဆင်မကွဲရွာတဲ့။ နောက်တစ်ရွာက မပုကားယားတဲ့။

သန်း။ ။ဟင်– ဘာပြုလို့ မပုက ကားယားကြီး ဖြစ်သွားရတာလဲ ဆရာတော်။

## မပု– ကားယား

နုပ်။ ။ အံမယ်– သူတို့ကလည်း မခေဘူးဟေ့။ သမိုင်းကြောင်းရှိသတဲ့ကွ။ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော် ရောင်စုံသူပုန်တွေ ခေတ်တုန်းက မပုဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို သူပုန်တွေက ဖမ်းသွားပြီး သတ်လိုက်သတဲ့။

မပုအလောင်းကြီးကို မြစ်ထဲပစ်ချလိုက်တာပေါ့ကွာ။ ပထမတော့ ရေထဲမြုပ်သွားတာပေါ့။ ရက်အတော်ကြာတော့ မပုအလောင်းကြီးဟာ ပုပ်ပြီး ရေပေါ်ပေါ်လာတာပေါ့။ အဲဒီ မပုအလောင်းကားယားကြီးပေါ်တဲ့နေရာမှာ ရွာတည်လို့ မပုကားယားတဲ့။ ကဲ ဘယ်လောက်ဆန်းကြယ်တဲ့ ရွာနာမည်လဲလို့။

မြိတ်မြို့နယ်မှာလည်း ရှိတယ်။ လင်မလိုရွာတဲ့။ ငါလည်း စာရေးဆရာပီပီ ကျယ်ကျယ်ဝန်းဝန်း တွေးပစ်လိုက်တာပေါ့။ တန်တော့ ဒီရွာသူတွေဟာ အိမ်ထောင်မပြုကြဘူးနေမှာ။

အကယ်၍ အိမ်ထောင်ပြုကြရင်လည်း ဆယ်ယောက်မှ တစ်ယောက်လောက်သာပြုတာနေမှာပေါ့လို့။

တစ်နေ့ တော်ဝင်ဆေးရုံမှာ ငါဆေးရုံတက်နေတုန်း ကလေးမနှစ်ယောက်နဲ့ ကောင်လေးတစ်ယောက် လာကန်တော့ကြတယ်။ ငါက မြိတ်မြို့မှာလည်း ရိပ်သာရှိတော့ ငါးဝါဆိုဖူးတယ်။ ဒါကြောင့်လည်း တချို့က ငါ့ကို မြိတ်ဆရာတော်လို့ပဲ ခေါ်ကြတယ်။

သူတို့ဟာ မြိတ်မြို့လင်မလိုရွာကဖြစ်တဲ့အကြောင်း လျှောက်ထားကြတယ်။ ဒီတော့ ငါကလည်း သိချင်တဲ့အချက်ကို တန်းမေးလိုက်တာပေါ့။ ဟဲ့– နင်တို့ရွာနာမည်က လင်မလို ဆိုတော့ ရွာကမိန်းကလေးတွေ အိမ်ထောင်မပြုကြဘူးလား ဆိုတော့ မိန်းကလေးနှစ်ယောက်လုံး မဖြေကြဘူး။ စပ်ဖြီးဖြီး လုပ်နေကြတယ်။

အဲဒီတော့မှ သူတို့နဲ့အတူပါတဲ့ ကောင်လေးက ထဖြေတယ်။ ဆရာတော်ရေ လင်မလိုရွာသူတွေ အိမ်ထောင်ပြုမပြုတော့ မေးမနေနဲ့ဘုရား။ လင်မလိုရွာသူတစ်ယောက် အသက်(၁၈)နှစ်လောက်ရှိတာနဲ့ ကလေးနှစ်ယောက်လောက်ရနေပြီဘုရားတဲ့။

သန်း။ ။လင်မလိုမို့လို့သာပဲ ဆရာတော်။ လင်လိုသာ မှည့်ထားရင် ပြောလို့တောင်ကောင်းမှာ မဟုတ်တော့ဘူး။

နုပ်။ ။ အဲဒီထက် နာမည်ဆိုးတဲ့ရွာ ရှိသေးတယ်ကွ။ ဒီရွာက ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်ထဲမှာ ပါတယ်။ ရွာ

နာမည်က ဖါတိုက်တဲ့။

သန်း။ ။ဆိုးလှချည်လားဆရာတော်။ ဒီရွာသားတွေကလည်း ရွာနာမည်ပေးတာပဲ။ ဗိုက်ဆံပေးရတာမှတ်လို့။ နာမည်လှလှလေး ပေးလိုက်ပြီးရောပေါ့ဘုရား။

နုပ်။ ။ ငါလည်းမင်းလိုပဲ ပြောကြည့်တာပေါ့။ ဒီတော့ သူတို့က ဘာပြန်ပြောသလဲဆိုတော့ ဖါတိုက်ရွာဆိုတာ မှည့်ချင်တိုင်းမှည့်တာ မဟုတ်ဘူးတဲ့။ ရွာသမိုင်းကြောင်းအတိုင်း မှည့်ထားတာတဲ့။

သန်း။ ။သမိုင်းကြောင်းက ဘာတွေရှိလို့လဲ ဘုရား။

နုပ်။ ။ ဒီလိုတဲ့ကွ။ အရင်က ဒီနေရာမှာ ရွာမရှိဘူး။ နောက်ဦးဖါလို့အမည်ရတဲ့ လူကြီးတစ်ယောက် အဦးဆုံးအိမ်လာဆောက်တယ်။ နောက်တော့ သွားရေးလာရေး အဆင်ပြေတော့ တခြားမိသားစုတွေ ပြောင်းလာရင်းနဲ့ ရွာကြီးတစ်ရွာ ဖြစ်လာခဲ့တာပေါ့။

ရွာနာမည်ပေါက်ဖို့ အကြောင်းဖန်လာတာက ဦးဖါဟာ စီးပွားရေးအဆင်ပြေပြီး တိုက်ကြီးတစ်လုံး စဆောက်တယ်။ သူ့တိုက်ကြီးပြီးသွားတာနဲ့ ရွာနာမည်ပေးပြီးသား ဖြစ်သွားတာပဲ။ ဦးဖါတိုက်ရွာတဲ့။ ဒီအတိုင်းဆိုရင်တော့ အဓိပ္ပါယ်လည်း ရှိပါတယ်။ ဦးဖါတိုက်ကြီးရှိတဲ့ရွာပေါ့။ ခက်တာက ကာလရွေ့လျောသွားရင် မြန်မာပြည်က မြို့ရွာတွေဟာ နာမည်ပြောင်းပြောင်းသွားတတ်တာပဲ။

ဒီလိုနဲ့ ကာလရွေ့လျောလာတာနဲ့ ဦးပျောက်ပြီး ဖါတိုက်ရွာ

လို့ ဖြစ်သွားတာပဲ။ ငါတော့ ဘုရား ဘုရားဆိုပြီး ဘုရားတောင် တမိတယ်။

သန်း။ ။ဘာဖြစ်လို့လဲ ဘုရား။

## ဖါတိုက်ဆရာတော်

နုပ်။ ။ ဩော်– ငါဒီရွာမှာ လူမဖြစ်တာတော်သေးတယ်ဆိုပြီးတော့ ပေါ့။ အကယ်၍ ငါသာ ဒီရွာမှာလူဖြစ်ပြီး ဆရာတော်တစ်ပါး ဖြစ်လာပြီဆိုယင် ဒီရွာမှာ မဖြစ်မနေ ကျောင်းထိုင်ရတော့မှာ ပဲ။ ဒီဖါတိုက်ရွာမှာ ကျောင်းထိုင်ပြီဆိုမှတော့ ငါလည်း တစ်ခါ တည်း နာမည်ကြီးမှာပဲ ဖါတိုက်ဆရာတော်လို့ပေါ့။

သန်း။ ။ဟား . . . ဟား . . . ဟား. . . ဟား . . . ဆရာတော်ကလည်း ကြံကြံဖန်ဖန်ပြောတတ်တယ် ဘုရား။

နုပ်။ ။ မြန်မာပြည်က မြို့ရွာမှန်သမျှဟာ သူ့အဓိပ္ပါယ်နဲ့ သူရှိတာချည်း ပဲ။ ကာလရွေ့လျောပြီး နာမည်တွေ ပြောင်းသွားလို့သာ အဓိပ္ပါယ်မရှိသလို ဖြစ်သွားတာ။ ဥပမာ – ရန်ကုန်က ပုဇွန် တောင်မြို့ဆိုရင် ဘာအဓိပ္ပါယ်မှ မရှိတော့ဘူး။ အရင်တုန်းက နာမည်က ပန်းစွန်တောင်တဲ့။ ဘုရားတင်တဲ့ပန်းတွေ သွားသွား စွန့်တဲ့တောင်ပေါ့။

အခုခေါ်နေတဲ့ ရမည်းသင်းဟာ အရင်တကယ်မှည့်ခဲ့တဲ့ နာမည်က နွားမည်းတစ်သင်း၊ နွားမည်းတစ်သင်းရှိတဲ့နေရာ ရွာတည်လို့ နွားမည်းတစ်သင်းလို့ နာမည်ပေးခဲ့တာပဲ။ မြင်းခြံ ဆိုတာလည်း အခုတော့ ဘာအဓိပ္ပါယ်မှ မရှိတော့ဘူး။

ရွာနှစ်ရွာကြားမှာ လူသတ်မှုတစ်ခုဖြစ်တော့ ဘယ်ရွာထဲပါ တယ်ဆိုတာသိရအောင် မျဉ်းတိုင်းကြသတဲ့။ ဒီအခါမှာ မျဉ်း ကလွတ်ပြီး မြေပြန့်ကျယ်ကြီးတစ်ခု ကျန်ခဲ့တယ်။ အဲဒီနေရာ မှာ မြို့တည်လို့ မျဉ်းကျန်လို့ ခေါ်တာပဲ။ ကာလရွေ့လျောလာ တော့ မြင်းခြံလို့ ဖြစ်သွားတယ်။ ဘာအဓိပ္ပါယ်မှ မရှိတော့ဘူး။

ကဲ– သစ္စာလေးပါးအကြောင်းကို ပြန်ဆက်ကြရအောင်။

**ဒုက္ခသစ္စာ – သိရမည့်တရား**
**သမုဒယသစ္စာ – ပယ်သတ်ရမည့်တရား**
**နိရောဓသစ္စာ – ဆိုက်ရောက်ရမည့်တရား**
**မဂ္ဂသစ္စာ – ပွားများရမည့်တရား**

ဒါက စာနည်းနဲ့ ရှင်းပြတာပေါ့။ အကျင့်နည်းနဲ့ဆိုရင်–

**လိုချင်လျှင် ဆင်းရဲသည်**
**မလိုချင်လျှင် ချမ်းသာသည်**
**လိုချင်တာက သမုဒယသစ္စာ**
**ဆင်းရဲတာက ဒုက္ခသစ္စာ**
**မလိုချင်တာက မဂ္ဂသစ္စာ**
**ချမ်းသာတာက နိရောဓသစ္စာ။**

## လိုချင်လျှင်ဆင်းရဲသည်

ထင်ရှားကျော်ကြားမှုကိုပဲ လိုချင်လိုချင်
ဒကာ၊ ဒကာမများတာကိုပဲ လိုချင်လိုချင်
တိုက်တာခြံမြေများတာကိုပဲ လိုချင်လိုချင်

ဘွဲ့တံဆိပ်တွေကိုပဲ  လိုချင်လိုချင်
နောက်ဘဝအသစ်ကိုပဲ  လိုချင်လိုချင်

လိုချင်တာမှန်သမျှ သမုဒယသစ္စာပဲ။ သမုဒယကြောင့် ဒုက္ခပဲဖြစ်မယ်။ အရပ်စကားနဲ့ပြောတော့ လိုချင်နေသမျှ ဆင်းရဲမယ်။ ၃၁–ဘုံလုံးကို မဂ္ဂသစ္စာလို့ခေါ်တဲ့ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်ရင် ဖေါက်ပြန်တဲ့ သဘောတရားဖြစ်တဲ့ ရုပ်နဲ့ အာရုံကို သိတဲ့သဘောတရားနာမ်။ ဒီနှစ်မျိုးပဲရှိတယ်။

တစ်ခါ ရှိတဲ့ရုပ်နဲ့နာမ်ကလည်း တရစပ်ဖြစ်ပြီး တရစပ်ပျက်နေတယ်။ အဲသလို သိလိုက်ရင် မလိုချင်တော့ဘူး။ မလိုချင်တာဟာ မဂ္ဂသစ္စာ၊ ချမ်းသာတာက နိရောဓသစ္စာပဲပေါ့။ တဏှာလောဘဦးဆောင်တဲ့ ကိလေသာဆယ်ပါးလုံးကို ဗုဒ္ဓက သံကိလိဋ္ဌ သံကိလေသိကာလို့ ဟောတယ်။

မြန်မာလိုဆိုတော့ ပူပန်စေတတ်– နှိပ်စက်တတ်တယ်တဲ့။ ဘယ်လောက်ထိ ပူပန်စေတတ် နှိပ်စက်တတ်သလဲဆိုရင် သေသည်အထိ ပူပန်စေတတ် နှိပ်စက်တတ်ပါတယ်။ မန္တလေးမြို့၊ စိန်ပန်းရပ်ကွက်က အမျိုးသမီးတစ်ယောက် ဖုန်းနားထောင်ရင်း လဲကျသေဆုံးဖူးတယ်။

သန်း။ ။ဘာဖြစ်လို့လဲ  ဆရာတော်။

နုပ်။ ။ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ကျော်လောက်ကဆိုတော့ မိုးကုတ်မှာ ကျောက်တွေခေတ်စားတဲ့ အချိန်ပေါ့။ သူ့ယောကျ်ားက သိန်းတန်ကျောက်တစ်လုံးအောင်တာကို မယားဆီဖုန်းဆက်လိုက်တာလေ။ ဖုန်းကို နားထောင်ရင်း လဲကျသေဆုံးတာပဲ။

ဆေးပညာအရကြည့်ရင်တော့ နှလုံးရပ်ပြီးသေတာပေါ့။ အဘိဓမ္မပညာအရကြည့်ရင် လောဘမီးလောင်လို့ သေတာပါပဲ။

## ငွေရှ၍ သေပြသူ

အမေရိကန်မှာ ဘီလျံပေါင်းများစွာ ချမ်းသာတဲ့သူဌေးကြီးတစ်ယောက်ရှိတယ်။ သူ့မှာ နှလုံးရောဂါရှိတဲ့အတွက် ဆရာဝန်တစ်ယောက်ကို လစာကောင်းကောင်းပေးပြီး သူ့နားမှာ အမြဲထားတယ်။ သူဌေးကြီးကို ဝမ်းသာစရာ၊ ဝမ်းနည်းစရာ ဘယ်သူမှလာပြောခွင့် မရှိဘူး။ ဆရာဝန်ကို အရင်လာပြောရတယ်။

ဆရာဝန်က သူဌေးကြီးရဲ့ နှလုံးအခြေအနေကို သေချာစမ်းသပ်ပြီး ပြောသင့်မှ ပြောတယ်။ တစ်ခါတော့ သူဌေးကြီးဟာ သူတို့နိုင်ငံက ထီပေါက်သတဲ့၊ ဒီသတင်းကိုပြောနိုင်ဖို့ ဒေါက်တာဟာ သူဌေးကြီးရဲ့ နှလုံးအခြေအနေကို အရင် စမ်းသပ်ကြည့်တယ်။

နှလုံးအခြေအနေကောင်းတာကို တွေ့မှ– သူဌေးကြီး စိတ်ခိုင်ခိုင်ထားပါ။ သူဌေးကြီးအတွက် ဝမ်းသာစရာ သတင်းတစ်ခုပေးချင်ပါတယ်။ သူဌေးကြီးထီပေါက်ပါတယ်။ ဒေါ်လာသိန်းနဲ့ချီပြီး ရပါလိမ့်မယ်လို့ ပြောလိုက်တယ်။ သူဌေးကြီးက ဘာမှမဖြစ်ပါဘူး။

ဒါပေမဲ့ သူဌေးကြီးပြန်ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် ဒေါက်တာကတော့ တစ်ခါတည်း လဲကျသေဆုံးသွားတယ်။

သန်း။ ။ဘယ်လိုများ ပြောလိုက်တာလဲ ဘုရား။

နုပ်။ ။ ကျုပ်ရသမျှ ဆုငွေထဲက ဒေါက်တာကို သုံးပုံပုံ– တစ်ပုံ ပေးမယ်လို့ ပြောလိုက်တဲ့အတွက်ကြောင့်ပဲတဲ့။ ဒီဖြစ်ရပ်မှာ လည်း အပေါ်ယံကြည့်ရင် နှလုံးရပ်ပြီးတော့ သေတာပေါ့။ နက်နက်နဲနဲကြည့်ရင်တော့ လောဘမီးလောင်လို့ သေတာပါပဲ။ လောဘမီးဟာ အဲသလောက်ကို ပူလောက်ပြင်းထန်ပါတယ်။ ဒါကြောင့် ဗုဒ္ဓက ဟောထားတာပေါ့။

**တဏှာယ ဇာယတေ သောကော၊**

**တဏှာယ ဇာယတေ ဘယံ။**

**တဏှာယ ဝိပ္ပမုတ္တဿ၊**

**နတ္ထိ သောကော ကုတောဘယံ။**

တဏှာကြောင့် စိုးရိမ်ပူဆွေးငိုကြွေးရခြင်းဆိုတဲ့ သောကဆို တာဖြစ်တာ၊ တဏှာကြောင့် ရှင်ကွဲ ကွဲရတဲ့ဘေး၊ သေကွဲ ကွဲရတဲ့ ဘေးဖြစ်တာ၊ တဏှာကင်းတဲ့ ပုဂ္ဂိုလ်ကျတော့ သောကရော ဘေးရော ဘာမှ မဖြစ်တော့ပါဘူးတဲ့။

ဒီဒေသနာက နက်နဲတယ်။ နားလည်သလိုလို ရှိပေမယ့် တကယ်ကျတော့ နားမလည်ဘူးဖြစ်နေတတ်တယ်။ ဒ့ါကြောင့် မင်းတို့ လူငယ်တွေနားလည်းအောင် သာဓကေယုတ္တိ၊ သဘာဝ ယုတ္တိနှစ်မျိုးလုံးနဲ့ ရှင်းပြမယ်။ ပထမသာဓကေယုတ္တိနဲ့ စကြရ အောင်။ တစ်ခါတော့ သာဝတ္ထိမြို့ထဲက ဒကာတစ်ယောက် ဟာ သားသေတဲ့အတွက် ပူဆွေးသောကဖြစ်ပြီး ဘုရားရှင်ထံ ရောက်လာတယ်။

## ဗုဒ္ဓတရားကို မကြိုက်သူ

ဒီအခါမှာ ဘုရားရှင်က အစွဲအလမ်းတဏှာရှိလို့ သောက တွေ ဘေးတွေဖြစ်တာ။ တဏှာသာမရှိရင် အစွဲအလမ်းရော၊ ဘေးရော မဖြစ်နိုင်ဘူးဆိုပြီး အထက်ကအတိုင်း ဟောကြား ပေးတယ်။ ဒကာဟာ တရားကို နာသာနာတယ်၊ မကြိုက်ဘူး တဲ့။ သူ မကြိုက်တဲ့အကြောင်း တခြားသူတွေကို လျှောက် ပြောတယ်။

တဏှာကြောင့် သောကတွေ၊ ဘေးတွေဖြစ်တယ်ဆိုတာ သူလက်မခံဘူးတဲ့။ တကယ်ဆိုတော့ စွဲလမ်းတဲ့တဏှာရှိမှ လူ့ဘဝကြီးဟာ နေပျော်တာပါတဲ့။ တဏှာကြောင့် ပျော်ရွှင် ချမ်းမြေ့ခြင်းသာ ဖြစ်နိုင်တယ်။ တဏှာကြောင့် သောကတွေ၊ ဘေးတွေ မဖြစ်နိုင်ပါဘူးလို့ ယူဆကြောင်း သာဝတ္ထိတစ်မြို့ လုံး လိုက်ပြောတယ်။

ဒီတော့ သာဝတ္ထိမြို့ထဲမှာ အုပ်စုနှစ်စုကွဲသွားတယ်။ အတွေး အခေါ်ရှိတဲ့ အုပ်စုက ဘုရားရှင်ရဲ့ ဟောကြားချက်ကို ကြိုက် တယ်။ အတွေးအခေါ်မရှိတဲ့အုပ်စုကတော့ သူဌေးဒကာရဲ့ ဒဿနကိုကြိုက်ကြတယ်။ ဒီအယူအဆနှစ်ခုဟာ သာဝတ္ထိမြို့ တွင်းကနေ ကောသလမင်းရဲ့ နန်းတော်ထဲထိ ဝင်ရောက်လာ တယ်။

ကောသလမင်းလည်း အတွေးအခေါ်မရှိတဲ့လူတစ်ယောက် ပဲ။ ဒါကြောင့် သူလည်း သူဌေးဒကာရဲ့ဒဿနကို ကြိုက်

တယ်။ သူ့မိဖုရားကြီး မလ္လိကာကိုလည်း သူ့လိုပဲလို့ ထင်မိတယ်။ ဒါကြောင့် မိဖုရားကြီးကို ဘယ်ဝါဒက မှန်သလဲလို့ မေးပါလေရော။

ဒီအခါမှာ မိဖုရားကြီးက– မြတ်စွာဘုရားရှင်ရဲ့ ဝါဒကသာ မှန်ပါလိမ့်မယ်လို့ ဖြေလိုက်တဲ့အခါ ကောသလမင်းကြီးဟာ အတော်စိတ်ဆိုးသွားတယ်။ မလ္လိကာကို ဆူငေါက်ပြီး အခန်းထဲ တန်းဝင်သွားသတဲ့။ မလ္လိကာဟာ အမျိုးသမီးသာဖြစ်တာ အတွေးအခေါ်ရှိတယ်။

ဒီပြဿနာဟာ ဘုရားရှင်ကိုယ်တော်တိုင် အကျယ်ဖြေရှင်းမှရမယ့် ပြဿနာဆိုတာ သိသွားတယ်။ ဒါကြောင့် မင်းချင်းတစ်ယောက်ကိုခေါ်ပြီး ဘုရားရှင်ထံ လွှတ်တယ်။ တဏှာကြောင့် သောကဖြစ်ပုံ၊ ဘေးဖြစ်ပုံကို အကျယ်ဟောခိုင်းပြီး သေချာနာယူခဲ့ဖို့ မှာလိုက်တယ်။

မင်းချင်းလည်းမလ္လိကာမှာတဲ့အတိုင်း ဘုရားရှင်ထံအရောက်သွားပြီး အကျယ်နာလာခဲ့တယ်။ ပြီးတော့ မလ္လိကာကို ပြန်ပြောပြတယ်။ မလ္လိကာဟာ သေချာမှတ်သားပြီး ညပိုင်းရောက်တာနဲ့ ကောသလမင်းကြီးကို တစ်ချက်ခြင်း သေချာမေးတယ်။ အရှင်မင်းကြီး သမီးတော်လေးကို ချစ်သလား– ဟိုက ချစ်တယ်လို့ဖြေရင်– အဲဒီ သမီးတော်လေး ရုတ်တရက်သေဆုံးရင် အရှင်မင်းကြီး စိတ်ချမ်းသာမလား၊ စိတ်ဆင်းရဲမလားလို့ ထောက်မေးလိုက်တဲ့အခါ မင်းကြီးဟာ ကွယ်ဝှက်မနေနိုင်တော့ပဲ စိတ်ဆင်းရဲရမှာပါလို့ ဝန်ခံရတယ်။

ဒီအခါကျမှ အရင်အရှင်မင်းကြီး ယူဆခဲ့တာက စွဲလမ်းချစ်ခင်တဲ့ တဏှာရှိရင် စိတ်ချမ်းသာမယ်တဲ့။ အခု လက်တွေ့ကြုံရတဲ့အခါ ဘုရားရှင်ဟောကြားသလို အစွဲအလမ်းတဏှာရှိရင် စိတ်ဆင်းရဲရတယ်။ သောကဖြစ်ရတယ်ဆိုတဲ့ စကားကမှန်နေပါလားလို့ ပြောလိုက်တဲ့အခါ မင်းကြီးဟာ ဘာမှပြန်မပြောနိုင်တော့ဘူး။

အရှင်မင်းကြီး ကျွန်တော်မျိုးမကို ချစ်ခင်ပါသလား။ ချစ်ခင်ပါတယ်လို့ ဖြေလိုက်ရင် ကျွန်တော်မျိုးမ ရုတ်တရက်သေဆုံးခဲ့မယ်ဆိုပါက အရှင်မင်းကြီး စိတ်ဆင်းရဲမလား။ စိတ်ချမ်းသာမလားလို့ မေးလိုက်တဲ့အခါ စိတ်ဆင်းရဲရပါမယ်လို့ ဖြေရပြန်တယ်။

အရှင်မင်းကြီးအရင် ယူဆခဲ့တာက စွဲလမ်းချစ်ခင်မှုရှိရင် စိတ်ချမ်းသာမယ်တဲ့။ အခုတော့ စွဲလမ်းချစ်ခင်မှုရှိတဲ့အတွက် စိတ်ဆင်းရဲမှုသောကကိုသာ တွေ့နေရပါပေါ့လား။ ဒီအချက်တွေကို သိမြင်တော်မူလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်ခင်စွဲလမ်းမှုရှိရင် သောကတွေ ဘေးတွေပဲဖြစ်မယ်လို့ ဟောကြားတော်မူခဲ့ကြောင်း ရှင်းပြတဲ့အခါ ကောသလမင်းကြီးဟာ ဘုရားရှင်ရဲ့ဟောကြားချက်ကို သဘောပေါက်ပြီး လက်ခံသွားတယ်။

ချက်ချင်းပဲ ရေတစ်ခွက်တောင်းပြီး ပါးစပ်ဆေးတယ် ပြီးတာနဲ့ ဘုရားရှင်ရှိရာ လက်အုပ်ချီပြီး နမောတဿနဲ့ သုံးကြိမ်ရှိခိုးတယ်။

သန်း။ ။ဓာတ်တော်သာကေယျတ္တိအရ တဏှာကြောင့် သောကဖြစ်ပုံ၊ ဘေးဖြစ်ပုံ ရှင်းပါပြီဘုရား။ သဘာဝယုတ္တိအရ တဏှာကြောင့် သောကဖြစ်ပုံ၊ ဘေးဖြစ်ပုံကို ရှင်းပါဦးဘုရား။

## တဏှာကြောင့် သောကဖြစ်ပုံ

နုပ်။ ။ မင်းရဲ့အိမ်ရှေ့ကနေ အသုဘတစ်ခု ဖြတ်ချသွားတယ်။ အဲဒီ သေတဲ့သူဟာ မင်းချစ်ခင်နေတဲ့ သူတစ်ယောက်ယောက် ဖြစ်မယ်ဆိုရင် မင်းသောကပရိဒေဝဖြစ်မယ်။ အကယ်၍ သေတဲ့သူဟာ မင်းနဲ့ ဘာမှမသိတဲ့သူဆိုရင် ဘာသောကမှ မဖြစ်ဘူး။ အသုဘချင်းတူပါလျက် သိတဲ့သူသေတော့ သောကပရိဒေဝဖြစ်တာ၊ မသိတဲ့သူကျတော့ မဖြစ်တာ ဘာကြောင့်လဲလို့ စဉ်းစားကြည့်သင့်တယ်။

အပေါ်ယံကြည့်ရင်တော့ သိတဲ့ ဆွေမျိုးမိတ်သင်္ဂဟသေလို့ သောက ဖြစ်တာလို့ ထင်စရာပေါ့။ တကယ်ကျတော့ အဲဒီလို မဟုတ်ဘူး။ သေသူအပေါ်မှာချစ်ခင်တဲ့ တဏှာကြောင့် သောကပရိဒေဝဖြစ်တာ။

အပေါ်ယံကြည့်ရင် တစိမ်းသေတာမို့ သောကမဖြစ်တာလို့ ထင်စရာပေါ့။ တကယ်ကျတော့ သေသူအပေါ် စွဲလမ်းချစ်ခင်တဲ့ တဏှာမရှိလို့ သောကပရိဒေဝ မဖြစ်တာပါ။ ဒါကြောင့် ဒီဒဿနလေးကို မှတ်ထားပေါ့ကွာ။

**အစွဲအလမ်းတဏှာများရင် များသလောက် ဆင်းရဲတယ်၊ အစွဲအလမ်းတဏှာနည်းရင် နည်းသလောက် ချမ်းသာ**

**တယ်၊ အစွဲအလမ်း တဏှာကုန်တဲ့နေ့ဟာ အချမ်းသာဆုံးနေ့ ရဟန္တာဖြစ်တဲ့နေ့ နိဗ္ဗာန်ရတဲ့နေ့တဲ့။**

ဒီတဏှာကို ခဏလက်ခံရင် ခဏဆင်းရဲတယ်၊ အကြာကြီးလက်ခံရင် အကြာကြီး ဆင်းရဲတယ်။ ဦးသုခ ရေးသားတဲ့ စိတ်ဆိုသောစိတ်ဆိုတဲ့ စာအုပ်ထဲမှာ တဏှာနဲ့ ပတ်သက်ပြီး အံ့သြစရာကောင်းတဲ့ ဖြစ်ရပ်လေးတစ်ခု ရေးထားတယ်။

တစ်ခါတော့ အဝေးပြေးရထားကြီးတစ်စီးပေါ်မှာ အကောင်းစားသံသေတ္တာကြီးတစ်လုံး ထိုင်ခုံတွေအောက်မှာ ပါလာတယ်။ သေတ္တာထည့်ထားတဲ့ ထိုင်ခုံအထက်မှာ သီလရှင်တစ်ပါး ထိုင်နေတယ်။ ရုတ်တရက်ကြည့်ရင်တော့ သီလရှင်ရဲ့ သေတ္တာလို့ ထင်စရာပေါ့။ အမှန်ကတော့ မဟုတ်ဘူး။

တစ်ဘူတာပြီး တစ်ဘူတာ လူတွေဆင်းလို့ ကုန်ခါနီးဖြစ်နေပြီ။ ဒီသေတ္တာကြီးကို ဘယ်သူမှယူမသွားကြဘူး။ စတက်ကတည်းက သေတ္တာကြီးကို သတိထားမိနေတဲ့ သီလရှင်ဟာ သေတ္တာပိုင်ရှင်ပါမလာဘူးဆိုတာ တစ်ထစ်ချရိပ်မိသွားတယ်။ သေတ္တာနဲ့ အနီးဆုံးနေရာမှာလည်း သူပဲရှိတော့တာကိုး။

## သေတ္တာတစ်လုံးနှင့် သီလရှင်တစ်ပါး

ဒါကြောင့်လည်း ပိုင်ရှင်မရှိတဲ့ သေတ္တာကြီးတော့ ငါယူတော့မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ အဲဒီအချိန်မှာ ရှာဖွေရေးတွေ တက်လာပြီး သေတ္တာပိုင်ရှင် ဘယ်သူလဲလို့ မေးလိုက်တာနဲ့ သီလရှင်က သူ့ဟာပါ လို့ ချက်ချင်းဖြေလိုက်တယ်။ ဒီတော့

ရှာဖွေရေးတွေက တာဝန်အရ စစ်ဆေးကြည့်ဖို့ သေတ္တာသော့ တောင်းတဲ့အခါမှာ သီလရှင်က သော့မေ့ကျန်ခဲ့တယ်ဆိုပြီး လိမ်လိုက်ပြန်တယ်။

ဒါနဲ့ပဲ ရှာဖွေရေးတွေက သီလရှင်ရဲ့ ခွင့်ပြုချက်ယူပြီး သော့ကို ဖျက်လိုက်တယ်။ သီလရှင်ကလည်း ဘာအဖိုးတန် ပစ္စည်းတွေ ထွက်လာမလဲလို့ ရင်တုန်စွာနဲ့ ကြည့်နေတာပေါ့။ သေတ္တာကို ဖွင့်လိုက်တဲ့အခါမှာ ရှာဖွေရေးအချို့တောင်လန့်ပြီး နောက်ကို နှစ်လှမ်းသုံးလှမ်း ခုန်ဆုတ်သွားတယ်။

သီလရှင်မျက်နှာဟာလည်း လောဘရောင်ကနေ သောက ရောင်ကို တစ်ခါတည်းပြောင်းသွားတယ်။ အံ့သြမှု၊ ထိတ်လန့် မှုတို့ကြောင့် သီလရှင်ရဲ့ မျက်လုံးတွေဟာ အဆမတန်ပြူး ကျယ်သွားသလို ပါးစပ်ဟာလည်း ခပ်ကျယ်ကျယ်ပွင့်ဟ သွားတယ်။

သေတ္တာထဲမှာ တွေ့ကြရတာက အတုံးအတစ်ခုတ်ပြီး သတ် ဖြတ်ထားတဲ့ အလောင်းတစ်လောင်းပါပဲ။ ဘာပဲပြောပြော အချောင်လိုချင်တဲ့လောဘကို တစ်ခဏတာ လက်ခံမိတဲ့ အတွက် သီလရှင်ဟာ သူတော်ကောင်းတန်မဲ့ အချုပ်ထဲ ရောက်ရတော့မယ်မဟုတ်လား။

တကယ်တော့ လူအများစု အပါယ်ကျကြရတာဟာ အပို လောဘကြောင့်ပါ။ ဒဂုံမြို့သစ်မြောက်ပိုင်းက တကယ့်ဖြစ်ရပ် လေးတစ်ခုကို ပြောပြဦးမယ်။ ဒီအမျိုးသမီးကြီးဟာ အုပ်ချုပ် ရေးဘက်က လူအများစုနဲ့ သိကျွမ်းတယ်။ ဒါကြောင့် သူ့မြေကို

အုပ်တံတိုင်းခတ်တဲ့အခါမှာ တစ်ဖက်မြေကွက်က မြေနှစ်ပေ လောက်ခိုးယူထားလိုက်တယ်။

သူက အရင်ရောက်တာလည်းဖြစ် အုပ်ချုပ်ရေးဘက်က လူတွေနဲ့လည်း သိနေတာဆိုတော့ နောက်မှရောက်လာတဲ့ တစ်ဖက်မြေကွက်ရှင်ဟာ ဘာမှမပြောတော့ဘဲ ဒီအတိုင်း နေတယ်၊ ဒီအမျိုးသမီးကြီး သေပြီးတဲ့နောက် ဒီအိမ်ကို သူ့ သမီးကျောင်းဆရာမက ဆက်လက်အုပ်ချုပ်နေထိုင်တယ်။

## မြေနှစ်ပေကြောင့် အပါယ်ကျသူ

တစ်ညတော့ ဆုံးသွားတဲ့အမျိုးသမီးကြီးက သူ့သမီးကျောင်း ဆရာမကို အိပ်မက်ပေးတယ်၊ အမေသူတစ်ပါး မြေနှစ်ပေကို ခိုးယူခဲ့တဲ့အတွက် ဒီနေရာတစ်ဝိုက်မှာပဲ ပြိတ္တာမကြီး ဖြစ် နေရတယ်။ နေ့ရော၊ ညရော မြေတွေကို တောင်းကြီးနဲ့ ရွက်ပြီး တစ်ဖက်ခြံထဲကို ထည့်ပေးနေရတယ်။

ဒီအတိုင်းဆိုရင် အမေဒီဘဝက တော်တော်နဲ့ကျွတ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အမေပြိတ္တာဘဝက လွတ်အောင် ကယ်ပါ။ ကယ်ရမည့် နည်းလမ်းက ခိုးထားတဲ့မြေနှစ်ပေကို ပိုင်ရှင်ထံ ချက်ချင်းပြန်ပေးပါ။ နှစ်ပေါင်းများစွာ ယူထားတဲ့ အတွက် ငွေနဲ့တွက်ပြီး ကျသင့်တဲ့အတိုးကိုလည်း ပေးဆပ် လိုက်ပါ။

အားလုံးပြီးပြီဆိုမှ အမေ့ကို အမျှပေးပါတဲ့။ သူပြောတဲ့ အတိုင်းလုပ်ပေးမှ ပြိတ္တာဘဝက လွတ်သွားတယ်။ သူတစ်ပါး

ပိုင်တဲ့ မြေနှစ်ပေကို မတရားသဖြင့် လိုချင်တဲ့လောဘကို တစ်ခဏတာ လက်ခံမိလိုက်တဲ့အတွက် ပြိတ္တာဘဝကို ရောက်သွားခဲ့ရတာပဲ။

တကယ်တော့ မိမိအတွက် တကယ်လိုအပ်တာက ဖျာတစ်ချပ်ခင်းသာရုံ မြေကွက်လေးပါ။ မိမိအိပ်တဲ့အခါ ဖျာတစ်ချပ်စာနေရာထက် ပိုသုံးလို့မရပါဘူး။ အပိုမြေတွေ အများကြီးလိုချင်တယ်ဆိုတာ အပိုလောဘကြောင့်ပါ။ အဲဒီ အပိုလောဘကြောင့် အပါယ်မကျချင်ဘဲ ကျကြရတာ။

အပိုလောဘကြီးသူတွေအတွက် ရေးထားတဲ့ ဒသနစာလေး တစ်ပိုဒ်အလွတ်ရထားတယ်။

**ဘယ်လောက်ပင် စားရ စားရ**

**တစ်ဝမ်းဝရုံပဲ။**

**ဘယ်လောက်ပင် ဝတ်ရဝတ်ရ**

**အရေပြားဖုံးရုံပဲ။**

**ဘယ်လောက်ပင် အိပ်ရနေရ**

**တစ်ကိုယ်စာလေးပဲ။**

**ဘယ်လောက်ပင် ပစ္စည်းဥစ္စာရှိရှိ**

**သေရင်ထားပစ်ခဲ့ရတာချည်းပဲ။**

**ကုသိုလ်ပြုလျှင်ကိုယ့်ဖို့။**

**ကျန်ခဲ့လျှင် သူများဖို့။**

အမှန်ကတော့ တဏှာဆိုတာ ကာမဂုဏ်ကို အကြောင်းပြုပြီးဖြစ်တာ၊ ကာမဂုဏ်ရဲ့အပြစ်ကို သိမြင်သွားရင် စွဲလမ်းတဲ့

တဏှာ မဖြစ်နိုင်တော့ဘူး။ နောက်အပတ်ကျမှ ကာမဂုဏ်ရဲ့ အပြစ်တွေကို ဇာတ်တော်သာဓက၊ လက်တွေ့သာဓကတွေနဲ့ ရှင်းပြမယ်။

## ခဏိကသမာဓိနှင့် ဝိပဿနာ

ဓာတုမနသိကာရပိုင်းအရအားဖြင့် ထင်ရှားပေါ်လာတဲ့ ဓာတ်ကြီး လေးပါးကိုလည်း ရှုရမယ်။ အဲဒီလိုရှုလို့ နီဝရဏကင်းတဲ့အခါ ဥပစာရသမာဓိဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်မှာ အထင်အရှားပြဆို တာကိုလည်း အထူးသတိပြုကြရမယ်။ အဲဒါဟာ မည်သည့် အပ္ပနာသမာဓိ၏ အနီး၌မျှ ဖြစ်တာမဟုတ်တဲ့အတွက် ဥပစာရ သမာဓိအစစ်ဖြစ်တာ မဟုတ်ကြောင်း။

ဥပစာရသမာဓိအစစ်နှင့် နီဝရဏကင်းပုံချင်း၊ စိတ်တည် ကြည်ပုံချင်း တူညီတဲ့အတွက် သဒိသူပစာအားဖြင့် ဥပစာရ သမာဓိခေါ်တဲ့အကြောင်း ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ (ပ-၄၃၆) မှာ ပြဆိုထားတယ်။

အဲဒါကို ဝိပဿနာအနေနဲ့ဆိုရင် ဝိပဿနာခဏိကသမာဓိ လို့ ဆိုရမှာပဲ။ ဒါကြောင့် ဘုန်းကြီးက ဝိပဿနာခဏိကသမာဓိ လို့လည်း ဖော်ပြနေပါတယ်။ အဲဒါကို တချို့က သဘောမ ပေါက်တဲ့အတွက် ခဏိကသမာဓိဖြင့် ဝိပဿနာမဖြစ်နိုင် ကြောင်း။

အကယ်၍ ဖြစ်နိုင်ပါလျှင် စာသင်သားတွေမှာ ဝိပဿနာ ဉာဏ်တွေဖြစ်နိုင်ကြောင်း အပြစ်ပြပြီး ပြောဆိုနေတယ်။ စာ

သင်သားတွေ၏ သမာဓိဟာ နီဝရဏ ကင်းလောက်အောင် အားရှိရင် မဟာသတိပဋ္ဌာန်သုတ်ဒေသနာနှင့်အညီ ဖြစ်ဆဲ ရုပ်နာမ်ကို ရှုမှတ်နေတာလည်း ဟုတ်ရင် ဝိပဿနာဉာဏ်ဖြစ် နိုင်ပါတယ်လို့ ဘုန်းကြီးတို့ လက်ခံနိုင်ပါတယ်။

ဒါပေမဲ့ ကျက်မှတ်လေ့လာထားတဲ့ သရုပ်သဘောတွေကို ရွတ်ဆို ဆင်ခြင်နေတဲ့ သမာဓိမျှဖြင့် နီဝရဏလည်းမကင်း ကြောင်း ဖြစ်ဆဲရုပ်နာမ်ကို ရှုနေတာလည်း မဟုတ်ကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် အဲဒီလို အပြစ်ပြပြီး ပြောနေတဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာလုပ်ငန်းအစစ်ကို နားမလည်လို့ ပြော နေတာပါပဲ။

ဝိသုဒ္ဓိမဂ်(ပ-၂၈၁) မှာ ဝိပဿနာခဏိကသမာဓိကို ခဏိက စိတ္တေကဂ္ဂတာလို့ ပြဆိုထားပါတယ်။ ယင်း၏အဖွင့်ဋီကာ၌ ခဏမတ္တဋ္ဌိတိကော သမာဓိစသည်ဖြင့် ပြထားပါတယ်။ အဲဒီ အဋ္ဌကထာ၊ ဋီကာများ ကိုလည်း အမှီပြုပြီးတော့ ဘုန်းကြီးက သဒ္ဒိသူပစာ ဥပစာရသမာဓိကို ဝိပဿနာ ခဏိကသမာဓိ လို့ မုချအမည်ဖြင့် ပြဆိုထားခြင်းဖြစ်ပါတယ်။ အဲဒီအချက်တွေ ကို သဘောပေါက်ရင် စကားရှင်းနေမှာပါပဲ။

(မဟာစည်ဆရာတော်၏ မေးစကြာတရားတော်မှ)

(၆၀)

# လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ

နုပ်။ ။ ဣတိဝုတ်ပါဠိတော် (၂၀၁) တဏှာသံယောဇနသုတ်

တဏှာ ဒုတိယော ပုရိသော၊

ဒီဃမဒ္ဓါနံ သံသာရံ

ဣတ္ထဘာဝညထာဘာဝံ

သံသာရံ နာတိဝတ္တတိ။

ဆိုပြီး ဟောကြားထားတယ်။ အဓိပ္ပာယ်က တဏှာလျှင် အဖော်ရှိတဲ့ယောကျ်ားဟာ ရှည်စွာသော ကာလပတ်လုံး ကျင်လည်ရလို့ လူ့ဘဝ၊ နတ်ဘဝ၊ အပါယ်ဘဝဆိုတဲ့ သံသရာကို မလွန်မြောက်နိုင်ဘူး . . . တဲ့။

ဒီဒေသနာအရ – အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိဆိုတဲ့ ကာမဂုဏ်တရားတွေအပေါ်မှာ တပ်မက်စွဲလမ်းတဲ့ တဏှာ ရှိနေသရွေ့ သံသရာက ဘယ်တော့မှ မလွတ်နိုင်ဘူး လို့ မှတ်ရမယ်။ အဲဒီဣတိဝုတ်ပါဠိတော်မှာပဲ–

ဧတမာဒီနဝံ ဉတွာ၊

တဏှံ ဒုက္ခဿ သမ္ဘဝံ။

ဝီတတဏှော အနာဒါနော

သတောဘိက္ခု ပရိဗ္ဗဇေ။

လို့ ဆက်ဟောပြန်တယ်။ အဓိပ္ပာယ်က–

သတိရှိတဲ့ပုဂ္ဂိုလ်ဟာ ဆင်းရဲခြင်းအကြောင်းဖြစ်တဲ့ ထိုကာမတဏှာကို အပြစ်မြင်ပြီး တပ်မက်ခြင်းကင်းတဲ့အတွက် နောင်တစ်ဖန် ပဋိသန္ဓေမယူတော့ဘဲ သံသရာက လွတ်မြောက်နိုင်တယ် . . . တဲ့။

သန်း။ ။ဒါဆိုရင် ဆရာတော်က ကာမဂုဏ်ရဲ့ အပြစ်တွေ၊ ဆိုးကျိုးတွေကို ပြည့်ပြည့်စုံစုံ ဟောပေးပေါ့ဘုရား၊ တပည့်တော်တို့ကလည်း ကာမဂုဏ်ရဲ့ အပြစ်ကိုမြင်သွားရင် ချစ်ခင်မှာ မဟုတ်တော့ပါဘူး။

နုပ်။ ။ ငါ့ဉာဏ်ပေါက်စလေးနဲ့ တွေးခေါ်ပြီး ဟောနေစရာတောင် မလိုပါဘူးကွာ၊ ဘုရားရှင်က မူလပဏ္ဏာသပါဠိတော်။ မဟာဒုက္ခက္ခန္ဓသုတ်မှာ အကျယ်ဟောထားပြီးသားပါ။ မင်းတို့လူငယ်တွေနားလည်အောင် ငါက မြန်မာလို ပါးစပ်အငှားနဲ့ ပြန်ပြောမယ်။ သေချာနာယူပေတော့။

## ကာမကပေးသောဒုက္ခများ

ရဟန်းတို့ ကာမတရားတို့၏ အပြစ်သည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အမျိုးသားသည် လက်ဆစ်ချိုးရေတွက်ခြင်း အတတ်ဖြင့်ဖြစ်စေ၊ ဂဏန်းအတတ်ဖြင့်ဖြစ်စေ၊ သင်္ချာအတတ်ဖြင့်ဖြစ်စေ၊ လယ်လုပ်ခြင်းဖြင့်ဖြစ်စေ၊ ကုန်

သွယ်ခြင်းဖြင့်ဖြစ်စေ၊ နွားကျောင်းခြင်းဖြင့်ဖြစ်စေ၊ လက်နက်ကိုင်အမှုထမ်းခြင်းဖြင့်ဖြစ်စေ။

မင်းမှုထမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားတစ်ပါးသော အတတ်ဖြင့်ဖြစ်စေ အတတ်အမျိုးမျိုးဖြင့် အအေးကို ရင်ဆိုင်ရလျက် အပူကို ရင်ဆိုင်ရလျက်၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိ ထိခိုက်ခံရလျက် ငတ်မွတ်ခြင်း၊ နှိပ်စက်၍ အသေခံရလျက် အသက်မွေးရ၏။ ရဟန်းတို့ ဤသည်ကား ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမလျှင် တည်ရာရှိသော ကာမတို့ကြောင့်သာလျှင်ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏အပြစ်ပေတည်း။

ရဟန်းတို့ ထိုအမျိုးသားသည် ဤသို့ ထကြွစေ့ဆော်အား ထုတ်ရပါလျက် စည်းစိမ်ဥစ္စာတို့သည် မပြည့်စုံကုန်ငြားအံ့ ထိုအမျိုးသားသည် ငါ၏ ထကြွလုံ့လသည် အချည်းနှီးသာ တကား၊ ငါ၏ ကြိုးပမ်းအားထုတ်ခြင်းသည် အကျိုးမဲ့သာ တကားဟု ပူဆွေး၏။ ပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီး မြည်တမ်း၏။ တွေဝေခြင်းသို့ရောက်၏။ ရဟန်းတို့ ဤသည်လည်း ကာမတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ ထိုအမျိုးသားသည် ဤသို့ ထကြွစေ့ဆော်အား ထုတ်သဖြင့် စည်းစိမ်ဥစ္စာတို့သည် ပြည့်စုံကုန်ငြားအံ့။ ထိုအမျိုးသားသည် အဘယ်သို့ စောင့်ထိန်းလျှင် ငါ၏ စည်းစိမ်ဥစ္စာတို့ကို မင်းနှင့်ခိုးသူတို့ မယူနိုင်ဘဲ မီးမလောင်၊ ရေမမျော၊ မချစ်သော အမွေခံတို့ မယူနိုင်ဘဲ ရှိအံ့နည်းဟု စည်းစိမ်ဥစ္စာ

တို့ကို စောင့်ထိန်းရခြင်း အကြောင်းကြောင့် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကို ခံစားရ၏။

ထိုအမျိုးသားသည် ဤသို့ စောင့်ရှောက်ထိန်းသိမ်းပါလျက် စည်းစိမ်ဥစ္စာတို့ကို မင်းတို့သော်လည်း ဆောင်ယူကြကုန်အံ့။ ခိုးသူတို့သော်လည်း ခိုးယူကြကုန်အံ့၊ မီးသော်လည်း လောင်အံ့၊ ရေသော်လည်းမျောအံ့၊ မချစ်အပ်သော အမွေခံတို့သော်လည်း ဆောင်ယူကြကုန်အံ့၊ ထိုအမျိုးသားသည် ငါ့အားဖြစ်ပြီးသော ဥစ္စာတို့သည် မရှိတော့ပါတကားဟု ပူဆွေးပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီး မြည်တမ်း၏။ တွေဝေခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသည်ကား ဆင်းရဲအစုဖြစ်သော ကာမတရားတို့၏ မျက်မှောက်အဖြစ်ပေတည်း။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ၊ ကာမတည်ရာ ကာမတို့ကြောင့်သာလျှင် မင်းအချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ရေရှင်မြေရှင် အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ပုဏ္ဏား အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ သူကြွယ် အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ သားအမိ အချင်းချင်းလည်း ငြင်းခုံကြကုန်၏။

သားအဖ အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ညီအစ်ကို မောင်နှမ အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ အပေါင်းအဖော် အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ထိုသူတို့သည် ငြင်းခုံခြင်း၊ ရန်ဖြစ်ခြင်း၊ စသော ကွဲလွဲခြင်းသို့ ရောက်ကြကုန်လျက် အချင်းချင်း လက်တို့ဖြင့်လည်း ပုတ်ခတ်ကြကုန်၏။

ခဲတို့ဖြင့်လည်း ပေါက်ကြကုန်၏။

တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏။ ဓားလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏။ ထိုသူတို့သည် ထိုရန်ဖြစ်ရာ အရပ်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့ ဤသည်ကား မျက်မှောက်ဆင်းရဲ အစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမရင်းခံ၊ ကာမတည်ရာ၊ ကာမတို့ကြောင့်သာလျှင် သံလျက်နှင့် ကာကိုကိုင်စွဲ၍ လေးနှင့်မြားတောင့်ကို လွယ်လျက် မြားလှံတို့ကို ပစ်လွှတ်နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝှေ့ရမ်းနေကြစဉ်ပင် နှစ်ဖက်ရင်ဆိုင်တိုက်ရာ စစ်မြေပြင်သို့ တိုးဝင်ကြကုန်၏။

သံလျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့သည် စစ်မြေပြင်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့ ဤသည်လည်း မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ ထို့ပြင်လည်း ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမတည်ရာ၊ ကာမတို့ကြောင့်သာလျှင် သံလျက်နှင့် ကာကိုကိုင်စွဲ၍ လေးနှင့်မြားတောင့်ကိုလွယ်လျက် မြားလှံတို့ကို ပစ်လွှတ်နေကြစဉ်ပင် သံလျက်တို့ တလက်လက်

ငှေ့ရမ်းနေကြစဉ်ပင် ပူသောအစေးတို့ဖြင့် သွန်းလောင်းထား
သော မြို့တံတိုင်းခြေတို့သို့ တိုးဝင်ကြကုန်၏။ ထိုသူတို့ကို
ထိုနေရာ၌ မြားတို့ဖြင့်လည်း ပစ်ကြကုန်၏။

လှံတို့ဖြင့်လည်း ထိုးကြကုန်၏။ နွားချေး၊ မြင်းချေးရည်
ပူပူဖြင့်လည်း သွန်းလောင်းကြကုန်၏။ ယန္တရားမောင်းဖြင့်
လည်း ဖိချကြကုန်၏။ သံလျှက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြ
ကုန်၏။ ထိုသူတို့ သည်ထိုနေရာ၌ သေခြင်းသို့လည်း ရောက်
ကြကုန်၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်
ကြကုန်၏။ ရဟန်းတို့ ဤသည်လည်း မျက်မှောက်ဆင်းရဲ
အစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း ကာမအထောက်အပံ့
ကာမအရင်းခံ၊ ကာမတည်ရာ၊ ကာမတို့ကြောင့်သာလျှင် အိမ်
ကိုလည်း ဖောက်ထွင်းကြကုန်၏။ ရွာလုံးကျွတ်လည်း တိုက်
ခိုက်ကြကုန်၏။ တစ်အိမ်တည်းကိုလည်း တိုက်ခိုက်လုယူကြ
ကုန်၏။ ခရီးလမ်း၌လည်း စောင့်၍ လုယူကြကုန်၏။ သူ
တစ်ပါးသားမယားကိုလည်း သွားလာကြကုန်၏။

ထိုသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှုအမျိုးမျိုးတို့ကို
ပြုကုန်၏။ နှင်တံဖြင့်လည်း ရိုက်ကြကုန်၏။ လက်ကိုလည်း
ဖြတ်ကြကုန်၏။ ခြေကိုလည်း ဖြတ်ကြကုန်၏။ လက်ခြေတို့ကို
လည်း ဖြတ်ကြကုန်၏။ နားကိုလည်း ဖြတ်ကြကုန်၏။ နား၊
နှာခေါင်းတို့ကိုလည်း ဖြတ်ကြကုန်၏။ ဦးခေါင်းခွံကို ဖောက်၍
ဦးနှောက်ကို ပအုံးရည်ကဲ့သို့ ပူလောင်စေကုန်၏။ ခရုသင်းပမာ

ဦးခေါင်းရေကို ခွာကုန်၏။

နေကို ငုံသည့် ရာဟုအလား ပါးစပ်တွင်း၌ သွေးပြည့်အောင် ပြုကုန်၏။ ကိုယ်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြိုက်ကုန်၏။ မြစ်ခြေပင်မ၌ အရွက်တို့ ရစ်ပတ်နေသော ပိန်းပင်အလား မဖျက်အထိ တစ်ကိုယ်လုံးမှ အရေကို ခွာချကာ ပြေးလွှားစေကုန်၏။ ခြေလက်လေးဘက်တို့၌ တံကျင်လျှိုထား၍ လေးဘက်တွားနေသည့် သားကောင်ကဲ့သို့ ပြုလုပ်ကုန်၏။ အရေ၊ အသား၊ အကြောတို့ကို ငါးမျှားချိတ် ပမာ ထက်စွာသောသံချိတ်တို့ဖြင့် ဆွဲချိတ်၍ ချကုန်၏။

တစ်ကိုယ်လုံးမှ အသားစိုင်တို့ကို တစ်ကျပ်သား၊ တစ်ကျပ် သားခန့် ခြွေချကုန်၏။ တစ်ကိုယ်လုံး သံဆူးခက်တို့ဖြင့် ရိုက် နှက်ကာ ဆား၊ ဆပ်ပြာတို့ဖြင့် ပက်ဖျန်းကြကုန်၏။ တံခါးတိုင်၌ တံခါးကျဉ်လျှို၍ လှည့်စေကုန်၏။ အရိုးအားလုံးကို မှုန့်မှုန့် ညက်ညက်ကြေမွစေလျက် ကောက်ရိုးကရွတ်ခွေကဲ့သို့ ပြုလုပ် ကုန်၏။ ဆီပူဖြင့်လည်း သွန်းလောင်းကုန်၏။ ခွေးတို့ကိုလည်း ကိုက်စေကြကုန်၏။ အရှင်လတ်လတ်လည်း သံတံကျင် လျှိုကုန်၏။

သံလျှက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့ သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏။ သေ လောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့ ဤသည်လည်း မျက်မှောက်ဆင်းရဲ အစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

ခုပြောခဲ့တာတွေက ကာမတရားတွေရဲ့ မျက်မှောက်ဘဝ ခံစားရမယ့် ဆိုးကျိုးတွေပေါ့။ တမလွန်မှာ ခံစားရမယ့် ဆိုးကျိုးတွေ ကိုလည်း ယခုလို ဆက်လက်ဟောကြားတော်မူတယ်။

ရဟန်းတို့ ထိုမှတစ်ပါးလည်း ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမတည်ရာ၊ ကာမတို့ကြောင့်သာလျှင် မကောင်းအကျင့်ကို ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုကျင့်ပြီးလျှင် ထိုသူတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ရောက်ရ၏။ ရဟန်းတို့ ဤသည်ကား တမလွန်ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း . . . တဲ့

## ကာမ၏ ဥပမာဆယ်မျိုး

ဒီကာမတရားကို ဘုရားရှင်က ဥပမာဆယ်မျိုးနဲ့ ဟောထားတယ်။ အဲဒါတွေကတော့–

(၁) ကာမတရားဟာ အသားမကပ်တဲ့ အရိုးနဲ့တူတယ်
(၂) ကာမတရားဟာ သားတစ်နဲ့တူတယ်
(၃) ကာမတရားဟာ မြက်မီးရှူးနဲ့တူတယ်
(၄) ကာမတရားဟာ မီးကျီးတွင်းနဲ့တူတယ်
(၅) ကာမတရားဟာ အိပ်မက်နဲ့တူတယ်
(၆) ကာမတရားဟာ အငှားပစ္စည်းနဲ့တူတယ်
(၇) ကာမတရားဟာ အသီးရှိတဲ့သစ်ပင်နဲ့တူတယ်
(၈) ကာမတရားဟာ စဉ်းတီတုံးနဲ့တူတယ်

(၉) ကာမတရားဟာ လှံတံကျင်နဲ့တူတယ်

(၁၀) ကာမတရားဟာ မြွေဦးခေါင်းနဲ့တူတယ်တဲ့။

သန်း။ ။အဲသလောက်ပြောရုံနဲ့ တပည့်တော်တို့ လူငယ်တွေအတွက် ဘယ်နားလည်မလဲဘုရား။ ဇာတ်လမ်း၊ ဇာတ်ကွက်လေးတွေနဲ့ အကျယ်ရှင်းပြမှ နားလည်မှာ ပေါ့ဘုရား။

နုပ်။ ။ အေး . . . အေး ရှင်းပြရမှာပေါ့၊ ကာမတရားဟာ နှစ်ရှည်လများ စွန့်ပစ်ထားတဲ့ ဘာအသားမှမရှိတဲ့ အမဲရိုးနဲ့တူသတဲ့။ အသားမပါတဲ့ အမဲရိုးကို ဘယ်လောက်ကြာအောင် ကိုက်ကိုက် ဘာအရသာမှထွက်မလာသလို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ ကာမဂုဏ်ငါးပါးကို ဘယ်လောက်ကြာအောင် ခံစားခံစား ဘာအရသာမှ ထွက်မလာပါဘူးတဲ့။

ဒါပေမဲ့ အမဲရိုးကိုကိုက်တဲ့ ခွေးတော်ရဲ့လျှာက အရည်တွေထွက်လာတော့ အမဲရိုးဟာ အရသာရှိတယ်လို့ ထင်နေရသလို၊ ကာမဂုဏ်ကိုခံစားတဲ့ ပုထုဇဉ်ရဲ့ သန္တာန်က တဏှာအရည်တွေ ထွက်လာလို့ ကာမဂုဏ်ဟာ အရသာရှိတယ်လို့ ထင်နေရတာပါ။

ဒါကြောင့်လည်း ပုထုဇဉ်တွေဟာ ကာမနဲ့ပတ်သက်လာရင် အသက်ကိုတောင် သတ်ရဲကြတာပဲ၊ ဒါနဲ့ ပတ်သက်ပြီး ငါးရာငါးဆယ် ကေနိပါတ်ကလာတဲ့ ဝေဒဗ္ဗဇာတ်ကို ကောက်နုတ်ပြောပြမယ်။



10 B

## ကာမဂုဏ်အတွက်ဆို အသက်ပင်သေသေ

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ်အခါကပေါ့။ တစ်ခုသော ရွာတစ်ရွာမှာ ဝေဒဗ္ဗမန္တရားကို တတ်မြောက်တဲ့ ပုဏ္ဏားတစ်ယောက်ရှိတယ်။ နက္ခတ်တည့်တဲ့အချိန်မှာ ကောင်းကင်ကြည့်ပြီး ဒီမန္တရားကိုရွတ်ရင် ရတနာမိုးတွေ ရွာချပေးရသတဲ့။ ဒီအချိန်မှာ ဘုရားအလောင်းဟာ ဒီပုဏ္ဏားထံမှာ အတတ်ပညာသင်ယူနေတယ်။

တစ်ရက်တော့ အဲဒီပုဏ္ဏားဆရာနဲ့ တပည့်ဘုရားအလောင်းတို့ဟာ ကိစ္စတစ်ခုကြောင့် မိမိတို့ရွာကထွက်ပြီး စေတတိုင်းကို သွားကြတယ်။ လမ်းမှာ ပေသနကလို့ အမည်ရတဲ့ ခိုးသားငါးရာရဲ့ ဖမ်းဆီးခြင်းကို ခံကြရတယ်။ ပေသနကဆိုတာ စေခိုင်းခြင်းလို့ အဓိပ္ပာယ်ရတယ်။

ဘယ်လိုစေခိုင်းတာလဲဆိုတော့ သူတို့ဟာ လူနှစ်ယောက်ဖမ်းမိရင် တစ်ယောက်ကို ချုပ်ထားပြီး ကျန်တစ်ယောက်ကို ဥစ္စာတွေ ပြန်ယူစေတယ်၊ ပြီးတော့ ဖမ်းထားသူနဲ့ လာလဲဆိုပြီး စေခိုင်းတတ်တာပဲ၊ ခုခေတ်လိုဆိုရင်တော့ ပြန်ပေးဆွဲတဲ့အဖွဲ့တွေပေါ့၊ ခိုးသားတွေဟာ တပည့်ဖြစ်တဲ့ ဘုရားအလောင်းကို ဥစ္စာတွေပြန်ယူဖို့ စေလွှတ်လိုက်ကြတယ်။

ဘုရားလောင်းဟာ သွားခါနီးမှာ ဆရာဖြစ်သူကို သေချာမှာခဲ့တယ်။ ဆရာ၊ ကျွန်တော်တစ်ရက် နှစ်ရက်လောက်သာ ကြာပါလိမ့်မယ်။ ဥစ္စာရအောင်ရှာပြီး ဆရာ့ကို မဖြစ်မနေ လာရွေးပါ့မယ်၊ ဆရာ့ကို အရေးကြီးတဲ့စကားတစ်ခွန်း မှာခဲ့ပါ

ရစေ၊ ဒီကနေ့ညဥစ္စာကို ရွာစေတတ်တဲ့ နက္ခတ်နဲ့ ယှဉ်ပါလိမ့်မယ်။ ဒီအခါ ခိုးသူတွေညှဉ်းဆဲတာ မခံနိုင်တာနှင့် မန္တရားရွတ်ပြီး ဥစ္စာမိုးရွာအောင် မလုပ်ပါနဲ့၊ အကယ်၍ ဥစ္စာမိုးရွာစေခဲ့ရင် ဆရာရော၊ ခိုးသားတွေရော အားလုံးသေကြေပျက်စီးကြပါလိမ့်မယ်။

အဲဒီလို သေချာမှာပြီး ဘုရားအလောင်းဟာ ထွက်ခွာသွားတယ်။ ညရောက်တဲ့အခါ ခိုးသားတွေဟာ ပုဏ္ဏားဆရာကို ကြိုးတုပ်ပြီး အိပ်ကြတယ်။ အရှေ့လောကဓာတ်က လပြည့်ဝန်းကြီး တက်လာတဲ့အခါ ပုဏ္ဏားဟာ ဥစ္စာမိုးရွာစေတတ်တဲ့ နက္ခတ်နဲ့ယှဉ်တာကို တွေ့သွားတယ်။

သင်ထားတဲ့ သညာသာရှိပြီး တွေးခေါ်မြော်မြင်တဲ့ ပညာမရှိသောပုဏ္ဏားဟာ ဒီအချိန် မန္တရားရွတ်ရင် ရတနာမိုး ရွာမယ်၊ ရတနာမိုးရွာရင် ငါလည်း လွတ်မြောက်မယ်လို့တွေးပြီး ခိုးသားတွေကို နှိုးလိုက်တယ်၊ ပြီးတော့ မေးလိုက်သတဲ့၊ မင်းတို့ငါ့ကို ဘာကြောင့် ဖမ်းကြတာလဲ။

ဒီလိုမေးတော့ ခိုးသားတွေက ဥစ္စာလိုချင်လို့ ဖမ်းတဲ့အကြောင်းပြောကြတော့ ပုဏ္ဏားက ဥစ္စာလိုချင်ရင် ငါ့ကို အနှောင်အဖွဲ့က လွှတ်ပေးကြ၊ ဦးခေါင်းဆေးပေးပြီး အဝတ်သစ်ဝတ်ပေးကြ၊ နံ့သာလိမ်းပြီး ပန်းပန်ပေးကြ၊ မင်းတို့လိုချင်တဲ့ ဥစ္စာကို ငါချက်ချင်းရအောင် လုပ်ပေးမယ်လို့ ပြောတော့ ခိုးသားတွေလည်း ပုဏ္ဏားပြောတဲ့အတိုင်း လိုက်လုပ်ကြတာပေါ့။

ပုဏ္ဏားဟာ နက္ခတ်ယှဉ်သည်နှင့် တစ်ပြိုင်နက် မန္တရားကို ရွတ်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်တယ်ဆိုရင်ပဲ ကောင်းကင်က ရတနာမိုးတွေ ချက်ချင်းရွာချတယ်။ ခိုးသူတွေဟာ ပုဏ္ဏားကို လွှတ်ပြီး ရတနာတွေကို တနင့်တပိုးကြီး ထုတ်ပိုးယူကြတယ်။ ပြီးတော့ သူတို့လိုရာ ဆက်သွားကြတာပေါ့။ ပုဏ္ဏားလည်း ငါ အနှောင်အဖွဲ့ကလွတ်ပြီဆိုတဲ့ ဝမ်းသာစိတ်နဲ့ ခိုးသူတွေနောက်က ကျော့ကျော့မော့မော့နဲ့ လိုက်သွားတယ်။

လမ်းခုလတ်ရောက်တော့ အဲဒီခိုးသူတွေထက် နှစ်ဆများတဲ့ ခိုးသူအဖွဲ့က ပထမခိုးသူအဖွဲ့ကို ဖမ်းဆီးပြန်တယ်။ ဒီတော့ ပထမခိုးသူအဖွဲ့က ပြန်ပြောတယ်။ ဥစ္စာလိုချင်ရင် ငါတို့ကို မဖမ်းကြနဲ့ ဟောဒီ ပုဏ္ဏားကိုဖမ်းကြ၊ ဒီ ပုဏ္ဏားဟာ ကောင်းကင်ကိုကြည့်ပြီး ရတနာမိုးရွာစေနိုင်တယ်၊ ငါတို့ထုပ်ပိုးယူလာတဲ့ ဥစ္စာတွေဟာ ဒီပုဏ္ဏားကြောင့် ကောင်းကင်ကရွာချတဲ့ ဥစ္စာတွေပဲဖြစ်တယ်လို့ ရှင်းပြတော့ ပုဏ္ဏားလည်း ဒုတိယအကြိမ် ထပ်ပြီးအဖမ်းခံရပြန်တာပေါ့။

ပြီးတော့ ဓားမိုးပြီး ဥစ္စာမိုး ရွာခိုင်းကြတယ်။ ဒီတော့ ပုဏ္ဏားက နက္ခတ်တည့်မှသာ ဥစ္စာမိုးရွာလို့ရပါတယ်၊ နက္ခတ် မတည့်ရင် ရွာလို့မရပါဘူး။ နက္ခတ်တည့်ချိန်ရောက်အောင် တစ်နှစ်စောင့်ကြပါလို့ ပြောပြရှာသတဲ့။ ဟိုက လူမိုက်တွေဆိုတော့ ဘယ်ယုံမှာလဲ၊ အလကား ဒီပုဏ္ဏား မုသားပြောနေတာ၊ ဟိုခိုးသူအဖွဲ့ကျတော့ ဥစ္စာမိုး ချက်ချင်းရွာချပေးပြီး ငါတို့အဖွဲ့ကျမှ

တစ်နှစ်စောင့်ခိုင်းတယ်၊ သွားလေရော့ကွာဆို ပြီး ပုဏ္ဏားကို သံလျှက်နဲ့ ခုတ်ပိုင်းလိုက်ကြတယ်။

ပထမခိုးသူအုပ်စုကို အကုန်သတ်ပြီး ဥစ္စာတွေကို ယူကြတယ်။ သူတို့အချင်းချင်းလည်း ဥစ္စာတွေအတွက် မယုံသင်္ကာတွေဖြစ်ပြီး နှစ်စုကွဲသွားတယ်၊ အဲဒီနှစ်စုဟာ ဥစ္စာတွေအတွက် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ထိုးခုတ်သတ်ဖြတ်လိုက်ကြတာ နောက်ဆုံး ခိုးသူနှစ်ယောက်ပဲ ကျန်တယ်။

ကျန်တဲ့ ခိုးသူနှစ်ယောက်တို့ဟာ ဥစ္စာထုပ်ကို ဦးပုံ့ထမ်းပြီး လာလိုက်ကြတာ ရွာတစ်ရွာအနီးကို ရောက်လာတယ်။ ရွာအပြင်မှာ ဥစ္စာထုပ်ကြီးကို ချထားပြီး တစ်ယောက်က စောင့်တယ်။ ကျန်တစ်ယောက်က ရွာထဲမှာ ထမင်းသွားရှာတယ်။ ဥစ္စာထုပ်ကြီးကို သံလျှက်ကိုင်ရင်း စောင့်နေတဲ့ခိုးသူဟာ စဉ်းစားနေတယ်။

ဟိုကောင်ပြန်လာရင် ဒီဥစ္စာထုပ်ကို နှစ်ဦးခွဲနေရမှာ သူ့ကို မပေးဘဲ ငါတစ်ယောက်တည်းပိုင်အောင် သူပြန်ရောက်ရောက်ချင်း လက်မနှေးဘဲ သတ်ပစ်ရမယ်လို့ တွေးသတဲ့။ သူ့အကြံအစည်အတိုင်း ထမင်းရှာတဲ့သူ ပြန်ရောက်လာတာနဲ့ အလစ်အငိုက်မှာ ချက်ချင်း ခုတ်သတ်ပစ်လိုက်တယ်။

သန်း။ ။ဒါဆိုရင် ဥစ္စာတွေကို သူတစ်ယောက်တည်း ရသွားတာပေါ့ဘုရား။

နုပ်။ ။ ဟင့်အင်း မရဘူး။

သန်း။ ။ဘာဖြစ်လို့မရတာလဲဘုရား။

နုပ်။ ။ မရဆို ဟိုလူယူလာတဲ့ ထမင်းထုပ်ကို ဖွင့်စားလိုက်တာနဲ့ အဆိပ်မိပြီး သေသွားလို့ပဲ၊ လောဘသားချင်းပဲကွ၊ ထမင်း သွားရှာတဲ့သူကလည်း ဥစ္စာတွေကို သူတစ်ယောက်တည်း ပိုင်အောင် ထမင်းထဲမှာ အဆိပ်ခပ်ထားခဲ့တာကိုးကွ။

## လူသတ်တရားခံအစစ်

သန်း။ ။တပည့်တော် တွေးကြည့်မိပါတယ်ဘုရား၊ ဒီသတ်ဖြတ်မှုတွေ ဟာ ဘာကိုအကြောင်းခံတာလဲဆိုတော့ ကာမတရားကို အကြောင်းခံတာပဲဘုရား၊ ဒီကာမကို အကြောင်းခံပြီး လောဘ တွေတက်၊ တစ်ခါ ဒီလောဘအကြောင်းခံပြီး ဒေါသပါဖက် လာတော့ ရက်ရက်စက်စက် သတ်ဖြတ်ကြတော့တာပဲဘုရား။

နုပ်။ ။ အေး– ပုထုဇဉ်တွေမှာတော့ တဏှာဆိုတဲ့ သွားရည်ကရှိနေ တော့ အရိုးတုံးနဲ့တူတဲ့ ကာမကို တပ်မက်စွဲလမ်း တန်ဖိုးထား ကြတာပေါ့။ တဏှာအစေးကို အရဟတ္တမဂ်နဲ့ ဆေးပြီးတဲ့ ရဟန္တာအရှင်မြတ်များကျတော့ ဒီကာမတရားတွေကို လွတ် လပ်အေးချမ်းစွာ ခံစားဖို့ဆိုပြီး ပုံပေးတောင် မခံစားချင်တော့ ဘူးကွ၊ အဲဒါ နဲ့ ပတ်သက်ပြီး ဗုဒ္ဓလက်ထက်တော်က ရဟန္တာ မထေရ်တစ်ပါးအကြောင်းကို ပြောပြမယ်။

သန်း။ ။လူငယ်တွေ နားလည်းဝင်၊ စိတ်လည်းဝင်စားအောင် ကျယ် ကျယ်ဝန်းဝန်း ပြည့်ပြည့်စုံစုံပြောပြပါဘုရား။

နုပ်။ ။ အေး– ပြောပြမယ်၊ ဒီအကြောင်းအရာဝတ္ထုဟာ မဇ္ဈိမပဏ္ဏာ သပါဠိတော်မှာ လာတယ်။ သုတ်နာမည်က ရဋ္ဌပါလတဲ့။

မထေရ်ရဲ့ဘွဲ့အမည်ကလည်း ရဋ္ဌပါလပဲ၊ အခါတစ်ပါး မြတ်စွာဘုရားဟာ ရဟန်းသံဃာများစွာ ခြံရံပြီး ကုရုတိုင်းအတွင်း ဒေသစာရီ လှည့်လည်ရင်း တရားဟောကြားတော်မူတယ်။

ဒီလိုလှည့်လည်ဟောကြားရင်း ထုလ္လကောဋ္ဌိကနိဂုံးကို ရောက်သွားတယ်။ ဒီသတင်းကိုကြားတော့ ထုလ္လကောဋ္ဌိကနိဂုံးမှာနေတဲ့သူတွေဟာ ဘုရားရှင်ကို လာရောက်ဖူးမြော်တရားနာကြတယ်။ ဒီပရိသတ်ထဲမှာ ရဋ္ဌပါလအမည်ရှိတဲ့အမျိုးသားတစ်ယောက်လည်းပါလာတယ်။

ဘုရားရှင်ရဲ့ တရားတော်ကို နာယူပြီးတဲ့အခါ ရဋ္ဌပါလဟာစဉ်းစားတယ်၊ အကျင့်မြတ်ကို ပြည့်စုံစင်ကြယ်အောင် (ရဟန္တာဖြစ်အောင်) ကျင့်သုံးမယ်ဆိုရင် ရဟန်းဘဝနဲ့မှ အဆင်ပြေမယ်၊ လူ့ဘဝနဲ့ဆိုရင် အချိန်ပြည့်တရားအလုပ်လုပ်ဖို့ မလွယ်ဘူးလို့ ဆင်ခြင်မိတဲ့အတွက် ဘုရားရှင်ထံ ရဟန်းပြုပေးဖို့ တောင်းပန်တယ်။

ဘုရားရှင်က မိဘခွင့်ပြုတဲ့သားသမီးကိုသာ ရဟန်းပြု ပေးနိုင်ကြောင်းမိန့်တော်မူလို့ မိဘများထံသွားပြီး ရဟန်းပြုခွင့်တောင်းတယ်။ မိဘတွေကလည်း သားသမီးဆိုလို့ ဒီတစ်ယောက်တည်းသာရှိတဲ့အတွက်ကြောင့် ခွင့်မပြုကြဘူး။

သူ့မိဘတွေက အလွန်ချမ်းသာကြွယ်ဝကြတော့ သူတို့ကွယ်လွန်ကြတဲ့အခါ ကျန်ရစ်တဲ့ ဥစ္စာပစ္စည်းတွေကို အမွေခံယူဖို့ သားတစ်ယောက်တော့ သတ်သတ်မှတ်မှတ် ရှိစေချင်မှာပေါ့လေ။ ပြီးတော့ သူ့မှာမယားလည်း လေးငါးယောက်

လောက်ထိ ရှိတယ်။

သန်း။ ။အံ့ဩစရာပါလားဆရာတော်၊ ရဟန္တာမှာ မယားတွေရှိတော့ သားသမီးတွေလည်း ရှိမှာပဲဘုရား။ ဒီသားတွေ၊ မယားတွေ၊ မိဘတွေကိုပစ်ပြီး ရဟန်းပြုချင်တယ်ဆိုတာ တော်တော်ကို သဒ္ဓါရော ပညာရော ပြည့်စုံတဲ့ပုဂ္ဂိုလ်လို့ ဆိုရမှာပဲဘုရား။

နုပ်။ ။ အေး– အဲဒီသဒ္ဓါတွေ၊ ပညာတွေကပဲ သူ့ကို ရဟန္တာဘဝ ရောက်အောင် ပို့ပေးကြမှာပဲ။

သန်း။ ။ဒါနဲ့ ကြားဖြတ်မေးရဦးမယ်ဘုရား။ တပည့်တော်တို့ ဒုလ္လရဟန်း ခံတဲ့အခါ သိမ်ထဲရောက်တာနဲ့ အနုသာသန(ဆုံးမည့်)ဆရာ က–

**ရဟန်းလောင်း သင်သည်**
**လူသားစစ်စစ်ဖြစ်ရဲ့လား**
**ယောကျ်ားစစ်စစ်ဖြစ်ရဲ့လား**
**ကြွေးမြီကင်းသူဖြစ်ရဲ့လား**
**မင်းခစားအဖြစ်မှ ကင်းလွတ်ရဲ့လား**
**အသက်နှစ်ဆယ်ပြည့်ပြီးသူရော ဖြစ်ရဲ့လား**
**သပိတ်သင်္ကန်းနဲ့ပြည့်စုံရဲ့လား**
**မိဘနှစ်ပါးက ရဟန်းပြုဖို့ခွင့်ပေးရဲ့လား**

ဆိုတဲ့ မေးခွန်းတွေကို ဘာအကြောင်းကြောင့်မေးတာလဲ။

## လူသားစစ်မှ ရဟန်းပြုရခြင်းအကြောင်း

နုပ်။ ။ အေး– ဒီအကြောင်း ဇာတ်လမ်းတွေကိုလည်း မင်းတို့ ဗုဒ္ဓ

ဘာသာ လူငယ်တွေအားလုံး သိထားသင့်တယ်။ ဗုဒ္ဓလက်ထက်တော်တုန်းက နဂါးကြီးတစ်ကောင်ဟာ ရဟန်းဘဝကို မြတ်နိုးလွန်းတဲ့အတွက် လူယောင်ဖန်ဆင်းပြီး ကျောင်းတစ်ကျောင်းမှာ ရဟန်းသွားဝတ်တယ်။

ကျောင်းမှာရှိတဲ့ ရဟန်းတွေကလည်း လူစင်စစ်ထင်ပြီး ရဟန်းပြုပေးလိုက်ကြတာပေါ့။ ဗဟုသုတမှတ်သားရတာက ဒီနဂါးတွေဟာ ဘယ်လိုပဲ လူယောင်ဖန်ဆင်းထားပေမယ့် မေထုန်မှီဝဲတဲ့အချိန်၊ အိပ်ပျော်သွားတဲ့အချိန်တွေမှာ မူလနဂါးခန္ဓာကြီး ပြန်ဖြစ်သွားတတ်တယ်။

တစ်ရက်တော့ တခြားရဟန်းတစ်ပါးနဲ့အတူ ညအခါမှာ စကားပြောရင်း သတိလွတ်ပြီး အိပ်ပျော်သွားတယ်၊ ဒီတော့ သူ့ခန္ဓာကိုယ်ကြီးက နဂါးခန္ဓာကိုယ်ကြီး ပြန်ဖြစ်သွားတာပေါ့။ ဒီအခါ သူ့ဘေးမှာ အိပ်နေတဲ့ရဟန်းကလည်း ထိတ်လန့်တကြားဖြစ်ပြီး အော်ဟစ်ပြေးထွက်သွားတာပေါ့။

ဒီအကြောင်းကို ဘုရားရှင်သိသွားတဲ့အခါ နဂါးကို နှစ်သိမ့်တရားပြပြီး နဂါးပြည်ကို ပြန်သွားစေတယ်။ နောက်နောင် ရဟန်းပြုပေးတော့မယ်ဆိုရင် အခုလို လူမစစ်တဲ့ နဂါးတွေ၊ နတ်တွေပါလာမှာစိုးလို့ လူသား စစ်စစ်ဖြစ်ရဲ့လားလို့ မေးမြန်းရတာပါ။ နဂါးတွေ၊ နတ်တွေကို ရဟန်းပြုပေးရင် ရဟန်းလည်း မဖြစ်သလို ပြုပေးတဲ့ ရဟန်းတွေမှာလည်း ဒုက္ကဋ်အာပတ်သင့်တယ်။

ယောကျ်ားစစ်စစ်ဖြစ်ရဲ့လားလို့ မေးရတာက တခြားကြောင့်

မဟုတ်ဘူး။ တစ်ခါတော့ မိန်းမစိတ်ပေါက်တတ်တဲ့ ယောကျ်ား တစ်စုဟာ ရဟန်းတွေထံမှာရဟန်းလာဝတ်ကြပါရော။ ခုခေတ် လိုဆိုရင်တော့ အခြောက်တွေပေါ့ကွာ၊ သူတို့ဟာ ရဟန်းဘဝ ရောက်တဲ့အချိန်မှာ သူ့အချိန်ကျတာနဲ့ စိတ်ဖေါက်ပြီး မိန်းမ စိတ်ပေါက်လာတယ်။

အဲဒီအခါ ငယ်ရွယ်တဲ့ရဟန်းတွေကို သူတို့နဲ့ ပျော်ပါးဖို့ ဆွဲဆောင်ကြတယ်၊ ရဟန်းတွေက သူတို့ ဆွဲဆောင်သလို မပါတဲ့အခါ အရပ်ထဲက လူပေါ့လူသွမ်းတွေဆီသွားပြီး ပျော်ပါး ဖောက်ပြားကြတယ်။ ဒီအခါမှာ လူတွေက ရဟန်းတွေကို ဝေဖန်ကြတော့တာပေါ့။

ဒီအကြောင်းကို ဘုရားရှင်သိသွားတဲ့အခါ ရဟန်းပြုခါနီးရင် ယောကျ်ားစစ်မစစ် မေးရမယ်လို့ ပညတ်တော်မူခဲ့တာပဲ။ ဒီလို မိန်းမစိတ်ပေါက်နေတဲ့သူတွေ ရဟန်းခံရင် ရဟန်းမဖြစ်သလို ပြုပေးတဲ့ ရဟန်းတွေမှာလည်း ဒုက္ကဋ်အာပတ်သင့်တယ်။

ကြွေးမြီကင်းသူဖြစ်ရဲ့လားလို့ မေးမြန်းရခြင်းအကြောင်းက ဒီလို။ တစ်ခါတော့ အမျိုးသားတစ်ယောက်ဟာ ကြွေးတွေ မဆပ်နိုင်လောက်အောင် တင်လာတဲ့အတွက် ထွက်ပေါက်ရှာ တဲ့အနေနဲ့ ရဟန်းပြုလိုက်တယ်။ ရဟန်းဝတ်ပြီးတဲ့ အချိန်ကျမှ ကြွေးရှင်တွေက ကျောင်းထိလိုက်လာပြီး ကြွေးတောင်းကြပါ လေရော။

အဲဒီတော့ ကြားထဲက သာသနာပါ သိက္ခာကျရတာပေါ့။ ဒါကြောင့် ကြွေးမြီကင်းသူဖြစ်ရဲ့လားလို့ ဗုဒ္ဓက မေးမြန်းစိစစ်

ခိုင်းတာပါ။ မင်းခစားအဖြစ်မှ ကင်းလွတ်ရဲ့လားလို့ မေးမြန်းရခြင်းအကြောင်းက တစ်ခါတော့ ဗိမ္ဗိသာရမင်းကြီးရဲ့ တပ်သားအချို့ဟာ တပ်ကထွက်ပြေးပြီး ရဟန်းပြုကြတယ်။

## မင်းက ခွင့်ပြုမှ ရဟန်းပြုရခြင်းအကြောင်း

မင်းခစားမှန်းမသိတဲ့အတွက် ရဟန်းတွေကလည်း ရဟန်းပြုပေးကြတာပေ့ါ။ နောင်တစ်ချိန် စစ်တပ်ကို ပြန်လည်စစ်ဆေးကြည့်တဲ့အခါ လျော့နေမှန်းသိသွားတယ်။ ပြီးတော့ ရဟန်းဝတ်နေမှန်းလည်း သိသွားတယ်။ ဒီအခါမှာ ဗိမ္ဗိသာရမင်းကြီးက မှူးမတ်များကို မေးမြန်းတယ်။ ရှင်ဘုရင်ခွင့်ပြုချက်မရဘဲ တပ်သားတွေက ရဟန်းပြုပေးခဲ့ရင် ရဟန်းပြုပေးတဲ့ သံဃာတွေအတွက် ဘာပြစ်ဒဏ်တွေရှိသလဲတဲ့။

သန်း။ ။ဘာပြစ်ဒဏ်တွေရှိသလဲဘုရား။

နုပ်။ ။ ဥပဒေနဲ့ပတ်သက်တဲ့အမတ်က ဖြေတယ်၊ ရှင်ဘုရင် ခွင့်မပြုဘဲ တပ်သားတွေကို ရဟန်းပြုပေးရင်–

(၁) ဥပဇ္ဈာယ်ဆရာလုပ်သူကို ခေါင်းဖြတ်သတ်ရမယ်။

(၂) ကမ္မဝါဖတ်တဲ့ ဆရာတော်တွေရဲ့ လျှာကို ဖြတ်ရမယ်

(၃) ကာရကသံဃာတွေရဲ့ နံရိုးတွေကို ရိုက်ချိုးပစ်ရမယ်တဲ့။

သန်း။ ။ဥပဒေတွေက ကြောက်စရာကောင်းလှပါလား ဆရာတော်

နုပ်။ ။ အေး ဒါကြောင့်လည်း သောတာပန်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်ဆီကို အပြေးသွားပြီး လျှောက်ထားတာပေ့ါ။ နောက်နောင် ဘုရင်ရဲ့ ခွင့်ပြုချက်မရတဲ့ တပ်သားတွေကို

ရဟန်းပြုမပေးကြပါစေနဲ့ဘုရား။

တပည့်တော်တို့လို သာသနာကြည်ညိုတဲ့ ဘုရင်ဆိုရင် ဘာမျှမဖြစ်ပေမယ့် သာသနာမကြည်ညိုတဲ့ ဘုရင်နဲ့ ကြုံကြိုက်နေရင် ရဟန်းတွေအတွက် အန္တရာယ်ကြီးလှပါတယ် ဘုရားတဲ့။ အဲဒီလို အကျိုးသင့်၊ အကြောင်းသင့် လျှောက်ထားတဲ့အခါ ဘုရားရှင်ကလက်ခံပြီး အခုလို မေးမြန်းစိစစ်ခိုင်းတာပဲ။

အနာကြီးငါးမျိုးမှ လွတ်ကင်းသူဖြစ်ရဲ့လားလို့ မေးမြန်းရခြင်းရဲ့ နောက်ကြောင်း ရာဇဝင်က ဒီလို၊ အဲဒီခေတ်အချိန်က ဘုရင့်သမားတော်ကြီး ဇီဝကဟာ အလွန်နာမည်ကြီးနေတဲ့ အချိန်ပေါ့။ သူက ဘုရင့်လက်သုံးတော်ဖြစ်နေတော့ မင်းညီမင်းသားတွေချည်းပဲ ကုပေးနေရတယ်။ ပြည်သူပြည်သားတွေကို ကုသပေးဖို့ အချိန်မရဘူး။

ဘုရားရှင်ရဲ့ တပည့်ရဟန်းတွေကိုတော့ ကုသပေးတယ်။ ဒါကိုသိသွားတဲ့ အမျိုးသားအချို့ဟာ သူတို့ ရောဂါတွေကို ဇီဝကက ကုသပေးအောင် ရဟန်းဝတ်ကြတယ်။ ပြီးတော့ ဆေးကုကြတယ်။ ဇီဝကကလည်း ရဟန်းတွေဆိုတော့ ဂရုစိုက်ပြီး ကုသပေးတာပေါ့။ အဲဒီခါတော်မီရဟန်းတွေဟာ ရောဂါပျောက်တာနဲ့ လူဝတ်လဲသွားကြတယ်။

လူဝတ်လဲပြီးတဲ့အခါ လမ်းမှာ ဆရာဇီဝကနဲ့ ဆုံမိကြတာပေါ့။ ဒီတော့ ဆရာဇီဝကက အကျိုးအကြောင်း မေးကြည့်တာပေါ့။ ဒီတော့ သူတို့ကလည်း အမှန်အတိုင်းပဲ ဖြေကြ

တယ်။ ငါတို့ရဟန်းပြုခဲ့ကြတာဟာ သာသနာကို ကြည်ညိုလို့ မဟုတ်ဘူး။ သင်က ရဟန်းတွေမှ ဆေးကုပေးလို့ ဆေးကုချင်လို့ ရဟန်းဝတ်ကြတာပဲ၊ အခုရောဂါတွေပျောက်လို့ လူပြန်ထွက်တာတဲ့။

ဒီအကြောင်းကိုသိသွားတဲ့အခါ ဆရာဇီဝကက ဘုရားရှင်ကို သွားလျှောက်တယ်။ ဆေးကုချင်လို့ သာသနာ့ဘောင်ဝင်တဲ့ သူတွေကို လက်မခံဖို့ပေါ့။ ဒါကြောင့် ဘုရားရှင်က အနာကြီး ငါးမျိုးရှိတဲ့သူတွေကို ရဟန်းပြုမပေးဖို့ ပညတ်တော်မူတာပါ။

သန်း။ ။အနာကြီးငါးမျိုးကို အမိန့်ရှိပါဦးဘုရား။

နုပ်။ ။ အနာကြီးငါးမျိုးဆိုတာ နူနာရောဂါ၊ အိုင်းအမာနာရောဂါ၊ အနူကွက်နာရောဂါ၊ တီဘီချောင်းဆိုး သွေးပါရောဂါ၊ ခွေးရူးပျံ ဝက်ရူးပျံ ရောဂါတို့ပဲ။ အိုင်းအမာနာရောဂါဆိုတာ ဥသျှစ်သီးလောက်ရှိတဲ့ အလုံးကြီးတွေ ခန္ဓာတစ်ကိုယ်လုံးက ထွက်လာတယ်။

အတော်ကြာတော့ ရောင်ကိုင်းလာပြီး သွေးပုပ်တွေ၊ ပြည်ပုပ်တွေ ယိုစီးကျလာတယ်။ အဲဒီရောဂါမျိုးပဲ၊ အသက်နှစ်ဆယ်ပြည့်ပြီးသူ ဟုတ်၊ မဟုတ် စစ်ဆေးရခြင်းအကြောင်းကိုတော့ နောက်အပတ်မှ ဆက်ကြရအောင်။

## ဗုဒ္ဓဘာသာနှင့် သဿတဝါဒ

လောကဆိုတဲ့ အသက်ကောင်၊ အတ္တကောင်၊ သတ္တဝါကောင်ဟာ ပျက်စီးခြင်းမရှိဘဲ အမြဲတည်နေတယ်လို့ ယူဆတဲ့

အယူအဆကို သဿတဒိဋ္ဌိလို့ ခေါ်တယ်။ ဒီအယူရှိတဲ့သူက သတ္တဝါဟာ ရုပ်ကိုယ်အကြမ်းကြီးက ပျက်စီးပြီး သေသွားတယ်လို့ဆိုရပေမယ့် လောကခေါ်တဲ့ အတွင်းသားအတ္တကောင်ကတော့ ပျက်စီးခြင်းမရှိဘူး။

နောက်နောင် ဘဝခန္ဓာအိမ်အသစ်တွေထဲမှာ ဝင်ရောက်ပြီး တည်မြဲနေတယ်။ ဘယ်တော့မှ ပျောက်ပျက်မသွားဘူး။ ပျောက်ပျက်သွားအောင်လည်း ဘယ်လိုနည်းနဲ့မှ မလုပ်နိုင်ဘူးလို့ ယူဆစွဲလမ်းတယ်။ ဒီအယူက တချို့ မြန်မာတွေ ယူဆပုံနဲ့ တူနေဟန်ရှိပါတယ်။ ဗုဒ္ဓတရားကျမ်းဂန် ဗဟုသုတ မရှိတဲ့သူတွေက ဒီအတိုင်းပဲ ယူနေကြတာများပါတယ်။

ပဋိသန္ဓေနေတဲ့အခါ နာနာဘာဝအကောင်က အမိဝမ်းထဲ ဝင်လာသလိုလိုလည်း ထင်နေကြတယ်။ မိခင်လောင်းဖြစ်တဲ့သူ ရေသောက်ရာမှာ အမှိုက်ယောင်ဆောင်ပြီးတော့ ဝင်လာတတ်တယ်လို့ ဒီလိုပြောသံကိုလည်း ငယ်ငယ်တုန်းက ကြားရဖူးတယ်။ သေတဲ့အခါမှာလည်း အသက်က နှာခေါင်းကထွက်သွားသလိုလို၊ ပါးစပ်က ထွက်သွားသလိုလို၊ ဒီလိုပဲ ထင်မှတ်နေကြတယ်။ သေပြီးတော့ ဘဝသစ်၊ ဌာနသစ်မှာ ခန္ဓာအိမ်အသစ်ထဲဝင်ပြီး ဖြစ်တယ်လို့လည်း ထင်နေကြတယ်။ အဲဒီလို အယူအဆအထင်အမြင်တွေဟာ သဿတ အယူအမြင်တွေပါပဲ။

ဒီအယူက ခန္ဓာကိုယ်တွေ ဘယ်လိုပျက်သွားပေမယ့် လောကခေါ်တဲ့ အသက်ကောင်၊ အတ္တကောင်ကတော့

ပျက်တယ်လို့ မရှိဘူး။ တစ်နေရာရာမှာ တည်မြဲတည်ရှိနေတာ ပဲလို့ ယူဆတယ်။ ဒါကြောင့် ဒီအယူခိုင်ခိုင်မြဲမြဲကြီး ရှိနေတဲ့ လူဟာ အကြောင်းအကျိုး ရုပ်နာမ်အဆက်ဆက်မျှသာ ရှိတယ်၊ အမြဲတမ်း တည်ရှိနေတဲ့ အတ္တကောင်မရှိဘူး ဆိုတာကို မယုံကြည်နိုင်ဘူး။

ဝိပဿနာရှုပြီး မဂ်ဉာဏ်ဖြင့် အကြောင်းကိလေသာတွေ ချုပ်ငြိမ်းသွားရင် အကျိုးရုပ်နာမ်တွေ ချုပ်ငြိမ်းပြတ်စဲသွားတယ် ဆိုတာကိုလည်း မယုံကြည်နိုင်ဘူး။ ဒါကြောင့် ဒီလိုအယူအစွဲ အားကြီးတဲ့သူဟာ ဝိပဿနာတရားကိုလည်း အားမထုတ်နိုင်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကိုလည်း မရောက်နိုင်ဘူး။ ဒါကြောင့် ဒီသဿတဒိဋ္ဌိကို မဂ္ဂန္တရာယ်ဖြစ်တယ်လို့ဆိုထားပါတယ်။

အဲဒါက မစွန့်လွှတ်နိုင်အောင် အလွန်ခိုင်မြဲနေတဲ့ သဿတ အယူကို ဆိုတာပါ။ မြန်မာတွေမှာရှိနေတဲ့ သဿတ အယူမျိုး ကတော့ အဲဒီလိုခိုင်မြဲတဲ့အယူ မဟုတ်ပါဘူး။ ဒါကြောင့် အကြောင်းအကျိုး ရုပ်နာမ်မျှသာရှိတယ်။ အမြဲတည်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူးဆိုတာကိုလည်း ယုံကြည်လက်ခံ နိုင်တယ်။

ဝိပဿနာရှုပြီး မဂ်ဉာဏ်လေးပါးကို ရတဲ့အခါ ကိလေသာအကြောင်းတရားတွေ ချုပ်ငြိမ်းပြတ်စဲသွားလို့ အကျိုးရုပ်နာမ်ဘဝတွေလည်း ချုပ်ငြိမ်းပြတ်စဲသွားတယ်၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုရတယ် ဆိုတာကိုလည်း ယုံကြည်လက်ခံနိုင်တယ်။ ဒီလို ယုံကြည်လက်ခံပြီး ဝိပဿနာတရားကိုလည်း ကောင်း

ကောင်း အားထုတ်နိုင်တယ်။

ဒါကြောင့် ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေမှာ ရှိနေတဲ့ သဿတအယူမျိုးကတော့ မဂ္ဂန္တရာယ် မဖြစ်ဘူးဆိုတာကို လည်း မှတ်ထားကြရမယ်။ ဒါပေမဲ့ ဒီသဿတအယူဟာလည်း သောတာပတ္တိမဂ် ဉာဏ်ရောက်မှ သူက ကင်းစင်သွားတယ်။

(မဟာစည်ဆရာတော်၏ သလ္လေခသုတ် တရားတော်မှ)

ဧဝံ

(၆၁)

## လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ
## အသက်နှစ်ဆယ်ပြည့်မှ ရဟန်းခံရခြင်းအကြောင်း

သန်း။ ။ရဟန်းလောင်း ဆုံးမတဲ့အခါ အသက်နှစ်ဆယ် ပြည့်ပြီးသူ ဖြစ်ရဲ့လားလို့ စစ်မေးရခြင်း အကြောင်းကို ဆက်ပြောပါဦး ဘုရား။

နုပ်။ ။ ဒီလိုကွ၊ အရင်က ရဟန်းခံဖို့အသက်ကို သတ်မှတ်ချက်မရှိသေးဘူး။ ဒါကြောင့် ဘယ်အရွယ်မဆို ရဟန်းခံပေးနေကြတာပေါ့ကွာ၊ တစ်ခါတော့ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးတွေကို ရဟန်းခံပေးထားမိတယ်။

ကလေးအရွယ်တွေဆိုတော့ ညရောက်ရင် မိဘနဲ့ခွဲအိပ်ရတော့ တစ်ညလုံး ထိုင်ငိုကြတယ်။ ထမင်းဆာရင်လည်း ငိုတာပဲ၊ အညစ်အကြေးတွေကိုလည်း အိပ်ရာထဲမှာ စွန့်ချကြတယ်။ ဒီတော့ ဘုန်းကြီးကျောင်းတွေဟာ အိမ်တွေနဲ့အတူတူ ဖြစ်သွားတော့တာပေါ့။

အဲဒီကနောက် အသက်နှစ်ဆယ်ပြည့်မှ ရဟန်းခံဖို့ ဘုရားရှင်က ပညတ်ပေးခဲ့တာပဲ၊ အသက်နှစ်ဆယ် ရေတွက်တဲ့အခါ မိခင်ဝမ်းမှာ နေခဲ့ရတဲ့ ဆယ်လကိုပါ ထည့်တွက်နိုင်ပါတယ်။ ဒါကြောင့် ငယ်ဖြူဆရာတော်များဆိုရင် ၁၉–နှစ်နဲ့ သုံးလ

လောက်မှာ ရဟန်းခံခဲ့တာများတယ်။

သန်း။ ။သပိတ်သင်္ကန်းနဲ့ ပြည့်စုံရဲ့လားဆိုတာကရော ဘာကြောင့် မေးမြန်းတာလဲဘုရား။

နုပ်။ ။ အင်း–အဲဒါက ဆင်းရဲတဲ့လူအချို့ ရဟန်းခံကြတယ်။ ပရိက္ခရာ လှူမယ့်သူမရှိတော့ တခြားရဟန်းတွေဆီကခဏငှားပြီး ရဟန်း ခံကြတယ် ရဟန်းခံပြီးတာနဲ့ သင်္ကန်းသပိတ်တွေ ပြန်ပေးလိုက် ရတော့ ဘာမှဝတ်စရာသင်္ကန်း ဆွမ်းခံစရာသပိတ် မရှိတော့ ဘူး။

ဒီတော့ သူတို့က ကိုယ်လုံးတီးကြီးနဲ့ ဆွမ်းခံထွက်ကြတယ်။ သပိတ်မရှိတော့ လက်ခုပ်နဲ့ ဆွမ်းခံတယ်။ ဒီအခါ ဒကာ၊ ဒကာမတွေက ဘုရားသားတော် ရဟန်းတွေဟာ တိတ္ထိတွေ လို ကိုယ်လုံးတီးနေကြတယ်လို့ ကဲ့ရဲ့ကြတဲ့အတွက် ကိုယ်ပိုင် သင်္ကန်းရှိရဲ့လားလို့ မေးမြန်းစိစစ်ရတာပဲ။

သန်း။ ။မိဘနှစ်ပါးက ရဟန်းပြုဖို့ခွင့်ပြုရမယ်ဆိုပြီး မေးမြန်းစိစစ်တာက ရောဘုရား။

နုပ်။ ။ အဲဒါကဒီလို။ သုဒ္ဓေါဒနမင်းကြီးဟာ ဘုရားအလောင်းကို မင်း ဖြစ်စေချင်တယ်။ ဘုရားမဖြစ်စေချင်ဘူး။ ဒါပေမဲ့ မင်းတို့ သိတဲ့ အတိုင်းပဲ ပိတ်လှောင်ထားတဲ့ကြားထဲကပဲ တောထွက်ပြီး တရားအားထုတ်လိုက်တာ ဘုရားဖြစ်သွားတယ်။

သိဒ္ဓတ္ထမင်းသားအတွက် မျှော်လင့်ချက်မရှိတော့ သားငယ် နန္ဒမင်းသားကို အားကိုးဖို့ မျှော်လင့်ပြန်တယ်။ တစ်ခါ နန္ဒ မင်းသားကိုလည်း လက်ထက်မယ့်ဆဲဆဲမှာ ကျောင်းခေါ်သွား

ပြီး ရဟန်းပြုပေးလိုက်တာ များမကြာမီ ရဟန္တာဖြစ်သွားတာပဲ။

နောက်ဆုံးအားကိုးစရာအဖြစ် မြေးတော်ရာဟုလာလေးပဲ ရှိတော့တယ်၊ ရာဟုလာလေးကလည်း မိခင်ဖြစ်တဲ့ ယသော်ဓရာရဲ့ သွန်သင်ချက်အတိုင်း ဘုရားရှင်ဆီမှာ အမွေသွားတောင်းတယ်။ ဒီအခါ ဘုရားရှင်က လောကုတ္တရာအမွေအဖြစ် ကိုရင်ဝတ်ပေးလိုက်တာ နှစ်များမကြာမီ ရဟန္တာဖြစ်သွားတော့တာပဲ။

သားအချစ်၊ မြေးအနှစ်ဆိုတဲ့ စကားအတိုင်း မြေးလေးကို ကိုရင်ဝတ်ပေးလိုက်ပြီဆိုတဲ့ အချိန်ကျတော့ သုဒ္ဓေါဒနမင်းကြီးဟာ ရင်ထဲမှာ သိမ်းဆည်းအောင့်အည်း မထားနိုင်လောက်အောင် ခံစားရတဲ့အတွက် ဘုရားရှင်ကို လာလျှောက်ပါလေရော။

သန်း။ ။ဘယ်လိုလာလျှောက်သလဲ ဘုရား။

## မိဘခွင့်ပြုမှ ရဟန်းဝတ်ပါ

နုပ်။ ။ မြတ်စွာဘုရား၊ သားတော်ဘုရား တောထွက် ရဟန်းဝတ်တဲ့အခါ ခမည်းတော်မှာ နေမထိ ထိုင်မသာ ဖြစ်အောင် ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ သားတော်ငယ် နန္ဒရှိသေးတယ်ဆိုပြီး ဖြေသိမ့်ခဲ့ရပါတယ်။ တစ်ခါ သားတော်နန္ဒကိုလည်း ရဟန်းပြုပေးလိုက်ပြန်တဲ့အခါ ခမည်းတော်မှာ ပြောမပြနိုင်လောက်အောင် ထပ်ပြီး ခံစားရပြန်ပါတယ်။

ဒါပေမဲ့ မြေးတော်လေးရှိပါသေးတယ်လေဆိုပြီး ကြံဖန်

ဖြေသိမ့်ခဲ့ရပြန်ပါတယ်။ အခုတစ်ခါ မြေးတော်လေးကိုလည်း ဖွတ်အတင်း ကိုရင်ဝတ်ပေးလိုက်တဲ့အခါ ခမည်းတော်ရင်ထဲမှာ မီးလောင်နေသလို ခံစားရပါတယ်။ သားသမီးအပေါ် ချစ်တဲ့ မိဘများရဲ့အချစ်ဟာ–

**အရေကိုဖောက်ပြီး အသားထိ တည်ပါတယ်။**
**အသားကိုဖောက်ပြီး အရိုးထိ တည်ပါတယ်။**
**အရိုးကိုဖောက်ပြီး ရိုးထွင်းချဉ်ဆီထိ တည်ပါတယ်။**

ခမည်းတော် မိဘများအားလုံးကိုယ်စား သားတော်ဘုရားကို လျှောက်ထားတောင်းပန်ပါရစေ၊ ယနေ့မှစ၍ မိဘကခွင့်မပြုတဲ့ သားသမီးကို ရဟန်းဘောင်သို့ သွတ်သွင်းခြင်း မပြုကြပါနဲ့ ဘုရား။

အဲဒီလျှောက်ထားချက်ကို အကြောင်းပြုပြီး ယနေ့တိုင်အောင် မိဘခွင့်မပြုတဲ့သားသမီးကို ရဟန်းဝတ်မပေးတော့တာပဲ။ ဒီဟာနဲ့တားချက် ရှစ်ချက်ထဲမှာ လူသားမစစ်ဘဲ၊ ယောကျ်ားမစစ်ဘဲ၊ အသက်နှစ်ဆယ် မပြည့်ဘဲ ရဟန်းပြုပေးရင် ရဟန်းလည်း မဖြစ်ဘူး၊ ရဟန်းခံပေးတဲ့ သံဃာတွေမှာလည်း ဒုက္ကဋ်အာပတ်သင့်တယ်။

နောက်ငါးချက်ဖြစ်တဲ့ ကြွေးမြီမကင်းဘဲ မင်းခစား အဖြစ်မှ မလွတ်ဘဲ အနာကြီးငါးမျိုးက မလွတ်ဘဲ သပိတ်သင်္ကန်းမပြည့်စုံဘဲ မိဘခွင့်မပြုဘဲ ရဟန်းပြုပေးခဲ့ရင် ရဟန်းကတော့ ဖြစ်သွားတယ်။ ဒါပေမဲ့ ရဟန်းခံပေးသူ သံဃာတွေမှာတော့ ဒုက္ကဋ်အာပတ်သင့်တယ်။

ကဲ– ရဋ္ဌပါလဝတ္ထုကို ပြန်ဆက်ရအောင် မိဘတွေက ခွင့်မပြုတော့ ရဋ္ဌပါလဟာ မြေကြီးပေါ် လှဲအိပ်ပစ်လိုက်တယ်။ ခုခေတ်လို့ပြောရင် ဆန္ဒပြတယ်ပေါ့ကွာ၊ ရဟန်းပြုခွင့်မပေးသရွေ့ ဤနေရာမှထလည်း မထတော့ အစာလည်းမစားတော့လို့ မိဘတွေသိအောင် ကြေညာလိုက်တယ်။

ရဟန်းဘဝနဲ့ အသက်ကိုလဲလိုက်တဲ့သဘောပါပဲ။ ရဟန်းပြုခွင့်မရရင် အသက်အသေခံမယ်ပေါ့ကွာ၊ မိဘတွေကလည်း ဘယ်လိုမှ ခွင့်မပြုနိုင်တော့ ဒီတိုင်းပဲတင်းထားတယ်။ ခြောက်ရက်လောက်ရှိတော့ အခြေအနေ မကောင်းတော့ဘူး။ မျက်တွင်းကြီးဟောက် နထင်ကြီးချိုင့်ပြီး ပိန်ချုံးသွားတယ်။ နောက်တစ်ရက်ဆိုရင် အသက်သေလောက်တဲ့ အနေအထားကို ရောက်သွားတယ်။

ဒီအခါမှာ ရဋ္ဌပါလရဲ့ သူငယ်ချင်းတွေက သူဌေးကြီးနဲ့ သူဌေးကတော်ကြီးကို အကြံပြုကြတယ်။ ဦးလေးတို့ အဒေါ်တို့ ရဋ္ဌပါလဟာ ရဟန်းပြုခွင့်မရရင် အသေခံတော့မှာ သေချာနေပါပြီ။ သေသွားရင် သားမျက်နှာကို ဦးတို့အဒေါ်တို့ ဘယ်တော့မှ မြင်ရမှာ မဟုတ်တော့ပါဘူး။

အကယ်၍ ရဟန်းပြုခွင့်ပေးလိုက်မယ်ဆိုရင် ရဟန်းဘဝနဲ့ မျက်နှာကို မြင်ခွင့်ရနိုင်ပါတယ်။ ရဟန်းဘဝမှာ မပျော်ပိုက်တော့ရင်လည်း အိမ်ကိုပြန်လာနိုင်ပါတယ်လို့ ဖျောင်းဖျ ပြောဆိုကြတော့ မိဘများလည်း သေကွဲကွဲရခြင်းနှင့်စာလျှင် ရှင်ကွဲကွဲရခြင်းက ကောင်းသေးတယ်လို့ သဘောပိုက်ပြီး

ရဟာန်းပြုခွင့်ပေးလိုက်ပါတယ်။

မိဘဆီက ခွင့်ပြုချက်ရတာနဲ့ ရဋ္ဌပါလဟာ ဘုရားကျောင်းတော်ကို အရောက်သွားပြီး ရဟာန်းပြုလိုက်တယ်။ ဗုဒ္ဓဟာ ၁၅–ရက်ခန့်ကြာတဲ့အခါ ကောဋ္ဌကနိဂုံးကနေ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို ကြွရောက်ပြီး သီတင်းသုံးတော်မူတယ်။

ဒီအခါမှာ ရဋ္ဌပါလဟာ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားတယ်။ ရဟာန်းကိစ္စပြီးသွားတဲ့အခါ အရှင်ရဋ္ဌပါလဟာ မိဘတွေထံ ကတိပေးထားတဲ့အတိုင်း မိဘများနဲ့တွေ့ဖို့ ဗုဒ္ဓထံခွင့်တောင်းပြီး ထုလ္လကောဋ္ဌကနိဂုံးကို ကြွသွားတယ်။

## ဆွမ်းလောင်းခြင်းနှင့်ဆဲဆိုခြင်း

အဲဒီနိဂုံးကိုရောက်တဲ့အခါ ကောရဗျမင်းရဲ့ မိဂစိရမည်တဲ့ ဥယျာဉ်ထဲမှာ ခေတ္တသီတင်းသုံးတော်မူတယ်။ မိုးလင်းတဲ့အခါ အရှင်ရဋ္ဌပါလဟာ သင်္ကန်းရုံသပိတ်ပိုက်ပြီး အရပ်ထဲကို ဆွမ်းခံကြွတော်မူတယ်။ သူတို့အိမ်ရှေ့ရောက်တော့ ဖခင်ကြီးဟာ ဆံရှင်းရင်း  အိမ်ရှေ့မှာ ထိုင်နေတာကို တွေ့ရတယ်။

အိမ်ရှေ့မှာ ဆွမ်းရပ်နေတဲ့ ရဋ္ဌပါလကို မြင်လိုက်တာနဲ့ သူ့ဖခင်ဟာ သူ့သားမှန်းမသိတဲ့အတွက် ငါတို့ရဲ့ အချစ်ဆုံးသားလေးကို ရဟာန်းပြုပေးတာဟာ ဒီဦးပြည်းကတုံးတွေပဲဆိုပြီး လှမ်းဆဲလိုက်သတဲ့၊ ဒီအခါ အရှင်ရဋ္ဌပါလဟာ သူ့အိမ်က

ဆွမ်းမရဘဲ ဆဲဆိုမှုကိုပဲရတဲ့အတွက် ဆက် မရပ်တော့ဘဲ ထွက်ခွာလာခဲ့တယ်။

အဲဒီအချိန်မှာပဲ သူ့အိမ်က ကျွန်မတစ်ယောက်ဟာ ညက ကျန်နေတဲ့ မုန့်တွေကို စွန့်ပစ်ရအောင် လမ်းဘက်ထွက်လာရင်း သူနဲ့ဆုံတယ်။ ဒီအချိန်မှာ ဆွမ်းပြည့်စုံစွာ မရသေးတဲ့ အရှင်ရဋ္ဌပါလဟာ "နှမ– စွန့်ပစ်ရမည့် ပစ္စည်းဖြစ်လျှင် ဒီ သပိတ်ထဲ ထည့်ခဲ့ပါ" လို့ ပြောပြီး အလှူခံလိုက်တယ်။

သန်း။ ။ညက ကျန်တဲ့မုန့်တွေဆိုတော့ အသိုးတွေပဲဖြစ်မယ် ထင်တယ် ဆရာတော်။

နုပ်။ ။ အေးပေါ့ကွာ အကြွင်းအကျန်ဆိုမှာတော့ မကောင်းတာဘဲဖြစ်တော့မှာပေါ့။

သန်း။ ။ဪ– ရဟန်းတွေဘဝကလည်း မလွယ်ပါလား ဆရာတော်၊ တပည့်တော်ဆိုရင်တော့ စားနိုင်မယ် မထင်ပါဘူး။

နုပ်။ ။ အေး– အဲဒါကြောင့်လည်း မင်း ရဟန်း မဖြစ်တာပေါ့၊ ရဟန်းကောင်းမှန်သမျှဟာ အစားအတွက် ရဟန်းပြုတာမဟုတ်ဘဲ တရားအတွက် ရဟန်းပြုတာဖြစ်တဲ့အတွက် ဇီဇာကြောင် မနေဘဲ ရှိတာနဲ့ စားလိုက်ကြတာပဲ။

**လူဖြစ်လာတာဟာ ကာမဂုဏ်ခံစားဖို့အတွက် လို့ ယူဆထားတဲ့သူတွေက အစားနဲ့ပတ်သက်ရင် ဇီဇာကြောင်တယ်။ သူတို့က စားဖို့အသက်ရှင်နေကြတာကိုး၊ လူဖြစ်လာတာဟာ ကုသိုလ်လုပ်ဖို့ အတွက်လို့ ယူဆထားတဲ့သူတွေက အစားနဲ့**

**ပတ်သက်ရင် ဇိဇာမကြောင်ဘူး။ သူတို့က အသက်ရှင်ဖို့ စားတာကို။**

ဘုရားရှင်ဟာ ရဟန်းအားလုံးရဲ့ ခေါင်းဆောင်ပဲ ဘုရား ဆိုတဲ့အမည်နဲ့အတူ ရဟန်းဆိုတဲ့အမည်လည်း ရပါတယ်။ ဒါကြောင့် ပါဠိတော်များမှာ သမဏော ဂေါတမော- ရဟန်း ဂေါတမဆိုတဲ့ အမည်ဟာ မကြာခဏပါတယ်။ သိဒ္ဓတ္ထဟာ အစားအတွက် ရဟန်းပြုတာမဟုတ်ဘဲ တရားအတွက် ရဟန်း ပြုတာဖြစ်တဲ့အတွက် ဇိဇာကြောင်မနေဘဲရှိတာနဲ့ စားလိုက် တာပါပဲ။

တစ်ခါကဆိုရင် စပါးနဲ့ပတ်သက်ပြီး အဦးငါးမျိုး လှူတဲ့ အတွက် ပဉ္စဂ္ဂဒါယကလို့ အမည်ရတဲ့ပုဏ္ဏားက သူ့စားကြွင်း တွေပဲ လှူစရာရှိတော့တဲ့အတွက် လှူလို့ရမရ မေးလျှောက်တဲ့ အခါ ဘုရားရှင်က လှူလို့ရကြောင်း စေတနာသာ အဓိက ဖြစ်ကြောင်း မိန့်တော်မူပြီး အလှူခံတော်မူတယ်။ ရဟန်းတွေ ဟာ ပြိတ္တာနဲ့တူတယ်။ ပြိတ္တာဟာ လူတွေအမျှပေးမှ ကျွတ် လွတ် ချမ်းသာရသလို ရဟန်းတွေဟာလည်း လူတွေလှူမှ ဘုဉ်းပေးသုံးဆောင်ရကြောင်း တစ်ဆက်တည်း မိန့်တော်မူ လိုက်ပါသေးတယ်။

တို့လည်း ၂၀၀၃-ခုနှစ်တုန်းက တနင်္သာရီတိုင်း။ ပုလောမြို့ ကို တရားဟောအကြွမှာ ပင့်ဆောင်သူရဲ့ နားမလည်မှုကြောင့် ဆွမ်းငတ်မလို ဖြစ်ခဲ့ရတယ်။ သူက တရားဟောမယ့် ဆရာ တော်ကိုသာ လာပင့်တာ၊ ဆွမ်းကပ်ချိန်ကို သတိမထားမိဘူး။

မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ သစ်ညီနောင် ဓမ္မရိပ်သာ ကျောင်းကနေ လိုင်းကား စထွက်တော့ မနက်ရှစ်နာရီလောက် ရှိပြီပေါ့။

တကယ်ဆို သူဟာ ဆွမ်းမမီလောက်ဘူးဆိုရင် လမ်းမှာ ကားရပ်တုန်း ကပ်ထားရမယ်။ လမ်းမှာ ဆွမ်းမကပ်တော့ ပုလောမြို့မှာ မီမလား ဆိုတော့လည်း မမီဘူး။ မြို့ထဲတောင် မဝင်ရသေးဘူး။ နေ့လယ် ၁၁–နာရီခွဲနေပြီ။ နောက်ဆုံး ဘုန်းကြီးပင့်တဲ့သူထက် အလိုက်သိတဲ့ ကားဆရာက အနီးဆုံး ဘုန်းကြီး ကျောင်းတစ်ကျောင်းထဲ ဖွတ်မောင်းဝင်လိုက်တယ်။

တရားက ဒီညပဲဟောရမှာလေ ဆွမ်းသာမစားရရင် ဘယ် လိုလုပ် တရားဟောနိုင်တော့မလဲ၊ ငါနဲ့ ပါလာတဲ့ဒကာတွေ ကတော့ တရားပွဲလာပင့်တဲ့ သူ့ကို အမှုန့်ကြိတ်ပစ်ချင်လောက် အောင် စိတ်ဆိုးနေကြတာပေါ့။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီ ကျောင်းဝိုင်းထဲမှာ တရားပွဲကျင်းပမယ့် အကျိုးဆောင် အဖွဲ့ အချို့လည်း ရောက်နေတယ်။

## ထမင်းကျန်၊ ဟင်းကျန်ကိုစားသော ဓမ္မကထိက

ပင့်တဲ့သူတွေက ဓမ္မကထိကဆရာတော်ကို မြင်လိုက်တာနဲ့ ဘာမေးလိုက်တယ်မှတ်လဲ၊ ဆွမ်းကိစ္စပြီးခဲ့ပြီလားတဲ့၊ မပြီးခဲ့ သေးဘူးလို့လည်း ပြောလိုက်ရော အဲဒီကျမှ ချိုင့်တွေဘာတွေ ပြေးဆွဲပြီး မြို့ထဲကထမင်းဆိုင်ကို ကမန်းကတန်း ထွက်သွား ကြတယ်။ ကျောင်းပေါ်တက်သွားတော့ ဘုန်းကြီးတွေ ဆွမ်း

စားပြီးလို့ လက်တောင်ဆေးနေကြပြီ။

နာရီမော့ကြည့်လိုက်တော့ ၁၂–နာရီထိုးဖို့ ၁၀–မိနစ်ပဲ လိုတော့တယ်။ စားပွဲပေါ်ကြည့်လိုက်တော့ ဟင်းခြောက်ခွက်မှာ သုံးခွက်လောက်ပဲ ကျန်နေတာတွေ့ရတယ်၊ ငါးဟင်းရယ်၊ ချဉ်ရည်ဟင်းရယ်၊ ငါးပိကြော်ရယ်ပေါ့။ ကြက်သားဟင်းခွက်၊ ဝက်သားဟင်းခွက်၊ ဆိတ်သားဟင်းခွက် ပန်းကန်တွေကတော့ ပြောင်နေပြီ။

သူတို့သွားဝယ်တဲ့ ဆွမ်းတွေ၊ ဟင်းတွေစောင့်နေရင် ဘယ်မီတော့မလဲ၊ ဒီတော့လည်း တွေ့တဲ့ဟင်းကျန် ထမင်းကျန်နဲ့ပဲ ဆွမ်းဝင်စားလိုက်တယ်။ ငါ့ကျောင်းက အကျိုးဆောင်ဒကာတွေကတော့ စိတ်ဆိုးပြီး ဘာမှကို မစားကြတော့ဘူး။

သန်း။ ။ဆရာတော်ရော စားလို့ဝင်ရဲ့လားဘုရား။

နုပ်။ ။ ဝင်တာမှ သုံးပန်းကန်တောင်ကုန်တယ်။ ၁၀–မိနစ် အတွင်း ဆွမ်းသုံးပန်းကန်တောင် ကုန်တယ်ဆိုတော့ ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်ထဲတောင် ထည့်လို့ရမယ် ထင်တယ်။

၁၂–နာရီထိုးပြီးမှ သူတို့သွားဝယ်တဲ့ ဆွမ်းတွေ၊ ဟင်းတွေရောက်လာတယ်၊ တကယ်တော့လည်း ဒါဟာ ဘာမှမထူးခြားပါဘူးကွာ၊ ဘုရားသားတော်မို့လို့ ဘုရားရှင်ရဲ့လမ်းစဉ်ကို လိုက်ကျင့်တဲ့ သဘောပါပဲ။ ဒီဒဿနလေးကို ကြည့်ပြီး မင်းအတွက် တရားကျင့်စဉ်တစ်ခု ထုတ်ယူရမယ်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကုသိုလ်ဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းဟာ ယောနိသောမနသီကာရ အကုသိုလ်ဖြစ်ခြင်း

ရဲ့ အနိစ်ဆုံးအကြောင်းဟာ အယောနိသောမနသိကာရလို့ ဟောထားတယ်။ ဆိုလိုတာကတော့ ကုသိုလ်ဖြစ်မှု၊ အကုသိုလ်ဖြစ်မှုမှာ ဗဟိဒ္ဓအာရုံထက် အဇ္ဈတ္တအတွင်း နှလုံးသွင်းက ပိုပြီး အဓိကကျတယ်လို့ ဆိုလိုတာပဲ။

အကောင်းမြင်ဝါဒရှိရင် ကုသိုလ်ဖြစ်မယ်၊ မကောင်းမြင်ဝါဒရှိရင် အကုသိုလ်ဖြစ်မယ်ဆိုတဲ့ ဗုဒ္ဓရဲ့ ဟောကြားချက်ကို ဝိဘာဇ္ဇလုပ်ကြည့်ရအောင်၊ ငါ့ကျောင်းက အကျိုးဆောင်ဒကာတွေဟာ စိတ်ဆိုးပြီး အကုသိုလ်ဖြစ်နေကြတယ်၊ ဖြစ်မှာပေါ့။ သူတို့က မကောင်းကွက်ကို ရှာကြည့်တာကိုး။ ဘယ်လိုရှာကြည့်သလဲဆိုတော့–

## အကုသိုလ်ဖြစ်ခြင်းအကြောင်းရင်း

ဆရာတော်ကိုပင့်ပြီး ဆွမ်းငတ်အောင်လုပ်တယ်တဲ့။ မလေးမစားလုပ်တယ်တဲ့။ ငါကတော့ ကောင်းတဲ့အကွက်ကို ရှာကြည့်လိုက်တယ်။ ဩော်– သူတို့တစ်တွေဟာ ဒီတရားပွဲကြီးကို ငွေရှာယူရအောင် လုပ်နေတာမဟုတ်ဘူး။ သူတို့ငွေတွေအကုန်ခံပြီး လုပ်နေကြတာ၊ ဘယ်ဗုဒ္ဓဘာသာဝင်မှ ကိုယ်ပင့်လာတဲ့ ဆရာတော်ကို ဆွမ်းငတ်စေချင်မှာ မဟုတ်ပါဘူး။

တရားပွဲအတွေ့အကြုံမရှိလို့သာ ဖြစ်ရတာပါလို့ နှလုံးသွင်းလိုက်တော့ စိတ်မဆိုးတဲ့အပြင် အားနာလွန်းတဲ့အတွက် မျက်နှာတွေပျက်နေတဲ့သူတို့ကိုကြည့်ပြီး သနားတောင် သနားလိုက်သေးတယ်။

**ဒေါသစာတ်ဖြင့်**
**သူတစ်ပါး၏ မကောင်းကွက်ကို ရှာကြည့်လျှင်**
**အကုသိုလ်လည်းဖြစ်သည်။**
**စိတ်လည်း ဆင်းရဲသည်။**
**အပါယ်သို့လည်းကျသည်။**
**မေတ္တာစာတ်ဖြင့်**
**သူတစ်ပါး၏ ကောင်းကွက်ကို ရှာကြည့်လျှင်**
**ကုသိုလ်လည်းဖြစ်သည်။**
**စိတ်လည်းချမ်းသာသည်။**
**နိဗ္ဗာန်သို့လည်း ရောက်သည်။**

ဒီဒဿနလေးဟာ အဲဒီလို ငါ့ရဲ့ ဘဝနဲ့ရင်းရတဲ့ အတွေ့အကြုံတွေကနေ ပေါ်ထွက်လာတာပဲပေါ့။ ကဲ–အရှင်ရဋ္ဌပါလ အကြောင်းကို ပြန်ဆက်ကြရအောင် အရှင်ရဋ္ဌပါလရဲ့ အသံကို ကျွန်မက မှတ်မိသွားတယ်။ ဒါကြောင့် သူဌေးကြီးကို ပြောပြလိုက်တာပေါ့။ သူဌေးကြီးလည်း ဝမ်းသာအားရ သားရဟာန်း နောက်ကို ချက်ချင်းလိုက်သွားတာပေါ့။ ဟိုကျဘာမြင်ရလဲ ဆိုတော့ သူဌေးသားဖြစ်တဲ့ သူ့သားက မုန့်ကြွင်း၊ မုန့်ကျန်တွေ ကို သုံးဆောင်နေတာတွေ့ရတာပဲ။ တွေ့တွေ့ချင်း သူဌေးကြီး မချိတင်ကဲ လျှောက်တယ်။

''ချစ်သား၊ အဘယ်ကြောင့် မုန့်သိုးများကို စားရသလဲ။ ကိုယ့်အိမ်ကို လာခဲ့ပါတော့လား''

''ဒကာကြီး ငါတို့ ရဟာန်းဆိုတာ အိမ်မရှိ၊ သင့်အိမ်သို့

ရောက်သော်လည်း ဆွမ်းမရဘဲ ဆဲဆိုမှုကိုသာရခဲ့တယ်''

''ချစ်သား ရဋ္ဌပါလ သို့ဖြစ်လျှင် ယခုလိုက်ခဲ့ပါ အိမ်သို့သွားကြပါမည်''

''ဒကာကြီးမလိုက်လိုတော့ပါ၊ ယနေ့အဖို့ ဆွမ်းကိစ္စပြီးပါပြီ''

''ချစ်သား၊ သို့ဖြစ်လျှင် နက်ဖြန် ကျွန်ုပ်အိမ်သို့ ဆွမ်းခံကြွပါလော''

အဲဒီကျမှ အရှင်ရဋ္ဌပါလဟာ ဖိတ်ကြားချက်ကို လက်ခံပြီး မိဂစိရဉယျာဉ်ကို ပြန်ကြွခဲ့တယ်။

## ရွှေငွေမိန်းမတို့ဖြင့် ဖြားယောင်းခြင်း

နောက်နေ့ရောက်တော့ သူဌေးကြီးဟာ မိမိမှာရှိတဲ့ ရွှေငွေ ဥစ္စာအားလုံးကို တစ်နေရာတည်းမှာ စုပုံထားပြီး ဖျာနဲ့အုပ်ထားတယ်၊ ရတနာပုံဟာ အတော်ကြီးမြင့်တာပေါ့။ ပြီးတော့ အရှင်ရဋ္ဌပါလရဲ့ မယားဟောင်းတွေကိုလည်း အရှင်ရဋ္ဌပါလ သဘောကျခဲ့ဖူးတဲ့ ဝတ်ကောင်းစားလှတွေ ဝတ်ခိုင်းထားတယ်။ အကြံကတော့ အာရုံငါးပါးနဲ့ မြူဆွယ်ပြီး လူဝတ်လဲခိုင်းဖို့ပါပဲ။

အရှင်ရဋ္ဌပါလရောက်လာတာနဲ့ အုပ်ထားတဲ့ ဖျာတွေကို ဖယ်လိုက်ပြီး ရတနာပုံကြီးကိုပြတယ်။ ပြီးတော့ အခုလိုပြောတယ်။

''ချစ်သား၊ ဒီပစ္စည်းတွေဟာ မိခင်ဘက်မှ အမွေရတဲ့ပစ္စည်းတွေဖြစ်တယ်၊ ဖခင်ဘက်မှ ပစ္စည်းတွေနဲ့ အခြားပစ္စည်းတွေ

လည်း အမြောက်အမြားရှိသေးတယ်။ သားလူထွက်ပြီး ဒီပစ္စည်းတွေကို သုံးဆောင်ခံစားပါ၊ ကုသိုလ်ကောင်းမှုတွေလည်း လူ့ဘဝမှာ ပြုနိုင်ပါတယ်''

''ဒကာကြီး ကျွန်ုပ်စကားကို စိတ်မဆိုးဘဲ လိုက်နာမယ်ဆိုရင် ဒီပစ္စည်းတွေကို လှည်းနဲ့တိုက်ပြီး ဂင်္ဂါမြစ်ထဲ ပစ်ချလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ဒီပစ္စည်းတွေကို အကြောင်းပြုပြီး ဒကာကြီးမှာ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတွေ ဖြစ်ပေါ်လာနိုင်တဲ့ အတွက် ဖြစ်ပေတယ်။

အရှင်ရဋ္ဌပါလက အဲဒီလို ပြတ်ပြတ်သားသားပြောလိုက်တော့ သူဌေးကြီးလည်း နှုတ်ဆိတ်သွားတယ်။ ဒီအခါမှာ အရှင်ရဋ္ဌပါလရဲ့ မယားဟောင်းတွေက အရှင်ရဋ္ဌပါလရဲ့ခြေထောက်နှစ်ဖက်ကို ကိုင်တွယ်ပွတ်သပ်ပြီး အခုလိုမေးတယ်။

''အရှင့်သား နတ်သမီးတွေကို လိုချင်လို့ ရဟန်းပြုတယ်ဆို၊ အဲဒီနတ်သမီးတွေက ဘယ်လိုနေပါသလဲ''

''နှမတို့၊ ငါဟာ နတ်သမီးတွေကို လိုချင်လို့ ရဟန်းပြုတာ မဟုတ်ပါဘူး''

အရှင်ရဋ္ဌပါလက နှမဆိုတဲ့အသုံးအနှုန်းနဲ့ ပြောဆိုလိုက်တဲ့အခါ ဒီဘဝတော့ မျှော်လင့်ချက် ဘယ်လိုမှ မရှိတော့ဘူးဆိုတာ သိသွားတဲ့ မယားဟောင်းတွေဟာ မူးမေ့ပြီး လဲသွားကြတယ်။

သန်း။ ။နှမလို့ သဘောထားသုံးနှုန်းလိုက်ရင် မယားဘဝ ဘယ်လိုမှ မရောက်တော့ဘူးလို့ ဆိုလိုတာလား ဆရာတော်။

နုပ်။ ။ ဟုတ်တယ်။ ပြီးတော့ ဒီခေတ်မှာ အခေါ်အဝေါ် အသုံးအနှုန်း တစ်ခု မှားနေတာရှိတယ်၊ ဘာလဲဆိုတော့ မောင်ဖြစ်သူက နှမဖြစ်သူကို ခေါ်တဲ့အခါ ညီမလေးလို့ခေါ်တာပဲ၊ အမှန်က နှမလေးလို့ပဲ ခေါ်ရမယ်၊ ညီမလေးဆိုတာ ညီအစ်မနှစ် ယောက် ခေါ်ဝေါ်ပြောဆိုရာမှာ သုံးနှုန်းရမယ့်စကားပါ။

မယားဟောင်းတွေ မူးမေ့လဲသွားကြတဲ့အခါ အရှင်ရဋ္ဌပါလက ဂရုမစိုက်ပါဘူး သူဌေးကြီးကို ခပ်ပြတ်ပြတ် ထပ်ပြောလိုက် တယ်။ ဒကာကြီး ဆွမ်းကပ်မယ်ဆိုရင် ကပ်ပါ။ ကျွန်ုပ်ကို ညှင်းဆဲမနေပါနဲ့တဲ့။ ဒီအခါကျမှ သူဌေးကြီးလည်း ဆွမ်းကပ် တော့တယ်၊ ဆွမ်းစားပြီးတဲ့အခါ မတ်တတ်ရပ်လျက်ကပဲ ဒီ ဂါထာကိုဟောပြီး မိဂစိရဥယျာဉ်ကို ပြန်ကြွသွားတယ်။

**လှပတင့်တယ်စွာ ဆင်ယင်ထားသော**
**ခန္ဓာကိုယ်တို့သည် လူမိုက်တို့ကိုသာ**
**တွေဝေမိန်းမောစေနိုင်ပြီး သံသရာတစ်ဖက်ကမ်းသို့**
**ကူးသွားရန် (နိဗ္ဗာန်ရရန်)**
**ကြိုးစားအားထုတ်နေသူများကို**
**မူးမေ့တွေဝေမိန်းမောစေရန် မစွမ်းနိုင်။**

ဒီအချက်ကို ထောက်ကြည့်လိုက်ရင် တဏှာဆိုတဲ့ လျှာရည် မရှိတဲ့အတွက် ရဟန္တာများဟာ အရိုးနဲ့တူတဲ့ ကာမဂုဏ်တရား ကို တပ်မက်ခြင်းမရှိတာဖြစ်ကြောင်း ထင်ရှားပါတယ်။ အရှင် ရဋ္ဌပါလ မိဂစိရဥယျာဉ်ထဲရောက်တဲ့အခါ သစ်ပင်တစ်ပင်

အောက်မှာ ငြိမ်သက်တည်ကြည်စွာ ထိုင်နေတော်မူတယ်။ ဒါကိုမြင်သွားတဲ့ ဥယျာဉ်မှူးဟာ ကောရဗျမင်းထံ မြန်မြန်သွားပြီး အရှင်မင်းကြီး လွန်စွာတွေ့ချင်နေတဲ့ အရှင်ရဋ္ဌပါလ မထေရ်မြတ် ဥယျာဉ်ထဲရောက်နေပါပြီလို့ လျှောက်ထားလိုက်တယ်။ ဒီအခါ ကောရဗျမင်းဟာ အရှင်ရဋ္ဌပါလထံ အမြန်ရောက်အောင်သွားပြီး အခုလို မေးလျှောက်တယ်။

''အရှင်ရဋ္ဌပါလလူတို့သည် များသောအားဖြင့် အိုခြင်းဟူသော ပျက်စီးခြင်း၊ နာခြင်းဟူသော ပျက်စီးခြင်း၊ စည်းစိမ် ပျက်စီးခြင်း၊ ဆွေမျိုးပျက်စီးခြင်းဟူသော ပျက်စီးခြင်းလေးမျိုးတို့တွင် တစ်မျိုးမျိုးရှိမှသာလျှင် လူ့ဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းကြပါသည်။ အရှင်ရဋ္ဌပါလမှာ အိုလည်း မအိုသေးပါ၊ နာလည်း မနာသေးပါ၊ စည်းစိမ်ဥစ္စာများလည်း အပြည့်အစုံ ရှိနေပါသည်။ ဆွေမျိုးများလည်း ပြည့်စုံလျက်ရှိပါသည်။ သို့ဖြစ်ပါလျှက် အဘယ်အကြောင်းကြောင့် ရဟန်းဘဝသို့ ဝင်ရောက်ရပါသလဲ။

## ဗုဒ္ဓ၏ တရားညွှန်းလေးပါး

မင်းမြတ်သိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် ဟောကြားအပ်သော တရားညွှန်းလေးပါးရှိ၏။ ငါသည် ထိုတရားညွှန်း လေးပါးကို သိမြင်၍ လူ့ဘောင်မှ ထွက်ကာ ရဟန်းပြုခဲ့ခြင်းဖြစ်၏။ ထိုတရားညွှန်းလေးပါးကား–

(၁) လူအပေါင်းသည် အိုခြင်း၊ သေခြင်းတို့၏ ဆွဲငင်မှုကို

ခံနေရသောကြောင့် အမြဲမတည်ဟူသော ပထမတရားညွှန်း။
(၂) လူအပေါင်းသည် ခိုကိုးရာမရှိ၊ အားထားရာမရှိဟူသော ဒုတိယတရားညွှန်း။
(၃) လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာမရှိ၊ ပစ္စည်းအားလုံးကို စွန့်ခွာ၍ သွားရမည်သာဖြစ်၏ဟူသော တတိယတရားညွှန်း
(၄) လူအပေါင်းသည် အလိုမပြည့်နိုင် အမြဲယုတ်လျော့နေသည်သာဖြစ်၏။ ရောင့်ရဲခြင်းမရှိ၊ တဏှာ၏ ကျေးကျွန်ဖြစ်၏ ဟူသော စတုတ္ထတရားညွှန်းတို့ဖြစ်သည်။

## လူ့ဘဝသည် အမြဲမတည်

"အရှင်ရဋ္ဌပါလ လူအပေါင်းသည် အိုခြင်း၊ သေခြင်းတို့၏ ဆွဲငင်မှုကို ခံနေရသောကြောင့် အမြဲမတည်ဟု အရှင်ဆိုခဲ့ပါသည်။ ထိုစကား၏ အနက်သဘော (အဓိပ္ပာယ်အကျယ်)ကို မည်သို့မှတ်ရမည်နည်း"

"မင်းမြတ် သင်သည် အသက်နှစ်ဆယ်အစိတ်အရွယ်က ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ဓား၊ လှံ၊ လေးမြားအတတ်တို့၌ ကျွမ်းကျင်လျက် ခြေအားလက်အားနှင့် ပြည့်စုံကာ စစ်မြေပြင်၌ လှည့်လည်နိုင်သော ကိုယ်စွမ်းရည်ရှိခဲ့သည် မဟုတ်ပါလော"

"အရှင်ရဋ္ဌပါလ ကျွန်ုပ်သည် အသက်နှစ်ဆယ်၊ အစိတ်အရွယ်က ထိုကဲ့သို့သော ကိုယ်စွမ်းရည်ရှိခဲ့ပါသည်။ တစ်ခါတစ်ရံ မိမိကိုယ် မိမိတန်ခိုးရှင်တစ်ဦးကဲ့သို့ ထင်မှတ်ခဲ့ပါသည်"

''မင်းမြတ် ယခုအခါ သင်သည် ထိုကဲ့သို့သော ကိုယ်စွမ်းရည် ရှိသေးပါ၏လော''

''အရှင်ရှဋ္ဌပါလ၊ ကျွန်ုပ်သည် ယခုအခါထိုကဲ့သို့သော ကိုယ်စွမ်းရည်မရှိတော့ပါ။ အသက်ရှစ်ဆယ်ရှိ၍ ပစ္ဆိမအရွယ်သို့ ရောက်ပြီဖြစ်သောကြောင့် တစ်ခါတစ်ရံ ခြေလှမ်းကိုပင် မှန်အောင်မလှမ်းနိုင်တော့ပါ''

''မင်းကြီး သိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် ဤအနက်သဘောကို ရည်ရွယ်၍ လူအပေါင်းသည် အိုခြင်း၊ သေခြင်းတို့၏ ဆွဲငင်မှုကို ခံနေရသောကြောင့် အမြဲမတည်ဟု ဟောကြားခဲ့ ခြင်းဖြစ်၏။ ငါသည်လည်း ဤအနက်သဘောကို သိမြင်၍ ရဟန်းပြုခဲ့ခြင်းဖြစ်၏။

## လူ့ဘဝသည်အားထားရာမရှိ

''အရှင်ရှဋ္ဌပါလ၊ မြတ်စွာဘုရား ဟောကြားအပ်သော ဤစကားသည် မှန်ကန်လှပါသည်။ သို့သော် ကျွန်ုပ်တို့ မင်းမျိုး၌ ဘေးရန်ကို ကာကွယ်ရန် ဆင်၊ မြင်း၊ ရထား၊ ခြေလျင်တပ်များ ရှိပါသည်။ လူအပေါင်းသည် ခိုကိုးရာမရှိ၊ အားထားရာမရှိ၊ ထိုသောစကား၏ အနက်သဘောကို မည်သို့ မှတ်ရပါမည်နည်း''

''မင်းကြီး– သင်မင်းကြီးအား မခံသာအောင် နာကျင်သော အနာတစ်စုံတစ်ခုဖြစ်ဖူးပါသလော''

''အရှင်ရှဋ္ဌပါလ ဖြစ်ခဲ့ဖူးပါသည်။ တစ်ခါကမူ ကျွန်ုပ်သေ

တော့မည်ထင်၍ ဆွေမျိုးသားချင်းများသည် ကျွန်ုပ်၏ ဘေး၌ ဝန်းရံ နေခဲ့ကြပါသည်''

''မင်းကြီး၊ သင်သည် ထိုအချိန်က မိမိခံစားနေရသော ဝေဒနာကို ဆွေမျိုးသားချင်းတို့အား မျှဝေခံစားစေနိုင်ခဲ့ပါ သလော''

''အရှင်ရဋ္ဌပါလ၊ ဤသို့ ခွဲဝေခံစားစေရန် မဖြစ်နိုင်ပါ၊ ကျွန်ုပ် ၏ဝေဒနာကို ကျွန်ုပ်တစ်ဦးတည်းသာ ခံစားခဲ့ရပါသည်။

''မင်းမြတ် သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ဤအနက်သဘောကို ရည်ရွယ်၍ လူအပေါင်းသည် ခိုကိုးရာ မရှိ၊ အားထားရာမရှိဟု ဟောကြားခဲ့ခြင်းဖြစ်တယ်။ ငါသည် လည်း ဤအနက်သဘောကိုမြင်၍ ရဟန်းပြုခဲ့ခြင်းဖြစ်၏။

## လူ့ဘဝသည် ကိုယ်ပိုင်ဥစ္စာမရှိ

''အရှင်ရဋ္ဌပါလ၊ မြတ်စွာဘုရား ဟောကြားအပ်သော ဤ စကားသည် မှန်ကန်လှပါသည်။ သို့သော် ကျွန်ုပ်တို့ မင်းမျိုးမှာ မြေကြီး၌ မြှုပ်ထားသော ဥစ္စာသည်လည်းကောင်း၊ မမြှုပ်ဘဲ ထားသော ဥစ္စာသည်လည်းကောင်း၊ မြောက်မြားစွာရှိပါ၏။ ဤလူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာမရှိဟုဆိုသော စကား၏ အနက်သဘောကို မည်သို့မှတ်သားရပါမည်နည်း''

''မင်းကြီး၊ သင်သည် ယခုဘဝ၌ ကာမဂုဏ်ငါးပါးဖြင့် ပြည့်စုံစွာ ခံစားနေရသကဲ့သို့ ထို့အတူ တမလွန်ဘဝ၌လည်း ခံစားရလိမ့်မည်ဟု ဆိုနိုင်ပါသလော''

''အရှင်ရှင်ပါလ ကျွန်ုပ်သည် ယခုဘဝ၌ကာမဂုဏ်ငါးပါးဖြင့် ပြည့်စုံစွာ ခံစားနေရသကဲ့သို့ ထို့အတူ တမလွန်ဘဝ၌လည်း ခံစားရလိမ့်မည်ဟုမဆိုနိုင်ပါ။ စင်စစ် ဤစည်းစိမ်တို့ကို တစ်ပါး သူများက ဆက်လက်ခံစားစေပြီး ကျွန်ုပ်မှာမူ ကံအားလျော် စွာသာ လားရမည် ဖြစ်ပါသည်''

''မင်းကြီး သိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် ဤအနက်သဘောကို ရည်ရွယ်၍ လူအပေါင်းသည် ကိုယ်ပိုင် ဥစ္စာမရှိဟု ဟောကြားခဲ့ခြင်းဖြစ်၏။ ငါသည်လည်း ဤအနက် သဘောကိုသိမြင်၍ ရဟန်းပြုခဲ့ခြင်းဖြစ်၏။

## လူ့ဘဝသည် အလိုမပြည့်နိုင်

''အရှင်ရှင်ပါလ၊ မြတ်စွာဘုရားဟောကြားအပ်သော ဤ စကားသည် မှန်ကန်လှပါ၏။ သို့သော် လူအပေါင်းသည် အလိုမပြည့်နိုင် အမြဲယုတ်လျော့နေသည်သာဖြစ်၏။ ရောင့်ရဲ ခြင်းမရှိ၊ တဏှာ၏ ကျေးကျွန်ဖြစ်၏ဟု ဆိုသောစကား၏ အနက်သဘောကို မည်သို့ မှတ်ရပါမည်နည်း''

''မင်းကြီး၊ သင်သည် စည်ပင်ဝပြောသော ကုရုတိုင်း တစ်တိုင်းလုံးကို အုပ်စိုးနေသည်မဟုတ်လော''

''မှန်ပါသည်အရှင်ရှင်ပါလ''

''မင်းကြီး အရှေ့အရပ်မှ ယုံကြည်လောက်သော လူတစ် ယောက်ရောက်လာပြီး စည်ပင်ဝပြော၍ စစ်သည်ဗိုလ်ပါ အနည်းငယ်ဖြင့် သိမ်းပိုက်နိုင်သော ပြည်နယ်တစ်ခုရှိကြောင်း

သင့်အား ပြောကြားခဲ့သော် သင်မည်သို့ပြုလုပ်မည်နည်း''

''အရှင်ရဋ္ဌပါလ၊ ကျွန်ုပ်သည် ထိုပြည်နယ်ကို သိမ်းယူအုပ်စိုးမည်သာ ဖြစ်ပါသည်''

အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်တို့၌ရှိသော ပြည်နယ်များကိုလည်း ထို့အတူ အုပ်စိုးသိမ်းယူမယ်လို့ပဲ ဖြေကြားတယ်၊ ဒီတော့မှ အရှင်ရဋ္ဌပါလက–

''မင်းကြီး သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ဤအနက်သဘောကို ရည်ရွယ်၍ လူအပေါင်းသည် အလို မပြည့်နိုင် အမြဲယုတ်လျော့နေသည်သာဖြစ်၏။ ရောင့်ရဲခြင်း မရှိ၊ တဏှာ၏ ကျေးကျွန်ဖြစ်၏ဟု ဟောကြားခြင်းဖြစ်၏။ ငါသည်လည်း ဤအနက်သဘောကို သိမြင်၍ ရဟန်းပြုခဲ့ခြင်း ဖြစ်၏''

''အရှင်ရဋ္ဌပါလ၊ မြတ်စွာဘုရား ဟောကြားအပ်သော ဤစကားသည် မှန်ကန်လှပါ၏''

(မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ရဋ္ဌပါလသုတ်)

နောက်ဆုံးတော့ ကောရဗျမင်းကြီးဟာ မြတ်စွာဘုရားရဲ့ တရားအညွှန်းလေးပါးကို မှန်ကန်ကြောင်း ဝန်ခံသွားပါတယ်။ နောက်အပတ်ကျတော့ ကာမဂုဏ်တရားအတွက် ချစ်ခင်လှတဲ့ မိတ်ဆွေနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက်ရက်စက်စွာ ပြန်သတ်မိကြတဲ့ ဆရာဖေမြင့်ရဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ဝိပဿနာ အမြင်နဲ့ ဖတ်ကြည့်ကြရအောင်''

**ဥပေက္ခာကိုသာရှုရမယ်**
**ဆိုသော ဝါဒနှင့်စပ်၍**
**တချို့က ဝိပဿနာရှုရာမှာတောင်မှ**
**သုခကိုရှုရင်**
**ကာမသုခလ္လိက အကျင့်ဖြစ်တယ်၊**
**ဒုက္ခကိုရှုရင်**
**အတ္တကိလမထ အကျင့်ဖြစ်တယ်၊**
**ဒါကြောင့် သုခနှင့် ဒုက္ခကိုမရှုရဘူး။**
**ဥပေက္ခာကိုသာ ရှုရမယ်လို့**
**ကြုံကြုံဖန်ဖန် ပြောကြသေးတယ်၊ အဲဒါကတော့**
**ဒုဂ္ဂဟိတဂ္ဂါဟဆိုတဲ့ မကောင်းသောယူဆခြင်းဖြင့်**
**အလွဲအမှားကို ယူဆပြောဆိုချက်ပါပဲ၊**
**ဘာမျှ လုံလောက်တဲ့ကျမ်းဂန်စကားမရှိပါဘူး။**

မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ် ပါဠိတော် ဝေဒနာနုပဿနာပိုင်းမှာ–

**သုခံ ဝေဒနံ ဝေဒယမာနော**
**သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**
**ဒုက္ခံ ဝေဒနံ ဝေဒယမာနော**
**ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**

စသည်ဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသုံးပါးလုံးကို ရှုဖို့ အထင်အရှားဟောထားပါတယ်။ နောက်ပြီးတော့–

**ယမ္ပိဒံ စက္ခု သမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိဝေဒယိတံ**

**သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ တမ္ပိ အနိစ္စန္တိ**

**ယထာဘူတံ ပဇာနာတိ**

စသည်ဖြင့် သုတ်ပေါင်းများစွာမှာ ဝေဒနာသုံးပါးလုံးကို ရှုအပ် ရှုကောင်းတာချည်းပဲလို့ ကိန်းသေမှတ်ထားကြရမယ်။

(မဟာစည်ဆရာတော်၏ ဝေဒနာတရားတော်မှ)

# (၆၂)
# လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ

နုပ်။ ။ ကဲ– ဆရာဖေမြင့်ရဲ့ 'ကျွန်း'လို့ အမည်ရတဲ့ဝတ္ထုကို ဝိပဿနာ အမြင်နဲ့ ဖတ်ကြည့်ကြရအောင် –

လှေကလေး ကျွန်းနှင့် တဖြည်းဖြည်း ဝေး၍ သွားသည်။ ပဲ့ချိတ်စက်မှ တစ်ချပ်ချပ်မြည်သံကို ကြားနေရသည်။ လူလုံးကား မကွဲတော့၊ လူနှင့် လှေတစ်သားတည်းဖြစ်လာသည်။ တောက်ပသော နေခြည်အောက် လှိုင်းဂယက်ကလေးများနှင့် ဖိတ်ဖိတ်လက်သော ပင်လယ်ရေပြင်၌ မည်းမည်းအချောင်းတစ်ခုလိုသာ မြင်ရတော့သည်။ မည်းရာမှ မှုန်၊ မှုန်ရာမှ ဝါးသွားသည်။ ထို့နောက် စက်သံလည်း ပျောက်၊ လှေလည်းပျောက်သည်။

သည်လိုနှင့်ပင် ကျွန်းမှ နောက်ဆုံးခွာသော လှေကလေးသည်လည်း တခြားသောကမ္ဘာသို့ ဝင်ရောက် ပျောက်ကွယ်သွားလေပြီ။ နောက်ထပ် ငါးလကြာမျှသောကာလအတွင်း ဤကျွန်းနှင့် ပြင်ပကမ္ဘာအကြား စည်းခြားသွားလေပြီ။ အကူးအသန်း အသွားအလာ လုံးဝမရှိတော့။ သမုဒ္ဒရာအလယ်၌ တစ်ကျွန်းတည်း ထီးထီးမားမား သီးခြားကမ္ဘာအဖြစ် ကျန်ရစ်သည်။

သီးခြားကမ္ဘာ၌ လူနှစ်ယောက်။

အုန်းပင်ငုတ်တိုနှစ်ခုလို သောင်ပြင်ထက်၌ မလှုပ်မယှက် ပျောက်သွားသောလှေကို ပြန်မြင်ရနိုး လိုင်းကြား၊ လှေကြားမှာ ရှာဖွေကြည့်နေကြသည်။ မရှိတော့ လုံးဝပျောက်ကွယ်သွားခဲ့ပြီ။

''သူငယ်ချင်း''

တစ်ယောက်က ခေါ်လိုက်သည်။ ပြီး တစ်ယောက်ပခုံး တစ်ယောက် ဖက်ကာ ပင်လယ်ပြင်ကို ကျောခိုင်းလျက် ကျွန်းပေါ်သို့တက်လာသည်။ ရောက်စတုန်းက အလွန်ကြည်နူးစရာ သာယာလှပသည့် ကျွန်းကလေး၊ ယခုမူသာယာကြည်နူးမှုကို မခံစားရ။ တိတ်ဆိတ်ခြောက်ကပ်ခြင်းကိုသာ တွေ့ထိနေရသည်။ မနက်ကအထိ လူသံသူသံ ညံနေခဲ့သော ကျွန်းကလေးမှာ ယခုတော့ သုသာန်တစ်စပြင်ပမာ ချောက်ချားစဖွယ် ငြိမ်သက်လျက်၊ နှစ်ဦးသား တစ္ဆေခြောက်သော လမ်းမှောင်မှောင်ကို ဖြတ်လျှောက်လာရသည့် ကလေးငယ်များနှယ် တစ်ယောက်ပခုံးတစ်ယောက် တင်းတင်းဖက်ကာ တဲရှိရာသို့ ခပ်သုတ်သုတ် လှမ်းလာခဲ့ကြသည်။ သီချင်းအော်၍ မဆို၊ စကားလည်းမပြော၊ ပကတိ တိတ်ဆိတ်လျက်။

၈ ၈ ၈

သည်လူနှစ်ယောက်။

ဝရမ်းပြေးမဟုတ်၊ တစ်ကျွန်းကျနေသူတွေမဟုတ်၊ ကျွန်းပေါ်တင်ပြီး ပြစ်ဒဏ်ခတ်ခြင်း ခံရသူတွေလည်း မဟုတ်။

တစ်ယောက်က မြန်မာလူမျိုး၊ မောင်မောင်သိန်း၊ ကိုမောင်မောင်သိန်း၊ ကိုသိန်းဟုပဲ ခေါ်ကြသည်။ အသက်လေးဆယ်ခန့်၊ အရပ်

တိုတို၊ အသားမဖြူ မညို၊ ဇာတိ အတိအကျ မသိရ၊ မန္တလေးသား လိုလို ပုသိမ်ဇာတိလိုလို၊ ရေနံချောင်းရှိ ရေနံသူဌေးမျိုးရိုးက ဆင်းသက်လာသလိုလို၊ တစ်ကြိမ်တစ်မျိုး ပြောတတ်သည်။

ရခိုင်ကမ်းရိုးတန်းဒေသတို့ သူရောက်ရှိခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီ။ သူ ရောက်လာစဉ်က တစ်ယောက်တည်းမဟုတ်။ အဖွဲ့နှင့် ရွှေသင်္ဂီဇာတ်အဖွဲ့၊ သည်အဖွဲ့တွင် သူက မန်နေဂျာလိုလို၊ ပြဇာတ်ဒါရိုက်တာလိုလို အကျွေးအမွေးနှင့် ဇာတ်သူ၊ ဇာတ်သားများအရေးကိစ္စ တာဝန်ယူရသည့် ပုဂ္ဂိုလ်လိုလို၊ ဇာတ်ထဲမှာလည်း တစ်ခါတစ်ရံ တောက်တိုမယ်ရ ဟိုတစ်ခန်း၊ သည်တစ်ခန်းက ပါဝင်တတ်သေးသည်။

ကမ်းရိုးတန်းတစ်လျှောက် ကကြ၊ ခုန်ကြရင်း ခေါင်းဆောင်မင်းသမီးက နယ်ခံသူဌေးသားဆိုသူတစ်ယောက်နှင့် လိုက်ပြေးသည်။ ပွဲသုံးလေးချီ ဆက်တိုက်ရှုံးသည့်အခါ ကြွေးပတ်လည်ဝိုင်းလာသော ကန်ထရိုက်တာက ဇာတ်အဖွဲ့ကိုပစ်ကာ ခြေရာဖျောက် ထွက်ပြေးသည်။ ရွှေသင်္ဂီဇာတ်အဖွဲ့ ဖျက်သည့်အခါ ကိုယ့်နေရာဌာနသို့ မြန်မြန်ပြန်သူတွေလည်း ပြန်ကြသည်။

အချို့လည်း သည်နေရာမှာပင် ယောင်လည်လည်နှင့် ခင်ရာမင်ရာ လူများထံ ခိုကပ်ကာ ကျပန်းအလုပ်လုပ်ကြရင်း တဖြည်းဖြည်း နောက်ရောက်လာသည့် ဇာတ်အဖွဲ့များနှင့် တစ်ယောက်ပြီး တစ်ယောက် ပြန်ပါသွားကြသည်။ ကိုသိန်းတစ်ယောက်သာ သည်နေရာမှာ ကျောက်ချတော့မည်ဟု ဆုံးဖြတ်ထား၍လား၊ ဇာတ်အဖွဲ့များထဲမှာ သူ့အတွက် နေရာမရှိတော့၍လားမသိ၊ သည်နယ်တစ်ခွင်မှာပင် ရွာစဉ်နှံ့အောင် လှည့်၍နေခဲ့သည်။

ဇာတ်ထဲက ထွက်လာ၍လားမသိ၊ အပြောကောင်းသည်။ သူ့စကားအတိုင်းမူ မြန်မာပြည်တွင် သူ မရောက်ဖူးသည့် နေရာမရှိ၊ နာမည်ကျော် ပုဂ္ဂိုလ်မှန်သမျှ သူနှင့်တစ်နည်းနည်း မပတ်သက်သူမရှိ၊ သူ့အကြောင်း၊ သူ့မိဘဆွေမျိုးများအကြောင်း ဆိုတာတွေလည်း ပြော လိုက်သည်မှာ လွမ်းလောက်စရာ ဇာတ်လမ်းပမာ နားဆင်စရာ ဆို သည့်မျိုး၊ နားထောင်၍တော့ အင်မတန်ကောင်းသည်။

တောသူ တောင်သား ရွာသူရွာသားတွေ အလွန်သဘောကျကြ သည်။ သို့သော် သူ့ဇာတ်လမ်းတွေက တစ်နေရာတစ်မျိုး၊ တစ်ခါ တစ်မျိုးမို့ ဖြောင့်ဖြောင့်မှန်မှန်ကိုမှကြိုက်သည့် တချို့လူတွေက သဘော မကျကြ၊ တချို့ဆိုလျှင် 'ခင်ဗျားလူလိမ်ပဲ'ဟု မပြောရုံတမယ် ရိုင်းရိုင်း စိုင်းစိုင်း၊ နိုင့်ထက်စီးနင်း ပြောဆိုဆက်ဆံချင်တတ်သည်။

သို့သော် သူက ဘယ်လိုအနေအထားမျိုးမှာမဆို မျက်နှာပျက် သွားသည် ဟူ၍မရှိ၊ ရှက်ခြင်း၊ ရွံ့ခြင်း၊ အားငယ်ခြင်းမရှိ၊ ရဲရဲဝင်၊ ရဲရဲထွက်ဟု ပြောသောသူ ဟောက်လွှတ်သောသူမျိုးကိုပင် နောက်ထပ် ဘာ ဆက်ပြောရမှန်း ဘာဆက်လုပ်ရမှန်းမသိအောင် အစ်ကို၊ အဘ ရယ်နှင့် အမျိုးမျိုးလှည့်ပတ်ချော့မော့ ပြောတတ်သူဖြစ်ရာ သူ့အတွက် သည်အရပ်မှာ နေရေး၊ ထိုင်ရေး အခက်အခဲ လုံးဝမရှိခဲ့။ အလျှင်း သင့်ရာလူနှင့် အဖော်လိုက်သလို လူစိုက် အလုပ်စပ်တူလုပ်သလိုဖြင့် ငွေကလေးကြေးကလေး အိတ်ထဲမှာ အနည်းအကျဉ်း ရှိသည့်အခါရှိ၊ မရှိသည့်အခါမရှိ၊ သို့သော် ထမင်းတစ်လုတ်အတွက်ကား နည်းနည်း လေးမှပင် ပူစရာမလိုခဲ့။

ရပ်ရွာမှာ ဘုရားပွဲတို့ ရှင်ပြုတို့လို အလှူအတန်း ပွဲလမ်းသဘင်

ရှိလျှင် သူက ဒိုးပတ်ဝိုင်းမှာ ကြီးကြပ်သူလိုလို၊ ဘုန်းကြီးဝိုင်းမှာ ဝေယျာဝစ္စ လုပ်နေရသည့် ကပ္ပိယလိုလို၊ ဘုန်းကြီးကျောင်းသား ခေါင်းဆောင်လိုလို၊ တစ်ခါတလေ လှေခုတ်သမားတွေ လှေစုပ်ကြသည့်နေရာမှာ သူက လှေခုတ်သမားအဖွဲ့၏ ထမင်းချက်လိုလို ဘယ်အရပ်က လှေကတော့ ဘယ်လိုစပ်တာပဲ စသည်ဖြင့် အကြံပေးကာ အတိုင်ပင်ခံ ကျွမ်းကျင်သူလိုလို မသာအိမ်မှာဖြစ်ဖြစ်၊ သချိုင်းကုန်း ဇရပ်မှာ ဖဲဝိုင်း ထောင်ကြတော့ သူက ဖဲဒိုင်ကိုင်သူ၏ လက်ထောက်လိုလို။

ကိုယ့်အသက်အရွယ်နှင့် အလုပ်အကိုင် တစ်ခုခုလုပ်ပြီး အိုးအိမ်အတည်တကျ ထူထောင်ပါလားဟု စေတနာထားသူ၊ မျက်စေ့နောက်သူ တစ်ယောက်ကပြောလာလျှင် သူတစ်သက်လုံး ဘယ်တုန်းကမှ အလကားမနေခဲ့ဖူးသည့်အကြောင်း အစချီကာ ဟိုနယ်တကာမှာရော၊ သည်နယ်မှာပါ သူလုပ်ဖူးသည့်အလုပ်အကိုင်တွေ လက်ဆယ်ချောင်း၊ ခြေဆယ်ချောင်းမက ကုန်အောင်ချိုးကာ ရေတွက်ပြပြီး သူ့ဘဝအကျိုးပေးမကောင်းလှပုံကို သနားစရာဖြစ်အောင် ပြောပြပါလေသည်။

မှန်သည်။ အလုပ်ကတော့ မျိုးစုံခဲ့ပြီ။ ယခုသည် ကျွန်းပေါ်ရောက်လာသည်မှာလည်း အပျော်သက်သက် ရောက်လာခြင်းမဟုတ်၊ အလုပ်တာဝန်နှင့် ရောက်လာခြင်းဖြစ်သည်။ သည်အလုပ်က သူ တစ်သက်လုံး မလုပ်ခဲ့ဖူးသည့် အလုပ်၊ သူစာရင်းချပြခဲ့ဖူးသည့် အလုပ်အကိုင်အမျိုးပေါင်း နှစ်ဆယ်ကျော်မှာ မပါသေးသည့် အလုပ်၊ အလုပ်ခန့်အပ်သူပေးလိုက်သည့် ရာထူးနာမည်အရ အလုပ်သင်တံငါသည် ဟူ၍။

၈ ၈ ၈

နောက်တစ်ယောက်

သံလုံးဟုခေါ်ကြသည်။ ကျောင်းနာမည် မြတ်သာ၊ သို့သော် မြတ်သာကို မသိ၊ သံလုံးကိုပဲ သိကြသည်။ အသက်သုံးဆယ့်ငါးနှစ်ခန့် အရပ်ပျပ်ပျပ်၊ အသားဖြူနီစပ်နှင့် အရက်သမားရုပ်ပေါက်သည်။ သံလုံး၏ ရာဇဝင်အူပေါက်ကိုကား သည်နေရာတွင် လူတိုင်း သိကြသည်။

ရခိုင်တောင်ပိုင်းသား ဇာတိဖြစ်သည်။ ကမ်းရိုးတန်းမှာ မွေး၍ ကမ်းရိုးတန်းမှာ ကြီးပြင်းသူဖြစ်သည်။ မိဘ မျိုးရိုးသန့်သည်။ လူချမ်းသာဟု မဆိုနိုင်သော်လည်း ရိုးရိုးသားသား လုပ်ကိုင်စားလျက် ပြည့်စုံဖူလုံကြသူများဖြစ်သည်။ ဘိုးဘွားစဉ်ဆက် အုန်းခြံလုပ်ငန်းနှင့် တံငါလုပ်ငန်းကို ဒွန်တွဲလုပ်ကိုင်ခဲ့ကြသည်။ သံလုံးဖခင်မှာ ဆွေမျိုးထဲတွင် ရှားရှားပါးပါး ပညာတတ်ဖြစ်၍ ရပ်ရွာမှာ သြဇာရှိသည်။ လူရိုသေသည်။ ဆရာကြီးမှာ သားသမီးနှစ်ယောက် ထွန်းကားသည်။ အကြီးက သမီး၊ ထို့နောက် သမီးအောက် ဆယ်နှစ်ခြားပြီးမှမွေးဖွားသည့် အဖတ်တင်သည့် သားကလေးက သံလုံး။

သားကလေးသံလုံးကို မိဘနှစ်ပါး အလွန်ချစ်ကြသည်။ ရွာက အဖေ့ကျောင်းမှာ လေးတန်းအောင်တော့ မြို့ကျောင်းသို့ပို့သည်။ မြို့မှာ ဈေးအနီး ဆိုင်ကြီးကနားကြီးဖွင့်ထားသည့် အသိအိမ်တွင် အပ်နှံ၍ ကျောင်းထားသည်။ တောသားတစ်ယောက် မြို့လယ်အချက်အချာကျသည့် နေရာရောက်သည့်အခါ ဗဟုသုတများစွာရသည်။ စာကောင်းကောင်း မတတ်သော်လည်း မြို့က ပညာကောင်းတွေတော့ တတ်လာသည်။ တစ်ခါတစ်ခါ ရွာပြန်လာလျှင် ရွာကလူတွေ မျက်စိနောက်အောင် လုပ်တတ်လာသည်။ ဆရာကြီးသားဆိုတော့ သူကြီး

သားနှင့်မခြား အရိုန်အဝါရှိသည်ဖြစ်ရာ ဘယ်သူကမှ မကျေနပ်ကြောင်း အသံကျယ်ကျယ်မပြောရုံ၊ မိဘနှစ်ပါးကလည်း သားကလေးကို အပြစ်မမြင်၊ မြို့သားနှင့် တူလာသည်။ လူရည်လည်လာသည်ဟု ဝမ်းတောင်သာချင်သည်။

မြို့ကျောင်းမှာ ခုနစ်နှစ်နေတော့ ကိုးတန်းအောင်သည်။ ရွာနှင့်မိုင်သုံးဆယ်လောက်သာ ဝေးသည့် မြို့ကလေးမှာ ကျောင်းထားခြင်းဖြစ်သော်လည်း သည်ခုနစ်နှစ်အတွင်း မိဘများမှာ သူတစ်ပါး သားသမီးရန်ကုန်ကောလိပ်ပို့သည်ထက်ပင် ငွေပိုကုန်သည်။ ငွေကုန်ကြေးကျများသည်ကို မနှစ်သက်သော်လည်း သားကလေးပညာတတ်ဖို့ မြို့ပြမှာလူရာဝင်ဖို့ဆိုတော့ မတွန့်တိုကြ။ တစ်ခါတစ်ရံ သူတို့သား အသုံးအစားများတာကိုပင် ဂုဏ်ယူစရာ တစ်ခုလို ပြောချင်ဆိုချင်တတ်သေးသည်။

ဆယ်တန်းတက်နေဆဲ မိဘလည်းမပြောမဆို သံလုံး စစ်တပ်ထဲဝင်သည်၊ သူငယ်ချင်း အပေါင်းအသင်းများနှင့် အဖော်ကောင်း၍ဝင်ခြင်း၊ စစ်သင်တန်း မတက်ရသေးမီ တပ်သားလောင်းတွေ စုရုံးထားတုန်း တပ်မှာရှိသည့် တချို့အလုပ်များ ဝင်လုပ်ရသည်။ အိမ်မှာ ဘာတစ်ခုမှ အပင်ပန်းမခံ၊ ပေါ်ကြော့နေလာသည့် အကောင်၊ အစားအသောက်ဆိုလျှင်လည်း စည်းကမ်းမရှိ၊ အိမ်ကို ညှာတာရ ကောင်းမှန်းမသိ၊ ကြက်ရိုက်စား၊ ဘဲရိုက်စားနှင့် ထင်တိုင်းကြဲလာသူ၊ စည်းကမ်းနှင့် အကန့်အသက်နှင့် နေရစားရသည့်အခါ မျက်နှာပျက်ချင်လာသည်။ သင်တန်းတက်ရလျှင် ပင်ပန်းမှာတွေးပြီး ကြောက်လာသည်။ သူများဝင်လို့သာ ဝင်ရသည်၊ သတ္တိလည်း မရှိ၊ ဇွဲတွိလည်းမရှိသည့်အကောင်ဆိုတော့ အခက်အခဲနှင့်တွေ့ဖို့ စရုံရှိသေး စိတ်ဓာတ်ကျလာသည်။

သည့်တုန်းမှာ ကယ်တင်ရှင်ပေါ်လာသည်။ နောင်မသေမချင်း အကြိမ်ပေါင်းများစွာ ကယ်တင်ကြဦးမည့် ကျေးဇူးရှင်မိဘနှစ်ပါး၊ ဒီသားလေးတစ်ယောက်တည်းရှိသည့်အကြောင်း၊ ပညာဆက်သင်ပေးချင်သည့်အကြောင်း စသည်များနှင့် တောင်းပန်ပြီး ပြန်ခေါ်ခွင့်တောင်းကြသည်။ တာဝန်ရှိသည့်ပုဂ္ဂိုလ်များက ပြန်လိုက်လိုလျှင် လိုက်နိုင်ကြောင်း ခွင့်ပြုသည့်အခါ ကိုယ့်လူက မိဘနှစ်ပါးကို သနားသဖြင့် မိမိဘဝရည်မှန်းချက်ကြီးတစ်ခုလုံး စွန့်လွှတ်ရသည့်ဟန်မျိုးဖြင့် ခပ်တင်းတင်း လိုက်ပါလာသည်။

ကျောင်းဆက်မနေဘဲ အိမ်ပြန်လိုက်လာတော့ အရင်ကထက်နှစ်ဆတိုး၍ အလိုလိုက်ကြသည်။ သူကလည်း နှစ်ဆတိုး၍ အစွမ်းပြလေတော့သည်။ အိမ်မှာ အမြိုင့်သား ထိုင်စားရုံမက အမေကိုပင် ဟင်းချက်တာ အသုံးမကျဟူ၍ တစ်မျိုး၊ ဗဟုသုတ မရှိ၊ ခေတ်ကို နားမလည်ဟူ၍တစ်ဖုံ၊ အမျိုးမျိုး ဆူပူကြိမ်းမောင်းသည်။ ဒူးယားစီးကရက် လက်ကြားညှပ်ကာ ရွာရိုးကိုးပေါက် လျှောက်သည်။ ရွာမှာ အရက်ပုန်းချက်သူများနှင့် အဖွဲ့ဖြစ်ကာ နေ့စဉ်နှင့် အမျှဆိုသလို အရက်ကလေးတမြမြ၊ တစ်လော တစ်လော အမေဆီကတောင်း၊ အစ်မဆီကတောင်း၊ ဒါမှမဟုတ် အိမ်ခန်းထဲက သေတ္တာကို ခိုးဖွင့်ကာ ပိုက်ဆံကလေးတစ်ထပ် အိတ်ထဲထည့်ပြီး မြို့တက်သည်။

တစ်ညသ၌ သံလုံး မိန်းကလေးတစ်ယောက် ခိုးယူလာခဲ့သည်။ မြို့ပေါ်ရှိ လူကုံထံတစ်ဦး၏ သမီး၊ သံလုံးက တောသားဆိုပေမယ့် တောသူဌေးသားလို့ နာမည်ရသည်။ ဆံရှည်နှင့် ခေါင်းလောင်းဘောင်းဘီ၊ ဂျင်းဘောင်းဘီထည်လဲနှင့် စီးကရက်တဖွာဖွာ ဒူးယားနှင့် အိတ်

ထဲမှာလည်း ငွေနှင့်ကြေးနှင့် မြို့ပေါ်က ခပ်တေတေကောင်လေးတွေကြားမှာ ဝင်ဆန့်သူဆိုတော့ တချို့ ကောင်မလေးများက သဘောကျကြပုံရသည်။ သို့သော် လူကြီးမိဘများကတော့ တောသားလူပေါ်ကြော့ကို အဘယ်မှာ သဘောကျမည်နည်း။

ဆွေမျိုးမိတ်သင်္ဂဟထဲက ဩဇာတိက္ကမရှိသူများခေါ်ကာ သမီးကို ပြန်လာတောင်းသည်။ ထုံးစံအတိုင်း တင့်တောင်းတင့်တယ် လာတောင်းပါဟု ဆိုသည်။ သမီးကိုပြန်ရပြီးသည့်နောက်တွင်မှ သည်လို ကောင်စားမျိုးနှင့် ပေးစားဖို့ တစ်သက်လုံး စိတ်မကူးသည့်အကြောင်း လူကြုံနှင့် ပြောလိုက်ကြသည်။ မိန်းကလေး၏ မောင်များကလည်း သံလုံး မြို့တက်လာရင် အသေဟု ဓားကြိမ်းကြိမ်းကြသည်။

များမကြာမီ သံလုံးခြေငြိမ်အောင်ဆို၍ မိဘများက တစ်ဖက်ရွာမှ မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင်ချပေးသည်။ မိန်းမရပြီးနောက် ခေတ္တမျှ ငြိမ်သလိုလိုရှိသည်။ ငါးဖမ်းပိုက်လှေနှင့်လိုက်သည်။ အုန်းခင်းကြည့်သည်၊ သူများတကာနှင့် အဖော်လိုက်ကာ ရန်ကုန်အထိ လိုက်ပြီး အုန်းသားရောင်းသည်။ ငါးခြောက်ရောင်းသည်။ အိမ်ကလည်း အလုပ်အကိုင် လုပ်တတ်ပါစေတော့ဟု ငွေနှင့်ကြေးနှင့် လွှတ်ပေးထားသည်။ သို့သော် ဇာတိကမပျောက်၊ ငွေလေးကြေးလေး ကိုင်ရတော့ ဖဲရိုက်သည်။ သောက်စားသည်၊ သည်လိုနှင့် တစ်ဖက်က အလုပ်ကလေးတစ်ခု ဟန်ဆောင်ပန်ဆောင်လုပ်ရင်း မိဘပစ္စည်း ဖြုန်းကောင်းနေစဉ်ပင် ဖခင်ဆရာကြီး ကွယ်လွန်သည်။

အဖေ့ကို သင်္ဂြိုဟ်ပြီးသည့်နောက် သံလုံးပထမဆုံးလုပ်သည့်ကိစ္စက အမွေခွဲခြင်း၊ အစ်မကြီးနှင့် ယောက်ဖကြီးက ချစ်လည်းချစ်

ကြောက်လည်းကြောက်ရသည့် မောင်လေးကို သည့်လိုပဲ ဖြုန်းတီးပြီး ကုန်မည့်မှန်း သိလျက်နှင့် သူစိတ်တိုင်းကျ ခွဲဝေသည့်အတိုင်း ကျေနပ်စွာ လက်ခံလိုက်ကြသည်။ အမေဆိုတာကလည်း သူ့ကို တစ်ခွန်းတစ်ပါဒ ပြောဆိုဝံ့သည် မဟုတ်။

ကုဋေရှစ်ဆယ်သူဌေးသားလောက် များများမရသဖြင့် သံလုံး၏ စည်းစိမ်တို့မှာ ကြာကြာမခံ၊ ပေါင်လိုက် နှံလိုက်၊ ရောင်းလိုက် ချလိုက်၊ အိမ်ကမယားနှင့်လည်း ကြိမ်ဖန်များစွာ ကွဲသွားလိုက်၊ ပြန်ပေါင်းလိုက်၊ သည့်လိုနှင့် ကလေးသုံးယောက်ရသည့်အချိန်တွင် သံလုံးအမွေရရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး သူတစ်ပါးလက်ဝယ်သို့ ရွှေ့ပြောင်းရောက်ရှိခဲ့ပြီး တောသူဌေးသား လူ့ပေါ်ကြော့ဘဝမှ ပုဆိုးအဖာ ကျောဗလာနှင့် သူတစ်ပါးအုန်းခြံထဲတွင် တဲထိုး၍နေရသည်။ အုန်းခြံစောင့်လိုလို ဘဝမျိုးသို့ ရောက်ရှိခဲ့ပြီး အမေဖြစ်သူဆုံးခဲ့ပြီး အစ်မနှင့် ယောက်ဖလည်း အရင်းအနှီးပြုရန်၊ ကလေးဆေးကုရန်၊ ဆန်ဝယ်ရန် စသည်ဖြင့် မကြာခဏ ပေးရဖန်များသောအခါ အိမ်နားအကပ်မခံလိုတော့ပြီ။

သည်အချိန်မှာ သံလုံးဘဝပြန်လည် ထူထောင်ရေးအတွက် အားကျိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းကား အရက်ချက်လုပ်ငန်း။

၈ ၈ ၈

ကျွန်းနာမည်က အုန်းကျွန်းဟုခေါ်သည်။

ရခိုင်ကမ်းရိုးတန်းရှိ အလှပဆုံးကျွန်းများထဲမှာ တစ်ကျွန်း အပါအဝင်ဖြစ်သည်။ သို့သော်အခြားသော ကုန်းမြေများနှင့် အလှမ်းကွာ

သည်။ ကမ်းရိုးတန်းနှင့် မိုင်လေးဆယ်ကျော်အကွာမှာ အထီးတည်းတည်ရှိသည်။ သူ့ပတ်ပတ်လည် မိုးကုပ်စက်ဝိုင်းအဆုံးထိ မြင်ရသမျှမှာ ကုန်းမြေဟူ၍မရှိ။

သဘာဝအုန်းတောစိမ်းစိမ်း၊ စိမ်းညို့သောတောင်တန်း၊ ဖြူလွလွသဲသောင်ပြင်၊ မည်းနက်သော ကျောက်တောင်ကျောက်တန်းများနှင့် သာယာကြည်နူးဖွယ်။

သို့သော် အုန်းကျွန်းက အလှသက်သက်မဟုတ်၊ ဆူးရှိသည်။ ကျွန်းပတ်ပတ်လည်မှာ သောင်ခုံတွေ၊ ကျောက်တန်းတွေရှိသည်။ ကြည်လင်သောရေ၌ ဖေါက်ထွင်းမြင်ရသည့် ကျောက်ဆောင်များ သန္တာကျောက်ခက်များသည် ရေပေါ်ရှပ်တိုက်ပြေးလာသော လှေဝမ်းကို ထိုးဖောက်တော့မယောင် ထင်မှတ်ရသည်။ အလွန်ကျွမ်းကျင်သော လှေသမား၊ မော်တော်သမားများပင် ကျွန်းကိုသတိကြီးစွာ ချဉ်းကပ်ရသည်။ ဒါသည်ပင်လျှင် လှိုင်းလေငြိမ်သော နွေနှင့်ဆောင်းရာသီများမှာသာဖြစ်သည်။

မိုးဦးမှသည်မိုးနှောင်းအထိ ငါးလနီးပါးကာလ၌မူ ကျွန်းပေါ်သို့ တက်ရောက်ဖို့မှာ အလွန်အန္တရာယ်များသောကိစ္စ ဖြစ်သည်။ ရေအောက်ကျောက်ဆောင်များနှင့် မှန်းဆ၍ မရနိုင်သော လှိုင်းလေသဘာဝက ကျွန်းပတ်လည်မှာ ထောင်ချောက်တွေ ဆင်ထားသလိုရှိသည်။ ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးနှင့် ချဉ်းကပ်လာသော လှေသမ္ဗာန်တွေ ပျက်စီးပေါင်းများလှပြီ။ ယခုအခါ၌ ဒီရာသီမျိုးမှာ ကျွန်းသို့မည်သူမျှမလာကြတော့။ ဒီကာလသည် ကျွန်းပိတ်သော ကာလကမ္ဘာနှင့် လုံးဝစည်းခြားပြတ်တောက်သော ကာလဖြစ်သည်။

မိုးလေသာယာသော ဆောင်းနှင့်နွေကာလ အချို့အချိန်များ၌မူ အုန်းကျွန်းမှာအလွန်သာယာ အေးချမ်းဘိသည်။ တံငါများအတွက် ခိုနား၍ ကောင်းလှသည့် ကျွန်းထောက်စခန်းတစ်ခုဖြစ်သည်။ အုန်းကျွန်းတွင်စခန်းချကာ ပင်လယ်ကမ်းချေ ငါးဖမ်းထွက်ကြသည်။

ပြီး– ကျွန်းမှာပင် ငါးခွဲ၊ ငါးလှန်းနှင့် ကုန်ကြမ်းကို ကုန်ချောဖြစ်အောင်လုပ်ကြသည်။ ပင်လယ်ပြင်တွင် ကျောက်ချရပ်နားထားသည့် ငါးလုပ်ငန်းစက်ရုံ သင်္ဘောကြီးတစ်စင်းပမာပင်။ ဒီအခါမျိုးတွင် အုန်းကျွန်းမှာ လူအလွန်စည်သည်။ တံငါသည်အုပ်စုများ၊ ငါးကုန်သည်များသာမက ကျွန်းပေါ်၌ ကွမ်းယာ၊ ဆေးလိပ်၊ မုန့်ပဲ သွားရေစာရောင်းသူ၊ ထမင်းဟင်းရောင်းသူ၊ အရက်ရောင်းသူ၊ ဖဲဝိုင်းထောင်သူ၊ ကြက်တိုက်သူ၊ နယ်လှည့်ရုပ်ရှင်ပြသူပါ မကျန်အောင် လူမျိုးပေါင်းစုံညီစွာနဲ့ စည်ကားနေတတ်ပေသည်။

ကိုသန်းအောင်တို့ ငါးဖမ်းအဖွဲ့နှင့်အတူ ကိုသိန်းသည် ကျွန်းပေါ်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အုန်းကျွန်းမှာ စခန်းချပြီး ငါးဖမ်းကြမည်ဆိုသောအခါ ကျွန်တော်လည်း မရောက်ဖူးလို့ လိုက်ပါရစေလို့ဆိုသည်။ ကိုသန်းအောင်ကလည်း သူ့အပြောအဆိုလေး သဘောကျသူဖြစ်၍ လိုက်ချင်လိုက်ခဲ့လေ။ ဝိုင်းလုပ်ဝိုင်းစား အများနည်းတူ ကိုယ်လုပ်နိုင်တာကိုလုပ်ပေါ့၊ ပိုက်ဆံချေးငွေလည်း ထိုက်သင့်သလောက်ပေးမည်။ အလုပ်သင်တံငါသည်ပေါ့ဗျာဆိုပြီး ခေါ်ခဲ့သည်။ လူက ဘာတစ်ခုမှသာ စွဲစွဲမြဲမြဲ မလုပ်ချင်၊ ဖင်တော့အပေါ့သား၊ နေရာတကာသူပါသည်။ စက်ဆရာက ဟိုဟာတက်၊ သည်ဟာဖြုတ် ဟု လုပ်တော့လည်း သူက စက်ဆီပေပေနှင့်၊ ထမင်းချက်ချိန်ကျရင်လည်း မီးတစ်

လက်နှင့် လိုးလျက်ချွတ်လျက်၊ ပိုက်ချပြီဆိုတော့လည်း သူက ဟိုနား ဝင်ကိုင်၊ သည်နားဝင်ဆွဲ၊ သည်လူက တကြွကြွရှိသား၊ ဘာဖြစ်လို့ရွာမှာ လတ်လျားလတ်လျား ၁၀၉၊ ၁၁၀–သမား လုပ်နေပါလိမ့်ဟု ကိုသန်းအောင် အံ့သြချင်သည်။

အုန်းကျွန်းပေါ်ရောက်ပြီး တစ်စခန်းချကြ ငါးဖမ်း၊ ငါးခွဲ၊ ငါးခြောက် လှန်းကြနှင့် တကယ်အလုပ်များပြီဆိုတော့မှ ကိုယ့်လူ တကယ်တမ်း လက်ကျောမတင်းသည်ကို သိရသည်။ ကိုသန်းအောင် ရှေ့ရောက် လျှင်တော့ ဟန်ဆောင်ပန်ဆောင် ဟိုဟာလုပ်သယောင်ယောင်၊ ဒီဟာ လုပ်သယောင်။ လစ်ပြီဆိုလျှင် တခြားငါးဖမ်းသမားတွေ စတည်းချသည့် နေရာသွားပြီး လေကန်လျှင်ကန် ဖဲဝိုင်း၊ ကြက်ဝိုင်းနားရောက် လိုရောက်၊ တစ်ယောက်ယောက်နှင့် အပေါင်းအသင်းဖြစ်ကာ အရက် ရောင်းသည့်တဲမှာ အချိန်ကြာချင်လည်း ကြာသွားတတ်သည်။ လက်စ သတ်တော့ ကိုယ့်လူက လူပျင်းကိုးဟု ကိုသန်းအောင် မှတ်ချက်ချ သည်။ စိတ်တော့မဆိုးပါ၊ ခေါ်တုန်းကလည်း အပျော်ခေါ်လာသည်ကိုး။

သံလုံးအုန်းကျွန်းပေါ် ရောက်လာသည်ကတော့ ကိုသိန်းလို အလုပ်သင် တံငါသည်(သို့မဟုတ်)တံငါအဖွဲ့က အရန်လူဘာဝမျိုးဖြင့် မဟုတ်။ လုပ်ငန်းရှင်တစ်ယောက်အနေနှင့် ရောက်ရှိနေခြင်းဖြစ်သည်။ အရက်ချက်လုပ်ငန်းရှင်၊ အရက်ဆိုင်ပိုင်ရှင်၊ တစ်ဦးတည်းပိုင်လုပ်ငန်း တော့မဟုတ်၊ စပ်တူလုပ်ငန်း ရွာမှာ အစဉ်မပြတ် ရောင်းလာသည့် ကိုဘိုးညွန့်နှင့် တစ်ယောက်တစ်ဝက် စပ်တူဖြစ်သည်။

ပင်လယ်တံငါဆိုသည်က အရက်ကို ရေသောက်သလို သောက် နိုင်သူများသည်ဖြစ်ရာ သံလုံးတို့အရက် လက်မလည်အောင် ရောင်း

ကောင်းသည်။ ရွာမှာထက် ဈေးပိုရသည်။ ပိုက်ဆံအစား ငါးနှင့် ရောင်းရသည့်အတွက် ပိုကိုက်သည်။ ကုန်ကြမ်းများ ပြတ်ခါနီးတွင် ကြုံရာလှေနှင့် မှာလိုက်ရုံသာ၊ ဒါမျိုးကျတော့ လှေသမားတိုင်းက ဂရုတစိုက် ကူညီတတ်သည်။ အုန်းကျွန်းမှာ အရက်ရောင်းကောင်းလှ ကြောင်း သတင်းကြားရပြီး သံလုံးကပေးလိုက်သည့် ငါးခြောက်ငါးခြမ်း လေးများ စားရသည့်အခါ အမှတ်မရှိသည့် မိန်းမက အလွန်အားရ သည်။ ငါ့ယောက်ျား သည်လုပ်ငန်းနှင့်ကျမှ အကျိုးပေးတော့မည်လား အောက်မေ့သည်။ သို့သော် မိဘပစ္စည်း တစ်ပုံတစ်ပင်ကိုတောင် မကုန် ကုန်အောင် ဖြုန်းတီးလာသည့်အကောင်။ အရက်ချက်ရောင်းကာမှ ကြီးပွားမည်ဆိုလျှင် ခက်ရချေမည်။ "အရက်ရောင်းတဲ့သူက ငါးသမား ထက်တောင် စားသာသေးတယ်" ဟု ပြောကြဆိုကြဖန်များသည့် အခါ သံလုံးက ဘဝင်မြင့်ချင်သည်။ အရက်ကလေးထွေထွေနှင့် စွာ ကျယ်စွာကျယ်လုပ်ချင်သည်။ ဖဲဝိုင်းနား ကပ်ချင်လာသည်။ သို့သော် ရဲရဲတော့မဟုတ်။ သည်မှာ အရက်လာရောင်းဖို့ နှစ်ဦးသဘောတူ ဆုံးဖြတ်ကြကတည်းက ဦးဘိုးညွှန့်က ကတိတောင်းသည်။

အုန်းကျွန်းမှာ ဖဲမရိုက်ပါဟူသော ကတိ။ စိတ်ချပါ ကိုဘိုးညွှန့် သေဆိုသေ ရှင်ဆိုရှင် ကျွန်တော်ကတိပေးတယ်ဟု သံလုံး ကတိပြု သည်။ ကိုဘိုးညွှန့်နှင့်ကျလျှင် ငယ်ကြောက်လိုလို ဖြစ်နေသည် တစ် ကြောင်း၊ သူနှင့် စပ်တူလုပ်နေသည့် လုပ်ငန်းလေး အောင်မြင်နေသည် ကိုထောက်၍ တစ်ကြောင်း၊ သံလုံး ကတိမပျက်အောင် ချုပ်တည်း၍ နေခဲ့သည်။ သို့သော် ပျက်ဖို့အကြောင်းက ပေါ်လာခဲ့သည်။

ကျွန်းပေါ်မှာ စခန်းတွေ သိမ်းကျခါနီး ၁၄၊ ၅–ရက်အလို

ကိုဘိုးညွန့်က ရွာမှ သူ့ကလေးတစ်ယောက် အသည်းအသန်ဖြစ်နေသည်ဟုသတင်းရသဖြင့် အိမ်သို့ ကမန်းကတမ်းပြန်ပြေးသည်။ စုဆောင်းထားသည့် ငါးခြောက်ငါးခြမ်းတွေ ရွာသွားတုန်း တစ်ပါတည်းယူသွားရန် စီစဉ်သော်လည်း လှေကြုံမှာ ဝင်မဆန့်တော့သဖြင့် အနည်းအကျဉ်းသာ ယူသွားနိုင်ခဲ့သည်။ ရွာမှာ ကြာကြာမနေ၊ နှစ်ရက်နှင့်ပြန်လာသည်။ သံလုံးကို သူစိတ်မချသဖြင့် ကလေးသက်သာသည်နှင့်တစ်ပြိုင်နက် သူ အမြန်ပြန်လာခဲ့သည်။ သို့သော် ထိုနှစ်ရက်မှာပင်တက်တက်ပြောင်နေသည်။ ရှိပြီးသားတွေရော နှစ်ဦးရစရာရှိသည့်အကြွေးတွေပါ အားလုံးကုန်သည့်အပြင် အကြွေးပါတင်သည်။ တစ်ရာသီလုပ်စာကို နှစ်ရက်နှင့် အပြတ်ရှင်းသည်။ ဖဲရိုက်ပွဲတွင် သံလုံးဘက်က အကြံပေးအရာရှိလိုလို လက်ထောက်လိုလိုနှင့် ပါဝင်ခဲ့သူကကိုသိန်း၊ ဖဲဝိုင်းသိမ်းသည့်ည ကမ်းစပ်က ကျောက်ဆောင်တစ်ခုပေါ်မှာငါးကင်အမြည်းလေးနှင့်အရက်သောက်ရင်း ဆုံးဖြတ်ချက် တစ်ခုချမှတ်သည်။ စခန်းသိမ်းပြီး အားလုံးပြန်ကြသည့်အခါ သူတို့နှစ်ယောက်ကျွန်းမှာ ကျန်နေရစ်ကြမည်ဟု။

အကြောင်းက–

အုန်းကျွန်းသည် ရိုးရိုးကျွန်းမဟုတ်၊ သူ့မှာ ဘင်္ဂလားပင်လယ်တွင် အနောက်မြောက်ဘက်မှ အရှေ့တောင်ဘက်သို့ စီးဆင်းသောပင်လယ်ရေစီးကြောင်းတစ်ခုရှိသည်။ သည်ရေစီးကြောင်းသည် အုန်းကျွန်းကို ဦးတိုက်၍နေသည်။ သည်ရေစီးကြောင်း ရှိခြင်းကြောင့်ဘင်္ဂလားပင်လယ်တွင် သွားလာလျက်ရှိသည့် သင်္ဘောကြီးငယ်တို့မှလွင့်ကျသမျှ ပစ္စည်း၊ လှိုင်းကြမ်းလေထန်အချိန်တွင် ဝန်ပေါ့စေရန်

ဟူ၍ စွန့်ပစ်သမျှ ပစ္စည်းတို့သည် ရေအောက်သို့ နစ်မြုပ်ခြင်း (သို့မဟုတ်) ကြေမွပျက်စီးခြင်းမရှိပါက အချိန်တန်လျှင် အုန်းကျွန်းသို့ လာရောက်၍ ဆိုက်ကပ်ကြစမြဲဖြစ်သည်။

အထူးသဖြင့်က မိုးဦးကာလ လှိုင်းတွေပြင်းထန်၍ သင်္ဘောများမှ အသုံးအဆောင်ပစ္စည်းများ ဖိတ်စင်ကျဆုံးမှု များသည့်အချိန်၊ လေ့သင်္ဘောများ နစ်မြုပ်ချိန်တို့တွင် အုန်းကျွန်းသောင်စပ်တွင် အမျိုးမျိုး အပြားပြားသော ပစ္စည်းများ ရောက်ရှိလာလေ့ ရှိပေသည်။ ဤသည်မှာ ရေးနှစ်ပရိစ္ဆေဒများစွာကပင်ရှိခဲ့သည့် အခြင်းအရာဖြစ်ရာ ဘင်္ဂလားပင်လယ်အော်အတွင်း လေ့သင်္ဘောအသွားအလာ တစ်နေ့တခြား တိုးပွားလာသည့် ကာလ၊ မိုးနှင့် မုန်တိုင်းကြားတွင်စွန့်စားကာ ကုန်စည်ကူးသန်းသူတို့ ပေါ်များလာသည့်ကာလ၌ အုန်းကျွန်းသို့ ရောက်ရှိလာသော ပစ္စည်းပစ္စယာတို့၏ စာရင်းဇယားမှာ ပို၍ရှည်လျား များပြားလာခဲ့လေသည်။

မိုးကုန်၍ ဥတုရာသီ သာပြီဆိုသည့်အချိန်တွင် အရဲစွန့်ပြီး အုန်းကျွန်းသို့ သူများထက်ဦးအောင် ကူးလာနိုင်ခဲ့သည်။ ကျွန်းသောင်စပ်တွင် တန်ဖိုးရှိ ပစ္စည်းပေါင်းများစွာ ကောက်ယူရရှိမြဲဖြစ်ရာ အုန်းကျွန်းနှင့်နီးသည့် ကမ်းရိုးတန်းဒေသမှ တံငါသည်များအတွက် အုန်းကျွန်းသို့ အစောဆုံး ရောက်ရှိရေးသည် နှစ်စဉ်ကျင်းပမြဲ ပြိုင်ပွဲတစ်ရပ်သို့ ဖြစ်ပေသည်။

သို့သော် အုန်းကျွန်းပြိုင်ပွဲသည် ရိုးရိုး အားကစားပြိုင်ပွဲမဟုတ်၊ အန္တရာယ် ပြွမ်းတီးသော ပြိုင်ပွဲ စွန့်စားရသောပြိုင်ပွဲ၊ ပြိုင်ဆိုင်ဝံ့သူနည်းသောပွဲဖြစ်သည်။

ပြီးခဲ့သောနှစ်နှစ်ခန့်ကမှ သူတကာထက် စွန့်စားသူတစ်ဦး ပေါ် ပေါက်ခဲ့သည်။ တစ်ဦးတည်းမဟုတ် မိသားစုနှင့်ဖြစ်ပြီး ကမ်းရိုးတန်း ရွာတစ်ရွာမှ လူငယ်တစ်ဦးသည် မိမိဇနီးနှင့် သားသမီးနှစ်ယောက် ကိုပါခေါ်ကာ လှေငယ်တစ်စင်းနှင့် အုန်းကျွန်းသို့ ရွက်လွှင့်လာခဲ့သည်။ အုန်းကျွန်းတွင် တဲထိုး၍ တစ်မိုးလုံးနေထိုင်သည်။ ရိက္ခာအဖြစ် ဆန်နှင့် ဆားသာပါသည်။ သို့သော် ငရုတ်၊ သခွား၊ ချဉ်ပေါင်စသည့် ဟင်းသီး ဟင်းရွက်များကိုကား ယူဆောင်လာခဲ့သည်။ အုန်းကျွန်းမှာ မြေဩဇာ အလွန်ကောင်းသည်။

သီးနှံပင်များ အလွန်ကြီးထွား ရှင်သန်သည်။ မိသားစု စား၍ပင် မကုန်နိုင်။ ငါးဆိုသည်ကလည်း ပေါပါဘိခြင်း၊ ကမ်းနားမှာ ငါးမျှား၊ ကမ်းနားက ငရုတ်သခွားကို ခူးဆွတ်စားကာ တစ်နေ့တစ်နေ့ ကျွန်းသို့ ပါလာသမျှ ပစ္စည်းများကို တဲသို့ သယ်ယူကြသည်။ သူတစ်ပါးထံမှ လှေအိုလှေငယ်ကလေးကို ငှားရမ်းကာ၊ ဆင်းဆင်းရဲရဲ၊ ချို့ချို့ငဲ့ငဲ့နှင့် လာခဲ့ရသော မိသားစုသည် ကျွန်းအပြန်တွင် ငွေငါးသောင်းဖိုးမျှ ချမ်းသာသွားခဲ့သည်။

၎င်းမိသားစု၏အကြောင်းကို ကမ်းရိုးတန်းတစ်ခွင်တွင် ပုံပြင်ပမာ ပြောစမှတ်ပြုခဲ့သည်။ အဓိက စိတ်ဝင်စားသည့်အကြောင်းသည်ကား ကျွန်းတွင်ရရှိသည့် ပစ္စည်းအမျိုးအမည်များ တန်ဖိုးက မည်ရွေ့မည်မျှ စသည့် လူငယ်မိသားစုက ဆင်းရဲသော်လည်း သတ္တိရှိသူများ ဖြစ်ပုံ ရသည်။

ညည်းတတ်သူများမဟုတ်၊ ကျွန်းမှာဒုက္ခရောက်ပုံ၊ နေရစားရ ခက်ပုံတွေ သိပ်မပြော၊ ပစ္စည်းတွေရသည့်အခါ ဝမ်းသာကြပုံ၊ သီးနှံပင်

များ စားရပုံတွေကိုသာ အားရပါးရပြောတတ်ကြသည်။ သို့သော် တစ်ခုတော့ဆိုးသည်။ ကလေးတွေနှင့်ဆိုတော့ တစ်ခါတလေ သိပ်ဒုက္ခရောက်တယ်ဗျ။ နောက်တစ်ခေါက်တော့ မသွားတော့ပါဘူးဟူ၍။ သို့သော် သူတို့အခက်အခဲကို မည်သူမျှ ခရေစေ့တွင်းကျ မေးမနေကြ၊ အများစိတ်ဝင်စားနေသည်က နေ့ချင်းညချင်း၊ ချမ်းသာသွားရခြင်း အကြောင်းများ၊ ရွာမှာနေတုန်းက ငွေငါးသောင်းဆိုသည်က နည်းသည် မဟုတ်။

နောင်နှစ်တွင် သူသွားမည်၊ ငါသွားမည်နှင့် ဟန်ပြင်ကြသည်။ အဖော်ညှိကြသည်။ ကလေးတွေမပါဘဲ လင်မယားချည်းသွားမည်၊ ယောကျ်ားချည်းသွားမည် စသည်ဖြင့် တိုင်ပင်နှီးနှောကြသော်လည်း လက်တွေ့တွင်က မည်သူမျှ မသွားဖြစ်ကြ။ လောဘကလေးတက်တုန်းသာ ပြောကြသည်။

တကယ် သေးအေးအေးနှင့် စဉ်းစားကြည့်တော့ကာ မိုးတွင်း လေးလလုံး ကျွန်းပေါ်မှာ ကိုယ်ချည်းသက်သက် မိုးနှင့်လေနှင့် မုန်တိုင်း က ကြောက်ရသေး၊ ဖျားတာနာတာ၊ မတော်တဆ ထိခိုက်တာတွေ အပြင် တခြား ကြိုတင်တွက်ဆထားသည့် ဘေးအန္တရာယ်များလည်း ပေါ်လာနိုင်သည်။ ပြီး–ကျွန်းမှာ မြွေလည်းပေါသည်ဟု ဆိုကြသည်။ သေသေချာချာ စဉ်းစားလိုက်တော့ မည်သူမျှ မသွားဖြစ်တော့။

သို့နှင့် နောက်ဆုံးတော့ ကျွန်းမှာ ဒုတိယမြောက်စွန့်စား သွားရောက်နေထိုင်သူများက ကိုသိန်းနှင့်သံလုံးတို့သာဖြစ်လာသည်။ တမင် တကာ သွားနေဖို့မလိုတော့၊ သူများတွေပြန်သည့်အခါ ကျန်ခဲ့ရုံသာ၊ သံလုံးက အိမ်တစ်ခေါက်ပြန်ပြီး သားမယားကို နှုတ်ဆက်ချင်သေး

သည်။ ကိုသိန်းက တားသည်။ ''မင်းအိမ်ပြန်ရောက်ရင် စိတ်ပြောင်း သွားလိမ့်မယ်။ မိန်းမကလည်း မသွားနှင့်ပြောမှာပဲ၊ မင်း တကယ်ဆုံး ဖြတ်ပြီဆိုရင်တော့ အိမ်ပြန်မနေနဲ့တော့။

ကိုသိန်းနှင့် သံလုံး ကျွန်းပေါ်မှာ ကျန်ရစ်မည့်အကြောင်း ကြေ ညာလိုက်သောအခါ ''ဟကောင်တွေ မင်းတို့နေနိုင်ပါ့မလားကွာ၊ ဖဲဝိုင်းမရှိ၊ အရက်ဝိုင်း မရှိနဲ့''ဟုဆိုသူကဆိုကြသည်။ အကြံကုန် ဂျွန် ဆားချက်တဲ့ကောင်တွေဟု ထောမနာသူက ထောမနာသည်။ ''သတိ ဝီရိယနဲ့ နေတတ်ဖို့တော့ လိုတယ်နော်''ဟု စိုးရိမ်မကင်းဟန်ဖြင့် သတိ ပေးသူက ပေးသည်။ မည်သို့ဆိုစေ တကယ်နေတော့မည် ဆိုသည့် အခါ၌ကား သံလုံးနှင့်ကိုသိန်းတို့ ချက်ချင်းလက်ငင်းဆိုသလို ကာလ တန်ဖိုးတက်သွားကြသည်။ သိန်းဆုပေါက်သည့် ထီလက်မှတ် ကိုင် ဆောင်ထားသူလို ချေးချင်တိုင်း ချေး၊ ငှားချင်းတိုင်း ငှားနိုင်သည့် အခွင့်အာဏာ ရရှိသွားကြသည်။

ဘာပစ္စည်းရလျှင် ငါ့ကို ရောင်းပါဟုဆိုသူက ဆိုကြသည်။ ရသမျှ ပစ္စည်းချုပ်ပြီး ဝယ်ချင်သူက ရှိသေးသည်။ လူစွမ်းကောင်းနှစ်ယောက် သို့မဟုတ် ဂျွန်နှစ်ယောက်အတွက် တစ်မိုးစာလိုအပ်သည့် စားနပ် ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို စာရင်းပြုစုကြသည်။ ရွာမှာ ကုန်စုံဆိုင်ရောင်းသူ ငါးကုန်သည်တစ်ဦးက လိုအပ်သမျှပစ္စည်းအား လုံး သူတစ်ဦးတည်း အကြွေးစာရင်းမှတ်ပြီး တာဝန်ယူလိုက်သည်။

သူတို့နေရန်အတွက် တဲတစ်လုံးဝိုင်းထိုးပေးကြသည်။ တဲက မြေစိုက်၊ အမိုးနိမ့်နိမ့်နှင့်၊ အိပ်စရာနေစရာ တစ်ဖက်ဝါးကွပ်ပျစ်လေး တစ်လုံးစီ၊ လေကွယ်မိုးကွယ်အတွက် ခြေရင်းခေါင်းရင်းနှင့် ဘေးတစ်

ဖက်မှာ ခပ်နိမ့်နိမ့် အကာအရံလေးတွေပါ လုပ်ပေးထားသည်။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန်များလည်း ချွေချွေတာတာ တစ်မိုးစာ လောက်အောင်ထည့်ပြီး တဲထဲမှာ သူ့အိုးသူ့ခွက်နှင့် စနစ်တကျ နေရာချထားပေးကြသည်။ ဘယ်ပစ္စည်း ဘယ်လိုထား ဘယ်လိုလုပ်၊ မီးကိစ္စ၊ ရေကိစ္စ၊ ထင်းကိစ္စ ဘယ်လိုသတိဝီရိယနှင့်ဆောင်ရွက် စသည်ဖြင့် ဂရုတစိုက် မှာကြားကြသည်။

သည်လိုနှင့် အုန်းကျွန်းမှာ သူတို့နှစ်ယောက် ကျန်နေဖြစ်ခဲ့လေသည်။ ကျွန်းတစ်ကျွန်းလုံးမှ နှစ်ယောက်တည်း၊ သို့သော် ကလေးမဟုတ်၊ မိန်းမ, မဟုတ်၊ ကျားကျားလျားလျား ယောကျ်ားကြီးများ။ ပြီး လိုအပ်သမျှ အစစပြည့်စုံအောင် ကြိုတင်ပြင်ဆင်ပြီးသူများ။ ပထမ ဆယ့်သုံးရက်လုံးလုံးကား ထမင်းချက်လိုက်၊ ငါးမျှားလိုက်၊ တစ်ခါတစ်ရံ ကျွန်းပတ်ပြီး လမ်းလျှောက်လိုက်၊ ကျွန်းလယ်ခေါင်သောင်ခုံတွေပေါ် တက်လိုက်နှင့် အချိန်ကုန်သည်။

ထူးထူးခြားခြား မည်မည်ရရ အကြောင်းတစ်စုံတစ်ရာ မရှိ၊ တန်ဖိုးရှိသည့် ပစ္စည်းပစ္စယဟူ၍လည်း ဘာတစ်ခုမှ မရကြသေး။ ပျင်းရိငြီးငွေ့စရာကောင်းလှသည်။ သို့သော် နေခါစရှိသေးသည်ဖြစ်၍ ပျင်းသည်ဟု မည်သူမျှ မညည်းကြ။ ဆယ့်လေးရက်မြောက်နေ့တွင်မူ အပျင်းပြေ ပြောစရာလာချေသည်။

မိုး ...။

သေသေချာချာရွာသည့်မိုးမဟုတ်၊ တစ်ညနေလုံး အုံ့သလို၊ မည်းသလိုနှင့် မပြိုနိုင်ဘဲရှိသည်။

ညဘက် ရောက်လာသည်၊ လေအလွန်ငြိမ်သည်၊ ပူလောင်

အိုက်စပ်နေသည်။ မိုးသေသေချာချာ ရွာလိုက်ရင်ကောင်းမှာပဲဟု ကျောပြောင်ပြောင်နှင့် သံလုံးညည်းသည်။ မိုးမရွာမီ ကောင်းကင်ယံက အသံစ၍ ပေးလေသည်။ ကောင်းကင်၌ အစင်းကြောင်းကြီး လင်း လက်ကာ ဂျိုးဂျိုးဂျိုင်းဂျိုင်း မြည်ဟည်းသွားသည်။ ဝင်းခနဲ လင်းသည်၊ ဂျိုးခနဲ အသံကျယ်တစ်ချက်မြည်ပြီး ကောင်းကင်သည် မညီမညာမှာ ရောမခေတ်ဆိတ်ိုင်ကီအခွံကြီး လိမ့်လိုက်သလိုလို တဒုန်းဒုန်း တဒိုင်း ဒိုင်း အော်မြည်လိမ့်ဆင်းသွားမည်။

မိုးကတစ်ပေါက်၊ နှစ်ပေါက် ရွာချင်သလို မရွာချင်သလိုလို၊ ခနိမိုးပေါ် တဖျောက်ဖျောက်၊ သဲသဲမရွာနိုင်၊ လျှပ်စီးမိုးကြိုးက တစ်ချက် နှစ်ချက်နှင့်မပြီး၊ ဆက်၍ဆက်၍ လာသည်။ တဝင်းဝင်း တလင်းလင်း။

ဝုန်းခနဲ ဒိုင်းခနဲ ခွဲသည့်အခါ ခွဲသည်။ စက္ကူစကြီးကြီးကို ပျင်းတိ ပျင်းတွဲ တဖြိဖြိ ဖြဲသလို အသည်းယားစရာ တဂျွတ်ဂျွတ်၊ ဂျွမ်းဂျွမ်း ဂျုံးဂျုံး၊ ဂျိုင်းဂျိုင်းနှင့် တစ်မိုးလုံး အဇအဆုံး အော်မြည်၍သွားသည် လည်းရှိသည်။ မပြီးဆုံးနိုင်၊ တစ်မိနစ်နှစ်ကြိမ်နှုန်းလောက် လင်းလက် ဝိုက်ချွန်းနေသည်။ တဲထဲက လူသားနှစ်ယောက် ကျောက်ခေတ်လူ သား၏ ကြောက်ရွံ့ရိုကျိုးစိတ်ဖြင့် ငြိမ်သက်လျက်ရှိသည်။

မိုးခြိမ်းသံတဖြည်းဖြည်းစဲသွားသည်။ တဖြည်းဖြည်း စိတ်သက် သာသွားကြသည်။ လေပြေကလေး တစ်ချက်ဝေ့လာသည်။ ချမ်းသလို၊ အေးသလိုလို နေသာထိုင်သာ ရှိသလိုလိုဖြစ်လာသည်။ မိုးကလေး ဖွဲဖွဲမှန်မှန် ရွာလာသည်။ မိုးဦးကျချေပြီ။ နောက်ထပ် ငါးလနီးပါး၊ သည်မိုးသံနာခံရင်း ကျွန်းမှာ တိတ်ဆိတ်ခြောက်ကပ်စွာ နေရဦးတော့ မည်။ ကွပ်ပျစ်တစ်ခုစီပေါ်မှာ အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ လဲ

လျှောင်းနေကြဆဲ၊ ရုတ်တရက်မျက်စိကျိန်းအောင် ဖွေးဖွေး လက်သွားသော အလင်းရောင်နှင့်အတူ နားကွဲမတတ် ကျယ်လောင်သော အသံကို တစ်ပြိုင်နက် ကြားလိုက်ရသည်။

ကိုသိန်း ကွပ်ပျစ်အစွန်းပေါ်မှ လိမ့်ကျပြီး သဲပြင်ပေါ်မှာ မှောက်လျက်ကြီးဖြစ်နေသည်။ သံလုံး သူ့ကွပ်ပျစ် နံဘေးမှာ ဝါးလုံးတန်းကို ကျစ်ကျစ်ပါအောင် စုံကိုင်ထားကာ မျက်စိစုံမှိတ်ထားသည်။ ရင်ဘတ်က တဒိန်းဒိန်း ခုန်နေသည်။ ငါဘာမှ မဖြစ်ဘူး၊ ငါမသေဘူး၊ သူသိနေသည်။ သို့သော် ခြေထောက်နှစ်ချောင်းကို တောင့်တောင့်ကြီး ဆန့်ထားသည်၊ ခြေထောက်တွေ ဘာဖြစ်သွားသေးသလဲ၊ လှုပ်မကြည့်ရဲ၊ ခေါင်းမလှုပ်ရဲ၊ မျက်စိမဖွင့်ရဲ၊ သေချင်ယောင်ဆောင်သူလို ငြိမ်နေရသည်။

ကိုသိန်းတုတ်တုတ်မလှုပ်၊ သူသဲပြင်ပေါ်ရောက် နေမှန်းသိသည်။ လှုပ်လိုက်လျှင် နောက်ထပ်ပစ်မှာ စိုးသဖြင့် ငြိမ်နေသည်။ သံလုံးကော၊ သံလုံးသေပြီလား၊ တစ်ကျွန်းလုံးမှာ သူတို့နှစ်ယောက်သာရှိသည်။ သူ မဟုတ်လျှင် သံလုံး၊ သံလုံးကိုပင် ချိန်ပစ်လေသည် ထင်သည်။ သည်ကောင်က တစ်သက်လုံး အမေ၊ အဖေတွေကို ဆဲဆိုလာသည့် အကောင်၊ အခုတော့ သွားလေပြီလား၊ မိမိက အရှိန်ဟပ်ပြီး လဲကျတာ ဖြစ်မည်။ တဲခေါင်မိုးတွေကောရှိသေး၏လော။

ငါးမိနစ်၊ ဆယ်မိနစ်၊ တစ်ကမ္ဘာ၊ တိတ်ဆိတ်ခြင်းကြီး တိတ်ဆိတ်နေသည်။ တစ်ကျွန်းလုံးက အသံဗလံများကို မိုးကြိုးက လှည်းကျင်း ယူသွားသလိုထင်ရသည်။

လေငြိမ်လာသည်၊ ဝေါဝေါ ဝေါဝေါနှင့် အဝေးမှ ဆူညံသံ

တစ်ခုပြေးလာသည်ကို ရုတ်တရက် ထိတ်လန့်စွာကြားရပြန်သည်။ မိုးခေါင်းမိုးပေါ်သို့ မိုးသီးမိုးပေါက်ကြီးများ ထူထပ်ပြွတ်သိပ်စွာ ကျဆင်းလာလေသည်။ တဲခေါင်မိုးဘာမှမဖြစ်သေး၊ သည်အတိုင်းပဲ ရှိသေးသည်၊ ကွပ်ပျစ်ပေါ်က သံလုံး လှုပ်လာသည်။

''ကိုသိန်း၊ ကိုသိန်း'' မရဲတရဲခေါ်ကြည့်သည်။

''ဟေ– မင်းဘာဖြစ်သွားသေးသလဲ''

ရန်သူကြားသွားမှာ စိုးသည့်ဟန် ခပ်အုပ်အုပ် ပြန်ဖြေသည်။

''ခင်ဗျား ဘယ်နားမှာလဲ''

''ငါအောက်ကို လွင့်ကျသွားတယ်''

''ကျွန်တော် ကွပ်ပျစ်လာအိပ်ချင်အိပ်ပါ့လား၊ မိုးကြိုးက ဘာကို ပစ်လိုက်သလဲမသိဘူး၊ မနက်ကျမှ ကြည့်ရမယ်''

ကိုသိန်း မှောင်ထဲစမ်းကာ သံလုံးကွပ်ပျစ် ပေါ်တက်လာသည်။ နှစ်ယောက်သား ကျောချင်းကပ်ကာ မိုးသံသဲသဲ အောက်တွင် အိပ်ပျော်အောင် ကြိုးစားကြသည်။ ခြေထောက်ကွေးလိုက်၊ ဆန့်လိုက်၊ ရသမျှ ဘုရားရှိခိုးအမျိုးမျိုးကို စိတ်ထဲက ကျိတ်ရွတ်လိုက်နှင့် နံနက်လင်းကာနီးမှ အိပ်ပျော်သွားကြသည်။

အိပ်ရာမှနိုး၍ တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ တဲပြင်ထွက်ပြီး ဘေးဘီလှည့်ပတ်ကြည့်လိုက်သည့်အခါ၌ကား တဲခေါင်းရင်းကပ်လျက်ရှိသော အုန်းပင်နှစ်ပင် ခေါင်းပိုင်းပြတ်ကာ မီးသွေးငုတ်များ ဖြစ်နေကြသည်ကို တွေ့ရလေသည်။

သံလုံးနှင့် ကိုသိန်းမီးကျွမ်းသွားသော အုန်းပင်နှစ်ပင်ကို ကြည့်ကာ ကြက်သီးမွေးညင်း ထသွားသည်။ တဲထဲကိုသာ ပစ်လိုက်လျှင်

နှစ်ယောက်လုံး မီးသွေးတုံးဘဝနှင့် မိုးကုန်ချိန် တံငါသည်တွေ ပြန်လာသည်အထိ စောင့်ကြရလိမ့်မည်။ ကျွန်းစောင့်တစ္ဆေတွေများ ဖြစ်နေကြလေမည်လား။

''တို့ကံကောင်းသွားတာပေါ့ကွာ၊ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့်ပဲ၊ ညအိပ်ရာဝင်ရင် အမြဲ ဘုရားရှိခိုးပြီးမှ အိပ်ရမယ်'' ကိုသိန်းက ဆိုသည်။

မီးသွေးငုတ်နားမှာ ဆက်၍ နေချင်စိတ် မရှိသဖြင့် ပင်လယ်ကမ်းစပ်ဘက် ထွက်လာခဲ့ကြသည်။ မိုးစဲသွားပြီဖြစ်သော်လည်း ပတ်ဝန်းကျင်က ကြည်ကြည်လင်လင်မသာချင်၊ မိုးရိပ်မိုးနံ့ကလေးများ လွှမ်းခြုံ၍နေသည်။ သဲပြင်က ရေမတင်သော်လည်း ညက မိုးနှင့်လေတွင် ကြွေကျသည့် အုန်းလက်များ၊ သစ်ကိုင်းသစ်ရွက်များက စွတ်စိုဆဲဖြစ်သည်။ သဲသောင်ပြင်၏အသွင်သည်လည်း မနေ့ကနှင့်မတူ ပြောင်းလဲခဲ့ပြီ။ ထိုနည်းတူပင်လယ်ပြင်သည်လည်း မိုးတွင်းကာလ လှုပ်ရှားမှုအတွက် သွေးပူလေ့ကျင့်ခန်းယူသည့်နှယ် လူးလိမ့်ရိုက်ခတ်စ ပြုနေပေပြီ။

''မိုးမြန်မြန်ကျပြီး မြန်မြန်ကုန်သွားရင် ပြီးတာပဲကွာ၊ တို့ရသမျှ ပစ္စည်းတွေ သိမ်းပြီး ပြန်ကြရုံပဲ'' ကိုသိန်းကဆိုသည်။

''ဒါပေါ့၊ ဒါပေါ့''

သံလုံးက ခပ်သွက်သွက် ထောက်ခံလိုက်သည်။

အုန်းနှစ်ပင်မိုးကြိုးခပြီးသည့် နောက်ပိုင်းရက်များတွင် ထစ်ချုန်းမှုလျော့ကာ မိုးလေမှန်သလိုရှိနေသည်။ 'မိုးဦးကျစ ကြောက်စရာကောင်းတယ်'ဟူသော အစွဲလေးရှိသည့် ကိုသိန်းစိတ်တွင် မိုးဦးကျ

အန္တရာယ်ကတော့ သည်မျှနှင့်ပဲ ပြီးလေပြီဟု တွေးမိကာ သက်သာသလိုရှိနေသည်။

သို့သော် တကယ်၌ သည်မျှနှင့် မပြီးခဲ့ချေ။

ပြဿနာက ပင်လယ်ထဲက စလာသည်။

မုန်တိုင်း။ ဘင်္ဂလားပင်လယ်အော် အနောက်ပိုင်းတစ်နေရာ၌ စတင်ဖြစ်ပေါ်လာသော လေဖိအားနည်းရပ်ဝန်းတစ်ခုသည် မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ပြောင်းလဲကာ အရှေ့ဘက်ဆီသို့ ရွေ့လျားလာသည်။ ထိုသို့ရွေ့လျားရင်း အင်အားပိုမိုပြင်းထန်လာကာ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းသို့ အရှိန်အဟုန်နှင့် ဝင်ရောက်ခဲ့သည်။ အုန်းကျွန်းသည် မုန်တိုင်းမျက်စိတည့်တည့်၌ မကျရောက်သော်လည်း အဖျားခတ်သည့်ဒဏ်ကိုကား အတော်ပင် ပြင်းထန်စွာ ခံလိုက်ရလေသည်။

မနက်စာကို မနေ့ကချန်ထားခဲ့သည့် ငါးကင်တစ်ကောင်၊ ချဉ်ပေါင်ဟင်းတစ်အိုးနှင့် စားလိုက်ကြပြီးနောက် အိုက်စပ်စပ်ရှိသည်နှင့် ကွပ်ပျစ်ကိုယ်စီ၌ မှိန်းနေကြစဉ် တစ်ချက်တစ်ချက် လေတိုက်ပုံ ကြမ်းသည်ကို သတိပြုမိကြလေသည်။

''မုန်တိုင်းများရှိသလားမသိဘူး''

သံလုံးပါးစပ်က ထွက်သွားသည်။

''မင်းကလည်းကွာ မဦးမချွတ်နဲ့''

ကိုသိန်းက မာန်သလိုလိုဆိုသည်။ ထို့နောက်–

''မင်းပြောတဲ့ အတိုင်းဖြစ်ရင် ဘယ်နှယ့်လုပ်ကြမလဲ ... တဲကတော့ ခိုင်ပါတယ်နော်''

''ရပါတယ်ဗျ။ တော်တော်တန်တန်လေးလောက်နဲ့တော့ ဘာမှ

မဖြစ်ပါဘူး။ တဲက အသစ်ကြီးပဲဟာ၊ ခင်ဗျားလည်း ပင်လယ်နားနေ လာတာ ကြာပြီပဲဗျာ၊ မိုးတွင်းဆိုတာ လေတော့ နည်းနည်းပါးပါး တိုက်မှာပေါ့၊ မကြောက်ပါနဲ့ဗျ''

''ကြောက်တာတော့ မဟုတ်ပါဘူး၊ တစ်မိုးတွင်းလုံး နေရမှာ ဆိုတော့ နည်းနည်းတော့ တွေးပူတာပေါ့။ ခုမှ အစရှိသေးတယ် မဟုတ်လား''

ကိုသိန်း တဲအပြင် ထွက်လာသည်၊ ကောင်းကင်ပြင်က ခပ်မှိုင်း မှိုင်း ခပ်မှုန်မှုန်၊ ပင်လယ်ရေက ပြာလဲ့ကြည်စင်ခြင်း မရှိ၊ ခဲသားရောင် ဖျော့ဖျော့၊ ခပ်မှုန်မှုန် ခပ်နောက်နောက်၊ အပေါ်ယံတွင် နေရောင်ဖျိုးဖျ လက်နေသည်။ လေပြင်းတစ်ချက် ဝှေ့လိုက်ရာ အုန်းပင်အုန်းလက်များ ဘယ်ယိမ်းညာယိုင် သစ်ပင်သစ်ရွက်များ လှုပ်ခတ်သံက အတန်ပင် ညံသလို၊ သစ်ရွက်ကြွေအချို့လေတွင် လွင့်ဝဲပါလာကြသည်။

ကိုသိန်း ကမ်းစပ်အထိ လျှောက်သွားသည်။ အနောက်ဘက် ဟိုးအဝေးဆီမှ တိမ်စိုင်တိမ်ခဲ မည်းမည်းတစ်ခု၊ မှုန်မှိုင်းသော ပတ်ဝန်း ကျင်ထက် ပို၍ မည်းသည်၊ တိမ်တိုက်မည်းမည်းက မျက်စိရှေ့မှာပင် ကြီးထွား လှုပ်ရှားနေသလို၊ ပင်လယ်လှိုင်းများက ခါတိုင်းလို နရီစည်းဝါး မကျချင်၊ မညီမညာတိုးဝှေ့လျက်၊ တစ်ခုကိုတစ်ခု ခေါင်းကို ရိုက်ချိုး လျက် လေပြင်းတစ်ချက်အဝှေ့တွင် နောက်ဘက်လန်ချင်သလို ဖြစ် သွားပြီ။

ရုတ်တရက် ကိုသိန်း ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ပင်လယ်ကမ်းစပ်မှာ နွေရာသီအပန်းဖြေ လေညင်းခံသည့် အခါမျိုးမှာ လည်း ဒီလောက်တော့ တိုက်တတ်တာပဲဟု ကိုယ့်ကိုယ်ကို စိတ်အေး

အောင် သတိပေးကာ တဲဆီသို့ပြန်ခဲ့သည်။

ကိုသိန်း တဲထဲဝင်လာတော့ သံလုံးကွပ်ပျစ်ပေါ်က လှမ်းမေးသည်။

''ကိုသိန်း မိုးလေဝသအခြေအနေ သွားကြည့်တာလား၊ ဘာမှ မဖြစ်ပါဘူးဗျ၊ အေးအေးဆေးဆေးနေစမ်းပါ၊ လေမုန်တိုင်းတိုက်တော့ကော ဘာဖြစ်မလဲဗျာ၊ ခင်ဗျားပင်လယ်ထဲပါသွားအောင် အထိတော့ မတိုက်ပါဘူးဗျ''

''ခွေးမသား'' ဆိုပြီး ကိုသိန်းကွပ်ပျစ်ပေါ်တက်၍ လှဲနေလိုက်သည်။ စိတ်ထဲတွင်ကား မအေးနိုင်၊ လေမုန်တိုင်းတိုက်လျှင် ဘယ်လိုလုပ်မလဲ ဘာတွေ ဖြစ်မလဲ၊ သံလုံးဆိုသည့်ကောင်က အသိဉာဏ်သိပ်ရှိတဲ့ကောင်မဟုတ်၊ အားကိုးရမယ့်အကောင်မဟုတ်။

နေ့လယ်ခင်းတစ်ခုလုံး လေသည် ပြင်းပြင်းကလေး ဝေ့တိုက်သွားလိုက်၊ ပြန်ငြိမ်သွား၊ ပြေသွားသလိုရှိလိုက်ဖြစ်၍ လေသည် ညနေလေးငါးနာရီခန့်တွင်ကား သိသိသာသာ ပြင်းထန်၍လာလေသည်။ သစ်ပင်အုန်းပင်များ သောသောအုတ်အုတ် လှုပ်ရှားသံအပြင် လေသံတဝီဝီကိုပါ ဆူညံစွာ ကြားလာရသည်။ ပင်လယ်ပြင်က ကြမ်းတမ်းခက်ထန်လာသည်။ လှိုင်းလုံးတွေ ကြီးထွားမြင့်မောက်လာသည်။ ခေါင်းချင်းယှက်လို့ တဝုန်းဝုန်းရိုက်ချိုးကာ ရေမြှုပ် တစီစီတက်လာသည်။ ကောင်းကင်တစ်ခုလုံးအုံ့မည်းကာ မိုးပေါက်ကြီးများ ကျလာသည်။ တဖြည်းဖြည်းနှင့် လေရောရေပါ သွန်းကြဲတိုက်ခတ်သလိုဖြစ်လာသည်။

တဲကလေး သွက်သွက်ခါ၍နေသည်။ တဲခေါင်မိုးက လေတွင်

လွင့်ပါသွားတော့မလို လှုပ်ယမ်း၍လာသည်၊ မိုးက အပေါ်တည့်တည့်မှ ချည်း ရွာသွန်းချသည် မဟုတ်။ ဓွေစောင်းရော၊ ဘေးတိုက်ပါ တအား ပက်ဖျန်းနေသည်။ ခေါင်နိမ့်နိမ့်ကလေး အုပ်ထားသည့်ကြားက တဲ တွင်ရှိသမျှ ပစ္စည်းပစ္စယအားလုံး စိုရွှဲကုန်သည်။ ကိုသိန်းနှင့် သံလုံး ရှိသမျှ အဝတ်အစားတွေ သားရေအိတ်ထဲ ဖိသိပ်ထည့်သည်။ စောင် နှင့် ခေါင်းအုံးများကို ပုဆိုးနှင့် ပတ်၊ ပလတ်စတစ်နှင့်ထုပ်ကာ ကြိုးတစ် ချောင်း ရှာ၍ ချည်ပြီး ကွပ်ပစ်ခြေထောက်နှစ်ခုကြား ချထားလိုက်သည်။

အိုးခွက်ပန်းကန်နှင့် တိုလီမိုလီဘူးတွေ ခွက်တွေအားလုံး သိမ်း ကျုံးကာ စားပွဲခုံ သဘောမျိုးသုံးသည့် ထင်ရှူးပုန်းကြီးထဲ ထည့်သည်။ အရေးကြီးသည်က ဆန်။ ဆန်ရေစိုလျှင် ခက်မည်။ သို့သော် ဆန်က စဉ့်အိုးများနှင့် ထည့်ထားတာဖြစ်၍ အဖုံးလေလုံလျှင် ပူစရာမလို။ စဉ့်အိုးကြီးတစ်လုံးကတော့ ဖွင့်မသုံးရသေးသဖြင့် ငါးဖမ်းအဖွဲ့သားတွေ စီမံပေးခဲ့သည့်အတိုင်း ပလပ်စတစ်ထူထူအုပ်ပြီး အိုးနှုတ်ခမ်း ကပတ်၍ ကြိုးစည်းလျက် လုံလုံခြုံခြုံ။ သုံးလက်စအိုးမှာ အပေါ်က ဝါးဖက် ခမောက်တစ်လုံးနှင့် အုပ်ထားသည်၊ လေတိုးသည့်အခါ ခမောက်က အိုးပေါ်မှာ မငြိမ်နိုင်၊ ခဏခဏလိမ့်ကျနေသည်။

''သံလုံးရေ၊ ဆန်အိုးဖုံးတဲ့ ပလတ်စတစ်စ ဘယ်ရောက်နေလဲ ကွ''

ကိုသိန်းလှမ်းမေးသည်၊ လေသံမိုးသံညံနေသဖြင့် သံလုံး မကြား။

''ဆန်အိုးဖုံးတဲ့ ပလတ်စတစ်ဘယ်မှာလဲ''

ကိုသိန်း သံလုံးအနားကပ်ကာ အော်မေးသည်။

သံလုံး ယောင်တိယောင်တောင်၊ မျက်စိထဲ အမြဲမြင်နေပါတယ်

ဟု စဉ်းစားမိသည်။ နောက်တော့မှ သတိရသည်။ တဲခေါင် နောက်ဘက် အနိမ့်ပိုင်း ဓနိမိုးကြားတွင်ခေါက်၍ ထိုးထားသော ပလတ်စတစ်နှင့် ကြိုးထုံးကလေးကို သံလုံးဆွဲထုတ်ယူလာပြီး ကိုသိန်းကို ပေးသည်။ နှစ်ယောက်သား ဆန်အိုးကို လုံခြုံအောင် ထုပ်ပိုးချည်နှောင်ကြသည်။

ထို့နောက် သောက်ရေအိုးကို စင်ကလေးပေါ်မှချကာ စဉ့်အိုးကြီးနှစ်အိုးအနီး သဲပြင်မှာ ကရွတ်ခွေနှင့် တင်၊ ရေခွက်ကို အိုးထဲနှစ်ပြီး အဖုံးဒန်ပြားကို တဲထောင့်ရှိ ကျောက်ခဲကြီးတစ်လုံးဖြင့် ဖိထားလိုက်သည်။ ပြီးလျှင် လုပ်စရာမရှိတော့။ တဲထဲ ထိုင်နေဖို့ပဲရှိတော့သည်။ သို့သော် တဲကလည်း အပြင်းအထန် လှုပ်ယမ်း၍နေချေသည်။ လှုပင်လှုပ်ယိုင်လာသည်။ တဲသာမရှိလျှင် လူတွေပါ လေနှင့် လွင့်ပါသွားမလား ထင်ရသည်။ မိုးဒဏ်လေဒဏ် ခံနိုင်အောင်ဟူ၍ အထပ်ထပ်ချည်နှောင်ချုပ်လုပ်ထားခဲ့သော တဲခေါင်မိုးကလေး လေပြင်းနောက်လိုက်ပါချင်သဖြင့် အတင်းအဓမ္မ ရုန်းကန်လျက်ရှိနေသည်။

လေသံက တိုးဖေ့တိုက်ခတ်သံ သက်သက်မဟုတ်။ ဟစ်အော်ကြွေးကြော်နေသည့် အသံမျိုး။ လေထဲမိုးသီးမိုးပေါက်များ သိပ်သည်းပိတ်ဆို့ကာ အပြင်ဘက်ဆီသို့ မမြင်နိုင်ပဲရှိသည်။ အလင်းရောင် နည်းနည်းရှိသေးသဖြင့်သာ နေမဝင်သေးမှန်း သိရသည်။

''မီးခြစ်ကျောက်ထုပ် တွေ့လိုက်ရဲ့လားကွ၊ မီးခြစ်ကျောက်''

ကိုသိန်း သံလုံးနား ကပ်ကာ အရေးတကြီး သတိရလိုက်သည့်အရာကို မေးသည်။

''ထည့်ထားပြီ၊ ထည့်ထားပြီ''

သံလုံး ထင်းရှူးပုံကို လက်ညှိုးထိုးကာ အော်ဖြေသည်။ မီးခြစ်

နှစ်လုံးက သူတို့အတွက် သေရေးရှင်ရေးကိစ္စ၊ ဓာတ်မီးခြစ်နှစ်လုံး၊ မီးခြစ်ကျောက်၊ ဓာတ်ဆီ၊ စိတ်ချရအောင် နှစ်ပုလင်းခွဲထည့်ထားသည်။ "မီးမရှိရင် မင်းတို့ သေလိမ့်မယ်" ဟု သတိပေးသွားကြသည်။ မှန်သည်။ မီးမရှိလျှင် ကမ္ဘာဦးခေတ် ပြန်ရောက်သွားမည်။ မိမိတို့က ကမ္ဘာဦးလူသား၏ ခွန်အားသတ္တိနှင့် မီးလွတ်စားသည့် အလေ့အကျင့် ရှိသူ မဟုတ်။

နှစ်ယောက်စလုံး သဲမြေပေါ်တွင် ဆန်အိုးကိုယ်စီ မှီလျက် ငုတ်တုတ်ထိုင်နေကြသည်။ ဒီပုံအတိုင်းဆိုလျှင် ဒီနေ့တော့ ထမင်းငတ်ပြီ။ သံလုံး တွေးမိသည်။ လေက ဘယ်လောက်တိုက်ဦးမယ်မသိ။ တဲသာ လွင့်ပါသွားမည်ဆိုလျှင်တော့ ဘာနဲ့ဘယ်လိုပြန်ဆောက်ပါ့မလဲ။ တစ်မိုးလုံး ဒုက္ခ။ အေးအေးဆေးဆေးရွာမှာပဲ အရက်ချက်ပြီး အကြွေးတွေ တဖြည်းဖြည်း ပြန်ဆပ်ရင် အရသား။ ပြီးတော့ ဖဲဆိုတာလည်း ရှုံးမဲ့ မမဲ့ဘဲ အလိမ္မာနှင့်ပိုင်းဖြတ်ပြီး ကစားမယ်ဆိုရင် ပြန်နိုင်နိုင်သည် မဟုတ်လား။ သံလုံး သည်လိုပဲတွေးကာ ကျွန်းမှာနေဖို့ စိတ်ကူးမိခဲ့သည်ကို နောင်တရနေသည်။ သို့သော် ကြာကြာမတွေးနိုင်။ တဲက သိမ့်ခနဲ၊ သိမ့်ခနဲ။ လေက ဝူးဝူးဝါးဝါး ဟူးဟူးရားရား လေအော်သံ မိုးဒဏ်များ ကြားမှ တဲ၏ ညည်းတွားသံကိုပါ ကြားနေရသလို။ တဲလေးယိုင်ပြီး မြေမှာပြားသွားလေမည်လား၊ တိုင်တွေပါကျွတ်ပြီး ပါသွားလေမည်လား စိုးရိမ်ထိတ်လန့်နေရသည်။

တစ်ဖက်သတ်တွန်းဖိနေသည်။ လေပြင်းက ထပ်၍အားစိုက်ကာ လူကိုပါ ဆောင့်တွန်းလိုက်သလို ထင်ရသည်။ ကိုသိန်းအနီးရှိ ကွပ်ပျစ်ခြေထောက်ကို လှမ်းဖက်သည်။ သံလုံးက သူ့အနားရောက်လာပြီး

သူ့လိုပဲ ကွပ်ပျစ်ခြေထောက်တစ်ချောင်းကို လာချိတ်သည်။ သူတို့ ကိုယ်ပေါ် မိုးရေတွေ တအားသွန်ချသလို ကျနေသည်။ သံလုံး ကိုသိန်း နား၊ နားကပ်ပြီး အော်ပြောသည်။

"တဲခေါင်မိုး မရှိတော့ဘူး"

သူ့တို့တဲက ခေါင်မိုးအပြင်တိုင်နှင့်တန်းသာ ရှိသည်။ ခေါင်မိုးက အဓိက။ သူပဲအမိုး၊ သူပဲအကာ ဖြစ်သည်။ ခေါင်မိုးမရှိလျှင် တဲမရှိတော့ သည်နှင့် အတူတူ။

တဖြည်းဖြည်း ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ဖုံးလာသည်။ အမှောင်ထုထက်မက ကြီးစိုးနေသည်က အသံထု။ ငြီးငွေ့စရာ ပင်လယ်လှိုင်းသံမှအပ တိတ်ဆိတ်ခြောက်ကပ်နေသော ကျွန်းမှာ မပြီး ဆုံးနိုင်သော ရောမအသံလှိုင်းလုံး၏ နင်းကြိတ် ချေမှုန်းခြင်းကို ခံနေ ရသည်။ မိုးရေကလည်း အစက်အပေါက်လိုက်မဟုတ်။ ရေတံခွန်လို တစ်ပြင်တည်း တသွင်တည်း သွန်ကျနေသည်။

ကိုယ့်လက်ကိုယ်မမြင်ရအောင် မည်းမှောင်နေသော မုန်တိုင်း ညအမှောင်အောက်တွင် စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်မြည် တမ်းသံများနှင့် စစ်သားရာထောင်ကို လုံ့စွပ် တိုက်ပွဲဆင်နွှဲနေသည့် နှယ် ကြောက်ခမန်းလိလိ ကြိမ်းမောင်းဟစ်ကြွေးသံများ တစ်လှည့်စီ တစ်ဖန်စီ ခြိမ်းခြောက်နေသည့် လေမုန်တိုင်းဒဏ် မိုးပေါက်မိုးခဲတို့၏ ကြမ်းတမ်းစွာရိုက်ပုတ်ဒဏ်များကို အားကိုးရာမဲ့စွာဖြင့် လည်စင်း၍ ခံကြရသည်။ သွေးရှူးသွေးတန်းပြေးစရာ နေရာလည်း မရှိ။ ဘာဆိုဘာ တစ်ခုမှလည်း မမြင်ကြရ။ ကွပ်ပျစ်ခြေထောက်ကို တွင်တွင်ဖက်ကာ ဘုရားကိုသာ အကြိမ်ပေါင်း ထောင်သောင်းမက တနေကြသည်။

မပြီးနိုင်မဆုံးနိုင် မိုးက ဘယ်အခါမှ မလင်းတော့ဟု ထင်ရသည်။

အမှောင်ထု ပိန်းပိတ်လျက်ပင် မုန်တိုင်း တဖြည်းဖြည်းစဲသွားသည်။ မိုးက မိုးပေါက်ကျဲကျဲ ခပ်ဖွဲဖွဲသာ ရွာတော့သည်။ အချိန်ကို ညသန်းခေါင်လား၊ အရုဏ်တက်လား မမှန်းဆတတ်။ သံလုံးနှင့် ကိုသိန်း ကွပ်ပျစ်ခြေထောက် တစ်ယောက် လက်တစ်ဖက်စီ ချိတ်၊ ကျန်နေသော လက်နှစ်ဖက်နှင့် တစ်ယောက်ကို တစ်ယောက် တင်းတင်းဖက်ကာ ထိုင်နေမိကြကာ ကိုယ့်ဘာသာ သတိပြုမိကြသည်။

''စဲသွားတော့မယ်နဲ့ တူတယ်''

သံလုံးက ဆိုသည်။

''ဘုရား မ'လို့ စဲသွားပါစေဗျာ''

ကိုသိန်း သံလုံးကို ပြောသလို ဘုရားထံ ဆုတောင်းသလို ဆိုသည်။

မုန်တိုင်း တကယ်ပင်စဲသွားလေသည်။ သို့သော် ဘာမှမမြင်ရအောင် မှောင်မိုက်နေဆဲ။ ဘယ်အချိန် မနက်လင်းမည်ဟူ၍လည်း မသိနိုင်။ သံလုံးနှင့် ကိုသိန်း အဝတ်စိုများနှင့်ပင် ကွပ်ပျစ်တွေပေါ် ဝမ်းလျားမှောက်ကာ စိတ်ပျက်အားလျော့ကာ ငြိမ်သက်၍နေရင်း အိပ်ပျော်သွားကြသည်။

...

နောက်တစ်နေ့ကား အကြီးအကျယ် အလုပ်လုပ်ရသောနေ့ဖြစ်သည်။ မနက်အရုဏ်ကျင်းသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ပြိုင်တူလိုလို နိုးလာကြပြီး ပတ်ဝန်းကျင်ကို ကြည့်ကြသည်။ ကျွန်းတစ်ခုလုံးကား မနေ့က ကမ္ဘာပျက်ခဲ့သည့်အဖြစ်ကို အထင်အရှား သက်သေထူ

လျက်ရှိသည်။ မူလက ကျွန်းအလှသည် ရုပ်ပျက်ဆင်းပျက်ဖြစ်လျက် ရှိသည်။ သဘာဝအလှတွေသည် အမှိုက်သရိုက်အဖြစ် ကူးပြောင်းခဲ့ပြီ။ သဲသောင်ဖွေးဖွေးသည် သစ်ရွက်သစ်ခက် သစ်ကိုင်းကျိုးတို့ဖြင့် ညစ်ထွေးလျက်ရှိသည်။ လေပြည်တင်အခက်အခက်တွေ ဝှေ့ရမ်းကာ ကျွန်း၏အလှကို ဆောင်ခဲ့သည့်အုန်းပင်များမှာ မြေတွင် တုံးလုံးလဲလျက် ရှိကြသည်။ မလဲဘဲ တောင့်ခံနိုင်သူတို့သည်လည်း အလက်ကျိုးကျဲနှင့် သနားစဖွယ် တွေ့မြင်ရသည်။ တောင်ဆီမှာလည်း သစ်ပင်ကြီးတွေ လဲပြိုကျလျက်။

ညက အုန်းပင်မပိ၊ သစ်ကိုင်းကျိုးများနှင့်မထိ မရိုက်မိခဲ့ခြင်းမှာ အံ့ဩဖွယ်ကောင်းလွန်းသည်။ ဘုရား မသည်ဟု ဆိုရလိမ့်မည်။ သူတို့ တဲမှာလည်း ဒုက္ခသည်စခန်းဖြစ်နေပြီ။ တိုင်ကျိုးကျဲကြားမှာ ကွပ်ပျစ်နှစ်ခုချထားသည့်နှယ်၊ စဥ့်အိုးကြီးငယ်များက အနေအထားမပျက်၊ ထင်းရှူးပုံးက အတော်ဝေးဝေးရွှေ့သွားသည်။ ခေါင်းအုံးထုပ် မရှိတော့။ အပြေးအလွှား လိုက်ရှာကြသည်။ ကံအားလျော်စွာ ဝေးဝေးမရှာရ။ မလှမ်းမကမ်းက အုန်းပင်တစ်ပင်၏ အောက်မှာ ပိနေသည်ကို တွေ့ရသည်။

"အင်း . . . ဘာပစ္စည်းမှ ဆုံးရှုံးမှု မရှိလို့ တော်သေးတာပေါ့။ ဒါပေမဲ့ တဲခေါင်မိုးက ပြဿနာ"

ကိုသိန်းက ဆိုသည်။

မှန်သည်။ တဲခေါင်မိုးကိစ္စက ပြဿနာ။ ခေါင်မိုးမရှိလျှင် တစ်မိုးတွင်းလုံး ဘယ်လိုနေကြမည်နည်း။ ပေါ့ပေါ့မဟုတ်။ သေရေးရှင်ရေးကိစ္စ မလှမ်းမကမ်းတွင် မဖျက်ဘဲ ချန်ရစ်သော တံငါတဲနှစ်လုံးနှင့်

ဘေးနားမှာ စုပုံထားသော ခနိုဟောင်းကလေး၊ ဝါး အတိုအစကလေး များ ရှိတာ သတိရကြသည်။ အနည်းအကျဉ်း ကျန်မည်ဆိုလျှင် စပ် ဟပ်ဖာထေးကြည့်၍ ရနိုင်မည်လား။ တဲဟောင်းတွေဆီ သူတို့ပြေး သွားကြသည်။

တဲကောင်းပင်လျှင် လွင့်ပါသွားပြီဆိုသည့် နောက်တဲဟောင်းက ဘယ်မှာ အစအနကျန်ရစ်မည်နည်း။ ခနိုဟောင်းပုံမှ လွင့်စင်သော ခနိုမိုးဟောင်း တစ်ခုတလေကိုကား ဟိုအောက်သည်အောက်မှာ ပိ လျက် ညပ်လျက်တွေ့ရသည်။ နဂိုကအဟောင်း၊ လေတိုက်၍ လွင့်စင် တော့ ဖွာလန်ကြဲဖြစ်ကုန်ကြသည်။ နှစ်ယောက်သား တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကြသည်။ အားကိုးရမလား ဆိုသည့် သဘော။ အားကိုးစရာကားမမြင်၊ ပျက်နေသော မျက်နှာကိုသာ မြင်ရ သည်။

"ကဲ ဘယ့်နှယ်လုပ်ကြမလဲ။ မိုးတွင်းကြီးမှာ အမိုးမရှိ အကာ မရှိဆိုရင်တော့ ...ဟင်း"

ကိုသိန်း သက်ပြင်းကြီးချသည်။ မိုးတွေ လေတွေကြားမှာ၊ ပြီး သည်လိုမုန်တိုင်းမျိုး ထပ်တိုက်လျှင် ဘယ်ချောင်မှာ တိုးဝှေ့ ခိုကပ်နေ မည်နည်း။ မတွေးဝံ့စရာ။ ကိုသိန်းဝမ်းနည်းထိတ်လန့်ကာ ငိုချင်လာ သည်။ သံလုံးမျက်နှာကြည့်လိုက်တော့လည်း ဇီးရွက်လောက်သာ။ ရုတ်တရက် လိုဏ်ခေါင်းကို သတိရသည့်အခါ အလွန်ပင်ဝမ်းသာ သွားသည်။

"သံလုံးရေ တို့ ဟိုတောင်ခြေရင်းက လိုဏ်ခေါင်းကြီးရှိတာပဲကွ။ အဲဒီမှာ နေရင်ဖြစ်နိုင်တယ်။ ရှေးခေတ်က လူသားတွေ အဲဒီလိုပဲ

နေကြ တာပဲ''

''ဟာ– ခင်ဗျား လှိုဏ်ခေါင်းက ချုံတွေစီးနေတာ။ ဘယ်လောက် ကျယ်မှန်း နက်မှန်းမသိ၊ အထဲမှာ ဘာကောင်ရှိလို့ ရှိ မှန်းမသိ။ ပြီးတော့ မတော် ပြိုပျက်ကျရင် ဘယ်နှယ်လုပ်မလဲ။ တစ်ခါတည်း မြှုပ်ပြီးသား ဖြစ်နေမယ်''

''ဟာ မင်းကလည်း မဟုတ်တာကွာ။ ရှေးနှစ်ပေါင်းများစွာက ရှိလာတဲ့ဟာ။ ခုမှ ချက်ချင်း ဘယ်ပြိုပါ့မလဲ။ အထဲ သတိနဲ့ဝင်ကြည့်ပြီး နေလို့ ထိုင်လို့ ဖြစ်မယ့်အနေအထားဆိုရင် ရှင်းလင်းပြုပြင်ပြီးနေမယ်။ နေလို့ မဖြစ်ရင်တော့လည်း မနေဘူးပေါ့။ မိုးလုံလေလုံဖို့က အရေး ကြီးတယ် မဟုတ်လားကွ''

ကိုသိန်းက လှိုဏ်ခေါင်းကို စိတ်ဝင်စားနေသည်။ သံလုံးက အကြောက်အကန်။

''ခင်ဗျားဉစ္စာ အဓိပ္ပာယ်မရှိပါဘူးဗျာ။ ကျွန်တော်တော့ အဲဒီ လှိုဏ်ခေါင်းဆိုတာမျိုးထဲ မနေရဲပါဘူးဗျာ။ သစ်ပင်အောက်သော်လည်း နေချင်နေရမယ်။ တဲမိုးလို့ရအောင် ကြံဖန်စဉ်းစားပါဦးဗျာ။ ဝါးတွေ ခုတ်ပြီး ဝါးကပ်လုပ်မိုးရင်ရောဗျာ။ နေဦးဗျ။ ဒီအုန်းလက်တွေနဲ့ ဓနိ မိုးလုပ်ရင်မရဘူးလား။ ခင်ဗျား ဓနိမိုးထိုးတာ မြင်ဖူးတယ်မဟုတ်လား''

''မြင်ဖူးရုံ ဘယ်ကမလဲ။ ငါ ထိုးတောင်ထိုးဖူးတယ်''

မှန်သည်။ သံလုံးသာ ပင်လယ်နားသားဖြစ်ပြီး ဓနိမိုး တစ်ခါမှ စမ်းမထိုးကြည့်ဖူးသော်လည်း ကိုသိန်းကတော့ ဓနိမိုးထိုးသည့် အမျိုး သမီးတစ်သိုက်ကြားထဲ ဝင်ရောရင်း ဓနိမိုး ခပ်သွက်သွက်ကလေး ထိုးတတ်လောက်အောင်ထိ စမ်းကြည့်ခဲ့ဖူးသည်။ သို့သော် တဲတစ်ခုလုံး

မိုးဖို့ဆိုသည်က မလွယ်။ ပြီး အခုဟာက ဓနိမဟုတ်။ အုန်းလက်၊ တခြားစီ။ ဓနိကိုပင် အိမ်မိုးရန်အတွက် အဆင့်ဆင့်ပြုပြင်ရသေးသည်။ သည်အုန်းရွက်နှင့် ဖြစ်နိုင်ပါမည်လား။ အလကားအချိန်ကုန် လူပန်းဖြစ်မည်လား။ မတတ်နိုင်။ အခြေအနေအရ တခြားလုပ်စရာ နည်းလမ်းမရှိဘူးဆိုလျှင် စမ်းကြည့်ရတော့မည်။

''တဲတစ်လုံးပြီးအောင်ဆိုလျှင် ဘယ်နှရက်ဆက်ထိုးရမလဲ မသိဘူး။ အေးလေ ... မလုပ်မဖြစ်တဲ့ကိစ္စ။ တို့မှာ တခြားအလုပ်လုပ်စရာကိစ္စလည်း ရှိတာမှ မဟုတ်ဘဲ။ ဒီတစ်နေ့ပြီးသလောက်လုပ်ပြီး မိုးကြည့်ကြတာပေါ့ကွာ''

ကိုသိန်းက ဆိုသည်။

''ကဲ- အခုအချိန်ကစပြီး လုပ်ကြမယ်။ မင်းက ဝါးသွားခုတ်၊ ခေါင်အတွက် တန်းတွေအတွက်ရော၊ ပြီးတော့ နှီးထိုးဖို့ ဝါးလည်း လိုသေးတယ်။ ဖြည်းဖြည်းစီ သယ်ပေါ့။ ဒါနဲ့ မင်း- နှီးရော ထိုးတတ်ရဲ့လား''

''ဖြစ်ပါတယ်ဗျာ။ ဒီလိုပဲ စမ်းထိုးကြည့်ရမှာပေါ့ ... မခက်ပါဘူး''

သံလုံး ဝါးတောရှိရာသို့ ဓားတစ်ချောင်းနှင့် ထွက်သွားသည်။ ကိုသိန်း သုံးစွဲလို့ရမည့် ဝါးလုံးအတိုအစများ လိုက်စုသည်။ ပြီး လဲကျနေသော အုန်းပင်များမှ အရွက်တွေအရင်းမှ ဓားနှင့်လှီးပြီး ယူနေသည်။ အုန်းရွက်ပုံတစ်ပုံ ရသည့်အခါ စောစောက ဝါးလုံးအတိုတွေ ခွဲခြမ်းကာ ဝါးခြမ်းဝ ချောချောဖြစ်အောင် ဓားနှင့်သဝ်သည်။ ဝါးခြမ်းစရှည်ရှည်မှာ အုန်းရွက်တွေကို အမျိုးမျိုးစီတွဲကြည့်ရင်း ကိုသိန်း စဉ်းစားသည်။ ဒီကောင် မိုးရွာရင် ခံနိုင်ပါ့မလား။ လေတိုက်ရင်၊ နေပူလို့ ခြောက်သွား

ရင်၊ ဝါးထရံစိတ်စိတ်ရက်ပြီး အပေါ်က ဖိအုပ်ထား၊ ခိုင်ခိုင်မာမာချည် တုတ်ထားရင်တော့ ဖြစ်လိမ့်မည်ထင်သည်။ သည်လိုစဉ်းစားရင်းလုပ် ကိုင်နေဆဲ အော်သံ ခေါ်သံကြားရသည်။

"ကိုသိန်းရေ …ဟေ ကိုသိန်း"

သံလုံး အော်ခေါ်ပြီး ပြေးလာနေသည်။

ကိုသိန်း ထိတ်ခနဲဖြစ်သွားသည်။ ဘယ်လို ဘေးအန္တရာယ် တွေ့လာပြန်လေပြီလဲ။

"တဲခေါင်မိုး တွေ့ပြီဗျ၊ တဲခေါင်မိုး"

သံလုံး ဗလုံးဗထွေး ပြောသည်။

"ဟေ ….တဲခေါင်မိုး ဟုတ်လား"

"ဟုတ်တယ် …တဲခေါင်မိုးတစ်ရွက် ဟိုတောင်စောင်းက ချုံထဲမှာ ညပ်နေတယ်။ ကျွန်တော်တို့ မစဉ်းစားမိလို့ဗျ။ လေက ပင်လယ်ဘက်ကနေ ကုန်းတွင်းဘက်တိုက်တာ။ အုန်းပင်တွေ လဲပုံကြည့်ပါလား။ အတွင်းဘက် ခေါင်းထိုးပြီး လဲနေတာများတယ်။ တဲခေါင်မိုးလည်း လေနဲ့လွင့်ပါသွားပေမယ့် ဒီတောင်ကြီးတော့လည်း ဘယ်ကျော်နိုင်မလဲဗျ"

သံလုံးက ရှင်းပြနေသည်။

နှစ်ယောက်သား တဲခေါင်မိုးတွေ့ခဲ့သည်ဆိုသော နေရာသို့ သွားကြသည်။ သံလုံးပြောသည့်အတိုင်း နွယ်ပင်တွေစီးနေသော သစ်ပင်အုပ်တစ်ခုမှာ ချိတ်လျက်တွေ့ရသည်။ ခေါင်မိုးတစ်ခြမ်း။ သူတို့တဲမှာ အဓိကက ရှေ့နောက်ပင်မ အမိုးနှစ်ခြမ်း။ ပြီးတော့ ဘေးက ကာသည့် အဖိမိုးလေး နှစ်ချပ်။ ခေါင်မိုးကိုအပေါ်မှ မျက်ကွင်းထရံနှင့် အုပ်၊ ဝါးလုံး

တန်းနှင့်ချုပ်ပြီး အခိုင်အမာချည်နှောင်ထားခြင်း ဖြစ်၍ လေတိုက်သည့်အခါ အချပ်လိုက်လွင့်သွားခြင်းဖြစ်သည်။ နောက်ထပ် ကျန်တာတွေ တွေ့ရနိုးလိုက်ရှာကြသည်။ အနီးအပါး မျှော်ခေါ်ကြည့်ကြသည်။ မတွေ့မမြင်။ လူနှစ်ယောက် တောင်မြောက် ခွဲကာ တောင်ခြေရင်းတစ်လျှောက် တောင်စောင်း၊ တောင်ကြောတစ်လျှောက် လိုက်ရှာကြသည်။ တစ်ယောက်နှင့်တစ်ယောက် သိပ်အလှမ်းမဝေးသည့်အချိန်မှာပင် သံလုံး လှမ်းအော်ခေါ်သည်။ နောက်ထပ် အမိုးတစ်ခြမ်း။ နှစ်ယောက်စလုံး အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားကြသည်။

"ရှာတဲ့လက်စနဲ့ ဘေးအကာတွေပါ လိုက်ရှာကြည့်ကြမယ်ကွာ။ ပြီးတော့မှ ဒါတွေ သယ်ကြတာပေါ့"

ကိုသိန်းက ဆိုသည်။

တစ်နာရီခွဲ နှစ်နာရီခန့်သာ ကြာသွားသည်။ ကိုသိန်း မျက်စိသာ မှုးနောက်လာသည်။ ဘေးအဖီအကာတွေ အရိပ်အယောင်မျှပင် မမြင်ရ။ တောင်ကိုပါကျော်၍ လွင့်သွားကြလေသလား။ ခေါင်မကြီး နှစ်ချပ်လို ခိုင်ခိုင်မာမာ မဟုတ်သဖြင့် အစိတ်စိတ်အမွှာမွှာ စုတ်ပြဲလွင့်စင် သွားကြလေသည်လား။ သံလုံးက ရှာတွေ့ပြီး သူ ဘာမျှမတွေ့သည့်အတွက်သာ ကြိုးစားပြီး လိုက်ရှာနေရသည်။ စိတ်မပါချင်တော့။ ပင်မ အမိုးနှစ်ချပ်ရပြီဆိုလျှင် ကျန်တာက သည်လိုပဲ ဖာထေးစပ်ဟပ်ပြီး လုပ်၍ ရနိုင်သည်။ ဒါမှမဟုတ် မပျောက်မပျက် ရှိဦးမည်ဆိုလျှင်လည်း နောက်ရက်တွေမှာ သွားရင်းလာရင်း တွေ့နိုင်သည်။ ကိုသိန်း ပထမ ခေါင်မိုးတွေ့သည့်နေရာဘက် ပြန်လှည့်လာခဲ့သည်။ သံလုံး သူ့ အရင် ရောက်ကာ သစ်ပင်အောက်မှာ ငုတ်တုတ်။

''မတွေ့ဘူးလား''

သံလုံး လှမ်းမေးသည်။

''မတွေ့ပါဘူးကွာ။ မင်းလည်း မတွေ့ဘူးပေါ့။ နေပါစေကွာ။ နောက်တွေ့တဲ့အခါ တွေ့လိမ့်မယ်။ ဒီအတိုင်း လိုက်ရှာမယ်ဆိုရင် တစ်ကျွန်းလုံး ပတ်နေရလိမ့်မယ်။ ရှိမှန်းမသိ၊ မရှိမှန်းမသိနဲ့။ ပင်လယ်ထဲ လွင့်ပြီး ပါသွားတာ ဖြစ်ချင်ဖြစ်မယ်'' ဆိုပြီး သံလုံး နံဘေးက ဝင်ထိုင်သည်။

''ဒီဟာ နှစ်ခုရရင်ပဲ တို့အတော်လေး ဟန်ကျသွားပါပြီ။ ကျန်တာတော့ တို့ဒီလိုပဲ ကြံဖန်စပ်ဟပ်ပြီး လုပ်ကြတာပေါ့ကွာ''

''အင်း ဒါကြီးတွေ တဲအထိ သယ်ရမှာလည်း မသက်သာသေးဘူး''

သံလုံးက ကြိုကြိုတင်တင်ညည်းသည်။

''ဘယ့်နှယ်လုပ်မလဲကွာ။ ဘဝဆိုတာ ရုန်းကန်ခြင်းလို့ ဆိုတယ်မဟုတ်လား''

ကိုသိန်း ဇာတ်ထဲက စကားတွေ ကိုးကားပြီးဆိုသည်။

ခဏဆက်ပြီး ထိုင်နေကြသေးသည်။ သည်နောက်တော့ ကြာကြာဆက်ထိုင်နေ၍ မဖြစ်ဘူးဆိုတာ ပြောစရာမလိုသော အခြေအနေမို့ နှစ်ယောက်သား ထကာ တဲခေါင်မိုးချပ်ကြီးကို မနိုင့်တနိုင် သယ်ကြမကြတော့သည်။

.....

နောက်တစ်နေ့တွင်ကား မုန်တိုင်းအတွက် နစ်နာကြေးစတင်ရရှိလေသည်။

မနက်စာကို စောစောချက်ပြုတ်စားကြပြီးနောက် နှစ်ယောက်သား ကျွန်းတစ်ပတ် လှေလှော်လာရန် ထွက်ခဲ့ကြသည်။ လမ်းတစ်လျှောက်နှင့် ပင်လယ်ပြင်ဆီ စူးစမ်းကြည့်ရှုကြသည်။ ရေစပ်ရှိ ကျောက်ဆောင်မြင့်မြင့်တစ်ခုထက် တက်ကာဟိုမျှော်သည်မျှော် မျှော်ကြည့်ကြစဉ် ကိုက်တစ်ရာခန့်အကွာ ပင်လယ်ပြင်၌ မည်းမည်းအရာတစ်ခု မျောပါနေသည်ကို မြင်ရသည်။ လှိုင်းနှင့်မျောကာ ကမ်းဘက်ဆီသို့ တဖြည်းဖြည်း ရွေ့လျားလာနေသည်။ သို့သော် ရွေ့လျားမှုနှုန်းက နှေးကွေးလွန်းလှသည်။ အတော်ဝေးသည်မို့ ဘာရယ်မကွဲပြား။ နီးလာပြီ။ နည်းနည်းသဲကွဲလာသည်။ ဆီပေပါတစ်လုံးဟု ထင်ရသည်။

သံလုံးကိုယ်ပေါ်က တစ်ခုတည်းသော အဝတ်ဖြစ်သည့် လုံချည်တိုကိုချွတ်ကာ ရေထဲဆင်းပြီး မည်းမည်းအရာဆီ ကူးသွားသည်။ ကိုသိန်း ရပ်ကြည့်ကျန်ရစ်သည်။ ဟုတ်သည်။ ဆီပေပါ။ ရေမှာတစ်မိုက်ခန့်သာ ပေါ်နေသည်။ အထဲမှာ ဆီနှင့် ဖြစ်နိုင်သည်။ ကိုသိန်း သံလုံး၏ ရေကူးဝတ်စုံမျိုးနှင့် ဆင်းလိုက်သွားသည်။ နှစ်ယောက်သား ပေပါကြီးကို ကမ်းသို့ရောက်အောင် တွန်းတင်ကြသည်။ အတော်လေးသည်။ အထဲမှာ အသားအပြည့်နှင့်။ ဓာတ်ဆီလား၊ ဒီဇယ်လား၊ ဘာပဲဖြစ်ဖြစ် ပေပါတစ်လုံးအပြည့်ဆိုလျှင် တစ်ထောင်ထက်တော့ မလျော့နိုင်။ အခွံဖိုးက ရှိသေးသည်။ ကျွန်းပေါ် ရောက်ပြီးမှရသည့် ပထမဆုံး အဖိုးတန်ပစ္စည်း။ တဲအထိ ရောက်အောင် မနည်းလိမ့်ယူရသည်။ သို့ပေမယ့် ဝမ်းသာအားရနေသည်မို့ ပင်ပန်းသည်မထင်။ သံလုံးက လိမ့်သွားသော ပေပါပေါ်ကျော်တက်ပြီး ကျွမ်းပင်ထိုးလိုက်သေးသည်။

"ဟော့ကောင်– အရမ်းမလုပ်နဲ့၊ ဇက်ကျိုးနေဦးမယ်"

ကိုသိန်း ဟန့်တားရသည်။ ထို့နောက် ရမ်နမာမူလေးတွေရော၊ ပေါးလား မောင်ရို့ဝါးတွေပါ စုံညီစွာဖြင့် ကြွေးကြော်ပျော်မြူးကာ တဲဆီသို့ ရောက်လာကြသည်။ တဲထဲမှာ ဆီပုံးကြီးထောင်လိုက်ပြီး နောက် သံလုံးနှင့်ကိုသိန်း ငါးစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဝမ်းသာအားရပြုံးလိုက်ကြသည်။ ပြီး ဘယ်သူကစ၍ ဘယ်လိုဖြစ်သည် မသိ။ တစ်ယောက်နှင့် တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြလေ သည်။

ဆီပေပါအဖုံးက လုံလုံခြုံခြုံ ကျပ်ကျပ်တည်းတည်း မနည်းဖွင့်ယူရ သည်။ အတွင်း၌ကား ခါတ်ဆီအပြည့်နီးပါး။ အပြည့်ဟုပဲ ဆိုရမည်။ မီးခြစ်အတွက် ခါတ်ဆီပုလင်းလေးနှစ်လုံးကို ရှိရှိသေသေသိမ်းဆည်းခဲ့ ရသည်။ ကွဲသွားမှာ မှောက်သွားမှာ စိုးရိမ်ခဲ့ရသည်။ ယခုတော့ ခြစ်ရုံသာမက မီးပဲမွှေးမွှေး၊ ရေပဲချိုးချိုး၊ ကြိုက်သလို သုံးနိုင်ပြီ။

ဆီပုံးက သည်တစ်လုံးတည်းမဟုတ်။ ထိုနေ့တစ်နေ့လုံး စုစုပေါင်း ဆီပေပါလေးလုံးတိတိရသည်။ ခါတ်ဆီနှင့် ဒီဇယ်ဆီများ ပင်လယ်ပြင် ထဲတွင် သမ္မာအာဇီဝ သို့မဟုတ် မသမ္မာအာဇီဝဖြင့် လောင်စာဆီများ သယ်ဆောင်လာသည့် ရေယာဉ်တစ်စီး နစ်မြုပ်ခဲ့ပြီထင်သည်။ ဆုံးရှုံး သူမှာ မည်မျှ ဆုံးရှုံးလေသည်မသိ။ သံလုံးတို့နှစ်ယောက်ကား ထိုနေ့က ရတနာပုံကလေး ဆိုက်ခြင်းဖြစ်တော့၏။ တစ်လုံးတစ်ထောင်နှင့်တွက် လျှင် လေးလုံးလေးထောင်။

ကမ်းစပ်ရောက်လာသည်အထိ မစောင့်နိုင်ဘဲ ရေထဲဆင်းဆယ် ကြ၊ တဲသို့ရောက်အောင် လှိမ့်သယ်ကြနှင့်မို့ အတော်လေး ပင်ပန်းသွား ကြသည်။ သို့သော် စိတ်ကအလွန်ပျော်နေသဖြင့် ညဥ့်နက်သည့်တိုင်

တော်တော်နှင့် အိပ်မပျော်နိုင်ကြဘဲ တောက်ပြောင်သော အနာဂတ်ကို မှန်းဆတမ်းတကာ ကျေနပ်၍နေကြသည်။ မနက်အိပ်ရာထတွင် မနေ့က ဆီပေပါများ ရသည့်ကမ်းကွေ့ကလေးဆီသို့ သွားကြပြန်သည်။ ဘာရဦးမည်ဟု မျှော်လင့်ပြီးလာခဲ့ခြင်း မဟုတ်။ မနေ့က ရခဲ့သည့် အကြောင်းကို ပြန်လည်ကြည်နူးစွာ စားမြုံ့ပြန်ရင်း အဲသည်ဘက် လျှောက်လာခဲ့မိကြခြင်းသာ ဖြစ်သည်။ သို့သော် သူတို့ မျှော်လင့်ချက် မထားသော်လည်း ကံက ပေးနေဆဲဖြစ်သည်။ ရေစပ်ကျောက်ဆောင် ကြိုကျောက်ဆောင်ကြားမှာ နောက်ထပ်ပေပါတစ်လုံး။

"ဟာ တွေ့ပြန်ပြီဟေ့၊ ဒီမှာ ဆီပေပါတစ်လုံး"

ကိုသိန်း အားရပါးရ အော်ပြီး ပြေးသွားသည်။

"မနေ့ကဟာတွေနဲ့ တစ်အုပ်စုတည်း ဖြစ်မယ်။ ညတုန်းက မျောပြီးတင်နေတာကွ။ လိုက်ရှာကြည့်ရင် နောက်ထပ် တွေ့ချင်တွေ့ ဦးမယ်"

မှန်သည်။ ကမ်းခြေတစ်လျှောက် လျှောက်၍ရှာကြရာ နောက်ထပ် နှစ်လုံးထပ်တွေ့ရလေသည်။ နှစ်ယောက်စလုံး အထူးပင် အူမြူး နေကြသည်။ ဆီပေပါသုံးလုံး တဲထဲရောက်ပြီးနောက် သံလုံးမျက်နှာက ချွေးတွေ ပုဆိုးနှင့်သုတ်ကာ ပြုံးဖြီးဖြီးလုပ်၍ ပြောလိုက်သည်။

"ကိုသိန်းရေ ... ဒီအတိုင်းသာ ရနေမယ်ဆိုရင်တော့ ဒုက္ခပဲနဲ့ တူတယ်။ ဟား ဟား ဟား" တဲ့။

နှစ်ရက်တည်းနှင့် ငွေခုနစ်ထောင်ရသည်ကိုတော့ ဘဝင်မြင့်မည် ဆိုလျှင်လည်း မြင့်စရာ။ ကိုသိန်းငွေ ဘယ်လောက်များများ ကိုင်ဖူး သလဲတော့ မသိ။ သံလုံးကတော့ မိဘပိုက်ဆံနှင့်ကုန်သည်လုပ်စဉ်က

သောင်းဂဏန်းအထိ ကိုင်ဖူးသည်။ သို့သော် ဟိုဟာက ကိုယ်ရှာ၍ရ သော ငွေမဟုတ်။ အခုဟာက ကိုယ်ရှာတာ အစစ်။ တကယ့်ကို စွန့်စွန့်စားစား ပင်လယ်ထဲလိုက်၍ ရှာရခြင်းမဟုတ်လား။

နောက်ပိုင်း သုံးလေးရက်ဆက်၍ ပစ္စည်းအမျိုးမျိုးတွေ ဟိုနား တစ်ခု သည့်နားတစ်စ ရကြသည်။ သစ်တိုသစ်စတွေ၊ ပလတ်စတစ်ပုံး အကြီးအသေးတွေ၊ ဘူးကြီး ပုလင်းကြီးတွေ၊ အခွံတွေလည်း ပါသည်။ အထဲမှာ ဘာမှန်းမသိသည့် ဆေးရည်တွေ၊ ဆေးမှုန့်တွေနှင့်လည်း ပါသည်။ ပြီး နိုင်လွန်ကြိုးခွေများ၊ အရွယ်အစားအမျိုးမျိုး၊ အအေး ခန်းဆောက်သည့်နေရာ၊ ပစ္စည်းများ မပျက်စီးအောင် ခုခံသည့်နေရာ များတွင် အသုံးပြုသည့် ဖော့ပြားများ၊ ဆင်ကြယ်တံဆိပ် ရာဘာဖိနပ် တွေအပြည့်ပါသည့် ဖျင်အိတ်ကြီးတစ်လုံး။ ထို့နောက် နိုင်လွန်ငါးဖမ်း ပိုက်များ၊ အကောင်းတွေရော စုတ်ပြတ်နေတာပါ ပါသည်။

သဘော်သုံးသည့် အသက်ကယ်ဘောကွင်းတစ်ခုလည်း ရသည်။ ပစ္စည်းတစ်ခုလာတိုင်း တန်ဖိုးတွက်ရသည်။ စုစုပေါင်း ဘယ် လောက် ရှိပြီလဲ။ နေ့တိုင်း တွက်ကြသည်။ သို့သော် ဘယ်ပစ္စည်း ဘယ်လောက် တန်မှန်း တကယ်တမ်းသိကြသူများ မဟုတ်သဖြင့် တိတိကျကျတော့ မတွက်နိုင်။ သဘော်သုံး နိုင်လွန်ကြိုးခွေတွေက အလွန်ဈေးကောင်းသည်။ အကြီးတွေဆို တစ်ကိုက် ဘယ်လောက် အထိရနိုင်သည်၊ ငါးဖမ်းပိုက်တွေ တန်ဖိုးကလည်း နည်းသလား၊ တိတိကျကျ မပြောနိုင်ပေမယ့် အားရစရာချည်း ဖြစ်သည်။

ပစ္စည်းတွေကို စုပေါင်းလိုက်သည့်အခါ အတော်အများသား ဖြစ် သည်။ တချို့ပစ္စည်း တဲထဲမှာထားပြီး အတော်များများကို အပြင်မှာ

ပုံထားရသည်။

ပစ္စည်းတွေကြည့်ပြီး ကိုသိန်း ဆိုသည်။

''ဟိုအဖွဲ့တွေ မပြန်ခင်က ဂိုဒေါင်တစ်လုံး မဆောက်နိုင်းမိတာ မှားတာပဲ'' ဟူ၍။

သို့သော် ဘာပဲပြောပြော ပစ္စည်းစုစွာနှင့် ဖြစ်လာတော့ နဂိုက ပေါ့ပေါ့နေ ပေါ့ပေါ့စားသမားနှစ်ယောက် ပစ္စည်းလောဘတွေ ကုက္ကုစ္စတွေ ဝင်လာကြဟန်တူသည်။ တစ်ယောက်နှင့်တစ်ယောက် ညှိနှိုင်း မနေဘဲ ဟိုပစ္စည်း ဟိုမှာတင်၊ သည်ပစ္စည်း သည်မှာထား။ မိုးလုံလေလုံ အောင် မပျက်စီးအောင် ဘယ်သို့ထားရမည်ကို စဉ်းလည်းစဉ်းစား၊ သွက်သွက်လက်လက်လည်း ထ၍လုပ်ကြသည်။ သည်နောက်တော့ ပျဉ်တိုပျဉ်စ၊ ပလက်စတစ်စများ၊ ဖော့ပြားများ အသုံးပြုကာ တဲနှင့် တစ်ဆက်တည်း လုံခြုံသော အဆွယ်ကလေးတစ်ခု တည်ဆောက်ကြ သည်။ တကယ်တမ်း စိတ်ပါလက်ပါလုပ်ကြတော့လည်း အဖြစ်သား။ သူတို့ဦးနှောက်တွေက သုံးမရလောက်အောင်ထိတော့ သံချေးတက် သေးဟန်မတူ။

''တို့နှစ်ယောက် ကုန်းပေါ်ပြန်ရောက်တဲ့အခါ အခုရတဲ့ အရင်း အနှီးနဲ့ စိတ်တူကိုယ်တူ ဆက်ပြီး လုပ်ကြကိုင်ကြရင် မြို့ပေါ်မှာ လူချမ်း သာစာရင်းဝင် ဖြစ်လာနိုင်တယ်''

ကိုသိန်းက အကြံပြုသည်။

''ဒါပေါ့ ကိုသိန်းရ။ လုပ်မယ်ဗျာ။ ခင်ဗျားနဲ့တွဲပြီး တစ်သက်လုံး လုပ်မယ်''

သံလုံးက နှစ်ခါထပ်မစဉ်းစားဘဲ အားရပါးရ ထောက်ခံအတည်

ပြုလိုက်သည်။ မြို့ပေါ်မှာပင် သူဌေးဖြစ်ရဦးမည်။ သူဌေးနှစ်ယောက်။

.....

နောက်ပိုင်းရက်များတွင်ကား မုန်တိုင်းပြီးစတုန်းကလို များများ စားစားမရတော့။ သို့သော် ကြိုကြား ကြိုကြား ဟိုတစ်ခု သည်တစ်ခု တော့ ရနေသည်။ တစ်ခါတရံ အဖိုးတန်တာပါသည်။ တစ်ခါတလေ တော့လည်း ကလေးကစားသည့် ပလတ်စတစ်ဘောလုံးလေးတစ်လုံး၊ သောင်ပြင်လျှောက်ကန်ပြီး ပြန်လာရသည်။ အရွယ်မတူ အရောင်မတူ သည့်ရာဘာဘိနပ် သုံးလေးဖက် တစ်နေရာတည်းမှာစုပြီး တွေ့ချင် လည်း တွေ့သည်။ ထူးထူးဆန်းဆန်း ကလေးနို့ဘူးအသစ်ကလေး တစ်လုံးလည်း ရဖူးသည်။ သို့သော် ဘာပဲဖြစ်ဖြစ် တော်ရုံတန်ရုံ အဖိုးတန်လောက်နှင့်ကား ကျွန်တော်တို့ ခနရှင်နှစ်ယောက် များစွာ အူမြူးခြင်းမဖြစ်တော့။ ယခုအခါမှာ သူတို့ ပြောလိုက်လျှင် ထောင် စကား သောင်းစကား။ ရေထဲက ရတနာတွေ ကောက်ယူဆယ်ယူရ သည့်အလုပ်က သူတို့အတွက် လုပ်ရိုးလုပ်စဉ်ပုံမှန် အလုပ်ဖြစ်သွားခဲ့ပြီ။

များသောအားဖြင့် မနက်အိပ်ရာထလျှင် လက်ဖက်ရည်ကြမ်း နှင့် ငါးခြောက်ဖုတ် သို့မဟုတ် ငါးကင်ကို ထမင်းကြမ်းခဲနှင့်စားပြီး ပစ္စည်း အများဆုံးရတတ်သည့် ကျွန်းအနောက်မြောက်ဘက်ခြမ်းကို စေ့စေ့စပ်စပ်လိုက်ကြည့်ကြသည်။ ပစ္စည်းတစ်စုံတစ်ခုရလျှင် သယ် ကြပိုးကြ။ မရလျှင်လည်း သည်အတိုင်းပြန်လာကြ၊ ပြန်ရောက်လျှင် ထမင်းအိုး တည်သူကတည်၊ ငါးရှာသူကရှာ၊ အနီးအနားမှာ ယခင် လူတွေ စိုက်ခဲ့သည့်အခင်းမှ အလိုအလျောက်ထပေါက်သည့် ချဉ်ပေါင် ပင်၊ ငရုတ်ပင်များကလည်း ရှိသေးသည့်အတွက် အလွယ်တကူ

တစ်နံနက်၊ ထုံးစံအတိုင်း ရှာဖွေရေးထွက်ကြစဉ် ကျောက်ဆောင်တစ်ခုနံဘေးတွင် လင်ဗန်းခပ်သေးသေးအရွယ် ဖြူတူတူ ဝါတာတာ တစ်ခုကို လှမ်းရှုမြင်ရသည်။ ဆယ့်လေးငါးကိုက်ခန့် ဝေးမည်။ ရေတွင် ပေါ်လော ပေါ်လော၊ လှိုင်းရိုက်တိုင်း ကျောက်ဆောင်နံဘေးတွင် တိုးဝှေ့လှုပ်ရှားနေသည်။

"ဟိုဟာ ဘာလဲ မသိဘူးကွ"

ကိုသိန်း သံလုံးကို ခေါ်ပြသည်။ သံလုံးလည်း ဘာမှန်းမသိ။

"ဘာထင်လို့လဲ"

သံလုံးက မေးသည်။

"ငါးကြီးအန်ဖတ်များ ဖြစ်မလားလို့၊ မင်းမြင်ဖူးလား"

"မမြင်ဖူးဘူးဗျ။ ဝါတာတာနဲ့ အဆီခဲလို ချွဲကျိကျိလို့တော့ ပြောသံကြားဖူးတယ်။ ဟုတ်ရင်တော့ ပွပြီ"

ပြောပြောဆိုဆို သံလုံး ရေထဲခုန်ဆင်းပြေးသွားသည်။ ကိုသိန်းလည်း သူ့နောက်က ထပ်ကြပ်မကွာ လိုက်သည်။ ငါးကြီးအန်ဖတ်ဈေးက တစ်ပိဿာ တစ်သိန်းကျော်ထိ ရှိသည်ဟု ကိုသန်းအောင်တို့ ပြောတာ ကြားဖူးသည်။ ရလျှင်တော့ တကယ့်ကို ပွပြီ။

အိပ်မက်က စက္ကန့်ပိုင်းထက် ပိုမကြာ။ သံလုံး အော်ပြောလိုက်သည်။

"ဟာ အလကား ဖော့ပြားအဟောင်းကြီးဗျ။ ဘယ်တုန်းက ပဲ့ရွဲ့ပြီး ကျနေသလဲမသိဘူး။ အညှိတွေတက်နေလို့ ဘာလိုလို ညာလိုလို ထင်နေရတာ"

"နာလိုက်တာကွာ။ ငါးကြီးအန်ဖတ်ပဲ ဖြစ်လိုက်ပါတော့"

ခူးဆွတ်ရုံပင်။

ချက်ပြုတ်စားသောက်ပြီးလျှင် တရေးတမောအိပ်၊ အိပ်ရတာ ကြာလျှင် ပျင်းလျှင် တောင်ကြောပေါ်တက်၊ မှိုကလေး မျှစ်ကလေး ရှာ၊ လေးခွတစ်လက်နှင့် ငှက်ကလေး၊ ရှဉ့်လေးပစ်၊ မှိုပေါက်သည့် အချိန်ကျ မှိုက အဆမတန်ပေါသည်။ စားမကုန် သောက်မကုန်။ သို့သော် မှိုသက်တမ်းက ရက်ပိုင်းကလေးပဲ ဖြစ်သည်။ မျှစ်ကတော့ ခရင်မျှစ်၊ ဝါးပိုးမျှစ်၊ မျှင်မျှစ် စသည်ဖြင့် မျှစ်မျိုးစုံသည်။ တစ်မိုးတွင်းလုံး အချိန်မရွေးရသည်။ ပြတ်သည်ဟူ၍ မရှိ။ ချဉ်ပေါင်၊ မျှစ်၊ ငါးကင်၊ ငါးငပိချက်၊ အစားအသောက် ဆင်းရဲသည်ဟု ဘယ်နည်းနှင့်မျှ ဆိုနိုင် စရာမရှိ။ သို့သော် နေ့တိုင်းသည်တိုင်းချည်းဆိုတော့ ခန္ဓာကိုယ်က ငါးစော်၊ ချဉ်ပေါင်စော်နံလာသည် ထင်လာသည်။ မိုးမှန်လေမှန် ရာသီ ဥတုကလည်း လုံးဝမဖောက်ပြန်။ ကျွန်းမှာ အနေကြာသဖြင့် ကျွန်း သဘာဝအတိုင်း နေတတ်ထိုင်တတ်လည်း ဖြစ်နေပြီဆိုတော့ အခက် အခဲမရှိသည့်အတွက် ပျင်းစရာလိုဖြစ်လာသည်။ ပြီး ပင်လယ်လည်း သည်ပင်လယ်၊ ကျွန်းသည်လည်း သည်ကျွန်း။ လူလည်း သည်လူ။ ထို့နောက် ချဉ်ပေါင်၊ မျှစ်၊ ငရုတ်သီး၊ ငါး၊ ငြီးငွေ့လှပြီ။ ရပ်ရွာကို အောက်မေ့ကြ လွမ်းကြပြီ။ သည်ပစ္စည်းတွေ ရောင်းချပြီး လူကုံထံ လုပ်ချင်လှပြီ။ နဂိုက အထင်သေးခဲ့သူတွေကြား သုံးစွဲပြ၊ လက်မ ထောင်ပြချင်လှပြီ။

တစ်နေ့တွင်ကား ထူးထူးခြားခြား တက်ကြွလှုပ်ရှားသွားစရာ အဖိုးတန်ရတနာတစ်ခုကို ကျွန်းသားနှစ်ဦး မမျှော်လင့်ဘဲ တွေ့ရှိကြရ လေသည်။

ကိုသိန်း ကြိတ်မနိုင် ခဲမရ ကမ်းဘက်ပြန်လှည့်လာသည်။

“ဟာ ဟာ ဒီမှာ ဒီမှာ”

သံလုံး ဘာတွေ့ပြန်သည်မသိ။ ကိုသိန်း ပြန်လှည့်ကြည့်လိုက်သည်။ သံလုံးက အနီးရှိ ကျောက်ဆောင်နှစ်ခုကြား တစ်နေရာကို လက်ညှိုးထိုးပြသည်။ ပုလင်းတစ်လုံး။ ရေထဲမှာ ခေါင်းကလေး ဖော်ကာ ပေါလောပေါလောဖြစ်နေသည်။ သံလုံး ပုလင်းကိုလှမ်းဆွဲယူပြီးထောင်ကြည့်လိုက်သည်။ အထဲမှာ အရည်တွေ ပုလင်းပခုံးနားထိ ရှိသည်။

“ပုံကတော့ အရက်ပုလင်းပုံပဲ။ အထဲမှာသာ ပင်လယ်ရေလား ဘာလား”

သံလုံးကဆိုပြီး အဖုံးကို လှည့်ဖွင့်သည်။ မရ၊ ကျပ်နေသည်။

“အံမယ်၊ အဖုံးက အလုံသားခင်ဗျာ၊ ဖွဟဲ့ အထဲကဟာ အရက်ဖြစ်ပါစေ”

သံလုံး ဆက်မဖွင့်ဘဲ ကမ်းအထိယူသွားသည်။ ကောင်းကောင်း မသွား၊ ခုန်ဆွခုန်ဆွလုပ်သွားသည်။ အရက်နှင့်တူတာတွေ့ရုံရှိသေး၊ သံလုံး မူးသလို ရူးသလိုဖြစ်နေပြီ။ ကမ်းပေါ်ရောက်မှ သဲပြင်မှာ သေသေချာချာထိုင်ကာ ပုလင်းအဖုံးကို ပုဆိုးစနှင့်ချပြီး လှည့်ဖွင့်သည်။ တော်တော်နှင့်မပွင့်။ အတင်းအားစိုက်၍လှည့်မှ ပွင့်တော့သည်။ သံလုံး ပုလင်းအဖုံးကို လှည့်ချွတ်လိုက်ပြီး နှာခေါင်းနှင့်တေ့၍ နမ်းလိုက်သည်။ ပထမ ခပ်သာသာ သတိနှင့်၊ ထို့နောက် ကိုသိန်းဘက် လှည့်ကြည့်လိုက်ပြီး ရှူးခနဲနေအောင် ခပ်ပြင်းပြင်းလေး ရှူလိုက်လေသည်။

“အောင်မလေးဗျာ၊ ကောင်းလိုက်တဲ့ အနံ့လေး၊ အရက်အစစ်

ဗျ၊ ဘာအရက်မျိုးလဲတော့ မသိဘူး၊ အကောင်းစားတော့ အကောင်းစားပဲ''

''အောင်မယ်၊ သိနေပြန်ပြီ၊ ပင်လယ်ထဲက မျောလာတာ မင်းတို့ချက်တဲ့ တောအရက်တော့ ဘယ်ဟုတ်ပါ့မလဲကွာ''

ကိုသိန်းက သံလုံးဆီက ပုလင်း လှမ်းယူပြီး နမ်းကြည့်သည်။

''နိုင်ငံခြားက အရက်ကွ၊ ဝီစကီဖြစ်ရမယ်၊ ငါ ဂျော်နီဝါကားသောက်ဖူးတယ်။ ဒီအနံ့မျိုးပဲ။ ပုလင်းတော့မတူဘူး။ စက္ကူပတ်တော့ရေစိုလို့ ကွာသွားတာနဲ့တူတယ်၊ ဆားငန်ရေ မဝင်သေးရင်တော့ တို့အတွက် ဘုရားပေးတဲ့လက်ဆောင်လို့ ဆိုရမှာပေါ့ကွာ''

''ဟာ ဘယ်ကလာ ဘုရားပေးရမှာလဲ၊ အရက်မူးနေတဲ့ သင်္ဘောသားတစ်ယောက်ယောက် လက်ကလွတ်ကျတာဖြစ်ရမယ်''

သံလုံးဆိုသည်။

''ပုလင်းက အပြည့်ကြီးကွ၊ ဘယ်မူးဦးမလဲ၊ ကေန္တ အရက်သောက်မလို့ဟာ အဖုံးဖွင့်မရတာနဲ့ ဒေါပွပြီး လွှင့်ပစ်လိုက်တာဖြစ်ရမယ်''

''ဟာဗျာ ဘယ်လောက်ပဲ ဒေါပွ ဒေါပွ။ အရက်ပုလင်းတော့ ဘယ်သူလွှင့်ပစ်ပါ့မလဲ၊ လွတ်ကျတာပဲဖြစ်မယ်ဗျ''

''အေးပေါ့ကွာ လွှင့်ပစ်ရင် အရှုံးပေါ့ကွ ဟားး . . ဟား . . . ဟား''

သံလုံး ပုလင်းကိုယူပြီး မော့သောက်မလိုလုပ်သည်။ ကိုသိန်းလက်မောင်းလှမ်းဆွဲလိုက်ကာ

''နေပါဦးကွာ ဖြည်းဖြည်းလုပ်ပါ၊ တဲရောက်မှ ရှိရှိသေသေ ခွက်နဲ့ဘာနဲ့ သောက်စမ်းပါ''

သံလုံးပုလင်းအဖုံးပြန်ပိတ်ပြီးနောက် နှစ်ယောက်သား တဲဆီသို့ အမြန်ပြန်လာခဲ့ကြသည်။ တဲရောက်သည်နှင့် သံလုံးက အကြွမ်းပန်းကန် တစ်လုံး ယူလာပြီး အရက်ငှဲ့သည်။

''နည်းနည်းပဲထည့်ပါကွ''

ငှဲ့သည်ဆိုရုံရှိသေး၊ ကိုသိန်းက တားသည်။

''ခင်ဗျားကလည်းဗျာ၊ တစ်ငုံစာလောက်တော့ သောက်ကြည့်မှ ကောင်းသလား၊ ဆိုးသလားသိမှာပေါ့။

အကြွမ်းပန်းကန်တစ်ဝက်ခန့်ထည့်ပြီး သံလုံးမော့ချလိုက်သည်။

''ဖွီးဖွီး ... ထွီ''

သံလုံးမျက်စိပြူး၊ မျက်ဆန်ပြူးသွားပြီး ရေအိုးစင်ဆီ ပြေးကာ ရေတစ်ခွက် ကမန်းကတန်းသောက်ချလိုက်သည်။

''ဘယ့်နှယ်နေလဲ''

''ဟား ရားရား''

သံလုံးပါးစပ်ဖြဲပြီး အာခေါင်ထဲက လေပူတွေ မှုတ်ထုတ်ကာ–

''ကောင်းလိုက်တဲ့ အရက်ဗျာ၊ ဦးရေအစစ်ထက်တောင် ပြင်းသေးတယ်''

''တော်သေးတာပေါ့၊ ငါ့စိတ်ထဲ အဆိပ်တွေများ မှားပြီး သောက်မိပြီလားလို့'' ကိုသိန်းကအပြောင်အပျက် ပြောလိုက်သည်။

သံလုံးစိတ်ထဲ ထင့်ခနဲဖြစ်သွားပြီး မျက်နှာပျက်ပျက်နှင့်ဆိုသည်။

''ခင်ဗျားက ကျွန်တော်သောက်တာ အဆိပ်ဖြစ်လို့ သေရင်လည်း သေသွားပါစေဆိုပြီး ကြည့်နေတာပေါ့လေ။ ကျွန်တော်သေရင် ခင်ဗျား တစ်ယောက်တည်း ပစ္စည်းတွေအားလုံး အပိုင်ရမယ်ဆိုတဲ့

သဘောလား''

''ဟာကွာ မင်းကလည်း မဟုတ်တာ၊ ပစ္စည်းတွေ တစ်ခုမှမရရင် နေပါစေ၊ မင်းမရှိဘဲ ဒီကျွန်းပေါ်မှာ ငါတစ်ယောက်တည်း မနေရဲဘူး ကွ၊တကယ်ပြောတာပါ၊ မင်းစိတ်ထဲ အဲဒါမျိုး လုံးဝမတွေးနဲ့၊ မင်းက ကော ငါသေရင် ပစ္စည်းတွေအားလုံး မင်းတစ်ယောက်တည်းရမယ်လို့ စိတ်ကူးသလား။ မင်းနဲ့ငါနဲ့ ဘဝတူတွေပါကွာ၊ မင်းနေမကောင်းတုန်းက ငါ ဘယ်လောက်ပြုစုသလဲ၊ မင်းမေ့သွားပြီလား''

မှန်သည်၊ မုန်တိုင်းတိုက်၍ ပစ္စည်းတွေခပ်များများရပြီး မကြာမီ သံလုံး သုံးလေးရက်ဖျားသည်။ အဖျားက ရိုးရိုးအအေးမိတာမျိုး ဖြစ်ပုံရ သည်။ နှစ်ရက်ပဲ ပြင်းပြင်းဖျားပြီး နောက်တော့ ချက်ချင်းဆိုသလိုပဲ ကောင်းသွားသည်။ သို့သော် အဖျားတက်တုန်းမှာ သံလုံး အလွန် ညည်းသည်။ သံလုံးညည်းသံကြားလေ ကိုသိန်းကြောက်လေ။ ရောက် ၍ ဘာမျှ မကြာသေး၊ သံလုံးသေသွားလျှင် ဒီကျွန်းပေါ်မှာ ငါ တစ် ယောက်တည်း ဘယ်လိုနေမည်လဲ၊ သံလုံးက ဥစ္စာစွဲလမ်းပြီး တဲက မခွာတမ်း ခြောက်လှန့်နေလျှင် ဘယ်ထွက်ပြေးရပါ့မလဲဟု တွေးကြောက် ကာ အကြီးအကျယ် ပြုစုသည်။

ထိုစဉ်က ကိုသိန်း သူ့အား ပျာပျာသလဲ ပြုစုပုံများကို သံလုံး သတိရလာသည်။

''စိတ်မဆိုးပါနဲ့ ကိုသိန်းရာ၊ ကျွန်တော် တောင်းပန်ပါတယ်။ အဆိပ်လို့ပြောတော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ သေ မယ့်အကြောင်း ကျွန်တော် မစဉ်းစားရဲဘူးဗျ၊ ခင်ဗျားလည်း မသေစေ ချင်ပါဘူး။ ခင်ဗျားနဲ့ ကျွန်တော် အတူတူတွဲပြီး စီးပွားရှာကြရမယ့်

သူတွေပဲဟာ ရော့ နည်းနည်း မြည်းကြည့်ပါဦး''

ကိုသိန်း အကြမ်းပန်းကန်ထဲ သံလုံးထည့်သလောက်ပင် ထည့်ပြီး ရေအနည်းငယ်ရောလိုက်သည်။ အရက်ကို တစ်ငုံစာလောက် ငုံပြီး နောက် နှံ့နှံ့စပ်စပ်ရောက်အောင် လုပ်ကြည့်သည့် သဘောလားမသိ၊ ပလုတ်ကျင်းသလို ဂလောက်ဂလက်လုပ်ကြည့်ပြီးမှ အသာမျိုချသည်၊ ပြီးမှ ခွက်ထဲရှိနေသေးသည့် လက်ကျန်ကလေးကို မော့ချလိုက်သည်။

''အေး ကောင်းတယ်ကွာ၊ သိပ်ကောင်းတယ်'' ဆိုပြီး ပုလင်းကို မြှောက်ကိုင်ကာ အသေအချာကြည့်သည်။ ပြီးမှ သံလုံးအား–

''ဒီနေ့ သောက်ကြမှာလား''

''ဟာ– အစ်ကိုကလည်း ဘယ့်နှယ့်ပြောပါလိမ့်၊ ဒါလောက် ကသိလိကံထောက်မလို့ရောက်လာတဲ့ဥစ္စာ၊ နေ့ရွှေ့ ညရွှေ့လုပ်နေလို့ ဘယ်မှာတော်ပါ့မလဲ''

တစ်ငုံသာ ငုံတတ်ရသေးသည်၊ သံလုံးပြောပုံက အရက်ထဲ ခပ်ပါပါ။

''ဒီလိုကွ သိပ်ကိုရှားရှားပါးပါး အဖိုးတန်သလို ဖြစ်နေလို့ ငါက စဉ်းစားနေတာ၊ မင်းလည်း သိပ်သောက်ချင်နေတယ်ဆိုတော့ ဒီလိုလုပ် ရအောင်''ဟုပြောရင်း သံလုံးမျက်နှာမဲ့ပြသည်ကို လှမ်းကြည့်ကာ–

''အဟဲ ငါလည်း သောက်ချင်တာပေါ့ကွာ၊ အရက်က အပျံစား၊ အကောင်းစား။ ပြီးတော့ တို့ကလည်း အရက်မသောက်တာ ကြာပြီ ဆိုတော့ အရှိန်းဖြစ်နေမှာ၊ တစ်ပိုင်းလောက်သောက်ရင် ရေချိန်ကိုက်မှာ သေချာတယ်။ အဲဒီတော့ ညနေဘက်ကျမှ တို့သေသေချာချာ အမြည်း လေးနဲ့ လေးလေးစားစားပေါ့ကွာ။ ပုလင်းက တစ်ဝက်လောက်ထိ

သောက်မယ်၊ ကျန်တာကိုတော့ ဖျားရင်နာရင် အအေးမိ ဘာညာ ဖြစ်ရင် ဆေးဖြစ်ဝါးဖြစ် သောက်ဖို့ရအောင် ချန်ထားလိုက်မယ်၊ သဘော တူရဲ့လား''

''တူပါတယ်ဗျာ၊ ခင်ဗျားက အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်ပဲ၊ ကျွန်တော်ကတော့ ညနေ မြန်မြန်ရောက်ပါစေလို့ပဲ ဆုတောင်းနေ တော့မယ်''

ညနေဘက်သို့ ရောက်သောအခါ ကိုသိန်းက သူတို့၏ တစ်ခု တည်းသော မတ်ခွက်ထဲသို့ ပုလင်းထဲက အရက်တစ်ဝက်တိတိ ချင်၍ ထည့်သည်။ ထို့နောက် ပုလင်းအဖုံးကို ကျပ်နေအောင် ပိတ်လိုက်ပြီး ''ဒါက နေထိုင်မကောင်းရင် သောက်ဖို့ဆေးပုလင်း'' ဟုဆိုကာ သိမ်း ဆည်းထားလိုက်သည်။ ထို့နောက်တွင်ကား မတ်ခွက်ထဲက ယမကာ ကို အကြွမ်းပန်းကန်နှစ်လုံးထဲသို့ နည်းနည်းစီ ညီမျှစွာထည့်ကာ ရှိုက် သေသေ သောက်သုံးကြလေသည်။ အရက်အနည်းငယ်ဝင်သွားပြီး သည့်နောက်တွင်ကား အုန်းကျွန်းပေါ်တွင် သုံးလကျော်နှစ်ယောက် တည်း အတူနေခဲ့သည့်အဖြစ်ကို မေ့လျော့လေသလားမသိ။ တစ် ယောက်ကိုတစ်ယောက် စကားတွေ အလုအယက် ပြောနေကြလေ တော့သည်။ စင်စစ် သူတို့ ယခုပြောကြသည့် စကားများမှာ ယခင်ရက် ပေါင်းများစွာက ကြိမ်ဖန်များစွာ ပြောခဲ့ပြီးဖြစ်သည့် စကားများသာဖြစ်၍ ထူးခြားချက်မှာ ယခင်က ဟိုတစ်ခွန်း သည်တစ်ခွန်းပြောခဲ့ကြခြင်း ဖြစ်ပြီး ယခုမူ ၎င်းစကားတွေ အားလုံးကို တစ်ပြိုင်နက် စုပြုံပြောနေ ခြင်း၊ တချို့စကားများကို ထပ်တလဲလဲပြောမိနေကြခြင်းသာဖြစ်သည်။

ထိုစကားများအနက် အထပ်ဆုံး အကြောင်းအရာသည်ကား

နောက်တစ်လကျော် နှစ်လနီးပါးကြာ၍ သူတို့နှစ်ယောက် အုန်းကျွန်းပေါ်က ပစ္စည်းရှင်များဘဝမှ မြို့ပေါ်ရှိ ငွေရှင်ကြေးရှင်များဘဝသို့ ကူးပြောင်းရောက်ရှိသွားသည့်အခါ ဘာတွေလုပ်ကြမည်ဆိုသည့်အကြောင်း၊ ပြီး သူတို့နှစ်ယောက် တစ်သက်လုံး အတူလက်တွဲကာ ကြီးပွားသည်ထက် ကြီးပွားအောင် လုပ်ကိုင်ရှာဖွေသွားကြမည့်အကြောင်း အပြန်အလှန် ကတိသစ္စာပြုခြင်းများဖြစ်သည်။ သို့သော် သည်ကြားထဲ သံလုံးက မနက်ကအကြောင်းကို သတိရတိုင်း အစဖော်ကာ–

''ကိုသိန်း– မနက်က ကျွန်တော်ပြောတာ စိတ်မဆိုးနဲ့နော်၊ ကျွန်တော်က အဆိပ်လို့ပြောတော့ စိတ်ထင့်သွားတယ်ဗျာ၊ ကျွန်တော် သေမှာကြောက်တယ်ဗျ၊ အမှန်အတိုင်းပြောတာ၊ ချမ်းချမ်းသာသာ မနေရသေးဘဲ မသေနိုင်သေးဘူး၊ ခင်ဗျားလည်း မသေရဘူး၊ ခင်ဗျား မရှိဘဲ ကျွန်တော်တစ်ယောက်တည်းနေလို့ မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'' ဆိုသော စကားများကို ထပ်ကာထပ်ကာ ပြောနေပြန်သည်။ သံလုံး ဒီစကားတွေပြောတိုင်း ကိုသိန်း စိတ်အနှောင့်အယှက်ဖြစ်ကာ–

''တော်စမ်းပါ သံလုံးရာ၊ ဒီသေစကားချည်း ထပ်တလဲလဲ ပြောမနေစမ်းပါနဲ့ကွာ၊ စိတ်ညစ်လွန်းလို့ပါ၊ ရှားရှားပါးပါးကုသိုလ်ကောင်းလွန်းလို့ အရက်သောက်ရတဲ့ဟာ ပျော်ပျော်ပါးပါး သောက်စမ်းပါ။ မင်းပြောချင်ရင် ချမ်းသာတဲ့အခါ ဘာတွေလုပ်မလဲ၊ ဘယ်လိုပျော်မလဲ၊ ဒါပဲပြော''ဟူ၍ သံလုံးကို စကားလမ်းကြောင်း ပြောင်းပေးရန်ကြိုးစားသည်။

သို့သော်မရ သံလုံးက သူ့ဒွေးမဖြစ်သေးမီ မသေချင်ကြောင်း ပဲ ထပ်တလဲလဲ။

ထိုနေ့မှရေတွက်၍ ရက်သတ္တနှစ်ပတ်ခန့်အကြာ တစ်ခုသော နေ့တွင်ကား သေမှာကြောက်သည်ဆိုသော သံလုံးတစ်ယောက် တကယ်ပင် သေမလိုဖြစ်ခဲ့ရလေသည်။

ထိုနေ့ နေ့လယ်ဘက် သာသာယာယာ ခြောက်ခြောက်သွေ့ သွေ့ ရှိသည်နှင့် သူတို့နှစ်ယောက် လက်နက်အဖြစ် ဓားနှင့်လေးခွ ကိုင်ဆောင်ကာ တောဘက်ထွက်လာခဲ့ကြသည်။ တောင်ပေါ်တက်စ ကလေးတွင် ကိုသိန်း မျက်စိအရှေ့နားရှိ သစ်ပင်တစ်ပင်ပေါ်မှာ သတ္တဝါ တစ်ကောင်မြင်လိုက်ရသည်။ သင်းခွေချပ်။

"ဟေ့- သံလုံးရေ ဟိုဟာက ဘာကောင်လဲ၊ သင်းခွေချပ် မဟုတ်လား"

"ဘယ်မလဲဗျ"

သံလုံးသူ့နားပြေးလာသည်။

"ဟိုမှာ ဟို သစ်ကိုင်းခွဆုံမှာ"

ကိုသိန်း လက်ညှိုးထိုးပြသည်။

"မှန်တာပေါ့ဗျာ၊ သင်းခွေချပ်အစစ်ပေါ့"

သင်းခွေချပ်က အပေါ်တက်ပြေးမလို၊ အောက်ဖက်ဆင်းလာ မလိုလုပ်နေသည်။ ကိုသိန်းနှင့် သံလုံး သစ်ပင်ခြေရင်းမှာ ဟိုဘက် သည်ဘက် ညှပ်၍ ဓားမကိုယ်စီနှင့် စောင့်ကြသည်။ သင်းခွေချပ်အပေါ် တက်မလို အောက်ဆင်းလာမလိုလုပ်ပြီး ခွဆုံမှ ဘေးဘက်ခွဲထွက် သွားသော သစ်ကိုင်းတစ်ကိုင်းပေါ် လျှောက်သွားကာ အဖျားပိုင်းမှာ

ငြိမ်နေသည်။ သံလုံး လေးခွနှင့် လေးငါးဆယ်ချက် ပစ်သည်။ မထိ၊ တစ်ခြားစီ။

"ကိုသိန်း ခင်ဗျားအဲဒီနားကစောင့်"

သံလုံးက သင်းခွေချပ်ရှိနေသည့် သစ်ကိုင်းဖျား အောက်ဖက်ဆီသို့ ညွှန်ပြသည်။

"အောက်တည့်တည့်က မနေနဲ့၊ နောက်ဘက် နည်းနည်းဆုတ်နေ၊ ကျွန်တော်အပင်ပေါ်တက်ပြီး အဲဒီအကိုင်းခုတ်ချမယ်၊ ဒီကောင် အောက်ဘက်ကျလာရင် ဘယ်မှ မပြေးဘဲ ခွေချင်ခွေနေမယ်၊ အဲဒါကို ပုဆိုးထဲထည့်ထုပ်ယူရုံပဲ၊ ထွက်ပြေးရင်တော့ မိမိရရ ဓားနဲ့လိုက်ခုတ်ပေတော့၊ သင်းခွေချပ်သား သိပ်စားလို့ကောင်းတာ" ဟု ပြောပြီး ပုဆိုးခါးတောင်းကျိုက်၊ ခါးကြားမှာ ဓားမထိုးကာ သံလုံးသစ်ပင်ပေါ် ချိတ်တက်သည် ခွဆုံအထိ ဆယ်ပေကျော်လောက်ရှိမည်။ ပင်စည် ဖြောင့်ဖြောင့်ကြီးကို အုန်းပင်တက်သလို တက်သွားပြီး ခွဆုံမှာ သေသေချာချာရပ်ကာ သင်းခွေချပ်အကိုင်းကို ဓားနှင့်ခုတ်ချသည်။ ဆယ့်လေးငါးချက် ခုတ်ပြီးနောက် သစ်ကိုင်းက သူ့အလေးနှင့်သူမိကာ ဖြိုဖြိုဖြိုနှင့် အောက်သို့နိမ့်ပြီး ကျိုးတော့မလိုဖြစ်လာသည်။ သံလုံး ခပ်သွက်သွက် နှစ်ချက်ဆက်ခုတ်ပြီး သစ်ကိုင်း ဖြည်းဖြည်းချင်း အိကျလာသည်ကို ကြည့်နေဆဲ သင်းခွေချပ် အောက်သို့ ခုန်ချသွားသည်။

"ဟော ဟော ဆင်းသွားပြီ၊ ဆင်းသွားပြီ" ဟု အောက်ဘက်က ကိုသိန်းဆီ လှမ်းအအော်၊ ဘယ်လိုဟန်ချက်ပျက်သွားသည်မသိ၊ သံလုံး အောက်သို့ ကျွမ်းပစ်ပြီးကျသွားသည်။ အောက်ဘက်မှာ ပြောင်ပြောင်ရှင်းရှင်း၊ ငြိနေတင်နေစရာလည်း တစ်ခုမှမရှိ၊ မြေကြီးအထိ

အသားလွတ်ကျသွားခြင်းဖြစ်သည်။ သို့သော် ကံအားလျော်စွာ ခေါး တစ်ခြား လူတစ်ခြားဖြစ်သွားသည်။ ပြီး လေထဲမှာ တစ်ပတ်လည်ကာ မတ်မတ်တည့်တည့်လိုပင် ကျလေသည်။ သို့သော် ခြေနစ်ဖက် စုံမကျ။ ဘယ်ခြေနှင့် အရင်ထောက်မိပြီး လုံးဝပုံရက်သား လဲသွားသည်။

ကိုသိန်း သံလုံးဆီ ပြေးလာသည်။

''သံလုံး၊ ဟော့ သံလုံး မင်းဘယ့်နှယ့်နေလဲ''

သံလုံး ကိုသိန်းကိုမှီတွဲကာ ထဖို့ကြိုးစားသည်။

''အောင်မယ်လေး'' ဆိုပြီး ပြန်ငြိမ်သွားသည်။

''နေဦး၊ နေဦး၊ အရမ်းမထနဲ့ ခြေတွေလက်တွေ ဘာဖြစ်သွား သေးလဲ၊ ကံကြီးပေလို့ကွာ မသေကောင်း မပျောက်ကောင်း ခြေ ထောက်နဲ့ ကျပေလို့''

ကိုသိန်း တတွတ်တွတ်ပြောနေသည်။ သံလုံးခြေထောက်နှစ် ဖက်လျှောက်စမ်းကြည့်သည်။ ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ် နေရာ၌ လုံးဝအထိမခံနိုင်၊ လုံးဝမလှုပ်နိုင်။ အရိုးကျိုးသွားသည့်ပုံစံ မျိုး။ သံလုံးလဲကျသည့် အနေအထားအတိုင်းပင် မလှုပ်မရှားဘဲ ငြိမ်နေ သည်။ ကိုသိန်းက သူ့ဘေးနားတွင် ငုတ်တုတ်၊ အတော်ကြာတော့ ကိုသိန်းက

''ကဲ– ဒီအတိုင်းချည်းနေလို့ မဖြစ်တော့ဘူး၊ တဲရောက်အောင် တော့ ပြန်မှဖြစ်မယ်၊ ငါ့ကိုတွဲပြီး ထကြည့်ပါဦး''

သံလုံး တကျွတ်ကျွတ် စုတ်သပ်ညည်းညူကာ ကိုသိန်းကိုတွဲ၍ ထသည်။ ဘယ်ခြေထောက်က လုံးဝမထောက်နိုင်။ ခြေမျက်စိတစ်ဝိုက် မှာ သိသိသာသာ ရောင်ရမ်း၍လာသည်။ သံလုံး ဘယ်ဘက်လက်က

ကိုသိန်းကို ချိုင်းထောက်သဖွယ် ချိတ်တွယ်ကာ ညာခြေတစ်ဖက်နှင့် ထောက်ပြီး စမ်းလျှောက်ကြည့်သည်။ အမှတ်တမဲ့ ဘယ်ခြေနှင့် ထိမိလျှင် မခံမရပ်နိုင်လောက်အောင် နာသည်။

တစ်လမ်းလုံး တညည်းညည်း တညူညူ ဟိုမှာနား သည်မှာနားနှင့်ပင် တဲအထိ ရောက်လာကြသည်။

''ကျွန်တော်တော့ ဒီခြေအကျိုးကြီး ဆေးမကုရ ဘာမကုရနဲ့ ဒုက္ခရောက်တော့မယ် ထင်တယ်ဗျာ''

သံလုံးမျက်နှာငယ်ငယ်နှင့်ဆိုသည်။

''ဘာမှ မဖြစ်ပါဘူးကွ၊ မင်းကလည်း သစ်ပင်ပေါ်က လိမ့်ကျတုန်းက မသေတာကံကောင်းတယ်။ ခြေကျိုးတာလောက်နဲ့တော့ ဘာမှမဖြစ်ဘူး။ မင်းခြေထောက်ကောင်းသွားအောင် ငါလုပ်ပေးမယ်၊ ငါကဖာတ်အဖွဲ့နဲ့ အရပ်တကာလျှောက်သွားခဲ့တဲ့ကောင်ဆိုတော့ ခြေကျိုးတာ လက်ကျိုးတာ တွေ့ဖူးပေါင်းများလှပြီ။ အရေးကြီးတာက မင်းခြေထောက် ကျိုးတဲ့နေရာက မလှုပ်အောင်ကျပ်စည်းပေးထားရုံပဲ၊ ကြာတဲ့အခါ တဖြည်းဖြည်း သူ့အလိုလို ပြန်ဆက်သွားမယ်၊ ငါလုပ်ပြမယ်''

ပါးစပ်ကပြောသည့်အခါ လွယ်သော်လည်း တကယ်တမ်းကျတော့ ခြေမျက်စိနေရာ ကျပ်စည်းရသည်မှာ မလွယ်။ ဝါးခြမ်းစကလေးတွေ ကြိုးနှင့်သီကာ ယင်းလိပ်ကလေးလို လုပ်ပြီး ပတ်စည်းကြည့်သည်။ နေရာမကျ။ ဖော့ပြားကို ခြေထောက်ပုံကွေးကွေး လှီးဖြတ်ယူ၊ နည်းနည်းပါးသွားအောင်လှီးပြီး ခြေထောက်ကို ညှပ်၍ စည်းကြည့်သည်။ နေရာမကျသေး။ နောက်တော့ ဖော့ပြားပါးပါးလေးတွေနှင့် ဝါးခြမ်းယင်းလိပ် တွဲစပ်သုံးသော နည်းတစ်ခုက နေရာကျသလို ရှိသွား

သည်။ ဒါမှမဟုတ် တစ်မျိုးပြီးတစ်မျိုး စမ်းကြည့်တိုင်း နာရလွန်းသဖြင့် သံလုံးက ''အခုအတိုင်းကောင်းနေပါပြီ'' ဟု ထောက်ခံလိုက်ခြင်း လည်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် သံလုံးခြေထောက်အတွက် ဆေးဝါးကုသမှု တစ်ခုတော့ ခံယူလိုက်ရပြီပဲဖြစ်သည်။

+++

နောက်တစ်နေ့မှစ၍ ကျွန်းပေါ်မှ လူမှုဆက်ဆံရေးပုံသဏ္ဍာန် သည် လုံးဝပြောင်းလဲသွားခဲ့သည်။ အပြန်အလှန် အဖော်သဟဲပြုကာ တန်းတူရည်တူ ရပ်တည်နေသည့်အဆင့်မှ တစ်ဦးက တာဝန်အားလုံး ကို ပခုံးထက်ထမ်းရွက်ထားရသူ၊ ကျန်တစ်ဦးက လုံးလုံးလျားလျား မှီခိုနေရသူဟူ၍ ကွဲပြားခြားနားသွားခဲ့သည်။

ပထမ သုံးလေးငါးရက်တွင် ကိုသိန်းက သံလုံးအား ကွပ်ပျစ်ပေါ် မှာပဲ ငြိမ်ငြိမ်နေစေပြီး သူက ထင်းခွဲရေခပ်၊ ငါးမျှား၊ ဟင်းသီးဟင်းရွက် ခူး၊ ထမင်းလည်းချက်စသည့် အသက်ရှင်ရပ်တည်မှု လုပ်ငန်းအားလုံး ကို တစ်ဦးတည်း ဒိုင်ခံလုပ်သည်။ ကျွန်းပတ်၍ ရှာဖွေစုဆောင်းရခြင်း တည်း ဟူသော စီးပွားရေးလုပ်ငန်းကိုလည်း နေ့စဉ်မပျက် ထမ်းရွက် သည်။ သံလုံးက အားနာစကားဆိုလျှင် ''ဒီလိုပေါ့ကွာ သူငယ်ချင်းရာ၊ မင်းဖြစ်တော့ ငါက ပြုစုရတယ်၊ ငါဖြစ်ရင်လည်း မင်းပြုစုရမှာပေါ့၊ ရပါတယ်ကွာ'' ဟု ဆိုတတ်သည်။ သို့သော် တဖြည်းဖြည်း တစ်ပတ် က နှစ်ပတ် ဆိုသလို ရက်ကြာလာသည့်အခါတွင်တော့ ကိုသိန်း ညည်းညူစပြုလာသည်။ စကားပြောပုံဆိုပုံ သံလုံးအပေါ် ဆက်ဆံပုံ တွေက မာမာပြတ်ပြတ်ဖြစ်လာသည်။ အပေါ်စီး ဆန်ချင်လာသည်။

သံလုံး မခံချင်။ ဒေါသထွက်ချင်လာသည်။ သို့သော် သူ့အပေါ်

မှာပဲ လုံးလုံးလျားလျား အားကိုးနေရသလိုဖြစ်နေတော့ မကျေနပ်ကြောင်း မပြောရဲ၊ သူနှင့် ပဋိပက္ခမဖြစ်နိုင်သေး။ မိမိက ဒုက္ခိတ၊ သို့သော် သည်အခြေအနေမှာ ကြာရှည်မနေချင်။ သံလုံး ကြိုးစားပြီး လှုပ်ရှားကြည့်သည်။ တဲထဲ ဖင်ရွှေ့ဖင်ရွှေ့သွားကာ ချက်သည့်ပြုတ်သည့် ကိစ္စများ ဝင်လုပ်သည်။ ကျပ်စည်းထားသည့်အထဲ သဲမဝင်အောင် ဂုန်နီအိတ်ရှည်ကြီး တစ်ခုလုပ်ပြီး ခြေထောက်၌စွပ်ကာ ကြိုးနှင့်စည်းထားသည်။ ထို့နောက် ပျဉ်တိုပျဉ်စများအသုံးပြုကာ အကြမ်းစား ချိုင်းထောက်တစ်ခု ပြုလုပ်ပြီး နည်းနည်းစီ စမ်းသွားကြည့်သည်။

တစ်နေ့ ကိုသိန်း ကျွန်းမြောက်ပိုင်း ပစ္စည်းသွားရှာနေတုန်း သံလုံး ကမ်းခြေဆီသို့ ချိုင်းထောက်အားကိုးနှင့် ဆင်းသွားသည်။ ခါတိုင်း ငါးများနေကျ ကျောက်ဆောင်သို့ရောက်အောင် ကျောက်ဆောင်ကြို ကျောက်ဆောင်ကြား ခဲခဲယဉ်းယဉ်းသွားပြီး ငါးထိုင်မျှားသည်။ ငါးက တော်တော်နှင့်မရသဖြင့် နေပူမှာ အကြာကြီးကြာအောင် ထိုင်မျှားရသည်။ ခြေထောက်ရေစိုမည်စိုးသဖြင့် ခါတိုင်းလိုလည်း ရေထဲဆင်းလိုက် စိမ်လိုက်လုပ်မနေနိုင်။ ငါးမျှားရင်း ခေါင်းတအားကိုက်လာသည်။ ကိုယ်က ဖိန်းဖိန်းရှိန်းရှိန်းဖြစ်လာသည်။ ဖျားများ ဖျားမလားမသိ၊ သံလုံး ငါးမျှားကိုင်းတံနှင့် ငါးလေးကောင်ဆွဲကာ ကျောက်ဆောင်တွေကြား ဆင်းလိုက်တက်လိုက်နှင့် ပင်ပန်းကြီးစွာ ပြန်ခဲ့သည်။

တဲထဲသို့ ပြန်ရောက်သည့်အခါ၌ ခြေထောက်ကလည်း အတော်နာနေသည်။ လူတစ်ကိုယ်လုံးလည်း လုံးဝအားမရှိတော့သလို ခံစားရသည်။ အသားတွေ စမ်းကြည့်တော့ နွေးနေသလိုလို၊ ခြေထောက်ကျိုးနေရတဲ့အထဲ ဖျားရင်တော့အခက်ပဲ၊ သံလုံး တွေးပူသည်။ ဟိုလူ

ကလည်း သူကချည်း လုပ်နေရတယ်လို့ ငြိုငြင်ချင်သည်။ အပေါ်စီးက ပြောချင်ဆိုချင်နေသည်။ တကယ်ဆို ကိုယ်က အဓိကပဲ။ ကိုယ့်ကို အကြောင်းပြုပြီး သူက ဒီကျွန်းမှာ အဖော်လိုက်နေဖြစ်သူ၊ အခုတော့ သူက ဆရာလိုလို၊ ခေါင်းဆောင်လိုလို၊ ဒီကိစ္စရှင်းတော့ ရှင်းရမည်။ ရွာပြန်ရဖို့လည်း နီးလာပြီ။

သံလုံး အရက်ပုလင်းကို သတိရသည်။ အရက်နည်းနည်း သောက်လိုက်ရလျှင် နေသာထိုင်သာရှိမည်ဟု သူထင်သည်။ ခြေထောက် နာတာ သက်သာအောင် အရက်နည်းနည်း သောက်ရမယ် ပြောတုန်းက ''ခြေနာတာ အရက်သောက်လို့ ဘယ်ပျောက်မလဲကွ၊ ဖျားချင်နာချင်သလို ဖြစ်တဲ့အခါ သောက်ဖို့ထားစမ်းပါ''ဆိုသဖြင့် စိတ်ထဲက မကျေနပ်သော်လည်း သည်းခံပြီး နေလိုက်ရသည်။ ယခုတော့ တကယ်လည်း ဖျားချင်နာချင်သလိုဖြစ်နေပြီ။ သူကျေနပ်ချင် ကျေနပ်၊ မကျေနပ်ချင်နေ။ သူသဘောမစောင့်နေတော့၊ ပုလင်းကလည်း ကိုယ်စတွေ့သည့် ပုလင်းပဲ၊ အောက်ကျခံပြီး ဘာလို့ ခွင့်တောင်းနေမလဲ၊ သံလုံး ထင်းရှူးပုံးထဲက ပုလင်းကိုယူကာ အကြမ်းပန်းကန်ထဲ ငှဲ၍ သောက်လေသည်။

ဒုတိယမြောက်ခွက်သောက်ပြီး ပုလင်းလှမ်းကိုင်စဉ် ကိုသိန်း တဲထဲဝင်လာသည်။

''ဟေ့ကောင် မင်းဘာလုပ်တာလဲ''

သံလုံးကို မေးသည်။ ဟောက်သလို အသံမျိုး။

''ဖျားချင်သလို ဖြစ်တာနဲ့ ယူသောက်တယ်''

''ဒီလိုပဲ အရမ်းကာရော သောက်ပစ်လို့ ဖြစ်မလားကွ''

''အရမ်းကာရော မသောက်ပါဘူး၊ နှစ်ခွက်ပဲသောက်ရသေးတယ်၊ ခင်ဗျားပဲ ဖျားရင် နာရင်သောက်ဖို့ ထားတယ်ဆို၊ အခု ဖျားချင်နေ လို့သောက်တာ၊ အဲဒါ ကျွန်တော်လွန်သလား''

''အဓိပ္ပာယ်မရှိတာကွာ၊ ငါကတော့ နေပူမရှောင် မိုးရွာမရှောင် လုပ်စရာရှိသမျှ အကုန်လုံး ကုန်ရုန်းပြီး လုပ်ရတယ်၊ မင်းက တဲထဲမှာ ဇိမ်နဲ့ထိုင်ပြီး ဖျားချင်လို့ဆိုပြီး အရက်သောက်တယ်၊ ဒီမှာ သံလုံး မင်းအကြောင်း မသိရင်ခက်မယ်၊ အလကားအရက်သောက်ချင်လို့ ရမယ်ရှာတာ၊ တကယ်ဆို သောက်ချင်ရင်လည်း ငါ့ပြောပါကွာ အခုတော့ မင်းက''

''ကျုပ် တကယ်နေမကောင်းလို့ သောက်တာပါဗျာ။ ခင်ဗျားစားဖို့ ငါးသွားမျှားတာ နေပူမိပြီး ဖျားချင်သလိုဖြစ်လာလို့ သောက်တာ၊ အလကား ရမယ်ရှာတာ မဟုတ်ဘူး၊ ကျုပ်ခြေထောက်နာလို့ အလုပ်မလုပ်နိုင်တာကို ခင်ဗျားက မကျေနပ်ဖြစ်နေတယ်မဟုတ်လား၊ အလကား အချောင်ခိုနေတယ်လို့ ပြောချင်နေတယ်မဟုတ်လား''

သံလုံး မကျေနပ်ချက်တွေ ပွင့်ထွက်လာသည်။

''ကျုပ်က မပြောချင်လို့ ကြည့်နေတာ၊ အရက်သောက်ချင်တာကို ခင်ဗျားဆီက ခွင့်တောင်းရအောင် ခင်ဗျားက ဘာလဲ၊ ဆရာကြီးလား၊ ခင်ဗျားလာတုန်းက ကျုပ်ကို ဆက်ဆံတာ ဒီပုံမဟုတ်ဘူး။ ပြီးတော့ ပုလင်းက ကျုပ်တွေ့လာတာဗျ၊ ကျုပ်သောက်ခွင့်ရှိတယ်''

''ဩော် ဒီလိုကြေးလား၊ ရပါတယ်၊ ကောင်းပါပြီ၊ သောက်ပါ။ မင်းနေကောင်းအောင် သောက်၊ ငါလည်း နည်းနည်းဖျားချင်တယ်၊ ငါလည်း သောက်မယ်'' ဆိုပြီး ပုလင်းလှမ်းယူကာ အကြမ်းပန်းကန်နှင့်

ပြည့်လုနီးပါးထည့်ပြီး တဲအပြင်ဘက်ထွက်သွားသည်။

သံလုံး ပုလင်းထဲက လက်ကျန်ကို အကုန်လုံး မော့ချပစ်လိုက်သည်။ ထိုနေ့တစ်နေ့လုံး တစ်ယောက်နှင့် တစ်ယောက် စကားတစ်ခွန်းမှ မပြောတော့။ ထမင်းလည်း ဘယ်သူမှ မချက်၊ မစား၊ ရင်ထဲမှာ အမုန်းတရားတွေ ပွားများကာ အိပ်ရာဝင်ခဲ့ကြသည်။

နောက်နေ့နေ့လယ်၌ သံလုံး အကြီးအကျယ်ဖျားသည်။ ချမ်းတုန်၍နေသည်။ ကိုယ်ပူကြီး၍ ကယောင်ကတမ်းတွေပြောသည်။ ကိုသိန်းပထမတော့ သူ့ကွပ်ပျစ်မှာပင် ထိုင်ကြည့်နေသည်။ အတန်ကြာတော့ ထင်းရှူးပုံးထဲမှာ ဆေးပုလင်းလိုက်ရှာသည်။ အဖျားဖြတ်ဆေး ဆယ်လုံးဟိုလူတွေ ပေးထားခဲ့သည်။ ဆေးနှစ်လုံးယူကာ ရေတစ်ခွက်ခပ်ပြီး သံလုံးကို တိုက်သည်။ ထို့နောက် တဲပြင်ဘက်ထွက်ပြီး ထိုင်နေလိုက်သည်။ ညနေပိုင်းမှာ သံလုံး အဖျားသက်သာသည်။ သို့သော် ရှင်းရှင်းကား မပျောက်၊ သံလုံးမှာ ငှက်ဖျားအခံရှိသည်ဟု ဆိုသည်။ ခုနစ်ရက်လောက် တက်လိုက်ကျလိုက် ဖျားနေသည်။ ဆေးဆယ်လုံးလည်း ကုန်သွားတယ်။ ဖျားသည့်နေ့ရက်များအတွင်း ကိုသိန်းခေါင်းထဲမှာ ကြီးစိုးနေသည့် အတွေးက ''သံလုံးသေခဲ့လျှင်''

သံလုံးသေမည့်အကြောင်း စဉ်းစားမိသော အကြိမ်ပေါင်းများလှပြီ။ ကျေနပ်လောက်ဖွယ် အနေအထားမျိုး စဉ်းစား၍မရ၊ သံလုံးလည်းသေ။ သူလည်း အဆင်ပြေမည့် အနေအထားမျိုး စိတ်ကူးထဲမပေါ်။

ယခုနေအခါ သံလုံးသေသွားပြီဆိုပါစို့၊ မိမိပယောဂကြောင့်ဖြစ်စေ၊ သူ့အလိုအလျှောက်ဖြစ်စေ၊ အကြောင်းကြောင်းကြောင့် သံလုံးသေသွားခဲ့လျှင် သံလုံးဆွေမျိုးတွေ သူတို့ရွာသူ ရွာသားတွေက မိမိ

သတ်သည်ဟု သင်္ကာမကင်းဖြစ်ကြမှာသေချာသည်။ မိမိက သည် အရပ်မှာ လူစိမ်း၊ တကယ်အရေးကြုံလျှင် မိမိဘက်က ရပ်မည့်သူမရှိ၊ မိမိကို သံလုံးသတ်မှုနှင့် တရားမစွဲကြတောင် အနည်းဆုံးပစ္စည်း တစ်ဝက်နှင့် ဆိုင်သည်ဟု သူတို့က အင်အားသုံးပြီး အတင်းဝေစုခွဲကြ မှာ သေချာသည်။ အကယ်၍ သံလုံးမသေဘဲ မိမိသာသေခဲ့မည်ဆို လျှင် သံလုံးမှာ မိမိကဲ့သို့ အခက်အခဲမျိုး ကြုံမည်မဟုတ်၊ အခြေအနေ က သံလုံးဘက်က တစ်ပန်းသာလျက်ရှိသည်။ သည်အနေအထားကို သံလုံးလည်း စဉ်းစားမိနိုင်သည်။ သတိထားရမည်။

သို့သော် သံလုံး လူသတ်လောက်အောင်အထိ မိုက်ပါ့မလား။ သတ္တိရှိပါ့မလား၊ သည်လောက်အထိ လုပ်မည့်ပုံတော့ မဟုတ်။ သို့ သော် ငွေကြေးနှင့် ပတ်သက်လာလျှင် လူဆိုတာ မပြောနိုင်။ အမျိုး မျိုး ပြောင်းလဲသွားနိုင်သည်။ သည်အတိုင်းဆိုလျှင် မိုးကုန်ခါနီးလေ ပစ္စည်းတွေ များလေလေ မိမိအတွက် အန္တရာယ်ရှိလေဖြစ်မည်။ ကိုသိန်း တွေးပြီး စိုးရိမ်ကြောင့်ကြဖြစ်လာသည်။ သို့သော် လက်ငင်း အခြေအနေမှာတော့ အရေးမကြီးသေး၊ သံလုံးသည် ခြေကျိုးနေသည့် ဒုက္ခိတ၊ မိမိကို မှီခိုနေရသူ၊ ယခုဖျား၍ နေပြန်သေးသည်။ ယခုအချိန် မှာ သံလုံးသည် မိမိကို အသက်သခင်ကျေးဇူးရှင်ပမာ အားထားရိုသေ နေဖို့ပဲရှိသည်။ သည်အတောအတွင်း မိမိကတော့ သူ့ကိုလည်း မသေ အောင် ပြုစု၊ အရင်တုန်းက နှစ်ယောက်လုပ်ခဲ့သည့် ကိစ္စတွေကိုလည်း တစ်ယောက်တည်း ကုန်းရုန်းလုပ်၊ တစ်ဖက်သတ် အနာခံရမည့် အနေ အထား။

နောက်ထပ် ရက်သတ္တပတ်ခန့်ကြာသည့်အခါ သံလုံး၏ အဖျား

က သက်တမ်းကုန်သွား၍လား မသိ၊ ဆေးဝါးမမှီဝဲရဘဲ သူ့အလိုအလျောက် ပျောက်၍သွားသည်။ ထို့ပြင် ဖျားနေစဉ်ကာလအတွင်း ငြိမ်ငြိမ်နေရ၍ ဖြစ်မည်ထင်သည်။ ခြေထောက်ကလည်း အတော်ပင်သက်သာလာခဲ့သည်။ သူ့ချည်းထောက်လျှင် နာနေသေးသော်လည်း ချိုင်းထောက်ကလေးနှင့် မှေးထောက်၍ အတော်ဟန်ကျပြီဖြစ်သည်။ သို့သော် အဖျားဒဏ်ခံရပြီးကာစ အားပြတ်သလိုဖြစ်နေသဖြင့် များများမလျှောက်ရဲသေး။

မိမိအပြင်းဖျားနေစဉ်အတွင်း ကိုသိန်း ပြုစုခဲ့သည့်အတွက် သံလုံးကျေးဇူးတင်သလိုဖြစ်မိသည်။ သို့သော် ရာနှုန်းပြည့် လိုက်လိုက်လှဲလှဲကား မဟုတ်။ သူ့စိတ်ထဲမှာ ကိုသိန်း သူ့အား ပြုစုပုံ ဆက်ဆံပုံသည် ဝတ်ကျေဝတ်ကုန်နိုင်လှသည်ဟု သိနေသည်။ ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ ပြောဆိုနေသော်လည်း အသက်မပါလှသည်ကို သူသတိပြုမိသည်။

ပြီး သူ့စိတ်ထဲမှာ စနောင့်စနင်းဖြစ်နေသော အရာတစ်ခုရှိသည်။ သူနေမကောင်းဖြစ်နေသည့် ရက်များအတွင်း ဘာအဖိုးတန်ပစ္စည်းတစ်ခုမှ ကိုသိန်း ရလာတာ မတွေ့ရ။ တိုလီမိုလီအစုတ်အပြတ်ကလေးတွေသာ တစ်ခုတစ်စ ပါလာတတ်သည်။ ပြီး တစ်နေ့ကလည်း ကိုသိန်း အချိန်အတော်ကြီးကြာအောင် သွားနေပြီး စွတ်စွတ်စိုစို ပင်ပင်ပန်းပန်း ပုံသဏ္ဌာန်မျိုးနှင့် ပြန်ရောက်လာသည်။ လက်မှာလည်း ဘာမှမပါ၊ သူကိုမေးကြည့်သောအခါ ''အလကားကွာ၊ ငါပျင်းတာနဲ့ ရေဆင်းကူးပြီး ဗောင်း(ခရုကြီးတစ်မျိုး )ငုပ်ကြည့်တာ၊ နှစ်လုံးပဲရတယ်'' ဆိုပြီး ခါးပိုက်ထဲက ဗောင်းနှစ်လုံးထုတ်ပြသည်။ သံလုံး စိတ်ထဲမှာသိပ်ပြီး

မသက်ာချင်။ ကိုသိန်းဘာတွေလုပ်နေသလဲ အကဲခတ်ရမည်။ သူ့နောက် လိုက်ကြည့်ရမည်။

ကိုသိန်းမရှိသည့်အချိန်များတွင် သံလုံး တဲနားတစ်ဝိုက်မှာ ချိုင်းထောက်နှင့် လမ်းလျှောက်ကျင့်သည်။ ကိုသိန်းရှေ့မှာဆိုလျှင် ခြေထောက် နာသဖြင့် ကောင်းကောင်းမလျှောက်နိုင်သလို ဟန်ဆောင်နေသည်။ တစ်နေ့နံနက် ကိုသိန်းကမ်းနားတလျှောက်ရှာဖွေရေး ထွက်သွားပြီး ကမ်းအငူစွန်းကလေးနောက် ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုက်နက် သံလုံးနောက်က လိုက်လေသည်။ သူတို့တဲမှ အငူစွန်းကလေးအထိ ကိုက်နှစ်ရာခန့်ကွာဝေးသည်။

အငူစွန်းကလေး ဟိုဘက်တွင်ကား ကျယ်ဝန်းသောပင်လယ်ကွေ့ တစ်ခုရှိသည်။ ပစ္စည်းတွေ အများဆုံးရသော ပင်လယ်ကမ်းကွေ့။ အငူစွန်းထိပ် ကျောက်ဆောင်အကွယ်မှ စောင့်ကြည့်လျှင် ကွေ့ထဲမှာ ကိုသိန်းဘာတွေလုပ်နေသည်ကို ကောင်းကောင်းမြင်နိုင်သည်။

သံလုံး ချိုင်းထောက်နှင့် အလျှောက်ကျင့်ထားသည်ဆိုသော်လည်း ယခုလို သောင်ပြင်တလျှောက် ဝေးဝေးလံလံ တောက်လျှောက်ကြီး သွားရသည့်အခါ အတော့်ကို မသက်သာ၊ တဲဘေး သဲမြေက ခပ်မာမာမို့ လျှောက်၍လွယ်သည်။ ကမ်းစပ်သဲပြင်မှာမူ ချိုင်းထောက်က နက်နက်ကြီး ကျွံဝင်သည်။ ခြေထောက်အဆစ်နာလာသည်။ ချိုင်းကြားက နာလာသည်။ မောလည်းမောသည်။ လမ်းမှာရပ်ရင်း အမောဖြေ၊ အမောပြေလျှင် ဆက်လျှောက်နှင့် တမေ့တလျော့လောက် ထင်ရအောင် သွားပြီးမှ အငူလေးထိပ်ရောက်လေသည်။

သံလုံး အငူစွန်းခြေရင်းမှာ ထိုင်၍ အမောအပန်းဖြေနေပြီး

အတန်ကြာမှ ထလာကာ ကျောက်ဆောင်ပေါ် ချိတ်တက်သည်။ တစ်ဘက်သို့ လုံလုံခြုံခြုံလှမ်းမျှော်ကြည့်နိုင်သော နေရာတစ်ခုသို့ ရောက်အောင် ဒူးထောက်လိုက်၊ ဖင်ရွှေ့လိုက်နှင့် ခဲခဲယဉ်းယဉ်း တက်ရသည်။ ကျောက်ဆောင်အကွယ်မှ အသာခေါင်းပြူကြည့်သည့်အခါ မိမိနှင့်များစွာမဝေးလှသည့် ကမ်းစပ်တစ်နေရာတွင် ကိုသိန်းကို သွားတွေ့သည်။ ပုဆိုးခါးတောင်းကျိုက်ခါ ပင်လယ်ဘက်သို့ ကြည့်နေသည်။ ရေထဲ နည်းနည်းဆင်းလိုက်၊ နောက်ပြန်ဆုတ်လိုက်နှင့် တစ်ခုခုတွေ့နေသည့်ပုံမျိုး။ သံလုံးဆီကကြည့်တော့ ရေထဲမှာ ပစ္စည်းနှင့်တူတာဘာမှ မမြင်ရသေး၊ ကျောက်ဆောင်သေးသေးတွေ ခပ်ကြီးကြီးတွေကလည်းရှိနေသဖြင့် သူ့ဆီကမမြင်ရဘဲ ကွယ်နေတာ ဖြစ်နိုင်သည်။ သံလုံး တုတ်တုတ်မလှုပ်ဘဲ စောင့်ကြည့်သည်။ ကိုသိန်း စိတ်မရှည်တော့ဘူး ထင်သည်။ ခါးတောင်းကျိုက်ဖြုတ်ကာ ပုဆိုးချွတ်၊ သဲပြင်ပေါ်ပစ်တင်ထားခဲ့ပြီး ရေထဲ ဆင်းသွားသည်။

ရင်ဘတ်လောက်အနက်အထိ ကူးသွားသည်။ သူ စောင့်မျှော်နေသော ပစ္စည်းဆီရောက်သွားပြီး သံလုံးမြင်ပြီ။ ပေပါတစ်လုံး ကိုသိန်းကမ်းစပ်ဘက် တွန်းယူလာသည်။ ရေထဲမှာ အတော်မြုပ်ပုံထောက်၍ ဆီအပြည့်ဖြစ်နိုင်သည်ဟု သံလုံးမှန်းဆသည်။ ကိုသိန်းဘာလုပ်မည်နည်း၊ အဖြူအမည်းသဲကွဲတော့မည်။ ဆီပုံးသောင်ပြင်ပေါ်ရောက်လာပြီ၊ ကိုသိန်းဆီပုံးကို သောင်ပြင်အပေါ်ပိုင်း သဲမွမွတွေအထိ တွန်းတင်နေသည်။ ဘယ်လိုလဲ သူတို့တဲဆီ သယ်ယူမည်ဆိုလျှင် ပင်လယ်ရေစပ်နားက သဲမာမာတလျှောက် တွန်းလိမ့်လာရုံပဲ ရှိသည်။ တွန်းရခက်သည့် သဲပျော့သဲမွအထိ တင်စရာမလို။

သူဘယ်သွားမလဲ၊ ကျွန်းပေါ်မှာက တော်ရုံတန်ရုံပစ္စည်းကို လူမမြင်အောင် အလွယ်တကူ ဖွက်ထားနိုင်သည့် လျှိုကလေးတွေ အတော်ပဲရှိသည်။ ပြီး ဟို လှိုဏ်ခေါင်းကြီးလည်းရှိသည်။ အဲဒီအထိ သွားမှာလား။ တောထဲအရောက်ဆိုရင်တော့ မနည်းတွန်းရ သယ်ရလိမ့်မည်။ ကိုသိန်း မတွန်းတော့၊ တူးနေသည်။ သဲပြင်ကိုတူးသည်၊ ယက်သည်၊ လက်စသတ်တော့ တွင်းတူးပြီး မြှုပ်မှာကိုး။ သံလုံး တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ တဲဆီသို့ ထော့ကျိုး ထော့ကျိုးနှင့် ပြန်ပြေးလာသည်။

ကိုသိန်း သစ္စာဖောက်ပြီ၊ ခွေးမသား သစ္စာဖောက်ပြီ၊ သည်ကိစ္စကို ဘယ်လိုဖြေရှင်းရမည်နည်း။ သည်ကျွန်းပေါ်မှာ ရသမျှ နှစ်ယောက်အတူတူဝေယူမည်ဟု ကတိရှိခဲ့သည်။ ငါးကြီးအနံဖတ်ရလည်း အတူတူ၊ ပုလင်းအခွံတစ်လုံးရလည်း အတူတူဟုဆိုခဲ့သည်။ ယခုတော့ နေကလေး ဆယ်ရက်လောက် မကောင်း၍ မလိုက်နိုင်ရုံနှင့် သူက ကလိန်ကျသည်။ သည်ပစ္စည်းတွေ ဖွက်ထားပြီး သူက ဘာလုပ်မည်နည်း။

ရွာပြန်ရောက် ဝေစုခွဲပြီးသည့်နောက်မှ သူက တခြားတစ်နေရာက စက်လှေငှားပြီး တစ်ခေါက်ပြန်လာလိမ့်မည်ထင်သည်။ သည်လိုဆိုရင်လည်း သူ ကလိန်ကျသည့်သတင်းက မကြာမတင်ဆိုသလို ပေါက်ကြားလိမ့်မည်။ သို့သော် ဘာဖြစ်သေးလဲ၊ သူက သည်အရပ်သားမှ မဟုတ်ဘဲ၊ ရသမျှပစ္စည်း ရသမျှဈေးနှင့် ရောင်းချပြီး တစ်ရပ်တစ်ရွာ လစ်ပြေးသွားနိုင်သည်။ သည်အတိုင်းဆိုလျှင် ဒီကိစ္စကို မသိချင်ယောင်ဆောင်ပြီး ရွာက ကိုယ့်လူတွေလာမှ ဖော်ထုတ်လိုက်

လျှင် မကောင်းဘူးလား၊ ဟုတ်သည်၊ အဲဒါအကောင်းဆုံးဖြစ်လိမ့်မည်။ သစ္စာဖောက်လောက်ကောင်၊ အဲသည်အခါမှ အကြောင်းသိကြတာ ပေါ့။ သို့သော် သည်ကြားထဲ သတိဝီရိယနှင့် နေမှဟု သံလုံးသဘော ရသည်။ လောဘဇော၊ ဒေါသဇောတွေနှင့်မို့ သံလုံးခြေနာနေသည်ကို ပင် မေ့သွားဟန်တူသည်။ တဲဆီသို့ မြန်မြန်ကြီး ပြန်ရောက်လာသည်။

တဲရောက်တော့ သံလုံး ဂနာမငြိမ်၊ ဒေါသကြောင့်လား၊ ဖျားပြီး ကာစ အားသိပ်မရှိသေးမီ ပင်ပင်ပန်းပန်း လှုပ်ရှားလိုက်၍လားမသိ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည် ငြိမ်ငြိမ်ထိုင်မနေနိုင်။ ခဏ ခဏထ၍ တဲတံခါးဝမှ ခေါင်းပြူကာ ကိုသိန်းပြန်လာနေပြီလား ဟု လှမ်းလှမ်းကြည့်သည်။ အတန်ကြာတော့ အင်္ဂူစွန်းကလေးတစ်ဘက် က ကိုသိန်းထွက်လာသည်ကို မြင်ရသည်။ ကိုသိန်းရှေ့ဆက်တိုးမလာ ဘဲ အင်္ဂူစွန်းနားမှာပင် တလည်လည်လုပ်နေသည်။

တဲဘက်သို့လည်း လှမ်းမျှော်ကြည့်သည်ထင်သည်၊ ဘာတွေ လုပ်နေသနည်း၊ သူ့ကို လိုက်ပြီး ချောင်းတာ သိသွားလေပြီလား။

သေချာသည်။ ချိုင်းထောက်ကြီးနှင့် လျှောက်လာသည့် သူ့ခြေ ရာတွေ အင်္ဂူစွန်းနောက်မှာ ဆုံးနေတာ ထင်းထင်းကြီးမြင်မှာ မုချ။ ဒါဆိုရင် ကိုသိန်း ဘာလုပ်မည်လဲ၊ သူအလိမ်ပေါ်သွားပြီဆိုပြီး ရမ်းနိုင် သည်။ တဆုံးတစ်စလုပ်နိုင်သည်။ လူကတော့ ခပ်ပျော့ပျော့သမား၊ အချိုသတ်၍ပေါင်းတတ်သူ၊ သို့သော် သူ သစ္စာဖောက်တာပေါ်သွား သည့် အနေအထား၊ ငွေကြေးကလည်း အနည်းဆုံး လေးငါးသောင်း လောက် ရှိနေသည့် အနေအထားမှာ ဘာမဆိုဖြစ်နိုင်သည်။

သူ့နောက်ကြောင်းရာဇဝင်ကလည်း ကိုယ်က တိတိကျကျသိတာ

မဟုတ်၊ မိန်းမလျာလို ပျော့ပျော့နွဲ့နွဲ့ပုံမျိုးနှင့် လူသတ်တဲ့လူတွေလည်း အများကြီးရှိသည်။ လတ်တလော အချိုသတ်ထားပြီးနောက်တော့မှ အလစ်မှာ လက်စတုံးလုပ်ချင်လုပ်နိုင်သည်။ ငါသေတယ်ဆိုရင် ရွာကလူတွေ သူ့ကို မယုံသင်္ကာဖြစ်မှာ သေချာသည်။ စစ်ကြဆေးကြမှာ သေချာသည်။ သို့သော် ဒါတွေက နောက်ဖြစ်မယ့်ကိစ္စ၊ လောလော ဆယ် အသက်အန္တရာယ်ရှိနေတာက ငါ။ ဘုရား ဘုရား သံလုံး ကျောချမ်းသွားသည်။ ကိုယ့်အသက်ကိုယ် ကာကွယ်ရမည်။ သူမလုပ်ခင် ကိုယ်က လက်ဦးအောင်လုပ်ရလိမ့်မည်။ ရွာက လူတွေလာရင် ဖျားပြီးသေသွားတယ် ပြောမည်။ မသင်္ကာတော့ရော ဘာအရေးလဲ၊ ဘယ်သူကပြဿနာဖော်နေမှာလဲ၊ ဒါပေမဲ့ ငါက ချိုင်းထောက်တစ်ဖက်နဲ့ ရင်ဆိုင်တိုက်လို့ မဖြစ်ဘူး။ ငါသေသွားမယ်၊ သတိထား၊ သတိထားရမယ်။ ဓားဘယ်မှာလဲ၊ သံလုံး ဓားတွေ ကမန်းကတန်းလိုက်ရှာသည်။ ပျာပျာသလဲ ကမူးရှူးထိုးဖြစ်လာသည်။ မီးဖိုနားမှာ ဓားမတစ်ချောင်းတွေ့သည်။ ကောက်ယူပြီး သူ့ကွပ်ပျစ်ပေါ်တင်ကာ ပုဆိုးတစ်ထည်နှင့် ကောက်ဖုံးထားလိုက်သည်။ နောက်တစ်ချောင်း နောက်တစ်ချောင်း နောက်ထပ် ဓားတစ်ချောင်း ဘယ်ရောက်နေလဲ၊ လိုက်ရှာသည် မတွေ့။

တဲပြင်က ကိုသိန်းအသံကြားရသည်၊ သံလုံး ဆတ်ခနဲ ထပြီး ဓားကိုကိုင်ထားသည်။

''ဟော့ သံလုံး ''

သံလုံးမထူး၊

''သံလုံးရေ၊ ဟော့သံလုံး''

မတုံ့ပြန်၊ ဘယ်လိုတုံ့ပြန်ရမှန်းမသိ။

အငူစွန်းလေးနားမှာ ချိုင်းထောက်ရာတွေတွေ့ကတည်းက သံလုံး အစအဆုံး မြင်သွားပြီဖြစ်ကြောင်း ကိုသိန်းသဘောပေါက်လိုက်သည်။ ဇာတ်ကတော့ရှုပ်ပြီ၊ ကိုသိန်း ဘာလုပ်ရမည်လဲ၊ မမှန်းဆတတ်၊ သတိထားရမည်။ မြွေမသေ တုတ်မကျိုးဖြစ်အောင် မီးစင်ကြည့်ကရမည်ဟု စဉ်းစားသည်။ သို့သော် လိုလိုမယ်မယ် သောင်ပြင်မှာတွေ့သည့် သစ်သားတုတ် ခပ်တိုတိုတစ်ချောင်းကိုတော့ ခါးနောက်က အသာထိုးလာခဲ့သည်။

ကိုသိန်း တဲထဲလှမ်းပြီးခေါ်ပြန်သည်၊

''သံလုံး မင်း ဘာဖြစ်တာလဲကွ''

ကိုသိန်းခပ်လှမ်းလှမ်းမှနေ၍ တဲထဲအသာချောင်းကြည့်သည်၊ သံလုံးကို မြင်သည်၊ တဲအလယ်တွင် ငူငူကြီး ရပ်လျက် ချိုင်းထောက်တစ်ဖက် ဓားတစ်ဖက်–

''သံလုံးအပြင်ထွက်ခဲ့ပါကွ၊ မင်းနဲ့ငါ အေးအေးဆေးဆေး ဆွေးနွေးရအောင်၊ အရမ်းကာရော မလုပ်ပါနဲ့။ ငါ အကျိုးအကြောင်း ရှင်းပြပါမယ်''

သံလုံး ကြောင်နေသည်။ ဘာပြန်ပြောရမှန်းမသိ။ အပြင်လည်း မထွက်ရဲ။ အပြင်က တစ်ခုခု ဆီးပြီးလုပ်လိုက်လျှင်–

''သံလုံး၊ ခေါ်တာ ထူးပါဦးကွ။ မင်းဘာဖြစ်နေလဲ ငါအထဲဝင်လာခဲ့ရမလား''

သည်အခါ သံလုံး ရုတ်တရက် ပြန်အော်သည်။ ကြောက်အားလန့်အား ကမူးရှူးထိုးနှင့်။

''မလာနဲ့ ခင်ဗျား သစ္စာဖောက်။ ခင်ဗျားဝင်လာရင် ဓားနဲ့ ခုတ်မိလိမ့်မယ်။ ခင်ဗျား ဒီနားမှာ မနေနဲ့ ခပ်ဝေးဝေး ဆုတ်ပါ''

''ဒီမှာ မနေလို့ ငါ ဘယ်သွားနေရမလဲကွ။ အဲဒီဓားထားပြီး မင်း အပြင်ထွက်ပါ။ မင်းကို ငါ ဘာမှမလုပ်ဘူး။ မင်းနဲ့ငါ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြမယ်''

သံလုံးဆီက အသံမကြားရ။ စဉ်းစားနေဟန်တူသည်။ ကိုသိန်း ဘေးဘီကြည့်သည်။ တဲအပြင်ဘက် ထင်းပုံမှာ ဓားမတစ်ချောင်း။ ကိုသိန်း ထင်းပုံနား သွားကပ်သည်။ အရေးအကြောင်းဆိုလျှင် သည်ဓားမ ဆွဲရမည်။ ကိုသိန်း သူ့လက်မှာ ကိုင်ထားသည့် သစ်သားချောင်းကို တဲဝသို့ ပစ်ချလိုက်ပြီး သံလုံးဆီ အော်ပြောသည်။

''အဲဒီမှာ ဟော့ သံလုံး။ ငါ ဘာလက်နက်မှ မကိုင်ဘူး။ မင်းရဲရဲထွက်ခဲ့။ အပြင်မှာ ဆွေးနွေးမယ်။ ငါလုပ်ချင်ရင် မင်း ဘာမှမတတ်နိုင်ဘူး။ မင်းက ခြေကျိုးနေတဲ့လူပဲ။ ငါ ဒီခေါင်မိုး မီးရှို့လိုက်ရင် မင်း ဘယ်ပြေးမလဲ''

မီးသံကြားတော့ သံလုံး လန့်သွားသည်။ တံခါးဝ ဆတ်ခနဲပြေးထွက်လာပြီး တဲရှေ့ရပ်သည်။ သူ့လက်မှာ ဓားနှင့်။ ကိုသိန်းရှေ့ သုံးကိုက်လောက်အကွာမှာ သံလုံး ဖြန်းခနဲထွက်လာတော့ ကိုသိန်း လန့်သွားပြီး ထင်းပုံကဓားကိုလှမ်းဆွဲသည်။ သံလုံးက ကပျာကယာ လက်ထဲက ဓားနှင့် ပစ်ပေါက်လိုက်ရာ ဓားနှောင့်က နဖူးကိုမှန်ပြီး ကိုသိန်း ယိုင်သွားသည်။ သံလုံး ပြေးသွားကာ ချိုင်းထောက်နှင့် လှွဲရိုက်ဖို့ကြိုးစားသည်။ သံလုံး ဘယ်ခြေထောက်သစ်သားတစ်ချောင်းနှင့် ခလုတ်တိုက်ကာ ဟပ်ထိုးအလဲ ကိုသိန်းဓားနှင့် လှမ်းခုတ်သည်။ ထင်း

ခုတ်သောဓား အလေးစီးသည်။ သူ့ဓားက သံလုံး ဘယ်ဘက်ပခုံးနှင့် လည်တိုင်အစပ်မှာ ဒုတ်ခနဲ မြုပ်သွားသည်။ သံလုံး လဲကျသွားပြီး နောက်ပြန်၍ ကုန်းထကာ ပင်လယ်ကမ်းဘက် သွေးရူးသွေးတန်း ထွက်ပြေးသည်။ သောင်ပြင်မှာ လျှောက်ပြေးနေပြီး ရေစပ်ကျောက် ဆောင်လေးတစ်ခု ခုံဘေးမှာ လဲကျသွားသည်။ လည်ပင်းက သွေး တွေ ဝေါခနဲ ပန်းထွက်နေသည်။ ကိုသိန်း မှင်သက်မိသလို ကြောင်၍ နေပြီးမှ လက်ထဲက ဓားကိုပစ်ချကာ သံလုံးနောက်ပြေးလိုက်သွား သည်။

''ကိုသိန်း ... ကျွန်တော့်ကို မသတ်ပါနဲ့၊ တောင်းပန်ပါတယ်။ ရှိခိုးပါတယ်။ ကျွန်တော့်မှာ ကလေးတွေနဲ့ ကျွန်တော့်ကို သတ်ရင် ခင်ဗျားကို ရွာကလူတွေ သတ်လိမ့်မယ်။ ကျွန်တော့်ကို မသတ်ပါနဲ့''

သံလုံး ပါးစပ်က တတွတ်တွတ် ရွတ်နေသည်။ ကိုသိန်း ဘာလုပ် ရမှန်း ဘာကိုင်ရမှန်းမသိ။ သံလုံးလည်ပင်းရှိ ဟနေသော ဓားဒဏ်ရာ မှ သွေးတွေ အရှိန်နှင့် ပန်းထွက်နေသည်။ ဘေးနားမှာလည်း အိုင် ထွန်းနေပြီ။ ကိုသိန်း သွေးပန်းထွက်နေသည့်နေရာကို လက်ဝါးဖြင့် ဖိပိတ်သည်။ မရ။ သွေးတွေက ရေပိုက်ပေါက်သလို တရဟောထွက် နေသည်။ သူ့လက်တွေ တွတ်တွတ်ရဲကာ စိုရွှဲသွားသည်။ ကိုသိန်း သူ့ပုဆိုးအောက်နားကို တစ်ထွာလောက် ပတ်ပတ်လည် ဖြဲချလိုက်ပြီး ဓားဒဏ်ရာကို အဝတ်စုတ်နှင့် ဖိထားသည်။

''ငါ မသတ်ပါဘူးကွာ၊ မတော်တဆဖြစ်သွားတာပါ။ ငါ့ တစ်သက်လုံး သူများကို နာကျင်အောင် မလုပ်ခဲ့ဖူးပါဘူး။ အခု ငါ ဘာလုပ်ရမလဲ''

ကိုသိန်း ငိုသံပါကြီးနှင့် အော်ပြောနေသည်။ လက်ထဲက အဝတ်ရွှဲရွှဲစိုကာ သွေးတွေအပြင်သို့ စီးထွက်လာသည်။ ကိုသိန်း တဲဆီသို့ အမြန်ပြေးကာ တွေ့သမျှ ပုဆိုးအကျႌတွေ ကောက်ဆွဲလာပြီး သံလုံး လည်ပင်းမှာ ဖိထားသည်။ သံလုံး ပါးစပ်ကညည်းညူနေသည်။ အသံက မသဲကွဲတော့။ ကိုသိန်း သံလုံးကိုပွေ့ချီကာ တဲဆီ သယ်ယူလာပြီး ကွပ်ပျစ်ပေါ်တင်သည်။

သံလုံး ငြိမ်၍နေသည်။ ဘုရား ဘုရား။ သေများ သွားပြီလား။ လက်ကောက်ဝတ်သွေးစမ်းကြည့်သည်။ ရင်ဘတ်စမ်းကြည့်သည်။ မျက်စိဖြဲကြည့်သည်။ မသိ။ သေသလား ရှင်သလား၊ မေ့မျောနေတာလား။ အသက်ရှူသေးလား။ စောင့်ကြည့်သည်။ ဘုရား ဘုရား မသေပါစေနဲ့။ အကြာကြီး ထိုင်စောင့်ကြည့်နေသည်။ အသက်မရှူ။ လုံးဝ မလှုပ်။ သံလုံး သေချေပြီတကား။

ငါ မှားပြီ။ သည်ကိစ္စဘယ်လိုလုပ်မလဲ။ သံလုံးတို့ရွာက တံငါတွေလာလျှင် ဘယ်လိုရှင်းမလဲ။ ဖျားပြီး သေသည်ဟုပဲ ဆိုရမည်။ ဘယ်လိုမှ ယုံမည်မဟုတ်။ မယုံလျှင်လည်း မတတ်နိုင်။ အလောင်းဖော်ကြည့်လည်း အဲဒီအချိန်ကျ အသားတွေ ဆွေးရော့မည်။ ဓား ဒဏ်ရာ တွေ့ရတော့မည်မဟုတ်။ ကိုသိန်း သံလုံးအလောင်းကို မြေမြှုပ်ရန် တဲပြင်ထုတ်လာသည်။ ငါမှားသည်။ ငါ့အမှားပဲ။ ငါ လောဘကြီးလို့ ဖြစ်ရတာ။ ငါ စိတ်ကောင်းမရှိလို့ ဖြစ်ရတာ။ သံလုံးဟာ လူကောင်းကလေးပဲ။

သူဌေးသားဘဝက မလိမ္မာလို့ မွဲသွားတဲ့ ကောင်လေး။ သားတွေ သမီးတွေလည်းရှိသေး။ ငါက ဒီပစ္စည်းတွေရောင်းပြီး ဘာလုပ်မလဲ။

ဘယ်အရပ်သွားနေမလဲ စောင့်မျှော်နေမည့် သားမယား မရှိ။ အဖေ အမေလည်း ကွယ်လွန်ပြီး ကိုယ့်ကို စေတနာထားမယ့် ဆွေမျိုးရင်း လည်း မရှိတော့ ခင်ရာဆွေမျိုး၊ သည်အရပ်က သည်လူတွေနှင့် သွေးမတော် သားမစပ်ပေမယ့် ဆွေမျိုးရင်းချာလို ရင်းရင်းနှီးနှီး အကျွမ်းတဝင် နေလာခဲ့သည်။

အခုတော့ ဒီနေရာမှာ ဆက်နေဖို့ မဖြစ်နိုင်ပြီ။ ကိုသိန်း သံလုံး အတွက် တွင်းတူးစရာရှာသည်။ ဓားတစ်လက် ကောက်ကိုင်ကြည့် လိုက်ရသည်။ သံလုံးကို ခုတ်ခဲ့သောဓား သွေးတွေ စေးထန်းလျက်။ ငါ လူသတ်ခဲ့ပြီ။ လူသတ်သမား။ ခြေကျိုးနေသည့်လူကို ဓားနဲ့ ခုတ် ခဲ့သည်။ ငါ အရူး၊ အလကားကောင်။ ခေါင်းထဲမှာ ထုံ၍နေသည်။ အလကားပဲ သွားပြီ။ ပြီးပြီ။ ဓားကို ပစ်ချပြီး တဲထဲဝင်သွားသည်။

ကွပ်ပျစ်မှာ အကြာကြီးထိုင်ပြီး ငေးနေသည်။ သွားပြီ မရတော့ ဘူး။ ဘယ်ပြေးမလဲ။ ရွာကလူတွေ၊ တံငါတွေ၊ သံလုံး မယား ကလေး တွေ၊ ကိုသန်းအောင်ကို ကိုဘိုးညွန့်တို့ လူတွေ လူတွေ လူ့တံတိုင်း ကြီး ဝိုင်းနေသည်။ ငါသွားပြီ။ ပြီးပြီ။

တဲထဲမှာ ကြိုးတွေ၊ နိုင်လွန်ကြိုးခွေတွေ အကြီးအသေးမျိုးစုံ လက်ညှိုးလုံး၊ လက်သန်းလုံးမှ လက်ကျင်းဝတ်လောက်ထိ အရွယ် အစားစားရှိသည်။ အခွေလိုက် အခွေလိုက်၊ အပုံလိုက် အပုံလိုက် အတိုရှိသည်၊ အရှည်ရှိသည်။ လက်ညှိုးအရွယ် နိုင်လွန်ကြိုးခပ်တိုတို တစ်ချောင်းကို ဆွဲယူကာ အပြင်ဘက်ထွက်လာသည်။ သူ့စိတ် တည် ငြိမ်နေသည်။ သို့မဟုတ် သူ့မှာ စိတ်ဆိုတာ မရှိတော့။ စက်ရုပ်တစ်ခု လို သူလှုပ်ရှားသည်။ သည်အလုပ်က အလွန်လွယ်ကူသော အလုပ်၊

အသိဉာဏ်ကင်းမဲ့ချိန်မှာ လုပ်နိုင်သောအလုပ်။ ကိုသိန်း နိုင်လွန်ကြိုးဖြင့် ကွင်းလျှောကလေးတစ်ခု လုပသေသပ်စွာ လုပ်လိုက်သည်။ ဆွဲကြည့်လိုက်လျှင် လျှောခနဲ အထစ်အငေါ့မရှိ။ လက်မှုအတတ်မှာ မကျွမ်းကျင်ခဲ့သော၊ တစ်သက်လုံးလည်း ဘယ်နေရာမှ အောင်မြင်မှုမရခဲ့သော ကိုသိန်း၏ ဘဝမှာ အအောင်မြင်ဆုံး၊ အပိရိဆုံး၊ အသေသပ်ဆုံး လက်ရာ။

....

တစ်လခန့်အကြာ ကျွန်းသို့ ပထမဆုံးစက်လှေဆိုက်ရောက်လာသည်။ သံလုံးတို့ရွာက တံငါများ၊ ကျွန်းမှာ တိတ်ဆိတ်လွန်းသဖြင့် စိုးရိမ်မကင်းဖြစ်သွားကြသည်။ သံလုံးရေ၊ ဟေ့ သံလုံး ဗျို့ ကိုသိန်း အော်ခေါ်ရင်း တဲဘေးသို့ပြေးလာကြသည်။ တဲဘေးတွင် များစွာမခြောက်သွေ့သေးသည့် အရိုးစုတစ်ခုတွေ့ကြသည်။

ထို့နောက်။

တဲနှင့်မလှမ်းမကမ်းဆီက သစ်ကိုင်းနိမ့်နိမ့်တစ်ခုမှာ လေတိုက်တိုင်း လွှဲလွှဲနေသည့် အရိုးစုတစ်ခု။

''ကျုပ် သတ္တိသိပလားဗျို့'' ဟုသွားကြီးဖြီးကာ ရယ်မောပြောဆိုနေသလို။

# (၆၃)
# လူငယ်လူမိုက် ခေါ်ထိုက်သူဟူသည်

သော စ ကာမေ ပရိဘုဉ္ဇတိ၊ ကာမ မဇ္ဈေ ဝသတိ၊ ကာမ ပရိဠာ ဟေန ပရိဍယှတိ၊ ကာမ ဝိတက္ကေဟိ ခဇ္ဇတိ၊ ကာမ ပရိယော သနာယ ဥသုက္ကော၊ အထခေါ ဗာလော န ထေရော တွေဝ သင်္ချံ ဂစ္ဆတိ။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုကနိပါတ်၊ သမစိတ္တဝဂ်၊ သတ္တမသုတ်)

အကြင်သူသည် အသက်အရွယ်ကြီးမားစေကာမူ ကာမဂုဏ် တို့ကို သုံးဆောင်ခံစားသူ၊ ကာမဂုဏ်အလယ်၌နေသူ ကာမတည်းဟူသော အပူလောင်ခံရသူ၊ ကာမကြံစည်မှု ဝိတက် အကိုက်ခံနေရသူ၊ ကာမရှာမှီးရန် လှုံ့လပြုသူဖြစ်ခဲ့မူ ထိုသူသည် လူမိုက်လူငယ်ဟူသော ရေတွက်ခြင်းသို့ ရောက်၏။

နှပ်။ ။ တဏှာရဲ့ ဆိုးကျိုးကို ထောင့်မျိုးစုံကမြင်အောင် ဘုရားဟော သာဓကသာ မကဘူး။ ဒီနေ့ခေတ် လက်တွေ့သာဓကတွေကို ပါ ရှာဖွေပြောပြပြီးပြီ။ အခု မင်းဖတ်ခဲ့ရတဲ့ ဆရာဖေမြင့်ရဲ့ ကျွန်းဆိုတဲ့ ဝတ္ထုဟာ တဏှာရဲ့ဆိုးကျိုးကို ကွက်ကွက်ကွင်း

ကွင်းပေါ်အောင် ပြနိုင်ခဲ့တာပဲ။

သန်း။ ။ဟုတ်တယ် ဘုရား။ တပည့်တော်က ခေတ်ဝတ္ထုဆိုရင် ကိလေသာပွားကြောင်းချည်းပဲလို့ ထင်နေခဲ့တာ။ တပည့်တော် အမြင်မှားမှန်း ဆရာဖေမြင့်ရဲ့ဝတ္ထုကို ဖတ်ကြည့်မှ သိတော့တာပဲ။

နုပ်။ ။ ဘဝကို ပြုပြင်ပေးတဲ့ ဝတ္ထုတွေအများကြီး ရှိပါတယ်။ မဖတ်ကောင်းတဲ့ စာလို့ မရှိပါဘူး။ လိုက်ပြီး မကျင့်ကောင်းတဲ့ စာတော့ရှိပါတယ်။

*စာအုပ်စာစောင်၊ တွေ့မရှောင်၊*
*ဆုံးအောင် ဖတ်ရှုပါ။*
*မကောင်းရှောင်ပယ်၊ ကောင်းဆောင်ကွယ်၊*
*မှတ်ဖွယ်သင့်ဝန်တာ။*

ဆိုတဲ့ အဆုံးအမအတိုင်းကျင့်ပေါ့ကွာ။ စကားစပ်လာလို့ မင်းကို စာဖတ်နည်းသုံးမျိုးကို ပြောပြဦးမယ်။

သန်း။ ။အမိန့်ရှိပါဘုရား။

နုပ်။ ။ ပိုပြီးစိတ်ဝင်စားစရာကောင်းအောင် ငါ့ကို စာနဲ့ လှမ်းဆဲတဲ့ ကိုယ်တော်တစ်ပါးအကြောင်း ပြောပြမယ်။

အဲဒီကိုယ်တော်က တောထွက်တစ်ပါးပါ။ သူဟာ စာပေပို့ချသင်ကြားခြင်းလည်း မလုပ်ဘူး။ တရားအားထုတ်ခြင်းလည်း မလုပ်ဘူး။ ဒါပေမဲ့ ကျောင်းထိုင်ဘုန်းကြီး သိပ်ဖြစ်ချင်နေတယ်။ တကယ်တော့ ကျောင်းထိုင်ဘုန်းကြီးလုပ်တယ်ဆိုတာ သာသနာအတွက် အကြီးမားဆုံး တာဝန်တစ်ခုကို ထမ်းဆောင်ဖို့ပါ။ အကြီးမားဆုံး ကာမဂုဏ်တွေကို ခံစားဖို့

မဟုတ်ပါဘူး''

''သူ့အမည်ကိုတော့ ဦးဒီပလို့ပဲ ထားလိုက်ပါ။ ဦးဒီပက တော့ ကျောင်းထိုင်ဘုန်းကြီးနေရာကို အကြီးမားဆုံး ကာမ ဂုဏ် ခံစားတဲ့နေရာလို့ ယူဆထားတယ်။ ကာမဂုဏ်ဆိုလို့ ဗိုန္နမ တွေ့ထိခံစားတာ တစ်ခုတည်းလို့ မယူဆပါနဲ့။ ဗိုန္နမ တွေ့ထိ ခံစားတာဟာ ဖောဋ္ဌဗ္ဗာရုံထဲမှာပါသလို နူးညံ့တဲ့ သင်္ကန်းကို ဝတ်ရုံတာ။ နူးအိနေတဲ့ အိပ်ရာထက်မှာ အိပ်တာ ဟာလည်း ဖောဋ္ဌဗ္ဗာရုံကို ခံစားတာပါပဲ''

''အဲဒီ ဦးဒီပက တို့ဆီကို စာရေးပြီး ကျောင်းတစ်ကျောင်း ပေးဖို့ တောင်းတယ်။ တို့က မပေးနိုင်ကြောင်း စာပြန်လိုက် တယ်။ သူ ကျောင်းအလှူခံတာကို မပေးရမလားဆိုပြီး နောက် စာတစ်စောင်ကျတော့ ငါ့ကိုဝေဖန်တော့တာပဲ။ စာပေစကားနဲ့ ပြောရင်တော့ ဆဲတာပဲပေါ့''

သန်း။ ။ဘယ်လိုများ ဝေဖန်သလဲဘုရား။

နုပ်။ ။ အရှင်ဘုရားဟာ လောဘကြီးသူဖြစ်တယ်တဲ့။ ပြီးတော့ မိမိ လှူခဲ့တဲ့ အလှူတွေကို စာထဲမှာ ထည့်ရေးတဲ့အတွက် ကိုယ့် ဂုဏ် ကိုယ်ဖော် မသူတော်သာဖြစ်တယ်တဲ့။

သန်း။ ။ဟာ ... တော်တော်ရက်ရက်စက်စက်ကို ဝေဖန်တာပါလား ဆရာတော်။ ဒီလို ဝေဖန်တော့ ဆရာတော် ဘယ်လိုခံစားရ သလဲ။ ပြီးတော့ ပြန်ပြီး ချေပသေးသလား။

နုပ်။ ။ ဘယ်လိုမှ မခံစားရပါဘူး။ သတ္တဝါဝေနေယျအားလုံးကို မေတ္တာထားတဲ့ ဘုရားရှင်တောင် အကြိမ်ကြိမ် အစွပ်စွဲခံ၊

အဆဲခံရသေးတာပဲ။ ဘာမှမဟုတ်တဲ့ ငါလို သာမညရဟန်း တစ်ပါးက ပိုပြီး အစွပ်စွဲခံရမှာပေါ့။ အဲဒီလိုဖြေလိုက်တဲ့အတွက် ဘယ်လိုမှ မခံစားရတာပါ။

သူစွပ်စွဲသလို မဟုတ်မမှန်တဲ့အကြောင်း ပြန်ပြီးချေပ ပါတယ်။ သူက ကျောင်းတောင်းတာ မပေးတဲ့အတွက် တို့ကို လောဘကြီးသူလို့စွပ်စွဲတယ်။ နှမြောလို့ မပေးတာကို လောဘ ကြီးသူလို့ စွပ်စွဲလို့ရပေမယ့် မပေးသင့်လို့ မပေးတာကိုတော့ လောဘကြီးသူလို့ မစွပ်စွဲနိုင်ပါဘူး။

အရှင်ဒေဝဒတ်ဟာ သာသနာကို သူ့အား လွှဲအပ်ပါဆိုပြီး တော့ ဘုရားရှင်ထံမှာတောင်းတယ်။ ဘုရားရှင်က သာသနာ ကို မလွှဲအပ်တဲ့အပြင် ဘာပြောလိုက်သလဲဆိုတော့ "ငါဘုရား သည် အဂ္ဂသာဝကများဖြစ်ကြတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင် မောဂ္ဂလ္လာန်တို့ကိုတောင် ဒီသာသနာကိုလွှဲအပ်ခြင်း မပြုသေး တာ။ သင့်လို ဒကာ၊ ဒကာမထွေးတဲ့ တံတွေးကို မျိုချနေသူ အား အဘယ်မှာ သာသနာကို ပေးအပ်ပါမည်နည်း" တဲ့။

ဒီနေရာမှာ ဘုရားရှင်က အရှင်ဒေဝဒတ် တောင်းတဲ့ သာသနာကို ဘာကြောင့် မပေးရသလဲဆိုရင် အကျိုးမရှိလို့ ပါပဲ။ လောဘ၊ ဒေါသအားကြီးတဲ့အရှင်ဒေဝဒတ်ကို သာသနာ လွှဲအပ်လိုက်ရင် ကောင်းကျိုးထက် ဆိုးကျိုးတွေ ပိုဖြစ်မှာပါ။ ဒါကြောင့် သာသနာကို မလွှဲအပ်တာပါ။ နှမြောလို့ မဟုတ် ပါဘူး။

ထို့အတူ ဦးဒီပတောင်းတဲ့ ကျောင်းကို မပေးတာဟာ

လည်း ကောင်းကျိုး မရှိနိုင်လို့ပါ။ နမြောလို့မဟုတ်ပါဘူး။ တကယ်နမြောတဲ့သူဆိုတာ ဘယ်တော့မှ ပေးတယ်ကမ်းတယ် ဆိုတာ မရှိပါဘူး။ ဦးဒီပက ကော့သောင်းနဲ့ မြိတ်မှာတင် တပည့်တော်ရဲ့ ကျောင်းခွဲတွေရှိတာလို့ ထင်ခဲ့တာပါ။ တကယ်တော့ ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်ထဲမှာလည်း ကျောင်းတစ်ကျောင်းရှိပါတယ်။

အဲဒီကျောင်းကို လှူပါရစေလို့ ပြောကတည်းက အကျင့်လည်းကောင်း၊ တရားလည်းပြနိုင်တဲ့ ဆရာတော်လေးတစ်ပါးကို တစ်ခါတည်း လွှဲအပ်ပြီးပါပြီ။ တပည့်တော်ဟာ သဒ္ဓါတင် ရှိတာ မဟုတ်ပါဘူး။ တွေးခေါ်မြော်မြင်တတ်တဲ့ ပညာပါရှိတယ်။ သာသနာအတွက် လောကအတွက် ကျေးဇူးများမယ့်နေရာဆိုရင် အလှူခံစရာမလိုဘူး။ ကိုယ်ကိုယ်တိုင်အလှူခံကို လိုက်ရှာပြီး လှူတယ်။

အဲ ...သာသနာအတွက်၊ လောကအတွက် ကျေးဇူးမများဘူးလို့ သိထားရင်တော့ လာပြီးအလှူခံတောင် မလှူပါဘူး။ တပည့်တော်ရဲ့ ကျောင်းတွေဟာ ရိပ်သာကျောင်းတွေပါ။ ကျောင်းထိုင်သူဟာ မိမိကိုယ်တိုင် တရားရှိဖို့၊ တရားသိဖို့ လိုသလို သူတစ်ပါးကိုလည်း ဟောပြောပြသနိုင်စွမ်း ရှိရပါမယ်။

ဦးဒီပကတော့ ငွေရှာပြီး သားမယားတွေကို ထောက်ပံ့နေတယ်လို့ သိရတယ်။ ဒီလိုကိုယ်တော်မျိုးကို ကျောင်းလှူလိုက်ရင် သာသနာပြုရာမရောက်ဘဲ သာသနာကို ဖျက်ရာတောင်

ရောက်သွားနိုင်ပါတယ်။ ဒါကြောင့်လည်း မလှူခဲ့တာပါ။

ဒုတိယစွပ်စွဲချက်က လှူခဲ့တန်းခဲ့တာတွေ စာအုပ်ထဲရေးတဲ့အတွက် ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်တဲ့။ ဒါကိုလည်း ရှင်းပါ့မယ်။ စာဖတ်နည်းဟာ သုံးနည်းရှိပါတယ်။ စာရေးဆရာနောက်ကလိုက်ဖတ်သူ၊ စာရေးဆရာနဲ့ ရင်ဘောင်တန်းဖတ်သူ၊ စာရေးဆရာထက် ကျော်ဖတ်သူတို့ပါပဲ။

စာရေးဆရာ နောက်က လိုက်ဖတ်သူဆိုတာ စာရေးသူရေးသလောက်ပဲသိတယ်။ ဒီအကြောင်းရေးသားရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ စေတနာကိုမသိဘူး။ ဒီစာဖတ်နည်းကို စာရေးဆရာနောက်က လိုက်ဖတ်နည်းလို့ ခေါ်ပါတယ်။ စာဖတ်နည်းထဲမှာ အဆင့်အနိမ့်ဆုံးပါ။ ဦးဒီပက စာဖတ်အားကောင်းတဲ့အကြောင်း တပည့်တော်ကိုပြောဖူးတယ်။ ဘယ်လောက်စာဖတ်အားကောင်းကောင်း ရေးသလောက်ပဲ သိတယ်ဆိုရင်တော့ အဆင့်အနိမ့်ဆုံး စာဖတ်နည်းပါပဲ။

''ကိုယ့်ရဲ့ ကောင်းဂုဏ်ဆိုတာ အများအတွက် အကျိုးရှိမယ်ဆိုရင် ဖော်သင့်က ဖော်ရပါတယ်။ ဂုဏ်ကို ဖော်တိုင်း မသူတော်လို့ မသတ်မှတ်ရပါဘူး။ ရည်ရွယ်ချက်မကောင်းမှသာ မသူတော်လို့ သတ်မှတ်ရတာပါ။ ယထာဝါဒီ တထာကာရီ ပြောတဲ့အတိုင်း တကယ်လုပ်တဲ့သူ။ ယထာကာရီ တထာဝါဒီ လုပ်တဲ့အတိုင်း တကယ်ပြောတဲ့သူတွေဟာ သူတော်ကောင်းတွေပါ။ ဒါကြောင့် မင်းကွန်းတိပိဋကဆရာတော်ကြီးက ...

**မလုပ်မပြော လုပ်မှပြော၊**
**သဘောစင်လှစေ၊**
**အပြောသာရဲ့ အလုပ်မဲ့**
**ကဲ့ရဲ့ မလွတ်ချေ။**

လို့ ဆုံးမခဲ့တာပေါ့။ မြတ်စွာဘုရားဟာ အလောင်းတော် ဘဝပါရမီ ဖြည့်ခဲ့ပုံတွေ၊ ဝေဿန္တရာမင်းဘဝက သားသမီး တွေနဲ့ မယားအား လှူခဲ့ပုံတွေ၊ သိဝိမင်းဘဝတုန်းက မျက်စေ့ နှစ်လုံး ထုတ်လှူခဲ့ပုံတွေကို ဟောခဲ့ပါတယ်။ အဲဒီလို ဂုဏ် တွေကို ကိုယ်တော်တိုင် ဖော်ပြောတဲ့အတွက် ဘုရားရှင်ကို ဦးဒီပက မသူတော်လို့ ပြောရဲမလား။

ပြောရင် အဝီစိငရဲဆင်းရုံပဲရှိတယ်။ တကယ်တော့ ဘုရားရှင် က လှူခဲ့တန်းခဲ့တာတွေ ထုတ်ပြောတယ်ဆိုတာ အထင် ကြီးစေချင်လို့ မဟုတ်ဘူး။ ဗုဒ္ဓလှူသလို လှူစေချင်လို့ ဟော တာပါ။ ဒါကြောင့် ဂုဏ်ဖော်သူတိုင်းကို မသူတော်လို့ ပြောလို့ မရပါဘူး။ အထင်ကြီးစေချင်တဲ့ စိတ်နဲ့ပြောရင် မသူတော်လို့ သတ်မှတ်နိုင်ပေမယ့် မိမိလှူသလို သူတစ်ပါးလည်း လိုက်လှူ စေချင်တဲ့ စေတနာမျိုးနဲ့ ပြောတာကျတော့ အမြင်ကျယ်တဲ့ သူတော်ကောင်းလို့တောင် ပြောသင့်ပါတယ်။

တပည့်တော် နွမ်းပါးသူတွေကို မျက်စေ့ရောဂါ ခွဲစိတ် လှူတဲ့အကြောင်းကို ထည့်ရေးခဲ့လို့ အခုဆိုရင် အနယ်နယ် အရပ်ရပ်မှာ မျက်စေ့ခွဲစိတ်လှူပေးတဲ့ အလှူရှင်တွေ အများ ကြီး ပေါ်လာတယ်။ တပည့်တော် လှည်းကူးမြို့နယ်၊ မရမ်း

ချောင်းရွာနဲ့ မတ္တရာမြို့နယ်၊ နွံသာမြိုင်ရွာက အနာကြီးရောဂါသည်တွေကို လှူဒါန်းခဲ့တဲ့အကြောင်းတွေ ထည့်ရေးခဲ့လို့ အခုဆိုရင် ဗုဒ္ဓဘာသာတွေဟာ အနာကြီးရောဂါသည်ရွာတွေကို ကိုယ်တိုင်သွားပြီး လှူဒါန်းထောက်ပံ့နေကြပြီ။

နွမ်းပါးတဲ့အတွက် ဆေးတက္ကသိုလ် ဆက်မတက်နိုင်တဲ့ ကျောင်းသား ၆၆–ယောက်နဲ့ အခြားတက္ကသိုလ် ကျောင်းသား ၅၅–ယောက်တို့ကို ကျောင်းစရိတ် လစဉ် ထောက်ပံ့ကြေးဟာ ၅၅–သိန်းအထက်မှာ ရှိတယ်။ အဲဒီအကြောင်းကို ဖတ်ကြရတဲ့ သူတွေဟာ အခုဆိုရင် ကိုယ့်အရပ် ကိုယ့်ဒေသက နွမ်းပါးတဲ့ ကျောင်းသားများကို ထောက်ပံ့လာကြပြီ။ တပည့်တော် ဒီလို ထည့်ရေးရတဲ့ ရည်ရွယ်ချက်အောင်မြင်တယ်လို့ ဆိုရမှာပေ့ါ။ စရေးကတည်းက ဒီရည်ရွယ်ချက်နဲ့ ရေးခဲ့တာပါ။

"ဒါကြောင့် စာဖတ်တဲ့အခါ စာရေးသူနောက်က လိုက်မဖတ်ဘဲ စာရေးသူနဲ့ ရင်ဘောင်တန်းပြီး ဖတ်စေချင်ပါတယ်။ စာရေးသူနဲ့ ရင်ဘောင်တန်းဖတ်တယ်ဆိုတာ စာရေးသူရဲ့ ရည်ရွယ်ချက်နဲ့ စေတနာကိုသိပြီး ဖတ်တာကို ပြောခြင်းပါ။ စာရေးသူကို ကျော်ပြီးဖတ်တယ်ဆိုတာကတော့ ဘယ်လိုစာမျိုးကိုဖတ်ဖတ် အနတ္တအထိ ဆိုက်အောင် ဖတ်သွားတာမျိုးပါ။ အဲဒါ ဦးဒီပဆီကို ငါလှမ်းရေးလိုက်တဲ့အတိုင်း မင်းကို ပြန်ပြောပြတာပဲ"

သန်း။ ။စာဖတ်သူတိုင်း သိထားသင့်တဲ့အချက်တွေပါဘုရား။ အဆင့်အမြင့်ဆုံးဖြစ်တဲ့ စာရေးသူကို ကျော်ဖတ်ခြင်း သို့မဟုတ်

အနတ္တထိ ဆိုက်အောင်ဖတ်နည်းကို တပည့်တော်တို့ လူငယ်တွေ နားလည်အောင် လက်တွေ့သာဓကတစ်ခုလောက်နဲ့ အကျယ် ရှင်းပြပါဘုရား။

နုပ်။ ။ ဟုတ်တယ်။ ဒီအကြောင်းအရာဟာ အကျယ်သိသင့်တယ်။ ဒီတော့ အနတ္တဆိုက်အောင် စာဖတ်သူလူတစ်ယောက် အကြောင်းရယ်၊ အနတ္တဆိုက်သွားပုံရယ်ကို ခွဲပြောပြမယ်။ ဒကာကြီးတစ်ယောက်ဟာ နယ်စပ်မြို့တစ်မြို့မှာ တာဝန်ကျတယ်။ သူ့တာဝန်က တစ်ဖက်နိုင်ငံကူးသွားခွင့် လက်မှတ်ကို ထုတ်ပေးရတာပဲ။

ဒီလောက်ပြောလိုက်ရင် သူ့လုပ်ငန်းဟာ ငွေဘယ်လောက်ထိ ရနိုင်တယ်ဆိုတာ မင်း မှန်းကြည့်မိလောက်ပြီ။ အဲဒီအချိန်မှာပဲ သူဟာ ငါရေးတဲ့ မဂ်တားဖိုလ်တားအန္တရာယ်များဆိုတဲ့ ဝိပဿနာအလုပ်ပေးစာအုပ်လေးကို ဖတ်မိသွားတယ်။ အဲဒီစာအုပ်လေး ဖတ်ပြီးသွားတာနဲ့ သူဟာ မတရားသောနည်းနဲ့ ရတဲ့ငွေတွေကို မယူချင်တော့ဘူး။

ဒါကြောင့် ငွေတွေ သိန်းနဲ့ချီပြီး ရနိုင်တဲ့အလုပ်ကနေ အပြီးအပိုင်ထွက်သွားပြီး အခုဆိုရင် ရန်ကုန်မှာ တက္ကစီ မောင်းစားနေတယ်။ သက္ကာယဒိဋ္ဌိက မီးပုံကြီးနဲ့ တူတယ်။ ဒုစရိုက်ဒုရာဇီဝတွေက ထွက်လာတဲ့အရောင်နဲ့ တူတယ်။ မီးပုံကြီးလေ မီးရောင်ကြီးမားလေ ဖြစ်သလို သက္ကာယဒိဋ္ဌိအားကြီးလေ အကုသိုလ်ပိုလုပ်လေပဲ။ မီးပုံသေးလေ မီးရောင်သေးလေ ဖြစ်သလို၊ သက္ကာယဒိဋ္ဌိသေးလေ အကုသိုလ် အလုပ်နည်း

လေပဲ။

မီးပုံမရှိရင် မီးရောင်မရှိတော့သလို သက္ကာယဒိဋ္ဌိ ကိလေသာမရှိတော့ရင် ဒုစရိုက် ဒုရာဇိဝဆိုတဲ့ အကုသိုလ် အလုပ်တွေလည်း မရှိတော့ဘူး။ ဒီအမြင်နဲ့ကြည့်ရင် စောစောက ဒကာကြီးသန္တာန်မှာ သက္ကာယဒိဋ္ဌိကိလေသာကြီး မရှိတော့လို့ဆိုတာ သေချာသလောက်ပဲ။ ဒီကိစ္စကို သေချာသိနိုင်တာကတော့ ဘုရားရှင်ပါပဲ။ ငါတို့တတွေကတော့ အကျိုးတရားကိုကြည့်ပြီး အကြောင်းတရားကို မှန်းဆပြောရတာပေါ့။

အခုအနတ္တဆိုက်ပုံအကြောင်းကို ဆက်ပြောမယ်။ ဗုဒ္ဓက မောဃရာဇသုတ်မှာ အခုလိုဟောထားတယ်။

*သုညတော အဝေက္ခဿု လောကဿ မောဃရာဇ သဒါသတော၊ အတ္တာနုဒိဋ္ဌိံ ဉဟစ္စ ဝေံမစ္စုတရောသိယာ၊ ဝေံလောကံ အဝေက္ခန္တံ မစ္စုရာဇာ နပဿတိ။*

မောဃရာဇ၊ လောကသုံးပါးကို သုညဖြစ်အောင် ဝိပဿနာဉာဏ်နဲ့ ကြည့်ရှုပါ။ ဒီလို ကြည့်ရှုတဲ့အခါမှာ ငါစွဲ အတ္တဒိဋ္ဌိကိုလည်း ဉာဏ်နဲ့ ပယ်နှုတ်ထားပါ။ အဲဒီလို လောကသုံးပါးကို သုဉ်းဆိတ်သွားအောင် သို့မဟုတ် အနတ္တဆိုက်သွားအောင် ကြည့်နိုင်ရင် သေမင်းဟာ သင့်ကို မမြင်တော့ဘူးတဲ့။ သေမင်းမမြင်တော့ဘူးဆိုတာက ငါဆိုတာ မရှိတဲ့အတွက် ငါမသေတော့ဘူး။ ရုပ်နာမ်သေတာလို့ နားလည်သွားတာမျိုးပေါ့။

သောတာပန်တည်ပြီးတာနဲ့ ဒီတိုင်းနေမှာမှ မဟုတ်တာ။

အထက်မဂ်ကို ဆက်တက်မှာပဲ။ လေးမဂ်လေးဖိုလ်ရလို့ ရဟန္တာဖြစ်သွားပြီဆိုရင် နောက်ထပ် သေစရာဘဝမရှိတော့ဘူး။ အဲဒါကိုပဲ သေမင်းမမြင်တော့ဘူးလို့ ဆိုလိုရင်း ရှိပါတယ်။

## လောကသုံးပါးကို သုညဖြစ်အောင်ကြည့်ပုံ

လောကဟာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကလို့ သုံးပါးရှိတယ်။ သတ္တလောကဆိုတာ လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ သတ္တဝါတွေကို ပြောတာ။ ဩကာသလောကဆိုတာ အဲဒီသတ္တဝါတွေနဲ့ တော၊ တောင်ရေမြေ၊ ဘုံ၊ ဗိမာန်စတဲ့ အရာဝတ္ထုတွေကို ခေါ်တယ်။

သတ္တဝါတွေ သန္တာန်မှာ ရှိနေတဲ့ ရုပ်နာမ်နှစ်ပါးကိုတော့ သင်္ခါရလောကလို့ခေါ်တယ်။ ဖောက်ပြန်တဲ့ သဘောတရားအစုကို ရုပ်လို့ခေါ်တယ်။ အာရုံကို သိတတ်တဲ့ သဘောတရားအစုကိုတော့ နာမ်လို့ခေါ်တယ်။ သက်ရှိ သက်မဲ့အားလုံးကို တူရာ တူရာပေါင်းကြည့်ရင် ရုပ်နဲ့ နာမ်ပဲ ရှိတယ်။

လက်တွေ့ပေါင်းကြည့်ရအောင်။ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ အားလုံးနဲ့ ဗိမာန်အားလုံးဟာ သက်မဲ့ရုပ်တရားတွေဖြစ်လို့ ရုပ်ဆိုတဲ့ အပုံထဲမှာ ထည့်လိုက်ပါ။ လူ၊ နတ်၊ ဗြဟ္မာ အပါယ်ဘုံသားဆိုတဲ့ သတ္တဝါတွေမှာကျတော့ ရုပ်နဲ့ နာမ်တွဲနေတယ်။ အဲဒီတော့ ခွဲပစ်ရမယ်။ သိတတ်တဲ့ နာမ်တရားကို ခွဲပြီး တစ်ပုံပုံလိုက်ပါ။

နာမ်တရား မရှိတော့ဘူးဆိုတာနဲ့ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာ၊ အပါယ်ဘုံသား ခန္ဓာတွေဟာ တော၊ တောင်၊ ရေမြေစတဲ့ သက်မဲ့ရုပ်တွေနဲ့ အတူတူဖြစ်သွားတယ်။ ဒါကြောင့် ၃၁–ဘုံသား သက်မဲ့ရုပ်အလောင်းတွေကို ရုပ်ချင်းတူတဲ့အတွက်ကြောင့် စောစောက ရုပ်အပုံထဲမှာ ပေါင်းထည့်ပါ။

ဒါဆိုရင် ၃၁–ဘုံ သက်ရှိသက်မဲ့အားလုံး တူရာပေါင်းပြီးပါပြီ။ တူရာပေါင်းလိုက်တော့ ရုပ်နဲ့ နာမ်ပဲရှိတယ်။ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ တော၊ တောင်၊ ရေမြေဆိုတာတွေ မရှိတော့ဘူး။ ရုပ်နာမ်ဆိုတဲ့ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တာနဲ့ ဩကာသလောကနဲ့ သတ္တလောကနှစ်ခုလုံး မရှိတော့ဘူးလို့ ဆိုလိုတယ်။

ဒါပေမဲ့ ရုပ်၊ နာမ်ဆိုတဲ့ သင်္ခါရလောက ကျန်နေတယ်။ သူ့ကိုလည်း သုညတဆိုက်အောင် ဉာဏ်နဲ့ ကြည့်ရမယ်။ နာမ်တရားကို စပြောမယ်။ စောစောက ပြောခဲ့တဲ့ နယ်စပ်က အရာရှိကြီးဟာ စာအုပ်ကို ဖတ်နေတယ်။ စာအုပ်ထဲက စာလုံးတွေကို ဖတ်နေ၊ ကြည့်နေတယ်။ ဒီစာလုံးတွေက ရူပါရုံလို့ခေါ်တဲ့ အဆင်းရုပ်ပေါ့။ အဲဒီ စာလုံးဆိုတဲ့ အဆင်းရုပ်က သူ့ရဲ့ မျက်စေ့အကြည်ရုပ်ကို သွားတိုက်တယ်။ အဲဒီမှာ မြင်သိစိတ် ပေါ်လာတယ်။ အဆင်းရုပ်နဲ့ မျက်စေ့အကြည်ရုပ်က ရူပက္ခန္ဓာပေါ့။ သူက ရုပ်တရား။

မြင်သိစိတ်က ဝိညာဏက္ခန္ဓာ နာမ်တရား မြင်သိစိတ်နဲ့အတူ

ဖဿ= အာရုံကို တွေ့ထိသော သဘောတရား

ဝေဒနာ= အာရုံ၏ အရသာကို ခံစားခြင်းသဘောတရား
သညာ= အာရုံကို မှတ်သားခြင်းသဘောတရား
စေတနာ= ကြည့်ဖြစ်အောင်၊ နားထောင်အောင် တိုက်တွန်းခြင်း သဘောတရား
ဧကဂ္ဂတာ= အာရုံ၌ တည်ကြည်ငြိမ်သက်ခြင်း သဘောတရား
ဇီဝိတိန္ဒြေ = နာမ်တရားတို့ကို စောင့်ရှောက်ခြင်းသဘောတရား
မနသိကာရ= အာရုံကို နှလုံးသွင်းခြင်း သဘောတရား

စေတသိက် ခုနစ်လုံးတွဲဖြစ်တယ်။ ဒါတွေက စေတသိက် နာမ်တရားပေါ့။ အဲဒီ စေတသိက်ခုနစ်လုံးထဲက စာလုံးဆိုတဲ့ အဆင်းရုပ်အရသာကို ခံစားတာက ဝေဒနာစေတသိက် ဝေဒနက္ခန္ဓာ။ မှတ်သားတာက သညာစေတသိက်သညက္ခန္ဓာ၊ စေ့ဆော်တိုက်တွန်းတာက ကြွင်းတဲ့ စေတသိက် ငါးလုံး

သင်္ခါရက္ခန္ဓာ = ခန္ဓာငါးပါးကို တူရာပေါင်းလိုက်တဲ့အခါ–
ဝိညာဏက္ခန္ဓာ
ဝေဒနက္ခခန္ဓာ
သညာက္ခန္ဓာ
သင်္ခါရက္ခန္ဓာ လေးပါးက နာမ်တရား။

ရူပက္ခန္ဓာက ရုပ်တရားဖြစ်သွားတယ်။ ဩော်– စာကို ဖတ်နေဆဲအချိန်မှာ နာမ်နဲ့ ရုပ်ပဲရှိတာပါလား။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ မရှိပါလားလို့ သိသွားတဲ့ဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။ တစ်ခါ ဒီခန္ဓာငါးပါး သို့မဟုတ် ရုပ်နာမ်နှစ်ပါးဟာ ထာဝရ

ဘုရား၊ ဗြဟ္မာ စတဲ့ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းလို့ ဖြစ်လာတာ မဟုတ်ဘူး။ အကြောင်းတရား ကင်းပြီး သူ့အလိုလို ဖြစ်လာတာလည်း မဟုတ်ဘူး။ အတိတ်က အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ အကြောင်း သုံးပါးကြောင့် ဖြစ်လာတာပဲလို့ သေချာ သိသွားတယ်။

အဲဒီလို သိသွားတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။ ဒီဉာဏ်ကို ရသွားတာနဲ့ ဝိသမဟေတုဒိဋ္ဌိနဲ့ အဟေတုက ဒိဋ္ဌိကို ပယ်သတ်ပြီးသား ဖြစ်သွားတယ်။ ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း ယူဆတဲ့ အယူအဆကို ဝိသမဟေတုဒိဋ္ဌိလို့ ခေါ်တယ်။ လူသားတွေကို ထာဝရဘုရားက ဖန်ဆင်းတာလို့ ယူဆတဲ့အယူအဆမျိုးပေါ့။

လူသားတွေဟာ အကြောင်းတရားကင်းမဲ့စွာ သူဖြစ်ချင်သလို ဖြစ်လာတာလို့ ယူဆတဲ့အယူအဆကိုတော့ အဟေတုက ဒိဋ္ဌိလို့ ခေါ်တယ်။ ခန္ဓာဖြစ်ခြင်းရဲ့ အကြောင်းတရားကို သိမ်းဆည်းပြီး သိသွားတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ မှတ်ပေါ့။ ဒီလူ့ဘဝ ခန္ဓာဖြစ်အောင်လုပ်ပေးတဲ့ အဓိက လက်သည်တရားခံဟာ အဝိဇ္ဇာ၊ တဏှာ၊ ကံပဲ။ အဝိဇ္ဇာဆိုတာ ဒီလူ့ဘဝခန္ဓာရဲ့ ဒုက္ခကို မသိတဲ့ မောဟ စေတသိက်ကိုပြောတာ။ လူ့ဘဝခန္ဓာဟာ မမြဲတဲ့တရားပဲ။ ဆင်းရဲတဲ့တရားပဲ။ အစိုးမရတဲ့ တရားပဲလို့ မသိတဲ့အတွက် လိုချင်လာတယ်။ အဲဒီလို လိုချင်တာကို တဏှာလို့ ခေါ်တယ်။ လောဘစေတသိက်ပေါ့။



F 18 B

လိုချင်ရင် ရအောင်လုပ်တယ်။ ဘာတွေလုပ်လဲဆိုတော့ ဒါနပြုတယ်။ သီလဆောက်တည်တယ်။ ဒါနပြုတယ်ဆိုတာ လည်း စေတနာကြောင့်ပဲ။ သီလဆောက်တည်တယ်ဆိုတာ လည်း စေတနာကြောင့်ပဲ။ အဲဒီ စေတနာကို ကံလို့လည်း ခေါ်တယ်။ အလုပ်လို့လည်း ခေါ်တယ်။ ခေတ်လူငယ်တွေက တော့ လူ့ဘဝခန္ဓာဟာ အမေ၊ အဖေကြောင့် ဖြစ်တယ်လို့ ယူဆမှာပါ။

ဝိပဿနာဉာဏ်အရ ဆိုရင်တော့ အမေ၊ အဖေထက် အဝိဇ္ဇာ၊ တဏှာ၊ ကံက ပိုပြီး အဓိကကျပါတယ်။ မိခင်ဝမ်းမှာ ကလေးတစ်ယောက် သန္ဓေတည်ဖို့အတွက် အင်္ဂါသုံးချက် လို အပ်တယ်။ (၁)က မိခင်ဟာ ရာသီပန်းပွင့်ပြီးစ သားအိမ် စင်ကြယ်နေတဲ့အခါ ဖြစ်ရမယ်။ (၂)က မိခင်နဲ့ ဖခင်ဟာ ပျော်ပါးရမယ်။ (၃)က သန္ဓေတည်မယ့်ကလေးဟာ ဟိုဘက် ဘဝက စုတေဆဲ သို့မဟုတ် သေဆဲအခါ ဖြစ်ရမယ်။

ဒီသုံးချက်ထဲက နံပါတ်သုံးအချက်ဖြစ်တဲ့ သန္ဓေတည် မယ့် ကလေးဟာ ဟိုဘက်ဘဝက စုတေဆဲဖြစ်ရမယ်ဆိုတဲ့ အချက်ဟာ အရေးအကြီးဆုံး၊ အဓိကအကျဆုံးပဲ။ ကော့ သောင်းမြို့မှာ အမွှာပူးမောင်နှမနှစ်ယောက်ကို တွေ့ဖူးတယ်။ သူတို့ဟာ အရင်ဘဝက လင်မယားဖြစ်ခဲ့ကြတယ်။ စိတ်ထိ ခိုက်စရာ အကြောင်းတစ်ခုကြောင့် လင်မယား နှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက်ဖက်ပြီး ရေထဲခုန်ချကာ သေဆုံး ခဲ့ကြတယ်။ အဲဒီလို နောက်ဘဝ ပြန်အမှတ်ရတဲ့ဉာဏ်ကို

ဇာတိသဿရဉာဏ်လို့ ခေါ်တယ်။

အဲဒီလို တစ်ပြိုင်နက် သေခဲ့ကြလို့ သူတို့မိခင် ဒေါ်ဆန်းရဲ့ ဝမ်းထဲမှာ တစ်ပြိုင်နက် လူလာဖြစ်ကြတာပေါ့။ လူ့ဘဝက တော့ မိခင်ဝမ်းမှာ ဆယ်လလောက်နေရတာဆိုတော့ မိခင် ကြောင့်များ လူဖြစ်လာတာလားဆိုပြီး ထင်မှားစရာဖြစ်နေတာ ပါ။ နတ်ဘဝနဲ့ ငရဲဘဝကျတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံကြောင့် ဖြစ်တယ်ဆိုတာ ပြောစရာမလိုအောင် ကိုထင်ရှားတယ်။ နတ်သားဖြစ်မယ်ဆိုရင် မိမိရဲ့ မိခင်ဖြစ်မယ့် နတ်သမီးတစ်ဦးရဲ့ ရင်ခွင်အနီးမှာ အသက် နှစ်ဆယ်အရွယ် ဘွားခနဲ တန်းဖြစ် သွားတာ။

နတ်သမီးဖြစ်မယ်ဆိုရင် အသက် ၁၈–နှစ်အရွယ် တန်း ဖြစ်သွားတာ။ သန္ဓေတည်စရာ၊ မွေးဖွားစရာ လုံးဝကို မလိုဘူး။ ငရဲဘဝဖြစ်မယ်ဆိုရင်လည်း ငရဲဘုံမှာ ခြောက်မိုင်ပမာဏ ကြီးမားတဲ့ခန္ဓာကြီး ဘွားခနဲ သွားဖြစ်တာ။ ဘာအဖေအမေမှ မလိုဘူး။ အဝိဇ္ဇာ၊ တဏှာ၊ ကံကြောင့် ဖြစ်တယ်ဆိုတာ အတော် ထင်ရှားပါတယ်။

လူ့ဘဝဆိုတာ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ အတိတ် အကြောင်းရယ်၊ အာဟာရ၊ ဖဿ၊ နာမ်ရုပ်ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းရယ်။ ဒီအကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာ တာပါလားလို့ ပြတ်ပြတ်သားသားသိသွားတဲ့ ဉာဏ်ကို ပစ္စယ ပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင်သိသွားရင် စူဠသောတာ

ပန် လို့ခေါ်ကြောင်း ဝိသုဒ္ဓိမဂ်မှာ ဖွင့်ပြထားတယ်။ ဒီအကြောင်း အရာအများစုက ရှေ့မှာလည်း ပြောခဲ့ပါပြီ။ အခု သခ်ိရ လောက ဖြစ်တဲ့ နာမ်နဲ့ရုပ် သုညတဖြစ်သွားအောင် ဆင်ခြင်ရှု ပွားနည်းကို ဆက်ပြောမယ်။

စာအုပ်ကို ကြည့်နေတဲ့ နယ်စပ်ကအရာရှိကြီးရဲ့ မျက်စိ အကြည်ရုပ်ကို ရူပက္ခန္ဓာလို့ခေါ်ကြောင်း ပြောခဲ့တယ်။ အဲဒီ မျက်စိအကြည်ရုပ်ထဲမှာ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ အဝိနိဗ္ဘောဂရုပ် ၈ပါး–ပါတယ်။ အဲဒီ ရုပ်ဓာတ်၈–ပါးထဲက ပထဝီဓာတ်ရဲ့သဘောကို ကြည့် လိုက်တော့ မာတဲ့သဘောနဲ့ ပျော့တဲ့သဘောလေးကိုပဲ တွေ့ရ တယ်။

အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်ဆိုတာ တစ်ခုမှ မတွေ့ရဘူး။ ငါလို့ ညွှန်ပြစရာ ခိုင်မြဲတဲ့ အနှစ်အသား ဘာမှ ရှာမရတော့တာကိုပဲ အနတ္တဆိုက်တယ်လို့ မှတ်ရမယ်။ ထို့ အတူ မျက်စေ့အကြည်ရုပ်မှာ လာဖြစ်တဲ့ မြင်သိစိတ် နာမ် တရားလေးဟာ ဖြစ်ပြီး ချက်ချင်းပျက်သွားတာပဲလေ။ ခိုင်မြဲတဲ့ အနှစ်အသား ဘာမှမရှိဘူး။ အဲဒါဟာ မြင်သိစိတ် နာမ်တရား မှာ အနတ္တဆိုက်တာပေါ့။ စိတ်အပေါ် အမြင်ရှင်းရင် စေတ သိက်လည်း အတူပါသွားတာပါပဲ။

ဒီနေရာမှာ သဿတ၊ ဥစ္ဆေဒကွာပုံ၊ သက္ကာယဒိဋ္ဌိကွာပုံ၊ မဂ္ဂင်ရှစ်ပါးဝင်ပုံ၊ မဂ်စိတ်ကျပုံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပုံတွေ ကို တစ်ဆက်တည်း ဆက်ပြသင့်တယ်။ ဒါပေမဲ့ မပြသေးဘူး။

နိရောဓ၊ သစ္စာနဲ့ မဂ္ဂသစ္စာအခန်းမှ အကျယ်ပြမယ်။ အခုတော့ ကာမဂုဏ်ရဲ့အပြစ်တွေကို ဆက်ပြီးပြောကြဦးစို့။ အဝိဇ္ဇာအရင်းခံတဲ့ တဏှာရဲ့လွှမ်းမိုးမှုကြောင့် ပုထုဇဉ်တွေဟာ ဒုက္ခကိုသုခလို့ ထင်နေကြတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး မဇ္ဈိမပဏ္ဏာသပါဠိတော်ကလာတဲ့ မာဂဏ္ဍိယသုတ်ကို ထုတ်ပြမယ်။

အခါတစ်ပါး ဘုရားရှင်ဟာ ကမ္မာသဒမ္မလို့ခေါ်တဲ့ နိဂုံးတစ်ခုကို အမှီပြုပြီး နေတော်မူတယ်။

သန်း။ ။ဘုရားရှင်ခေတ်က ရွာ၊ နိဂုံး၊ မြို့ဆိုတာကို ဘယ်အချက်တွေနဲ့ တိုင်းတာသတ်မှတ်ကြသလဲဘုရား။

နုပ်။ ။ ဒီလင်္ကာလေးကို အရကျက်ထားပေါ့ကွာ။

**တံတိုင်းရံမရှိ၊ ဈေးသာရှိ၊**
**မှတ်ဘိနိဂုံးတည်း။**
**နှစ်ပါးစုံရှိ၊ မြို့ဟုသိ၊**
**မရှိဂါမတည်း။ ...တဲ့**

အဓိပ္ပာယ်က အကာအရံ တံတိုင်းတော့ မရှိဘူး။ ဈေးတော့ရှိတယ်ဆိုရင် နိဂုံးလို့ ခေါ်သတဲ့။ အဲဒီ နှစ်မျိုးလုံး မရှိရင် ရွာလို့ခေါ်ပြီး အဲဒီနှစ်မျိုးလုံးရှိရင်တော့ မြို့လို့ခေါ်သတဲ့။ အဲဒီနိဂုံးမှာ မာဂဏ္ဍီမျိုးဖြစ်တဲ့ ပုဏ္ဏားတူဝရီးတို့ နေထိုင်ကြတယ်။ ဦးလေးဖြစ်တဲ့ မာဂဏ္ဍိယဟာ ဗုဒ္ဓသာသနာအတွင်း ရဟန်းအဖြစ်ဝင်ရောက်ပြီး တရားအားထုတ်လိုက်တာ ရဟန္တာ ဖြစ်သွားတယ်။ တူဖြစ်သူဟာ ဘာသာခြားဆိုတော့ သူ့ဦးလေးကို ဗုဒ္ဓဘာသာဖြစ်အောင် တရားဟောရပ်မလားဆိုပြီး ဘုရား

ရှင်ကို အပြစ်တောင် မြင်နေတဲ့အချိန်ပေါ့။

တစ်ရက်တော့ ဘုရားရှင်ဟာ မာဂဏ္ဍိယပုဏ္ဏား အကျွတ်တရားရမှာကို မြင်တော်မူလို့ မာဂဏ္ဍိယရဲ့မိတ်ဆွေ ဘာရဒွါဇပုဏ္ဏား မီးနတ်ပူဇော်ရာ မြက်တွေ၊ အမှိုက်တွေနဲ့ ရှုပ်ထွေးနေတဲ့ မီးတင်းကုပ်ထဲမှာ သွားပြီး သီတင်းသုံးနေတယ်။ အောက်က အခင်းကလည်း တန်ဖိုးမရှိတဲ့ မြက်အခင်းပါပဲ။

နေ့လယ်ပိုင်းဆိုရင် မီးတင်းကုပ်နားမှာ ကလေးတွေဟာ ဆူညံစွာ ဆော့ကစားနေတတ်လို့ ဘုရားရှင်ဟာ ညအခါကျမှပဲ လာပြီး သီတင်းသုံးတယ်။ ဘုရားရှင်ကြွလာရင် ဘာရဒွါဇပုဏ္ဏားက မြက်အခင်းကို ခင်းပေးတယ်။ ဘုရားရှင်ပြန်ကြွခါနီးရင် အရိပ်နိမိတ်ပြလိုက်တာနဲ့ ဘာရဒွါဇက မြက်အခင်းကို ခေါက်သိမ်းလိုက်တယ်။ တစ်ရက်တော့ ဒီမြက်အခင်းကို အကြောင်းပြုပြီး မာဂဏ္ဍိယ အကျွတ်တရားရမှာကို မြင်တဲ့အတွက် မြက်အခင်းကို မသိမ်းခိုင်းဘဲ ဒီအတိုင်း ထားပစ်ခဲ့တယ်။

နောက်ရက်ကျတော့ မာဂဏ္ဍိယပုဏ္ဏားဟာ အညောင်းပြေလမ်းလျှောက်ရင်း ဘာရဒွါဇပုဏ္ဏားရဲ့ မီးတင်းကုပ်နားကို ရောက်လာတယ်။ ဘာရဒွါဇက ဖိတ်ခေါ်တဲ့အတွက် မာဂဏ္ဍိယဟာ မီးတင်းကုပ်ထဲကို ဝင်လာတယ်။ မြက်အခင်းကို မြင်လိုက်တာနဲ့ မာဂဏ္ဍိယပုဏ္ဏားဟာ အခုလို မေးတယ်။

"အဆွေ ဘာရဒွါဇ၊ ဟိုမြက်အခင်းဟာ ရဟန်းများရဲ့နေရာနဲ့တူပါတယ်။ ဘယ်သူ့အတွက် ဒီမြက်အခင်းကို မီးတင်းကုပ်

ထဲ ခင်းထားသလဲတဲ့။ ဘာရဒွါဇက အရှင်ဂေါတမအတွက် ခင်းထားတာပါလို့ ဖြေလိုက်တဲ့အခါ မာဂဏ္ဍိယက အခုလို စက်ဆုပ်စွာ ပြန်ပြောတယ်။

"အဆွေ ဘာရဒွါဇ၊ ဆိုးရွားစွာ မြင်အပ်တဲ့အရာကို ငါမြင်ရတယ်။ လူအညွန့်တုံးနေတဲ့ အရှင်ဂေါတမရဲ့နေရာကို မြင်ရတာ ငါ့အတွက် ကျက်သရေယုတ်တော့တာပဲတဲ့"

သန်း။ ။ဟာ– ရက်ရက်စက်စက် ရိုင်းရိုင်းစိုင်းစိုင်းကို ပြောတာပါလား ဆရာတော်။

နုပ်။ ။ စိတ်ဖြေစရာတစ်ခုရတာပေါ့ကွာ။ ဘုရားရှင်တောင် ဒီလို အပြောခံရသေးတာ။ သူလို ကိုယ်လို သာမန်သာဖြစ်တဲ့ ငါတို့မှာ ဘယ်မှာ အပြောမခံရဘဲ ရှိတော့မှာလဲလို့ ဖြေလိုက်ရင် နာ ကြည်းမှုတွေ ပြေပျောက်သွားနိုင်ပါတယ်။ ဒီအခါ ဘာရဒွါဇက–

"အဆွေမာဂဏ္ဍိယ၊ ဒီလို မပြောကောင်းပါဘူး။ လောကမှာ ကျော်စောထင်ရှားတဲ့ ပညာရှိမင်းတွေ၊ ပညာရှိပုဏ္ဏားတွေ၊ ပညာရှိသူကြွယ်တွေ၊ ပညာရှိရဟန်းပရိဗိုဇ်တွေဟာ အရှင်ဂေါတမရဲ့ စင်ကြယ်တဲ့၊ လမ်းမှန်တဲ့ ကုသိုလ်တရားအပေါ် အလွန်ကြည်ညိုကြပါတယ်။ အရှင်ဂေါတမရဲ့ အဆုံးအမကို နာခံကြပါတယ်။ ဒါကြောင့် ဒီလိုမပြောပါနဲ့"

လို့ ပြောလိုက်တဲ့အခါ မဂဏ္ဍိယက ...

"အဆွေဘာရဒွါဇ ဘာမပြောကောင်းစရာ ရှိသလဲ။ အရှင်ဂေါတမဟာ လောကမှာ အညွန့်တုံးဝါဒကို တည်ထောင်

နေသူပင် မဟုတ်ပါလား။ အညွှန့်တုံးဝါဒကို တည်ထောင်သူဖြစ်လို့ အရှင်ဂေါတမကို အညွှန့်တုံးသူလို့ ဘာမှမပြောကောင်းစရာ မရှိပါဘူး။ မျက်ကွယ်မှာသာ မဟုတ်ဘူး။ အရှင်ဂေါတမကို မျက်မှောက်ထင်ထင် ယခုတွေ့မြင်လျှင်လည်း အညွှန့်တုံးသူလို့ ဆိုရဲတယ်။ ဘာကြောင့်လဲဆိုတော့ အရှင်ဂေါတမရဲ့ဝါဒဟာ အညွှန့်တုံးသူလို့ ငါတို့ကျမ်းက အတိအလင်း ပြဆိုထားတဲ့အတွက် ဖြစ်တယ်''

သန်း။ ။သူတို့ရဲ့ ဗြာဟ္မဏဝါဒကျမ်းတွေက ဘယ်လိုများဆိုထားလို့လဲ ဆရာတော်။

နုပ်။ ။ သူတို့ကျမ်းတွေက ဘယ်လိုဆိုထားလဲ ဆိုတော့ မျက်စိဆိုတာ အဆင်းကို ကြည့်ဖို့ဖြစ်ပေါ်လာတာတဲ့။ ဒါကြောင့် အဆင်းမျိုးစုံကို မြင်ဖူးအောင် ကြည့်ရမယ်တဲ့။ ထို့အတူ နားဆိုတာ အသံကို နားထောင်ရအောင် ဖြစ်လာတာ။ ဒါကြောင့် အသံမျိုးစုံကို နားထောင်ရမယ်။ နှာခေါင်းဆိုတာ အနံ့ကို နမ်းရှုဖို့ ဖြစ်လာတာ။ ဒါကြောင့် အနံ့မျိုးစုံကို နမ်းရှုရမယ် စသည်ဖြင့်ပေါ့။

အဲဒီလို အာရုံခြောက်ပါးကို ကျယ်ကျယ်ပြန့်ပြန့် လိုက်စားပေးမှ လူဆိုတာ တိုးတက်လာတယ်။ အညွှန့်ထွက်လာတယ်တဲ့။ ဘုရားရှင်ရဲ့ ဝါဒကတော့ စက္ခုနာ သံဝရော= မျက်စိကို စောင့်ရှောက်ရမယ်။ သောတေန သံဝရော= နားကို စောင့်ရှောက်ရမယ်။ ဃာနေန သံဝရော= နှာခေါင်းကို စောင့်ရှောက်ရမယ်။ ဇိဝှါယ သံဝရော= လျှာကို စောင့်ရှောက်ရမယ်။

ကာယေန သံဝရော= ကိုယ်ကို စောင့်ရှောက်ရမယ်၊ ဝါစာယသံဝရော= နှုတ်ကို စောင့်ရှောက်ရမယ်။ မနသာ သံဝရော= စိတ်ကို စောင့်ရှောက်ရမယ်။ သဗ္ဗတ္ထ သံဝရော= အလုံးစုံကို စောင့်ရှောက်ရမယ်လို့ ဆိုတယ်။ ဒီလိုအာရုံ ခြောက်ပါးကို စောင့်ရှောက်နေရလျှင် မျက်စိဟာလည်း မျက်စိ ရဲ့အရသာကို မခံစားရလို့ အညွန့်တုံးတယ်။ ထို့အတူ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ဟာလည်း မိမိတို့ရဲ့ အရသာကို မခံစားရလို့ အညွန့်တုံးတယ်။

ဒီအညွန့်တုံးတဲ့ဝါဒကိုဟောပြောလို့ အရှင်ဂေါတမဟာလည်း အညွန့်တုံးတယ်လို့ သူတို့ရဲ့ ဗြာဟ္မဏကျမ်းက အဲဒီလိုအတိအ ကျပြဆိုပါသတဲ့။ ဒါကြောင့်အရှင်ဂေါတမရဲ့ဝါဒကို အညွန့်တုံး ဝါဒဖြစ်ကြောင်း ငါတို့ကျမ်းဂန်က ဆိုထားတယ်လို့ မာဂဏ္ဍိယ က ပြောတာ။ ဒီတော့ ဘာရဒ္ဒါဇက–

''အဆွေမာဂဏ္ဍိယ–သင့်အတွက်ဝန်မလေးပါလျှင် ဒီအ ကြောင်းကို အရှင်ဂေါတမအား လျှောက်ကြားလိုက်ပါ့မယ် လို့ ပြောတယ်။ မာဂဏ္ဍိယကလည်း ခပ်တင်းတင်းပဲ ဝန်မလေး ပါဘူး ရဲရဲသာလျှောက်ထားလိုက်ပါတဲ့။ ဒီအချိန်မှာပဲ ဘုရား ရှင်ကလည်း သူတို့ပြောနေတဲ့ စကားသံကိုဒိဗ္ဗသောတနားနဲ့ ကြားတဲ့အတွက် မီးတင်းကုပ်ရှိရာကို ကြွလာပြီး ခင်းထားတဲ့ အခင်းပေါ်မှာ ထိုင်နေတော်မူတယ်။ ဘာရဒ္ဒါဇက ဘုရားရှင် ရှိရာလာပြီး ဝမ်းမြောက်ဝမ်းသာစရာစကား ပြောကြားတယ်။ ပြောကြားအပြီးမှာပဲ ဘုရားရှင်က အခုလို လှမ်းမေးလိုက်

တယ်''

''ဘာရဒွါဇ၊ သင်နဲ့မာဂဏ္ဍိယတို့ဟာ ဒီမြွက်အခင်းကိုအကြောင်းပြုပြီး တစ်ခုခု ပြောတယ်မဟုတ်လား–တဲ့။ ဒီတော့ ဘာရဒွါဇဟာ အထိတ်တလန့် ကြက်သီးမွေးညင်းတွေ ထလာပြီး အရှင်ဘုရားတပည့်တော်များဟာ အရှင်ဘုရားထံ ဒီအကြောင်းကို ပြောဖို့ကြံနေပါတယ်၊ အခုတော့ အရှင်ဘုရားဟာ တပည့်တော်များမပြောမီ ဦးစွာပြောကြားနှင့်နေပါတယ်။ အရှင်ဘုရားတပည့်တော်နဲ့ မာဂဏ္ဍိယဟာ ဒီမြွက်အခင်းနှင့်စပ်ပြီး တစ်စုံတစ်ခုသော စကားကိုပြောပါတယ်။ ဒီစကားဟာ ဆုံးတောင်မဆုံးသေးပါဘူးဘုရားလို့ လျှောက်တယ်''

ဒီအချိန်မှာ မာဂဏ္ဍိယကလည်း စကားဝိုင်းထဲကို ဝင်လာပြီး သင့်လျော်တဲ့ တစ်နေရာမှာ ထိုင်လိုက်တယ်၊ ဘုရားရှင်က မာဂဏ္ဍိယကို တည့်တည့်ပဲ မေးလိုက်တယ်။ မာဂဏ္ဍိယ– မျက်စိဟာရူပါရုံမှာပျော်မွေ့တယ်၊ ရူပါရုံကိုနှစ်ခြိုက်တယ်၊ အဲဒီမျက်စိကို ငါဘုရား ဆုံးမထားပြီးဖြစ်တယ်၊ လုံအောင်ပြုထားပြီး ဖြစ်တယ်၊ စောင့်ရှောက်ထားပြီးဖြစ်တယ်၊ ပိတ်ဆို့ထားပြီး ဖြစ်တယ်၊ အခြားသူများကိုလည်း ထိုမျက်စိကို ပိတ်ဆို့ထားဖို့ ငါဟောတော်မူခဲ့တယ်၊ ဒီအကြောင်းကို ရည်ရွယ်ပြီး ရဟန်းဂေါတမဟာ အညွန့်တုံးသူလို့ဆိုခြင်း ဖြစ်သလား– လို့မေးတော်မူတယ်။

မာဂဏ္ဍိယပရိဗိုဇ်က– မှန်ပါတယ် ဒီအကြောင်းကိုရည်ရွယ်ပြီး ရဟန်းဂေါတမဟာ အညွန့်တုံးသူလို့ ဆိုခြင်းဖြစ်ပါတယ်၊

ဘာကြောင့်လဲဆိုရင် ကျနုပ်တို့ရဲ့ကျမ်းဂန်မှာလည်း ဒီလိုလာတဲ့အတွက် ဖြစ်ပါတယ်လို့ လျှောက်ထားတယ်– ဘုရားရှင်က ဆက်လက်ပြီး မာဂဏ္ဍိယ– နားဟာအသံမှာ ပျော်မွေ့တယ်(ပ) နှာခေါင်းဟာ အနံ့မှာ ပျော်မွေ့တယ်(ပ)လျှာဟာ အရသာမှာ ပျော်မွေ့တယ်(ပ) ကိုယ်ဟာ အတွေ့အထိမှာ ပျော်မွေ့တယ်။

စိတ်ဟာ ကြံတွေးအာရုံမှာပျော်မွေ့တယ်၊ ကြံတွေးအာရုံမှာ နှစ်ခြိုက်တယ်။ အဲဒီစိတ်ကို ငါဘုရားဟာ ဆုံးမထားပြီးပြီ၊ လုံအောင်ပြုထားပြီးပြီ၊ စောင့်ရှောက်ထားပြီးပြီ၊ ပိတ်ဆို့ထားပြီးပြီ၊ အခြားသူများကိုလည်း ထိုစိတ်ကိုပိတ်ဆို့ဖို့ ငါ ဟောတော်မူခဲ့တယ်။ ဒီအကြောင်းကိုရည်ရွယ်ပြီး ရဟန်းဂေါတမဟာ အညွန့်တုံးသူလို့ ဆိုခြင်းဖြစ်သလားလို့ မေးတဲ့အခါ မာဂဏ္ဍိယကလည်း မှန်တဲ့အကြောင်းပြန်လျှောက်တယ်။

သန်း။ ။ဒီတော့ ဘုရားရှင်က ဘယ်သို့ပြန်ပြီး ဖြေရှင်းသလဲဘုရား။

နုပ်။ ။ အဲဒီအကြောင်းကို နောက်တစ်ပတ်မှ ဆက်ကြရအောင်။

## နိဗ္ဗာန်ဟူသည် ကောင်းကင်ကြီးလိုမဟုတ်

ဆရာ။ ။ ပုထုဇဉ်တို့က နိဗ္ဗာန်ဆိုတာ ရုပ်လည်း မရှိ၊ နာမ်လည်း မရှိ၊ ကောင်းကင်ကြီးလိုပဲဟု ထင်ကြတယ်။ ဥပမာပေးဦးမယ်။ ရှေးတုန်းက ဝမ်းတွင်းကန်းတစ်ယောက်ရှိတယ်။ တစ်နေ့သောအခါ လူတွေက သူ့အနားမှာ အကျီဖြူတဲ့ အကြောင်းကို ပြောကြသတဲ့။ ဒါနဲ့ သူက ဖြူတယ်ဆိုတာ

ဘယ်လိုနေသလဲလို့ မေးသတဲ့။ ဒီတော့ လူတွေက နွားနို့လိုပဲဟု ပြောကြသတဲ့။ နွားနို့ကော ဘယ့်နှယ်နေသလဲလို့ မေးပြန်သတဲ့။ ဗျိုင်းလိုပဲဟု ပြောကြသတဲ့။ ဗျိုင်းကော ဘယ့်နှယ်နေသလဲဟု မေးပြန်သတဲ့။ အဲဒီတော့ အနားက လူတွေက မိမိလက်ကို ဗျိုင်းလည်ပင်းကဲ့သို့ ကောက်ကောက်လုပ်ပြီး သူ့လက်ကိုဆွဲ၍ အကိုင်ခိုင်းပြီး အဲဒီလို ကောက်ကောက်ကြီးလို့ ပြောသတဲ့။

ဒါနဲ့ တစ်နေ့သောအခါ ဝမ်းတွင်းကန်းသည် တလင်းနယ်သော နေရာသို့သွား၍ ကောက်ဆွကိုနင်းမိတော့ ဘာကြီးပါလိမ့်ဆိုပြီး ကိုင်စမ်းရာ ကောက်ကောက်ကြီးကို တွေ့ရတော့ ဩော် ... နွားနို့တွေပါလား ဟု ပြောသတဲ့။ အဲဒီလိုပဲ ရုပ်မရှိ၊ နာမ်မရှိတာနဲ့ နိဗ္ဗာန်ကို ကောင်းကင်ကြီးလိုပဲဟု ထင်ကြတာပေါ့။ ပုထုဇဉ်တွေလည်း အကန်းတွေကိုး။ ဒါကြောင့် ဘုရားက 'ပုထုဇ္ဇနော ဥမ္မတ္တကော'လို့ ဟောခဲ့တာပေါ့။

တပည့်။ ။ မှန်ပါ့ဘုရား။

ဆရာ။ ။ နိဗ္ဗာန်ဆိုတာ ပရမတ်၊ ကောင်းကင်ဆိုတာ ပညတ်၊ သဘာဝ မတူဘူး။ နွေရာသီ နေ့လည်အချိန် နေပူတုန်းမှာ အအေးဓာတ်ကို တွေ့ရသလား။

တပည့်။ ။ မတွေ့ရပါဘုရား။

ဆရာ။ ။ အဲဒီအချိန်မှာ မတွေ့ရပေမယ့် နေဝင်လို့ အပူချုပ်တော့ မတွေ့ရပါလား။

တပည့်။ ။ တွေ့ရပါတယ်ဘုရား။

ဆရာ။ ။ လမသာတဲ့ ညအခါမှာ အလင်းဓာတ်ကို တွေ့ရသလား။

တပည့်။ ။ မတွေ့ရပါဘုရား။

ဆရာ။ ။ မတွေ့ရပေမယ့် အမှောင်ချုပ်သွားတော့ ဘာကို တွေ့ရသလဲ။

တပည့်။ ။ အလင်းကို တွေ့ရပါတယ် ဘုရား။

ဆရာ။ ။ အဲဒီလိုပဲ လောကမှာ ပဋိပက္ခတရားနှစ်ပါးသည် တစ်ခုချုပ်မှ တစ်ခုကို တွေ့ရတယ်။ ဒါကြောင့် ဘုရားက နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းကို ဟောတော်မူတာပေါ့။ သမုဒယသစ္စာ၏ ဆန့်ကျင်ဘက်က သဥပါဒိသေသနိဗ္ဗာန်၊ ဒုက္ခသစ္စာ၏ ဆန့်ကျင်ဘက်က အနုပါဒိသေသနိဗ္ဗာန်ကို တွေ့မယ်။ သမုဒယသစ္စာချုပ်ရင် သဥပါဒိသေသနိဗ္ဗာန်ကို တွေ့မယ်။ ဒုက္ခသစ္စာချုပ်ရင် အနုပါဒိသေသနိဗ္ဗာန်ဖြစ်တယ်ဆိုတာ မှတ်ထားကြ။

တပည့်။ ။ မှန်ပါဘုရား။

ဆရာ။ ။ တစ်သံသရာလုံးက သမုဒယသစ္စာသည် တစ်ခါမှ မချုပ်ဖူးတဲ့အတွက် နိဗ္ဗာန်ကိုလည်း တစ်ခါမှ မရဖူးဘူး။ သမုဒယသစ္စာ အခုချုပ်ရင် နိဗ္ဗာန်ကိုလည်း အခုရမှာပဲ။ အကာလိကော အခါမလင့်ဘူးဆိုတယ် မဟုတ်လား။

တပည့်။ ။ မှန်ပါဘုရား။

ဆရာ။ ။ ဥပမာတစ်ခုပေးဦးမယ်။ တအင်းအင်း ညည်းနေရအောင် ဖျားနေတဲ့သူဟာ ဒီအဖျားပျောက်မှ သက်သာရာကို

ရမယ်ဆိုတာ မြင်သလို ယောဂီပုဂ္ဂိုလ်ဟာလည်း ခန္ဓာကြီး ကို ဒုက္ခသစ္စာအဖြစ်ဖြင့် မြင်လာတဲ့အခါ ဒုက္ခချုပ်မှ အေး မှာပဲလို့ အေးရာနိဗ္ဗာန်ကို မြင်လာတယ်။ ဒါကြောင့် သစ္စာ လေးချက်တစ်ပြိုင်နက် မဂ်ဉာဏ်ကိစ္စသာလို့ ဆိုထားတာပေါ့။

တပည့်။ ။ မှန်ပါဘုရား။

ဆရာ။ ။ တစ်နည်းပြောဦးမယ်။ နိဗ္ဗာန်သည် ရေကန်ကြီးနဲ့တူတယ်။ ရုပ်နာမ်သည် ရေမှော်နှင့် တူတယ်။ ဘယ်လို တူသလဲ ဆိုတော့ ရေမှော်တွေကို ဖယ်လိုက်မှ ရေကိုတွေ့ရသလို ရုပ်နာမ်ချုပ်မှ နိဗ္ဗာန်ကို တွေ့ရတယ်။ တစ်နည်းအားဖြင့် လည်း ကိုင်းတောကြီး အလယ်မှာ အေးမြကြည်လင်တဲ့ ရေကန်ကြီးရှိတယ်။ နွေရာသီရောက်တော့ ကိုင်းပင် ခြောက်တွေကို မီးလောင်လာတဲ့အခါ မီးအားလုံးဟာ ရေ ကန်ရဲ့ နှုတ်ခမ်းမှာ ငြိမ်းကြတယ်။

လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဇာတိ၊ ဇရာ၊ မရဏာတို့သည် မီးနှင့် တူတယ်။ ခန္ဓာငါးပါးက ကိုင်းပင်ခြောက်တွေနှင့် တူတယ်။ နိဗ္ဗာန်က ရေကန်နှင့်တူတယ်။ အဲဒီ နိဗ္ဗာန်သည် အမှန်အားဖြင့် အထင်အရှားရှိတယ်။ ကောင်းကင်နှင့် မတူဘူး။

တပည့်။ ။ မှန်ပါဘုရား။

ဆရာ။ ။ မင်း တစ်ခါတစ်ခါ စိတ်ပင်ပန်းလောက်အောင် လောဘ သော်လည်းကောင်း၊ ဒေါသသော်လည်းကောင်း ဖြစ်ဖူး

တယ် မဟုတ်လား။

တပည့်။ ။ ဖြစ်ဖူးပါတယ် ဘုရား။

ဆရာ။ ။ အဲဒီအခါ အနိစ္စကို ဖြစ်စေ၊ ဒုက္ခကိုဖြစ်စေ၊ အနတ္တကို ဖြစ်စေ မြင်အောင် ဆင်ခြင်ပြီး ဖြေကြည့်ပါ။ လောဘ၊ ဒေါသချုပ်သွားသလောက် စိတ်သည် အအေးပရမတ်ကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ဘုရားက နိဗ္ဗာန်သည် ခန္ဓာငါးပါးလည်း မဟုတ်။ သို့သော် ခန္ဓာငါးပါးနှင့်လည်း မကင်းကောင်းလို့ ဟောတော်မူတာပေါ့။

(နမ္မားဆရာတော် အရှင်ဉာဏ၏ ဓမ္မရတနာမြတ်စကြာကျမ်း – နှာ ၃၇၊ ၃၈၊ ၃၉၊ ၄၀)

## (၆၄)
## လူငယ်များအတွက် ဂန္ဓာရဝိပဿနာ

နုပ်။ ။ ဘုရားရှင်က ဘယ်လိုပြန်ပြီး ဖြေရှင်းသလဲဆိုတော့ ... မာဂဏ္ဍိယ ငါဆိုမည့်စကားကို သင်ဘယ်လိုအောက်မေ့သလဲ။ ဤလောကမှာ အချို့သောသူဟာ အလိုရှိအပ်၊ နှစ်သက်အပ်၊ ချစ်အပ်တဲ့သဘောရှိတဲ့ အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ အတွေ့အထိအမျိုးမျိုးနှင့် မွေ့လျော် ပျော်ပါးဖူးတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နောင်အခါ ထို ထိုအာရုံ၊ ကာမဂုဏ်တရားတို့ရဲ့ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာ ဖွယ်၊ အပြစ်၊ ကာမကထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိတဲ့အတွက် ကာမဂုဏ်တို့၌ တပ်မက်တဲ့ တဏှာကို ပယ်ဖျောက်လို့ တဏှာဆိုတဲ့ ဆာလောင်မွတ်သိပ်ခြင်း ကင်းပြီး ငြိမ်းအေးသော စိတ်ဖြစ်နေတယ်။ ဒီလိုပုဂ္ဂိုလ်ကို သင် ဘယ်လို ပြောမလဲလို့ မေးလိုက်တယ်။

သန်း။ ။ဒီတော့ မာဂဏ္ဍိယ ဘာပြန်ဖြေသလဲ ဘုရား။

နုပ်။ ။ အရှင်ဂေါတမ ဘာမှပြောဖွယ်မရှိပါဘူးလို့ ဖြေတယ်။ ဒီတော့ ဘုရားရှင်က ... မာဂဏ္ဍိယ ငါဟာ ရှေးလူဖြစ်စဉ် အခါက ကောင်းပေ့ဆိုတဲ့အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိ အမျိုး

မျိုးတို့ကို ပြည့်စုံလုံလောက်အောင် မွေ့လျော်ခံစားခဲ့ဖူးတယ်။ နောင်အခါ ငါဟာ ကာမဂုဏ်တို့ရဲ့အပြစ်ကို အဟုတ်အမှန်သိလို့ ကာမဂုဏ်တို့မှာ တပ်မက်တဲ့တဏှာကို ပယ်ခွာပြီး စိတ်အေးချမ်းသာစွာ နေနိုင်ခဲ့တယ်။

ငါဟာ ကာမဂုဏ်ကို အထင်တကြီး လိုက်စားနေကြပြီး ကာမဂုဏ်ရဲ့ အပူဒဏ်ကို ခံနေကြရတဲ့သတ္တဝါတွေကို မြင်တယ်၊ ထိုသူတွေ လိုက်စားနေကြတဲ့ ကာမဂုဏ်ကို ငါဟာ မတောင့်တဘူး၊ မပျော်မွေ့ဘူး။ ဘာကြောင့်လဲဆိုလျှင် လူ့ကာမဂုဏ်ထက်သာလွန်တဲ့ နတ်ကာမဂုဏ်ကိုမျှမက အလွန်အေးချမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို ခံစားနေရတဲ့အတွက် ယုတ်ညံ့တဲ့ကာမဂုဏ်ချမ်းသာကို မတောင့်တ၊ မလိုလားခြင်းဖြစ်တယ်။ မာဂဏ္ဍိယ– ဥပမာပြောရလျှင် အကြွင်လူသား တစ်ယောက်ဟာ လူ့ဘဝက ကောင်းမှုဆိုတဲ့ ကာမဂုဏ်တရား အာရုံငါးပါးတွေကို ပြည့်စုံလုံလောက်အောင် မွေ့လျော် ပျော်ပါးခံစားခဲ့တယ်ဆိုပါစို့။

အဲဒီလူဟာ သုစရိုက်တွေကို ပြုကျင့်တဲ့အတွက် ကွယ်လွန်ပြီးတဲ့နောက် နတ်ရွာလောက နတ်ဘဝကို ရောက်တယ်။ ထိုသူဟာ နတ်ဘဝမှာ နတ်သမီးအပေါင်းခြံရံပြီး နတ်မှာဖြစ်တဲ့ ကာမဂုဏ်တွေကို ခံစားနေရတဲ့ နတ်သားက လူသားတွေ ခံစားနေကြတဲ့ ယခင်ဘဝက လူ့ကာမဂုဏ်တွေကို တောင့်တပါဦးမလား။ စင်စစ် မတောင့်တတော့သလိုပါပဲ။ နိဗ္ဗာန်ရဲ့ မွန်မြတ်တဲ့ ချမ်းသာကို ခံစားနေရတဲ့ ငါဟာလည်း ယုတ်ညံ့တဲ့

ကာမဂုဏ်တွေကို မတောင့်တတော့ဘူး။ အဲဒီ ကာမဂုဏ်တွေမှာ မပျော်မွေ့တော့ဘူး။

မာဂဏ္ဍိယ– ဥပမာတစ်ခုကို ပြောဦးမယ်။ နာကျင်တဲ့ကိုယ်၊ မှည့်ရင့်တဲ့ အိုင်းအမာရှိတဲ့ နူနာသည်ယောကျ်ားဟာ နူနာပိုးအကိုက်ခံရလို့ လက်သည်းတို့ဖြင့် အနာဝကို ကုတ်ဖဲ့ပြီး မီးကျီးစုမှာ ကိုယ်ကိုကင်ရတယ်။ နောင်အခါ ဆေးစားလို့ ထိုနူနာရောဂါပျောက်ကင်းသွားတယ်။ အနာမရှိ ချမ်းသာစွာဖြစ်သွားတယ်။ နူနာရောဂါ ပျောက်ကင်းသွားတဲ့ အဲဒီယောကျ်ားဟာ အခြားနူနာရောဂါရှင်များက အနာဝကို ကုတ်ဖဲ့ပြီး မီးကျီးစုမှာ ကိုယ်ကိုမီးကင်နေတာကို တွေ့ရလျှင် သူကောမီးကင်လိုစိတ်ရှိပါဦးမလား။

''မရှိသင့်ပါ အရှင်ဂေါတမ၊ ဘာကြောင့်လဲဆိုတော့ နူနာရောဂါ ပျောက်ကင်းသွားတဲ့အတွက် ဖြစ်ပါတယ်''

''မာဂဏ္ဍိယ – နူနာရောဂါ ပျောက်ကင်းသွားတဲ့ ထိုပုဂ္ဂိုလ်ကို မီးကျီးစုရှိရာ ဆွဲခေါ်လျှင် လိုက်ပါလိုစိတ် ရှိပါဦးမလား''

''မရှိတော့ပါ အရှင်ဂေါတမ''

''ဘာကြောင့်လဲ မာဂဏ္ဍိယ''

''အရှင်ဂေါတမ မီးဟာ ဆင်းရဲတဲ့အတွေ့ရှိပါတယ်၊ ကြီးစွာ ပူခြင်းရှိပါတယ်၊ ပြင်းထန်သော လောင်ခြင်းရှိပါတယ်၊ ဒါကြောင့် နူနာပျောက်သောပုဂ္ဂိုလ်ဟာ မီးထံ မချဉ်းကပ်လိုခြင်းဖြစ်ပါတယ်''

''မာဂဏ္ဍိယ– မီးဟာ အခုမှ ဆင်းရဲတဲ့ အတွေ့ရှိသလား၊ ကြီးစွာသော ပူခြင်းရှိသလား၊ ပြင်းထန်သော လောင်ခြင်း ရှိသလား၊ ရှေးကလည်း ရှိတာပဲမဟုတ်လား''

''အရှင်ဂေါတမ– မီးဟာ ယခုလည်း ဆင်းရဲတဲ့အတွေ့ ရှိတယ်၊ ကြီးစွာ ပူခြင်းရှိတယ်၊ ပြင်းထန်သော လောင်ခြင်း လည်း ရှိတယ်၊ ရှေးကလည်း ရှိတာပါပဲ''

''မာဂဏ္ဍိယ– မီးဟာ ရှေးကလည်း ပူလောင်ခြင်း ရှိ တယ်၊ ယခုလည်း ပူလောင်ခြင်းရှိတယ်။ သို့ဖြစ်လျက် ထို နူနာရောဂါသည်ဟာ အနာရောဂါမပျောက်မီကတော့ မီးကို ခင်တွယ်တယ်။ အနာပျောက်တော့ ဘာကြောင့် မီးကို ကြဉ် ဖယ်ချင်တာလဲ''

''အရှင်ဂေါတမ– နူနာရောဂါသည်ဟာ နူနာပိုး ကိုက်ခဲ တဲ့အတွက် ယားယံသောဝေဒနာရဲ့ နှိပ်စက်ခြင်းကို ခံစားနေ ရပါတယ်။ ယားယံတဲ့ ဝေဒနာကြောင့် ပူလောင်တဲ့မီးကို ချမ်းသာတယ်လို့ ဖောက်ပြန် မှတ်မှားစွာ ချဉ်းကပ်မီးကင်ရခြင်း ဖြစ်ပါတယ်''

''မာဂဏ္ဍိယ– ဒီဥပမာအတိုင်းပင် အတိတ်ကာလက လည်း ကာမဂုဏ်ဟာ ဆင်းရဲတဲ့ အတွေ့ရှိတယ်၊ ကြီးစွာ ပူခြင်းရှိတယ်၊ ပြင်းထန်တဲ့ လောင်ခြင်းရှိတယ်၊ လာလတ္တံ့ သော အနာဂတ်ကာလမှာလည်း ကာမဂုဏ်ဟာ ဆင်းရဲတဲ့ အတွေ့ရှိတယ်၊ ကြီးစွာပူခြင်းရှိတယ်၊ ပြင်းထန်တဲ့လောင်ခြင်း ရှိတယ်။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာလည်း ကာမဂုဏ်ဟာ

ဆင်းရဲတဲ့အတွေ့ရှိတယ်၊ ကြီးစွာပူခြင်း ရှိတယ်၊ ပြင်းထန်တဲ့ လောင်ခြင်းရှိတယ်။ မာဂဏ္ဍိယ– ဒီသတ္တဝါတွေမှာ ကိလေသာ နူနာရောဂါ စွဲကပ်နေကြတယ်။ ကိလေသာနူနာရောဂါ စွဲကပ်နေတဲ့အတွက် ကိလေသာ နူနာပိုးတွေကြောင့် ဣန္ဒြေမရ အောင် ယားယံနေကြတယ်၊ ကိလေသာပိုးထိုးလို့ ယားယံတဲ့ အတွက် ဆင်းရဲတဲ့အတွေ့ရှိတဲ့ ကာမတရားတွေကို ချမ်းသာ တယ်လို့ ဖောက်ပြန်မှတ်မှား နေကြတယ်''

''မာဂဏ္ဍိယ– နူနာရောဂါသည်ဟာ အလွန်ယားယံလွန်း လို့ မီးကျီးစုမှာ ကိုယ်ကိုကင်မယ်။ အဲဒီလို မီးကင်ရုံနှင့် နူနာ ရောဂါဟာ မပျောက်တဲ့အပြင် အနာဟာ ထကြွလို့တောင်လာ သေးတယ်။ အနာကို အယားပျောက်ခြင်းကြောင့် နည်းနည်း သက်သာရာရပြီး သာယာဖွယ်လိုလိုဖြစ်လာတတ်တယ်''

''ကိလေသာပိုး အထိုးခံရတဲ့သတ္တဝါတွေလည်း ဒီအတိုင်း ပါပဲ။ ကိလေသာနူနာရောဂါပိုးရဲ့ဒဏ်ကြောင့် မခံနိုင်အောင် ယားယံနေကြတယ်။ အဲဒီ အယားအယံပျောက်အောင် အင်မ တန် ပူလောင်တဲ့ ကာမဂုဏ်ကို ခံစားကြရတယ်။ ကာမဂုဏ် မှီဝဲတဲ့အတွက် သာယာသလို ထင်နေကြရသော်လည်း ကိလေသာ နူနာရောဂါကတော့ ပျောက်မသွားဘဲ တိုးပွားပြီး လာတယ်''

''ကာမအပူဖြင့် ထက်ဝန်းကျင် ပူလောင်နေတယ်။ မာဂဏ္ဍိယ– ယခု ငါဆိုမည့်စကားကို သင်ဘယ်လိုယူဆမလဲ။ သတ္တဝါတစ်ယောက်ဟာ ကာမဂုဏ်တရားများကို လိုက်စားပြီး

ထိုကာမတဏှာကို မပယ်စွန့်သမျှကာလပတ်လုံး သူ့ရဲ့စိတ်ဓာတ်ဟာ ငြိမ်းအေးနေပြီ၊ ငြိမ်းအေးနေဆဲ၊ ငြိမ်းအေးနေလတ္တံ့လို့ သင်ယူဆသလား''

''မယူဆပါဘူး အရှင်ဂေါတမ''

''ဟုတ်ပါတယ် မာဂဏ္ဍိယ– ငါလည်း ယူဆတော်မမူဘူး။ ခပ်သိမ်းကုန်သော ရဟန်းပုဏ္ဏားများဟာ တဏှာဆိုတဲ့ ဆာလောင်မွတ်သိပ်ခြင်းကင်းပါမှ အတွင်းစိတ်ဟာ ငြိမ်းအေးနိုင်တယ်၊ ခပ်သိမ်းကုန်သော ရဟန်းပုဏ္ဏားများဟာ ကာမဂုဏ်တို့ရဲ့ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်သဘော၊ အဖြစ်၊ ကာမဂုဏ်မှ လွတ်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိကြလို့ ကာမတဏှာ၊ ကာမအပူကို ပယ်ဖျောက်ပြီး ဆာလောင်ခြင်းကင်းမှ၊ မွတ်သိပ်ခြင်းကင်းမှ အတွင်းအဇ္ဈတ္တသန္တာန်မှာ ငြိမ်းအေးတဲ့စိတ်ဖြစ်ပွားနိုင်တယ်''

အဲဒီတရားအဆုံးမှာပဲ မာဂဏ္ဍိယဟာ အကျွတ်တရားရသွားပြီး ဗုဒ္ဓထံမှာ ရဟန်းပြုတယ်၊ နှစ်များမကြာမီမှာပဲ ရဟန္တာဖြစ်သွားပါတယ်။ ထူးခြားချက်တစ်ခုကတော့ ဆယ်တန်းကို ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်ပြီးမှ ဆေးတက္ကသိုလ်ဆက်မတက်ဘဲ ရဟန်းဝတ်သွားတဲ့သူဆိုရင် အရှင်ဆန္ဒာဓိကပဲဆိုတာ လူအတော်များများ သိကြပါတယ်။ သူ့ကို ရဟန်းဘဝကို ပို့ပေးတဲ့ တရားကတော့ အခုပြောတဲ့ မာဂဏ္ဍိယသုတ်ပါပဲ။

ကာမဂုဏ်တရားကို ဥပမာဆယ်မျိုးနဲ့ ဟောခဲ့ရာမှာ အရိုးနဲ့တူပုံကို ပြောခဲ့ပြီ အခုတစ်ခါ ကာမဂုဏ်တရားဟာ

သားတစ်နဲ့တူပုံကို ဆက်ပြောမယ်။ ကျီးတစ်ကောင်ဟာ သားတစ် တစ်ခုကို တွေ့တာနဲ့ အတင်းသုတ်ချီပြီး ကောင်းကင်ပေါ် ပျံတက်သွားတယ်။ ဒါကိုမြင်သွားတဲ့ အခြားကျီးတွေဟာ ပျံတက်လိုက်ပါသွားပြီး သားတစ်ကိုလိုက်လုကြတယ်။ သားတစ်ကို ဆွဲတဲ့ကျီးက လိုက်ဆွဲသလို၊ သားတစ်ကို မလွှတ်တမ်းကိုက်ချီထားတဲ့ ကျီးရဲ့ ခန္ဓာကိုယ်ကိုလည်း မိတဲ့နေရာထိုးကြဆိတ်ကြတယ်။

ပထမတော့ သူပိုင်သားတစ်ကို မစွန့်ချင်တဲ့ ကျီးဟာ အနာခံပြီး စွမ်းအားရှိသမျှ ပျံပြေးနေတာပေါ့။ အချိန်ကြာလာတာနဲ့အမျှ သူ့ရဲ့ ခန္ဓာကိုယ်မှာ သွေးအလူးလူးနဲ့ဖြစ်နေပြီ။ ပျံရလွန်းလို့ အတောင်ပံတွေဟာ ညောင်းညာကိုက်ခဲပြီး ပါးစပ်ကလည်း ဟောဟဲလိုက်နေပြီး ... နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ အဲဒီအခါကျတော့ သားတစ်ကို လွှတ်ချလိုက်တယ်။ ဒီအခါ တစ်ကောင်သော ကျီးက သူ့နှုတ်သီးက ကျလာတဲ့ သားတစ်ကို ပြေးဝင်ကိုက်ချီယူလိုက်တယ်။ သူ့နှုတ်သီးမှာ သားတစ် မရှိတော့တဲ့အတွက် ပထမကျီးကို ရန်မူမယ့်သူ မရှိတော့ဘူး။ ကျန်တဲ့ကျီးတွေရဲ့ ဦးတည်ချက်ဟာ သားတစ်ရသွားတဲ့ ဒုတိယမြောက်ကျီးဖြစ်သွားတယ်။

အသားတစ် မရခင်က ဘယ်သူမှ ဂရုအစိုက်မခံရတဲ့ ဒုတိယကျီးဟာ သားတစ်ကို ရသွားတာနဲ့ ကျန်တဲ့ကျီးတွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်မှုကို ခံလိုက်ရတာ သွေးသံရဲရဲနဲ့ ဖြစ်နေတော့တာပေါ့။ ဒါက ဥပမာ ပေးလိုက်တာ။ ကျီးတွေဆိုတာ လူသား

တွေကို ပြောတာ။ သားတစ်ဆိုတာ စီးပွားဥစ္စာ၊ အာရုံငါးပါး ကာမဂုဏ် တရားတွေကို ပြောတာ။ **မချမ်းသာခင်က ကိုယ့်ကို ဘယ်သူမှ ဂရုမစိုက်ပေမယ့် ချမ်းသာလာပြီဆိုတာနဲ့ မင်းရော၊ သူခိုးရော၊ ဓားပြရော၊ လူကောင်းရော၊ လူဆိုးရော ကိုယ့်ကို ဂရုစိုက်လာကြတာပဲ။**

**ဂရုစိုက်ကြတယ်ဆိုတာ ဘယ်လို လိုးရဖြတ်ရမလဲလို့ အာရုံစိုက်လာကြတာကိုပြောတာ။ လူတစ်ယောက် စီးပွားတက်လာပြီဆိုတာနဲ့ တခြားသူများက စီးပွားပျက်အောင် ပိုင်းဖျက်ကြတယ်။** မြန်မာပြည်ကို နို့မှုန့်သွင်းတဲ့ကုမ္ပဏီကြီး နှစ်ခုရှိတယ်။ အလတ်စား၊ အသေးစားတွေလည်း အများကြီး ရှိဦးမှာပေါ့။ ပိုင်ရှင်နာမည်ကိုတော့ ဦးဖြူနဲ့ ဦးနီလို့ မှတ်ပေါ့။ ဦးဖြူက စေတနာထားတယ်၊ အလုပ်ကို ကြိုးစားတယ်။ ဒါကြောင့် ဦးဖြူရဲ့ နို့မှုန့်ပဲ အများကြီးရောင်းရတယ်။ ဦးနီက သိပ်မရောင်းရဘူး။

နို့မှုန့်တွေ တင်သွင်းတဲ့အခါ အဖွဲ့တစ်ဖွဲ့ဟာ အဆိပ်ဓာတ်ကင်းစင်မှု ရှိမရှိ စစ်ရတယ်။ အဲဒီအဖွဲ့ကို ငွေထိုးပြီး ဦးနီက ဦးဖြူရဲ့ နို့မှုန့်တွေမှာ အဆိပ်ဓာတ်တွေပါတယ်လို့ ကြေညာခိုင်းလိုက်တယ်။ ဒီကိစ္စအတွက် ဦးဖြူမှာ အများကြီးဒုက္ခရောက်သွားတာပေါ့။ ဒါဟာ သားတစ်ရတဲ့ ကျီးကို အခြားကျီးတွေကလိုက်ပြီး ထိုးဆိတ်လုယက်ကြတဲ့ သဘောပေါ့။

မင်းတို့အိမ်မှာ မီးသွေးနဲ့ထမင်းဟင်းချက်တာ တွေ့ဖူးတယ် မဟုတ်လား။

သန်း။ ။တွေ့ဖူးပါတယ် ဘုရား။

နုပ်။ ။ အဲဒီမီးသွေးဟာ ရောဝတီတိုင်း၊ ငသိုင်းချောင်းမြို့မှာတောင် တစ်ပိဿာကို လေးရာရှိတယ်။ အဲဒီမြို့နယ်က ညောင်ဝိုင်း ဆိုတဲ့ ရွာလေးမှာ နေကြတဲ့သူတွေက မီးသွေးဖုတ်ကြတယ်။ သူတို့က ကုန်သည်တွေဆီရောင်းရတာကျတော့ တစ်ပိဿာမှ တစ်ဆယ်ပဲ ရတယ်။

သန်း။ ။အဆလေးဆယ်လောက်ကြီးတောင် ကွာနေတာ ဟုတ်ပါ့ မလား ဆရာတော်။

နုပ်။ ။ ငါလည်း လူပြောသူပြောဆို ဘယ်ယုံမှာလဲ၊ ကိုယ်တွေ့မို့ ယုံလာတာ။

သန်း။ ။ဆရာတော်က အဲဒီရွာလေးကို ရောက်သွားလို့လား။

နုပ်။ ။ ရောက်သွားလို့ပေါ့။ ၁၈၊ ၃၊ ၂၀၀၉ နေ့က စလူတောင်၊ ညောင်ဝိုင်းကျွန်းတောဆိုတဲ့ ရွာသုံးရွာပေါင်းပြီး တရားပွဲကျင်း ပကြလို့ ငါဟောပေးရတယ်။

သန်း။ ။သုံးရွာပေါင်းဆိုတော့ အိမ်ခြေထောင်ချီပြီး ရှိမှာပေါ့ ဆရာ တော်။

နုပ်။ ။ ဘယ်ရှိမှာလဲ၊ သုံးရွာပေါင်းမှ အိမ်ခြေက ၇၀–ကျော်ပဲ ရှိတယ်။

သန်း။ ။နည်းလှချည်လား ဆရာတော်၊ အိမ်ခြေတစ်ရာတောင် မပြည့် ဘူးလား။

နုပ်။ ။ မပြည့်ဘူး။ အင်မတန်လည်း ခေါင်တယ်၊ လှည်းလမ်းပဲရှိ တယ်။ ကားလမ်းမရှိလို့ အပြန်မှာ ငါ ခြေလျင်လျှောက် ပြန်ခဲ့ တယ်။ အသွားတုန်းကတော့ တို့တရားကိုနာဖူးတဲ့ ငါးသိုင်း

ချောင်းမြို့ပေါ်က ကိုသန်းဒွေးဆိုတဲ့ဒကာက သူ့ဆာ့ဖ်ကားကြီး နဲ့ ကန်သင်းတွေပေါ်ကျော်ခွပြီးလိုက်ပို့လို့ လမ်းမလျှောက်လိုက် ရဘူး။ အပြန်ကတော့ ငါ ကိုယ်တိုင်ကကို လမ်းလျှောက်ချင် တာနဲ့ လျှောက်ပြန်ခဲ့တာ၊ အဲဒီရွာကနေ ၄၅ မိနစ်လောက် လျှောက်မှ ကားလမ်းရှိတဲ့သတ္တိကုန်းဆိုတဲ့ရွာကို ရောက်တယ်။

သန်း။ ။တချို့ နာမည်ကြီးဆရာတော်တွေဆိုရင် ငွေဘယ်လောက် ရမှ၊ ဘယ်လိုကားနဲ့ပင့်မှ၊ အဲယားကွန်းနဲ့ထားမှ ကြွမယ်ဆိုတာ မျိုး သတ်မှတ်ထားတာ တွေ့ဖူးတယ်ဘုရား။ ဆရာတော်က တော့ သုံးရွာပေါင်းမှ အိမ်ခြေ ၇၀–လောက်ရှိတဲ့ ရွာလေးကို ကြွပေးတာဆိုတော့ ဓမ္မပူဇာလည်း သိပ်ရမယ် မထင်ဘူး။ ပြီးတော့ ပင့်တဲ့ကားကလည်း ထော်လာဂျီလောက်ပဲ ရှိမယ်။ နားနေတဲ့ အခန်းမှာလည်း အဲယားကွန်းဝေးလို့ ပန်ကာတောင် ရှိမယ်မထင်ဘူး။ ဒီလိုကြုံရတော့ ဆရာတော် စိတ်မပျက်ဘူး လား ဘုရား။

နုပ်။ ။ စိတ်မပျက်တဲ့အပြင် ဝမ်းတောင်သာသေးတယ်။ သူတစ်ပါး မဟောချင်တဲ့နေရာမှာ ငါဟောပေးရတယ်၊ ဒီလိုတွေးပြီးတော့ လည်း ဝမ်းသာတယ်။ ပြီးတော့ ဘုရားရှင်ရဲ့သားတော်ပီပီ ဘုရားရှင်ရဲ့နည်းအတိုင်း ကျင့်သုံးနိုင်ပေပြီလို့တွေးပြီးတော့ လည်း ဝမ်းသာနေရတယ်။ အလောင်းတော်ဟာ ဘုရားဖြစ် ပြီးပြီးချင်း ဗာရဏသီပြည်၊ မိဂဒါဝုန်တောမှာ ပဥ္စဝဂ္ဂီငါးပါးကို တရားဦးဟောဖို့ကြွတယ်ဆိုတာ မင်းကြားဖူးတယ်မဟုတ်လား။

သန်း။ ။ကြားဖူးပါတယ် ဘုရား။

## တရားဈေးသည်

နုပ်။ ။ အေး ...တို့လည်း ကြားဖူးတာပဲ။ ဒါပေမဲ့ အိန္ဒိယနိုင်ငံကို ဘုရားဖူးရောက်မှပဲ ဗုဒ္ဓရဲ့ မေတ္တာနဲ့ကရုဏာကို လက်တွေ့သိရတော့တာပဲ။ ဗုဒ္ဓဂယာကနေ မိဂဒါဝုန်ကို မိုင်နှစ်ရာကျော်လောက်ရှိတယ်။ ငါတို့ ဘုရားဖူးယာဉ်ကြီးတောင် တစ်နေကုန်မောင်းရတယ်။ ဒီလိုခရီးမျိုးကို ဘုရားရှင်က ခြေလျှင်ကြွပြီးဟောခဲ့တာကွ။

လမ်းမှာဆိုလည်း သစ်ပင်အောက်တို့၊ ချုံပုတ်တွေအောက်တို့မှာ ဖြစ်သလိုကျိန်းစက်နားနေရတာပဲ။ ဒီအချိန်က ဗုဒ္ဓဘာသာဝင်ဆိုလို့ တစ်ယောက်မှမရှိဘူးလေ။ အားလုံးဟိန္ဒူဘာသာဝင်တွေချည်းပဲ။ ဒါကြောင့်လည်း တည်းခိုခွင့် ပေးမယ့်လူ၊ ခရီးဦးကြိုမယ့်လူတစ်ယောက်မှ မရှိခဲ့ပါဘူး။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တစ်ထိုင်တည်းရအောင် ဟောပေးတဲ့ ဘုရားရှင်တောင် ဒီလိုအနစ်နာခံပြီး တရားဟောကြွခဲ့သေးတာ။ လောကီဗဟုသုတ ရရုံလောက်သာ ဟောနိုင်တဲ့ ယနေ့ခေတ် ဓမ္မကထိကအချို့က ဘယ်လောက်ရမှ၊ ဘယ်ကားနဲ့ ပင့်မှ၊ ဘယ်လိုအခန်းမျိုးမှာထားမှ ဟောနိုင်မှာဆိုတာမျိုး ဈေးကိုင်မနေသင့်ပါဘူး။ အဲဒီလိုမျိုးဆိုရင်တော့ တရားကိုလှူတာမဟုတ်ဘဲ တရားကို ရောင်းစားတာမျိုး ဖြစ်သွားတာပေါ့။ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ဓမ္မကထိကလို့ မခေါ်ဘဲ 'တရားဈေးသည်'လို့ပဲ ခေါ်သင့်တယ်။

ခုကြွခဲ့တဲ့ စလူတောင်၊ ညောင်ဝိုင်း၊ ကျွန်းတောဆိုတဲ့

ရွာလေးတွေဟာ ရောဝတီတိုင်း အဆုံးပဲကွ။ သူတို့ ဟိုဘက်မှာ ဘာရွာမှ မရှိတော့ဘူး။ ရခိုင်ရိုးမတောင်ကြီးပဲ ရှိတော့တယ်။ အဲဒီရွာလေးတွေရဲ့ အနေအထားက အညာဒေသနဲ့ သွားတူနေတယ်။ ထန်းပင်တွေ ပေါတယ်။ မန်ကျည်းပင်တွေ ဖြစ်တယ်။ အညာဒေသနဲ့ မြေရေတူသွားလို့ အညာဒေသလို ဆင်းရဲသွားလေသလားလို့ ကြံဖန် တွေးမိသေးတယ်။

သူတို့ရွာကို ကြွမယ်ဆိုတဲ့အကြောင်း ဖိတ်စာတွေ ရွာနီးချုပ်စပ် လိုက်ကမ်းတော့ အများစုက မယုံကြဘူးတဲ့။

သန်း။ ။ဘာဖြစ်လို့လဲ ဆရာတော်။

နုပ်။ ။ မယုံဆို သူတို့ရွာနဲ့ဆိုရင် နှိုင်းယှဉ်လို့မရအောင် စည်ကားတဲ့ မြောင်းမြမြို့က ၁၅–ရက်လောက်ကြိုပြီး တရားပွဲတစ်ညလာပင့်တာ။ ရမသွားဘူး။ ဘာကြောင့်လဲဆိုတော့ ငါ့တရားပွဲတွေက တစ်နှစ်လုံး ရက်ပြည့်နေလို့ပေါ့။

အခု ၂၀၀၉–မှာ ဟောနေတဲ့ တရားပွဲတွေဟာ ၂၀၀၈ ခုနှစ်ကတည်းက ကြိုပင့်ထားတဲ့ တရားပွဲတွေပါ။ ၁–နှစ်ကြိုပင့်မှ ရတယ်။ ပြီးတော့ ဘယ်နေ့ ဘယ်ရက်ရမှ တရားပွဲကျင်းပမယ်ဆိုပြီး ရက်အသေ သတ်မှတ်ထားတဲ့ ပွဲမျိုးဆိုရင်လည်း မဟောနိုင်တာဘဲ များတယ်။

သန်း။ ။ဘာဖြစ်လို့လဲ ဆရာတော်။

နုပ်။ ။ တရားပွဲတွေကို တိုင်းအလိုက်၊ ပြည်နယ်အလိုက် သတ်မှတ်ထားလို့ပါပဲ။ ဘာအတွက်လဲဆိုရင် ကျန်းမာရေးအတွက်ပါ။ ဓမ္မကထိကအများစု ရောဂါများပြီး အသက်တိုတာဟာ တရား

ဟောရလို့ မဟုတ်ဘူး။ ခရီးသွားရတာ ပင်ပန်းလို့။ တစ်လော က နိုင်ငံကျော်ဓမ္မကထိက တစ်ပါးဖြစ်တဲ့ ဖြူးဆရာတော်နဲ့ လေယာဉ်ပေါ်မှာ ဆုံတယ်။ ဆရာတော်ရဲ့ ကျန်းမာရေးအခြေ အနေ မေးကြည့်တော့ ဆရာတော်က အခုလိုပြောပြတယ်။

"တပည့်တော် ကျောက်ကပ်ရောဂါဖြစ်တာ တရားဟော ရလွန်းလို့ မဟုတ်ဘူး။ ကားစီးရလွန်းလို့ ဖြစ်တာ။ တရားပွဲ တွေကို ပင့်တဲ့အတိုင်း ပေးလိုက်တာဆိုတော့ ခရီးသွားရတာ တအားပင်ပန်းသွားတယ်။ ဒီနေ့ည မကွေးတိုင်း၊ တောင်တွင်း ကြီးမှာ ဟောနေရာကနေ မနက်ဖြန် ကယားပြည်နယ်၊ လွိုင် ကော်မှာ ဟောရတယ်။ တောင်တွင်းကြီးကနေ မနက်ဖြန် လွိုင်ကော်တရားပွဲ မှီဖို့အတွက် ညတွင်းချင်း တောင်တွင်းကြီး ကနေ ရန်ကုန်ကို တစ်ညလုံး မောင်းရတယ်။

မနက်မိုးလင်းမှ ရန်ကုန်လေဆိပ်ကို ရောက်တယ်။ လေ ယာဉ်စီးပြီး ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်မှာ ဆင်းရတယ်။ ပြီးရင် ဟဲဟိုးကနေ လွိုင်ကော်ရောက်အောင် ခုနစ်နာရီနီးပါး ကားထပ်စီးရတယ်။ တရားနှစ်ညဟောတဲ့ အချိန်က လေးနာရီ ကျော်လောက်ပဲ ကြာတယ်။ ကားနဲ့ လေယာဉ်စီးချိန်က ၁၆ နာရီကျော်လောက်ဖြစ်သွားတယ်။

ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ လမ်းကြမ်းကြီးပေါ်မှာ နှစ်နှစ်ဆယ်နီးပါး ကားစီးရမှတော့ ဒီကျောက်ကပ်ဟာ မပျက်စီးဘဲ ဘယ်ခံနိုင်ပါ တော့မလဲ။ အဲဒါ အရှင်ဘုရားတို့လည်း ရောဂါမဖြစ်အောင် အသက်မတိုအောင် တရားပွဲပေးတာ အစီအစဉ်ကျအောင်

ကြည့်ပေးကြပေါ့တဲ့။

ဆရာတော်ဟာ ဘန်ကောက်ထိသွားပြီး ကျောက်ကပ် လဲရတယ်။ သိန်းပေါင်း ငါးရာကျော်လောက် ကုန်သွားတယ်လို့ သိရတယ်။ ဒီအတွေ့အကြုံတွေအရ တို့ကလည်း တရားပွဲတွေကို တိုင်းနဲ့ ပြည်နယ်အလိုက် ခွဲပေးထားတယ်။ ဥပမာ တစ်လပိုင်းဆိုရင် ရန်ကုန်မြို့နဲ့ မန္တလေးမြို့ပဲ ပေးတယ်။ နှစ်လပိုင်းဆိုရင် မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ကို ပေးတယ်။ တခြားဘယ်နေရာကိုမှ ဖောက်မပေးဘူး။

သန်း။ ။တချို့က နာမည်ကြီးဓမ္မကထိက ရချင်ရင် အကပ်ရှိမှရတယ်ဆိုပြီး ဓမ္မကထိကနဲ့ ရင်းနှီးတဲ့သူကို ရအောင်ရှာပြီးပင့်မှ တရားပွဲပေးတတ်သတဲ့။ ဆရာတော်ကရော ဘယ်လိုပင့်မှရသလဲ။

နုပ်။ ။ ဓမ္မကထိကတွေထဲမှာ တရားပွဲပင့်လို့ အလွယ်ဆုံးဟာ ငါပဲလို့ထင်တယ်။ ငါနဲ့ သိဖို့ဝေးလို့ တွေ့ဖို့တောင် မလိုဘူး။ ၀၉–၅၁၉၃၁၃၄ ဖုန်းကိုဆက်ပြီး တရားပွဲကျင်းပမယ့် လိပ်စာနဲ့ဆက်သွယ်ရမယ့်ဖုန်းနံပါတ်ကိုသာ ပေးထားလိုက်။ ဘာမှထပ်ပြောစရာမလိုဘူး။ တရားပွဲစီစဉ်တဲ့ဒကာကို ဘယ်ခုနစ်၊ ဘယ်ရက်မှာရကြောင်း ဖုန်းပြန်ဆက်ပေးပါတယ်။

တစ်ခုတော့ ရှိတယ်။ ပေးတဲ့ရက်ကို ယူပါ့မယ်လို့တော့ ကတိခံရတယ်။ မဟောရသေးတဲ့နေရာ၊ ခေါင်တဲ့နေရာ၊ ဆင်းရဲတဲ့နေရာ၊ လူမိုက်များတဲ့နေရာတွေဆိုရင် ဦးစားပေးပြီး ကြွပါတယ်။ ဒီလို ၁–နှစ် ကြိုပင့်တာမဟုတ်ဘဲ ကြားဖြတ်ပင့်တာ ဖြစ်တဲ့အတွက်ကြောင့် မြောင်းမြမြို့ဟာ တရားပွဲမရဘဲ

ဖြစ်သွားတာပါ။

အဲဒီလို ချမ်းသာတဲ့မြို့ကြီးက ပင့်တာတောင်မရတဲ့ မေ့မွ ကထိကဟာ သုံးရွာပေါင်းအိမ်ခြေ ၇၀–ကျော်ရှိတဲ့ ရွာလေးကို ကြွပြီး တရားဟောမယ်ဆိုတော့ မယုံနိုင်အောင် ဖြစ်နေကြတာပေါ့။ အဲဒီရွာကို ရောက်မှပဲ ယုံကြတော့တယ်။ အနီးအနားက ရွာတွေတင်မကဘူး။ ငါးသိုင်းချောင်းမြို့ပေါ်ကတောင် ထော်လာဂျီတွေ၊ ဆိုင်ကယ်တွေနဲ့လာနာကြလို့ ပရိသတ်နှစ်ထောင့်ငါးရာကျော်လောက်ရှိပြီး စည်ကားတဲ့တရားပွဲကြီး ဖြစ်သွားပါတယ်။

နိုင်ငံကျော် ဆရာတော်တစ်ပါးဆိုတော့ သက်ကြီးရွယ်အို အစ ကလေးငယ်အဆုံး အားလုံးက မြင်ဖူးချင်ကြတာပေါ့။ ဒါ့ကြောင့် မနက် ၁၀–နာရီလောက်ကနေ တရားဟောခါနီး ည၇–နာရီလောက်အထိ လာဖူးတဲ့သူတွေ၊ ထန်းလျက်လှူတဲ့သူတွေဟာ အဆက်မပြတ်အောင် ဖြစ်နေတယ်။ လာဖူးတဲ့သူ၊ ထန်းလျက်လှူတဲ့သူတွေကို ဩဝါဒကတ်ပြားနဲ့ စာအုပ်တစ်အုပ် လက်ဆောင်ပေးတယ်။

စာအုပ်တစ်အုပ် တစ်ထောင်ဆိုတာ ကိုယ့်အတွက် ဘာမှ မပြောပလောက်ပေမယ့် နွမ်းပါးတဲ့ သူတို့အတွက်ကတော့ ပြောပလောက်အောင် ဝမ်းသာစရာ ဖြစ်သွားပါတယ်။ လာကန်တော့တဲ့အထဲမှာ ထူးထူးခြားခြား အဘွားနှစ်ယောက်နဲ့ အဘိုးတစ်ယောက်ကို တွေ့ရတယ်။ အဘွားနှစ်ယောက်က ဘာထူးခြားတာလဲဆိုတော့ သူတို့ နှစ်ယောက်ဟာ သားအမိ

ဖြစ်နေတယ်။ အမေက အသက် ၉၀–ကျော်၊ သမီးက အသက် ၇၀–ကျော်။

ဒါပေမဲ့ အသက် ၉၀–ကျော် အဘွားက ကျန်းမာတယ်၊ ဘာမှမဖြစ်ဘူး။ ၇၀–ကျော်အဘွားကတော့ သူ့ကိုယ်သူ နေ့လားညလားလို့ ထင်နေတယ်။ တို့ကြွမယ်ဆိုတာ ၁–နှစ်ကြိုပြီး သိနေတော့ ၇၀–ကျော်အဘွားဟာ မကျန်းမာနေတဲ့ကြားက ဖူးဖြစ်အောင်ဖူးမယ်။ ဒီဆရာတော်ကိုဖူးပြီးမှ သေမယ်လို့လည်း တဖွဖွပြောနေသတဲ့။

ဟော . . . အခု တို့လည်းရောက်ရော မကျန်းမာတဲ့ကြားထဲက လူတွဲပြီးလာဖူးရှာတာ။ အားနည်းတာကစပြီး မောတဲ့ရောဂါဝင်လာတာပါ။ ဒါ့ကြောင့် အားဆေးဘူးသစ်ကြီးတစ်ဘူးရယ်၊ ဝမ်းပျော့ပြီး အစာတောင်းတဲ့ဆေးရယ်ကို ကိုယ်စားမယ့်ထဲကနေ ခွဲပြီး စွန့်ကြဲလိုက်တယ်။ ပြီးတော့ ရောဂါဖြစ်နေတဲ့ အဘွားကို ကျပ်ငွေတစ်သောင်းငါးထောင်၊ အသက်ကိုးဆယ်ကျော်အဘွားကို ကျပ်ငွေတစ်သောင်း ထောက်ပံ့လိုက်တယ်။

သူ့မြေးမလေးတစ်ယောက်က ငါးသိုင်းချောင်းမှာ ပထမနှစ်တက်မှာဆိုလို့ ငွေတစ်သောင်းပညာသင်စရိတ်ပေးခဲ့တယ်။ မြေးထီးလေး တစ်ယောက်ကတော့ ဒီနှစ်ဆယ်တန်း ဖြေထားသတဲ့။ သူ့လည်း ပညာဆက်သင်နိုင်အောင်လို့ ပညာသင်စရိတ်အနေနဲ့ တစ်သောင်းပေးခဲ့တယ်။ သူတို့မောင်နှမ နှစ်ယောက်က အဖေမရှိတော့ဘူး။ သူတို့ အမေက ဆင်းဆင်းရဲရဲ

ငွေရှာပြီး ကျောင်းထားပေးရှာတာ။

ဒီနှစ်ဆိုရင် တခြားအလုပ်တွေ မကောင်းလို့ ရခိုင်ရိုးမ တောင်တန်းပေါ်တက်ပြီး စက္ကူပျော့ဖတ်လုပ်ဖို့ ဝါးတွေခုတ်ပြီး ရောင်းရတယ်။ ဝါးပျော့ဖတ်ဈေးကလည်း တစ်ပိဿာမှ ကိုးကျပ်ပဲ ရသတဲ့။ ဒီမောင်နှမနှစ်ယောက်စာ တကယ်တော် ရင်တော့ ဘွဲ့ရတဲ့အထိ ပညာဒါနပြုဖို့ စိတ်ကူးထားပါတယ်။ နောက်အဘိုးတစ်ဦးကတော့ အသက်က ၆၃–နှစ်ကျော်ပဲ ရှိပါတယ်။ လက်ဝါးနှစ်ဖက်နဲ့ မျက်စေ့အထက်က ကာပြီး တို့ကို အနီးကပ်လာဖူးတယ်။ တို့ဘက်က ပြောရင်တော့ လာကြည့်တယ်ပေါ့ကွာ။

ငါကလည်း နွမ်းပါးသူတွေကို မျက်စေ့ခွဲစိတ်ကုသပေး နေကျဆိုတော့ ဒကာကြီးမျက်စေ့ ဘာဖြစ်တာလဲလို့ မေးလိုက် တာနဲ့ သူကပြောတယ်။ နှစ်ဖက်လုံး တိမ်ကျနေတာ နည်းနည်း ပဲ မြင်ရတယ်တဲ့။ ဆရာဝန်နဲ့ မပြဘူးလားဆိုတော့ ပြချိန်လည်း မရှိဘူး။ ပြစရာ ပိုက်ဆံလည်း မရှိပါဘူး ဘုရားတဲ့။ ဒါနဲ့ ငါ ကလည်း ဆက်ပြောတယ်။

ဒကာကြီး အဲဒါဆိုရင် ဘုန်းကြီးနဲ့ တစ်ခါတည်းလိုက်ခဲ့၊ မျက်စေ့ခွဲပေးမယ်။ မြင်ရမှ ကိုယ့်ရွာကိုပြန်ပေါ့ဆိုတော့ သူ တစ်ချက်တွေသွားပြီး စဉ်းစားနေတယ်။

သန်း။ ။ဆရာတော်က ငွေကြေးသိန်းဂဏန်းအကုန်ခံပြီး ကုသပေးမယ့် ဟာ ဆရာတော်ကမစဉ်းစားဘဲ သူက ဘာလို့စဉ်းစားနေတာ လဲဘုရား။

နုပ်။ ။ အေး . . . အဲဒါက ဖြည်းဖြည်းတော့သိရလိမ့်မယ်။ သူတို့တစ်တွေဟာ ငွေကြေးသာ ဆင်းရဲတာမဟုတ်တော့ဘူး။ ဆေးပညာ၊ ကျန်းမာရေး၊ စာပေဗဟုသုတအားလုံး ဆင်းရဲနေကြတာ။ သူက မီးသွေးဖုတ်စားရတာ။ မမြင်မစမ်း ဖြစ်နေတဲ့ကြားက မီးသွေးကိုတော့ နေ့စဉ်ဖုတ်နေရတာပဲ။ မီးသွေးမဖုတ်ရင် ထမင်းစားစရာ မရှိတော့ဘူးလေ။

ငါက ဆက်ပြောလိုက်သေးတယ်။ ဒကာကြီး ဆေးကုသနေချိန်မှာ အိမ်မှာ ကျန်ရစ်ခဲ့တဲ့သူတွေ စားနိုင်သောက်နိုင်အောင် ဘုန်းကြီးက ငွေကြေးထောက်ပံ့ပေးခဲ့ဦးမှာပါဆိုမှ သူ့မျက်စေ့ခွဲစိတ်ဖို့ နည်းနည်းစိတ်ဝင်စားလာတယ်။ မျက်စိတိမ်ဆိုတာက နုလွန်းရင်လည်း ခွဲလို့မရဘူး။ ရင့်လွန်းသွားရင်လည်း ခွဲလို့မရတော့ဘူး။

ဒါ့ကြောင့် သူ့ကို အချိန်မီ ငါက ခွဲစိတ်ပေးချင်နေတာ။ တစ်ရက်ကလေးခွဲဖို့ နောက်ကျလိုက်တာနဲ့ သူဟာတစ်ဘဝလုံး မျက်မမြင်ဘဝနဲ့ နေရတော့မှာ။ တရားပွဲကို ဦးဆောင်ကျင်းပတဲ့ ရွာကျောင်းဆရာတော်ကို အကူအညီတောင်းပြီး အဲဒီအဘိုးအိမ်ကို ကိုယ်တိုင်လိုက်သွားတယ်။ အိမ်က ခပ်သေးသေးပါပဲ။ အင်ဖက်လေးတွေ မိုးထားတယ်။

ဒီအိမ်မှာ မျက်စိတိမ်ကျနေတဲ့ ဦးတင်ရယ်၊ သူ့ဇနီး ဒေါ်ရီရယ်၊ သမီးရယ်၊ သားမက်ရယ် လေးယောက်နေကြတယ်။ သားမက်လေးကလည်း ပြီးခဲ့တဲ့နှစ်နှစ်က တံတားတစ်စင်းပြို ကျရာမှာ ထိခိုက်မိပြီး ကျောက်ကပ်ပျက်စီးသွားတယ်။ တစ်လ

တစ်ကြိမ် မြို့နယ်ဆေးရုံမှာ ဆီးပိုက်သွားလဲရသတဲ့။ တစ်ခါ လဲရင် လမ်းစရိတ်အပါအဝင် တစ်သောင်းခွဲလောက်ကုန် သတဲ့။

ဒုက္ခတဖြစ်သွားပြီဆိုတော့ သားမက်လေးကလည်း အလုပ် မလုပ်နိုင်တော့ဘူး။ ဒါ့ကြောင့် တိမ်ကျနေတဲ့ ဒကာ ကြီးကပဲ ဦးဆောင်ပြီး မီးသွေးဖုတ်နေရတာပေါ့။ သူမျက်စိခွဲ နေတဲ့အချိန် ကျန်ရစ်တဲ့မိသားစု ဘယ်လို ထမင်းစားရပါ့မလဲ လို့ တွေးပြီး မျက်စိခွဲဖို့ စိတ်မဝင်စားနိုင်ဖြစ်နေတာ။ သူတို့ ဝင်ငွေကို စုံစမ်းကြည့်တော့ မီးသွေးတစ်ပိဿာကို တစ်ဆယ်နဲ့ သွင်းရတယ်။ မီးသွေးအချိန်တစ်ထောင်ရအောင် ဖုတ်နိုင်မှ ငွေတစ်သောင်းပဲ ရတယ်။ မီးသွေးအချိန် တစ်ထောင်ရအောင် ရက်၂၀–ကျော်လောက်ကြာအောင် ဖုတ်ရတယ်။ ဒါလောက် ဆိုရင် သူတို့ရဲ့ စီးပွားရေးအခြေအနေကို အကဲခတ်လို့ရတယ်။

ဆိုလိုတာက ငါသာကုသမပေးရင် ဒီဒကာကြီးဟာ တစ် သက်လုံး သူ့မျက်စိကို ကုသနိုင်မှာ မဟုတ်တော့ဘူး။ ငါက သူမကုဘဲနေမှာစိုးလို့ အခုလိုပြောမိသေးတယ်။ ဒကာကြီး ဘုန်းကြီးနဲ့တွေ့တဲ့အချိန်မှာ ခွဲဖြစ်အောင် ခွဲလိုက်ပါ။ ဒကာကြီး လို နှမ်းပါးပြီး မျက်စိအလင်းမရသူပေါင်း ငါးရာကျော်လောက် ဟာ ဆရာတော်ရဲ့ကုသပေးမှုကြောင့် အလင်းဓာတ်ရပြီး ပြန် မြင်သွားကြပြီ။ ဒကာကြီးတို့ဘာသာ ခွဲစိတ်မယ်ဆိုရင် မျက်စိ နှစ်လုံးကို သုံးသိန်းနီးပါးလောက်အထိ ကုန်တယ်လို့ ပြော လိုက်တော့ သူက ပြန်ပြောတယ်။

''သုံးသိန်းမပြောနဲ့ တပည့်တော်တို့မိသားစုမှာ သုံးထောင်တောင် ငွေပိုမရှိပါဘူးဘုရား''တဲ့။ သူတို့ ရွာဦးကျောင်း ဆရာတော်ကိုယ်တိုင် လိုက်ပြောပေးတာဆိုတော့ အားရှိသွားပုံရတယ်။ လိုက်ကုသဖို့ သဘောတူသွားတယ်။ သူဆေးလိုက်ကုနေတဲ့အချိန် အိမ်မှာ စားရသောက်ရအောင် ငွေသုံးသောင်းခွဲလောက် သူ့မိသားစုကို ပေးခဲ့တယ်။ ဒီကြားထဲ ဆီးပိုက်သွားလဲဖို့အတွက်လည်း ဒီထဲက သုံးနိုင်တာပေါ့။

သူတို့ကို ပုသိမ် ရန်ကုန်လိုင်းကားပေါ် တင်ပေးလိုက်တယ်။ သူ့ကို လိုအပ်တာပြုစုရအောင် သူ့ဒကာမကြီး ဒေါ်ရီကိုပါ ခေါ်ခဲ့တယ်။ ကားလက်မှတ်ဖြတ်ပေးတဲ့အပြင် သုံးချင်တာသုံးရအောင် တစ်ယောက်ကို ငွေကျပ်တစ်သောင်းစီ ထည့်ပေးလိုက်သေးတယ်။ အဝေးပြေးကားဂိတ်ရောက်ရင် တက္ကစီငှားဖို့အတွက် ငွေတစ်သောင်းလည်း သီးသန့်ထည့်ပေးလိုက်တယ်။

တို့ကတော့ သူတို့ရွာပြီးတဲ့အခါ ရောဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ်၊ ပန်းတောရိုးရွာမှာ တရားဟောဖို့ ကျန်ခဲ့ရတယ်။ တကယ်တော့ ဒါနပြုတယ်ဆိုတာ လောဘကို သတ်ခြင်းပါပဲ။ ဒါနရဲ့ ဥာန်လေးချက်ကို စာပေမှာ အခုလို ဖွင့်ပြထားတယ်။

**ဒါနသည် စွန့်လွှတ်ခြင်း လက္ခဏာရှိ၏။**
**လောဘကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။**
**ဘဝစည်းစိမ် ပြည့်စုံခြင်း အကျိုးရှိ၏။**
**စွန့်လွှတ်ထိုက်သော ပစ္စည်းဝတ္ထုလျှင်**
**နီးစွာသော အကြောင်းရှိ၏။**

ဒီဥာန်လေးချက်ကို ကြည့်လိုက်ရင် ဒါနပြုတယ် ဆိုတာ လောဘကိလေသာကို သတ်ခြင်းဖြစ်ကြောင်း အင်မတန် ထင်ရှားပါတယ်။ လောဘဟာ အင်မတန် နယ်ကျယ်တယ်။ အနာဂါမိ အထိ ဒုက္ခပေးတုန်းပဲ။ တဏှာလောဘကို ဒါနပြုခြင်း၊ ဓုတင်ဆောက်တည်ခြင်း၊ အသုဘဘာဝနာပွားခြင်း၊ ဝိပဿနာဘာဝနာပွားခြင်းတို့ဖြင့် ပယ်သတ်ရတယ်။ လောဘရဲ့နယ်ဟာ ကျယ်လွန်းအားကြီးလို့ လောဘကို လေးစိတ်စိတ်ပြီး မဂ်လေးမဂ်က အသီးသီးပယ်သတ်ပစ်ရတယ်။

လူ့ဘုံ၊ နတ်ဘုံမှာ ဘဝပေါင်း မရေနိုင် မတွက်နိုင်အောင် ကျင်လည်ချင်တဲ့ လောဘကို သောတာပတ္တိမဂ်က ပယ်သတ်ပစ်တယ်။ ဒါ့ကြောင့် သောတာပန်များဟာ လူ့ဘုံ၊ နတ်ဘုံမှာ အများဆုံး ခုနစ်ဘဝပဲ ပဋိသန္ဓေနေတော့တယ်။ ဆက်လက်ပြီး တရားအားထုတ်တဲ့အခါ သကဒါဂါမိမဂ်ကိုရတယ်။ အဲဒီ သကဒါဂါမိမဂ်က လူ့ဘုံနတ်ဘုံမှာ ခုနစ်ဘဝ ကျင်လည်ချင်တဲ့ လောဘကို ပယ်သတ်ပစ်လိုက်တယ်။ ဒါ့ကြောင့် သကဒါဂါမိ ဖြစ်သွားရင် လူ့ဘုံ၊ နတ်ဘုံမှာ တစ်ဘဝပဲ ကျင်လည်တော့တယ်။

ဆက်လက်အားထုတ်တဲ့အခါမှာ အနာဂါမိမဂ်ကို ရတယ်။

အဲဒီ အနာဂါမိမဂ်က လူ့ဘုံ၊ နတ်ဘုံမှာ တစ်ဘဝ ကျင်လည်ချင်တဲ့လောဘကို ပယ်သတ်ပစ်လိုက်တယ်။ ဒါ့ကြောင့် အနာဂါမ်တည်ပြီးရင် ဗြဟ္မာ့ဘုံမှာပဲ ကျင်လည်တော့တယ်။ ဆက်လက်အားထုတ်တဲ့အခါ အရဟတ္တမဂ်ကို ရတယ်။ အဲဒီ အရဟတ္တမဂ်က ဗြဟ္မာဘုံမှာ ကျင်လည်ချင်တဲ့ လောဘကို ပယ်သတ်ပစ်လိုက်တယ်။ ဒါ့ကြောင့် ရဟန္တာဖြစ်ရင် ဘဝပြတ်သွားပြီ၊ ၃၁–ဘုံက လွတ်သွားပြီလို့ ပြောတာ။

**တစ်စ တစ်စ၊ စွန့်ဝံ့မှလျှင်**

**ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း၏။**

လို့ ဆရာကြီး ဦးရွှေအောင်က 'ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့ကျေးဇူးရှင်' ကိုယ်ကျင့်ဗုဒ္ဓဝင်စာအုပ်မှာ ရေးသားခဲ့တယ်။ တပ်မက်တဲ့လောဘကို တစ်စထက်တစ်စ စွန့်စွန့်သွားရမယ်လို့ဆိုလိုတာပါ။ လောဘဟာ အသက်ကိုတွယ်တာတဲ့ လောဘ၊ ခန္ဓာကိုယ်၊ ခြေလက်အင်္ဂါ၊ အသွေးအသားကို တွယ်တာတဲ့ လောဘ၊ ဥစ္စာ၊ စည်းစိမ်ကို တွယ်တာတဲ့ လောဘရယ်လို့ သုံးဆင့်ရှိတယ်။

အဲဒီသုံးဆင့်မှာ ဥစ္စာစည်းစိမ်ကို တွယ်တာတဲ့ လောဘက စပြီး အထက်အထက် လောဘများကိုပါ တစ်စချင်း စွန့်သွားရမယ်လို့ ဆိုလိုပါတယ်။ ဥစ္စာပစ္စည်းတွေကို တတ်နိုင်သမျှ လှူဒါန်းတာဟာ နံပါတ်သုံးအဆင့် လောဘကို ပယ်စွန့်တာပါပဲ။ ငွေတစ်သောင်းကို လှူတယ်ဆိုရင် အဲဒီငွေတစ်သောင်းမှာ တွယ်တာတဲ့လောဘကို အရင်ပယ်သတ်ရပါတယ်။ ဒါကြောင့် လှူ

ပြီးသွားပြီဆိုတာနဲ့ ငွေတစ်သောင်းမှာ တပ်မက်တဲ့ လောဘကို လည်း ပယ်သတ်ပြီးသား ဖြစ်သွားပါတယ်။

အဲဒီထက် အဆင့်မြင့်လာရင် ခန္ဓာကိုယ်၊ အသွေးအသား မှာ တပ်မက်တဲ့လောဘကို ပယ်စွန့်ရတယ်။ ဥပမာ တို့အကြိမ် ငါးဆယ် သွေးလှူခဲ့တယ်။ သေရင် လာဖြုတ်ယူဖို့ မျက်ကြည် လွှာ လှူထားတယ်။ ဒါဟာ အသွေးအသားမှာ တွယ်တာတဲ့ လောဘကို ပယ်စွန့်တာပါပဲ။ လေးမဂ်လေးဖိုလ်ရလို့ ရဟန္တာ ဖြစ်သွားပြီဆိုရင်တော့ အသက်မှာ တွယ်တာတဲ့ လောဘကိုပါ ပယ်စွန့်ပြီး ဖြစ်သွားပါတယ်။ ဒါ့ကြောင့် မှတ်ထားပေါ့။ လောဘ နည်းရင် ဆင်းရဲနည်းတယ်။ လောဘကုန်ရင် ဆင်းရဲကုန်တာပဲ။ ဆင်းရဲကုန်မှတော့ ချမ်းသာချည်းပဲ ဖြစ်သွားတော့တာပေါ့။ ရဟန္တာအရှင်မြတ်တွေ အမြဲတမ်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြရတယ်ဆိုတာ အဲဒီလောဘဦးဆောင်တဲ့ ကိလေသာအပူ မီးတွေ ကုန်သွားလို့ပါပဲ။

ဒါနဟာ ပါရမီထိုက်သောဒါန၊ ကာလဒါန၊ ဉာဏ်ယှဉ် သောဒါနလို့ မြတ်တဲ့ဘက်ကသုံးမျိုးရှိသလို ပါရမီမထိုက်သော ဒါန၊ အကာလဒါန၊ ဉာဏ်မယှဉ်သောဒါနလို့ ညံ့တဲ့ဘက်က လည်း သုံးမျိုးရှိတယ်။

ပါရမီထိုက်သော ဒါနဆိုတာ လောကကောင်းစားဖို့ လှူတာ။
ပါရမီမထိုက်သော ဒါန ဆိုတာ ငါကောင်းစားဖို့ လှူတာ။
ကာလဒါနဆိုတာ တကယ်လိုအပ်တဲ့နေရာမှာ လှူတာ။
အကာလဒါနဆိုတာ မလိုအပ်ဘဲ နာမည်ကြီးချင်လို့လှူတာ။

ဉာဏ်ယှဉ်သောဒါနဆိုတာ ကျေးဇူးများမယ့်နေရာကို စဉ်းစားပြီး လှူတာ။ ဉာဏ်မယှဉ်သောဒါနဆိုတာ ကျေးဇူးမများတဲ့နေရာမှာ ရမ်းလှူတာ။

အရိုးတောင်းလက်ဖက်သုပ်ပိုင်ရှင် ဦးကျော်သိန်းဟာ ဆယ်တန်းကိုဂုဏ်ထူးများစွာနဲ့ အောင်ပြီး ဆေးတက္ကသိုလ်တို့၊ ဂျီတီအိုင်တို့ ဆက်မတက်နိုင်တဲ့ ကျောင်းသားတွေကို ဘွဲ့ရတဲ့အထိ ထောက်ပံ့ပေးတယ်။ အဲဒီ ဒါနမျိုးဟာ လောကကောင်းစားဖို့အတွက် လှူတာဖြစ်လို့ ပါရမီထိုက်တယ်။ ပါရမီထိုက်တဲ့ဒါနဟာ လူချမ်းသာ နတ်ချမ်းသာကိုလည်း ပေးတယ်။ နိဗ္ဗာန်ကိုလည်း ပို့တယ်။

သန်း။ ။ဉာဏ်ထဲကို ရှင်းသွားတာပဲ ဆရာတော်။ ကျန်တဲ့ ကာလဒါနတို့၊ ဉာဏ်ယှဉ်တဲ့ဒါနတို့ကို ရှင်းပြရင်လည်း အခုလို လက်တွေ့သာဓကလေးတွေနဲ့ ပြောပြစေချင်တယ်ဘုရား။

နုပ်။ ။ အေး ...ကျန်တဲ့ ဒါနအကြောင်းတွေကို နောက်အပတ်မှ ဆက်ကြမယ်။ ဒီအပတ်နိဂုံးချုပ်မှာတော့ အရိုးတောင်း လက်ဖက်သုပ်ပိုင်ရှင်ဦးကျော်သိန်းရဲ့ ကြီးပွားနည်း ဒဿနလေးတွေကိုပဲ မင်းတို့လူငယ်တွေ အတုယူရအောင် ရှာဖွေတင်ပြလိုက်မယ်။

## အရိုးတောင်းလက်ဖက်သုပ်ပိုင်ရှင် ဦးကျော်သိန်း၏ ကိုယ်တွေ့ကြီးပွားရေး အတွေးအမြင်များ

ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ လူမှာ အရေး

ကြီးတာက စိတ်ကောင်း၊ နှလုံးကောင်းရှိဖို့ပါပဲ။ နောက်တစ်ချက်က ဖြစ်နေရာဘဝ၊ ရောက်နေရာဘဝမှာ ဉာဏ်ဝီရိယလည်း အရေးကြီးပါတယ်။ ကျွန်တော်ငယ်ငယ်က ကံ၊ဉာဏ်၊ ဝီရိယကို သိပ်အလေးအနက် မထားခဲ့ဘူး။ အလေးအနက်ထားရမှန်းလည်း မသိဘူး။ ကံ ရှိရင် ရမှာပဲ၊ ဝီရိယရှိရင် ရမှာပဲလို့ ခံယူထားခဲ့တာပါ။ ခုထိ ဝီရိယတော့ ထားပါတယ်။ မနက်လေးနာရီ ထတယ်။ ဒါ နှစ်ပေါင်းများစွာ ကြာပြီ။

ဖိမ်နဲ့ ကွေးနေနိုင်တဲ့အချိန်မှာလည်း မနေခဲ့ပါဘူး။ ခုထိ မနက်လေးနာရီမှာ မန္တလေးမြို့တစ်ပတ် စက်ဘီးတစ်စီးနဲ့ ပတ်တယ်။ ကြက်သွန်ဖြူအသစ်ပေါ်ချိန်ဆိုရင် ငါးနာရီတစ်ပတ်၊ ခုနစ်နာရီတစ်ပတ် ထပ်ပတ်တယ်။ မနက် ၈း၃၀ အရောင်းအဝယ်ဖြစ်တော့သည့်မတိုင်ခင် သုံးကြိမ်ပတ်ပြီး ကြည့်တာပဲ။ ဉာဏ်နဲ့ ဝီရိယရှိရင် အဆင်ပြေမှာပဲ။ ကံဆိုတာ အပိုသဘောထားခဲ့ရာက အခုလုပ်သက်လည်း ရလာတော့ ကံဟာလည်း ပါပါသေးလား ဆိုတဲ့သဘောကို လက်ခံလာခဲ့ပါတယ်။

ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစုံမှ အောင်မြင်တယ်ဆိုတာ လက်တွေ့ယုံကြည်လာတယ်လို့ ပြောချင်ပါတယ်။ ၁၉၅၈–၅၉–မှာ တောင်ကြီးက ကြက်သွန်ဖြူဆရာကြီးဖြစ်တဲ့ ကိုယုပွဲရုံက ဦးဖိုးယားကလည်း ကြက်သွန်ဖြူဈေးကျမယ်လို့ တွက်တယ်။ ကျွန်တော်ကလည်း ကျလိမ့်မယ်လို့ တွက်လို့ရတယ်။ သည်တော့ ကျွန်တော်ကကြေးနန်းနဲ့ ကြက်သွန်ဖြူ မပို့ပါနဲ့လို့

ရိုက်လိုက်တယ်။ ကျမှာကို သိနေတာကိုး။

နောက် ကြက်သွန်ဖြူရောက်လာတော့ အားနာတာနဲ့ ယူလိုက်ရတယ်။ ကြက်သွန်ဖြူလည်း သည်ရောက်ရော ကြက်သွန်ဖြူဈေး တက်သွားတာပဲ။ အံ့ဩစရာကောင်းတယ်။ ဉာဏ်အားဖြင့် ကျမယ်လို့တွက်တယ်။ ဝီရိယအားဖြင့် ကြေးနန်းနဲ့ မပို့ပါနဲ့လို့ တားခဲ့တယ်။ သူကလည်း ကျရိပ်တွေ့တော့ ဖွတ်ပို့တယ်။ ကျွန်တော့်လက်ထဲရောက်ကာမှ ဈေးကတက်လိုက်တာ၊ အများကြီးကို တက်တာ။ သည်မှာကြည့်ရင် သူက ကံညံ့ပြီး ကျွန်တော်က ကံကောင်းနေတာ မဟုတ်လား။

နောက် ကျွန်တော့်ကို ဘယ်လောက်ကြိုးစားခဲ့သလဲမေးရင် မအိပ်မနေ ကြိုးစားခဲ့တာပဲလို့ ဖြေချင်ပါတယ်။ ဒါ့ကြောင့် ကလေးတွေကို ပြောရတယ်။ ငါ ဘွဲ့မရခဲ့ဘူး။ တက္ကသိုလ် မရောက်ခဲ့ဘူး။ ဒါပေမဲ့ ငါ မခံချင်စိတ်ထားတယ်။ ကျွန်တော်တို့ ဖတ်ခဲ့တဲ့ဝတ္ထုတွေထဲကလို ငါ့ခါးက ချွတ်မိရင် သွေးစွန်းမှ ဆိုတာလိုပဲ လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် မအိပ်မနေလုပ်တာပဲ။ ကျွန်တော်တို့ကိုရောင်းမယ့် ကြက်သွန်ဖြူလှည်းတွေကို ကျွန်တော်က ယူကြည့်ပြီးနေပြီ။ ပွဲစားက မနိုးသေးဘူး။ သည်အပေါ်မှာ စဉ်းစားပြီးနေပြီ။ ဈေးစဉ်းစားပြီးပြီ။ မန္တလေးတောင်အရှေ့က ဖိုးချိုကုန်းတို့ ပုသိမ်ကြီးတို့က ကြက်သွန်ဖြူတွေလာတတ်တယ်။ ကျွန်တော်က ကျွန်တော့်တပည့်ကို မန္တလေးတောင် ရွှေကျောင်ဂိတ်ကို စက်ဘီးနဲ့လွှတ်ထားတယ်။ ကျွန်တော်လည်းသွားရော ဒီလှည်းက ဘယ်ပွဲရုံသွားမှာတုံး။ တောင်

တွင်းကြီးပွဲရုံသွားမှာပါ။ သည်လှည်းကရော တိုးတက်ရေးပွဲရုံ သွားမှာပါဆိုတာနဲ့ လှည်းကို မှတ်ထားပြီးပြီ။ ကြက်သွန်ဖြူ ကိုလည်း ကြည့်ပြီးပြီ။ ဖန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်ဆိုရင် ကြက်သွန်ဖြူအသစ်ပေါ်စဆိုတော့ လှည်းတွေကို လိုက်ကြည့် ထားပြီး မေးတာပဲ။

သည်လှည်းတွေက တောင်တွင်းကြီးပွဲရုံရောက်တာနဲ့ ဝယ်ဖို့ ရန်ကုန်ဝယ်လက်တွေရော၊ ကြက်သွန်ဖြူကြော်ဖို့ လုပ်ငန်းရှင် တွေရော ပြည့်နေတာပဲ။ လာမယ့် ကြက်သွန်ဖြူလှည်းတွေကို စောင့်နေကြတာပဲ။ ပွဲစားကလည်း လာမှာပါ။ စောင့်ကြပါ ဆိုပြီး သူကလည်း စောင့်နေတာပဲ။ ကျွန်တော်က ခင်ဗျား လှည်းတွေ ကျုပ်ဝယ်မယ်ဆိုတော့ . . . ဟာ ခင်ဗျား မကြည့် တော့ဘူးလားပေါ့။ ကျွန်တော် မနက်စောစော ကြည့်ထားတာ ပွဲစားက မသိဘူး။ ကျွန်တော်က ခင်ဗျားကံ ကျွန်တော့်ကံပဲ။ မကြည့်တော့ပါဘူးဆိုတော့ ကျန်တဲ့ဝယ်လက်တွေက ဒါဟိတ် ဟန်လုပ်တာ၊ မသေချာသေးဘဲ ဝယ်တာဆိုပြီး ပြုံးနေကြ တယ်။

ပွဲစားက ဈေးလည်းပြောရော ကျွန်တော်က ဝယ်တယ်ဗျာ ဆိုပြီးဝယ်လိုက်တာပဲ။ ကိုယ်က ကြည့်ပြီးသား၊ သေချာပြီး သားကိုး။ ဆိုလိုတာက နံပါတ်(၁) ဝီရိယကို ထိပ်တန်းကထား တယ် ဆိုတာပါပဲ။ ဝီရိယနဲ့ ဉာဏ်အတူထားတယ်။ ကံက နောက်ကနေပဲ။ ဒါအမှန်ပဲ။ ကံကောင်းဖို့ ဘုရားမှာ ဆု မတောင်းဘူး။ ဉာဏ်နဲ့ ဝီရိယတော့ အပြည့်ထားတယ်။ ဒါ

ကျွန်တော့် ယုံကြည်ချက်ပဲ။

## ရွှစ်ရာဗိုးလက်ဖက်၊ အမြင့်သို့တက်

ကျွန်တော် စွဲစွဲမြဲမြဲယုံကြည်တာ တစ်ခုက စေတနာဆိုတာ အကျိုးပေးတယ်ဆိုတာ ယုံကြည်တယ်။ ဘယ်လိုယုံကြည် သလဲဆိုရင်၁၉၇၇–၇၈လောက်က အခုမျက်စိ၊ နား၊ နှာခေါင်း အထူးကုဆေးရုံ ဖွင့်မယ့်နေရာမှာ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ပြည့်နေတော့ မန္တလေးတစ်မြို့လုံးမှာရှိတဲ့ ကြက်ခြေနီတွေက လုပ်အားပေးပြီး ခုတ်ထွင်ရှင်းလင်းကြတယ်။ ညှော်ခံမယ့်သူက မရှိတော့ ကျွန်တော့်ဇနီး ဒေါ်ကြွယ်ကြွယ်ကို တာဝန်ရှိသူက ညှော်ခံပေးဖို့ မေတ္တာရပ်ခံလာပါတယ်။

တာဝန်ရှိတဲ့သူနဲ့လည်း ခင်မင်နေတော့ ဒေါ်ကြွယ်ကြွယ် က စေတနာ သဒ္ဓါတရားအပြည့်နဲ့ ညှော်ခံဖို့ စီစဉ်ပါတယ်။ အဲဒီတုန်းက ရန်ကုန်သုပ်ခေါ်တဲ့ ချဉ်ငန်စပ်လက်ဖက်သုပ်ဆို တာရှိတယ်။ ငရုတ်သီးစပ်စပ်၊ သံပရာသီး ချဉ်ချဉ်သုပ်တာ မျိုးပေါ့လေ။ အဲသည်မှာ မိုးအေးအေးနဲ့ဆိုတော့ ငရုတ်သီး ကဲကဲစပ်စပ်ကလေးသုပ်တယ်။ သံပရာသီးကလည်း ချဉ်ချဉ် စူးစူးကလေး သုပ်တယ်။ ရန်ကုန်လက်ဖက်သုပ်ကို ထပ်ပြင်ပြီး သုပ်ကျွေးလိုက်တာပါပဲ။

ခဏနေရင်း တစ်ဇလုံကုန်လို့ လာတောင်းရင်း ကျွန်တော့် ဇနီးကလည်း သုပ်ကျွေးရင်းနဲ့ ခဏခဏကို လာနေတော့ တာပါ။ အဲသည်လိုလာတိုင်း နယ်ဖတ်နေတာကို ရွှေဆိုင် တန်းက အဒေါ်ကြီးတစ်ယောက် နည်းနည်းတောင်းသွား

တယ်။ အဲသည်နေ့က ငွေရှစ်ရာဖိုးလောက် ဒါနပြုခဲ့တယ်။ အဲသည် ဘာမှမငြိုငြင်တဲ့ စေတနာလေးက ချက်ချင်းအကျိုး ပေးတာပဲ။ ရွှေဆိုင်တန်းက အဒေါ်ကြီးက နောက်တစ်နေ့ ရောက်လာပြီး ''ဟဲ့-ငါ့ကို မနေ့ကလက်ဖက်မျိုး သုပ်ပေး မလား''ဆိုပြီး ဝယ်သွားတော့ ဈေးထဲမှာ သတင်းက ပြန့်သွား ရော။ မနေ့က စားခဲ့ရတဲ့ ကြက်ခြေနီတွေကလည်း မနေ့က လက်ဖက်မျိုး သုပ်ပေးပါဆိုပြီး လာလိုက်ကြတာ။ လူဆိုတာ ဝက်ဝက်ကွဲပဲ။ အဲဒါ နှစ်ကျပ်၊ နှစ်ကျပ်နဲ့ ရောင်းတာ လက် မလည်ဘူး။ အဲသည်မှာ တို့ အကျိုးပေးဖို့တော့ ဖြစ်လာပြီ။ ကြက်ခြေနီသုပ်လို့ နာမည်ပေးရအောင်။ ပြီးတော့ တစ်ကျပ်ပဲ ရောင်းမယ်ဆိုပြီး ရောင်းလိုက်တာ။ ကနေ့အထိ နာမည်ကြီး နေတာ အားလုံးအသိပဲ။ ပြောချင်တာက စေတနာက တုံ့ပြန် အကျိုးပေးတတ်ပါတယ်။ စေတနာသာဖြူစင်ပါစေ။ သန့်ရှင်း ပါစေ။ လက်ငင်းအကျိုးပေးတယ်ဆိုတာ လူငယ်တွေ ယုံကြည် စေချင်ပါတယ်။ ဒါ ကိုယ်တွေ့ပါ။

## အမြင့်သို့ ပို့တာ မေတ္တာ စေတနာ

အရီးတောင်းသာ တကယ်လို့ရှိနေသေးရင် နှစ်ပေါင်း ၁၅၀- ကျော်ပြီ။ အရီးတောင်းပြီးတော့ အရီးတောင်းရဲ့ ချွေးမခေတ်ကို ရောက်သွားတယ်။ နောက် အရီးတောင်းရဲ့မြေးဖြစ်တဲ့ ဦးထွန်း အောင် (ဒေါ်ကြွယ်ကြွယ်ရဲ့ဖခင်) လက်ထက်မှာ တအားတက် ပြန်တယ်။ တစ်ခါ ကျွန်တော်တို့ လင်မယားလက်ထက်မှာ

တစ်ခါ ကြီးစားနေပါတယ်။ ဘာနဲ့တိုးတက်တာလဲတဲ့၊ ဝီရိယ၊ စေတနာ၊ စိတ်ကူးတွေနဲ့ ပေါင်းစပ်ပြီး လုပ်လာခဲ့လို့ တိုးတက်တာပါ။ စီးပွားရေးလုပ်ရင်သည် သုံးပါးမျှရင် ကောင်းတယ်၊ ဝီရိယထား၊ စေတနာထား၊ စိတ်ကူးပွားလို့တောင် ပြောချင်တယ်။

ဒေါ်ကြွယ်ကြွယ်ဆိုရင် ကနေ့အထိ နောက်တစ်နေ့ ကျွေးမယ့် ညွှေ့ခံပွဲအတွက် နောက်တစ်နေ့ ရောင်းမယ့်လက်ဖက်၊ ကနေ့ညကတည်းက ကိုယ်တိုင် နယ်၊ ကိုယ်တိုင် နှပ်တာပါ။ တစ်ရက်မှ သူကိုယ်တိုင်မလုပ်တာမရှိဘူး။ ဆိုလိုတာက သင်ထားပြီးရင် လွှဲထားတာမျိုး မလုပ်ဘူး။ သည်စေတနာကပဲ အကျိုးပေးနေတာပဲ။ ကျွန်တော့် သားသမီးတွေအားလုံးလည်း လက်ဖက်ကြော်လုပ်ငန်းမှာပဲ လုပ်နေကြတယ်။ ဘွဲ့တွေအသီးသီးရနေကြပေမယ့် မိရိုးဖလာလုပ်ငန်းကြီးကို တိုးတက်သထက် တိုးတက်အောင် လူငယ်တွေလက်ထဲ ကျွန်တော်တို့ လွှဲနေပြီး သားသမီးတွေကလည်း ဝမ်းပမ်းတသာလုပ်ကြပါတယ်။

## ကြီးပွားသူတို့၏ ဝီရိယ

နောက်ပြင်ရမှာက အချိန်မလေးစားတာပါပဲ။ လူငယ်တွေ တော်တော်များများ ဒါကို ပြင်ရမှာပါ။ အရီးတောင်းရဲ့ မြေး ဦးထွန်းအောင်က သူ့အလုပ်သမားတွေကို မှာလေ့ရှိတယ်။ ''မင်းတို့ပွဲရုံကို မနက်ခြောက်နာရီသွားလိုက်ဟေ့''လို့ မမှာရဘူးတဲ့။ မင်းတို့ပွဲရုံကို မနက်၆– နာရီ လာခဲ့ကြဟေ့လို့ မှာရမယ်

တဲ့။ လာကြပြောဆိုတဲ့ စကားထဲမှာ ငါက ရောက်နှင့်နေမယ် ဆိုတဲ့ သဘောပါတော့ အလုပ်သမားက မခိုဝံ့ဘူး။ နောက် မကျဝံ့ဘူး။ ကျွန်တော်လည်း သည်လိုပဲ။ မနက်ရှစ်နာရီ လောက် ပွဲရုံထိုင်တော့ အလုပ်သမားတွေ ရှစ်နာရီခွဲလောက် ပွဲရုံရောက်တယ်။ ကျွန်တော်က မနက်ခြောက်နာရီသွား ထိုင် တော့၊ မနက်ခြောက်နာရီခွဲ ရောက်ကြပြန်ရော။ ဒါ့ကြောင့် ကိုယ်ကလည်း ဝီရိယထားပြီး အချိန်ကိုလေးစားပြမှ နောက် လိုက်က လေးစားတာတွေ ရှိတယ်။ အခုထိ ကျွန်တော်တို့ မနက်လေးနာရီ ထတယ်။ ဦးဝိမလတရားခွေ နာတယ်။ ရေမိုး ချိုးတယ်။ ဘုရားရှိခိုးတယ်။ ပြီးမှ ပွဲရုံကိုသွားတယ်။ အလုပ် သမားတွေရဲ့အရင် ကျွန်တော် ရောက်အောင်သွားတယ်။ ကြီးပွားချင်သူတိုင်း အချိန်ကို လေးစားဖို့ လိုပါတယ်။ အချိန်ကို လေးစားလိုက်တာနဲ့ ဝီရိယကလည်းပါပြီးသား ဖြစ်ပါတယ်။

## စိတ်ကို ထိန်းနိုင်လေ၊ ချမ်းသာလေ

အခု ကျွန်တော်တို့ ရှာလို့၊ စုလို့ လှူနိုင်တန်းနိုင်ပြီး ပေးနိုင် ကမ်းနိုင် ကူညီနိုင်တဲ့ အနေအထားရောက်ပြီ ဆိုတာတောင် မိသားစုတွင်းမှာ ဘာစည်းကမ်းလုပ်ထားသလဲဆိုတော့ ဘယ် သူမှ ဆေးလိပ်မသောက်ရဘူး။ အရက်သေစာ မသောက်ရ ဘူး။ ကျွန်တော်သည်ပင်လျှင် ဗဟုသုတအနေအားဖြင့် တောင် ကာရာအိုကေတွေဘာတွေ မရောက်ဖူးပါဘူး။ အချိန် ကုန်ခံပြီး လက်ဖက်ရည်ဆိုင် မထိုင်ဘူး။ ဘီယာဆိုင် မထိုင်

ဘူး။ ကွမ်းမစားဘူး။ အချိန်လည်း ကုန်တယ်။ ငွေလည်း ကုန်တယ်။ သည်အချိန်ကလေးမှာ အကျိုးရှိရာရှိကြောင်း လုပ်ရင် ပိုမကောင်းဘူးလား။ စာဖတ်ရင် ပိုမကောင်းဘူးလား။ လူငယ်တွေ စာဖတ်ရမယ်။

(၁၉၉၆ ခုနှစ်က ထုတ်ဝေသော
အောင်မောင်း၏
လုသောဘဝကို ထုဆစ်သူများစာအုပ်မှ)

## မဟာပဇာပတိ ဂေါတမီထေရီ၏ ကျေးဇူးစကား သားတော်သည် ခမည်းတော်တည်း။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။ အကျွန်ုပ်သည် အရှင်ဘုရား၏ မယ်တော်ပါတည်း။ အရှင်ဘုရားသည်ကား အကျွန်ုပ်၏ ခမည်းတော်ပါတည်း။ အကျွန်ုပ်သည် အရှင်ဘုရားမှ မွေးဖွားသူဖြစ်ပါ၏။ မြတ်စွာဘုရား အရှင်မြတ်ဘုရား၏ ဉာဏ်ရူပကာယတော်ကို အကျွန်ုပ်သည် ကောင်းစွာကြီးပွားစေခဲ့ပါ၏။ အကျွန်ုပ်၏ တရားတည်းဟူသော ကိုယ်ကို အရှင်ဘုရားသည် ကောင်းစွာကြီးပွားစေခဲ့ပါ၏။

## နို့ဖိုးကြွေးမရှိ

အကျွန်ုပ်သည် အရှင်ဘုရားကို နို့ရည်တိုက်ကျွေးခဲ့ပါ၏။ ထို နို့ရည်သည် ဆာလောင်မွတ်သိပ်ခြင်းကို တစ်ခဏမျှ ငြိမ်းစေနိုင်ပါ၏။ အရှင်ဘုရားသည်ကား အကျွန်ုပ်ကို ထာဝစဉ်

အားဖြင့် စင်စစ်ငြိမ်းအေးသော တရားတည်းဟူသော နို့ရည်ကို တိုက်ကျွေးတော်မူပါပေ၏။ မြတ်စွာဘုရား ... အရှင်ဘုရား သည် အကျွန်ုပ်အား ကိလေသာအနှောင်အဖွဲ့မှ စောင့်ရှောက် ခြင်းကြောင့် နို့ဖိုးကြွေးမရှိပါ။ သားကို အလိုရှိကုန်သော မိန်းမ တို့သည် သားဆုတောင်းကုန်၍ ထိုထိုသားကို ရကုန်၏။ မန္ဓာတုစကြဝတေးမင်း၏ အမိသည် ဘဝဟူသော သမုဒ္ဒရာ၌ နစ်မြုပ်ရ၏။ သားတော်ဘုရား ... အရှင်ဘုရားသည် အကျွန်ုပ်ကို ဘဝဟူသော သမုဒ္ဒရာမှ ကယ်တင်တော်မူပါ ပေ၏။

## ရခဲသည်ကို ရခဲ့ပြီ

မိန်းမတို့အဖို့ မင်း၏ မယ်တော် မိဖုရားဟူသော အမည်ကို ရလွယ်ပါ၏။ မြတ်စွာဘုရား၏ မယ်တော်ဟူသော အမည်ကိုမူ အလွန်ရခဲပါ၏။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား – အကျွန်ုပ် ဆုတောင်းခဲ့သော ထိုအမည်ကိုလည်း အရှင် ဘုရားကြောင့်ပင် ရပါလေပြီ။ အကျွန်ုပ်သည် ဤကိုယ်ကောင် ကိုစွန့်ပယ်၍ ပရိနိဗ္ဗာန် ပြုလိုပါ၏။ အရှင်ဘုရားသည် ခွင့်ပြု တော်မူပါ။

## မျက်လှည့်ပမာ

ခန္ဓာကိုယ်သည် မြွေ၏နေရာနှင့် တူ၏။ အနာရောဂါတို့ ဖြစ်ပွားရာ အရပ်လည်း ဖြစ်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်း

ဒုက္ခပေါင်းစုံတို့ ကျက်စားရာလည်းဖြစ်၏။ အကျွန်ုပ်သည် ဤကိုယ်ကောင်၌ ငြီးငွေ့ပါပြီ။ အကြောင်းအကြောင်းတို့ ပေါင်းစပ်ပြုပြင်စီရင်အပ်သော သင်္ခါရတရားသည် အနှစ်သာရမရှိ။ ငှက်ပျောတုံးနှင့်တူ၏။ မျက်လှည့်ပမာ၊ တံလျှပ်ပမာ ကာလတိုတောင်းလှ၏။ လျှပ်ပေါ်လော်လီမှုရှိ၏။ ရွံရှာ စက်ဆုပ်ဖွယ်ရာပင်တည်း။

**(ထေရီအပဒါန်ပါဠိတော်၊ ခေမာပေါ်သထိကဝင်)**

နုပ်။ ။ ပါရမီမထိုက်သောဒါနဆိုတာ ငါကောင်းစားဖို့ လှူတာပေ့ါ။ စလှူစဉ်ကတည်းက ငါဆိုတဲ့ ဒိဋ္ဌိကိလေသာရယ်၊ ကောင်းစားဖို့ဆိုတဲ့ လောဘကိလေသာရယ်က မသိမသာ ကပ်ပါလာတဲ့အတွက် ဒီအလှူရှင်မျိုးဟာ သူလိုချင်တဲ့ လူချမ်းသာ၊ နတ်ချမ်းသာကိုတော့ ရပါတယ်။ ဒါပေမဲ့ ကိလေသာကုန်ရာ နိဗ္ဗာန်ကိုတော့ မရနိုင်ဘူး။ ကျောင်းမှုခ်ဦး၊ ဘုရားမုခ်ဦးမှ လှူတာ၊ ဘုရားခန်းမှ လှူတာ၊ ဘုရားခန်း တစ်ခန်းဆိုရင် ဘုရားတစ်ဆူဆိုရင် လုံလောက်ပါလျက်နဲ့ ရုပ်ပွားအပိုတွေ ထပ်လှူတာမျိုးဟာ ပါရမီမထိုက်တဲ့ ဒါနမျိုးပဲ။

အခုခေတ် ဘုရားတန်ဆောင်းတွေ သွားကြည့်ပါလား။ ရုပ်ပွားတော်ကိုတောင် ဦးကောင်းကောင်းမချရဲဘူး။

သန်း။ ။ဘာဖြစ်လို့လဲ ဘုရား။

နုပ်။ ။ ဟာ . . . ရုပ်ပွားတွေက ပတ်ချာလည်များလွန်းလို့ ရှေ့ကရုပ်ပွားကို ဦးချရင် နောက်ကရုပ်ပွားကို ဖင်နဲ့ပေါက်သလို ဖြစ်သွား

မှာစိုးလို့ပေါ့။ တကယ်ဆိုရင် တန်ဆောင်းတစ်ခု ရုပ်ပွားတစ်ဆူ ဆိုရင် တော်ပြီပေါ့။ အခုတော့ သူတစ်ပါးရှိခိုးခံရတဲ့ ရုပ်ပွားပဲ လှူမယ်၊ ကျန်တာမလှူဘူးဆိုတဲ့သူကများတော့ ရုပ်ပွားတော် တွေက လိုတာထက် ပိုနေတာပေါ့။

ကာလဒါနဆိုတာက လောကအတွက် တကယ်လိုအပ် တဲ့နေရာမှာ လှူတာမျိုးကို ပြောတာ။ အဲဒီ ကာလဒါနအလှူ ရှင်တွေဟာ ဖြစ်ရာဘ၀ ချမ်းသာတဲ့အခါ ပထမအရွယ် ငယ်ငယ်လေးကတည်းက ချမ်းသာတယ်။ ပြီးတော့ လိုတာကို လှူခဲ့တဲ့အတွက် မိမိရဲ့ လိုအင်ဆန္ဒတွေဟာ ချက်ချင်း ပြည့် တယ်။ ရွှေပြည်သာမြို့မှာ မီးမဖွားနိုင်တဲ့ မိခင်လောင်းတွေ ကို ခွဲစိတ်ကုသဖို့အတွက် ငါ လှူပေးနေတာ ခြောက်နှစ်ကျော် လောက်ရှိသွားပြီ။

ဒါကို နှစ်သက်ကယ်အလှူလို့ ခေါ်တယ်။ မိခင်အသက် ကိုကယ်ရင်း ရင်သွေးငယ်ရဲ့အသက်ကိုပါ ကယ်ပြီးသား ဖြစ် သွားတာပေါ့။ ဒါမျိုးအလှူကို မြန်မာသူဌေးတွေ များများ လှူသင့်တယ်။ အကာလဒါနဆိုတာကတော့ လောကအတွက် တကယ် မလိုအပ်ဘဲ လှူတာမျိုးပေါ့။ ဥပမာ– စေတီရင်ပြင် မှာ ဘိုးဘိုးအောင်ရုပ်တုတွေ၊ ဘိုးမင်းခေါင်ရုပ်တုတွေ၊ ထွက် ရပ်ပေါက်ဂိုဏ်းက ဘုန်းကြီးပုံတွေ ဒါမျိုးတွေ လှူတာက လောကအတွက်၊ သာသနာအတွက် တကယ်မလိုအပ်ဘူး။ ဒီရုပ်တုတွေ မရှိလည်း ဖြစ်တယ်။

ဒီလို မလိုအပ်ဘဲ ရမ်းလှူတဲ့ အလှူရှင်တွေဟာ ကုသိုလ်

တော့ရပါတယ်။ ဒါကြောင့် နောက်ဘဝချမ်းတော့ ချမ်းသာမယ်။ ဒါပေမယ့် တတိယအရွယ် အိုမှပဲ ချမ်းသာတတ်တယ်။ ဒါကြောင့် မိမိရဲ့ချွေးနည်းစာကို လှူတော့မယ်ဆိုရင် လောကအတွက်၊ သာသနာအတွက် တကယ်လိုအပ်တဲ့နေရာမှာ လှူသင့်တယ်။

ဉာဏ်ယှဉ်သောဒါနဆိုတာ လောကအတွက်၊ သာသနာအတွက် ကျေးဇူးများမယ့်နေရာကို စဉ်းစားတွေးခေါ်ပြီး လှူတာမျိုးကို ပြောတာ။ ဒီအလှူရှင်တွေဟာ ဖြစ်ရာဘဝမှာ ချမ်းလည်း ချမ်းသာတယ်။ ဉာဏ်လည်းကောင်းတယ်။ ဘုရားရှင်ရဲ့တရားကို တစ်ကြိမ်နာရုံနဲ့ ရဟန္တာဖြစ်သွားတယ်ဆိုတာ ဒီလို ဉာဏ်ယှဉ်တဲ့ဒါနကို ပြုခဲ့သူတွေပေါ့။ ဉာဏ်မယှဉ်သောဒါနဆိုတာကတော့ လောကအတွက်၊ သာသနာအတွက် ကျေးဇူးများမများ မစဉ်းစားဘဲရမ်းလှူကြတာမျိုးပေါ့။ ဒီအလှူရှင်မျိုးတွေဟာ လှူတဲ့အတွက်တော့ နောက်ဘဝ ချမ်းသာတယ်။ ဒါပေမဲ့ ဉာဏ်မကောင်းဘူး။ ဒွိဟိတ်ပုဂ္ဂိုလ်မျိုးဖြစ်ပြီး မဂ်ဖိုလ်နဲ့ ဝေးသွားတတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ဒါနမှာ မျှော်လင့်ချက်ဆိုတဲ့ လောဘစေတတ်ပါနေတတ်လို့ပါပဲ။

ပြင်ဦးလွင်မြို့၊ စိုးစံဘော်ဒါကျောင်းပိုင်ရှင် ဒကာကြီးက မြို့နယ်ပြည်သူ့ဆေးရုံမှာ နွမ်းပါးတဲ့လူနာတွေ ဆေးကုသလို့ရအောင် ဘဏ်မှာ ကျပ်ငွေသိန်းတစ်ထောင် လှူသွားတယ်။ အဲဒီအလှူမျိုးဟာ ဉာဏ်ယှဉ်တဲ့အလှူပေါ့။ သိန်းတစ်ထောင်က တိုးလာတဲ့ အတိုးငွေနဲ့ နွမ်းပါးတဲ့ လူပေါင်းများစွာရဲ့

အသက်ကို နှစ်ရှည်လများ ကယ်တင်နိုင်တော့မယ်။ ဘယ်လောက်များ လောကအတွက် ကျေးဇူးများလိုက်သလဲလို့။

တချို့က တန်ခိုးကြီးဘုရားရုပ်ပွားတွေကို ဖောင်းကား၊ ယောင်ရမ်းနေတဲ့ ရောဂါသည်ကြီးလိုဖြစ်သွားအောင် ရွှေတွေ တအားချပစ်တယ်။ တချို့က ဗုဒ္ဓရုပ်ပွားတော်တွေကို ဘောလုံးလို အလုံးကြီးဖြစ်သွားအောင် ရွှေတွေချပစ်တယ်။ တချို့က ဗုဒ္ဓရုပ်ပွားတော်တွေကို ကြောက်စရာကြီးဖြစ်သွားအောင် မျက်လုံးမှာချည်း ဖူးထွက်နေအောင် ရွှေတွေချပစ်တယ်။ အဲဒီ အလှူမျိုးတွေဟာ ဉာဏ်မယှဉ်တဲ့ အလှူတွေပဲ။

ဗုဒ္ဓဘာသာအများစုက တောင်တွေ့ရင်ဘယ်လောက် မြင့်မြင့် ဘယ်လောက်ကုန်ကုန် တက်ပြီးတော့ ဘုရားတည်တယ်။ ဒါပေမဲ့ တောင်အောက်မှာ ဆင်းရဲနွမ်းပါး ဒုက္ခရောက်နေကြတဲ့ ဗုဒ္ဓဘာသာဝင် ရှာသူရှာသားတွေကိုတော့ ထောက်ပံ့ရကောင်းမှန်း မသိကြဘူး။ ဘာသာခြား သာသနာပြုတွေကတော့ ဉာဏ်ယှဉ်ပြီးတော့ လှူတတ်တယ်။ သူတို့ငွေတွေကို သူတို့သာသနာအတွက် အကျိုးများမယ့် နေရာမှာပဲ အကုန်ခံကြတယ်။ ဉာဏ်ယှဉ်ပြီး လှူတတ်တာပေါ့။

တောင်အောက်က နွမ်းပါးတဲ့ ဗုဒ္ဓဘာသာဝင်တွေကို ဘာသာခြားတွေကလာပြီး ထောက်ပံ့ကူညီကြတယ်။ ဗုဒ္ဓဘာသာဝင်တွေက တောင်ပေါ်မှာ ဘုရားထီးတော်တင်ပြီး အောင်ပွဲခံနေချိန်မှာ တောင်အောက်က ဗုဒ္ဓဘာသာရှာ လေးငါးရှာလောက်က ဘာသာခြားထဲ ပြောင်းသွားကြပါပြီ။ ဒါကို နက်နဲ

စွာတွေးကြည့်ရင် တောင်ပေါ်က ဗုဒ္ဓဘာသာဝင်တွေဟာ အောင်ပွဲခံတာ မဟုတ်ဘဲ ရှုံးပွဲခံတာ ဖြစ်နေပါတယ်။

စေတီတစ်ဆူတော့ တည်ဖြစ်လိုက်ပါရဲ့။ ဒါပေမဲ့ ရွာလေး ရွာလောက် ဘာသာခြားထဲ ပြောင်းသွားတယ်ဆိုတော့ ကိုယ့်ဘက်က ရှုံးသွားတာပေါ့။ အဲဒါ လှူဒါန်းနည်း ရှေ့နောက်မှားသွားတာပဲ။ တောင်အောက်က ဆင်းရဲသားတွေကို ထောက်ပံ့တာက အရင်လုပ်ရမှာ။ ပြီးမှ စေတီတည်ရမှာ။ ဒီအချက်ကို သေချာသိထားတဲ့ မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဝါခင်းကုန်းကျောင်းဆရာတော်၊ နိုင်ငံကျော်မေ့ကထိက ဆရာတော် ဦးတိက္ခက တောင်တန်းသာသနာ ထောက်ပံ့ရေး အဖွဲ့ကြီး ဖွဲ့ပြီး ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်ကစပြီး စုပေါင်းထောက်ပံ့နေကြတာ သိပ်အားရစရာကောင်းတယ်။

ဒီအဖွဲ့ကြီးကို တစ်ပြည်လုံးက ဗုဒ္ဓဘာသာဝင်တွေ ဝိုင်းဝန်းထောက်ပံ့ကူညီ လှူဒါန်းသင့်တယ်။ အခုလို အားတက်သရေ ထောက်ပံ့မှုကြောင့် ဘာသာခြားတိုင်းရင်းသားတွေတောင် ဗုဒ္ဓဘာသာထဲကို ကူးပြောင်းလာတာ တွေ့နေရတယ်။ ဒါနပြုတဲ့အခါ ကုသိုလ်လည်းရ၊ လောကအတွက်လည်း အကျိုးရှိသည့် နှစ်ချက်နဲ့ညီအောင် ဉာဏ်ယှဉ်ပြီး ပြုသင့်တယ်။

ဘုရားတည်ရင် ကုသိုလ်တော့ရတယ်။ လောကအတွက်တော့ သိပ်အကျိုးမများလှဘူး။ မိဘမဲ့ ပရဟိတကျောင်းမျိုးမှာ လှူမယ်ဆိုရင် ကုသိုလ်လည်းရတယ်။ လောကအတွက် သာသနာအတွက်လည်း အကျိုးများတယ်။ ဒီစကားကို ထင်

ရှားအောင် လက်တွေ့ဖြစ်ရပ်နှစ်ခုကို ပြောပြမယ်။

သန်း။ ။အမိန့်ရှိပါ ဘုရား။

နုပ်။ ။ တို့ မြန်မာပြည်မှာ တစ်ထောင်ဘုရားတွေ တအားများလာတယ်။ ၂၀၀၉–ခုနှစ်၊ တစ်လပိုင်းလောက်က တစ်ထောင်ဘုရားတွေ ဆင်းရဲပင်ပန်းစွာ သီတင်းသုံးနေရတာကို ကိုယ်တိုင် တွေ့ခဲ့ရတယ်။ ဓမ္မဝိဒ္ဒာနက်ကို ပြောမှာမို့လို့ နေရာဒေသတော့ ထည့်မပြောတော့ဘူး။

တစ်ထောင်ဘုရားတွေမှာ အမိုးအကာ ပါတာမဟုတ်တော့ မိုးရွာရင် စို၊ နေပူရင် ခြောက်။ ဒီလိုပဲ နေနေရတယ်။ ကြာတော့ ရုပ်ပွားတွေဟာ မဲခြောက်ပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်ကုန်တယ်။ တစ်ခါ သန့်ရှင်းရေး ဘာမှမလုပ်တဲ့ အတွက်ကြောင့် ချုံပုတ်တွေ၊ မြက်ပင်တွေက ဗောဓိပင်ကို ဖုံးအုပ်နေတယ်။ ရုပ်ပွားသာ လှူမယ့်လူရှိတာ သန့်ရှင်းရေး အလုပ်သမားခကျတော့ လှူမယ့်သူ မရှိဘူးလေ။

ဒီတစ်ထောင် ဘုရားတည်တဲ့ ဘုန်းကြီးကလည်း ဘုရားကျတော့ တည်ရဲတယ်။ သန့်ရှင်းရေး အလုပ်သမားကျတော့ မငှားရဲဘူး။ စဉ်းစားကြည့်တော့ ဘုရားတည်ရင် သူတစ်ပါးပိုက်ဆံကုန်မယ်၊ သန့်ရှင်းရေးအလုပ်သမား ငှားရင် မိမိပိုက်ဆံကုန်မယ်။ ဒါကြောင့် မငှားဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး ရောက်သွားတယ်။ ဘုရားရုပ်ပွားတွေကို ကြည်ညိုဖို့ ကိုးကွယ်ဖို့ပဲ တည်သင့်တယ်။ ဖိုးသူတော်ရုပ်တွေလို အလှကြည့်ဖို့ မတည်သင့်ဘူး။ ဘယ်အရာမဆို ပေါလွန်းအားကြီးရင် တန်ဖိုးကျသွား

တာပဲ။

ပတ္တမြားဟာ လမ်းခင်းကျောက်လိုသာ ပေါများနေမယ်ဆိုရင် ဘယ်သူကတန်ဖိုးထားတော့မှာလဲ။ တို့ စက်ာပူကို တရားဟောကြွတုန်းက ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ ကိုးကွယ်တဲ့ မဟာယာန တရုတ်ဗုဒ္ဓဘာသာ ဘုရားကျောင်းကြီးကို သွားကြည့်တယ်။ အဲဒီဘုရားဝန်းက ဥယျာဉ်ထဲမှာ ချစ်စရာ ဖိုးသူတော်ပုံတွေ၊ ကျောက်သားနဲ့ ပန်းပုထုထားတာ အများကြီးပဲ။

ငါတောင် ဖိုးသူတော်လေးတစ်ပါး ပခုံးကို ကိုင်ထားတဲ့ပုံတစ်ပုံ ဓာတ်ပုံရိုက်ခဲ့သေးတယ်။ တို့မြန်မာပြည်က ရဟန်းရှင်လူ ဗုဒ္ဓဘာသာတွေ သတိထားရမှာက ဗုဒ္ဓရုပ်ပွားတော်ပုံတွေကို ဖိုးသူတော်ပုံတွေလို သဘောထားပြီး ဖုံးပေါလအောမတည်သင့်ဘူး။ ဘုရားရုပ်ပွားတွေ စေတီတွေကို ခြံစောင့်လို သဘောထားပြီး တည်တဲ့ ဘုန်းကြီးတစ်ပါးကိုလည်း တွေ့ဖူးတယ်။

အဲဒီဘုန်းကြီး ပိုင်ဆိုင်တဲ့ မြေကေက တစ်ရာတောင်ကျော်တယ်။ သူက သူပိုင်တဲ့ ခြံစပ်တွေမှာ စေတီအသေးတွေ၊ အကြီးတွေ၊ ရုပ်ပွားအသေးတွေ အကြီးတွေ အများကြီး တည်ထားတယ်။ အတွေးအခေါ်ရှိတဲ့ ငါ့ရဲ့ ဒကာတစ်ယောက်က အဲဒီဘုန်းကြီးကို သွားမေးတယ်။ ဘာဖြစ်လို့ ရုပ်ပွားစေတီတွေ အဲသလောက်အများကြီး တည်ရတာလဲဆိုတော့ သူက ဖြေတယ်။ ခြံစောင့်ခိုင်းတာတဲ့။

သန်း။ ။ရက်စက်လိုက်တာဘုရား၊ ဘုရားသာသနာကို ခိုဝင်။ ဘုရား

ကျွေးတာ စားနေပြီး ဘုရားကို ခြံစောင့်နိုင်းသတဲ့လား ဘုရား။
နုပ်။ ။ သူက ဒသနပညာရှင်ကြီးလုပ်ပြီး သူ့အတွေးအခေါ်ကို ဆက်ပြောလိုက်သေးတယ်။ ငါ့ခြံဝန်းက တအားကျယ်တယ်။ ငါ့မှာ ခြံစည်းရိုး အုတ်တံတိုင်းလည်း မခတ်နိုင်ဘူး။ ခြံစောင့်လည်း မထားနိုင်ဘူး။ အခုလို ရုပ်ပွားတော်တွေ၊ စေတီလေးတွေ ခြံစပ်မှာတည်ထားတော့ တစ်ဖက်ခြံက လူတွေဟာ ငါ့ခြံက မြေကို မကျူးကျော်ရဲတော့ဘူးပေါ့ကွာတဲ့။

တည်ထားတဲ့ ရုပ်ပွားတွေကျတော့ သန့်ရှင်းရေး လုပ်ရအောင် အလုပ်သမားမငှားဘူး။ ကိုယ်ဝယ်ထားတဲ့ ခြံကျတော့ လုံခြုံအောင် ဘုရားကို ပြန်ပြီးတော့ အလုပ်သမား ငှားတယ်။ ဘုရားရှင်ဘက်က တွေးကြည့်ရင် တော်တော်ရင်နာစရာကောင်းတယ်။ မြို့တစ်မြို့က တစ်ထောင်ဘုရားတည်တဲ့ ဘုန်းကြီးကျတော့ အရာရှိအချို့နဲ့ပေါင်းပြီး သူ့ကျောင်းပတ်ဝန်းကျင်က လယ်တွေကို သိမ်းပစ်လိုက်တယ်။ ဘုရားတည်ဖို့ သိမ်းတာဆိုတော့ ဆင်းရဲသားလယ်သမားတွေဟာ ဘာမှတောင် မပြောရဲရှာဘူး။ တစ်ခွန်းတော့ ပြောတယ်။ သူတို့ လယ်တွေ သိမ်းပြီး တည်တဲ့ဘုရားတွေဖြစ်လို့ စိတ်နာပြီး တစ်ခါမှ သွားမဖူးဘူးတဲ့။

အပေါ်ယံကြည့်ရင်တော့ အဲဒီဘုန်းကြီး တစ်ထောင်ဘုရားတွေ တည်ထားတာဟာ သာသနာပြုတယ်လို့ ထင်စရာပေါ့။ သေချာတွေးကြည့်ရင်တော့ သာသနာကို ဖျက်ရာတောင် ရောက်သွားတယ်။

သန်း။ ။ဘယ်လိုရောက်သွားတာလဲ ဘုရား။

နုပ်။ ။ စောစောက လယ်မြေတွေအသိမ်းခံရတဲ့ လယ်သမားတွေ ပြောတဲ့စကားကို ကြည့်ပါလား။ သူတို့လယ်တွေသိမ်းပြီး ဘုရားတည်ပစ်လို့ အဲဒီဘုရားတွေကို စိတ်နာတယ်လို့ ပြော လိုက်တာလေ။ အဲဒါ ရတနာသုံးပါးအပေါ် ကြည်ညိုတဲ့ သဒ္ဓါ ဓာတ်တွေ ပျက်စီးသွားလို့ပဲပေါ့။ ဒီအချိန်မှာ ဘာသာခြား သာသနာပြုတွေက သူတို့ ဆုံးရှုံးသွားတဲ့လယ်မြေတွေကို ပြန် ရွေးပေးပြီး စည်းရုံးလိုက်မယ်ဆိုရင် ဒီလယ်သမားတွေ အားလုံး ဟာ ဘာသာခြားတွေ ဖြစ်သွားကြမှာပဲ။

ဒီမြို့မှာ ဘာသာခြားသာသနာပြုတွေဟာ တကယ်လည်း ရှိနေကြပါတယ်။ ဒီလယ်သမားတွေ ဘာသာခြားထဲ တကယ် ရောက်သွားပြီဆိုရင်တော့ အဓိကတရားခံဟာ သူတို့လယ်တွေ ကို သိမ်းပြီး ဘုရားတည်တဲ့ ဘုန်းကြီးပဲ။ အဲဒါဆိုရင်တော့ သူဘုရားတည်တာဟာ သာသနာပြုရာမရောက်ဘဲ သာသနာ ကို ဖျက်ဆီးရာ ရောက်သွားမှာပဲ။

ဟိန္ဒူဘာသာဝင်တွေချည်းပဲရှိတဲ့ အိန္ဒိယနိုင်ငံမှာ ပါကစ္စ တန်နိုင်ငံဆိုပြီး နိုင်ငံတစ်ခြမ်းခြမ်း ပေးရလောက်အောင် အစ္စလာမ်ဘာသာဝင်တွေ ဘာဖြစ်လို့ ဒီလောက်ထိ တိုးပွား လာရတာလဲဆိုရင် လောကအတွက်၊ နိုင်ငံအတွက် အကျိုး မပေးတဲ့ ရိုးရာအစဉ်အလာကြီးတစ်ခုကို မစွန့်လွှတ်ကြလို့ပဲ။

ဟိန္ဒူဘာသာနဲ့ အစ္စလာမ်ဘာသာဟာ အမျိုးသမီးတွေကို တအားနှိမ်ထားတယ်။ ပါကစ္စတန်နိုင်ငံမှာဆိုရင် မုဒိမ်းမှုဖြစ်

ရင် အမျိုးသမီးတွေဟာ တရားရုံးကို မတိုင်ရဲဘူး။

သန်း။ ။ဘာဖြစ်လို့လဲ ဘုရား။

နုပ်။ ။ သူတို့ရဲ့ အစ္စလာမ်ဘာသာဥပဒေအရ ခုလို မုဒိမ်းပြုကျင့်ခံရတာဟာ မိန်းကလေးတွေက ယောကျ်ားလေးတွေစိတ်ဖောက်ပြန်အောင် အဝတ်အစားမတတ်လို့ ဖြစ်ရတာလို့ ယူဆတယ်။ အဲဒီကိစ္စ တရားစွဲလာရင် မျက်မြင်သက်သေပြရမယ်။ မတရားကျင့်ခံရတာ မှန်သော်လည်း မျက်မြင်သက်သေ မပြနိုင်ရင် တရားစွဲသူ မိန်းကလေးကို သေဒဏ်ချမှတ်တယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဒီဖြစ်ရပ်နဲ့ ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်၊ မဂ္ဂဇင်းတစ်အုပ်မှာ ဖတ်ဖူးတယ်။ အဲဒီတုန်းက မတရားအကျင့်ခံရသူက အမေရိကန်သူပဲ။ သူက ပါကစ္စတန်သားတစ်ယောက်နဲ့ ရပြီး ပါကစ္စတန်ကို လိုက်လာတာ။ ဟိုအရောက်မှာ သူ့ခင်ပွန်းရဲ့ ညီဖြစ်သူက သူ့ခင်ပွန်းမရှိသခိုက်မှာ မတရားလာကျင့်သွားတာပဲ။ ဓာတ်ပုံတွေပါပါတယ်။ ငါဖြင့် အဲဒီသတင်းဆောင်းပါး ဖတ်ပြီး တော်တော်ကိုစိတ်မကောင်းဖြစ်သွားတယ်။

မြန်မာပြည်က နှမငယ်၊ တူမငယ်တွေ အဲဒီလို အမျိုးသမီးကို လူရာမသွင်းတဲ့ ဘာသာဝင်ယောကျ်ားတွေနဲ့ မရကြပါစေနဲ့လို့ ဆုတောင်းမိတယ်။ ဟိန္ဒူဘာသာကလည်း အမျိုးသမီးတွေကို ဘယ်လောက်ထိ နှိမ်ထားသလဲဆိုရင် အရွယ်ရောက်တဲ့ သမီး အိမ်ထောင်ကျဖို့အတွက် မိဘတွေက ယောကျ်ားလေးဘက်ကို ငွေတင်ပြီး တောင်းပေးရတယ်။ ချောက်မြို့မှာ

ငါ့အသိဟိန္ဒူဘာသာဝင် ဒကာလေးတစ်ယောက် ရှိတယ်။

သူဟာ ပညာလည်းတတ်၊ ပစ္စည်းလည်းရှိတော့ မိန်းကလေးဘက်က သိန်းတစ်ရာတောင် တင်တောင်းရမယ်လို့ သိခဲ့ရတယ်။ ယောကျ်ားလေးဘက်က တောင်းသလောက် တင်မတောင်းနိုင်တဲ့အတွက် စိတ်ညစ်ပြီး အဆိပ်သောက် သေသွားတဲ့မိန်းကလေးရှင်ရဲ့ ဖခင်တွေအများကြီးပဲ။ ပြီးတော့ အိမ်ထောင်ကျပြီးလို့ လင်သားဖြစ်သူက ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရင် သူ့မိန်းမကလည်း လိုက်သေရတယ်။ လူ့လောကမှာ မနေရစ်ရဘူး။

သန်း။ ။ဘယ်လိုလိုက်သေသလဲ ဆရာတော်။

နုပ်။ ။ ယောကျ်ားအလောင်းကို မီးရှို့ထားတဲ့မီးပုံထဲကို ခုန်ချပြီး သေရတယ်။ စိတ်အားငယ်တဲ့ အမျိုးသမီးတွေကတော့ အဲဒီလို လိုက်သေသွားကြတာပဲများတယ်။ အတွေးအခေါ် ရှိတဲ့ အမျိုးသမီးအချို့ကတော့ လိုက်မသေကြဘူး။ အဲဒီလို လိုက်မသေတဲ့ အမျိုးသမီးတွေကို နှစ်ဖက်အမျိုးတွေက လူရာမသွင်းဘဲ ဖြစ်ချင်တာဖြစ်ဆိုပြီး နှင်ထုတ်လိုက်ကြတယ်။

နှင်ထုတ်ခံရပြီး လမ်းပေါ်ရောက်သွားတဲ့ ဒုက္ခသည် မုဆိုးမလေးတွေကို အလစ်ချောင်းနေတဲ့ အစ္စလာမ်ဘာသာဝင် အမျိုးသားတွေက ကောက်သင်းကောက်။ ရသလောက် လိုက်ယူရင်းက အိန္ဒိယနိုင်ငံမှာ အစ္စလာမ်ဘာသာဝင်တွေ သန်းတစ်ရာကျော်တဲ့အထိ တိုးပွားခဲ့တာပဲ။

ကောင်းကျိုးမပေးတဲ့ ရှေးထုံးကို ပယ်သင့်လျက်မပယ်ဘဲ

ဆက်လက်ကျင့်သုံးကြတဲ့အတွက် အိန္ဒိယနိုင်ငံသားတွေဟာ သူတို့ရဲ့ နိုင်ငံတစ်ခြမ်းကိုပါ ပါကစ္စတန်နဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံအဖြစ် ခွဲပေးခဲ့ကြရတာပဲ။ အိန္ဒိယနိုင်ငံကြီး အင်္ဂလိပ်လက်အောက် ရောက်ပြီးတဲ့အခါမှာတော့ အမျိုးသမီးတွေ လိုက်သေတဲ့အလေ့အထကို ဥပဒေထုတ်ပြီး တားမြစ်ခဲ့လို့ အခုအချိန်မှာတော့ မရှိသလောက်နီးပါး ဖြစ်သွားပါပြီ။

ဒါပေမဲ့ ဥပဒေပေါက်ရောက်မှု အားနည်းတဲ့ တောရွာဒေသအချို့မှာတော့ ရှိနိုင်သေးတာပေါ့။ ဘာသာကြီးလေးခုထဲမှာ ယောကျ်ားတွေနဲ့ တန်းတူရည်တူ အခွင့်အရေး အရဆုံးကတော့ ဗုဒ္ဓဘာသာအမျိုးသမီးတွေပဲ။ အမျိုးသမီးတွေကို အမျိုးသားတွေနဲ့ တန်းတူအခွင့်အရေး ပေးပါတယ်ဆိုတဲ့ ခရစ်ယာန်ဘာသာမှာတောင် အိမ်ထောင်ကျပြီဆိုရင် အမျိုးသမီးဟာ သူ့ရဲ့အရင်နာမည်အတိုင်းနေခွင့်မရဘူး။ ယောကျ်ားရဲ့နာမည်ကိုပါ ရောထည့်ပြီး ပြင်ပေးရတယ်။

ဥပမာ– အမေရိကန်ပြည်ထောင်စု အာကင်ဆက်ပြည်နယ်၊ လစ်တဲရော့ဆိုတဲ့ မြို့လေးက ရှယ်လီလို့ အမည်ရှိတဲ့ အမျိုးသမီးလေးဟာ မက်သယူးလို့ အမည်ရှိတဲ့ အမျိုးသားနဲ့ လက်ထပ်လိုက်တယ်။ လက်ထပ်ပြီးတာနဲ့ ရှယ်လီမက်သယူးလို့ သူ့နာမည်ကို ပြောင်းလိုက်ရတယ်။ အရင်အတိုင်း ရှယ်လီလို့ နေလို့မရတော့ဘူး။

သန်း။ ။ဒီလိုဆိုတော့ မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေဟာ ကမ္ဘာမှာ ကံအကောင်းဆုံးလို့ ပြောရမှာပဲ ဘုရား။

နုပ်။ ။ ဒါပေမဲ့ ဗုဒ္ဓဘာသာမဖြစ်မီက ဟိန္ဒူဘာသာရဲ့ လွှမ်းမိုးမှုကို ခံရတော့ ခုအချိန်မှာလည်း တချို့သောနေရာတွေမှာ အမျိုးသမီးတွေကို နှိမ်ထားတာ ရှိတယ်။ ဒါဟာ ကျယ်ကျယ်ပြန့်ပြန့်လေး ပြောမှကောင်းမှာ။ ဒါကြောင့် စကားအနုသန္ဓေကို အရင်ပြန်ဆက်လိုက်ဦးမယ်။ အဲဒီလို အိန္ဒိယနိုင်ငံက ဟိန္ဒူဘာသာဝင်တွေဟာ ယောကျ်ားသေတိုင်း လိုက်မသေတဲ့ အမျိုးသမီးတွေကို နှင်ထုတ်ခဲ့တဲ့အတွက် သူတို့နိုင်ငံမှာ အစ္စလာမ်ဘာသာဝင်ဦးရေဟာ ကြောက်ခမန်းလိလိ တိုးတက်လာခဲ့ရတယ်။ နောက်ဆုံး နိုင်ငံပါခြမ်းပေးလိုက်ရတယ်။ မြန်မာပြည်က ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတွေဟာ ဘုရားချည်းပဲ တည်ပစ်ပြီး နွမ်းပါးတဲ့သူတွေကို ဘာမှမထောက်ပံ့ဘဲ ပစ်ထားကြမယ်ဆိုရင် နောင်တစ်ချိန်မှာ ဘာသာခြားတွေ တအားတိုးပွားလာပြီး မြန်မာနိုင်ငံ တစ်ခြမ်းကိုတောင် ဖဲ့ပေးရတဲ့ဘဝရောက်သွားနိုင်တယ်။

နှမငယ်၊ တူမငယ်၊ သမီးငယ်များကလည်း မိမိ အမျိုးတူဘာသာတူကိုပဲ လက်ထပ်ယူခြင်းအားဖြင့် ကိုယ့်အမျိုးဘာသာ၊ သာသနာကို တတ်နိုင်သမျှ စောင့်ရှောက်သင့်တယ်။ ဘုရားတည်တာကို အကြောင်းပြပြီး ဆင်းရဲသားလယ်သမားတွေရဲ့ လယ်မြေတွေကို သိမ်းယူတာနဲ့ ပတ်သက်ပြီး ဒီအတွေးလေးကို တွေးမိတာပါ။

သန်း။ ။ဟိန္ဒူဝါဒရဲ့ လွှမ်းမိုးမှုကြောင့် မြန်မာပြည်မှာလည်း တချို့သောနေရာတွေမှာ အမျိုးသမီးတွေကို နှိမ်ထားတာ ရှိတယ်လို့

စောစောက ဆရာတော် အမိန့်ရှိလိုက်ပါတယ်။ ဘယ်လိုနေရာ လဲဆိုတာ ပြောပါဦးဘုရား။

နုပ်။ ။ ဘာသာရေးနဲ့ပတ်သက်တဲ့နေရာအချို့မှာ၊ ဥပမာ–ရွှေတိဂုံ၊ ကျိုက်ထီးရိုးဘုရား၊ ကျိုက္ခမီဘုရား၊ မဟာမြတ်မုနိဘုရား တို့မှာ အမျိုးသမီးတွေကိုယ်တိုင် တက်ပြီး ရွှေချခွင့်မပြုဘူး။ အဲဒါ ဟိန္ဒူဝါဒရဲ့ အငွေ့အသက်တစ်ခုပဲ။ ယောကျ်ားရော မိန်းမရော လူပဲ။ လူမှုနိသမ္မ ကုသိုလ်ကြောင့် ဖြစ်တာချည်းပဲ။ အဲဒါကိုပဲ ယောကျ်ားက မိန်းမထက် ပိုမြတ်နေသယောင်ယောင် ပြော တတ်ကြတယ်။

ယသောဓယောကိုယ်တိုင် သက်တော်ထင်ရှားဘုရားရှင်ရဲ့ ခြေဖမိုးပေါ် မျက်နှာအပ်ပြီး ပူဇော်ကန်တော့ခွင့် ရခဲ့သေးတာ။ သက်မဲ့ဖြစ်တဲ့ ရုပ်ပွားဆင်းတုတော် စေတီတော်များကို အမျိုး သမီးတွေဟာ ဘယ်လိုပြစ်ချက်တွေကြောင့် ရွှေချခွင့် မရရမှာ လဲ။ ရသင့်ပါတယ်။ ဒီအချက်ဟာ အရေးကြီးတယ်။

ဘုရားဟောကျမ်းဂန် အထောက်အထား ဘာမှမရှိဘဲနဲ့ ရေးအစဉ်အလာတစ်ခုကို ဆွဲကိုင်ပြီး အမျိုးသမီးများရဲ့ ကုသိုလ် ပြုခွင့်ကို ပိတ်ပင်တယ်ဆိုရင် ပိတ်ပင်သူတွေမှာ အင်မတန် အပြစ်ကြီးတယ်။ ဒီအကြောင်းအရာကို ဖျာပုံတိုက်သစ်ဆရာ တော်ရေးတဲ့ သုတေသန သမ္မာ မဂ္ဂင် ပဉ္စာကျမ်းမှာလည်း သေချာလေ့လာကြည့်နိုင်ပါတယ်။

တစ်ချို့ကလည်း မကြောက် ကြောက်အောင် ကြဲဖန် ပြီး ခြောက်ထားကြတယ်။ ဥပမာ– ကျိုက်ထီးရိုးဘုရားပေါ်ကို

အမျိုးသမီးတစ်ယောက် အမျိုးသားလိုဝတ်ပြီး ရွှေသွားချတာ လေပြင်းမုန်တိုင်းကြီး ချက်ချင်းကျလာတယ် ဆိုတာမျိုးပေါ့။ တို့ကတော့ ထေရဝါဒပိဋကတ်တော်ကို လက်ကိုင်ထားပြီး ဒီလိုခြောက်လှန့်တာမျိုးကို လုံးဝ မယုံဘူး။

ဘုရားကို ရွှေချတာဟာ ကုသိုလ်ပဲ။ ကုသိုလ်လုပ်မှတော့ ကောင်းကျိုးပဲ ရရမှာပေါ့။ လေပြင်းမုန်တိုင်း ကျလာတယ် ဆိုတာ မကောင်းကျိုးပေါ့။ ဒီမကောင်းကျိုးဟာ အကုသိုလ် ကြောင့်ပဲ ဖြစ်ရမယ်။ မိန်းမတစ်ယောက်ချတဲ့ ရွှေဖြစ်တဲ့အတွက် ကုသိုလ်ဖြစ်ခွင့်မရဘဲ အကုသိုလ်ပဲ ဖြစ်ရမယ်၊ မကောင်းကျိုး ပဲ ရမယ်ဆိုတဲ့ အယူအဆဟာ ဗုဒ္ဓဘာသာရဲ့ အယူအဆ မဟုတ်ဘူး။

၂၀၀၉–ခုနှစ်၊ နှစ်လပိုင်းက ကျိုက္ကမီဘုရားမှာ တရားသွား ဟောတော့ စာတတ်တဲ့ ဂေါပကဒကာကြီးတစ်ယောက်ကို ဒီအကြောင်းတွေပြောပြပြီး အမျိုးသမီးတွေကိုလည်း တက် ရောက် ဖူးမြော်ခွင့်ပြုသင့်ကြောင်း ပြောပြတော့ သူတော်တော် တွေဝေသွားတယ်။

သူဟာ ရဟန်းလူထွက်ဘဝကလာတာ။ ဓမ္မာစရိယတန်း အဆင့်လောက်တော့ ရှိတယ်။ နောက် ဘာ ပြောလဲဆိုတော့ အမျိုးသမီးမတက်ရလို့ တားထားတဲ့နေရာအောက်မှာ ဓာတ် တော်တွေရှိတယ်။ ဒါကြောင့် မတက်ခိုင်းတာပါလို့ အကြောင်း ပြတယ်။ ဒါဆိုရင် ဒကာကြီးစကားက ဓာတ်တော်တွေပေါ်ကို တက်နင်းတာချင်းအတူတူ မိန်းမတွေနင်းရင် အပြစ်ရှိတယ်။

ယောက်ျားတွေနင်းရင် အပြစ်မရှိဘူးလို့ ဆိုလိုတာလားဆိုတော့ သူဘာမှပြန်မပြောနိုင်ဘူး။

ဗုဒ္ဓဘာသာအများစုဟာ ဖောက်ထွက်ပြီး စဉ်းစားရမှာ၊ ဆုံးဖြတ်ရမှာ၊ ပြောဆိုရမှာကို ပျင်းလည်းပျင်းတယ်။ ကြောက်လည်း ကြောက်တယ်။ တခြား ဘာသာတွေနဲ့ ဗုဒ္ဓဘာသာရဲ့ အဓိကခြားနားချက် နှစ်ချက်ရှိတယ်။ တစ်အချက်က တခြား ဘာသာဝင်တွေက လူမှန်သမျှကို တန်ခိုးရှင် (ထာဝရ၊ ဗြဟ္မာ၊ အလ္လာမ်)က ဖန်ဆင်းတယ်လို့ ယူဆတယ်။ ဗုဒ္ဓဘာသာများကတော့ ကိုယ်လုပ်တဲ့အလုပ်(ကံ–စေတနာ)က ဖန်ဆင်းတယ်လို့ ယူဆတယ်။

တခြားဘာသာတွေက ယုံကြည်မှု သဒ္ဓါတစ်ခုနဲ့ပဲ တည်ဆောက်ထားတာ တွေးခေါ်ဝေဖန်တဲ့ပညာကို လက်မခံဘူး။ ဗုဒ္ဓဘာသာကတော့ ယုံကြည်တဲ့သဒ္ဓါရော၊ တွေးခေါ် မြော်မြင်တဲ့ပညာရော နှစ်ခုလုံးနဲ့ တည်ဆောက်ထားတာ။ ဒါ့ကြောင့် သူတစ်ပါး ပြောတိုင်းရမ်းပြီး ယုံစရာမလိုဘူး။ ယုတ္တိရှိ မရှိ ဝေဖန်ဆန်းစစ်ပြီးမှ ယုံသင့်တယ်။ ဒီလို ဝေဖန်ဆန်းစစ်သင့်ကြောင်းကို ဘုရားရှင်ကိုယ်တိုင် အင်္ဂုတ္တိုရ်ပါဠိတော်၊ ကာလာမသုတ်မှာ ဟောထားပြီးသားပဲ။

ဘုရားဂေါပကများအနေနဲ့ ဒီအကြောင်းအရာကို သေချာမသိတဲ့အတွက် တကယ်ကို အမျိုးသမီးတွေဘုရားပေါ်တက်ရင် အပြစ်ရှိတယ်မှတ်လို့ တားမြစ်တာမျိုးကတော့ စေတနာဆိုး မပါတဲ့အတွက် ဘာမှအပြစ်မရှိပါဘူး။ ဒီဆောင်းပါးကို

ဖတ်ပြီး သေချာသိလျက်နဲ့ မိန်းမတွေကို နှိမ်တဲ့သဘောမျိုးနဲ့ ဆက်တားနေမယ်ဆိုရင်တော့ အပြစ်ရှိတယ်။

## ပါးစပ်မပါသော ရန်ကုန်ကပြိတ္တာ

တို့ရေးတဲ့ 'အတွင်းရန်သူ'ဆိုတဲ့ စာအုပ်ထဲမှာ အခုပြောမယ့် အကြောင်းအရာလေး ထည့်ရေးထားတယ်။ ရန်ကုန်မှာ အင်မတန် နှမြောတတ်တဲ့ အဘွားတစ်ယောက်ရှိတယ်။ နှမြောတာကို မစ္ဆရိယလို့ ခေါ်တယ်။ မစ္ဆရိယနည်းနည်းရှိတဲ့သူက ကိုယ့်ပစ္စည်းကို နှမြောတယ်။ မစ္ဆရိယများများရှိတဲ့သူကျတော့ ကိုယ့်ပစ္စည်းတင်မကဘူး။ သူတစ်ပါးပစ္စည်းကိုပါလိုက်ပြီး နှမြောတယ်။

ဒီအဘွားက မစ္ဆရိယအားကြီးသူလို့ ဆိုရမယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တိုင်လည်း မလှူဘူး။ သူတစ်ပါးလှူတာကိုလည်း လိုက်ပြီး ပိတ်ပင်တယ်။ အဲဒီ အဘွားဆုံးပြီး နှစ်လကျော်လောက်ရှိတော့ သူ့မြေးမလေးတစ်ယောက်ကို အိပ်မက်ပေးတယ်။ လွင်တီးခေါင်ထဲမှာ ကိုယ်လုံးတီးကြီးနဲ့ အရိုးပေါ်အရေတင် ပိန်ချုံးနေတာကို တွေ့ရတယ်။

အိပ်မက်ထဲမှာကိုပဲ မျက်နှာကို တစ်ဖက်လှည့်ထားသတဲ့။ သူ ဒုက္ခရောက်နေကြောင်း၊ စားစရာ၊ ဝတ်စရာ၊ နေစရာ မရှိကြောင်း၊ သူ့ကို ကယ်ဖို့အကြောင်းပြောတော့ သူ့မြေးလေးက အဘွားရယ်၊ အဘွားဆုံးတဲ့နေ့ကစပြီး သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်း၊ လပတ်ဆွမ်းတွေ ဆက်တိုက်လှူပြီး အမျှပေး

ခဲ့တာပဲ။ အဘွား သာခုမခေါ် ရဘူးလားလို့ မေးလိုက်သတဲ့။

သန်း။ ။ဒီတော့ သူ့အဘွားက ဘာပြန်ပြောသလဲ ဘုရား။

နုပ်။ ။ အဘွားဟာ သူတစ်ပါးပြုမယ့် ကုသိုလ်တွေကို လိုက်လံပိတ်ခဲ့တဲ့အတွက်ကြောင့် သာခုခေါ်စရာ ပါးစပ်ပေါက်မပါ,ပါဘူးကွယ်လို့ပြောပြီး တစ်ဖက်လှည့်လျက်က ချုံးပွဲချပြီး ငိုနေသတဲ့။ ပြီးတော့မှ သူ့မျက်နှာကို သူ့မြေးမလေးဘက် လှည့်ပြလိုက်တော့ တကယ်ကို ပါးစပ်ပေါက် မပါဘူးတဲ့။

အဲဒီအချိန်မှာပဲ သူမြေးမလေးလည်း လန့်ပြီး အိပ်ရာက နိုးသွားတယ်။ ဒီဖြစ်ရပ်ကိုကြည့်ပြီး ကိုယ်သဒ္ဓါမရှိလို့ မလှူတာက ဘာအပြစ်မှ မရှိဘူး။ နောက်ဘဝ မချမ်းသာရုံလောက်ပဲ။ သူတစ်ပါးအလှူကို တားမြစ်တာကျတော့ ပြိတ္တာဖြစ်ရတဲ့အပြင် သာခုခေါ်စရာ ပါးစပ်တောင်မပါတဲ့ ဘဝကိုတောင် ရောက်တတ်တယ်။

တစ်ခါကလည်း ရန်ကုန်မြို့က ဘုရားတစ်ဆူမှာ ငါးကန်ကငါးတွေကို အစာသွားကျွေးတယ်။ ဒီလိုကျွေးတဲ့အခါ တို့က အကောင်းစား ဘီစကစ်တွေကို အများကြီး ဝယ်ပြီးကျွေးတာ။ အဲဒီလို ကျွေးနေချိန်မှာ ငါးစာရောင်းဖို့ ကန်ထရိုက်ရထားတဲ့ အမျိုးသမီးတစ်ယောက်က တို့ကို လာတားတယ်။ သူ့ကို ဂေါပကက ကန်ထရိုက်ပေးထားလို့ ငါးစာကျွေးချင်ရင် သူ့ဆီကပဲ ဝယ်ကျွေးရမယ်။ တခြားနေရာကဝယ်ပြီး လာမကျွေးရဘူးတဲ့။

သန်း။ ။ဒီတော့ ဆရာတော်က ဘာပြန်ပြောလိုက်သလဲဘုရား။

နုပ်။ ။ တို့ဟာ ဘုရားသားတော်ဖြစ်တဲ့အတွက် ဘုရားရှင်ပညတ်တဲ့ ဥပဒေကိုပဲ လိုက်နာနိုင်မယ်။ ဂေါပကကထုတ်တဲ့ ဥပဒေကို မလိုက်နာနိုင်ဘူး။ ပြီးတော့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံဥပဒေမှာလည်း ကန်ထဲကငါးကို ဆိုင်က မုန့်ဝယ်ကျွေးလို့ ထောင်ချမယ် ဆိုတာလည်း မရှိဘူး။ ဒါကြောင့် မလိုက်နာနိုင်ဘူးလို့ ပြောပြီး ဝယ်လာတဲ့ မုန့်တွေကို သူ့ရှေ့မှာပဲ ကုန်အောင်ကျွေးလိုက်တယ်။

မုန့်တွေကုန်တော့ အားမရသေးလို့ သူ့ဆီကဝယ်ပြီး ထပ်ကျွေးတော့ သူသဘောကျသွားတယ်။ ပြီးတော့ ရှင်းပြခဲ့တယ်။ ငါးတွေ ဒုက္ခရောက်မယ့် အစာဆိုရင်တော့ ဘေးကလာကျွေးတာကို တားမြစ်ပါ။ အခု ဆရာတော်ကျွေးတဲ့ ဘီစကစ်မုန့်က ဒကာမကြီးတို့ဆိုင်ကရောင်းတဲ့ ပေါက်ပေါက်ပွင့်ထက် အများကြီးကောင်းတယ်။

ဒါ့ကြောင့် ကောင်းတာကို ကျွေးရင်တော့ သွားမတားနဲ့၊ အပြစ်ရှိတယ်လို့ ရှင်းပြလိုက်တယ်။ ဒီကိစ္စမှာ ဘေးကပါလာတဲ့မုန့်ကို မကျွေးရလို့ အမိန့်ထုတ်တဲ့ ဂေါပကတွေမှာပါ အပြစ်ရှိတယ်။ ဘာသာရေးအတွက် အလုပ်လုပ်နေပြီး ကုသိုလ်ပဲ ယူသင့်တယ်။ အကုသိုလ် မဖြစ်သင့်ဘူး။

သန်း။ ။တချို့ကပြောကြသေးတယ်ဘုရား။ မီးနေခန်းထဲကို ယောကျ်ားလေးဝင်ရင် ဘုန်းနိမ့်တယ်ဆိုတဲ့ အယူအဆပေါ့ဘုရား။ ဒါရော ဖြစ်နိုင်သလား ဘုရား။

နုပ်။ ။ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ဘုန်းဆိုတာ ကုသိုလ်ကို ပြော

တာပါပဲ။ ပုညသဒ္ဒါက လာတာပေါ့ကွာ။ အစကတော့ ပုန်းကြီး တယ်လို့ ပြောတာပဲ။ ကာလရွေ့လျား သွားတော့မှ ဘုန်းကြီး တယ်လို့ ဖြစ်သွားတာ။ ဒါကြောင့် ဘုန်းကြီးတယ်ဆိုတာ ကုသိုလ်ကြီးတယ်လို့ ပြောတာ။ ထို့အတူပဲ ဘုန်းမရှိဘူးဆိုတာ ကုသိုလ်မရှိဘူးလို့ ပြောတာပဲ။

ပြုထားတဲ့ ကုသိုလ်ဆိုတဲ့ ဘုန်းတွေဟာ မိန်းမမီးနေခန်း ထဲဝင်တာနဲ့ မိန်းမတစ်ယောက်အောက်က ဖြတ်သွားမိတာနဲ့ ကုန်သွားတယ်ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ တကယ် တော့ မိခင်တစ်ယောက်နေရတဲ့ မီးနေခန်းဆိုတာ မေတ္တာ ကရုဏာစံအိမ်ကြီးပါ။ ကျက်သရေ မင်္ဂလာအရှိဆုံးနေရာလို့ သတ်မှတ်ထားသင့်ပါတယ်။ မိခင်ဟာ မိမိဆယ်လလွယ်ထား ရတဲ့ သန္ဓေသားကို ဒီအခန်းထဲမှာ အသက်စွန့်လုနီးပါး ဒုက္ခ ကိုခံပြီး မွေးဖွားပေးတဲ့ နေရာပါ။ ဒီလို အာဇာနည်မိခင်လောင်း တစ်ယောက်ရှိတဲ့ နေရာကို မိန်းမ၊ ယောကျ်ား ဘယ်သူမဆို ဝင်ရောက် အားပေးသင့်တယ်။ ဒီလိုဝင်ရောက်အားပေးတဲ့ အတွက် ကုသိုလ်ရပြီး ဘုန်းကံတက်ဖို့ပဲ ရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၇–ခုနှစ်လောက်ကလည်း ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဝဲစုရွာဦးကျောင်းတက်ပွဲ အခမ်း အနားမှာ ညဈေး ရောင်းတဲ့အမျိုးသမီးတစ်ယောက်ဟာ ကျောင်းဝိုင်းထဲမှာပဲ ကမ္ဘဖလေလှုပ်ရှားပြီး မီးဖွားဖို့ ဖြစ်လာ တယ်။ ဒီအခါ ကျောင်းထိုင်ဆရာတော်အသစ်လေးက ကျောင်းဝိုင်းထဲမှာ မမွေးပါစေနဲ့ဆိုပြီး ရွာထဲရောက်အောင်

ခေါ်ခိုင်းပြီး ရွာထဲမှာပဲ မွေးခိုင်းတယ်။

သူ့စိတ်ထဲ မိန်းမတစ်ယောက် မီးဖွားတာကို အမင်္ဂလာလို့ ထင်နေပုံရတယ်။ ငါလည်းသိရော သူ့ကို သေချာပြောပြလိုက်တယ်။ ဒီကိုယ်တော်လေးကို ငါပဲ ဒီကျောင်းကို လွှဲအပ်ပေးတာပါ။ ဦးပဥ္စင်း၊ ဘုရားသားတော်ဖြစ်ပြီး ဘာဖြစ်လို့ ဟိန္ဒူဘာသာက လောကီမင်္ဂလာအယူအဆတွေကို လက်ခံနေရတာလဲလို့ မေးလိုက်တယ်။

တကယ်ဆိုတော့ ကုသိုလ်ကံကြောင့် လူသားတစ်ယောက် လူ့ဘဝကို ရောက်လာတာဟာ မင်္ဂလာတောင်ဖြစ်ပါတယ် ဦးပဥ္စင်းသတိမထားမိလို့ပါ။ ဦးပဥ္စင်းကျောင်းဝိုင်းထဲမှာ ငှက်မတွေ၊ ယင်မတွေ၊ ခြင်မတွေ၊ ခွေးမတွေ အမြဲတမ်းမီးဖွားနေကြတာပါ။ ကျောင်းဝိုင်းထဲမှာ မီးဖွားလို့ လာဘ်တိတ်တယ်ဆိုရင် ဦးပဥ္စင်းကျောင်းဟာ နေ့တိုင်း လာဘ်တိတ်နေမှာပဲ။

ဒီနေ့ကစပြီး အပြီးမှတ်လိုက်ပါ။ ဗုဒ္ဓဝါဒအရ ကုသိုလ်ဖြစ်ရင် မင်္ဂလာ၊ အကုသိုလ်ဖြစ်ရင် အမင်္ဂလာလို့ ခွဲထားလိုက်ပါ။ အသုဘတစ်ခု ကျောင်းဝိုင်းထဲက ဖြတ်သွားရင် ဟိန္ဒူဝါဒအရ အမင်္ဂလာပေါ့။ ဗုဒ္ဓဝါဒအရဆိုရင် မင်္ဂလာပဲ။ ဘာကြောင့်လဲဆိုတော့ ဒီအသုဘကိုမြင်တာနဲ့ သေခြင်းတရားကို ဆင်ခြင်ပွားများပြီးသား ဖြစ်တယ်။ ငါလည်း တစ်နေ့ သေရမှာပါလား။ အဲဒီ သံဝေဂဉာဏ်လေး ဖြစ်သွားတာဟာ ကုသိုလ်ဖြစ်သွားတာပဲ။

တစ်ခါကလည်း မြိတ်မြို့နယ်၊ သဇင်ကျေးရွာမှာ တရား

စခန်းသွားဖွင့်ပေးတယ်။ ငါက လူသံတိတ်တဲ့ တောင်ပေါ်က ရှေးဘုရားသိမ်ကြီးထဲမှာ သွားနေတယ်။ ဘုရားသိမ်ကြီးထဲ စကြံလျှောက်တဲ့အခါ အောက်က အခင်းမပါတော့ မြေ ထောက်အအေးပတ်တာပေါ့။ ဒါ့ကြောင့် တောင်အောက်ဆင်း ပြီး ပျဉ်ပြားလေးငါးချပ် လာရှာတာ။ ကျောင်းဆောင်တစ် ဆောင်ရဲ့ အောက်မှာ သွားတွေ့တယ်။

အဲဒီအဆောင်ပေါ်မှာ မူလကျောင်းထိုင်ဆရာတော်ကြီး သီတင်းသုံးတယ်။ အခုတော့ အိုနာရောဂါကြောင့် အိပ်ရာထဲ က မထနိုင်တော့ဘူး။ ဆရာတော်ကြီးရဲ့ နှမတွေ၊ တူမတွေက အဲဒီကျောင်းဆောင်အပေါ်ထပ်မှာပဲ နေပြီး ဆရာတော်ကြီးကို ပြုစုနေကြတယ်။ ပျဉ်ပြားတွေက အဲဒီအဆောင်ရဲ့ အောက်မှာ ရှိတယ်။

အနားမှာရှိတဲ့ အသက်၂၀–အရွယ်ခန့် ကောင်လေး တစ် ယောက်ကို အဲဒီပျဉ်ပြားတွေ သွားသယ်ပေးဖို့ အကူအညီ တောင်းလိုက်တယ်။ သူက ဘာပြောလဲဆိုတော့ ကျောင်း ဆောင်ပေါ်မှာ မိန်းမတွေရှိနေလို့ ကျောင်းဆောင်အောက်ကို သူ သွားမပေးနိုင်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ ဘုန်း ကံတွေ နိမ့်သွားမှာ စိုးလို့ပါတဲ့။ အဲဒီအချိန်မှာပဲ တိုက်တိုက် ဆိုင်ဆိုင် ခရီးသည်တင် လေယာဉ်တစ်စီး တို့ခေါင်းပေါ်ကနေ ဖြတ်မောင်းသွားတယ်။ အဲဒီ လူငယ်ကိုယ်တိုင် လေယာဉ်ကို မော့ကြည့်နေတယ်။ တို့က ပြောလိုက်တယ်။ အဲဒီလေယာဉ် ပေါ်မှာ မိန်းမတွေ အများကြီးပါတယ်။ မင်းနဲ့ ငါရဲ့ ခေါင်းပေါ်

ကလည်း ဖြတ်သွားပြီ။ ဒါဆိုရင် မင်းရော ငါရော ဘာဘုန်းကံမှ မရှိတော့ဘူး။ ဒါကြောင့် မင်း ကျောင်းဆောင်အောက်ဝင်လည်း နိမ့်စရာ ဘုန်းမရှိတော့ဘူးလို့ ပြောလိုက်တော့ သူ သဘောပေါက်သွားတယ်။

အဲဒီတော့မှ ကျောင်းဆောင်အောက်ကို ပြေးဝင်ပြီး သစ်ပြားတွေကို ထမ်းထုတ်တော့တယ်။ ကဲ– မီးသွေးရောင်းတာကစပြီး အပြင်ထွက်သွားလိုက်တာ တော်တော်တောင်များသွားပြီ။ လိုရင်းပြန်ဆက်ကြရအောင်။ ရောဝတီတိုင်း၊ ငသိုင်းချောင်းမြို့နယ်ခွဲ၊ ရေကြည်မြို့နယ်အတွင်း ပါဝင်တဲ့ ညောင်ပိုင်းဆိုတဲ့ ရွာလေးက တစ်ပိဿာတစ်ဆယ်နဲ့ ကောက်ခဲ့တဲ့ မီးသွေးဟာ ရန်ကုန်ရောက်တဲ့အချိန်မှာ အဆငါးဆယ်လောက်တက်ပြီး ငါးရာဖြစ်သွားရတာဟာ လမ်းမှာပေးရတဲ့ ဂိတ်ကြေးတွေ များလွန်းတာကြောင့်ပဲပေါ့။

အဲဒီလို ဂိတ်ကြေးတွေ၊ လမ်းကြေးတွေ၊ သစ်တောကြေးတွေ၊ ပိုင်းတောင်းကြတယ်ဆိုတာ သားတစ်ရသွားတဲ့ ကျီးကို ကျန်တဲ့ကျီးတွေက ပိုင်းဆိတ်ကြတဲ့သဘောပါပဲ။ ရွှေပြည်သာက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တိုက်ဆောက်နေတယ်။ တိုက်ဆောက်နေတာ တစ်ဝက်လောက် အရောက်မှာ စည်ပင်က အရာရှိတစ်ယောက် ရောက်လာတယ်။

ပြီးတော့ မေးခွန်းတွေမေးတယ်။ တိုက်အကျယ်က ဘယ်လောက်ဆောက်မှာလဲ။ အမြင့်က ဘယ်လောက်ဆောက်မှာလဲ။ ကျောင်းဒကာက ဘယ်သူလဲ စတာတွေပေါ့။ အမေးခံ

ရတဲ့ ဆရာတော်က လည်တယ်။ ဒီလူ လက်ဖက်ရည်ဖိုး တောင်းရအောင် နေမှာဆိုတာသိတော့ အခုလို ပြန်ပြောတယ်။ ဒကာကြီး ... ရှိလို့ ဆောက်တာ မဟုတ်ဘူး။ နေစရာမရှိလို့ ဆောက်တာ။ တစ်ဦးတည်း ဒကာလည်း မရှိဘူး။ မူးစု၊ မတ်စုနဲ့ ဆောက်ရတာ။

ခု- ကျောင်းက တစ်ဝက်ရှိသေးတယ်။ အလှူငွေက ကုန်သွားပြီ။ ခဏရပ်ထားရဦးမှာ။ ဒကာကြီးမှာ ငွေပို ငွေလျှံ ရှိရင် လှူသွားဦးလို့ ပြောလိုက်တော့ စည်ပင်ကလူလည်း တချိုးတည်းလစ်ပြေးတော့တာပဲတဲ့။ လက်ဖက်ရည်ဖိုး လေး ရမလားလို့ သွားကြည့်တာ ကိုယ့်အိတ်ထဲကတောင် ပြန်ထွက် တော့မလို ဖြစ်သွားတာကိုး။ ဘုန်းကြီးမို့သာ ချမ်းသာခွင့်ရတာ။ လူဆိုရင် ပေးပေဦးတော့ပေါ့။

အဲဒီလို တောင်းသမျှပေးနေရတာလည်း သားတစ်ရှိလို့ အထိုးအဆိတ်ခံရတဲ့ သဘောပါပဲ။ အမဲသားတစ်ကို သားစား သတ္တဝါမှန်သမျှ လိုချင်သလို၊ ဝတ္ထုကာမဂုဏ်ကို ပုထုဇဉ် မှန်သမျှဟာ လိုချင်ကြတာပဲ။ လိုချင်တော့ မူလပိုင်ရှင်ဆီက မရ ရတဲ့နည်းနဲ့ ယူကြတော့တာပေါ့။ ဒါကြောင့် ဝတ္ထုကာမ ဂုဏ်ကို ပိုင်ဆိုင်ထားတဲ့ သူဟာ ဒီဝတ္ထုကာမဂုဏ်အတွက် အမြဲတမ်းကြောင့်ကြ ပူဆွေးနေရတယ်။ ဝတ္ထုကာမဂုဏ်ဟာ ဒီလို အများနဲ့ ဆက်ဆံနေရတာပါလားလို့ ဆင်ခြင်တော်မူပြီး ဝိပဿနာပွားလိုက်တာ အရဟတ္တဖိုလ်တည်သွားတဲ့ မထေရ် တစ်ပါးရှိခဲ့ဖူးတယ်။

ဒီမထေရ်ရဲ့ဘွဲ့တော်ကို ပက္ခလို့ခေါ်တယ်။ ပက္ခထေရ်ဟာ သက္ကတိုင်း၊ ဒေဝဒဟပြည်သား သာကီဝင်မင်းမျိုးပါ။ ငယ်နာမည်ကတော့ သမ္မောဒကုမ္မာတဲ့။ သူဟာ ငယ်ငယ်တုန်းက လေနာရောဂါစွဲကပ်လို့ ခြေမကြွနိုင်ဘူး။ နှစ်ရက် သုံးရက်လောက် မြွေရဲ့ကျောကုန်းလို ခါးဆန့်နေဖူးတယ်။ ဒါ့ကြောင့် မိဘများက ပက္ခလို့ ချစ်စနိုးခေါ်ရာက နာမည်တွင်သွားတာပဲ။

ပက္ခဆိုတာ . . . မြန်မာလိုတော့ ဆွံ့သောသူပေါ့။ မောင်ပက္ခဟာ ဘုရားရှင်ကပိလဝတ်ပြည်မှာ တန်ခိုးပြပွဲဟာ ပြတုန်းက ဖူးဘူးတယ်။ ဒါကြောင့် သာသနာတော်တွင်းမှာ ရဟန်းပြုခဲ့တယ်။ တစ်နေ့တော့ ရွာတစ်ရွာဆီ ဆွမ်းခံဖို့ ကြွအလာ၊ နည်းနည်းအချိန်စောသေးတာနဲ့ သစ်ပင်တစ်ပင်ရင်းမှာ ခေတ္တထိုင်နေတယ်။ ဒီအချိန်မှာ စွန်တစ်ကောင်ဟာ အသားတစ်တစ်ခုကို ချီပြီး ကောင်းကင်ကပျံလာတယ်။

အဲဒီစွန်ကို အခြားစွန်တွေကလိုက်ပြီး ထိုးကြ၊ ဆိတ်ကြလို့ သူချီလာတဲ့ သားတစ်ကိုလွှတ်ချပြီး ထွက်ပြေးရတယ်။ လွှတ်ကျလာတဲ့ သားတစ်ကိုအခြား စွန်တစ်ကောင်က ချီယူပြန်တယ်။ အဲဒီစွန်ကိုလည်း အခြားစွန်တွေက လိုက်ပြီး ထိုးကြ၊ ဆိတ်ကြပြန်တယ်။ မထေရ်ဟာ စွန်တွေ အသားတစ်လုနေကြတာကို ကြည့်ပြီး "အင်း– ကာမဂုဏ်ဆိုတာ သားတစ်လိုပါပဲလား။ အများနဲ့ ဆက်ဆံတဲ့အတွက် လွန်စွာ ဆင်းရဲကိုဖြစ်စေပါလား ဆိုပြီး ကာမဂုဏ်ရဲ့အပြစ်ကိုမြင်တယ်။ သားတစ်မရှိတဲ့စွန်ကို ဘယ်စွန်ကမှ ဒုက္ခမပေးသလို ဝတ္ထုအာရုံ၊ ကာမ

ဂုဏ် မရှိတဲ့သူကို မင်း၊ ရေ၊ မီး၊ ခိုးသူ၊ အမွေခံဆိုး ဆိုတဲ့ ရန်သူမျိုး ငါးပါးဟာ မနှိပ်စက်တော့ပါလား'' လို့ မြင်သွားပြီး ဝိပဿနာရှုလိုက်တာ တစ်ထိုင်တည်း ရဟန္တာဖြစ်သွားတယ်။

## သံသရာပင်လယ်ကို ကူးမြောက်နည်း

ဆရာ။ ။ မောင်စိန်ရေ . . . ပင်လယ်သမုဒ္ဒရာကို လက်ပစ်ကူး၍ ဟိုဘက်ကမ်းကို ရောက်ပါ့မလား။

တပည့်။ ။ မရောက်နိုင်ပါဘုရား။

ဆရာ။ ။ လက်ပစ်ကူး၍ မရောက်နိုင်ပေမယ့် အင်မတန်ဝေးလံသော အင်္ဂလန်ပြည်၊ အမေရိကန်ပြည်တို့မှ သမုဒ္ဒရာ ပင်လယ် အသွယ်သွယ်ကို သင်္ဘောနှင့် ကူးလာတော့ မြန်မာပြည်ကို ရောက်မလာဘူးလား။

တပည့်။ ။ ရောက်လာကြောင်းပါ ဘုရား။

ဆရာ။ ။ ဘာ့ကြောင့် ရောက်လာရသလဲ။

တပည့်။ ။ သင်္ဘောကြောင့်ပါ ဘုရား။

ဆရာ။ ။ အေး . . . ဒီလိုပေါ့။ အလွန်ကျယ်ပြောတဲ့ သံသရာကျော ကိုလည်း မဂ္ဂင်သင်္ဘောနှင့် ကူးရင် မြန်မာပြည်နှင့်တူတဲ့ နိဗ္ဗာန်ကိုလည်း ရောက်နိုင်တယ်ဆိုတာ ယုံရမယ်။ သံသရာဆန်းကြြယ်ပုံကို အနည်းငယ်ပြောဦးမယ်။

တပည့်။ ။ အမိန့်ရှိပါဘုရား။

ဆရာ။ ။ သစ်ပင်တို့၏ မူလဘူတအကြောင်းရင်းဟာ အအေး အပူ ဆိုတဲ့ တေဇောဓာတ်ဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့

ကမ္ဘာတည်ဦးက ဘာပင်မျိုးမှ မရှိသေးဘူး။ နေပေါ်လာပြီး နောက် အပူအအေးကို အကြောင်းခံ၍ မျိုး ဖြစ်ရတယ်။ ၎င်းမျိုးမှ အပင်ဖြစ်တယ်။ ၎င်းနေရာမှာ အပူအအေးဆိုတဲ့ တေဇောဓာတ်ကြီးဟာ ဘယ်ကမ္ဘာမှ အစပြု၍ ဖြစ်ပေါ်လာ တယ်လို့ အစမရှိဘူး။ နိယာမသဘော ဖြစ်တယ်။

အဲဒီလိုပဲ သတ္တဝါတို့၏ မူလဘူတအကြောင်းရင်းဟာ လည်း အဝိဇ္ဇာနှင့် တဏှာပဲ။ သူတို့ကြောင့် ကံဖြစ်၍ ကံကြောင့် သတ္တဝါဖြစ်ရတယ်။ ဒီနေရာမှာလည်း အဝိဇ္ဇာ သည် ဘယ်ကမ္ဘာမှစပြီး ဖြစ်လာတယ်လို့ အစမရှိဘူး။ အဆုံးလည်း မရှိဘူး။ အဲဒီလိုကျယ်ပြောတယ်။

တပည့်။ ။ မှန်ပါ ... အင်မတန် ကျယ်ပြောပါတယ်ဘုရား။

ဆရာ။ ။ သံသရာကျယ်တယ်ဆိုတာ အဝိဇ္ဇာကြောင့် ကျယ်ရတာ။ အဝိဇ္ဇာက အမှန်တရားကို ဖုံးကွယ်ထားတော့ သတ္တဝါတို့ သည် သစ္စာလေးပါးကို မသိကြတော့ဘူး။ အဲဒီလို မသိကြ တော့ ခန္ဓာကိုယ်ကို တဏှာဥပါဒါန်က စွဲလမ်းတယ်။ ၎င်း အစွဲတန်းလန်းနှင့် ကုသိုလ်၊ အကုသိုလ်ကို လုပ်ကြတော့ သင်္ခါရဖြစ်သွားတာပေ့ါ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်။ သဠာယတနကြောင့် ဖဿဖြစ် တယ်။ ဖဿကြောင့် ဝေဒနာဖြစ်တယ်။ ဝေဒနာကြောင့် တဏှာဖြစ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။ ဥပါဒါန်မီးတောက်ရင်

အဝိဇ္ဇာအခိုးလည်း ထလာတာပဲ။ မီးနှင့် မီးခိုးသည် ခွဲခွာ၍ မရသကဲ့သို့ အဝိဇ္ဇာနှင့် တဏှာ၊ ဉပါဒါန်သည်လည်း ခွဲ၍ မရဘူး။ အဲဒီလို အစအဆုံး မရှိဘဲ လုံးလည်လိုက်ပြီးလျှင် ကျယ်ဝန်းကုန်တာပေါ့။

တပည့်။ ။ မှန်ပါဘုရား။

ဆရာ ။ ။ အလွန်ကျယ်ဝန်းတဲ့ သံသရာကို မဂ္ဂင်သင်္ဘောနှင့် ကူးကြမယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတည်း ဟူသော သီလမဂ္ဂင်၊ သင်္ဘောရောကိုတည်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်စက်ကို တပ်ဆင်ပြီး သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင် သော့ဖြင့် စက်ကိုနှိုးလိုက်ရင် ဩော် ... လူ နတ် ဗြဟ္မာ သတ္တဝါရယ်လို့ ခေါ်ဆိုရသော်လည်း သစ်ဝါးအစုကို အိမ်ကျောင်းခေါ်ရသကဲ့သို့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစသော ဒုက္ခ ၇-ခုကို စုဝေးထားတဲ့ အစုအဝေးပဲ။

အခုပျက်၊ အခုဖြစ် အနှစ်ဟူ၍ ဘာမျှမရှိတဲ့ ဒုက္ခအစုပါလားဟု ရဲရင့်သော ဉာဏ်အရှိန်ကြီးပေါ်လာပြီးလျှင် သမုဒယသစ္စာ ရေဇလာကို ဖြိုခွဲ၍ တစ်ဖက်ကမ်း ခေမာဘောင်သို့ ရောက်အောင် ပြေးပါတော့တယ်။ ဒါကြောင့် အလွန်ကျယ်ဝန်းတဲ့ သံသရာကို ၎င်းမဂ္ဂင်နှင့်ကူးမှ ရောက်မယ်။ ဆုတောင်းနေရုံနှင့် မရဘူးဆိုတာ မှတ်ထားမောင်စိန်ရဲ့။

နိဗ္ဗာန်မဂ်ဖိုလ် ရလိုကြောင်းနှင့် ဆုတောင်းတာလည်း

များလှပြီ။

ဝိဇ္ဇာဉာဏ်မပါ ဓမ္မတာတောင်းမို့ အာညောင်းရုံပဲ အဖတ်တင်သည်။

အဲဒီလို ပညာရှိကြီးများကလည်း စပ်ဆိုကြပါတယ်။

(နမ္မားဆရာတော် အရှင်ဉာဏ၏ ဓမ္မရတနာမြတ်စကြာကျမ်းမှ)

''ကာမဂုဏ်အတွက် အသက်ကိုတောင် အသေခံသွားတဲ့ မန္ဓာတုစကြာမင်းကြီးအကြောင်းကိုတော့ နောက်အပတ်မှ ဆက်ကြရအောင်''

မေတ္တာရှင်(ရွှေပြည်သာ)

## ဆရာတော် အရှင်ဇဝန မေတ္တာရှင်(ရွှေပြည်သာ)၏

## "ထုတ်ဝေပြီးစာအုပ်များ"


၂၄။ အသေမြတ်ချင် သေနည်းသင် (အိတ်ဆောင်)
၂၅။ အစာစားရင်း မဂ်ဖိုလ်ရအောင်
၂၆။ ကျင့်ဆောင်ခြင်း (အိတ်ဆောင်)
၂၇။ မေတ္တာဖြင့် စီးပွားရှာခြင်း
၂၈။ သညာသိနှင့် ပညာသိ (သုဒ္ဓဝိပဿနာကျင့်စဉ်)
၂၉။ ဆရာကောင်းကို ရှာဖွေခြင်း
၃၀။ မဂ်ဖိုလ်ရမည့် သမာဓိအဆင့်ဆင့်
၃၁။ ကိုးဆယ့်နှစ်ကမ္ဘာ ငိုခဲ့ရသူများအကြောင်း
၃၂။ ထေရဝါဒ မှတ်ကျောက်
၃၃။ ကာယကံမေတ္တာ (အိတ်ဆောင်)
၃၄။ စိတ်ဝင်စားဖွယ်ကောင်းသောစာတစ်စောင်နှင့်
၃၅။ အခက်ဆုံးမေးခွန်းသုံးခု (အိတ်ဆောင်)
၃၆။ ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော အရှင်ဒေဝဒတ်၏တပည့်များ
၃၇။ လူဖြစ်ရခြင်း၏အဓိကရည်ရွယ်ချက်
၃၈။ ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်နှင့် ဒသနရသဝတ္ထုတိုများ
၃၉။ သင်လူတစ်ယောက်ဖြစ်ပြီလား
၄၀။ Willing to let you know before your tear has down


<u>ယခု</u>

လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၇)

<u>ဆက်လက်ထွက်ရှိမည့်စာအုပ်</u>


၁။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ (၃)
၂။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၈)

## ဆရာတော် အရှင်ဇဝန မေတ္တာရှင်(ရွှေပြည်သာ)၏

### "ကျော်ကြားစာအုပ်များ"

၁။ မျက်ရည်မကျခင် သိစေချင်
၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း(၁)
၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း(၂)
၄။ သရဏဂုံအစွမ်း အံ့မခန်း
၅။ မေတ္တာအစွမ်း အံ့မခန်း
၆။ သီလအစွမ်း အံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မဂ်တားဖိုလ်တား အန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာရသစာစုများ (မင်းဟိန်းထိဝ်နှင့်အတူ)
၁၁။ မြန်မာတို့၏အသက်
၁၂။ အရှုံးမရှိသော ဒဿန
၁၃။ Aprofitable Philosophy
၁၄။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၁+၂)
၁၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၃+၄)
၁၆။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၅+၆)
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ (၁)
၁၉။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ (၂)
၂၀။ မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာ (အိတ်ဆောင်)
၂၁။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါး (အိတ်ဆောင်)
၂၂။ ကျောင်းအမ နတ်သမီးအလှကြီး (အိတ်ဆောင်)
၂၃။ စုန်လမ်းနှင့်ဆန်လမ်း (အိတ်ဆောင်)